ဒေါက်တာတိုးလှ

# အလောင်းမင်းတရားကြီး၏
# ကုန်းဘောင်ရွှေပြည်

တတိယအကြိမ်

၁၉၉၂- မြန်မာ့စကော်ရှေနှမ်းတော်ကြီး၊ တည်ဆောက်ရေးသမိုင်းပြုစု။
‘ကသောက်ချိုင့်ဝှမ်းလေ့လာရေးအစီရင်ခံစာ’ (ပညာရေးဝန်ကြီးဌာန)တင်သွင်း။
မကွေးဒီဂရီကောလိပ်တွင် တွဲဖက်ပါမောက္ခဖြစ်။
၁၉၉၃- ပါမောက္ခအဖြစ် ဆိုတက္ကသိုလ်နှင့် ရာထူးတိုး။
အလောင်းမင်းတရားကြီးဇာတ် ကုန်းဘောင်ရွှေပြည်ထုတ်။
၁၉၉၄- မုံရွာဒီဂရီကောလိပ်သို့ ပြောင်းရွှေ့အမှုထမ်း။
ချင်းတွင်းမြစ်သော မှတ်ရာထုတ်။
၁၉၉၅- မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့အမှုထမ်း။
‘တကောင်းမြို့ဟောင်းသမိုင်း၊ ပထမလေ့လာချက်’ အစီရင်ခံစာတင်။
၁၉၉၇- မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင်ကျင်းပသော (၁၁)ကြိမ်မြောက်
အာရှ-ပစိဖိတ် စားပွဲဝိုင်းအစည်းအဝေးသို့တက်ရောက်လျက်
Myanmar's Domestic Security : Dousing the Remaining Embers
ကိုဖတ်။ (A Pacific Peace: Issues and Responses, 1998)/
၁၉၉၈- ကုန်းဘောင်ခေတ် ကျေးလက်လူမှုဘဝများရေးသမိုင်းကို ရေးသားပြုစု။
၁၉၉၉- ဓနိကိုင်း၊ ပုဂ္ဂလိကကျွန်ပြုလိုက် ပုရပိုက်စာစုစာရင်းကိုပြုစု။
၂၀၀၀- ‘ခင်ကျုံ့တိုက် သာသနာ့ဇာတ် ရှောင်းပင်ကိုင်တောရသမိုင်း’ ရေးသားပြုစု။
၂၀၀၂- တက္ကသိုလ်များ၊ သမိုင်းသုတေသနဦးစီးဌာနတွင် ဒုတိယ
ညွှန်ကြားရေးမှူးရာထူးကို တိုးမြှင့်ပေးခြင်းခံရ။
၂၀၀၃- မြေပေါ်မြေအောက် ကျောက်စာမှတ်တမ်းများကပြောသော
ရှေးဟောင်းမြန်မာနိုင်ငံသမိုင်းပြုစု။
၂၀၀၄- ကုန်းဘောင်ခေတ်မြန်မာ့လူမှုအဖွဲ့အစည်းနှင့် တရားမှုခင်းများ
စာအုပ်ရေးသားပြုစု။
၂၀၀၅- နှစ်ဆယ်ရာစုမဟာလူသားစာအုပ်ကို ရေးသားပြုစု။
၂၀၀၆- ကိုယ့်ဆီကိုယ်ခန်း ကိုယ့်ကြွေနှံ့နှင့်စာအုပ်ကို ရေးသားပြုစု။

အမှတ်(၁၉၉)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့တွင်နေထိုင်လျက်ရှိသည်။

အလင်္ကာဝတ်ရည်

အလင်္ကာဝတ်ရည်(စာစဉ်–၁၄)


အလင်္ကာဝတ်ရည်

အလင်္ကာဝတ်ရည်စာပေ
အမှတ်–၂၆၇(ဘီ–၁)၊ ၃၉–လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၃၈၁၉၅၄

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၃၁၀၀၁၆၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၃၁၀၀၈၁၁၂၀၇၊ ၂၉-၁၂-၀၇
တတိယအကြိမ်ပုံနှိပ်ခြင်း
အလင်္ကာဝတ်ရည်စာပေ
၂၀၀၈ ခုနှစ်၊ ဧပြီလ
ဖလင်
**Empire**
အတွင်းဖလင်
ကိုဦးနှင့်ညီများ
ထုတ်ဝေသူ
ဦးဥက္ကာအေး
(ယာယီ-၁၁၂၁)
မျက်နှာဖုံး+အတွင်းပုံနှိပ်
ဦးကျင်ရင်
ရွှေခြင်္သေ့ပုံနှိပ်တိုက်(၀၅၄၁၇)
စာအုပ်ချုပ်
ကိုသန်းဌေး
၉၇-လမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွှန့်မြို့နယ်။
အုပ်ရေ
၅၀၀
တန်ဖိုး
---
ဖြန့်ချိရေး
ရန်ကုန်မြို့အလင်္ကာဝတ်ရည်စာပေ
ဖုန်း-၃၉၂၅၀၇၊
မန္တလေး၊ထွန်းဦးစာပေ
ဖုန်း-၀၂-၃၉၈၉၁၊ ၃၉၈၀၁
ကွန်ပျူတာ
အောင်ဇေယျာမင်း
မျက်နှာဖုံးပန်းချီ
ခန့်မင်းထက်
စီစဉ်သူ
ပန်းချီမြတ်အောင်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး --- ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး --- ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး --- ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်

တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍အခြားစီးပွားရေးကဏ္ဍများကိုလည်း

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်

တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏

လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊

အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဒေါက်တာတိုးလှ

## အလောင်းမင်းတရားကြီး၏ ကုန်ဘောင်ရွှေပြည်

# မာတိကာ


အမှာစာ ၁၃

နိဒါန်း ၁၅

ဒုတိယအကြိမ်အတွက်နိဒါန်း ၁၇

တတိယအကြိမ်အတွက်နိဒါန်း ၁၉

အခန်း(၁) ၂၁

နိုင်ငံရေး

အလောင်းမင်းတရားကြီးမတိုင်မီက မြန်မာနိုင်ငံ ၂၃

အလောင်းမင်းတရားကြီး၏ စည်းရုံးရေး ၂၉

ကုန်းဘောင်ခေတ်ဦး စစ်ရေးအထွတ်အထိပ်ကာလ ၃၅

အခန်း(၂) ၄၅

အုပ်ချုပ်ရေး

ကုန်းဘောင်ခေတ်စစ်တမ်းများ ၄၇

ကုန်းဘောင်ခေတ်အုပ်ချုပ်ရေး ၅၅

မင်းတုန်းမင်း၏ ပြုပြင်ပြောင်းလဲရေးလုံးပန်းမှုများ ၆၈

အခန်း(၃) ၇၇

နိုင်ငံခြားဆက်ဆံရေး

ကုန်းဘောင်ခေတ်ဦး မြန်မာအင်္ဂလိပ်ဆက်ဆံရေး ၇၉

ကုန်းဘောင်ခေတ်နှောင်း မြန်မာအင်္ဂလိပ်ဆက်ဆံရေး ၈၅

သာယာဝတီမင်းလက်ထက် ဆက်ဆံရေး ၉၇

ပုဂံမင်းလက်ထက်ဆက်ဆံရေး ၁၀၄

မင်းတုန်းမင်းလက်ထက် နိုင်ငံခြားဆက်ဆံရေး ၁၀၆

သီပေါမင်းလက်ထက် ဆက်ဆံရေး ၁၁၅

အခန်း(၄) ၁၂၁

စီးပွားရေး

ကုန်းဘောင်ခေတ်ဦး စီးပွားရေး ၁၂၃

ကုန်းဘောင်ခေတ်ဦး စီးပွားရေးပြုလဲလာပုံ ၁၃၄

ကုန်းဘောင်ခေတ်နှောင်း စီးပွားရေး ၁၃၉

| | |
|---|---|
| အခန်း(၅) | ၁၄၉ |
| လူမှုရေး | |
| ကုန်းဘောင်ခေတ် လူမှုရေး | ၁၅၁ |
| လူတန်းစားသဘော | ၁၅၂ |
| အသက်မွေးဝမ်းကျောင်းမှု | ၁၇၀ |
| ပညာသင်ကြားရေး | ၁၇၄ |
| ကျန်းမာရေး | ၁၈၆ |
| ကိုးကွယ်ယုံကြည်မှု | ၁၈၉ |
| အခန်း(၆) | ၁၉၉ |
| စာပေ | |
| ကုန်းဘောင်ခေတ်ဦး စာပေ | ၂၀၁ |
| ကုန်းဘောင်ခေတ်နှောင်း စာပေ | ၂၀၇ |
| အခန်း(၇) | ၂၂၇ |
| အနုပညာဗိသုကာ | |
| ကုန်းဘောင်ခေတ် အနုပညာဗိသုကာ | ၂၂၉ |
| ကျမ်းကိုးမှတ်ချက် | ၂၆၇ |
| ကျမ်းကိုးစာရင်း | ၂၆၈ |
| အက္ခရာဝလိ | ၂၇၆ |

## အမှာစာ

ကုန်းဘောင်ရွှေပြည်စာအုပ်သည် ကုန်းဘောင်ခေတ်သမိုင်းကြောင်းကိုဖော်ညွှန်း သောစာအုပ်ဖြစ်သည်။ ကုန်းဘောင်ခေတ်သမိုင်းနှင့်စပ်လျဉ်း၍ စာအုပ်စာတမ်းများ ပြုစုခဲ့သူ အများအပြား ပေါ်ထွက်ခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ကုန်းဘောင်ရွှေပြည်စာအုပ်သည် အခြား စာအုပ်များနှင့်မတူဘဲ တစ်မူထူးခြားသောစာအုပ်ဖြစ်သည်။ ကုန်းဘောင်ခေတ် မြန်မာ့သမိုင်းကို နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သာသနာရေး၊ ပညာရေးစသည်ဖြင့်ဘက်ပေါင်းစုံ မှ သုံးသပ်တင်ပြထားသည်ကို တွေ့ရှိရသည်။

ကုန်းဘောင်ရွှေပြည်စာအုပ်ကိုရေးသားပြုစုသည့် မန္တလေးတက္ကသိုလ်သမိုင်း ပါမောက္ခ ဒေါက်တာတိုးလှသည် မြန်မာ့သမိုင်းကို တစိုက်မတ်မတ် သုတေသနပြုနေသော ပုဂ္ဂိုလ်ဖြစ်သည်။ ဒေါက်တာတိုးလှက ''စာဖတ်သူကို အတွေးအမြင်သစ် ဖော်ဆောင်ပေးရမည် ဟူသော အငြိမ်းစားသမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ အဆိုအမိန့်ကိုနာခံလျက် ရေးသားပြုစုထားသည်''ဟူ၍ ဖော်ပြထားသည့်အတိုင်း ကုန်းဘောင်ရွှေပြည်စာအုပ်ကို ဖတ်ရှုလေ့လာသူတိုင်း အသိသစ် အမြင်သစ် ရနိုင်စေသည်ဟု ယုံကြည်ပါသည်။ ဒေါက်တာ တိုးလှသည် ရှားပါးလှသော မြန်မာ့သမိုင်းအထောက်အထားများကို သုံးစွဲထားသည်သာမက နိုင်ငံခြားစာအုပ်စာတမ်းများကိုလည်း သုံးစွဲထားသည်ကို တွေ့ရှိရပါသည်။

ဒေါက်တာတိုးလှသည် ဝါရင့်သမိုင်းသုတေသီတစ်ဦးဖြစ်သည့်အားလျော်စွာ သမိုင်းအချက်အလက်များကိုတင်ပြရာတွင် စေ့စပ်သေချာသည်သာမက သမိုင်းအချက်အလက်များအပေါ် ဆန်းစစ်ထားရာ လွန်စွာတန်ဖိုးရှိသည်ကို လေ့လာတွေ့ရှိရသည်။

ကုန်းဘောင်ရွှေပြည်စာအုပ်သည် သမိုင်းသုတေသီများ၊ သမိုင်းဘာသာကို စိတ်ပါဝင်စားသူများ၊ သမိုင်းအထူးပြု ကျောင်းသူကျောင်းသားများအတွက် အထူးအားကိုးရမည့် စာအုပ်ဖြစ်သည်။ အဆင့်မြင့်သုတေသနပြုထားသော သမိုင်းစာအုပ်များရှားပါးနေချိန်တွင် ဒေါက်တာတိုးလှ၏ ကုန်းဘောင်ရွှေပြည်စာအုပ်ပေါ်ထွက်လာခြင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါသည်။

ကျော်ဝင်း

*၂၊ မေ၊ ၂၀၀၀ ပြည့်နှစ်*

*ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်*

## နိဒါန်း

ကုန်းဘောင်ရွှေပြည်ကို စာရေးသူ ပညာရေးတက္ကသိုလ်တွင်အမှုထမ်းနေစဉ် လွန်ခဲ့သောဆယ်နှစ်ကျော်က ရေးသားပြုစုခဲ့ခြင်းဖြစ်ပါသည်။ မူလက ပညာရေး(ဘီအီးဒီ) ကျောင်းသူကျောင်းသားများအတွက် ရည်ရွယ်ခဲ့ပါသည်။ ဤသမိုင်းကျမ်းကို သမားရိုးကျပုံစံဖြင့် ရေးသားထားခြင်းမဟုတ်သကဲ့သို့ သုတေသနကျမ်းကြီးတစ်စောင်အဖြစ် ရေးသားပြုစုခဲ့ခြင်း လည်းမဟုတ်ပါ။ သို့သော် စာဖတ်သူကို အတွေးသစ် အမြင်သစ် ဖော်ဆောင်ပေးရမည် ဟူသော အငြိမ်းစားသမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏အဆိုအမိန့်ကို နာခံလျက် ရေးသားပြုစုခဲ့ပါသည်။

သမိုင်းသည် ရှေးကဖြစ်ပျက်ခဲ့သော လူမှုအဖွဲ့အစည်းတစ်ရပ်(ဝါ) နိုင်ငံတစ်ခု အတွင်းမှအဖြစ်အပျက်များကို ပြန်လည်ဖော်ထုတ်တင်ပြခြင်းဖြစ်သည်။ ထိုသို့တင်ပြသောအခါ အချို့က အဖြစ်အပျက်မှန်ဖော်ထုတ်နိုင်ရေးကို ရှေ့တန်းထားသည်။ အချို့က လူမှုအဖွဲ့အစည်း ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုကို သမိုင်း(အဖြစ်အပျက်များ)က မည်သို့၊ မည်မျှ ဩဇာသက် ရောက်ကြောင်း စစ်ဆေးတင်ပြသည်။ ဤစာရေးသူသည် ကုန်းဘောင်ခေတ် လူမှုအဖွဲ့အစည်း တိုးတက်ပြောင်းလဲမှုကို နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ သာသနာရေး၊ ပညာရေး စသည့် ဘက်ပေါင်းစုံမှ အတတ်နိုင်ဆုံး ချဉ်းကပ်လေ့လာ တင်ပြထားပါသည်။

သို့သော် ဤသမိုင်းလေ့လာမှုတွင် အချိန်ကာလ၊ အခြေအနေနှင့် ရုပ်ဝတ္ထုပစ္စည်း

ကန့်သတ်ချက်များရှိသဖြင့် အမှားအယွင်း အပေါက်အကျများ ရှိနိုင်ကောင်းပါသည်။ အကယ်၍ရှိခဲ့သော် သိသူမြင်သူတို့က ထောက်ပြပြင်ဆင်ပေးစေလိုပါသည်။

ကိုယ့်နိုင်ငံကိုယ့်သမိုင်းကို လေ့လာဆည်းပူးလျှင် အမျိုးကိုချစ်ခြင်း၊ အမျိုး၏ကြီးပွားတိုးတက်မှုကို အလိုရှိခြင်း၊ နိုင်ငံနှင့်လူမျိုးအပေါ် ကျရောက်နိုင်မည့် ပြည်တွင်းပြည်ပအန္တရာယ်များကို မြင်နိုင်စွမ်းခြင်း၊ ကာကွယ်ပေးခြင်း စသောနိုင်ငံအကျိုးကို သယ်ပိုးသူများ ဖြစ်လာနိုင်ပါသည်။

နိုင်ငံသမိုင်းကို အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖော်ထုတ်နေသော ဤကာလမျိုးတွင် ကုန်းဘောင်ရွှေပြည်ကို ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်၍ များစွာဂုဏ်ယူမိပါသည်။ ထုတ်ဝေသူ မေမြို့မိုးကြည်ကိုလည်း အထူးကျေးဇူးတင်ပါသည်။ လေ့လာဖတ်ရှုသူ၊ ဝေဖန်ပြင်ဆင်ပေးသူများ ပေါ်ပေါက်လာခဲ့မှ ရေးသားပြုစုရကျိုးနပ်ပြီဟု ယုံကြည်ပါသည်။

*၂၆၊ မေ၊ ၁၉၉၂။*

တိုးလှ
*၄၁၊ ၄၊ မာလာမြိုင်*
*၁၆ ရပ်ကွက်၊ လှိုင်။*

## ဒုတိယအကြိမ်အတွက် နိဒါန်း

ကုန်းဘောင်ရွှေပြည်ကို ပထမအကြိမ်ထုတ်ဝေခဲ့စဉ်က ပရုဖတ်ချိန် မရခဲ့သောကြောင့် အမှားအယွင်းအလွန်များပြားခဲ့သည်။ အကျအပေါက်လည်း ဒုနှံ့ဒေးပင်။ ထို့ကြောင့် ဒုတိယအကြိမ် ထုတ်ဝေခွင့်ရလျှင် ပြင်ဆင်ရန် တေးထားခဲ့ရသည်။ ယခုတစ်ကြိမ်တွင်မူ အမှားကိုပြင်ဆင်ရုံမျှမက အချို့ကို အနည်းငယ်ဖြည့်စွက်ခဲ့ရပါသည်။ ပုံနှိပ်တိုက်မှ စာတည်းသူက ရှေးသမိုင်းဝေါဟာရများကို မသိနားမလည်ဘဲ ထင်ရာမြင်ရာပြင်လိုက်သောကြောင့် အဓိပ္ပါယ်လုံးဝလွဲမှားသွားခဲ့ရသည်များပင်ရှိခဲ့သည်။ ဥပမာ ရေမြက်ရွာစစ်တမ်း၌ ''ရေမြက်မြေ အရှေ့ကို ၅၀၀ါ တွင်းကွာ''ဟူသောအသုံးကို ၆ရေမြက်ရွာ အရှေ့ကို(၅၀)ဝါအတွင်းကွာဟု ပြင်လိုက်သောကြောင့် မည်သို့မျှအဓိပ္ပါယ်မရတော့ချေ။ အရပ်ခေါ် ငါးရာတွင်းသည် တစ်မိုင် အကွာအဝေးရှိသည်ဟု မသိရှာသောကြောင့်ဖြစ်သည်။ မသိလျှင် မေးကောင်းသော်လည်း မမေးဘဲပြင်လိုက်သောကြောင့် လွဲမှားရတော့သည်။ အချို့စာ အရှေ့နောက် လွဲခဲ့ရသည် များလည်းရှိခဲ့သည်။ ယင်းသို့ အမှားအယွင်းများစွာဖြင့် စာဖတ်သူတို့ လက်ထဲရောက်သွားရသည်ကို များစွာစိတ်မကောင်းဖြစ်ရပါသည်။

အချို့သော စာပေဝါသနာရှင်တို့က ကုန်းဘောင်ရွှေပြည်ကိုဖတ်ရှုပြီး စာဖြင့်ရေးသား မေးမြန်းခဲ့ကြသည်။ တစ်ဦးချင်း စာမပြန်နိုင်ခဲ့သော်လည်း ယင်းတို့၏ဆွေးနွေးချက်များကို ပို၍နားလည်သဘောပေါက်နိုင်ရန် ယခုအကြိမ်ထုတ်တွင် ဖြည့်စွက်ရှင်းလင်းထားပါသည်။

ယင်းသို့မေးမြန်းလာသူတို့ကို ဤစာရေးသူက များစွာကျေးဇူးတင်ရှိကြောင်းလည်း မှတ်တမ်းတင်ပါသည်။

ယခုအခါ ကွန်ပျူတာခေတ်ရောက်ပြီဖြစ်၍ ကွန်ပျူတာမှန်သားပြင်ပေါ်မှစာများကို အကြိမ်ကြိမ် ဖတ်ရှုပြင်ဆင်ခွင့်ရသောကြောင့် အမှားအယွင်းအလွန်နည်းမည်ဟု ယုံကြည်ပါသည်။ နောင်အတွက် သိမ်းဆည်းထားနိုင်သောကြောင့် ပြင်ဆင်ဖြည့်စွက်လိုသောအခါ၌လည်း ပို၍လွယ်ကူသွားပြီဖြစ်သည်။ ကွန်ပျူတာစာစီပေးကြသော မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ ဆရာ/ဆရာမများဖြစ်သည့် ဦးထွန်းထွန်းဦး၊ ဒေါ်အေးအေးမြိုင်၊ ဒေါ်မမအေးနှင့် ဒေါ်စန္ဒာစိုးတို့အား အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

တိုးလှ
*၂၈၊ ဇန်နဝါရီ၊ ၂၀၀၀*
*ညနေ ၇း၃၀ နာရီ*

*၄၊ ရွှေမန်းလမ်း*
*မန္တလေးတက္ကသိုလ်*
*မန္တလေးမြို့။*

## တတိယအကြိမ်အတွက် နိဒါန်း

သမိုင်းအချက်အလက်အမှားများမပါသော်လည်း ချွတ်ချော်ကျပေါက် မျက်စိမှောက်သဖြင့် ယခင်ကမမြင်ခဲ့သည့်အမှားငယ်အချို့ကို ပြင်ဆင်လျက် ''အသိသစ်ကိုပေးနိုင်အောင် အမြဲကြိုးပမ်းရမည်''ဟူသောယုံကြည်ချက်ဖြင့် အချို့အကြောင်းအရာတို့ကို ထပ်မံတိုးချဲ့ဖော်ပြပေးခဲ့ပါသည်။ ထို့ကြောင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ်ထုတ်တို့တွင် ပြောင်းလဲတိုးတက်လာမှုကို တွေ့ရှိနိုင်သကဲ့သို့ ယခု တတိယအကြိမ်ထုတ်တွင်လည်း အခန်းသစ်တစ်ခန်း ထပ်လောင်းပါရှိလာခဲ့ပါသည်။ ထို့ပြင် လူမှုရေးအခန်းတွင်လည်းကောင်း၊ စာပေအခန်းတွင်လည်းကောင်း လေ့လာသိရှိသင့်သည်များကို ထပ်မံတိုးချဲ့ဖော်ပြပေးခဲ့ပါသည်။ သမိုင်းပညာကို လေ့လာလိုက်စားနေကြသူများအဖို့ ကုန်းဘောင်ခေတ်မြန်မာ့သမိုင်း၏ ပကတိရှုခင်းကို ရှေးကထက် ပိုမိုပီပြင်စွာ ဖတ်ရှုခံစားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

တတိယအကြိမ်ထုတ်ဝေပေးသော အလင်္ကာဝတ်ရည်စာပေတိုက်မှ ထုတ်ဝေသူ ကိုဥက္ကာအေးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

တိုးလှ

*၁၄၉၊ တက္ကသိုလ်ရိပ်သာလမ်း*

*ရန်ကုန်တက္ကသိုလ်နယ်မြေ*

*ကမာရွတ်မြို့နယ်၊ ရန်ကုန်*

# အခန်း(၁)
# နိုင်ငံရေး

**အလောင်းမင်းတရားကြီးမတိုင်မီက မြန်မာနိုင်ငံ**

**အလောင်းမင်းတရားကြီး၏ စည်းရုံးရေး**

**ကုန်းဘောင်ခေတ်ဦး စစ်ရေးအထွတ်အထိပ်ကာလ**

## အခန်း ၁
## နိုင်ငံရေး

### အလောင်းမင်းတရားကြီးမတိုင်မီက မြန်မာနိုင်ငံ

ကုန်းဘောင်ခေတ်ကို ထူထောင်ခဲ့သူမှာ အလောင်းမင်းတရားဖြစ်သည်။ မြန်မာ့သမိုင်းတွင် နိုင်ငံထူထောင်ခဲ့သူ သုံးဦးရှိကြောင်းနှင့် သမိုင်းဆရာတို့ အညီအညွတ် အသိအမှတ်ပြုခဲ့ကြသည်။ ပထမမြန်မာနိုင်ငံကို ထူထောင်သူမှာ အနိရုဒ္ဓ(၁၀၄၄–၇၇)ဖြစ်သည်။ ဒုတိယမြန်မာနိုင်ငံကို ထူထောင်သူမှာ ဟံသာဝတီဆင်ဖြူရှင်ခေါ် ဘုရင့်နောင်(၁၅၅၁–၈၁)ဖြစ်၍ အလောင်းမင်းတရားကိုကား တတိယမြန်မာနိုင်ငံထူထောင်သူဟူ၍တည်း။ နိုင်ငံထူထောင်ခြင်းဟူရာ၌ လွယ်ကူသောကိစ္စမဟုတ်ပေ။ ဖရိုဖရဲပြိုလဲပျက်စီးနေသော အိမ်အိုအိမ်ဟောင်းကြီးကို ဖယ်ရှားလျက် အိမ်သစ်တိုက်သစ်ဆောက်ရသကဲ့သို့ လူမှုစီးပွားရေးနှင့်အုပ်ချုပ်ရေးတို့တွင် ပရမ်းပတာဖြစ်နေသော နိုင်ငံတော် အိမ်အိုအိမ်ဟောင်းကြီးကို ငြိမ်းချမ်း၍ သာယာသော လူ့ဘောင်ကြီးအဖြစ် တည်ဆောက်ရခြင်းကား အခက်တကာ့အခက်ဆုံးပင် ဖြစ်လေသည်။

သို့ဖြစ်ရာ အလောင်းမင်းတရားမတိုင်မီက မြန်မာနိုင်ငံ၏အခြေအနေကို အတော်

အသင့်သိထားရန် လိုအပ်ပေသည်။ ထိုအခြေအနေကို မြင်သာရုံ အကျဉ်းမျှ ထုတ်နုတ်တင်ပြဆွေးနွေးပါမည်။ သို့မှသာ အလောင်းမင်းတရားထူထောင်ခဲ့ရသည့် တတိယမြန်မာနိုင်ငံ၏ အနှစ်သာရနှင့်တန်ဖိုးကို အကဲဖြတ် လေးစားနိုင်မည်ဖြစ်ပါသည်။ ကုန်းဘောင်မင်းဆက်မတိုင်မီက ညောင်ရမ်းမင်းဆက်ဟူ၍ ရှိသည်။ ညောင်ရမ်းဆက်ကို ပဲခူးပျက်သည့် တစ်ဆယ့်ခြောက်ရာစုအကုန် ၁၅၉၉ ခုနှစ်တွင် စတင်ထူထောင်ခဲ့ရာ အလောင်းမင်းတရားကြီး နန်းတက်သည့် ၁၇၅၂ ခုနှစ်အထိ နှစ်ပေါင်း ၁၅၀ ကျော်မျှ တည်တံ့ခဲ့သည်။ ထိုမျှသောနှစ်ကာလအတွင်း၌ ညောင်ရမ်းမင်း၏သားတော် အနောက်ဘက်လွန်(၁၆၀၅–၂၈)မင်း၏ နောက်ပိုင်းဆယ်နှစ်ကျော်နှင့် ယင်းကိုဆက်ခံသူ သာလွန်မင်း(၁၆၂၉–၄၈)လက်ထက်ကုန်ထိ နှစ်ပေါင်းသုံးဆယ်ကျော်မျှသာ ပြည်သူတို့ ငြိမ်းချမ်းသာယာသောလူ့ဘောင်ဘဝကို ခံစားကြရလေသည်။ ထို့နောက်တွင်ကား နိုင်ငံသည် အဆိုးဘက်သို့ ပြန်လည်ကျရောက်ခဲ့ရလေသည်။ အထူးသဖြင့် နောက်ဆုံးမင်းနှစ်ပါးဖြစ်သော တနင်္ဂနွေမင်း(၁၇၁၄–၃၃)နှင့် မဟာဓမ္မရာဇာဓိပတိ(၁၇၃၃–၅၂)တို့လက်ထက်တွင်ကား မည်သို့မျှအဖတ်ဆယ်၍မရနိုင်တော့သည်အထိပင် ဖြစ်ခဲ့ရပေတော့သည်။

ထို့ကြောင့်လည်း ရှင်ပဏ္ဍိတ ဆရာတော်က–

*'လုစ္စတိ ပလုစ္စတိ လောကော၊ ဥဘောနိယံ၊ လောကဓံမှာ၊ ဆက်ဆံကြုံခိုက်၊ ကိန်းအလိုက်ဖြင့်၊ ရစ်ပိုက်ရှုက်ဆုံ၊ ရွှေဘုံအင်းဝ၊ ပူရိန္ဒကား၊ နရသေဌ်နင်း၊ မင်းလည်းရှင်းကွာ၊ ပြည်ရွာပျက်စီး၊ တောကြီးဟူလောက်၊ မျက်မှောက်ကဏ်၊ သာသနာလည်း၊ ရောင်ဝါမလင်း'*

ဟု တမ်းချင်းတစ်ပုဒ် စပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ နိုင်ငံတော်ပြိုလဲပျက်စီးရခြင်းမှာ ကသည်းတို့ ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကွေ့ရှမ်းနှင့်မွန်တို့ ပုန်ကန်ကြခြင်းတို့ကြောင့်ဟု လတ်တလောအကြောင်းအားဖြင့် မြင်သာပေသည်။ စင်စစ် ထိုအကြောင်းအချက်တို့ကြောင့်ချည်းမဟုတ်ချေ။ ဝေးကွာသောကာလမှ သန္ဓေတည်လာခဲ့သောအကြောင်းရပ်များ(Remote Causes)ကြောင့်လည်းဖြစ်သည်။ ထိုတွင် အုပ်ချုပ်ရေးညံ့ဖျင်းလာခြင်းကား ပဓာနအကြောင်းဟု ဆိုအပ်သည်။ ထိုအခြေအနေဆိုးသည် ပင်းတလဲမင်း(၁၆၄၈–၆၁) လက်ထက်ကပင်စသည်။ ထိုမင်းလက်ထက်တွင် တရုတ်နှင့်စစ်ဖြစ်၍ နိုင်ငံ၏အုပ်ချုပ်ရေးယိုယွင်းလာခဲ့ရသည်။

စစ်ဖြစ်ရပုံကိုဆိုရသော် တရုတ်ပြည်၏နိုင်ငံရေးအပြောင်းအလဲကို သိမြင်နိုင်မှ

ဖြစ်ပေမည်။ ထိုအချိန်က တရုတ်ပြည်တွင် မင်မင်းဆက်(Ming Dynasty)တို့ ကြီးစိုးနေချိန်ဖြစ်သည်။ ခရစ်နှစ် ၁၆၄၄ ခုနှစ်တွင် မန်ချူးတို့ တရုတ်ပြည်ကို တိုက်ခိုက်သိမ်းပိုက်လိုက်သောအခါ ထိုမင်းဆက်မှ ရုံလီ(Yung-Li)သည် ယူနန်နယ်သို့ ပြေးဝင်လာခဲ့သည်။ ရုံလီ ယူနန်တွင်ရှိနေစဉ်အတွင်း မြန်မာ့နယ်မြေသို့ ကျူးကျော်လျက် သိန္နီ၊ မိုင်းမော စသည့် မြန်မာပိုင်မြို့များကို အခွန်တော်များ ကောက်ခံလာခဲ့ကြသည်။ ထို့ကြောင့် မြန်မာနှင့်တရုတ်တို့ စစ်ဖြစ်ခဲ့ရခြင်းဖြစ်သည်။ မန်ချူးတပ်များ ယူနန်သို့ ဝင်လာသောအခါ တရုတ်ဘုရင်သည် ယူနန်စော်ဘွားမှတစ်ဆင့် မြန်မာမင်းထံ နောက်လိုက် ၇၀၀ နှင့် နိုင်ငံရေးခိုလှုံခွင့်တောင်းခဲ့သည်။ မြန်မာမင်းက ယင်းတို့ကို စစ်ကိုင်းဘက်တွင် နေရာချထားလျက် ခိုလှုံခွင့်ပြုခဲ့သည်။ သို့သော်လည်း ရုံလီ၏ တပ်ကြွင်းတပ်ကျန်တို့ကား နယ်ခြားမြို့ရွာဒေသများတွင် ခိုးဆိုးတိုက်ခိုက် လုယက်နေကြဆဲဖြစ်သည်။ ထိုတပ်ကြွင်းများသည် တဖြည်းဖြည်းနှင့် အင်းဝတောင်ဘီလူထိ တိုက်ခိုက်အောင်မြင်လာခဲ့သည်။ ကျောက်ဆည်နယ်ကို သိမ်းပိုက်နိုင်၍ လုယက်ဖျက်ဆီးသောကြောင့် မြန်မာ့လူနေမှုအဆောက်အအုံပျက်ကာ အငတ်ဘေးနှင့်ပင် မြန်မာတို့ ကြုံကြိုက်ခဲ့ကြရသည်။

ထိုအချိန်အုပ်ချုပ်သည့် မင်းကိုယ်တိုင်ကလည်း ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ပေးရေးနှင့် လူမှုဘဝသာယာရေးကို မရှေးရှုခဲ့ချေ။ ငတ်မွတ်ခေါင်းပါးနေသောပြည်သူတို့ကို ကိုယ်လုပ်မောင်းမတို့ဦးစီးလျက် ဆန်များ ရောင်းချခဲ့သည်။ ထို့ကြောင့် စစ်သည်ရဲမက်တော်တို့က ညီတော်အား ထီးနန်းသိမ်းပိုက်ပါရန် တောင်းပန်ကြရလေသည်။ ထိုအကြောင်းကို ရာဇဝင်ဆရာကြီး ဦးကုလားက ဤသို့ မှတ်တမ်းတင်ခဲ့လေသည်။

*''ကြေးဖိုးဆွဲ့ရှား၍ ကြေးတစ်ပိသာကို ဆန်သုံးပြည်သာရချေသည်။ ရဲမက်တော်တို့ကိုလည်း မျိုးရိက္ခာပေးတော်မမူပါသောကြောင့် ယခု ကျွန်တော်တို့သည် နှစ်ရက်မစားရ၊ သုံးရက်မစားရ ရှိကြကုန်သည်ဟူ၍ လျှောက်ပါသော်လည်း အမှုထမ်းလယ်ပေးလေပြီးဖြစ်သည်။ ယခုလည်း ပေးစရာမရှိဟူ၍သာ အမိန့်တော် ရှိသည်။ ကိုယ်လုပ်တော်တို့ကို ရွှေနန်းတော်အနောက် ဝင်းတော်တွင်း၌ အလေးချိန်ခွင်ကုန်သွင်း၍ ဆန်ရောင်းရသည်။ အမှုတော်ထမ်းတို့သည် ဆန်ဝယ်စရာငွေကြေးမရှိသောကြောင့် ငတ်ကြကုန်၏။ ယင်းသို့လျှင် ပြည်ထဲအရေး*

*ခက်ချေတော့မည်။ သာသနာတော်တည်နိုင်မည် မဟုတ်ပြီဟူ၍ အမှုထမ်းသူရဲ သူခက်အပေါင်းတို့ ညှိရုံး၍ တစ်စိတ်တစ်ဝမ်းတည်းရှိကြလျှင် ညီတော် ပြည်မင်းတပ်သို့ ခေါင်းအကြီးအဝှန်းတို့သွားကြ၍''ယခု ကျွန်တော်တို့ကို မျိုးစေ့ ရိက္ခာ ပေးတော်မမူပါသောကြောင့် သူရဲသူခက်အပေါင်း တို့ငတ်မွတ်၍သေရတော့ မည်။ ကျွန်တော်တို့သားမယားကိုလည်း တရုတ်တို့ သတ်ညှစ်၍မတွေ့ရပြီ။ ဘုရားကယ်မတော်မူသည်ဖြစ်မှ ကျွန်တော် တို့ကိုးကွယ်ရာရပါမည်''*

ဟုလျှောက်ကြကုန်သည်။

တစ်မင်းမကောင်း၍ တစ်မင်းပြောင်းခဲ့သော်လည်း နိုင်ငံ၏အခြေအနေမှာ တိုးတက်မလာခဲ့တော့ချေ။ ပို၍ပို၍သာ ဆိုးရွားလာခဲ့တော့သည်။ ဗဟိုအုပ်ချုပ်ရေး ပျက်ပြားလာခြင်းကို အကြောင်းပြု၍ အောက်မြန်မာနိုင်ငံ ဟံသာဝတီကလည်း ပုန်ကန် လျက် နိုင်ငံသစ်ထူထောင်ရန် ကြိုးပမ်းလာသည်။ ဇင်းမယ်နှင့်တကွ မုတ္တမ၊ မော်လမြိုင်၊ ထားဝယ် စသည့်မြို့ရွာများကိုလည်း ယိုးဒယား(ထိုင်း)တို့က ဝင်ရောက်တိုက်ခိုက်လာခဲ့ ပြန်သည်။ သို့ဖြင့် နိုင်ငံတော်သည် တိုး၍တိုး၍ယိုယွင်းလာခဲ့ရာ တနင်္ဂနွေမင်းနှင့်မဟာ ဓမ္မရာဇာဓိပတိတို့ လက်ထက်ရောက်သော် ဗုန်းဗုန်းလဲကျသည်အထိပင်ဖြစ်တော့သည်။

တနင်္ဂနွေမင်းသည် ထီးနန်းအရိုက်အရာကို ၁၇၁၄ ခု၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ဆက်ခံခဲ့သည်။ ထီးနန်းရရှိခဲ့သည်မှာ ဘထွေးတော်ပုဂံမင်း၏ ပုန်ကန်မှု ကို တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်လေသည်။ ဘထွေးတော်ပုဂံမင်းသည် နောင်တော်စနေမင်း နတ်ရွာစံခါနီးအချိန်ကပင်စတင်၍ ပုန်ကန်ရန်ကြံစည်ခဲ့သည်။ ယင်းသည် ယော၊ ဆော၊ လောင်းရှည်၊ ပြည်၊ ပဲခူး၊ တောင်ငူ စသည့်နယ်တို့ကို ကျောထောက်နောက်ခံပြု၍ ပုန်ကန်ခဲ့ခြင်းဖြစ်သည်။ တူတော် တနင်္ဂနွေမင်းသည် ဘထွေးတော်၏ပုန်ကန်မှုကို တွန်းလှန်နိုင်ခဲ့သည်။ သို့သော်လည်း နိုင်ငံတော်၏အခြေ အနေကား အန္တရာယ်တို့နှင့် ရင်ဆိုင်နေရဆဲဖြစ်ပေသည်။ ထိုအန္တရာယ်တို့တွင် ငလျင် လှုပ်ခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်း စသောသဘာဝဘေးအန္တရာယ်များလည်းပါ သည်။ ပြည်ပအန္တရာယ်တို့ကလည်း ကြီးမားလှ၏။

ပြည်ပအန္တရာယ်ဟူသည်မှာ မဏိပူရကသည်းများနှင့် ဇင်းမယ်ပြည်သနာများ ပင်ဖြစ်သည်။ မဏိပူရတွင် ထိုအချိန်က ဂရာဇ်နဝါဇ်(Gharib Nawaz)အုပ်စိုးနေသည်။ ယင်းသည် မြန်မာမင်းထံ သမီးကညာဆက်လိုကြောင်း အခွေအရံများနှင့် အင်းဝမှ လာရောက်ကြိုယူစေလိုကြောင်းနှင့် အလျှောက်အထားစေလွှတ်ခဲ့လေသည်။ မြန်မာတို့

က သွားရောက်ကြိုဆိုသောအခါ ချုံခိုတိုက်ခိုက်လျက် အများအပြားကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားလေသည်။ ၁၇၂၄ ခုနှစ်တွင် မြန်မာတပ်များ စေလွှတ် တိုက်ခိုက်စေခဲ့သော်လည်း ပြန်လည်ဆုတ်ခွာလာခဲ့ရသည်။

ဇင်းမယ်တွင်လည်း ပုန်ကန်မှုများ ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ ဇင်းမယ်ကို ဟံသာဝတီဆင်ဖြူရှင်(ဘုရင့်နောင်ကျော်ထင်နော်ရထာ)လက်ထက်ကစ၍ မြန်မာတို့ အုပ်ချုပ်ခဲ့ကြသည်။ တနင်္ဂနွေမင်းလက်ထက် မြန်မာဘုရင်ခံ၏ အုပ်ချုပ်ရေးညံ့ဖျင်းမှုကြောင့် ဇင်းမယ်သားတို့ တော်လှန်ပုန်ကန်ကြပြီးလျှင် ခနန်ဒိဗ္ဗကို ဘုရင်တင်မြှောက်လျက် မြန်မာအုပ်ချုပ်ရေးလက်အောက်မှ ရုန်းထွက်ခဲ့ကြသည်။ ထိုအရေးအခင်းအတွက် မြန်မာတပ်များ စေလွှတ်ဖြေရှင်းခဲ့သော်လည်း မအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာခဲ့ကြရသည်။

တနင်္ဂနွေမင်း နတ်ရွာစံသောအခါ သားတော်အိမ်ရှေ့မင်းက ''မဟာဓမ္မရာဇာဓိပတိ''ဟူသော ဘွဲ့ဖြင့် ၁၇၃၃ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့တွင် နန်းတက်လာသည်။ ယင်းလက်ထက်အခြေအနေသည် အဆိုးရွားဆုံးအချိန်ဖြစ်လေသည်။ အုပ်ချုပ်ရေးတွင် မလိုအပ်ပါဘဲလျက် အရာရှိပေါင်းများစွာကို ခန့်အပ်ခဲ့သည်။ အရည်အသွေးရှိသူများကို ဖယ်ရှားလျက် အရည်အသွေးမရှိသူများကို ရာထူးကြီးများ ပေးအပ်ခဲ့သည်။ အရည်အချင်းရှိသူများ ပျက်စီးနိမ့်ကျခဲ့ရသည်။ သို့ဖြစ်သောကြောင့် ရာဇဝင်ဆရာတစ်ဦးက ထိုမင်း၏အမှားပုံကို ဤသို့ဖော်ပြခဲ့ဖူးပေသည်။

*'မှူးမတ်များကိုမတိုင်ပင်။ မိန်းမတို့ကို အစေအပါးများသည်။ မိန်းမတို့ပြောတိုင်း ယုံချေသည်။ တိုင်းရေးပြည်ရေးကိုမရှု။ အလေးကြီးငယ်၊ တောင်းကြီးငယ် ချိန်ခွင် စဉ်းလဲသည်ကို မစစ်ကြော၊ အရပ်ရပ်ဘုရားပုထိုးပျက်စီး၍ ရွှေငွေရုပ်တု အထည်အလိပ်ကျောက်သံပတ္တမြားရသည်ကို ရောင်းဝယ်သုံးဆောင်ကြသည်ကိုလည်း သိလျက်မမြစ်မတား၊ မစစ်မကြော၊ ကျောင်းကန်ဇရပ်များကို မီးရှို့၍သံကိုယူသည်။ ဆည်းလည်း၊ ခေါင်းလောင်းများကို ဖျက်ဆီးရောင်းချကြသည်။ ကျွဲခိုး၊ နွားသတ်၊ ဓားပြတို့ကို မစစ်မကြော၊ မစီမရင်၊ မကွပ်မညှပ်။ ဝန်ကြီး၊ ဝန်ထောက်၊ မြို့ဝန်၊ ဝင်းမှူး၊ အတွင်းဝန်၊ ပြင်ဝန်အများခန့်ထားသည်။ လက်ချိတ်လွန်းပြန် ကေနံသည် တွင်စ၍ပေါ်သည်။'*

*(ဟံသာဝတီမင်းအမှားပုံ)*

မဟာဓမ္မရာဇာဓိပတိသည် အုပ်ချုပ်ရေးတွင် စိတ်ပါဝင်စားခြင်းမရှိ၊ လျစ်လျူရှု၍သာနေလေသည်။ နိုင်ငံမှာလည်း သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံကြိုက်နေရသည်။ အေဒီ ၁၇၄၁ ခုနှစ်တွင် ရေကြီးခြင်းကြောင့် တာရိုးများကျိုးကာ လယ်ယာစိုက်ခင်းအများ ပျက်စီးရသည်။ နောက်နှစ် ၁၇၄၂ ခုတွင်လည်း မိုးခေါင်၍ သီးနှံမဖြစ်ထွန်းဘဲ ပျက်စီးခဲ့ရပြန်သည်။ ထို့ကြောင့် နိုင်ငံတော်တွင် စားရေရိက္ခာရှားပါးပြီး ငတ်မွတ်ခေါင်းပါးခြင်း အန္တရာယ်နှင့် ကြုံရလေတော့သည်။ ဆန်ဈေးမှာလည်း တစ်တင်းလျှင် ငါးကျပ်ကျော်မျှရှိသောကြောင့် ငတ်မွတ်၍သေကြသည်လည်း အများပင်ဖြစ်၏။

ငတ်မွတ်ခေါင်းပါးခြင်းနှင့်အတူ တစ်နိုင်ငံလုံးတွင် ဆူပူခိုးဆိုး တိုက်ခိုက်လုယက်မှုများလည်း ကပ်လျက်ပါလာခဲ့သည်။ သို့ဖြင့် နိုင်ငံအနှံ့အပြားတွင် မငြိမ်မသက်နှင့် အထိတ်ထိတ်အလန့်လန့် ဖြစ်ကြရတော့သည်။ အုပ်ချုပ်ရေးစနစ်က ပြိုလဲပျက်စီးနေ၍ ဆူပူမှုများကို မနှိမ်နင်းနိုင်သောအခါ သူခိုးဓားပြတို့သည် ပို၍အတင့်ရဲလာပြီး မင်းနှင့်အစိုးရကိုပင် တုပြိုင်ဝံ့စားလာလေတော့သည်။ အေဒီ ၁၇၄၄ ခုတွင် အင်းဝနေပြည်တော်ကြီး မီးဘေးနှင့်ကြုံကြိုက်ရသည်။ ထိုမီးသည် ရပ်ကွက်ပေါင်းများစွာနှင့်တကွ မြစ်ငယ်မြစ်အတွင်း ကုန်အပြည့်ဖြင့်ဆိုက်ကပ်ထားသော ကုန်လှေကြီးများပါမကျန် ဝါးမျိုသွားခဲ့သည်။ ဆယ့်နှစ်နာရီကျော်ကြာမျှ ထိုမီးကို ငြိမ်းသတ်ကြရသည်။

အင်းဝနိုင်ငံတော်ကြီးသည် အဘက်ဘက်မှ ပြိုလဲကျဆင်းလာခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍သာ ဆိုးရွားလာခဲ့တော့သည်။ စားနပ်ရိက္ခာဆန်စပါး အခက်အခဲလည်း တိုး၍သာ နက်ရှိုင်းလာခဲ့သည်။ စပါးကျီသဖွယ် အားထားနေရသော တောင်ဘက်တိုက် မြောက်ဘက်တိုက်ဒေသတို့မှာလည်း ဆူပူမငြိမ်မသက်မှုများကြောင့် မစိုက်ပျိုးနိုင်ဘဲရှိခဲ့လေရာ ၁၇၄၉ ခုနှစ်တွင် ဆန်ဈေးသည် တစ်တင်းလျှင် ဆယ့်ခြောက်ကျပ်အထိ မြင့်တက်လာပြန်လေတော့သည်။ နောက်ဆုံး ၁၇၅၁ ခုနှစ်တွင်ကား အင်းဝမြို့ကြီး ရန်သူလက်သို့ကျဆင်းမသွားစေရန် ကာကွယ်ပေးနေရသော စစ်သည်ရဲမက်တို့အတွက်ပင် ရိက္ခာဆန်ပေးစရာမရှိ ဖြစ်လာလေတော့သည်။ မင်းကေရာဇ်က မင်းမှုထမ်းတို့ ဆန်ဝယ်ရန် ရွှေငွေများကို ထုတ်ပေးခဲ့လေရာ ဆန်တစ်တင်းသည် ရှစ်ဆယ်ကျပ်ထိပင် ကြောက်ခမန်းလိလိ ထိုးတက်သွားခဲ့လေသည်။ နောက်ဆုံး လုံးဝဝယ်၍မရတော့သည်အထိပင်။ ကျွဲနွားများကိုသတ်၍လည်းကောင်း ထိုနည်းဖြင့်သာ အင်းဝသားတို့ အသက်ရှင်နေခဲ့ကြရသည်။ အေဒီ ၁၇၅၂ ခု၊ မတ်လတွင် အင်းဝမြို့ကြီး ရန်သူ ဟံသာဝတီသားတို့လက်သို့ကျဆုံးခဲ့ရသည်အထိပင် ဖြစ်ခဲ့လေတော့သည်။

## အလောင်းမင်းတရား၏စည်းရုံးရေး

အလောင်းမင်းတရား၏ စည်းရုံးရေးဟုဆိုရာ၌ နိုင်ငံရေးနှင့် စစ်ရေးဟူ၍ နှစ်မျိုးရှိသည်။ များသောအားဖြင့် စစ်ရေးဖြင့်စည်းရုံးမှုကိုသာ အသိများကြပြီး နိုင်ငံရေးဖြင့်စည်းရုံးမှုကိုမူ မသိကြချေ။ နိုင်ငံရေးစည်းရုံးမှုမပါသော စစ်ရေးစည်းရုံးမှုသည် ကြီးနိုင်ငယ်ညှဉ်းဝါဒဟု အထင်အမှတ်လွဲနိုင်ပါသည်။ သို့ဖြစ်၍ အလောင်းမင်းတရားကြီး၏ နိုင်ငံရေးစည်းရုံးမှုကို အကဲပိုလျက် ဤနေရာတွင် တင်ပြလိုက်ပါသည်။

အင်းဝနေပြည်တော်ကြီး ပျက်သုဉ်းပြီးနောက် မြန်မာနိုင်ငံ၏အခြေအနေကို မုံရွေးဆရာတော် အရိယာဝံသ အာဒိစ္စရံသီက ယင်း၏ စေတီယကထာမည်သော ရာဇဝင်ချုပ်၌ ဤသို့ဖော်ပြခဲ့ပါသည်။

*"မြန်မာတို့ တိုင်းပြည်အလုံး ကိုးကွယ်ရာမဲ့ရှိကြသည်နှင့် ကိုယ်စီကိုယ်င အလိုက်အထိုက်ထောင်ထားကြ၍ ဗိုလ်ပါလူ စုရုံးစည်းကြပ်ကြလေသည်။ တပ်တောင်တာနှင့် မင်းလောင်းပြုကြလေသည်ကား အလွန်ပင်များချေသည်။ ထို မင်းယောင်မင်းလောင်းပြုသူတို့ကို ရေတွက်လိုချေသော် နားဝေ နားစည်း နှလုံးကျည်း၍ ညည်းညူးငြီးငွေ့ဖွယ်ပင် ရှိချေသည်"*

ဤသို့သောအခြေအနေမျိုးတွင် အလောင်းမင်းတရားသည် တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးခဲ့ရခြင်းဖြစ်ရာ မည်မျှခက်ခဲလှမည်ကို စဉ်းစားခန့်မှန်း၍ ရနိုင်ပါသည်။ တစ်နိုင်ငံလုံးတွင် မင်းယောင်မင်းလောင်းအများရှိ၏။ သာရာဘက်ကို သစ္စာခံမည်ဟူသောစိတ်ဖြင့် အခြေအနေကို စောင့်ကြည့်နေကြသူများလည်း အများပင်ရှိလေသည်။ ယင်းတို့တွင် အလားအလာအကောင်းဆုံးတို့မှာ–

၁။ ဗညားဒလ ဦးဆောင်သော ဟံသာဝတီအင်အားစု

၂။ ဂုဏ္ဏာအိမ် ဦးဆောင်သော မတ္တရာအင်အားစု

၃။ အလောင်းမင်းတရား ဦးဆောင်သော ရွှေဘိုအင်အားစု

တို့ဖြစ်ကြသည်။ လတ်တလောအခြေအနေကိုကြည့်လျှင် ဟံသာဝတီအင်အားစုသည် အင်အားအကြီးမားဆုံးဖြစ်၏။ အင်းဝမင်းနှင့်တကွ ရာဇဌာနီကိုပါ သိမ်းပိုက်ထားနိုင်သူများဖြစ်ကြ၏။ ရှမ်းပြည်နယ်ကိုကျောထောက်နောက်ခံပြုထားသော မတ္တရာအင်အားစုတို့၏ အင်အားသည်လည်း မသေးငယ်လှချေ။ အင်းဝမင်း၏တပ်များပင် မချေမှုန်းနိုင်သောအနေအထားတွင် ရှိပါသည်။ ယင်းတို့နှင့်နှိုင်းစာလျှင် အလောင်း

မင်းတရား၏အင်အားမှာ အသေးငယ်ဆုံးပင်ဖြစ်၏။ သို့သော်လည်း အခြေ အနေကို အကျိုးရှိစွာ အသုံးချတတ်မှုနှင့် စည်းရုံးရေးတွင်ကား အလောင်းမင်းတရားသည် အထူးချွန်ဆုံး ဖြစ်လေသည်။

အလောင်းမင်းတရားသည် အင်းဝပျက်၍ စည်းရုံးရေးပြုလဲလာသည်ကို မြင်သည့်အချိန်ကစ၍ မုဆိုးဘို၏ အရေးပါသောအခန်းကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်ရန် စီမံလေတော့သည်။ ဦးစွာ တာ ၄၇၀ ရှိသော ထန်းလုံးတပ်တည်ဆောက်၏။ မြို့အစီအရင်အားလုံး ပြင်ဆင်လုပ်ဆောင်၏။ အနီးဝန်းကျင်ရွာပေါင်း ၄၆ ရွာမှ လူ၊ ဆင်မြင်း၊ လက်နက်၊ ရိက္ခာတို့ကို တပ်တွင်းသို့သွင်း၏။ တပ်စည်းအပြင်တွင် ရန်သူတို့ နားခိုစရာ အရိပ်မရစေရအောင် တောချုံရှင်းလျက် စစ်တလင်းဖြစ်စေ၏။ ရန်သူတို့ မောရှိမှု သောက်ရေမရစေရန်လည်း ရေတွင်းရေကန်တို့ကို ဖျောက်ဖျက်ပစ်၏။ ထို့အတူ ရိက္ခာမရရှိစေရန်အတွက်လည်း မြေလှန်စနစ် ပြုလုပ်ထား၏။ ပြည်သူတို့ကို စည်းရုံးရာ၌မူ

> *“သာသနာတော်၏ အခြေအမြစ်ဖြစ်သော တိုင်းကားရှင်လူပြည်သူ သတ္တဝါအပေါင်း တို့ ဆင်းရဲဖြင့်မနစ်မွန်းကောင်းပလေ။ ငါလည်း သမ္မာသမ္ဗောဓိ သဗ္ဗညုတဆုကို ပန်တော်မူ သည်နှင့်အညီ လူအပေါင်းတို့၏အကျိုးစီးပွားကို ဆောင်ရွက်ခြင်းတည်းဟူသော လောကတ္ထစရိယ၊ ဆွေတော်မျိုးတော်တို့၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းတည်းဟူသော ဉာတတ္ထစရိယ၊ ကိုယ်တော်၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းတည်းဟူသော ဗုဒ္ဓတ္ထစရိယ၊ ဤမျှသော စရိယ သုံးပါးကို ဖြည့်ကျင့်တော်မူ ရအံ့သောအခါတန်ပြီ။ ငါသည်သာလျှင် သတ္တဝါ အပေါင်းတို့ ကိုးကွယ်ရာဖြစ်စေအံ့”*
>
> *(ကဘဆ၊ ၁၊ ၂၁)*

ဟူ၍ မိန့်တော်မူခဲ့သည်။

အလောင်းမင်းတရားသည် နိုင်ငံပြုစုတည်ထောင်ရာ၌ တစ်ဆင့်စီ တစ်ဆင့်စီသာ လုပ်ဆောင်ခဲ့ပေသည်။ ဦးစွာပထမ မိမိ၏အခြေခံနယ်မြေ လုံခြုံခိုင်မြဲရေးကို စီမံသည်။ ထို့နောက် အထက်မြန်မာနိုင်ငံကို စည်းရုံးခိုင်မာစေသည်။ တစ်ပါတည်းပင် အဝေးမြို့ရွာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့ကိုလည်းသိမ်းသွင်းခဲ့ပါသည်။ အထက်မြန်မာနိုင်ငံ၏အခြေအနေခိုင်ခံ့သောအခါမှ အောက်မြန်မာနိုင်ငံသို့ ချီတက်သိမ်းပိုက်ခဲ့ခြင်းဖြစ်ပါသည်။ အလောင်းမင်းတရားသည် နိုင်ငံပြုစုရာ၌ စစ်ရေးသက်သက်ချည်း

လုပ်ဆောင်တော်မူခဲ့ခြင်းမဟုတ်ပါ။ နိုင်ငံရေးအားဖြင့်လည်း စည်းရုံးခဲ့ပါသည်။ အေဒီ ၁၇၅၄ ခုတွင် အလောင်းမင်းတရား အောက်မြန်မာနိုင်ငံအရပ်ရပ်ရှိ အကြီးအကဲတို့ကို အောက်ပါအမိန့်တော်ကိုထုတ်ပြန်လျက် စည်းရုံးခဲ့ပါသည်။

*''ငါဘုရားအလောင်းသည်ကား ဘုရားရှင် ရွှေမျက်နှာတော်ကိုကြည့်၍ ၁၀ ပါးသော တရားဓမ္မ၊ လောကတရား ၇ ပါး၊ သင်္ဂဟတရား ၄ ပါး၊ ၅ ပါးသော ပဋိညာဉ်၊ ၄ တန်သောစကား၏အင်္ဂါ၊ ယမမင်းကဲ့သို့ ၄ ပါးသောဂတိကို မငဲ့မူ၍ သတ္တဝါအပေါင်းတို့အား ၅၂၈ ပါးသောမေတ္တာနှင့် ရတနာသိင်္ဃ ကုန်းဘောင်ရွှေမြို့တော်ကြီးကို တည်ထောင်ပြုစုသိမ်းမြန်းတော်မူလျှင် ကောလင်း၊ ဝန်းသို၊ ကလေး၊ သောင်သွပ်၊ မိုးကောင်း၊ မိုးညှင်း၊ မိုးတား၊ မိုးမိတ်၊ ယင်းခဲ့၊ သီပေါ၊ သုံးဆယ်၊ လဲချား၊ ရပ်စောက်၊ ကသည်း စော်ဘွားတို့မှစ၍ အမှုတော်ကို ထမ်းရွက်ကြလျှင် ရေချမ်းအိုးကိုလက်နှင့်ပိုက်သကဲ့သို့ ကာယသုခ စိတ္တသုခနှစ်ပါး ကိုရကြသည်။ သက္ကရာဇ် ၁၁၁၆ ခုနှစ်ပြာသိုလပြည့်ကျော် ၅ ရက်နေ့၊ ၂ ဇန်နဝါရီ ၁၇၅၅)အောက်သို့ ရွှေစက်တော်ဖြန့်တော်မူရာတွင် အရပ်ရပ်သူကြီး ခေါင်အကြီးတို့ ပေးပြန်သည်''*

*အမိန့်တော်(လောင်းမိန့်-၂)*

ဤတွင် အလောင်းမင်းတရားသည် လူမျိုးရေးမုန်းတီးမှုမရှိခြင်း၊ အာဃာတ မရှိခြင်း၊ ခွင့်လွှတ်တတ်ခြင်းနှင့် နိုင်ငံငြိမ်းချမ်းသာယာရေးကို အထူးတောင့်တ လိုလားခြင်း စသော အရည်အသွေးတို့နှင့်ပြည့်စုံလျက် ထိုရည်မှန်းချက်နှင့်အတူ ဦးတည် ချီတက်လုပ်ဆောင်နေသည်ကို တွေ့ရသည်။ ယင်းသည် စည်းရုံးရေးကောင်းခြင်း၏ သာဓကပင်ဖြစ်လေသည်။

မြေလတ်ဒေသအတွင်းရှိ မြန်မာအကြီးအကဲတို့ကို စည်းရုံးခဲ့သကဲ့သို့ အဝေးမြို့ရွာ ရှမ်းစော်ဘွား၊ ထမုံပေါမိုင်တို့အားလည်း စည်းရုံးသိမ်းသွင်းခဲ့ပါသေးသည်။ အေဒီ ၁၇၅၅ ခု၊ ဇွန်လ၂၀ရက်နေ့တွင် သိန္နီစော်ဘွားသို့ ထုတ်ပြန်ခဲ့သော အမိန့်တော်၌

*''သိန်းနီစော်ဘွားက အမျုးအမတ်တို့ကိုစေ၍ဆက်ရန် ပန္နာကာရနှင့် ဓားမကျိုး၊ လှံမရှုန္ဒားအိုခြံသိ၊ ရွှေစက်တော်အောက်ရောက်သည်အရာသည် ပညာရှိတို့ သဘောလက္ခဏာ ဖြစ်တော့သည်။ ဟံသာဝတီအရေးတော်ကုန်စဲစဲဖြစ်၍*

*ချီတော်မူသည်။ သိန်းနီစော်ဘွားတို့ နေရပ်သည်တိုင်းစွန်ဖြစ်၍ ဆီးဆို့ရပ်ခံရမည်။ အမှုရှိလျှင် ဆက်ရန်လက်ဆောင်နှင့် အမတ်ပေါ်မိုင်တို့ကိုစေ၍ ရန်ကုန်ရွှေမြို့တော်မှာ ဆက်လှာရမည်အကြောင်းကို အမိန့်တော်ရှိသည်''*

*(လောင်းမိန့် –၄)*

ဟူ၍ ပါရှိခဲ့ပါသည်။

အေဒီ ၁၇၅၆ ခု၊ ဇန်နဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သော အမိန့်တော်တွင်လည်း ဗန်းမော်စော်ဘွား၊ မိုးမိတ်စော်ဘွားတို့နှင့်ပတ်သက်၍ ဤသို့ မိန့်ဆိုခဲ့သည်ကိုလည်း တွေ့ရှိရပါသေးသည်။

*''ငါနှလုံးတော်ထားသည်မှာမူကား မိုးမိတ်စော်ဘွား ကြေးငဲသား ငကို သောင်းကျန်းနေသည်မဟုတ်။ မြို့ရွာခရိုင်ကို အားကြီး၍ စည်းစိမ်မပြတ် အသက်မသေ နေရာမနိမ့် အမှုတော်ကိုထမ်းပါမည်ဆိုသည်အတိုင်း အမျုးအမတ် ထမုံပေါ်မိုင် ယိုင်းပြကြောက်လန့် တိမ်းယိမ်းရှောင်နေသမျှအသဉ်အလာတို့ကို ခေါ်သိမ်းရုံးစု၍ လက်နက်မျိုးရိက္ခာအစုံနှင့် ငါ့ရွှေစက်တော်ချီတော်မူရာ လိုက်လာစေ။ သို့မှ ထမ်းရည် ရွက်ရည်ကိုထောက်၍ သူကောင်းပြုတော်မူရမည်''*

*(လောင်းမိန့် ၅)*

ထိုအမိန့်တော်ကိုကြည့်လျှင် အလောင်းမင်းတရားသည် ခွင့်လွှတ်တတ်သောစိတ်ဓာတ်နှင့် အမှန်အကန်ချီးမြှောက်တတ်သောစိတ်ဓာတ် အမွန်အမြတ်ရှိကြောင်းတွေ့ရှိရပေသည်။ စည်းရုံးရေးကိုလည်း ကာလ၊ ဒေသ၊ ပယောဂနှင့်အညီ ကျင့်သုံးတတ်သည်ဟု ဆိုရပေမည်။ လူပုဂ္ဂိုလ်အမျိုးအစား ရာထူးအဆင့်အတန်းနှင့် လူ့အလွှာအနိမ့်အမြင့်ပိုင်းခြား၍လည်း စည်းရုံးခဲ့သည်များရှိပါသည်။ ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် ထုတ်ပြန်ခဲ့သော အောက်ဖော်ပြပါ အမိန့်တော်ရပ်သည် အလောင်းမင်းတရား၏အခြေခံစည်းရုံးရေးလုပ်ငန်းတွင် အထိရောက်ဆုံးဟု အသိအမှတ်ပြုရပါမည်။

*''ကာလဝိပတ္တိတိုင်း ခရိုင်ပြည်ရွာ ပျက်စီးရွေ့လျော၍၊ သားကို အမိ မတွေ့၊ သူပုန်သူကန်တို့ ဖမ်းဆောင်ယူရာပါ၍ မွန်တို့က အဖိုးကြေးငွေနှင့် အဆင့်ဆင့်ရောင်းစားသည့် ကျွန်လည်းရှိသည်။ အထက်ပြည်ရွာငြိမ်ဝပ်စဉ် နှစ်ဘို့လဘို့ အစေခံနေရသည်ကျွန်၊ မိလာဖလာ ကျွန်ရိုးကျွန်ပေါင် အရပ်ရပ်ကျွန်တို့မှာ*

*ငါ့ရွှေစက်တော်အောက် သခင်သူပုန်တို့လက်က ကျွန်ငါ့ရွှေစက်တော်အောက် အလျှင်ဝင်ရောက်၍ အမှုတော်ကိုထမ်းခင်လျှင် တော်လှန်စေ။ မွန်တို့ရောင်းချ၍ ဝယ်သည့်ကျွန်မှာ မိဘမြောက်ပြီးနှင့် ဆင့်ကဲ၍ ကျွန်ဖြစ်သည်မဟုတ်၊ ရန်သူတို့ ဖမ်းယူရောင်းစားသမျှ ကျွန်တို့ကို စေလိုပါးလို ကျွန်ပြုလိုသည့်စိတ်နှင့် ဝယ်သူတို့မှာ ရှေးနောင်အတူအညီ ရောက်သည်မဆိုသာတော်လှန်စေ။ မွန်တို့ ပြည်သို့ရောက်မှ ပြည်ရွာယိုယွင်းလျှင် လျော်ပစ် လျော်ဒဏ် ခစိပတ်ကြေးငွေနှင့် ဝယ်သည် ကျွန်ဖြစ်လျှင် ကျွန်နှင့်အရှင်အတူရောက်လျှင် အဖိုးကြေးငွေကိုပေးမှတော်လှန်စေ။ သခင် အလျှင် ကျွန် ငါ့ရွှေစက်တော်အောက်ရောက်လျှင် ၄င်းနည်းလွတ်စေရမည်။ သက္ကရာဇ် ၁၁၁၈ ခု၊ တန်ခူးလဆန်း ၁၄ ရက် (၂ ဧပြီ ၁၇၅၇)နေ့ ဇေတုနန်းတော်တွင် ပေးအပ်တော်မူသည်''*

*(လောင်းမိန့်၊ စာချွန်–၁)*

နိုင်ငံ၏အားသည် ဆင်းရဲသားပြည်သူတို့ဖြစ်သည်။ စစ်ရေးစစ်ရာတွင် အမှုတော်ထမ်းနေကြရသည့် သူများလည်းဖြစ်ကြသည်။ ဆင်းရဲသားပြည်သူတို့သည် တိုင်းပြည်နိုင်ငံ စစ်မက်ထူပြောသည့်အခြေအနေတို့ကြောင့် စီးပွားရေး မကုံမထန်၍ ပေါင်နှံကြရသည့် ကြွေးမှု မြီမှုများနှင့် မကင်းကြသူများလည်းဖြစ်သည်။ ထိုအမှုအခင်း များသည် စစ်ရေးကာလအရေးကြီးနေချိန်တွင် စည်းရုံးရေးကို များစွာအနှောက်အရှက် ဖြစ်စေပါသည်။ ထိုအကြောင်းကိုသိသော အလောင်းမင်းတရားက ဆင်းရဲသားပြည်သူ ဘက်ကရပ်တည်လျက် အောက်ပါအမိန့်တော်ကိုထုတ်ပြန်၍ ကြွေးမြီမှုများကို တားမြစ် ပိတ်ပင်ခဲ့ပါသည်။

*''မိုးကောင်း မိုးညှင်း ဝန်းသိုစ၍ အရပ်ရပ် နောက်တော်ပါအမှုထမ်း ကျွန်တော်မျိုးတို့ အတူနေအတူစား မိဘဘိုးဘွားသားမယားတို့ကို ကြေးငွေစပါး ချေးယူယုက်တင်သည်အမှုကို ဥစ္စာရှင်တို့က ၁၀၀၀ ပင်ဖြစ်သော်လည်း မတောင်း စေနှင့်။ မောင်းကြေးနင်းခတ်ရမည်။ တရားစကား အရှက်အတင်ရှိသည်ဖြစ်လည်း ငါ့ရွှေစက်တော်လည်တော်မူ၍ ရွှေထီးရွှေနန်းသို့ရောက်တော်မူမှ ဆိုခင်းရှိသည့် အမှုအရာတို့ကိုဆိုစေ။ မြို့ပြ၊ ကျေးရွာ၊ ခရိုင် ဆင်းရဲသားကျွန်တော်မျိုး ပြည်တိုင်း ကားတို့တွင် မကုံမလုံမလောက်၍ အချေးအယူကြေးမှု ငွေမှုများလည်း ၁၀ လ*

*တခုလတ် ကျကိုတွက်၍ ၁၀ လကလွန်မှ တောင်းစေ။ ၃လ၊ ၄လ၊ ၅လ၊ ၆လ၊ ၇လ၊ ၈လ၊ ၉လ ရက်လ ချိုးမှတ်၍မတောင်းစေနှင့်''*

*သက္ကရာဇ် ၁၁၂၁ ခု၊ ပြာသိုလဆန်း ၁၄ (၁ ဇန်နဝါရီ ၁၇၆၀)*

*(လောင်းမိန့် ၄၀ )*

ယခုအခါ ''တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်''ဟူသော တပ်မတော်ကြွေးကြော်သံရှိပါသည်။ ထိုကြွေးကြော်သံသည် အလောင်းမင်းတရားကျင့်သုံးခဲ့သောလမ်းစဉ်ဖြစ်ပါသည်။ ၁၇၅၂ ဇွန်လ ၁၉ ရက်နေ့တွင်ဖြစ်ပွားခဲ့သော မြောင်ဝန်းတိုက်ပွဲ၌ စစ်ပွဲကိုဦးစီးကြသည့် သားတော်ကြီးနှစ်ပါးကို ''ခါးသွားနီးရာပါရလေသော ရှမ်းမြန်မာ ကတူးတို့ကို မသတ်လေနှင့်'' (ကဘဆ၊ ပ၊ ၄၄)ဟု အမိန့်တော် ထုတ်ပြန်တားမြစ်ခဲ့ပါသည်။

ထို့အပြင်လည်း

*''အင်းဝမငြိမ်မသက်ရှိစဉ်ကပင် ရပ်ရွာကခွာ၍ တောတောင်ကြီးရာ ရှောင်ရှားနေသူ တို့ကို အသာအယာသိမ်းခေါ်တော်မူပြီးလျှင် ဝတ်ဖွယ် စားဖွယ် သနားတော်မူ၍ ရပ်စု ကွက်စု ချထားနေထိုင်စေသည်။*

*(ကဘဆ၊ ပ၊ ၄၄)''*

သာသနာရေးနှင့်ပတ်သက်၍လည်း စစ်ရေးစစ်ရာ စီမံခန့်ခွဲနေရသည့် အရေးကြီးလှသောကာလအတွင်းမှာပင် လျစ်လျူရှု၍မထားခဲ့ပါ။ ရတနာသိင်္ဃသို့ ရောက်လာသမျှသော ရဟန်းသံဃာတို့အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခဲ့ပါသည်။ ဝါတွင်းသုံးလပတ်လုံးလည်း စစ်ရေးမင်းမှုမရှိစေရအောင် ပြဋ္ဌာန်းလျက် ပြည်သူတို့ကို ကောင်းမှုကုသိုလ် သုစရိုက်ပွားစေခဲ့ပါသည်။ ကျောင်းကန်ဘုရား ပျက်စီးယိုယွင်းလျက် မသန့်မရှင်းဖြစ်နေသည်များကိုလည်း ပြင်ဆင်လုပ်ဆောင်လျက် သန့်ရှင်းစေခဲ့ပါသည်။

အလောင်းမင်းတရား၏ စစ်ရေးသဘောမှာ ကြီးနိုင်ငယ်ညှဉ်းဝါဒမဟုတ်ပါ။ စစ်မြေပြင်တွင် အနိုင်တိုက်လျက် စစ်ပွဲပြီးလျှင် စည်းရုံးရသော လုပ်ထုံးဖြစ်ပါသည်။ ထို့ကြောင့်လည်း မိမိ၏ဗိုလ်မှူးတပ်မှူးတို့အား

*''မကြောက်သေးသောသူတို့လည်း ကြောက်ညင်အောင် လုပ်ကြံကွပ်*

*နှိပ်ရမည်။ ကြောက်ပြီးသောသူတို့ကိုလည်း တိုင်းရေးပြည်ရေး စီးပွားတော်ကို ထောက်၍ သာယာချောင်စွာ သိမ်းသွင်းပြုစုရမည်''*

*(လောင်းမိန့်၊ ၄၃)*

ဟု မိန့်မှာခဲ့ခြင်းဖြစ်ပါသည်။ တိုင်းရေးပြည်ရေး သာယာဝပြောရေးကို အစဉ် ဦးထိပ်ထားကြောင်း ထင်ရှားပေသည်။ သို့ဖြင့် အလောင်းမင်းတရား၏စည်းရုံးရေးသည် ရန်သူကို နေလိုကျင့်၍ ပြည်သူကို လလိုဆက်ဆံသော စည်းရုံးရေးဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ပါသည်။ ပြည်သူ့စွမ်းအားကို မှန်မှန်ကန်ကန် စနစ်တကျ အသုံးချနိုင်စွမ်းရှိသူဟူ၍လည်း အသိအမှတ်ပြုရပါမည်။

အချုပ်ဆိုရသော် အလောင်းမင်းတရား၏ စည်းရုံးရေးသည် နိုင်ငံရေးနှင့် စစ်ရေး ဟန်ချက်ညီသော စည်းရုံးရေးမျိုးဖြစ်ပါသည်။ ထိုသို့ စွမ်းရည်နှစ်ရပ် ထပ်တူညီမျှသောကြောင့်လည်း တတိယမြန်မာနိုင်ငံဟူသော အကျိုးတရား ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံကို ထူထောင်ခဲ့ကြရာ၌ အလောင်းမင်းတရားအရင် အနိရုဒ္ဓနှင့် ဟံသာဝတီဆင်ဖြူရှင်ခေါ် ဘုရင့်နောင်တို့ ရှိခဲ့ကြပါသေးသည်။ ထိုနိုင်ငံထူထောင်ရေးသမားသုံးဦးတို့တွင် အနိရုဒ္ဓသည် စစ်ရေးတွင် သာသနာရေးစွက်လျက် စည်းရုံးခဲ့သည်။ ဟံသာဝတီရှင်ဖြူရှင်မှာ စစ်ရေးသက်သက်ဖြင့် စည်းရုံးခဲ့သည်။ အလောင်းမင်းတရားကား စစ်ရေးတွင် ပြည်သူတစ်ရပ်လုံးမှ အလွှာအသီးသီးနှင့် ဆိုင်သော နိုင်ငံရေးဖြင့် စည်းရုံးခဲ့သူဖြစ်ပါသည်။ သာသနာရေးကိုလည်း လျစ်လျူမရှုခဲ့ပါ။ သို့ဖြစ်ရာ အလောင်းမင်းတရား၏စည်းရုံးရေးသည် အပင်ပန်းဆုံးသော စည်းရုံးရေးဟု ဆိုရမည်ဖြစ်ပါတော့သည်။

## ကုန်းဘောင်ခေတ်ဦး စစ်ရေးအထွတ်အထိပ်ကာလ

ယနေ့တည်ရှိနေသော မြန်မာနိုင်ငံ၏နယ်နိမိတ်သည် ကုန်းဘောင်ခေတ်ဦးမင်းများဖြစ်သော အလောင်းမင်းတရားကြီး ၁၇၅၂–၆၀၊ မြေဒူးမင်း ၁၇၆၃–၇၆ နှင့် ဗဒုံမင်း ၁၇၈၂–၁၈၁၉ တို့ စည်းရုံးထူထောင်ခဲ့သော နယ်မြေများဖြစ်ပါသည်။ ထိုမင်းတို့စိုးစံခဲ့ကြသော ကုန်းဘောင်ခေတ်ဦးကာလသည် မြန်မာ့သမိုင်းတွင် စစ်ရေးအထွတ်အထိပ်ကာလဖြစ်လေသည်။ ထိုမင်းများလက်ထက်၌ မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်နယ်ပယ်များကိုပါ တိုက်ခိုက်သိမ်းသွင်းနိုင်ခဲ့သော ပဒေသရာဇ်နယ်ပယ်ချဲ့ထွင်ရေးကာလ

လည်း ဖြစ်လေသည်။ အနောက်မြောက်ဘက်တွင် အာသံမဏိပူရကိုလည်းကောင်း၊ အရှေ့ဘက်တွင် မဲခေါင်မြစ်ဝဲယာ၌ လူး ၁၂ ခရိုင်ဒေသကိုလည်းကောင်း၊ အရှေ့တောင်ဘက်တွင် ဇင်းမယ်နှင့်ယိုးဒယားကိုလည်းကောင်း တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံသို့ လေးကြိမ်တိုင်တိုင် ကျူးကျော်လာခဲ့သော မန်ချူးတရုတ်တပ်များကိုလည်း အောင်မြင်စွာတွန်းလှန်နိုင်ခဲ့သည်။ ဗဒုံမင်းလက်ထက် ရခိုင်ကို ပေါင်းစည်းနိုင်ခဲ့ခြင်းကြောင့်လည်း အိန္ဒိယတွင်နယ်ချဲ့နေသော ဗြိတိသျှတို့ မြန်မာ့စစ်အင်အားကြီးထွားလာမှုကို စိုးရိမ်လာခဲ့ကြသည်။ ထိုအောင်မြင်မှုများကို သုံးသပ်ရသော် အလောင်းမင်းတရားကြီး၊ မြေဒူးမင်းနှင့် ဗဒုံမင်းတို့၏စွမ်းဆောင်မှုများကို အခြေတည်၍ ရရှိသည်ဟု ဆိုရမည်ဖြစ်ပေသည်။

အလောင်းမင်းတရားကြီးသည် အင်းဝနေပြည်တော်ကြီးပျက်သုဉ်းခဲ့သည်နှင့် တစ်ပြိုင်နက် ရွာပေါင်း ၄၆ ရွာ၏အားဖြင့် မုဆိုးဘိုကို ထန်းလုံးတပ်တည်ကာ ရဲဘော်ကျွန်သင်း ၆၈ ဦးဖြင့် တပ်မတော်ကို စတင်ထူထောင်ခဲ့သည်။ နိုင်ငံရေးစစ်ရေးဖြင့် စည်းရုံးရာ၌ အဆင့် ၅ ဆင့် ပိုင်းခြားဆောင်ရွက်ခဲ့လေသည်။ ပထမအဆင့်မှာ မိမိခြေကုပ်နယ်မြေခိုင်မာရေးကို ခံစစ်ဖြင့်အစတည်သည်။ ဒုတိယအဆင့်မှာ မိမိနယ်မြေဝန်းကျင်ဖြစ်သော ရောဝတီနှင့် ချင်းတွင်းမြစ်နှစ်သွယ်ကြားဒေသကို တိုးချဲ့သိမ်းသွင်းခိုင်မာစေရေးဖြစ်သည်။ တတိယအဆင့်မှာ ရှမ်းပြည်နယ်အပါအဝင် အထက်မြန်မာနိုင်ငံတစ်ခုလုံးကိုစုစည်းလျက် ခိုင်မာအောင်တည်ဆောက်သည်။ အထက်မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းသွင်းပြီးလျှင် အောက်မြန်မာနိုင်ငံသို့ထိုးစစ်များဆင်နွှဲရန်ဖြစ်ပေသည်။ အလောင်းမင်းတရားကြီးသည် အောက်မြန်မာနိုင်ငံကို စတုတ္ထအဆင့်ထား၍ တိုက်ခိုက်စည်းရုံးလေသည်။

၎င်းတွင် အထက်မြန်မာနိုင်ငံ၏တည်ငြိမ်မှုကို ဖျက်ဆီးနှောင့်ယှက်ခဲ့သော ကသည်းတို့ကိုလည်း ချီတက်တိုက်ခိုက်နှိမ်နင်းခဲ့သည်။ အလောင်းမင်းတရားကြီး၏ ပဉ္စမစည်းရုံးရေးအဆင့်မှာ အောက်မြန်မာနိုင်ငံ၏ တည်ငြိမ်မှုကိုအန္တရာယ်ပြုသော၊ တနင်္သာရီအဝင်အပါ ပင်လယ်ရေကြောင်းကူးသန်းမှုကို အနှောင့်အယှက်ပြုသော ယိုးဒယားကို ချီတက်တိုက်ခိုက်ခဲ့လေသည်။ အလောင်းမင်းတရားကြီး၏ စစ်ရေးဆောင်ရွက်ချက်များတွင် ယိုးဒယားကိုတိုက်ခိုက်ခြင်းမှတစ်ပါး အားလုံး အောင်မြင်ခဲ့သည်သာဖြစ်ပေသည်။ မြန်မာနိုင်ငံစည်းရုံးရေးလည်း ပြီးမြောက်ခဲ့သောကြောင့် အလောင်းမင်းတရားကြီးကို စစ်ရေးအထွတ်အထိပ်ရောက်အောင် လမ်းခင်းပေးခဲ့သော တပ်မတော်ခေါင်းဆောင်ကြီးအဖြစ်နှင့်လည်း အသိအမှတ်ပြုရမည်ဖြစ်ပေသည်။

အလောင်းမင်းတရားကြီး နတ်ရွာစံသောအခါ သားတော်ကြီး ဒီပဲရင်းမင်း (၁၇၆၀–၆၃)က အရိုက်အရာကို ဆက်ခံခဲ့သည်။ ထိုမင်း နန်းသက် သုံးနှစ်တာ၌ ပုန်ကန်မှုများပေါ်ပေါက်ခဲ့သဖြင့် နှိမ်နင်းနေရသည်နှင့်ပင် အချိန်ကုန်လွန်ခဲ့ရသည်။ ထင်ရှားသောပုန်ကန်မှုတို့မှာ မင်းခေါင်နော်ရထာ၏ပုန်ကန်မှုနှင့် ဘထွေးတော် တောင်ငူမင်း၏ ပုန်ကန်မှုတို့ဖြစ်သည်။ ထိုပုန်ကန်မှုနှစ်ရပ်လုံးကို ဒီပဲရင်းမင်းသည် အောင်မြင်စွာနှိမ်နင်းနိုင်ခဲ့ပေသည်။

ထို့အပြင် ယင်းလက်ထက် တပ်မတော်ကို ဇင်းမယ် ၅၇ ခရိုင်အား အသိမ်းအရုံးစေလွှတ်ခဲ့လေသည်။ မြန်မာတပ်များ ဇင်းမယ် ၅၇ ခရိုင်ကို သိမ်းပိုက်အောင်မြင်သောအခါ ဒီပဲရင်းမင်း နတ်ရွာစံခဲ့လေပြီ။ ယင်းသည် စစ်သည်ရဲမက် အမှုထမ်းတို့ကို စုံမက်ချစ်ကြည်သည်။ အပြစ်တို့ကိုလည်း သည်းခံခွင့်လွှတ်နိုင်စွမ်းရှိသောမင်းဖြစ်သည်။

ဒီပဲရင်းမင်း နတ်ရွာစံသောအခါ ညီတော်မြေဒူးမင်းက အရိုက်အရာကို ဆက်ခံခဲ့သည်။ မြန်မာ့တပ်မတော်သည် ထိုမင်းလက်ထက်၌ အအောင်မြင်ဆုံးဖြစ်ပေသည်။ ယင်းလက်ထက်တွင် မြန်မာ့စစ်ရေး အထွတ်အထိပ်ရောက်သည့်ကာလဟုလည်း သတ်မှတ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် (၁)ဇင်းမယ် ၅၇ ခရိုင်ကို သိမ်းပိုက်နိုင်ခြင်း၊ (၂)ခမည်းတော်လက်ထက်က မအောင်မြင်ခဲ့သော ယိုးဒယားကို မင်းနှင့်တကွသိမ်းပိုက်နိုင်ခဲ့ခြင်း၊ (၃)မန်ချူးတရုတ်တို့၏ ကြီးမားသော ကျူးကျော်မှုကို လေးကြိမ်တိုင်တိုင် အောင်မြင်စွာ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့ခြင်း၊ (၄)ကသည်းတို့ကို အောင်မြင်ခဲ့ခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။

မြေဒူးမင်းသည် ထီးနန်းရသည်မှစ၍ ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် တပ်မတော်ကြီး တောင့်တင်းခိုင်မာကြီးထွားလာရေးတို့ကို လုပ်ဆောင်ခဲ့ပါသည်။ နိုင်ငံတော်လုံခြုံရေးအတွက် စစ်ရေးအချက်အချာကျသော

ကလေး

ကျိုင်းတုံ

ကျိုင်းရုံး

ဇင်းမယ် ၅၇ ခရိုင်

ညောင်ရွှေ

တောင်ငူ

ထားဝယ်
ပုသိမ်
ပြည်
ဗန်းမော်
ဗြိတ်(မြိတ်)
မိုးကောင်း
မိုးညှင်း
မိုးနဲ
မိုးမိတ်
မုတ္တမ
မြောင်းမြ
သီပေါ
ဟံသာဝတီ

စသည့်မြို့များကို အစဉ်အလာအုပ်ချုပ်သူများဖြစ်သည့် မြို့ဝန်၊စော်ဘွား၊ တပ်ပေါင်းစားတို့နှင့် ဖက်တွဲလျက် တစ်မြို့လျှင် စစ်ကဲနှစ်ဦးကျ စီမံခန့်ထား အုပ်ချုပ်စေခဲ့သည်။

အလောင်းမင်းတရားကြီး စတင်ဖွဲ့စည်းစဉ်က ပါခဲ့ကြသော ရဲဘော်ကျွန်သင်း ၆၈ မှ ကြွင်းကျန်ခဲ့သူ ၅၈ ဦးနှင့် ၄၇ ရွာခေါင်းတို့မှာ မြေဒူးမင်းလက်ထက်တွင် စစ်ရည်စစ်သွေး ပြည့်ဝသောတပ်မှူးများဖြစ်လာခဲ့ကြသည်။ ယင်းသို့ တိုက်ရည်ခိုက်ရည် ပြည့်ဝသော ဗိုလ်မှူးတပ်မှူးများအပြင် တပ်မတော်ကြံ့ခိုင်ရေးအတွက် သွေးသောက်စု ပေါင်း ၂၉ စုကိုလည်း ဖွဲ့စည်းခဲ့လေသည်။

သွေးသောက်စုတို့မှာ ထိုအချိန်က မြန်မာ့တပ်မတော်၏ အဓိကကျောရိုး မဏ္ဍိုင်ပင် ဖြစ်သည်။ အမျိုးအစားအားဖြင့်(၁)လေးဆယ်တော် သွေးသောက်စု၊ (၂) ငါးဆယ်တော် သွေးသောက်စု၊ (၃) အတွင်းသွေးသောက်စု၊ (၄)အပြင်သွေး သောက်စုနှင့် (၅) အပြင်သွေးသောက်လတ်စုတို့ဖြစ်သည်။ နိုင်ငံတော်လုံခြုံရေး၊ တပ်မတော် တောင့်တင်းခိုင်မာရေးတို့ကို စနစ်တကျစီမံပြီးသောအခါ အရှေ့ဘက်၊ အရှေ့တောင်ဘက်နှင့် အနောက်မြောက်ဘက်တို့သို့ ပဒေသရာဇ် နယ်ပယ်ချဲ့ထွင်ရေးစစ်များကို ဆင်နွှဲခဲ့သည်။

ဤတွင် မိမိတို့က ကျူးကျော်တိုက်ခိုက်အောင်မြင်ခဲ့သည်တို့ထက် မိမိတို့နိုင်ငံ

အား ကြီးမားလှသောအလုံးအရင်းဖြင့် ကျူးကျော်လာခဲ့သူ မန်ချူးတရုတ်တို့ကို လေးကြိမ်တိုင်တိုင် အောင်မြင်စွာတွန်းလှန်နိုင်ခဲ့သည့် တပ်မတော်၏စွမ်းရည်ကိုကား သမိုင်းကြောင်းပေါ်ရုံ တင်ပြဆွေးနွေးလိုပါသည်။

## မန်ချူးတရုတ် ကျူးကျော်စစ်

မြန်မာနိုင်ငံသို့ မန်ချူးတရုတ်တို့ ကျူးကျော်ရန်ဖြစ်လာသော လတ်တလော အကြောင်းနှစ်ရပ်ရှိသည်။ ၁၇၆၄ ခုနှစ်က တရုတ်ကုန်သည်လောလီသည် နံဘာရှာ အထက် တာပိန်မြစ်ကိုဖြတ်၍ တံတားဆောက်လိုကြောင်း ဗန်းမော်မြို့ဝန်ထံ ခွင့်တောင်းခဲ့သည်။ ဗန်းမော်မြို့ဝန်က ဘုရင့်အမိန့်တော်ရရှိမှသာ ခွင့်ပြုနိုင်မည်ဟု ရှင်းလင်းပြသည်ကို မချေမငံပြန်လည်ပြောဆိုခဲ့သည်။

ယင်းသည် ကုန်သည်အဆောင်အယောင်ထက် မသင်္ကာဖွယ်ရာများ တွေ့ရှိသောကြောင့် ဗန်းမော်မြို့ဝန်က ဖမ်းဆီးကာ နေပြည်တော်သို့ပို့ခဲ့သည်။ နေပြည်တော်မှ စစ်ဆေးပြီးနောက် တံတားဆောက်ခွင့်ပြုခဲ့သည်။ သို့သော် ယင်းသည် တံတား မဆောက်ခဲ့။ ထားသည့်ကုန်များ ပျောက်ဆုံးပါကြောင်းနှင့် စစ်ကဲတို့ထံတိုင်ခဲ့သည်။ ယူနန်ဘုရင်ခံအားလည်း ဗန်းမော်တွင် ကောင်းရောင်းကောင်းဝယ်လုပ်၍မရကြောင်း နှင့် တိုင်ကြားခဲ့သည်။

အခြားအကြောင်းတစ်ရပ်မှာ ကျိုင်းတုံမြို့မြောက်ကွပ်သွားကြီးဈေးတွင် တရုတ်ကုန်သည် လောတာရည်နှင့် မြန်မာတိုင်းရင်းသားတို့ အကြွေးကိစ္စနှင့်ပတ်သက်၍ ရိုက်နှက်ထိုးခုတ်ကြရာ တရုတ်တို့ဘက်၌ အသေအပျောက်ရှိခဲ့သည်။ ထိုကိစ္စတွင် မြန်မာတို့ တရားထုံးစံမဟုတ်သည့် တောင်းဆိုချက်များကို တရုတ်တို့က တောင်းဆိုခဲ့ ကြသည်။

မြန်မာတို့က မလိုက်လျောသောအခါ လောတာရည်သည် မိုင်းဆည်သို့ပြန် သွား၍ ကျိုင်းတုံတွင် မြန်မာတို့က တရုတ်ကုန်သည်တို့ကိုသတ်ပါသည်။ ကောင်းရောင်း ကောင်းဝယ်ပြု၍မရပါဟု အကြီးအကဲတို့ထံ တိုင်ကြားခဲ့လေသည်။ ထိုအရေးအခင်း နှစ်ရပ်ကြောင့် မန်ချူးတရုတ်တပ်များ မြန်မာနိုင်ငံသို့ ကျူးကျော်လာခဲ့ခြင်း ဖြစ်သည်။

**ပထမစစ်**

မန်ချူးတရုတ်တပ်များကို ဦးစီးလာခဲ့သူမှာ ဗိုလ်ချုပ်လောတာရဲ(Liu-Te Ch'eng)၊ ဗိုလ်မှူးဟိုချုန်ချို(Ho-Chiung-Chao)နှင့် မင်ဟာအို(Ming-Hao)တို့ ဖြစ်လေသည်။ ယင်းတို့ တပ်များ ၁၇၆၅ ခုနှစ်တွင် ကျိုင်းတုံသို့ ချီတက်တိုက်ခိုက်ကြသည်။ မြို့တွင်းမှ မြန်မာစစ်ကဲကြီးနေမျိုးသတောင်တက်က ကြံ့ကြံ့ခံတိုက်ခိုက်ခဲ့သည်။

နေပြည်တော်မှ လက်ဝဲမင်းမှူး နေမျိုးစည်သူခေါင်းဆောင်သော တပ်ပေါင်း ၁၁ တပ်က ၂၇ ဒီဇင်ဘာ ၁၇၆၅တွင် ကျိုင်းတုံသို့ချီတက်ကာ တွင်းပြင်ညှပ်၍ တရုတ်တပ်များကို အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ မန်ချူးတရုတ်တပ်များ မခံမရပ်နိုင်၍ ဆုတ်ခွာကြရသည်။ မြန်မာတပ်များက မိမိတို့နိုင်ငံနယ်နိမိတ်အပြင် ဘက်ရောက်အောင် တိုက်ထုတ်ခဲ့သည်။ ဤစစ်ပွဲတွင် တရုတ်ဗိုလ်ကြီး ရည်တာလောရဲ ကျဆုံးခဲ့သည်။

**ဒုတိယစစ်**

ခရစ်နှစ် ၁၇၇၆ ခုနှစ်တွင် တရုတ်တပ်များ ချီလာပြန်သည်။ ချောင်ဟုန်ဖန် (Chao-ung-Pang)ဦးစီးသောတပ်က ဗန်းမော်ဈေးမြို့ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ကြသည်။ ဗိုလ်ချုပ်လီယူတဲချန်း (Lieu-Te-Chang)ခေါ် ရင်စုတာရည်က ကျိုင်းတုံသို့ ချီလာသည်။ ဗိုလ်ချုပ်ဝူအာတင်အီး (Wu-Erh-Teng-E)က သိန္နီကိုသိမ်း ပိုက်ရန်ချီလာသည်။ ဆဒုံးဘက်သို့လည်း ဆင်တာလောရဲခေါ် ဗိုလ်ချုပ်ချူလွန် (Chu-Liu) ဦးဆောင်သည့်တပ်များက ချီလာသည်။

ဝန်ကြီးမဟာစည်သူဦးဆောင်သော မြန်မာတပ်ပေါင်း ၂၂ တပ်တို့သည် အင်းဝမှ ကြည်းကြောင်း မိုးညှင်း၊ မိုးကောင်း၊ ခတ်ချို၊ ဝိုင်းမော်တို့သို့ချီခဲ့သည်။ လက်ဝဲဝင်းမှူး နေမျိုးစည်သူ ဦးဆောင်သော တပ်ပေါင်း ၁၀ တပ်က ရေကြောင်းဖြင့် ကောင်းတုံသို့ လှေများတွင် အမြောက်များတပ်ဆင်ကာ ချီခဲ့သည်။ ဝန်ကြီးမဟာသီဟသူရ နှင့်တပ်ပေါင်း ၂၀ တို့ကလည်း လူး ၁၂ ပန္နားကို သိမ်းရုံးပြီးနောက် သိန္နီသို့ ဦးတည်ချီခဲ့သည်။

တရုတ်တပ်များနှင့် ကောင်းတုံ၊ ဗန်းမော်၊ လီစောတောင်ကြားနှင့်သိန္နီတို့တွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ မြန်မာတပ်များသည် တရုတ်တပ်များကို အောင်မြင်စွာ

တိုက်ထုတ်နိုင်ခဲ့သည်။ ထိုဒုတိယစစ်တွင် တရုတ်တို့ရှုံးသဖြင့် မန်ချူးကေရာဇ်က ယူနန်ဘုရင်ခံယန်ယင်ချူ (Yang Ying Chu)၊ စစ်သေနာပတိ လီရှိရှင်း(LiShing)နှင့် ဗိုလ်ချုပ်များကို သေဒဏ်ပေးခဲ့လေသည်။

## တတိယစစ်

အာရှတိုက်အလယ်ပိုင်းတွင် အောင်ပွဲများရလျက် အလွန်ထင်ရှားသော စစ်သူကြီးမင်ဂွီ (Ming-Jui)သည် စစ်သည်သူရဲ ၁၂၀၀ ကျော်ကိုဦးစီးလျက် သိန္နီသို့ ၂၂ ဒီဇင်ဘာ ၁၇၆၇ တွင် စတင်ချီတက်လာသည်။

ဗိုလ်ချုပ် အာတင်အော (E-Erh-Teng)၏တပ်များသည် မိုင်းမောမှ ကောင်းတုံသို့ ချီတက်လာကြသည့် သတင်းကိုကြားသောအခါ မြေဒူးမင်းသည် ဝန်ကြီးမဟာစည်သူနှင့် တပ်ပေါင်း ၃၀ ကို ပင်မတပ်ထား၍ ဝန်ကြီးမဟာသီဟသူရနှင့် တပ်ပေါင်း ၂၀ ကို လက်ယာကြောင်း၊ လက်ဝဲဝင်းမှူး နေမျိုးစည်သူနှင့် တပ်ပေါင်း ၁၁ ကို လက်ဝဲကြောင်း ချီစေခဲ့သည်။

တရုတ်တပ်တို့မှာ စစ်ရေးရည်မှန်းချက် မပေါက်ခဲ့ရုံမျှမက အားအထားရဆုံးသော စစ်သူကြီး မင်ဂွီပါ ကျဆုံးခဲ့ရလေသည်။ အခြားဗိုလ်ချုပ်များဖြစ်သော ကိုယ်ရံတော်တပ်မှူး ချာလဖုံအာ(Cha-La-Feng-a)၊ ကွမ်ယင်ပေါ(Kuan-Yin-Pao) တို့လည်း ကျဆုံးခဲ့သည်။

## စတုတ္ထစစ်

မန်ချူးကေရာဇ် ချိန်လုံး(Chein-Lung)သည် မင်ဂွီကျဆုံးခဲ့သည်ကို သိရသောအခါ များစွာအမျက်ဒေါသထွက်ပြီး မြန်မာနိုင်ငံမြို့တော် အင်းဝကို သိမ်းပိုက်ရန်အတွက် ယူနန်နယ် စစ်သေနာပတိချုပ် ကုန်သူရဲခေါ် ဖူဟန်(Fu-Heng)ကို တာဝန်ပေးလိုက်သည်။ ယင်းနှင့်အတူ လက်ထောက်စစ်သေနာပတိချုပ်များအဖြစ် အာကုန်ရဲ ခေါ် အကွီ (A-kuei)နှင့် ယွန်းကုန်ရဲ ခေါ် အလီကွန်(A-Li-Kun) တို့ ပါလေသည်။ ထို့အပြင် ယူနန်နယ်ဘုရင်ခံချုပ် မင်းတေး (Min-Te)နှင့် တပ်ပေါင်း ဗိုလ်ချုပ်ကြီး ဟကိုဆင် (Ha-Kuo-Hsing)တို့လည်း ဦးစီးမှူးများအဖြစ် လိုက်ပါချီလာခဲ့ကြသည်။

အလီကွန်နှင့် စစ်သည်တစ်သောင်းကျော်တို့က ၁၇၆၉ ခု၊ ဩဂုတ် လ ၂၁ ရက်နေ့တွင် ဝိုင်းမော် ခတ်ချိုကြောင်း မိုးကောင်းကို ချီတက်သိမ်းပိုက်ခဲ့သည်။ အကွီဦးဆောင်သော စစ်သည်တစ်သောင်းကျော်ပါသည့် အခြားတပ်တစ်တပ်ကလည်း တစ်ပြိုင်နက်တည်းပင် ကောင်းတုံကို ချီတက်တိုက်ခိုက်လာခဲ့သည်။ တရုတ်တပ်များ မိုးကောင်းကို အလွယ်တကူသိမ်းပိုက်နိုင်ခဲ့သော်လည်း ဗလမင်းထင်ဦးစီးသော ကောင်းတုံကိုမူ အပြင်းအထန် တိုက်ခိုက်သော်လည်း အကျအဆုံးများစွာနှင့်သာ ဝိုင်းရံ၍ နေရလေသည်။

တရုတ်တပ်များချီလာကြောင်း နေပြည်တော်မှ သတင်းရသည်နှင့် တစ်ပြိုင်နက် အမြောက်ဝန် နေမျိုးသီဟသူဦးဆောင်သော တပ်ပေါင်း ၁၂ တပ်တို့ကို ကြည်းကြောင်း မိုးကောင်းသို့လည်းကောင်း၊ ဝန်ကြီးမဟာ သီဟသူရဦးဆောင်သော တပ်ပေါင်း ၅၀ ကို ရေဝတီကြောင်း ကောင်းတုံသို့လည်းကောင်း ချီတက်တိုက်ခိုက်စေသည်။ (မြစ်ကြီးနား)ကျွန်းပင်သာ၌ ရေဝတီမြစ်ကိုကူးရန်တံတားထိုးနေသော တရုတ်တပ်များကိုတိုက်ခိုက်ဖျက်ဆီးလျက် မြစ်ကိုမကူးနိုင်အောင် တားဆီးထားခဲ့သည်။

မဟာသီဟသူ၏ တပ်များကလည်း တရုတ်တပ်များကိုကုန်းကြောင်း၊ ရေကြောင်းတို့၌ ငါးကြိမ်တိုင်တိုင် အောင်မြင်စွာတိုက်ခိုက်ခဲ့သည်။ တရုတ်တို့မှာ စစ်ရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ရသောကြောင့် ၁၇၆၉ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် စစ်ပြေငြိမ်းရန် မြန်မာဗိုလ်ချုပ်သို့ စာလူ စေလွှတ် ကမ်းလှမ်းလာခဲ့ရသည်။ ထို့ကြောင့် ၁၇၆၉ ခု၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် နှစ်ဖက်အရာရှိများ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုကြသည်။

အင်အားကြီးမားလှသော မန်ချူးတရုတ်တပ်များကို လေးကြိမ်တိုင်တိုင် အောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ခြင်းသည် မြန်မာ့စစ်ရေး အထွတ်အထိပ် ရောက်လာခဲ့သည်၏ မငြင်းကွယ်နိုင်သော သမိုင်းသာဓကအထောက်အထားပင် ဖြစ်လေသည်။ ထိုစစ်တို့ကို ဦးဆောင်တိုက်ခိုက်ခဲ့ကြသည့် မြန်မာဗိုလ်ချုပ်၊ ဗိုလ်မှူး၊ စစ်ကဲတို့မှာ အလောင်းမင်းတရားကြီး နိုင်ငံစတင်ထူထောင်ခဲ့သည်မှ တစ်လျှောက်လုံး နိုင်ငံကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြသည်။ သို့ဖြစ်၍လည်း ယင်းတို့သည် သေနင်္ဗျူဟာတွင် ပိုင်နိုင်ကြခြင်းဖြစ်သည်။

အချုပ်ဆိုရသော် မြန်မာဗိုလ်မှူး ဗိုလ်ချုပ်တို့သည် တိုက်ခိုက်ရေးစွမ်းရည် ပြည့်ဝကြ၏။ ဦးဆောင်စီမံမှုကောင်း၏။ နည်းဗျူဟာကို မှန်ကန်စွာ အသုံးချတတ်၏။

တိုက်ရင်းစည်းရုံးလျက် ရန်သူကို အထီးကျန်ဖြစ်အောင် ပြုလုပ်နိုင်ခဲ့၏။ ထို့ကြောင့်လည်း မိမိထက်အင်အားကြီးမားသော ကျူးကျော်သူများကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပေသည်။

မြေဒူးမင်း နတ်ရွာစံသောအခါ မြန်မာနိုင်ငံသည် ငြိမ်းချမ်းသာယာဝပြောလျက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ရောက်နေပြီ ဖြစ်ပါသည်။ ဗဒုံမင်း နန်းတက်လာသောအခါ ယင်းသည် အင်္ဂလိပ်တို့ နယ်ချဲ့သိမ်းပိုက်ထားသော ဘင်္ဂလားနှင့်စပ်လျက်ရှိသည့် မညီမညွတ်ဖြစ်နေသော သွေးတူသားတူ ရခိုင်ပြည်နယ်ကို ပြည်မနှင့် ပေါင်းစည်းပေးခဲ့လေသည်။

နယ်ချဲ့အန္တရာယ်ကို ကြိုတင်တွက်ဆမိသော ဗဒုံမင်းသည် အရေးကြုံပါက စစ်ရေးစစ်ရာတွင် လွယ်ကူစေရန်ရည်ရွယ်လျက် ရခိုင်ပြည်နယ် အမ်းမှ မင်းဘူးသို့ တစ်ကြောင်း၊ ဆင်ဖြူကျွန်းသို့တစ်ကြောင်း ကုန်းလမ်းမကြီးနှစ်သွယ်ကို ဖောက်လုပ်ခဲ့သည်။ ဧညဝတီကိုလည်း နိုင်ငံတော်၏ အနောက်မျက်နှာစစ်ဌာနချုပ် ပြုလုပ်ခဲ့လေသည်။ အင်္ဂလိပ်တို့၏အန္တရာယ်ကို မြင်သဖြင့်လည်း တစ်ဖက်က နယ်နိမိတ်ကိစ္စများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးကြိုးပမ်းသကဲ့သို့ အခြားတစ်ဖက်မှလည်း နယ်ချဲ့၏ ရည်မှန်းချက်များကို နေ့ညဥ့်မပြတ် ထောက်လှမ်းစေခဲ့သည်။

ဤသို့လျှင် ကုန်းဘောင်ခေတ်ဦး မင်းများဖြစ်သော အလောင်းမင်းတရားကြီး၊ မြေဒူးမင်းနှင့် ဗဒုံမင်းတရားကြီးတို့၏ စစ်ရေးတည်ဆောက်မှုများကြောင့် ယနေ့ မြန်မာနိုင်ငံဟူသော နယ်နိမိတ်ကို ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဤကာလသည် ကုန်းဘောင်ခေတ် မြန်မာတို့ စစ်ရေးအထွတ်အထိပ်ရောက်သောကာလပင် ဖြစ်တော့သည်။

# အခန်း (၂)
# အုပ်ချုပ်ရေး

**ကုန်းဘောင်ခေတ် စစ်တမ်းများ**
**ကုန်းဘောင်ခေတ် အုပ်ချုပ်ရေး**
**မင်းတုန်းမင်း၏ ပြုပြင်ပြောင်းလဲရေးလုံးပန်းမှုများ**

# အခန်း ၂
# အုပ်ချုပ်ရေး

## ကုန်းဘောင်ခေတ်စစ်တမ်းများ

မြန်မာ့သမိုင်းတွင် ဗဒုံမင်း(၁၇၈၂–၁၈၁၉)လက်ထက် ကောက်ခံခဲ့သော စစ်တမ်းတို့နှင့်စပ်လျဉ်း၍ အချို့သောပညာရှင်တို့က အခွန်တော်စစ်တမ်းဟူ၍လည်းကောင်း၊ ''စီးပွားရေးစစ်တမ်း''ဟူ၍လည်းကောင်း၊ လူဦးရေစစ်တမ်းဟူ၍လည်းကောင်း အမျိုးမျိုးပြောဆိုသုံးနှုန်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဗဒုံမင်း၏ စစ်တမ်းများကို နှိုက်ချွတ်လေ့လာသောအခါ အထက်ပါအယူအဆတို့မှာ မှားယွင်းတိမ်းယိမ်းလျက် ရှိနေပါသည်။

စစ်တမ်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးသေးသော ကျောင်းသူ/ကျောင်းသားများနှင့် သမိုင်းလေ့လာနေသူများအဖို့ အထက်ဖော်ပြပါ အယူအဆ တို့သည် အမှန်ကဲ့သို့ စွဲမြဲသွားနိုင်ပေသည်။ သို့ဖြစ်၍ စစ်တမ်း၏သမိုင်းနှင့် စစ်တမ်းကောက်ခံသည့် အကြောင်းရင်းများကို ခေတ်ပြိုင်မှတ်တမ်းများ၊ အမိန့်တော်များမှ ထုတ်နုတ်လျက် ပြန်လည်တင်ပြဆွေးနွေးလိုပါသည်။

## စစ်တမ်းအစ

စစ်တမ်းများကို သာလွန်မင်းက စတင်ကောက်ခံသည်။ စစ်တမ်းကောက်ခံရခြင်းမှာ ညောင်ရမ်းမင်းလက်ထက်မှစ၍ ကျယ်ပြန့်စွာဖွံ့စည်းလာခဲ့သော အစုအင်းတို့ ရောထွေးယှက်တင်ခြင်းမရှိစေရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်လည်း အစဉ်အလာရိုးရာ ကြီးစိုးအုပ်ချုပ်မှုကို ခိုင်မြဲစေလို၍ဖြစ်ပါသည်။

ထို့အပြင် ရိုးရာဆက်ခံ အုပ်ချုပ်ရေးစနစ်ခိုင်မြဲလျှင် ''အယုတ်၊ အလတ်၊ အမြတ်'' ပိုင်းခြားမှုတည်တံ့လျက် ဗဟိုအုပ်ချုပ်ရေးယန္တရား ကောင်းစွာလည်ပတ်နိုင်မည်ဟူသော ယုံကြည်ချက်အခြေခံအကြောင်း ရှိသောကြောင့်လည်း ဖြစ်ပါသည်။ သို့သော်လည်း ထိုစစ်တမ်းတို့သည် ခရစ်နှစ် ၁၇၅၂ ခုတွင် ဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ကြောင့် အင်းဝနေပြည်တော်ကြီးနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ရလေသည်။ ထို့ကြောင့် စစ်တမ်းများပြန်လည်ကောက်ခံရေးသည် အလောင်းမင်းတရားကြီး အဝင်အပါ ကုန်းဘောင်မင်းတို့တာဝန်ကဲ့သို့ ဖြစ်လာခဲ့တော့သည်။

## မြေဒူးမင်း၏ စစ်တမ်းများ

အင်းဝနေပြည်တော်ကြီး တိမ်းယိမ်းပျက်စီးသွားသောအခါ ပရမ်းပတာဖြစ်နေသောနိုင်ငံတော်ကြီးကို အလောင်းမင်းတရားကြီးသည် ခရစ်နှစ် ၁၇၅၂ မှ ၁၇၆၀ တိုင် ယင်းနတ်ရွာစံသည်အထိ စစ်ရေး နိုင်ငံရေး စည်းရုံးမှုအားတို့ဖြင့် နိုင်ငံကို ပြန်လည်ထူထောင်ခဲ့ရသည်။ ယင်း၏ နိုင်ငံထူထောင်ရေးလုပ်ငန်း ပြီးလုဆဲဆဲ အခြေတကျမရှိသေးမီ ယင်းနတ်ရွာစံခဲ့ရသည်။ ထိုအခါ သားတော်ဒီပဲရင်းမင်း (၁၇၆၀–၆၃)က ဆက်လက်ကြိုးပမ်းရပြန်သည်။ သို့ဖြင့် စစ်တမ်းများ ပြန်လည်ကောက်ခံရေးကို မစနိုင်သေးဘဲ ရှိခဲ့ရသည်။ မြေဒူးမင်း(၁၇၆၃–၇၆) နန်းတက်လာသောအခါ နိုင်ငံသည် သူပုန်သူကန်တို့ရန် ကင်းရှင်းလျက် အခြေတကျဖြစ်နေလေပြီကိုတွေ့ရသည်။ ထိုအခါ ရိုးရာအုပ်ချုပ်ရေးတွင် အရေးအကြီးဆုံးဖြစ်သောစစ်တမ်းများကို စတင်ကောက်ခံလေတော့သည်။ ယင်း၏ စစ်တမ်းပုံစံကို သိရှိနိုင်ရန် ၁၇၆၅ ခု၊ အောက်တိုဘာလ ၂ ရက်နေ့တွင်ကောက်ခံခဲ့သော ပခုက္ကူမြို့နယ်၊ ရေမြောက်ရွာစစ်တမ်းကို ဖော်ပြလိုက်ပါသည်။

## 'ရေမြက်ရွာစစ်တမ်း'

*''သက္ကရာဇ် ၁၁၂၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့တွင် သူကြီးမ မိငြိမ်းမယ်သူမှာ နံ ၆၊ အသက် ၆၅၊ ၄င်းသူကြီး ငစံ၊ နံ ၅၊ အသက် ၃၇ သူတို့ကို စစ်မေးသော် ထွက်ဆိုသည်။*

*တောင်ပုံတန်းအဝင် ရေမြက်ရွာကို သူကြီးမ မိငြိမ်းမယ် သူမှာ ဘေးမ မိမြတ် စီရင်သည်။ မရှိလျှင်၊ ဘွားမ မိကုလား စီရင်သည်။ မရှိလျှင်၊ အမိ မိကောင်း စီရင်သည်။ မရှိလျှင်၊ ကျွန်တော်မ ၁၁၃၂ ခုနှစ်ကသည် ယခုတိုင်စီရင်ပါသည်။ ၄င်း ငစံမှာ၊ ဘေး ငထွေး စီရင်သည်။ မရှိလျှင်၊ ဘိုးညို စီရင်သည်။ မရှိလျှင်၊ ဘ ငရဲငုံ စီရင်သည်။ မရှိလျှင်၊ ကျွန်တော် ၁၁၂၅ ခုနှစ်ကသည် ယခုတိုင် စီရင်ပါသည်။*

*ရေမြက်ရွာအရှေ့ကို ၅၀၀ါတွင်းကွာ၊ မန်းကျည်းစုချောင်းအခြား၊ တစ်ဖက်၊ ဖလန်အိုမြေစပ်၊ အရှေ့တောင်ကို ၇၀၀ါတွင်းကွာ၊ ရွာကန်ကြီး လင်းတမြေအခြား၊ တစ်ဖက် ဖလန်အိုမြေစပ်၊ တောင်ကို ၅၀၀ါ တွင်းကွာ၊ မန်ကျည်းလက်ပယ်အခြား၊ ကူရွာမြေစပ်၊ အနောက်တောင်ကို ၅၀၀ါ တွင်းကွာ ရေတွက် ချောင်းအခြား၊ တစ်ဖက် ကူရွာမြေ သရက်ကန်မြေစပ်၊ အနောက်ကို ၂်(၂ တိုင်)ကွာ တန့်ကြည့်တောင်ရိုး ရေဝေအခြား၊ တစ်ဖက် ယောကျပျဉ်းချောင်းရွာမြေနှင့် ကျောကိုင်း၊ အနောက် မြောက်ကို ၅၀၀ါ တွင်းကွာ၊ ရေရှင်ချောင်းအခြား၊ တစ်ဖက် လက်ပြရွာမြေစပ်၊ မြောက်ကို ၃၀၀ါ တွင်းကွာ၊ ရေလာကုန်းအခြား၊ တစ်ဖက် ရေလာ ရွာမြေစပ်၊ အရှေ့မြောက်ကို ၇၀၀ါ တွင်းကွာ၊ လှည်းချောင်း သစ်ညိုပင်စည် အခြား၊ တစ်ဖက် ပုတီးတွင်းရွာမြေစပ်၊ နယ်ရှစ်ရပ် အရှေ့အနောက် ၂၅ ရာတွင်းကွာ၊ တောင်မြောက် ၃်(တိုင်)ခန့်ရှိပါသည်။*

*သည်နယ်ရပ်ကို သက္ကရာဇ် ၇၅၆ ခုနှစ်တွင်၊ မင်းကြီးစော်ကဲ လှူတော်မူသည့် ဝတ်မြေဖြစ်ပါသည်။ မြေဆီ မြေခွန်မှာ ၁၀၀် ရလျှင်၊ ၁၀်၊ လယ်မရှိပါ။ တောင်ယာပဲခင်းသာ လုပ်ရပါသည်။ အခွန်ရေးသူတို့ကို ရေးစား ၁်၊ တိုင်စား ၁်၊ အပိုအကဲမရှိပါ။ ဆိုင်ရာဝတ်သိမ်းတို့ကို ပေးခြင်ရပါသည်။ အပေါ်ဝန် အကောက်အစား တရားကွဲ့ဖိုးမှာ၊ စီရင်သူတစ်ဝက်၊ အရာတော် တစ်ဝက်ဆက်ရပါသည်။ ဆင်လဲ မြင်းမတ်၊ ကျွဲဝင် နွားဝင်မှာ ထိန်းသူ တစ်ဝက်၊ ကျွဲနွားသေလျှင်၊ အနံ့ဆင်ခုံ တင်သား လည်ချောင်းကို၊ သူကြီးတို့ကောက်စားရပါသည်။ ထန်းတစ်*

*တက်လျှင်၊ ငွေ ၁(၁မတ်)၊ တိုင်စား ရေးစား ၁(၁ ပဲ)၊ ဝတ်သိမ်းကျောင်း ကို ပေးချိန်ပါသည်။ ဥယျာဉ် အင်းအိုင်၊ ကျွန်ခေါင်း ကျွဲနွားမြီးမရှိ၊ ၉ ခုနှစ် အိမ် ၄၇ ထမ်းပါသည်''*

ထိုစစ်တမ်းကိုကြည့်လျှင် (၁) အရိုးဆက်ခံမှု၊ (၂) အုပ်ချုပ်ရေးနယ်အကျယ် နှင့်(၃) အခွန်ကောက်ခံရိုး၊ စားရိုးနှင့် တရားစီရင်ရိုးဟူ၍သာ တွေ့ရှိရပါသည်။ အိမ်ခြေလူဦးရေစာရင်းသော်လည်းကောင်း၊ အခွန်တော်စာရင်းသော်လည်းကောင်း၊ သို့မဟုတ် စီးပွားရေးဆိုင်ရာထွက်ရှိမှု၊ ထုတ်လုပ်မှုစာရင်းဂဏန်းတို့သော်လည်းကောင်း ပါဝင်ခြင်းမရှိခဲ့ပါ။

မြေဒူးမင်းသည် စစ်တမ်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် မကောက်ခံ နိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် နယ်စပ်ရောင်းဝယ်ရေးတွင် အခင်းဖြစ်ခဲ့ရသည်ကို အကြောင်းပြု၍ တရုတ်တပ်များ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာရာက မြန်မာ တပ်များကလည်း ၂၇ ဒီဇင်ဘာ ၁၇၆၅ တွင် နယ်စပ်ဒေသများသို့ချီလျက် ပြန်လည် တွန်းလှန်တိုက်ခိုက်ခဲ့သဖြင့် ပေါ်ထွန်းလာခဲ့သော နှစ်နိုင်ငံစစ်ကြောင့် ဖြစ်ပါသည်။

ထိုမှအစပြုလျက် မြေဒူးမင်းသည် နတ်ရွာစံသည်တိုင် စစ်ရေးကိုသာ လုံးပန်းနေခဲ့ရ၍ စစ်တမ်းများ ဆက်လက်ကောက်ခံရေးလုပ်ငန်းသည် ခုနစ်နှစ်မျှစိုးစံ ခဲ့ရသော စဉ့်ကူးမင်းကိုလွန်လျက် ဗဒုံမင်း၏ပခုံးထက်သို့ ရောက်ရှိလာခဲ့တော့သည်။

## စစ်တမ်းကောက်ရန် ဆော်ဩသူ

ဗဒုံမင်းသည် ထီးနန်းအရိုက်အရာကို အတိုက်အခိုက်တို့ဖြင့် ရရှိလာခဲ့သူ ဖြစ်သည်။ ထိုသို့ရရှိပြီး နှစ်နှစ်မျှအကြာ နိုင်ငံရေးအသားကျလာသည်နှင့်တစ်ပြိုင်နက် ဗဒုံမင်း၏ ကျွန်ယုံအမတ်တစ်ဦးဖြစ်သော သရေသင်္ခယာက နိုင်ငံအုပ်ချုပ်ရာတွင် မည်သို့မည်ပုံ လုပ်ဆောင်သင့်ကြောင်းကို ၁၁၄၅ ခု၊ ဝါခေါင်လပြည့်ကျော် ၄ ရက် (၁၆ ဩဂုတ် ၁၇၈၃)နေ့တွင် စီကုံးပြီးသည့် သာဓိနပျို့ဖြင့် ''ရွှေနားတော်ကြား၊ ညွတ်တွားကြည်လင်၊ ပန်ဆက်တင်''ခဲ့လေသည်။ ထိုတွင် စစ်တမ်းများကောက်ပါဟူ၍ ဤသို့လျှင် လျှောက်ထားခဲ့သည်။

*''ဝတ္ထုကံမြေ၊ ပုံသေခြားနား၊ မင်းမြေများနှင့်၊ လုပ်စားထိုင်နေ၊ မြေသေ မြေရှင်၊ အဝင်အထွက်၊ ထင်ပြက်ပြက်တည့်။ ကျောက်ထက်အက္ခရာ၊ မှတ်စာ*

*သမိုင်း၊ ပါသည့်တိုင်းလျှင်၊ သံပိုင်းအညီ၊ ထုံးစံ မီသား၊ စချီစမာ၊ မြို့ရွာလွှမ်းမိုး၊ ပြည်စိုးသူကြီး၊ မြင်းစီးချုပ်ကိုင်၊ မြေတိုင်စမြင်၊ ယင်းတွင်ထိန်းအုပ်၊ မငုပ်မတိမ်၊ နိမိတ်သိမ်ဖြင့်၊ ငြိမ်ငြိမ်သက်သက်၊ စည်းမပျက်အောင်၊ မယုက်မတင်၊ ငါပြုပြင်သို့၊ စီရင်ခန့်ထားကြကုန်လော့''*

ဤတွင် ဆိုလိုရင်းမှာ (၁)မင်းမြေနှင့် သာသနာမြေယာများကို အထောက် အထား အခိုင်အလုံပြုလျက် ခွဲခြားပါ၊ (၂)ကြီးရိုး စိုးရိုး၊ တိုင်ဆော်ရိုးတို့ကို စည်းအစဉ် မပျက်ရအောင် စစ်တမ်းများယူပါဟူ၍ဖြစ်ပါသည်။ ထိုဆော်ဩချက်ကိုလိုက်နာလျက်၊ ဗဒုံမင်းသည် ၁၁၄၅ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက် (၁၅ နိုဝင်ဘာ ၁၇၈၃)နေ့တွင်''တိုင်သူရင်း အစု အငန်း စစ်သိမ်း''ရမည်ဖြစ်ကြောင်း အမိန့်တော်ကို ထုတ်ပြန်ခဲ့ပါသည်။

## 'တိုင်သူရင်း အစု အငန်း စစ်သိမ်း အမိန့်တော်'

*''တိုင်သူရင်း အစုအငန်းစစ်သိမ်းဘက်စည်း ထမ်းရွက်စေရမည်မှာ ရှေး ဘေးလောင်းတော် ဘိုးလောင်းတော်တို့လက်ထက်ကပင် ပြည်သူအပေါင်းတို့ကို အသာအနာမျှ၍ ညီညွတ်စွာ ထမ်းရွက်စေခြင်းငှာ တိုင်သူရင်း အစုအငန်း စည်းရုံးပြီး လျှင် စည်းရုံးသန့်ပြန့်မိသမျှ အင်းစာရင်းကို သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အကျိုးစီးပွားတော်များ၍ သတ္တဝါတို့ချမ်းသာအောင် မစောင့်မရပ် သည် လူဆိုးလူသွမ်းတို့ အနှောင့်အယှက်ကင်းလွတ်စေခြင်းငှာ ထန်းရွက်မှာ ရေးတင်၍ အတွင်းရွှေတိုက်တော်တွင် အလုံအခြုံသော့ပနောက်နှင့် ထားသိုသိမ်းစေ ပြီးလျှင်၊ ပြည်သူတို့ အယှက်အတင်၊ အငြင်းအခုံ တစ်စုံတစ်ခု အမှုပွားများ(မှ)ထုံးစံ နှင့်အညီ ရွှေတိုက်စာတမ်းစာရင်းကို ထုတ်ကြည့်စေ၍ စာတမ်းစာရင်းထွက်ရာ အမှု ထိုက်သည့်အတိုင်း ဆုံးဖြတ်စီရင်ကြရမြဲဖြစ်သည်ကို ကာလဒေသအလျောက် ပြည်ရွာမငြိမ်မသက်ရှိရာတွင် ရွှေတိုက်စာတမ်းစာရင်း ဥပဒေပျက်၍ မသိမ်းမဆည်း ရ၊ အနှစ်သုံးဆယ်ကျော် ပြတ်လပ်သောကြောင့် ပြည်သူဆင်းရဲသားအပေါင်းတို့ မငြိမ်မသက် တရားတဘောင် အလုအဆို များပြားစွာရှိရခြင်းဖြစ်သည်။*

*ငါ့လက်ထက်တော် ရှေးထုံးစံရှိသည့်အတိုင်း မစည်းမရုံးရှိပြန်လျှင် သတ္တဝါ ကျွန်တော်မျိုးတို့သို့ရှေ့သို့ မငြိမ်မဝပ်နိုင်အောင် ရှိမည်ဖြစ်သောကြောင့်*

*သတ္တဝါ ကျွန်တော်မျိုးတို့ကို ငြိမ်ဝပ်စေခြင်းငှာတစ်ကြောင်း၊ ရှေးထုံးစံနှင့် ညီညွတ်စေခြင်း ငှာတစ်ကြောင်း၊ ပစ္စုပ္ပန်သံသရာ ဘဝနှစ်ပါး အကျိုးတော်များစေခြင်းငှာတစ်ကြောင်းကို ထောက်တော်မူ၍ တိုင်သူရင်း အစု အငန်း သိမ်းရုံးဘက်စည်းတော်မူမည် ကြံတော်မူခြင်းဖြစ်သည်။ အခြားအမှုများကဲ့သို့ ပေါ့လျော့လစ်ဟင်းစေရမည်မဟုတ်၊ ဘဝနှစ်ပါး အကျိုးတော်စီးပွားတော်များမည်အကြောင်း ပြည်သူတို့ကို ငြိမ်ဝပ်စေခြင်းငှာ အားထုတ်တော်မူသည့်အမှု ဖြစ်ပေသည်။*

*နေ့ညအမြဲနှလုံးသွင်း၍ ၄င်းအမှုကို ကြပ်မစီရင်ရသည့် ဝန်တို့နှင့် ဝန်ထောက်၊ စာရေးကြီး၊ လက်အောက်ရေး၊ အကြီးအကြပ် လူတို့ကို ကျေးဇူးသစ္စာတော်ဝမ်းတွင်ရှိသည့်အတိုင်း ဂတိလေးပါး၊ တံစိုးသုံးပါးသို့မလိုက်၊ စောင့်သိရိုသေစွာ နေ့လမရှည်ကြာစေရ၊ အလျင်ပြီးပြေအောင် စစ်ကြောသိမ်းရုံးဘွဲ့ဘက်ကြ စေရမည်။*

*ဝန်တို့လေးယောက်တွင် မဟာဓေယသကြ်န်၊ မဟာသီရိသကြ်န်တို့ နှစ်ယောက်ကို ဝန်တို့က ဘွဲ့ဘက်ရန် လျှောက်ချက်အတိုင်း လုံ့လအားထုတ်စစ်ကြောသိမ်းရုံးဘွဲ့ဘက်စီရင်စေ။*

*ထောက်ခံရေးသား ကြီးကြပ်မည့်သူများမှာလည်း ဝန်တို့က စာရင်းရုံထား ဆက်သွင်းသည့်အတိုင်းသင့်ပြီ။*

*သက္ကရာဇ် ၁၁၄၅ ခု၊ နတ်တော်လဆန်း ၈ ရက်နေ့(၁ ဒီဇင်ဘာ ၁၇၈၃) ၂ နေ့ နံနက် ၄ ချက်တီးကျော် တစ်နာရီ ၃ ပါဒ် ၁၀ ဗီဇနာ ၂ ပြန် ၄ ခရာပြည့်တွင် စာရင်းတော် စစစ်သိမ်းရမည် အခါတော်ရကြောင်းနှင့် ပညာရှိတစ်စုတို့က စာဆက်သွင်းသည့်အတိုင်း တိုင်သူရင်း အစု အငန်း ဘွဲ့ဘက်ရန် စစ်သိမ်းသည့်စာရင်းကို စ၍စစ်သိမ်းစေ။*

*ထုတ်ပြန်တော်မူသည့် အမိန့်တော်အတိုင်း မတည်၊ နေ့လ မရှည်တန်ရှည်ကြာ၍၊ ဆင်းရဲသားကျွန်တော်မျိုးတို့ မပင်မပန်းတန် ပင်ပန်းရသည်။ တံစိုးပဏ္ဏာစားယူကြသည်ကြားတော်မူရလျှင် နှစ်ခွန်းချေရမည် မမှတ်နှင့်။*

*သက္ကရာဇ် ၁၁၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့ (၁၅ နိုဝင်ဘာ ၁၇၈၃) နန်းမစနုဆောင်တွင် အမိန့်တော်ကို ၄င်း ၉ ရက်နေ့ညတွင်ပြန်"*

အမိန့်တော်၏ဆိုလိုရင်းမှာ တိုင်သူရင်း၊ အစုအငန်း၊ သိမ်းဘွဲ့ (စစ်တမ်း) ကောက်ခံ ခြင်းသည် (၁) ပြည်သူတို့ အမှုတော်ကို သာနာညီမျှစွာ ထမ်းရွက်နိုင်ရေး၊

(၂) ရိုးရာ လုဆိုမှု ဖြစ်ပွားပေါ်ပေါက်ခဲ့လျှင် ရွှေတိုက်တော်ရှိ စစ်တမ်းတို့ဖြင့် တိုက်ဆိုင်ဆုံးဖြတ်နိုင်ရေးအတွက် ရည်ရွယ်ရင်းဖြစ်ကြောင်း သိရပါသည်။

## စစ်တမ်း စတင်ကောက်ခံခြင်း

ဗဒုံမင်းသည် စစ်တမ်းများစတင်ကောက်ခံရမည့်နေ့ရက်အချိန်ကို ၁၁၄၅ ခု၊ နတ်တော် လဆန်း ၈ ရက်နေ့ နံနက် ၄ ချက်တီးကျော် ၁ နာရီ ၃ ပါဒ် ၁၀ ဗီဇနာ ၂ ပြန် ၄ ခရာပြည့် (၂ ဒီဇင်ဘာ ၁၇၈၃)ဟုသတ်မှတ်ခဲ့သည်။ ယင်းသတ်မှတ်ချက်အတိုင်း တစ်နိုင်ငံလုံးတွင် စတင်ကောက်ခံခဲ့ရာ ငွေခွန်မှူး၊ စချီ၊ စစ်သား၊ ဆင်မှူး၊ ဆည်ကြီး၊ ဆည်ဆော်၊ တန်းခေါင်း၊ ထောင်မှူး၊ ပြည်စိုး၊ မြေတိုင်၊ မြင်းစီး၊ ရွှေမှူး၊ သူကြီး၊ သံမှူး၊ သွေးသောက်ကြီးစသည် ရိုးရာအကြီးအကဲတို့က စစ်တမ်းများဆက်သွင်းခဲ့ကြသည်။ ဗဒုံမင်း၏ စစ်တမ်းသဘောသဘာဝများကို သိရှိနိုင်ရန် မြင်းခြံမြို့နယ်မှ ရှားတောရွာ ၄၅ ခု စစ်တမ်းကို ပုံစံအဖြစ် ဖော်ပြအပ်ပါသည်။

### 'ရှားတောရွာ ၄၅ ခု စစ်တမ်း'

*''၁၁၄၅ ခု၊ နတ်တော်လဆန်း ၈ ရက် (၂ ဒီဇင်ဘာ ၁၇၈၃)နေ့ တလုတ်မြို့ကျေး၊ တောင်လက် ဝတ်ကြီးမြေတိုင်မ မိဇင်စံပြုသား သူရိန်ကျော်စွာ နံ ၂၊ အသက် ၃၃ သူကိုမေးသော် ဆိုသည်။*

*ဝတ်ကြီးမြေကို၊ ကျွန်တော်မ မိဇင်စံပြု ဘွားမ မိဖုညိန် တိုင်ဆော်စီရင်သည်။ မရှိလျှင်၊ မိဖုယွန် တိုင်ဆော်စီရင်သည်။ မရှိလျှင်၊ မိဇင်စံပြု တိုင်ဆော်စီရင်သည်။ မိဇင်စံပြု အိုမစွမ်းလျှင် သား ကျွန်တော် သူရိန်ကျော်စွာ ဆက်ခံတိုင်ဆော်စီရင်သည်။*

*ဝတ်တော်ကြီးမြေနယ် အရှေ့ကိုလားသော် ရှားပင်ကြီး၊ သစ်စည်အခြား၊ တစ်ဖက် ရန်အောင်မြင်ဘုရားဝတ်မြေနှင့်ကျောခိုင်း၊ တောင်အလားစွန်ဖြူမော်ထိ၊ တစ်ဖက် ရွာစည် ရွာမြေနှင့်ကျောခိုင်း၊ အနောက်ကိုလားသော် လက်ပံပင်ကြီး အခြား၊ တစ်ဖက်ဆင်တဲ တဆောင်ကျောင်းမြေနှင့်ကျောခိုင်း၊ မြောက်အလား၊ အုတ်ဖိုကန်နား မန်ကျည်းပင်ထိ၊ တစ်ဖက် စမ္ဗရာ ဘုရားရှင် ဝတ်မြေ၊ ပြောင်းပြာရွာမြေနှင့်ကျောခိုင်း၊ နယ်ရပ်အတွင်းမြေသည် ရွှေစည်းခုံဘုရား ဝတ်မြေဖြစ်ပါသည်။*

*၄င်းနယ်အတွင်း သပြေပင်ရွာ၊ ရှားတောရွာ၊ ကွက်မှတ်နေထိုင်ကြသည်။*

*သပြေပင်ရွာမှာ သူကြီးရိုးရာမရှိ၊ ငယ်သားသဘော တူရာခေါင်လုပ်၍၊ တိုင်စာရင်း မင်းမှုကိုဆောင်ရွက်သည်။ ရှားတောရွာမှာ ကျွန်းမြေတိုင်ကအုပ်ချုပ်၍ တိုင်စာရင်း မင်းမှုကို ဆောင်ရွက်ရသည်။ ရှားတော သပြေပင်မှစ၍ နယ် ၄ ရပ်အတွင်း တရားစကားများကို တစ်ဝတည်း ထိန်းသိမ်းစီရင်ရပါသည်။*

*လယ်မြေကိုင်းမြေနုန်းပို့သဲတင်ပေါ်ထွန်းသည် ကျွန်းတော်မှာပုဂံစစ်သား တို့နှင့်ကျွန်တော်က၊ လုပ်သားတို့ကို သံကြိုးနှင့်တိုင်းတာချပေးရပါသည်။ လယ်ခွန်၊ ကိုင်းခွန်မှာ လုပ်သား ၁၀၀ ရလျှင် ခွန်မ ၁၀်၊ ပို ၁်၊ ကဲ ၁၊ တိုင်စား ၂ ၂၊ ရေးစား ၁် ၁၊ သိမ်းခံ၍ ခွန်မ၊ အပိုအကဲရေးစားများကို၊ ပုဂံစစ်သားတို့ကို သွင်းပေးရပါသည်။ တိုင်းစားမှာ မြေတိုင်စားရပါသည်။ ကောက်လှိုင်းတိုက်လျှင်၊ လှည်းတစ်စီးကို ဦး ၁၊ မြေတိုင်က ကောက်စားရပါသည်။ ဆေးကိုင်းခွန်မှာ တစ်တည်ကို(ဆေး ၁)ကောက်စားရပါသည်။ အင်းပေါ်ထွန်းလျှင် ငါးလုပ်သူတို့ကို မြေတိုင်က အဖိုးဖြတ်၍ချရပါသည်။ ရသည့်အဖိုးကို ပုဂံစစ်သားတစ်ဝက် ကျွန်တော် (မြေတိုင်)တစ်ဝက် စားရပါသည်။*

*ကျွဲဝင်၊ နွားဝင်၊ မြင်းဝန်၊ အပေါ်ဝန်၊ တရားစကားများကို ကျွန်တော် (မြေတိုင်)ကစီရင်ထိန်းသိမ်း၍ တစ်ဝက်ကို ပုဂံစစ်သားမှာပေးရပါသည်။ တစ်ဝက်ကို စီရင်ထိန်းသိမ်းသူ မြေတိုင်စားရပါသည်။*

*ဆိပ်မှာ ကုန်လှေ၊ လှည်း ဆိုက်ရောက်လျှင်၊ လှည်းဦး လှေဦးဆိုက်ငွေ ၁ံ ကောက်ရိုး၊ ပွဲမှာငွေ ၁၀ ကျပ်ဖိုးရောင်းဝယ်လျှင် တစ်ဖက် ၁ူး (တစ်မူး)စီ ကောက်ရိုး၊ ကျွန်ခေါင်း ငွေ ၁ံ၊ ကျွဲခေါင်း ၁ံ၊ ကျွဲမြီး ၁ူး၊ နွားမြီး ၁ ကောက်ခံ၍ ပွဲ၊ ဆိပ်များကို ပုဂံစစ်သား တစ်ဝက်၊ ကျွန်တော်တစ်ဝက် စားရပါသည်။*

*ကျွန်တော်စီရင်၍ မပြီးသည် တရား၊ ခိုးသေးမီးပွား၊ ရာဇဝတ်တော်နှင့် စပ်သည် အမှုကို၊ မြို့ရုံးသို့အပ်ရပါသည်။ ကျွဲနွားသေလျှင် အနံ့တင်သား ကောက်စားရပါသည်။ တိုင်စာရင်း မင်းမှုမြို့သူကြီးတို့ အခန့်အထားကိုခံ၍ ထမ်းရွက်ရပါသည်’’*

အထက်ပါ ရှားတောရွာစစ်တမ်းကို၊ ၁၇၆၅ ခုနှစ်က မြေဒူးမင်း ကောက်ခံခဲ့ သောစစ်တမ်းများနှင့် နှိုင်းယှဉ်ကြည့်သောအခါ တစ်ပုံစံတည်းဖြစ်သည်ကို တွေ့ရသည်။ (၁)အရိုးဆက်ခံပုံ၊ (၂)နယ်မြေအကျယ်အဝန်းနှင့် (၃)ကောက်ရိုး၊ စားရိုး၊ စီရင်ရိုးဟူ၍

ဖြစ်သည်။ လူဦးရေစာရင်း၊ စီးပွားရေးစာရင်းနှင့် အခွန်တော်စာရင်းဇယားများမပါရှိပေ။ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်တွင် အခရာဖြစ်သော အရိုးဆက်ခံရေးအတွက်သာ ပဓာနပြုလျက် ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေသည်။ ထိုစစ်တမ်းတို့ကို မဏ္ဍိုင်ပြုလျက် နောက်ပိုင်း ကုန်းဘောင်မင်းတို့အုပ်ချုပ်ခဲ့ပုံကို ယင်းတို့လက်ထက် ထုတ်ပြန်ခဲ့သော အမိန့်တော်များအရ အထင်အရှား သိရှိရပေသည်။ (ထိုအကြောင်းကို ကျယ်လွန်းမည်စိုး၍ မဖော်ပြတော့ပါ။)

အချုပ်ဆိုရသော် ဗဒုံမင်း၏စစ်တမ်းများသည် စီးပွားရေးအတွက်သော် လည်းကောင်း၊ အခွန်တော်အတွက်သော်လည်းကောင်း ကောက်ခံခဲ့ခြင်းမဟုတ်ပါ။ မုတ္တမစစ်တမ်းကဲ့သို့ လူနေအိမ်ခြေဖော်ပြသော စစ်တမ်းအချို့၊ ရမ္မာဝတီ(ရမ်းဗြဲ)စစ်တမ်း ကဲ့သို့ အခွန်တော်ကောက်ခံရရှိသော စာရင်းဇယားဖော်ပြသည့် စစ်တမ်းအချို့ ရှိကောင်းရှိနိုင်သော်လည်း၊ ယင်းတို့မှုဖြင့် တစ်နိုင်ငံလုံး၏ လူဦးရေ၊ အခွန်တော်နှင့် စီးပွားရေးကိန်းဂဏန်းများကို ဖော်ပြနိုင်ခြင်းမရှိပါ။ အများစုစစ်တမ်းတို့မှာ သာသနာ့မြေ နှင့် အရိုးဆက်ခံမှု သိရှိနိုင်ရေးသာ ပဓာနဖြစ်ပါသည်။ (စလင်းနယ်စစ်တမ်းများ၊ တောင်တွင်းကြီးနယ်စစ်တမ်းများနှင့် ပင်းယစစ်တမ်းများကြည့်) ထို့ကြောင့် ဗဒုံမင်း၏ စစ်တမ်းများကို ''အရိုးစစ်တမ်း''ဟူ၍သာ ခေါ်နိုင်ကောင်းအံ့ထင်ပါသည်။

## ကုန်းဘောင်ခေတ်အုပ်ချုပ်ရေး

ကုန်းဘောင်ခေတ် မြန်မာ့အုပ်ချုပ်ရေးစနစ်တွင် မင်းဧကရာဇ်သည် နိုင်ငံ၏ အာဏာတည်ရာ အထွတ်အထိပ်ဖြစ်၏။ ''ရေမြေသနင်း၊ပြည့်ရှင်မင်း''ဟူသော စကားအရလည်းကောင်း၊ ''အာဒိစ္စဝံသ၊ အသမ္ဘိန္န ခတ္တိယ သကျသာကီယ''ဟူသော စကားများအရလည်းကောင်း၊ မင်းသည် ပြည်သူနှင့် လုံးဝခြားနားသော အတန်းစား ဖြစ်၍ ''သက်ဦးဆံပိုင်''သဘောရှိသည်ကို တွေ့ရှိရသည်။

သို့သော်လည်း အကယ်၍ မင်းသည် ကျင့်အပ်သောတရားများကို မမေ့ မလျော့ ပွားများသည်ဖြစ်မူ ''သက်ဦးဆံပိုင်''ဟု သတ်မှတ်ရန် ခဲယဉ်းပေသည်။ မင်းတို့၏ မမေ့မလျော့ ပွားများအပ်သော အပ္ပမာဒတရားတို့တွင် သင်္ဂဟတရား လေးပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ မင်းကျင့်တရားဆယ်ပါး စသည်တို့ ဖြစ်ပါသည်။ ဤတွင် ထိုတရားစုတို့ကို ဖော်ပြရန်လိုပါမည်။

## သင်္ဂဟတရား လေးပါးမှာ

၁။ ညှိနှိုင်းပြဌာန်းဥပဒေအတိုင်း အခွန်ကောက်ခံခြင်း
၂။ အမှုထမ်း ရဲမက်တို့အား စားသုံးလောက်အောင် ပေးကမ်းခြင်း
၃။ ပြည်သူတို့၏ အကျိုးစီးပွားကို စောင့်ရှောက်ပေးကမ်းခြင်း နှင့်
၄။ ချစ်ဖွယ်သော စကားတို့ကိုဆိုခြင်း
တို့ဖြစ်သည်။

## အပရိဟာနိယတရား ခုနစ်ပါးစုဌ

၁။ နိုင်ငံအရေးကိုတစ်နေ့သုံးကြိမ် အညီအညွတ်စုရုံးဆွေးနွေးခြင်း
၂။ အညီအညွတ်ဆောင်ရွက်ခြင်း
၃။ ရှေးထုံးတရားနှင့်အညီ ဆုံးဖြတ်ခြင်း
၄။ ပညာရှိတို့စကားကိုလိုက်နာခြင်း
၅။ အမျိုးသမီးတို့ကို အနိုင်အထက် မသိမ်းယူခြင်း
၆။ နတ်ပူဇော်ခြင်းနှင့်
၇။ ရဟန်းသူတော်ကောင်းတို့ကို ပစ္စည်းလေးပါး ထောက်ပံ့ခြင်း
တို့ဖြစ်လေသည်။

## မင်းကျင့်တရား ဆယ်ပါး၌မှု

၁။ အလှူပေးခြင်း
၂။ သီလဆောက်တည်ခြင်း
၃။ စွန့်ကြဲပေးကမ်းခြင်း
၄။ ဖြောင့်မတ်ခြင်း
၅။ နူးညံ့ခြင်း
၆။ မြိုးမြံခြင်း၊ ဥပုသ်စောင့်ထိန်းခြင်း
၇။ အမျက်မထွက်ခြင်း
၈။ မညှင်းဆဲခြင်း
၉။ သည်းခံခြင်း နှင့်
၁၀။ ပြည်သူနှင့်မဆန့်ကျင်ခြင်း

တို့ပါလေသည်။ ဖော်ပြခဲ့သည့်တရားတို့ကို မချိုးမဖောက်ကျင့်မှု မင်းသည် သက်ဦးဆံပိုင် မင်းဆိုးမင်းညစ်ဖြစ်ရန် အကြောင်းမရှိချေ။ သို့သော်လည်း မြန်မာမင်းတို့သည် လိုက်နာလိုသမျှကိုသာ အခါအားလျော်စွာ လိုက်နာခဲ့ကြသောကြောင့် ချို၍ဆိုရသော် သက်ဦးဆံပိုင်စနစ်သာ ပုံပေါ်ခဲ့ပါသည်။

နိုင်ငံ၏နယ်မြေ ကျယ်ဝန်းလာသည်နှင့်အမျှ အုပ်ချုပ်ရေးယန္တရားလည်း ကျယ်ပြန့်လာရမြဲဖြစ်ပေသည်။ သို့ဖြစ်ရာ မင်းဧကရာဇ်၏ အုပ်ချုပ်ရေး၌ ကူညီရန် ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်မှအစ များပြားလှသော အရာရှိအမှုထမ်းများနှင့် အုပ်ချုပ်ရေးဌာနများကို ခန့်ခွဲဖွဲ့စည်းထားရှိသည်။ အုပ်ချုပ်ရေးဌာနများမှာ လွှတ်ရုံးငါးရပ်ဟူ၍ ထင်ရှားခဲ့၏။

**ယင်းတို့မှာ**

၁။ လွှတ်တော်

၂။ ဗြဲတိုက်

၃။ ရှေ့ရုံး

၄။ နောက်ရုံး နှင့်

၅။ တရားရုံး

တို့ဖြစ်လေသည်။

သီပေါမင်းနန်းကျသည့်ကာလတိုင် ဤလွှတ်ရုံးငါးရပ်ဖြင့် နိုင်ငံကို စီမံအုပ်ချုပ်ခဲ့သည်။ လွှတ်ရုံးငါးရပ်အပြင်၌မူ နယ်မြေဆိုင်ရာ ရိုးရာအုပ်ချုပ်ရေးများရှိသည်။ ထို့ကြောင့် မြန်မာ့အုပ်ချုပ်ရေးတွင် မင်းဧကရာဇ်ကခန့်ထားသော နိုင်ငံရေးရာထူးနှင့် သားစဉ်မြေးဆက်ဆင်းသက်ရရှိသော ရိုးရာရာထူးများဟူ၍ ကွဲပြားသည်ကို တွေ့ရသည်။ ရိုးရာအုပ်ချုပ်ရေးစနစ်သည် နေပြည်တော်ရာဇဌာနအပြင်၊ အဝေးမြို့ရွာနယ်ပယ်ဒေသတို့၌ ထွန်းကားသောကြောင့် ထိုကာလ၏ အုပ်ချုပ်ရေးကိုလည်း (၁)ရာဇဌာနီအုပ်ချုပ်ရေးနှင့် (၂)အဝေးမြို့ရွာအုပ်ချုပ်ရေးဟူ၍ ခွဲခြားလေ့လာနိုင်ပေသည်။

မင်းဧကရာဇ်သည် နိုင်ငံကိုအုပ်ချုပ်ရာ၌ ရံဖန်ရံခါ လွှတ်တော်သို့ ကိုယ်တော်တိုင်တက်၍ အမှုအခင်းများကို ကြားနာဆုံးဖြတ်လေသည်။ အခြားအချိန်တို့၌မူ အိမ်ရှေ့မင်းက လည်းကောင်း၊ သို့မဟုတ် လွှတ်တော်တက်ရန် ရွေးချယ်ခြင်းခံရသော မင်းသားတစ်ပါးကသော်လည်းကောင်း သို့မဟုတ် တစ်ပါးထက်ပိုသော မင်းသားတို့က သော်လည်းကောင်း လွှတ်တော်တက်၍ ဝန်ကြီးများနှင့် စုံညီဆုံးဖြတ် ခန့်ခွဲကြလေသည်။

## လွှတ်တော်သို့ တက်ရောက်ကြရသော အရာရှိကြီးတို့မှာ

| | |
|---|---|
| ဝန်ကြီး | ၄ ဦး |
| မြင်းစုဝန်ကြီး | ၁ ဦး |
| အသည်ဝန် | ၁ ဦး |
| မြေတိုင်အမတ် | ၁ ဦး |
| ဝန်ထောက် | ၄ ဦး |
| နားခံတော် | ၄ ဦး |
| စာရေးတော်ကြီး | ၄ ဦး |
| မြင်းစာရေးကြီး | ၂ ဦး |
| အမိန့်တော်ရေး | ၄ ဦး |
| အမှာတော်ရေး | ၄ ဦး |
| အသုံးစာရေး | ၄ ဦး |
| အဝေးရောက် | ၄ ဦး |
| မြန်မာသံခံ | ၄ ဦး |
| ရှမ်းသံခ | ၄ ဦး |
| ယွန်းသံခံ | ၄ ဦး |
| ကသည်းစာပြန် | ၁ ဦး |
| တရုတ်စာပြန် | ၁ ဦး |
| အသည်စာရေး | ၄ ဦး |
| အမိန့်တော်ရ | ၄ ဦး |
| သစ္စာတော်ရေး | ၁ ဦး |
| ပြောနေရာချ သွေးသောက်ကြီး | ၁ ဦး |
| လွှတ်စောင့် သွေးသောက်ကြီး | ၁ ဦး |
| လက်နက်တိုက်ဝန် | ၁ ဦး |
| လက်နက်တိုက်စိုး | ၂ ဦး |
| ကသောင်းမြောင်တိုက်စိုး | ၁ ဦး |
| ကသောင်းမြောင်တိုက်စာရေး | ၁ ဦး |
| လက်ဆောင်ယူတိုက်စိုး | ၁ ဦး |

လက်ဆောင်ယူတိုက်စာရေး ၁ ဦး

အသီးသီး ပါဝင်ကြလေသည်။

လွှတ်တော်၏ သီးသန့်ထိန်းချုပ်မှုအောက်တွင် အုပ်ချုပ်ရေးဌာနခွဲ အများပင်ရှိသည်။ ဤတွင် အစဉ်အလာနားလည်မှုအရ မင်းကေရာဇ်က ဝင်မစွက်နိုင်သော ဌာနများရှိပေသည်။ ယင်းတို့တွင် ၁။ကသောင်း မြောင်တိုက်နှင့် ၂။လက်နက်တိုက်တို့ ပါရှိသည်။ ကသောင်းမြောင်တိုက်မှာ ပြည်သူတို့ထံမှ ကောက်ခံရရှိသောအခွန်တော်များ သိမ်းဆည်းရာတိုက်ဖြစ်၏။ နေပြည်တော်နှင့် အခြားမြို့ကြီးတို့၌ ထိုတိုက်များထားရှိလေသည်။ ရွှေနန်းသုံးဝေါဟာရအဘိဓာန် ကျမ်းပြုဆရာ ဦးမောင်မောင်တင်၏ ဖွင့်ဆိုချက်အရမူ

*'ဝတ်မြေနှင့်ဆိုင်သော ၂၄ ဌာန ပါ–မပါ၊ ကျောင်းဘုရားဝတ်မိုး ဝတ်မြေက ကောက်ခံရသောဝတုကံ အခွန်အတုတ်များကို ကေရာဇ်မင်းမြတ်၏ ဘဏ္ဍာတော်နှင့်မရောမယှက်စေရ၊ သီးခြားသိမ်းထားရာဌာနဟု သိရှိရပေသည်'*

လက်နက်တိုက်ကား အနီးလက်နက်တိုက်၊ အဝေးလက်နက်တိုက်ဟူ၍ ခွဲခြားထားသည်။ အနီးလက်နက်တိုက်တွင် အတွင်းတိုက် အပြင်တိုက်ဟူ၍ရှိရာ ယင်းတို့ကို ပြဲတိုက်က တစ်လုံးတစ်ဝတည်း အုပ်ချုပ်၍အပြင် တိုက်ကိုမူ လွှတ်တော်က အုပ်ချုပ်စီမံလေသည်။

လွှတ်တော်အရာရှိများသည် သီတင်းနေ့မှတစ်ပါး နေ့စဉ် နှစ်ကြိမ် လွှတ်တက်ကြရသည်။ နံနက်ပိုင်း မင်းကေရာဇ်၏ ရှေ့မှောက်သို့ ညီလာခံမဝင်မီ လွှတ်တော်၏မြောက်နှာရောင်၌စုဝေးစဉ် တရားရာဇဝတ်မှုမဟုတ်သော လျှောက်လွှာအသေးအဖွဲ့များကို လက်ခံကြရသည်။ တရားရာဇဝတ်မှု ဆိုင်ရာများကိုမူ နေ့လယ်လွှတ်တက်ချိန်မှ လက်ခံစစ်ဆေးဆုံးဖြတ်သည်။ လွှတ်တော်အခင်းအကျင်းနှင့် လုပ်ဆောင်မြဲဝတ္တရားတို့ကို ဗဒုံမင်း၏ ၄ နိုဝင်ဘာ ၁၇၈၆ နေ့ ပြန်တမ်းအမိန့်တော်၌ အောက်ပါအတိုင်းတွေ့ရှိရသည်။

*''လွှတ်တော် ရုံးတော်တက်သက်စီရင်သည့် မျူးတော်မတ်တော်တို့မှာ နေ့တစ်ချက်တီးလျှင် ဆိုင်ရာလွှတ်တော်ရုံးတော်သို့တက်၍ စီရင်ခင်း စီရင်ဖွယ်ရှိသည်များကို အမှန်အကန် ဥပဒေကျအောင်စီရင်။ ခြေရင်းတော်မြဲတို့နှင့် မြင်းမျူးမင်းသား၊ နေရာငါးသွယ်နေ မျူးတော်မတ်တော်တို့မှာ စေ့ငုစုံညီအောင်နှိုးဆော်၍ စလွယ်ပေးအမိန့်တော်နှင့်အညီ စလွယ်ရသူတို့ စလွယ်တင်၊ အင်္ကျီလက်ကျယ်*

*ဆင်ယင်၊ ယပ်ရိုးရှည်စွဲကိုင်၊ ဝတ်ကောင်း နားတောင်းနှင့် နေ့ ၂ ချက်တီးကျော် ၃ နာရီကန့်ကို လွှတ်တော်သို့ အစဥ်မပြတ်တက်စေ။*

*လွှတ်တော်သို့ရောက်လျှင်လည်း နေရာစဥ်အတိုင်း စည်းဝေးနေစေ။ အစည်း အဝေးစုံညီလျှင် တိုင်ပင်ခင်းတိုင်ပင်ဖွယ် တိုင်းရေးပြည်ရေး သာသနာရေး ရှိသည်များကို နှီးနှောပြောဆိုတိုင်ပင်။*

*လွှတ်တက်နိုးဆော်လျှင် ဝင်းတော်ခင်းစေ။ နားခံတို့မှာ ဝန်တို့တက်လျှင် အတွင်းတော်သို့ ဝင်မြဲဝင်စေ။ အစုံအညီ တက်မတက်၊ ရောက်မရောက်ကိုလည်း ဖြတိုက်သံဆင့်နှင့် နားခံတို့မှာ စာရင်းမှတ်သားပြီးလျှင် ဖြတိုက်သံဆင့်က အတွင်း တော်မှာ အစီရင်ခံစေ။ နားခံတို့က ဝန်တို့မှာ အစီရင်ခံစေ။*

*ငါအရှင် ကေရာဇ်လည်း ကြောင့်ကြမဲ့နေတော်မမူ။ ပြည်သူပြည်သားတို့ စီးပွား၊ သာသနာတော်စီးပွား၊ သားတော်အစဥ်၊ မြေးတော်အဆက်၊ စီးပွားကို ထောက်၍ ထွက်တော်မူသင့်သည့်ကာလကို လွှတ်တော်သို့ ထွက်တော်မူမည်။ ထွက်တော်မူလျှင်လည်း ဝန်တို့နှင့် အတွင်းဝန်ရှေ့နေအစုံအညီ အိမ်ရှေ့မင်းနေရာ နှင့်မနီးမဝေးနေ၍ ရာဇဝတ်ရေး၊ တိုင်းရေးပြည်ရေး၊ သာသနာတော်ရေး လျှောက် ထားရန်ရှိသည်များ လျှောက်ထားတရားစကား လဲဆိုရန်ရှိသည်ကိုလည်း လဲဆိုစေ။*

*စကားနှစ်ပြင်ကိုထောက်၍ အိမ်ရှေ့မင်းသည် အတွင်းဝန်တို့နှင့် တိုင်ပင် နှီးနှော၍ တရားထုံးစံရှိရာဝန်တို့က ကောက်ယူစီရင်မည်။ ထွက်တော်မမူလျှင် ဝေါတော်သိမ်းမှ ဝန်တို့လွှတ်ကဆင်း၊ ဝန်တို့ဆင်းမှ လွှတ်တော်ရုံးတော် တက်သက် စီရင်မြဲ မှူးတော်မတ်တော်တို့ဆင်းစေ။*

*ခြေရင်းတော်မြဲတို့နှင့် မြင်းမှူးမင်းသား နေရာနေတို့မှာ ဝင်တော်မူမြဲ အချိန်ရောက်မှ ဆင်းစေ။ ဝင်းတော်ကိုလည်း သိမ်းစေ။*

*တရားစကားနှင့်စပ်သည်ကို တရားရုံးမှာသာဆိုစေ။ လွှတ်တော်မှာ မဆိုစေနှင့်။ တရားရုံးကစီရင်၍ မပြီးသည့်တရားကိုသာ လွှတ်တော်မှာ အယူခံစေ။ မပြီးလျှင် စကား ၂ ပြင်နှင့်ဝန်တို့က ကောက်ယူချက်ကို နားခံတို့က အတွင်းတော်သို့ သွင်းမြဲသွင်းစေ။ ရာဇဝတ်တော်ရေး တိုင်းရေးပြည်ရေး သာသနာတော်ရေး အမှု ကြီးငယ် ကြားသိသမျှတို့ကိုလည်း ကြားသိသည့်အတိုင်း နားခံတို့ လျှောက်စေ''*

*သက္ကရာဇ် ၁၁၄၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့*

*နားခံတော် ဇေယနော်ရထာတွင်ပြန်။*

ပြဲတိုက်သည် လွှတ်တော်နောက်အရေးကြီးသော အုပ်ချုပ်ရေးဌာနဖြစ်သည်။ ပါဝင်သော အရာရှိတို့မှာ

| | |
|---|---|
| အတွင်းဝန် | ၄ ဦး |
| သံတော်ဆင့် | ၄ ဦး |
| ပြဲတိုက်သံဆင့် | ၄ ဦး |
| စာရေးတော် | ၃၆ ဦး |
| သံတိုက်စိုး | ၁ ဦး |
| သံတိုက်စာရေး | ၁ ဦး |

တို့ဖြစ်သည်။ ရုံးတက်ချိန်မှာ လွှတ်တော်နှင့် အတူတူဖြစ်သည်။ ပြဲတိုက်၏ ပဓာန အလုပ်ဝတ္တရားမှာ မင်းကေရာဇ်နှင့် လွှတ်တော်ကြားတွင် ဆက်သွယ်ပေးရခြင်းဖြစ်သည်။ လွှတ်တော်က သွင်းသောစာ၊ လွှတ်တော်သို့ ထုတ်ပြန်ရရှိသောစာများကို ဆိုင်ရာသို့ ဆက်သွင်းရသည်။ မျက်မှောက်ခေတ် ဝန်ကြီးများရုံးသဘောပင်ဖြစ်သည်။

ရှေ့ရုံးဟူသည်မှာ ရွှေနန်းတော်ရှေ့တွင်တည်ရှိသဖြင့် ရှေ့ရုံးခေါ်သည်။ မြို့ဝန်များ ရုံးထိုင်သဖြင့် မြို့ဝန်ရုံး၊ ရာဇဝတ်မှုများကို ကြည့်ရှုစစ်ဆေးရသဖြင့် ရာဇဝတ်ရုံး စသည် ဖြင့်လည်း အသိများပေသည်။ ထိုရုံး၌ ရုံးထိုင်ကြသော အရာရှိများမှာ

| | |
|---|---|
| မြို့ဝန် | ၄ ဦး |
| ထောင်မှူး | ၄ ဦး |
| ရွှေပြည်စိုး | ၄ ဦး |
| ထောင်စချီ | ၄ ဦး |
| တံခါးဗိုလ် | ၁၂ ဦး |

နှင့် အပြင်မြို့ကြီး တံခါးဗိုလ်များ ပါဝင်ကြသည်။ ထမ်းဆောင်ကြရသည့် တာဝန်များကို မြို့ဝန်ခန့်အမိန့်တော်၌ အောက်ပါအတိုင်းဖော်ပြပါရှိသည်

*'ရွှေမြို့တော်တွင်းသို့ မြို့ပြင်မှစ၍ မြို့ဝန်တို့ စီရင်စု တာကျနယ်လေးရပ်တွင် မြဲမြဲခိုင်လုံသေချာအောင် မပြတ်စစ်ကြော၊ ကြည်းကြောင်း၊ ရေကြောင်း ဖောက်ကားရောင်းဝယ်လာရောက်သည့် ကုန်သည်တဲကားမှစ၍ ဆိုင်ကနား ရောင်းဝယ်သသူတို့များမှာလည်း အလေးတောင်းတင်း စဉ်းချိန်ခွင်များကို တံဆိပ်ခတ်မှတ်ပေးအပ်သည့်အတိုင်းသာ ရောင်းဝယ်သုံးဆောင်ကြစေ။ သာလွန်တိုးပွား၍ မသုံးဆောင် စေနှင့်။ ဖောက်ကားရောင်းဝယ်သည့် ကုန်သည်တဲကားတို့မှာလည်း*

*အင်နှင့်မတန် သာလွန်၍မကောက်မယူစေနှင့်။ ရွှေမြို့တော်တံခါး ၁၂ ရပ်မှစ၍ အစောင့်အနေ အဝင်အထွက်များမှာလည်း မြဲမြဲလုံခြုံအောင် လူစိမ်း လူရှမ်း ရောပေါင်း၍ မဝင်မထွက်စေနှင့်။ တံခါးမှူးတံခါးသားတို့ကို မှတ်စာပေးအပ်၍ ကြပ်ကြပ်စစ်စေ။ မြို့တွင်းမြို့ပြင် ရပ်စု ကွက်စု စုသားတို့မှာလည်း ခိုးသေး မီးပွား မပေါ်မရှိစေရ၊ တစ်ရပ်တစ်ကျေး ရောက်ပေါက်ဖူးမြဲမဟုတ်သသူတို့ကို မလာမရောက် မတည်းမခိုစေနှင့်။ ကြပ်ကြပ်စစ်ကြောစေ။ ဆင်းရဲသား ကျွန်တော်မျိုးတို့ကိုလည်း တစ်ယောက်ကိုတစ်ယောက် လျှပ်စားပေါက်စားပြု၍ မနှိပ်မစက်စေနှင့်။ လူစိမ်း လူရှမ်း လူဆိုး လူသွမ်းတို့ကို တွေ့မိပို့အပ်ပါလျှင် စင်ကြယ်အောင် စစ်ကြော၍ ရာဇဝတ်အလျောက် သတ်တန်ဖြတ်တန်သသူဖြစ်လျှင် မည်သူမည်သို့ပြုကျင့်၍ စစ်ကြောရာတွင် မည်သို့ထွက်ဆို၊ မည်ကဲ့သို့ ကွပ်ညှပ်စီရင်မည်၊ ဝန်တို့မှာ အစီရင်ခံမြဲခံ၍ ရှေ့စီရင်ထုံးနှင့်အညီ ကွပ်ညှပ်စီရင်'*

နောက်ရုံးမှာ ရှေ့ရုံးကဲ့သို့ တည်ရာအမှီပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ ထိုရုံးသည် စင်စစ် နိုင်ငံအုပ်ချုပ်ရေးနှင့်များစွာ သက်ဆိုင်ခြင်းမရှိမူဘဲ မိဖုရား မောင်းမမိဿံတို့ ရေးရာကိစ္စရပ်များကို စီမံအုပ်ချုပ်ရသောဌာနဖြစ်၏။

ပါဝင်သော အရာရှိတို့မှာ

| | |
|---|---|
| အနောက်ဝန် | ၄ ဦး |
| အနောက်ဝန်စာရေး | ၄ ဦး |
| ကတော်စာရေး | ၄ ဦး |
| နောက်ရုံးစာရေးတော် | ၄ ဦး |

တို့ဖြစ်ကြသည်။ (အနောက်ရုံးအကြောင်းသိလိုမူ ဦးတင်၏ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ စတုတ္ထပိုင်း၊ မျက် ၃၆–၄၈ ကြည့်)

တရားရုံးသည် ရှေ့ရုံးနှင့် မျက်နှာချင်းဆိုင် တည်ရှိသည်။ ပါဝင်သော အရာရှိများမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

| | |
|---|---|
| တရားသူကြီး | ၄ ဦး |
| တရားနာခံ | ၄ ဦး |
| တရားစာရေး | ၄ ဦး |
| အမိန့်တော်ရ | ၈ ဦး |
| ကွမ်းဘိုးထိန်း | ၁ ဦး |

တို့ ပါဝင်ကြသည်။ ပြည်သူတို့ တစ်ဦးနှင့်တစ်ဦး ဖြစ်ပွားကြသော အမှုအခင်းများကို မျက်နှာစုံညီ ခေါ်ယူစစ်ဆေးရသည်။ အထူးသဖြင့် ကျွန်မှု၊ နှုတ်လွန်မှု၊ မြေမှု၊ မြီမှု၊ လက်ရောက်မှု၊ အမွေမှုနှင့် အိမ်မှု စသည်တို့ကဲ့သို့သောအမှုအခင်းများကို စစ်ဆေးစီရင်ခြင်း ဖြစ်လေသည်။

မြန်မာတို့တရားစစ်ဆေးပုံတွင် ဖျန်ဖြေမှု(Arbitration)ကို ပဓာနပြုလေသည်။ ''ကြီးသည့်အမှုငယ်အောင်၊ ငယ်သည့်အမှုပပျောက်အောင်'' အဂတိလေးပါးကို မလိုက်ဘဲ ဓမ္မသတ်ကျမ်းများနှင့်အညီ ဆုံးဖြတ်စီရင်သည်။ ပိုမိုထင်ရှားစေရန်အတွက် မင်းတုန်းမင်းနန်းတက်စ ၂၄ ပြေ ၁၈၅၃ နေ့ကထုတ်ပြန်ခဲ့သော တရားစီရင်ရေးဆိုင်ရာ အမိန့်တော်ကို ဖော်ပြလိုက်ပါသည်

*''တရားစကားနှင့် စပ်ဆိုင်သည်ကို အတွင်းတော် လွှတ်တော် ရှေ့ရုံး နောက်ရုံး များက မစစ်မကြော မစီမရင်စေနှင့်၊ တရားရုံးက တစ်ဝတည်းစစ်ကြော စီရင်။ ရိုးမှု၊ ရာမှု၊ လယ်မြေမှု စကားများမှာ လွှတ်တော်ကစစ်၍ သွင်းစေ၊ ရာဇဝတ်နှင့်စပ်ဆိုင်သည်ကို ရှေ့ရုံးက စစ်ကြောစီရင်စေ၊ ရိုးမှု၊ ရာမှု၊ ရာဇဝတ်မှု တရားစကားလျှောက်ထားသည့်အမှုများနှင့် အယူခံဉာဏ်ပူဇော် စာရေးလုလင်တော်မှစ၍ ကြေးငွေအတောင်းအခံ အကုန်အကျမရှိစေနှင့်၊ ရက်မရှည်မကြာစေရ၊ ပြီးပြတ်လွယ်အောင်ဆုံးဖြတ်စီရင်ကြစေ။*

*ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်အဝေးမြို့ ကျေးရွာ ဆိုင်ရာ စုထိန်း စုအုပ်တို့မှာ တရားမှု ရာဇဝတ်မှုများနှင့် ပြောဆိုလာလျှင် တရားတက်ရေး ၅ကျပ်၊ အစစ်ခံရေး ၁ကျပ် ၁ပဲ၊ အယူခံ ဉာဏ်ပူဇော်ခ၊ တစ်ဖက်သင့် ၅ကျပ်၊ ကောက်ချက်ဖြတ်စာရေး ၂ကျပ် ၁ပဲ၊ လက်ဖက်ဖိုး ၂ကျပ် ၁ပဲ၊ ကျမ်းစွဲကိုင်ဆိုကြရသည့် တရားစကားမှာ မိဋ္ဌာန်ချုပ်ရေး တစ်ဖက်သင့် ၅ကျပ်၊ လုင် ၂ကျပ် ၁ပဲ၊ ကျမ်းထုတ် ၂ကျပ် ၁ပဲ၊ ကျမ်းပင့်ကျမ်းတိုက် ၂ကျပ် ၁ပဲ၊ မီးထွန်း၊ ဆန်ဝါး၊ ရေလား၊ ခဲထောက်၊ ကမ္ဘာလေးရပ်တို့တွင် တစ်ရပ်စီရင်ဖြစ်ရလျှင်၊ မီးထွန်းမှုမှာ မိဋ္ဌာန်ချုပ်ရေး တစ်ဖက်သင့် ၅ကျပ်၊ လုင် ၂ကျပ် ၁ပဲ၊ ဘရောင်ဖိုး ၂ကျပ် ၁ပဲ၊ နာရီစောင့် ၂ကျပ် ၁ပဲ၊ ဆန်ဝါးမှုမှာ မိဋ္ဌာန်ချုပ်ရေး တစ်ဖက်သင့် ၅ကျပ်၊ လုင် ၂ကျပ် ၁ပဲ၊ ဆန်ဖိုး ၂ကျပ် ၁ပဲ၊ နှီးစောင့်(နာရီစောင့်) ၂ကျပ် ၁ပဲ၊ ရေလားမှု မှာ မိဋ္ဌာန်ချုပ်ရေး တစ်ဖက်သင့် ၅ကျပ် ၁ပဲ၊ လုင် ၂ကျပ် ၁ပဲ၊ ဆိပ်ထိန်း ၂ကျပ် ၁ပဲ၊ တိုင်စိုက် ၅ကျပ်၊ ကြိုးကိုင် ၅ကျပ်၊ ဝါးချိတ် ၅ကျပ်၊ နှီးစောင့် ၅ကျပ်၊ ခဲထောက်မှုမှာ မိဋ္ဌာန်ချုပ်ရေး တစ်ဖက်သင့် ၂ကျပ်၊ လုင် ၂ကျပ်၁ပဲ၊*

*ခဲဘိုး ၅ကျပ်၊ သက္ကယ်စဉ်းခဲစောင့် ဘိ၊ လုင်ဝတ်မှု ရာဇဝတ်မှုမှုစ၍ ချဲ့ခေါ်ရလျှင်၊ တစ်တိုင်လျှင် ၂ကျပ် ဘဲ၊ တရားပြီးပြတ်သည့်ကာလ၊ ရေး ၅ကျပ်၊ လုင် ၂ကျပ် ဘဲ၊ ရှေ့နေတို့မှာ တစ်ခေါက်တစ်ခါလဲဆိုရလျှင် ၂ကျပ် ဘဲ၊ ခြီး(ခရီး) ဝေးလိုက်ရလျှင် တစ်တိုင် ၅ကျပ်၊ ထောင်တန် အကျဉ်းအချုပ်ထားရသည့်အမှုမှာ အချုပ်စား ၅ကျပ်၊ ကွမ်းဘိုးမှာ လျှော်ပစ် လျှော်ဒဏ် ၁ မြင်လျှင် ၁ဝိ၊ သည်မျှသာ စားယူကြရေချေ။*

*မှတ်ချက်ရေး မှတ်ပုံတင်အတန်းခုံခွာ အဆိုထိုး အဆိုခံ စာရင်းတင်ကြေး အတောင်းစား၊ အရစား၊ စသည့်ချဲ့ထွင်၍ အပို အမို မစားမယူကြစေနှင့်၊ ငါသမုတ် ပြဋ္ဌာန်း ပိုင်းခြားတော်မူသည့် အမိန့်တော်အာဏာတော်မတည် ပိုမိုစားယူကြလျှင် စားယူသူတို့ကို ဝန်တို့က အပြစ်အလျှောက်စီရင်၊ ထီးရုံ နန်းရုံ စော်ဘွား မြို့စား မြို့ဝန် စစ်ကဲ မြို့ရွာ အစီအရင် သူကြီးခေါင်း အကြီး စုထိန်း စုအုပ်တို့ကို စေ့နှံ့အောင်ဆင့်''*

*၁၂၁၅ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက် (၂၄ မေ ၁၈၅၃)နေ့*

*နာခံတော် မင်းလှမင်းထင်ကျော်ပြန်။*

လွှတ်ရုံးငါးရပ်အုပ်ချုပ်ရေးအပြင်တွင် နယ်မြေဆိုင်ရာ အုပ်ချုပ်ရေးများရှိ၏။ တိုင်၊ တိုင်နက်၊ တန်း၊ မြို့၊ အဝေးမြို့၊ တိုက်နှင့် ခရိုင် ဟူသည်တို့မှာ နယ်မြေဆိုင်ရာ အုပ်ချုပ်ရေး ဧကမူများဖြစ်သည်။ အဝေးမြို့ဟူသည်ကား မြန်မာ့နိုင်ငံရေးပထဝီဝင်၏ အရေးပါသော အုပ်ချုပ်မှုလက္ခဏာတစ်ရပ်ဖြစ်သည်။ ဘုရင်ခံ၊ စော်ဘွား၊ မြို့ဝန်၊ မြို့စားတို့က အဝေးမြို့ကြီးများကို စီမံအုပ်ချုပ်ကြသည်။ ထိုအဝေးမြို့များ၌ ရိုးရာအကြီး အကဲတို့ အုပ်ချုပ်ရေးနှင့်ဗဟိုအစိုးရက ကြီးကြပ်ခန့်ထားသော အရာရှိများအုပ်ချုပ်ရေး ဟူ၍ တွဲဖက်ထားသည်ကိုတွေ့ရ၏။ ဗဟိုအစိုးရကခန့်ထားသော အရာရှိများမှာ စစ်တပ်ဆိုင်ရာဖြစ်လေသည်။

ရိုးရာဆက်ခံကြရသည်တို့မှာ ရှမ်းပြည်နယ်တွင် စော်ဘွား၊ မြို့စား၊ အမတ်၊ ဟိန်၊ ထမုံ၊ ကြေ့ စသောအကြီးအကဲများ၊ မြန်မာနယ်တွင် ကဲပါသောရာထူးများ (ထောင်ကဲ၊ ကူတို့ကဲ)၊ မှူးပါသောရာထူးများ(ဝင်းမှူး၊ သင်းမှူး)၊ ကြီးပါသောရာထူးများ (အိုးစားကြီး၊သွေးသောက်ကြီး)၊ ခေါင်းပါသောရာထူးများ(တိုင်ခေါင်း၊ မြင်းခေါင်း)၊ မင်းပါသောရာထူးများ (သူကြီးမင်း၊ မြေတိုင်းမင်း) စသည်တို့ဖြစ်ပေသည်။ ရိုးရာသည် မဝေကောင်းသောအမွေဖြစ်၍ သားကြီးသာ ဆက်ခံရမြဲဖြစ်သည်။ ရိုးရာအကြီးအကဲ တို့ကို ရာထူးမှဖယ်ရှားလိုလျှင် လွှတ်တော်က မင်းကေရာဇ်ကိုတင်လျှောက်ပြီး အမိန့်တော်

ကျမှ နုတ်ပယ်ရသည်။

အဝေးမြို့ရွာအုပ်ချုပ်ရေးတွင် အကြီးဆုံးမှာ ဘုရင်ခံနှင့် စော်ဘွားတို့ ဖြစ်သည်။ ဘုရင်ခံသည် နိုင်ငံရေးရာထူးဖြစ်၍ လုပ်ပိုင်ခွင့်အာဏာမှာ စော်ဘွားနှင့် အတူတူ ဖြစ်လေသည်။ ယင်းတို့သည် ရာဇဝတ်မှုများကို စီရင်ပိုင်သည်။ ဘုရင်ခံထားသော ဒေသတို့မှာ ဇင်းမယ်၊ တောင်ငူနှင့် ပြည်မြို့တို့ဖြစ်လေသည်။ ယင်းတို့၏ အုပ်ချုပ်ရေး နယ်နိမိတ်ကို မင်းကေရာဇ်က သီးခြားပြဋ္ဌာန်းပေးလေ့ရှိသည်။ စော်ဘွားကား ရိုးရာဆက်ခံရသည့်ရာထူးဖြစ်သည်။ အာဏာမှာ အမိန့်တော်မခံဘဲ သတ်ဖြတ်နိုင်စွမ်း ရှိသည်။ သို့သော်လည်း ထိုစော်ဘွားတို့အထက်တွင် ဗိုလ်မှူးခေါ် အရာရှိကြီးများ သီးခြားရပ်တည်မြဲဖြစ်ရာ ထိုဗိုလ်မှူးတို့ကို ရှမ်းပြည်နယ် မိုးနဲတပ်ရုံး၌ တွေ့ရသည်။ ဗဒုံမင်းသည် စော်ဘွားတို့ အခွင့်အာဏာ၊ အုပ်ချုပ်ပုံနှင့်စပ်၍ ၄၅ ပြန်တမ်း ရာဇသတ် တွင် ဤသို့ ပြဋ္ဌာန်းထားရှိသည်။

*''စော်ဘွားတို့ စီရင်နက်ပယ်နယ်အတွင်း မြို့စားတပ်ပေါင်းစားတို့မှာလည်း အသီးအခြား မထမ်းရွက်စေနှင့်၊ စော်ဘွားတို့က ဆင့်ဆိုခန့်ထားရာသာ နာခံ၍ ထမ်းရွက်စေ။ ဝန်တို့က ဆင့်ဆိုခန့်ထားရန်ရှိလျှင်လည်း မြို့စားတို့ကို သီးခြား၍ မခန့်ထားနှင့်၊ စီရင်စုကျေးရွာနှင့် အင်တန်အောင် စော်ဘွားတို့ကိုသာ တစ်ဝတည်း ဆင့်ဆိုခန့်ထား၊ ဝန်တို့က ဆင့်ဆိုခန့်ထားသည့်အမှုကို ထောက်၍သာ စော်ဘွားတို့က ဆိုင်ရာမြို့စားတို့ကို ဆင့်ဆိုခွဲဝေခန့်ထားစေ''*

ဗဟိုအစိုးရသည် ရှမ်းစော်ဘွားများအပါအဝင် အဝေးမြို့ရွာအုပ်ချုပ်ရေးအရာရှိများနှင့် ဆက်သွယ်ရန်အတွက် သီးခြားထမ်းရွက်ရသော အဝေးရောက်စာရေးနှင့် ရှမ်းသံတော်ခံဟူသည်တို့ကို ခန့်ထားသည်။ ယင်းတို့၏တာဝန်မှာ အရှေ့ရှမ်းပြည်၊ အညာရှမ်းပြည်မှ အကြီးအကဲများ ရန်ကုန်၊ တောင်ငူ၊ တမူး၊ ခန်းပတ်၊ ဗန်းမော်၊ မိုးကောင်း စသည်မြို့များရှိ မြို့ဝန်၊ စစ်ကဲ၊ နာခံများတို့ထံ ဗဟိုအစိုးရ၏ ညွှန်ကြားချက်များပေးပို့၍ ထိုနယ်တို့မှ ရောက်ရှိလာသော တင်လျှာလျှောက်လွှာများကိုလည်း လက်ခံရလေသည်။

အချို့သောအဝေးမြို့ရွာတို့မှာ မြို့ဝန်၊ ရေဝန်၊ အကောက်ဝန်နှင့်စစ်ကဲတို့က အုပ်ချုပ်ကြပါသည်။ ဗန်းမော်၊ မုတ္တမ၊ ဟံသာဝတီ(ပဲခူး)၊ ပုသိမ်နှင့်ရခိုင်လေးမြို့တို့၌ မြို့ဝန်များက အုပ်ချုပ်ပါသည်။ ပင်လယ်ဆိပ်ကမ်းမြို့များ၌ ရေဝန်၊ အကောက်ဝန်များ တွဲဖက်ထားရှိသည်။ မြို့ဝန်အုပ်ချုပ် သောမြို့တိုင်း၌ပင် စစ်ကဲနှင့်နာခံများရှိကြသည်။

ခန်းပတ်မှာမူ စစ်ကဲကအုပ်ချုပ်ခဲ့သည်။

ထို့ထက်ငယ်သောနယ်မြေတို့တွင်ကား သူကြီး၊ ကလန်၊ မြေတိုင်၊ မြင်းစီး၊ သွေးသောက် စသည်တို့က အုပ်ချုပ်ကြသည်။ ရွှေထွက်၊ ငွေထွက်၊ သံထွက်သော ဒေသများ၌မူ ရွှေခွန်မှူး၊ ငွေခွန်မှူး၊ သံခွန်မှူးတို့က ကြီးစိုးလေသည်။ သူကြီးသည် သေးငယ်သောရွာကေမူအပြင် မြို့၊ တိုက်တို့နှင့် တွဲဖက်၍လည်း တွေ့ရသည်။ ထောင်မှူး၊ တန်းခေါင်းဟူသော အုပ်ချုပ်ရေးအကြီးအကဲများကိုလည်း အချို့ဒေသတို့၌ တွေ့ရှိရသည်။

ရိုးရာရာထူးကို သားအကြီးဆုံးက ဆက်ခံရသည်။ သားသမီးမရှိသောအခါ ညီ၊ ယောက်ဖ၊ သမက်ကို လွှဲသည်များလည်းရှိသည်။ အရာလွှဲရာတွင် များသောအားဖြင့် အိုမင်းမစွမ်း မထမ်းဆောင်နိုင်သောကြောင့်ဖြစ်ကြောင်း တွေ့ရ၏။ သားမြေးက အရာမခံလိုသောအခါ အသည်စာရင်းဝင် ကျေးရွာအများကြိုက်လူတစ်ဦးကို လွှဲအပ်လို ကြောင်း ဆိုင်ရာကျိုဝန်ထံ အကြောင်းကြားရသည်။ လွှဲအပ်သောအခါ လွှတ်တော်၌ တရားဝင်တင်၍လွှဲရသည်။

စော်ဘွားတို့သေလျှင် သားမယားတို့က လွှတ်တော်သို့ အစီရင်ခံရသည်။ လွှတ်တော်က သကြိုဟ်ရန် အစီအရင်လုပ်ရသည်။ အကူတော်ငွေနှင့် အမှာစာလည်း ပို့ရသည်။ ထို့နောက်မှ အရာခံသားကြီးကို စော်ဘွားအရာခန့်၍ အဆောင်အရွက်၊ အစီးအနင်းပေးကာ မြို့အပ်နှင်းရမြဲ ဖြစ်လေသည်။ ဤသို့ ရိုးရာကို ဆက်ခံကြရသော အခါ ဆိုင်ရာသို့ လက်ဆောင်တော်များ ဆက်သကြရသည်။

ရိုးရာအကြီးအကဲ၏တာဝန်(အစုအစဥ်ထမ်းရွက်ရိုး)မှာ လယ်ယာကိုင်းကျွန်း ခွန်၊ အင်းခွန်၊ တံငါခွန်၊ ရွှေခွန်၊ ငွေခွန်များကိုကောက်ခံရသည်။ ကောက်ခံပုံမှာ တစ်ဒေသနှင့်တစ်ဒေသ မတူကြချေ။ အခွန်တော်ကို ငွေ၊ ကြေး၊ သီးနှံတစ်မျိုးမျိုးတို့ဖြင့် ပေးဆောင်ကြရသည်။ အခွန်ကောက်ရာ၌ ခွန်မအပြင်၊ အပိုကြေး၊ အကဲကြေးများ၊ ရေးစား၊ တိုင်စား၊ ဆော်စားကြေးများဟူ၍လည်း ရှိသေးသည်။ ဆယ်ဖို့တစ်ဖို့ ကောက်ခံသည်ဆိုသော်လည်း အပိုအကဲကြေးများကြောင့် တစ်ဆယ့်သုံးရာခိုင်နှုန်းမျှ ပေးဆောင်ကြရကြောင်း တွေ့ရသည်။

ရိုးရာအကြီးအကဲတို့သည် အခွန်တော်ဆိုင်ရာအပြင် အမှုအခင်းများကိုလည်း စစ်ဆေးစီရင်ရသောကြောင့် တရားကွမ်းဖိုး၊ အပေါ်ဝန် အကောက်အစားများလည်း ရရှိသေးသည်။ ထိုကောက်ခံရရှိသည်တို့မှ တစ်ဝက်ကို အရာတော်ပေးဆက်ကြရသည်။ အခွန်တော်၌ ဒေသ ထွက်ကုန်ဖြစ်သော သစ္စေးခွန်၊ ဖယောင်းခွန်၊ ကွမ်းသီးခွန် စသည်

များကိုလည်း ကောက်ခံကြရလေသည်။

ရိုးရာအကြီးအကဲတို့အပေါ်တွင် မြို့အုပ်၊ မြို့ကိုင်၊ ဝန်၊ မြို့ဝန်၊ မြို့စား စသည်တို့ပါရှိပါသည်။ ထိုရာထူးများသည် မင်းကောဇ်ကခန့်ထားသော ရာထူးများ ဖြစ်၍ တစ်နေရာတည်းတွင် ရှည်ကြာစွာ အမှုမထမ်းဆောင်ရပေ။ ရွှေ့ပြောင်းရန် အမိန့်ကျသောအချိန်၌ အခြားတစ်နယ်သို့ ပြောင်းရွှေ့ရလေသည်။

ထိုအရာရှိများသည် မင်းကောဇ်သို့ လျှောက်သင့်သည်ကို မလျှောက်လျှင်၊ မလျှောက်သင့်သည်ကိုလျှောက်လျှင် အရာချခံရသည်။ အရာကျလျှင် နေပြည်တော်သို့ အရောက်ပြန်ရ၏။ နေပြည်တော်သို့ တက်လာလိုလျှင်လည်း အမိန့်တော်ခံပြီးမှ လာကြရ၏။

ဗဟိုနှင့်နယ်၏ဆက်သွယ်ရေးတွင် အထူးသဖြင့် အခွန်တော်ကိစ္စ၊ နယ်မြေငြိမ်ဝပ်ပိပြားရေးကိစ္စရပ်များနှင့်သာ အများဆုံးသက်ဆိုင်ပေသည်။ အခွန်တော်ကောက်ခံရေး ညွှန်ကြားသည်တို့၌ ၁။ အခွန်တော် မည်သို့ကောက်ခံရမည့်အကြောင်း၊ ၂။ အကောက်မခံသူကို အပြစ်ယူရမည့်အကြောင်း၊ ၃။ အခွန်တော်ငွေများ အမှန်အကန်ဖြစ်ရေး၊ ၄။ အစဉ်ကောက်ခံမြဲမဟုတ်သောကင်းများကို ဖျက်သိမ်းရန်အကြောင်းတို့ ပါဝင်လေသည်။ နယ်မြေငြိမ်ဝပ်ပိပြားမှု ညွှန်ကြားချက်တို့၌မူ ၁။ ခိုးသားဓားပြကိစ္စ၊ ၂။ တံစိုးမစားရေးကိစ္စ၊ ၃။ ကျေးရွာမြို့နယ်တို့၌ အရောင်းအဝယ် စည်ပင်သာယာရေး ကိစ္စတို့ ပါဝင်ပါသည်။

အချုပ်ဆိုရသော် ကုန်းဘောင်ခေတ်မြန်မာ့အုပ်ချုပ်ရေးစနစ်သည် မင်းကောဇ်ကိုမဏ္ဍိုင်ပြုသော အုပ်ချုပ်ရေးစနစ်ဖြစ်၍ မင်းကောဇ်ကို တာဝန်ယူရသော လွှတ်ရုံးငါးရပ်နှင့် ရိုးရာအုပ်ချုပ်ရေးတို့ တွဲဖက်သည့် စနစ်မျိုးဖြစ်ပေသည်။

မင်းကောဇ်ပြီးလျှင် လွှတ်တော်သည် အရေးပါသော အုပ်ချုပ်ရေးဌာနကြီး ဖြစ်ပေသည်။ ထိုလွှတ်တော်ကြီးမှ တစ်နိုင်ငံလုံးသို့ အာဏာများဖြန့်လျက် အုပ်ချုပ်ပေသည်။ တရားစီရင်ရေးကိစ္စ၊ ရာထူးအနုတ်အသိမ်းကိစ္စရပ်များကိုပါ လွှတ်တော်ကြီးက မင်းကောဇ်၏အလိုတော်ကျ စီမံခန့်ခွဲလေသည်။ နေပြည်တော်၏အပြင် ဝေးလံသောဒေသများ၌ကား ရိုးရာအုပ်ချုပ်ရေးစနစ်သည် ဗဟိုကခန့်ထားသောအရာရှိများနှင့် တွဲလျက်တည်ရှိနေ၏။ ထို့ကြောင့် မြန်မာ့အစဉ်အလာအုပ်ချုပ်ရေးသည် နှစ်ထပ်အစိုးရပုံစံမျိုးဟု ဆိုခြင်းဖြစ်လေသည်။ မင်းကောဇ်အမှူးပြုသော အုပ်ချုပ်ရေးဝန်ထမ်းအားလုံးသည် ကျင့်အပ်သောတရားများ အသီးသီးရှိကြ၏။ လုပ်ဆောင်ရမြဲဖြစ်သော

ထုံးတမ်းများလည်း ရှိပေသည်။ ထိုထုံးတမ်းအတိုင်း ကျင့်အပ်သောတရားများနှင့်အညီ ကျင့်သုံးအုပ်ချုပ်လျှင် သက်ဦးဆံပိုင်အုပ်ချုပ်ရေးဟုဆို၍ ရနိုင်မည်မဟုတ်သကဲ့သို့ စနစ်ကျသော ကောင်းမွန်သည့်အုပ်ချုပ်ရေးဖြစ်မည်သေချာကြောင်း ဆိုရဲပါသည်။

## မင်းတုန်းမင်း၏ ပြုပြင်ပြောင်းလဲရေး လုံးပန်းမှုများ

မင်းတုန်းမင်းနန်းသိမ်းသောအခါ ဖြစ်ပွားလျက်ရှိသော ဒုတိယမြန်မာ–အင်္ဂလိပ် စစ်ပွဲ၌ မြန်မာတို့ရှုံးနိမ့်နေပါပြီ။ မြေထဲ သရက်မှ အရှေ့ကို တစ်ဖြောင့်သားသောမျဉ်း၏ တောင်ဘက်ပိုင်းသည် အင်္ဂလိပ်တို့အောက် ကျရောက်သွားခဲ့ရပါသည်။ ထို့ကြောင့် မင်းတုန်းမင်း၏ မြန်မာနိုင်ငံသည် ပင်လယ်ထွက်ပေါက်မရှိတော့ချေ။ ဆန်စပါး၊ ဆား၊ ငါးပိ ငါးခြောက်အတွက်အားထားရသော အောက်မြန်မာနိုင်ငံဆုံးရှုံးရခြင်းမှာ အခွန်တော် အမြောက်အမြားနစ်နာစေခဲ့ရုံမျှမက အထက်မြန်မာနိုင်ငံ၏စီးပွားရေးကိုလည်း များစွာ ထိခိုက်စေခဲ့ပါသည်။ နိုင်ငံတော်၏အမျိုးသားရေးဂုဏ်သိက္ခာလည်း ယုတ်လျော့ စေခဲ့ပါသည်။ ဤအခြေအနေများသည် ပြုပြင်ပြောင်းလဲရေးလုံးပန်းမှု ပေါ်ပေါက်လာစေမည့် စေ့ဆော်ချက်ပင်ဖြစ်တော့သည်။

ဤတွင် မှတ်သားစရာကောင်းသောအချက်တစ်ခုမှာ ပထမစစ်နှင့် ဒုတိယစစ် တို့ရှုံးနိမ့်ရခြင်းအပေါ်တွင် အပြင်းအထန်ဝေဖန်စစ်ဆေးမှုများနှင့် နယ်ချဲ့အန္တရာယ်ကို တားဆီးနိုင်ရန် စစ်ရေးပြုပြင်ပြောင်းလဲမှုပြုလုပ်သင့်ကြောင်း တိုက်တွန်းချက်များကို မင်းတုန်းမင်းသို့ ဆက်သွင်းတင်ပြလာခြင်းပင်ဖြစ်သည်။ ဤဆက်သွင်းလွှာကို ကနောင်မင်းက ဦးစီးတင်သွင်းခဲ့ခြင်းဖြစ်မည် မှန်းဆရပါသည်။ သို့ဖြစ်၍ ရှေးဦးစွာ ဤဆက်သွင်းစာကိုတင်ပြပါမည်။

> *''အတွင်းသေနာပတိ၊ ပြင်သေနာပတိပြု၍ တိုင်းပြည်ကို စီရင်ရေး စီရင်ခွင်နှင့်တကွ လွှဲအပ်ထားသည့် မှူးကြီးမတ်ကြီးတို့သည် တိုင်းပြည်အစိတ် မဝက် စစ်လက်စ မစဲမငြိမ်းရှိသည်ကို မည်သို့အကြံပြုသော် သင့်လျော်မည် အကြိမ်ကြိမ်မေးတော်မူရာ စွမ်းစွမ်းလျားလျားခုခံရန်အရေး တိုက်လှန်သိမ်းယူရန် အရေးကို ကြားသမျှ နှစ်သက်လောက်အောင် မတင်မလျှောက်ကြ၊ ဘုရားဘကြီး တော်ဘုရားလက်ထက်တော်က မှူးမတ် အမှုထမ်း ရဲမက်များသည် အတိုက် အလှန် အကြံအစည်ကြောင့် ပြည်ယုတ်လျော့သည်။*

နောင်တော်ပုဂံမင်းလက်ထက် မင်းနှင့်တကွ မှူးမတ်ပြုသူတို့ အစည်းအကြပ် အကြံအစည်မရှိ၊ အမှုထမ်းရဲမက်ကို ကောက်ငင်ကာ ယခုတက်ရပါသည်။ ယခု အခြားအရေး ဝိရိယပြုသည်ထက် လက်နက်များအောင်၊ အမှုထမ်းစွန့်စားအောင်၊ အစားအသောက်ခွန်ပေါများအောင်၊ မြစ်စည်တစ်လျှောက် မြို့ရွာများမှာလည်း သာယာမှုဦးပျောင်း ကျိုးကြောင်းပြသ မစ အုပ်ထိန်းသိမ်းပိုက်နိုင်၍၊ အကြောင်းရှိလျှင် စိတ်ပါကိုယ်ရောက် သက်စွန့်ကြိုးပမ်းထမ်းရွက်မည့်သူ အောက်လူအမှုထမ်းတို့ကို၊ ကိုယ်နှင့်ထပ်တူရအောင်စည်းကြပ်နိုင်သူ တစ်မြို့တစ်ယောက်စီ အအုပ်အထိန်းထား၍ မြစ်စည်ဝန်ဆင့်ဆိုရာ နာခံရမည် ခန့်ထားလျှင်သင့်ပါမည်။ မြို့သူကြီးနှင့် ယုံရန်မရှိပါ။

အကြံတော်ရှိရင်း မလွန်မြို့တွင်လည်း မြစ်ကျဉ်းသည် ဖြစ်ပါ၍ ရတနာပုံတိုက်ကို ခိုင်ခန့်ကြီးကျယ်စွာ နေ့လမကြာ၊ တည်လုပ်တော်မူစေချင်ပါသည်။ ရေကြောင်းက ခုခံနိုင်အောင် ရဲလှေကိုလည်း ကြေးငွေစိုက်ထုတ်၍ လုပ်ဆောင်ပြီးပြေလွယ်အောင် ပြုပြီးလျှင် အမြောက်တင်၍ အသင့်ရှိမှစိတ်ချသာပါမည်။ ယခုတိုက်တော်ရှိ ဗုံး ၁၇။ ဗုံးဆန်ရေ ၁၇၃၊ အမြောက် ၁၄၀၇။ အမြောက်ဆန် ၁၀၄၀၆၊ စိန် ၃၄၄၆၊ စိန်ဆန် ၂၁၀၀၊ ယမ်းပြီးချိန် ၃၀၀၀၀ သာ ရှိပါသေးသည်။

ဘုရား ဘကြီးတော်ဘုရားလက်ထက်တော်ကစ၍ မင်း ၄ ဆက်မှီ မှူးကြီးမတ်ကြီးတို့သည်လည်း ကွက်ကွက်ကွင်းကွင်း အကြံအစည်နှင့် ပြည့်စုံလောက်အောင် မတင်မလျှောက်၊ အကြံတော်ရှိသည်ကို အမိန့်တော်ရှိလျှင် အကြောင်းသင့်လိုက်၍ တင်လျှောက်ကြသည့်အမှုသာရှိပါသည်။

မင်းကြီးတစ်ယောက်က အလုပ်အဆောင်ကို တွင်အောင်လုပ်ဆောင်ပါမည်၊ မင်းကြီးတစ်ယောက်က အမှုထမ်းလူကို စိတ်ပါကိုယ်ရောက်ရအောင်ကြံမည်၊ မင်းကြီးတစ်ယောက်က အစားအသောက်ခွန် ပြည့်စုံအောင်ကြံမည်၊ မင်းကြီးတစ်ယောက်က ကြေးငွေကို လှယ်ဖယ်၍ အသုံးတော်ခံအောင် ကြံမည်များကို အာမခံ၍၊ နေ့ညမပြတ် လုပ်ရေးကြံရေးကို တွေးနိုင်မှသင့်ပါမည်။ မှူးမတ်ဗိုလ်မှစ၍ တိုင်းပြည်ဝလေ့ ရေဘောင်စီးပြုသည် ကာလရှည်ကြာသောကြောင့် ရေးကြောင်းရှိမှ ကောက်ငင်မရ၊ လူကူလူထောက်လည်း နောက်ကကဲ့သို့ မဟုတ်ဖြစ်ပါ၍ မှူးမတ်ပြုသူတို့ကို ကြပ်ကြပ်တည်းတည်း အမိန့်တော်နှင့် တာဝန်ထား၍ ပြုတော်မူ

*သော် သင့်မည်ဘုရား။*

*၁၂၁၄ ခု၊ နှောင်းတန်ခူးလပြည့်ကျော်၊ ၁၄ ရက်။ (၆ ပြီ ၁၈၅၃)*

မင်းတုန်းမင်း၏ စက်ရုံများထူထောင်ရေးဖြစ်သော ပြုပြင်ပြောင်းလဲရေးသည် အထက်ပါစာ၏ အကျိုးသက်ရောက်မှုကြောင့်ဖြစ်မည်ထင်ပါသည်။ စက်ရုံများကို ၁၈၅၈–၇၄ အတွင်း ထူထောင်ခဲ့ပါသည်။ တည်ဆောက်ခဲ့သော စက်ရုံပေါင်း ၅၀ ကျော်ရှိသည် ဟုသိရသည်။

အမျိုးအစား၊ အမည်နာမဖြင့် တွေ့ရသမျှမှာမူ

ဆန်စက်

ဒင်္ဂါးစက်

မဲနယ်စက်

ရက်ကန်းစက်

လက်နက်စက်

လွှစက်

သံကျိုစက် နှင့်

သဘော်စက်ရုံ

တို့သာဖြစ်ပါသည်။ စက်မှုအလုပ်ရုံများ ထူထောင်နိုင်ရေးအတွက် ပထမဆုံးသော ခြေလှမ်းအဖြစ် ၁၈၅၄ စက်တင်ဘာလတွင် မင်းခေါင်ရာဇာ ဦးဆောင်လျက် မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ခုကို ဘင်္ဂလားသို့ စေလွှတ်ခဲ့သည်။ ယင်းအဖွဲ့သည် သဘော်ဝယ်ယူရေး၊ စက်ကိရိယာဝယ်ယူရေးနှင့် စက်ဆရာများငှားရမ်းရေး ဆောင်ရွက်ခဲ့ရန်တာဝန်လည်းပါရှိသည်။

ထို့နောက် ၁၈၆၃–၆၄ တွင် သံတော်ဆင့်ဦးရွှေဘင်နှင့် စက်ဆရာဦးထွန်းတို့ကို ပွတ်စက်၊ ဖောက်စူးစက် စသည်တို့ကိုဝယ်ရန် ဘင်္ဂလားသို့စေလွှတ်ခဲ့သည်။ သို့သော်လည်း အင်္ဂလိပ်အစိုးရသည် မြန်မာအစိုးရ၏လုပ်ဆောင်ချက် မအောင်မြင်စေရန် နှောင့်ယှက်ခဲ့သည်။

၁၈၆၇ ခု မတ်လတွင်လည်း ဦးရွှေဘင်နှင့် လူငယ်နှစ်ဦးကို ပြင်သစ်သို့ စက်ပစ္စည်းများဝယ်ယူရန် စေလွှတ်ခဲ့ပြန်သည်။ ထိုအခါ၌လည်း ဗြိတိသျှအစိုးရသည် ယင်းတို့အား အသိမပေး မတိုင်ပင်သောကြောင့် မကျေနပ်ခဲ့ပေ။ မန္တလေးရှိ အင်္ဂလိပ်ကိုယ်စားလှယ်ကလည်း စက်ကိရိယာများဝယ်ယူရေး အကြောင်းပြပြီး လက်နက်လုပ်

စက်များ ဝယ်ယူရန်ဖြစ်ကြောင်းနှင့် ယင်း၏အစိုးရကို အစီရင်ခံသည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက မြန်မာအဖွဲ့ကို မသွားဖြစ်အောင် နှောင့်ယှက်ခဲ့သဖြင့် ရန်ကုန်မှပင် လှည့်ပြန်ခဲ့ရသည်။

မြန်မာအစိုးရသည် တစ်ဖက်ကလည်း နိုင်ငံခြားကိုယ်စားလှယ်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်လျက် လိုအပ်သောစက်နှင့် စက်ကိရိယာပစ္စည်းရရှိအောင် ကြိုးပမ်းခဲ့ပါသည်။ ပွတ်စက်နှင့် ဝါကြိတ်စက်များ ဝယ်ယူရေးအတွက် တော့ဖင်ဒလေအင်ကုမ္ပဏီမှ ကိုယ်စားလှယ် ဝီလျံရောဂျားနှင့် စာချုပ်ချုပ်ဆိုခဲ့လေသည်။

ထိုစာချုပ်အရ စက်ကိရိယာများကို ၁၇၉၀၀၀ ကျပ်ဖိုး ပေးချေဝယ်ယူခဲ့သည်။ သင်္ဘောတပ်ဆင်ရန် စက်ကိရိယာအတွက်လည်း ရန်ကုန်မှ ကုန်သည်ကြီးဒေါ်ဆင်သို့ ငွေတစ်သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ စက်ပစ္စည်းနှင့်လက်နက်များ ဝယ်ယူရရှိရေးအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် ၁၈၇၁ ခုနှစ်အတွင်း စာချုပ်များချုပ်ဆိုခဲ့သည်မှာ အစုစုငွေ သိန်းလေးဆယ်ကျော်ဖိုးရှိပါသည်။ အချို့မှာ ငွေသားနှင့်မချေဘဲ ထွက်ကုန်ဖြစ်သော ကြက်ပေါင်စေး၊ ရေနံ၊ ဝါ၊ သစ် စသည်တို့ဖြင့်ဖလှယ်ခဲ့သည်။ ဤသို့ စက်ရုံအလုပ်ရုံများ ထူထောင်ရေးကြိုးပမ်းရာတွင် အင်္ဂလိပ်အစိုးရ၏ အနှောင့်အယှက်သာမက ကိုယ်စားလှယ်ကုန်သည်ပွဲစားတို့၏ လိမ်လည်မှု၊ ကတိပျက်ကွက်မှုတို့ကြောင့် ငွေကြေး နစ်နာဆုံးရှုံးခဲ့ရသည်များနှင့်လည်း ကြုံခဲ့ရသည်။

မင်းတုန်းမင်းလက်ထက် စက်ရုံကြီးများကို ကြီးကြပ်အုပ်ချုပ်ရသူမှာ ကနောင်မင်းသားကြီး၊ မြဲတောင်ဝန်ကြီးနှင့် ဗန်းမော်အတွင်းဝန်တို့ဖြစ်သည်။ ကနောင်မင်းသားမရှိသည့်နောက်တွင် မက္ခရာမင်းသားကို ကြီးကြပ်စေခဲ့သည်။ သို့သော်လည်း ၁၈၇၃ ခုနှစ်သို့ရောက်သောအခါ မက္ခရာမင်းသားကိုမကျေနပ်သဖြင့် တာဝန်များမှ ရုပ်သိမ်းခဲ့ပါသည်။ သီပေါမင်းလက်ထက်၌မူ ဝေပုံကျဥ္စာနများတီထွင်လာပြီး စက်ရုံများကို ရန်အောင်မြင်မြို့စား မင်းကြီးမဟာမင်းခေါင်က တာဝန်ယူအုပ်ချုပ်ခဲ့ပါသည်။

ထူထောင်ခဲ့သောအလုပ်ရုံစက်ရုံတို့တွင် ကျွမ်းကျင်သူတို့မှာ မြန်မာတို့ချည်း မဟုတ်ဘဲ နိုင်ငံခြားသားများလည်းပါရှိသည်။ လက်နက်စက်ရုံတို့တွင် ပြင်သစ်နှင့် အင်္ဂလိပ်အမျိုးသားတို့ကို အကြီးအကြပ်ခန့်ခဲ့သည်။ ယင်းတို့သည် မြန်မာတို့၏အကျိုးကိုမကြည့်ခဲ့ရုံမျှမက အချို့ အကျိုးယုတ်စေမည့် သူလျှိုလုပ်ငန်းများကိုပင် လုပ်ကိုင်ခဲ့ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် စက်ရုံများထူထောင်ရေးလုပ်ငန်းသည် မျှော်မှန်းသလောက် အကျိုးမရှိဟု ကောက်ချက်ချနိုင်ပါသည်။

မင်းတုန်းမင်း၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတို့တွင် မှတ်သားစရာကောင်းသောလုပ်ဆောင်ချက်မှာ ကြေးနန်းဆက်သွယ်ရေးများနှင့် သတင်းစာထုတ်ဝေနိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ပထမဆုံးသောကြေးနန်းဆက်သွယ်ရေးမှာ ၁၈၆၉ ခုနှစ်တွင် မန္တလေးနှင့်မြေထဲ ဆက်သွယ်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ကြေးနန်းဆက်သွယ်ရေးအတွက် ပညာသင်များကို ၁၈၆၈ ခု မေ ၁၉ နေ့တွင်ပြန်ကြားသော အင်္ဂလိပ်အစိုးရ၏ခွင့်ပြုချက်အရ အိန္ဒိယသို့ ပို့လွှတ်သင်ယူစေခဲ့ကြောင်း သိရသည်။ နောက် ရန်ကုန်မြို့သို့ သွားရောက်သင်ယူကြရသူများကိုလည်း တွေ့ရှိရဖူးလေသည်။

ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံနှင့် အမျိုးသားမြန်မာနိုင်ငံတို့သည် ၁၈၇၃ ခု၊ မေလ ၂၈ ရက်နေ့ သဘောတူညီချက်အရ ထိုနှစ်မှစ၍ အထက်အောက် ကြေးနန်းဆက်သွယ်မိခဲ့ကြပါသည်။ ကြေးနန်းဆက်သွယ်ရေးကို အောက်မြစ်စဉ်ကြောင်း၌ သာမက ၁၈၇၇ ခု မေ ၃၀ နေ့တွင် ဗန်းမော်အထိ သွယ်တန်းပြီးစီးခဲ့သည်။ ရှမ်းပြည်နယ် တောင်ပိုင်းသို့ ကျောက်ဆည်ရွှာငံကြောင်း ကြေးနန်းဆက်သွယ်ရေး ကြိုးပမ်းခဲ့သည် ကိုလည်း သိရှိရပါသည်။

လူထုဆက်သွယ်ရေး၌ သတင်းစာ၏အရေးပါပုံကို မင်းတုန်းမင်း ကောင်းစွာသဘောပေါက်ခဲ့ပါသည်။ ယင်းသည် နိုင်ငံအခြေအနေကိုသိမြင်နိုင်ရေးနှင့် ပြည်သူကို အသိပညာဖွင့်ပေးနိုင်ရေးအတွက် အထောက်အကူရသော သတင်းစာတစ်စောင်ကို ထုတ်ဝေခဲ့သည်။ ရတနာပုံသတင်းစာဟု ထင်ရှားခဲ့သည်။ သတင်းစာတိုက်တည်ထောင်ရန် ဥပဒေကိုပြဋ္ဌာန်းလျက် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုသတင်းစာကို မင်းတုန်းမင်းလက်ထက်တွင် မှန်မှန် ထုတ်ဝေနိုင်ခဲ့သော်လည်း သားတော်သီပေါမင်းလက်ထက်ရောက်သောအခါ မထုတ်ဝေတော့ချေ။

အခြားပြုပြင်ရေးများလည်း အသင့်အတင့် ပြုလုပ်ခဲ့သေးသည်။ ပညာရေးနှင့် အုပ်ချုပ်ရေးပိုင်းတွင်ဖြစ်၏။ ပညာရေးတွင် မန္တလေး၌ ခရစ်ယာန်သာသနာပြုကျောင်းတစ်ကျောင်း ဆောက်လုပ်ဖွင့်လှစ်ခွင့်ပြုခဲ့၏။ အိန္ဒိယ၊ အီတလီ၊ အင်္ဂလန်၊ ပြင်သစ်နိုင်ငံတို့သို့လည်း ပညာတော်သင်များ စေလွှတ်ပညာသင်စေခဲ့သည်။ သင်ယူကြရသည့် ပညာရပ်များမှ စစ်မှုနှင့်စက်ပညာတို့သာ ဖြစ်လေသည်။ ပေါက်မြောက်ခဲ့သူများအဖြစ် မောင်တရုတ်ဖြူ၊ မောင်မြူနှင့် မောင်မြဲတို့လောက်သာ တွေ့ရှိရ၏။ အုပ်ချုပ်ရေးပြုပြင်မှုဆိုရာတွင်လည်း ထူးခြားသောအပြောင်းအလဲများကို မပြုလုပ် မဖော်ဆောင်နိုင်ခဲ့ပါ။ အကောက်နှုန်းဆိုင်ရာပြုပြင်မှုနှင့် မှူးမတ်တို့ကို လစာပေးသောစနစ်ပြောင်းလဲခြင်း

စသည်တို့လောက်သာ ပြုပြင်နိုင်ခဲ့သည်။ ဥပဒေများ ပြုစုပြဋ္ဌာန်းမှုရှိခဲ့သော်လည်း အစဉ်အလာထုတ်ပြန်သော ဘုရင့်အမိန့်တို့သည် ဥပဒေအဖြစ် တည်မြဲနေဆဲ ဖြစ်နေသေးသောကြောင့် ခိုင်မာသောဥပဒေအုပ်ချုပ်ရေးစနစ်ကို အကောင်အထည် မဖော်နိုင်ခဲ့ချေ။

သီပေါမင်းလက်ထက်၌မူ နိုင်ငံကို ခရိုင်များခွဲခြား၍လည်းကောင်း၊ အုပ်ချုပ်ရေးကို ၁၄ ဌာန ခွဲခြား၍လည်းကောင်း အုပ်ချုပ်ရေးပြုပြင်မှုများ ပြုလုပ်လာခဲ့သည်။ ၁၁ နိုဝင်ဘာ ၁၈၇၈ နေ့ပြန် အမိန့်တော်အရ ခွဲခြားအုပ်ချုပ်မည့် ၁၄ ဌာနမှာ

၁။ လယ်ယာဌာန
၂။ လက်အလုပ်ဌာန
၃။ ကုန်းကြောင်းစစ်ဌာန
၄။ ရေကြောင်းစစ်ဌာန
၅။ အကောက်အခွန်ဌာန
၆။ သာသနာပညာဌာန
၇။ ပူရိသမေဓဌာန
၈။ သဿမေဓဌာန
၉။ ရာဇဝတ်ဌာန
၁၀။ တရားဌာန
၁၁။ နိုင်ငံခြားဌာန
၁၂။ တွဲဖက်ရုံးဌာန
၁၃။ မြို့ရေးရွာမှုဌာန
၁၄။ စက်မှုအလုပ်ဌာန

တို့ဖြစ်ပါသည်။ သို့သော်လည်း ၁၈၈၀ ပြည့် ဩဂုတ်လတွင် ဌာနတချို့ကိုပေါင်း၍လည်းကောင်း၊ အချို့ဌာနကို ဖြုတ်၍လည်းကောင်း ပြန်လည်ပြုပြင်လျက် ၉ ဌာန အုပ်ချုပ်ရေးသို့ ပြောင်းလဲဖော်ဆောင်ခဲ့ပါသည်။

ဤတွင် အစဉ်အလာ အုပ်ချုပ်ရေးလမ်းဟောင်းမှ ခွဲထွက်လာနိုင်ပြီဖြစ်သော်လည်း ကျွမ်းကျွမ်းကျင်ကျင်နှင့် စနစ်တကျဖော်ဆောင်နိုင်ခြင်းမျိုး မရှိသေးသည်ကို တွေ့ရှိရလေသည်။ နိုင်ငံတော်အုပ်ချုပ်ရေးတွင်လည်း ခရိုင်များ ခွဲခြားအုပ်ချုပ်စေခဲ့ရာ ပါဝင်ခဲ့ကြသည်တို့မှာ ရှမ်းပြည်နယ်ကို ချန်လှပ်လျက် အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရွှေမြို့တော်ခရိုင်
၂။ အဝခရိုင်
၃။ တောင်ငူခရိုင်
၄။ တောင်တွင်းကြီးခရိုင်
၅။ အောက်မြစ်စဉ်ခရိုင်
၆။ ပုခန်းကြီးခရိုင်
၇။ ချင်းတွင်းကြောင်းခရိုင်
၈။ ရတနာသိဃ်ခရိုင် နှင့်
၉။ အညာမြစ်စဉ်ခရိုင်

တို့ဖြစ်ပါသည်။ ထိုခရိုင်များကို ခရိုင်ဝန်များ ခန့်ထားအုပ်ချုပ်စေခဲ့ပါသည်။

အချုပ်ဆိုရသော် ရတနာပုံခေတ် မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတို့ကား မအောင်မြင်ခဲ့ပါ။ ဤသို့မအောင်မြင်ရခြင်းတွင် ပဓာနအကြောင်းနှစ်ချက်ရှိပါသည်။ မိမိဘက်က ချွတ်ယွင်းချို့တဲ့မှုနှင့် နယ်ချဲ့စနစ်(အင်္ဂလိပ်)၏ဟန့်တားနှောင့်ယှက်ဖျက်ဆီးမှုတို့ကြောင့် ဖြစ်ပါသည်။ ဤအချက်နှစ်ရပ်ကို ထင်ရှားစေရန်အတွက် ခေတ်ပြိုင်ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းခဲ့သော ဂျပန်နိုင်ငံ၊ မေဂျီခေတ်နှင့် နှိုင်းယှဉ်လျက် တင်ပြဆွေးနွေးလိုပါသည်။

မြန်မာ–အင်္ဂလိပ် ဒုတိယစစ်ဖြစ်ပြီးနောက် (၁၈၅၃)တွင် အမေရိကန် ရေတပ်ဗိုလ်ချုပ်မက်သရူးပယ်ရီ(Mathew Perry)က ဂျပန်ကိုရောက်ရှိသွားပြီး ၁၈၅၄ ခုနှစ်တွင် ဂျပန်၏ တစ်ကိုယ်တော်နိုင်ငံဘဝကို အဝမ္မချုပ်ငြိမ်းစေခဲ့လေသည်။ မေဂျီ (Meiji) ဘုရင်လက်ထက် ၁၈၆၈ ခုနှစ်ကစ၍ ပြုပြင်ပြောင်းလဲရေးများ စတင်လုပ်ဆောင်ခဲ့သည်။

မင်းတုန်းမင်းသည် မေဂျီနန်းမရမီ ၁၆ နှစ်မျှစော၍ နန်းတက်ခဲ့သူဖြစ်ပြီး စက်ရုံအလုပ်ရုံထူထောင်သည့် ပြုပြင်ပြောင်းလဲရေးကို ၁၈၅၈ ခုနှစ်လောက်မှ စတင်ဆောင်ရွက်ခဲ့သောကြောင့် မေဂျီထက် ၁၀ နှစ်စော၍ စတင်လုပ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရပါသည်။ နှစ်နိုင်ငံလုံး၏ အရင်းမူလ တူညီသောအချက်မှာ နယ်ချဲ့စနစ် အန္တရာယ်ကို စိုးရွံ့၍ အမျိုးသားလွတ်လပ်ရေးဆုံးရှုံးရမည်ကို မလိုလားကြခြင်းပင် ဖြစ်ပါသည်။ ဤပင်မအခြေခံတူညီသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်မှု တွင်ကား အစစအရာရာ ကွာခြားလာခဲ့ပါသည်။

မေဂျီဘုရင်သည် ၁၈၆၈ ခုနှစ်တွင် နန်းတက်လာသောအခါ ပြည်သူ့သဘော ထားဆန္ဒကို လေးစားခြင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံရေးတိုးတက်စေခြင်းနှင့် အသိပညာကို ကျယ်ပြန့်နက်ရှိုင်းစွာရှာဖွေခြင်းတို့အပေါ် အခြေခံသော သစ္စာတော် ၅ ချက်အမိန့်ဌာန်ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည်။ ၁၈၇၀ ပြည့်နှစ်တွင် ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းခဲ့သည်။ ထို့အပြင် ၁၈၇၂ ခုနှစ်သို့ရောက်သောအခါ တစ်နိုင်ငံလုံးတွင် ပြည်သူ့အခြေခံမူလတန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

ထိုနှစ်မှာပင် မြန်မာနိုင်ငံက ကင်းဝန်မင်းကြီးသည် သံအဖြစ်နှင့် အင်္ဂလန်သို့ သွားခဲ့ရာ ဂျပန်ပညာတော်သင်တစ်ဦးနှင့် တွေ့ဆုံရပုံကို ၉ ဇူလိုင် ၁၈၇၂ ရက်စွဲဖြင့် ယင်း၏မှတ်တမ်းတွင် အောက်ပါအတိုင်း မှတ်သားထားခဲ့ပေသည်။

*''ဂျာပံနိုင်ငံမင်းက ပညာသင်ကြားရန် တိုင်းပြည်ဓလေ့ထုံးစံများကို သိကျွမ်းနားလည်စေရန် စေခိုင်းနေထိုင်ရသူ ဂျာပံသားနှင့်တွေ့သည်။*

*၎င်းဂျာပံသားသည် သိုးဆောင်းတို့အဝတ်အစားအတိုင်းဝတ်သည်။ ၎င်းကိုမေးရာ ဂျာပံနိုင်ငံမှာ အလုပ်ရုံ စက်ရုံ မီးရထား လုပ်ဆဲ ဖြစ်ဆဲ တိုးပွားဆဲ ဖြစ်ကြောင်း၊ ယခုလည်း အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ အီတာလျံနိုင်ငံ၊ ရွှတ်နိုင်ငံ (Russia)၊ ပြွပ်ရှားနိုင်ငံ (Prussia)၊ အောစရိယာ နိုင်ငံ(Austria)များသို့ ပညာသင်မိန်းမ/ယောကျ်ား အသီးသီးစေလွှတ်ကြောင်း၊ ၎င်းသိုးဆောင်းနိုင်ငံများအတွင်း ဂျာပံမင်းက ပညာသင်စေလွှတ်သူ မိန်းမယောကျ်ား ပေါင်း ၆၀၀ ကျော်ရှိကြောင်း၊ ဂျာပံနိုင်ငံလည်း အရှေ့တိုင်းပြည်နိုင်ငံ၊ မြန်မာနိုင်ငံ လည်း အရှေ့တိုင်းပြည်နိုင်ငံဖြစ်၍ အရှေ့တိုင်းပြည်နိုင်ငံချင်း ဆက်လက်ကမ်းလှမ်း ပေါက်ရောက်ရလျှင် အကျိုးများစွာဖြစ်ထွန်းရန် အကြောင်းအရာများကိုပြောဆို၍ ကြည်လင်ရွှင်လန်းစွာ ဆက်ဆံပေါင်းသင်းလိုသည့် အခြင်းအရာများကို ပြောဆို၍ ဆက်လက်ကမ်းလှမ်း အဆွေခင်ပွန်းပြုလုပ်သည်''*

ဤမှတ်တမ်းကိုကြည့်လျှင်ပင် နောက်မှလိုက်လာသော ဂျပန်က မြန်မာနိုင်ငံ ၏ရှေ့သို့ ဖြတ်ကျော်တက်သွားပုံကို အထင်အရှားမြင်နိုင်ပါသည်။ ပညာရေးတစ်ခုတည်း ၌ပင်နှိုင်းယှဉ်ကြည့်ပါက နိုင်ငံခြား၌ ဂျပန်ပညာတော်သင် ၆၀၀ ကျော်ရှိနေစဉ် မြန်မာနိုင်ငံ၌မူ မောင်ချမ်းသာ၊ မောင်တရုတ်ဖြူ၊ နေမျိုးမင်းလှသခ်ယာ၊ မောင်မြဲ၊ မောင်မြူနှင့် မောင်အောင်သူတို့မျှသာ ရှိသေး၏။ မြန်မာတို့သင်ယူသော ပညာရပ်မှာ

စစ်မှုနှင့် စက်မှုရေးရာသာဖြစ်၍ ဂျပန်တို့ကမူ ပညာစုံသင်ယူကြလေသည်။ ဤအခြခံ ညံ့ဖျင်းမှုတို့ကြောင့် မြန်မာတို့၏ ပြုပြင်ရေးမအောင်မြင်ရခြင်း အကြောင်းတစ်ခု ဖြစ်ပါသည်။

တခြားတစ်ခုက အင်္ဂလိပ်နယ်ချဲ့၏ အဖျက်အဆီး အနှောင့်အယှက်ကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ပင်လယ်ထွက်ပေါက်မရှိသောကြောင့် အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံကို အမှီပြု၍နေရပေရာ ပြင်ပနိုင်ငံများနှင့် လွတ်လပ်စွာ ဆက်ဆံနိုင် ရေးအခက်အခဲရှိ၏။ စက်မှုထူထောင်ရေးတွင်လည်း နယ်ချဲ့ကိုအံတုနိုင်မည့် လက်နက် စက်ရုံမျိုး ဖြစ်မြောက်အောင် ထူထောင်ခွင့်ရနိုင်မည်မဟုတ်ချေ။ ထူထောင်ထားသမျှ စက်ရုံအလုပ်ရုံတို့တွင်လည်း ခေတ်မီတိုးတက်သော အခြေခံပညာရေးမရှိသောကြောင့် ကျွမ်းကျင်သောစက်မှုပညာရှင်သာမက ကျွမ်းကျင်သောအလုပ်သမားမျှပင် မွေးထုတ် မပေးနိုင်သောကြောင့် နိုင်ငံခြားသားအားကိုးဖြင့် လုပ်ကိုင်နေခဲ့ရပေသည်။ ထို့ကြောင့် နိုင်ငံအတွက် ကုန်ထုတ်လုပ်ရေးတွင်လည်းကောင်း၊ စက်မှုတိုးတက်ရေးတွင်လည်း ကောင်း အကျိုးမဖြစ်ထွန်းခဲ့ချေ။

အချုပ်၏အချုပ်မှာ အမျိုးသားစိတ်ဓာတ် မထွန်းကားသေးခြင်းကြောင့်ပင်ဖြစ် ၏။ တစ်နည်းအားဖြင့် ပြုပြင်ပြောင်းလဲရေးကို ''အမျိုးသားရေးလုပ်ငန်း''၊ ''အမျိုးသား ရေးအသိ''တို့ဖြင့် မတိုင်းတာမူဘဲ ပဒေသရာဇ်၏ ထီးနန်းစည်းစိမ်ခိုင်မြဲရေး ကျားကန် ထားနိုင်ဖို့ကိုသာ မူတည်ချမှတ် အကောင်အထည်ဖော်ခဲ့သောကြောင့် ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေးအသိရှိရန်သည် ဦးစွာ ပဒေသရာဇ် အဆောက်အအုံကို ဖြိုဖျက်ချရပါမည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတို့ကား ဤအချက်ကို နားလည်သဘောပေါက်ခြင်းမရှိခဲ့ကြချေ။ သဘောပေါက်သည်တိုင်အောင်လည်း ပဒေသရာဇ်အာဏာ၊ အခွင့်အရေးများကို စွန့်လွှတ်လိုကြမည်မဟုတ်ချေ။ ဤသည် တို့ကပင်လျှင် ပြုပြင်ရေးကို မအောင်မြင်စေခဲ့ခြင်းဖြစ်တော့၏။

# အခန်း(၃)
## နိုင်ငံခြားဆက်ဆံရေး

ကုန်ဘောင်ခေတ်ဦး မြန်မာအင်္ဂလိပ်ဆက်ဆံရေး ၁၇၅၂ ၁၈၂၄

ကုန်းဘောင်ခေတ်နှောင်း မြန်မာအင်္ဂလိပ်ဆက်ဆံရေး ၁၈၂၆ ၁၈၅၂

ကင်းဝန်မင်းကြီး သံအာမတ်ခန့်အပ်လွှာ

တတိယ မြန်မာအင်္ဂလိပ်စစ် ၁၈၈၅

## အခန်း(၃)
## နိုင်ငံခြားဆက်ဆံရေး

### ကုန်းဘောင်ခေတ်ဦး မြန်မာ–အင်္ဂလိပ် ဆက်ဆံရေး(၁၇၅၂–၁၈၂၄)

အလောင်းမင်းတရားကြီး တတိယမြန်မာနိုင်ငံစည်းရုံးရေး စတင်အကောင်အထည်ဖော်စဉ် အစဦးပိုင်းကာလ ၁၇၅၃ ခုနှစ်၌ ဟိုင်းကြီးကျွန်းတွင် အင်္ဂလိပ် ကုမ္ပဏီက ကုန်တိုက်ခွဲတစ်ခုကို လာရောက်ဖွင့်လှစ်ထားခဲ့သည်။ ကုမ္ပဏီသည် အလောင်းမင်းတရားကြီး အောက်မြန်မာနိုင်ငံသို့ စုန်ဆင်းလာသောအခါ လက်နက်ခဲယမ်းများ ပေးဆက်ကူညီခဲ့လေသည်။ ဤသို့ ကူညီပေးခဲ့သဖြင့် အလောင်းမင်းတရားကြီးက ကုမ္ပဏီသို့ ကုန်သွယ်ခွင့်နှင့်အတူ ချစ်ကြည်ရေးသဝဏ်လွှာတစ်စောင် ကိုပင် ၈ မေ ၁၇၅၆ ရက်စွဲဖြင့် ရေးသားပေးပို့ခဲ့သေးသည်။ သို့သော်လည်း အင်္ဂလိပ်တို့သည် ရိုးသားမှုမရှိခဲ့ကြချေ။ မြန်မာနိုင်ငံ၏ အမျိုးသားစည်းရုံးရေးအတွက် ကြိုးပမ်းလျက်ရှိကြသော ထက်အောက်နိုင်ငံရေးလွန်ပွဲတွင် ယင်းတို့သည် လေ့နံနှစ်ဖက်နင်းလျက် သာရာစီးအခွင့်အရေးကို ရှာခဲ့ကြသည်။ ထို့ကြောင့် အလောင်းမင်းတရားကြီးသည် အင်္ဂလိပ်တို့ကို ဟိုင်းကြီးကျွန်းမှ တိုက်ထုတ်သုတ်သင်ပစ်ခဲ့လေသည်။ ထိုကိစ္စအတွက်

ဒီပဲယင်းမင်းလက်ထက်တွင် လျော်ကြေးရလိုကြောင်းနှင့် ဗိုလ်ကြီး အယ်လ်ဗီး (Capt. Alves) ဆိုသူ ရောက်ရှိလာခဲ့ဖူးသော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။

မြန်မာ–အင်္ဂလိပ်ဆက်ဆံရေးသည် ဗဒုံမင်းလက်ထက်ရောက်သောအခါ ပုံစံအသစ်အသွင်သို့ ကူးပြောင်းလာခဲ့သည်။ ရှေးကကဲ့သို့ စွန့်စားလိုသည့်စိတ်ဓာတ်နှင့် ရောက်လာခဲ့ကြသူများမဟုတ်တော့သကဲ့သို့ အကျိုးအခွင့်ရှာသူများ (Concession seekers)လည်း မဟုတ်ကြတော့ချေ။ နယ်ချဲ့နိုင်ငံရေးအသိဖြင့် ဆက်ဆံလာသော ကဏ္ဍသစ်တစ်ရပ်သာ ဖြစ်တော့သည်။ ဤသို့ပြောင်းလဲရခြင်းမှာ ဗဒုံမင်း ရခိုင်ကို သိမ်းပိုက်ခဲ့ခြင်းသည် အကြောင်းရင်းတစ်ရပ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံအောက်ပိုင်းတွင် ပြင်သစ်တို့ ခြေကုပ်မရရှိရေးလည်း အခြားအကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်လေသည်။

ဗဒုံမင်းသည် ရခိုင်သူကောင်းမျိုးတို့၏ ပင့်ဖိတ်ချက်အရ ရခိုင်ပြည်နယ်ကို ၁၇၈၄ ခုနှစ်တွင် ချီတက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ရခိုင်ကို အောင်မြင်သောအခါ မြန်မာတို့၏ အနောက်ဘက်နယ်နိမိတ်သည် အင်္ဂလိပ်ကုမ္ပဏီပိုင် စစ်တကောင်းနှင့် နယ်နိမိတ်ချင်းဆက်စပ်သွားလေတော့သည်။ ဗဒုံမင်းသည်''ဓညဝတီ'' ရခိုင်ပြည်နယ်ကြီးကို အလိုတော်ပြည့်လျှင် ဓညဝတီပြည် အနောက်မျက်နှာနယ်ခြား ငတ်မြစ်(နတ်မြစ်) ရှင်မပြုကျွန်းကို ပိုင်းခြားတော်မူ၍ ဓညဝတီမြို့ဝန်ခန့်သမျှတို့ စီရင်စေခဲ့သည်။ ရခိုင်တွင် ၁၇၉၄ ခုနှစ်၌ ငပေါလုံ၊ ငခွက်ပေါက်နှင့် ကျွဲတစ်ကောင်နိုင်တို့၏ ပုန်ကန်မှု ပေါ်ပေါက်လာခဲ့သည်။ ထိုပုန်ကန်မှုကိုအကြောင်းပြု၍ အင်္ဂလိပ်မြန်မာဆက်ဆံရေးလည်း ရှေးကနှင့်မတူတော့ဘဲ ပြောင်းလဲလာခဲ့ရလေသည်။ ထို့ကြောင့် အင်္ဂလိပ်မြန်မာ ဆက်ဆံရေးကို ယင်းအခြေအနေတို့မှ စတင်ဆွေးနွေးလိုပါသည်။

ရခိုင်တွင် ပုန်ကန်မှုအရေးအခင်းများ ပေါ်ပေါက်လာသောအခါ မြန်မာအစိုးရသည် ဟံသာဝတီမြို့ ရေဝန်သီရိနန္ဒကျော်သူကို စစ်သည် ၁၅၀၀၀ နှင့် ထားလက်ကြောင်း ရခိုင်သို့ချီစေခဲ့သည်။ ရမ္မာဝတီမြို့ဝန်၊ မေဃဝတီမြို့ဝန်နှင့် ဒွါရာဝတီမြို့ဝန်တို့သည် သီရိနန္ဒကျော်သူတပ်နှင့် ပေါင်းလျက် သူပုန်များကို နှိမ်နင်းသောအခါ သူပုန်တို့ စစ်တကောင်းနယ်တွင်းသို့ ပြေးဝင်ခိုလှုံသွားကြလေသည်။

သူပုန်နောက်သို့ ထပ်ကြပ်မကွာလိုက်သွားသော မြန်မာတပ်များလည်း စစ်တကောင်းနယ်တွင်းသို့ ကျွံဝင်ရောက်ရှိသွားပြီး စစ်တကောင်းနှင့် နှစ်ရက်ကွာ နတ်ရေကန်၌လည်းကောင်း၊ နတ်ရေကန်နှင့် တစ်ရက်ကွာ ဉဒေါင်းပြင်၌လည်းကောင်း အသီးသီး တပ်ချရပ်နားကြလေသည်။ မြန်မာတပ်များရောက်ရှိလာခြင်းအတွက်

ကုမ္ပဏီအစိုးရသည် စိုးရိမ်မကင်းဖြစ်ကာ ဗိုလ်ချုပ်အားစကိုင်း (Major General Erskine)ဦးစီးသည့် စစ်တပ်တစ်တပ်ကို ထိုနေရာသို့ပို့လွှတ်ခဲ့လေသည်။ မြန်မာတပ်များ ယင်းတို့နယ်မြေတွင်းသို့ ပြန်လည်ဆုတ်ခွာသွားရန်ကိုလည်း တောင်းဆိုခဲ့လေသည်။ မြန်မာတပ်တို့ကလည်း သူပုန်လူဆိုးတို့ကိုပေးအပ်မှ ဆုတ်ခွာနိုင်မည်ဖြစ်ကြောင်းဖြင့် ပြန်ကြားခဲ့သည်။

ထိုအခြေအနေအတွင်း နှစ်နိုင်ငံတပ်တို့ကြား တိုက်ခိုက်မှုများလည်း ဖြစ်ပွားခဲ့ပေသည်။ ထို့နောက် မြန်မာဗိုလ်ချုပ် လက်ယာရွှေတောင်သည် စေ့စပ်ဆွေးနွေးရန်အတွက် စစ်ကဲနရာကျော်ခေါင်နှင့် မြို့စာရေးမောင်အောင်တို့ကို စာနှင့်တကွ စေလွှတ်ခဲ့သည်။ စာထဲ၌ သူပုန်တို့ကိုပေးအပ်ရန် တောင်းဆိုထားခဲ့လေသည်။ နောက်ဆုံးကုမ္ပဏီအစိုးရက လိုက်လျောခဲ့သဖြင့် ပြဿနာမှာ ခေတ္တပြေငြိမ်းခဲ့ပေသည်။

ကုမ္ပဏီအစိုးရသည် မြန်မာနှင့် နယ်စပ်ပြဿနာ နောက်ထပ်မပေါ်စေရေးနှင့် ပြင်သစ်တို့ ခြေကုပ်မရရှိနိုင်ရေးအတွက် မြန်မာအစိုးရနှင့် ဆွေးနွေးနိုင်ရန် ၁၇၉၅ ခုနှစ်တွင် မိုက်ကယ်ဆိုင်း (Michael Symes)ကို မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ မြန်မာအစိုးရသည် အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့ကို ကောင်းစွာလက်ခံခဲ့သော်လည်း စာချုပ်ချုပ်ဆိုရေးနှင့် အင်္ဂလိပ်ဘုရင်ခံ၏ ပေးစာတို့နှင့်ပတ်သက်၍ကား ပြန်ကြားခြင်း မပြုခဲ့ချေ။

၁၇၉၆ ခုနှစ်တွင် ဟီရန်ကောက်(Hiram Cox) မြန်မာနိုင်ငံသို့ရောက်ရှိလာ၏။ ရန်ကုန်၌ အင်္ဂလိပ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်နေထိုင်ရန် ရောက်ရှိလာခြင်းဖြစ်သည်။ ယင်းသည် အမရပုရနေပြည်တော်သို့တက်၍ ရောင်းဝယ်ရေးနှင့် နယ်ခြားပြဿနာများကိုဆွေးနွေးရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ပေ။

ရခိုင်၌ ၁၇၉၇–၉၈ ခုနှစ်တွင် ပုန်ကန်မှုများ ပေါ်ပေါက်လာခဲ့ပြန်သည်။ ရှေးကကဲ့သို့ပင် ဗဟိုအစိုးရတပ်များက လိုက်လံတိုက်ခိုက်သောအခါ စစ်တကောင်းနယ်တွင်းသို့ ပြေးဝင်ခိုလှုံကြပြန်သည်။ ဤတွင်လည်း မြန်မာနှင့်အင်္ဂလိပ်တို့၏ နှစ်နိုင်ငံတပ်တို့ကြား ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြန်သည်။

ထိုပြဿနာများ ချုပ်ငြိမ်းပြေလည်သွားစေရန်အတွက် အင်္ဂလိပ်ကိုယ်စားလှယ်တို့ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်ဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှုကားမရရှိခဲ့ပေ။ ထို့အတူ မြန်မာအစိုးရကလည်း ယင်း၏ ကိုယ်စားလှယ်တစ်ဦးကို အိန္ဒိယသို့ စေလွှတ်လျက် မြန်မာအစိုးရကို ပုန်ကန်နေသူတို့အား ပြန်လည်ပေးအပ်ရန် ဆွေးနွေး

တောင်းဆိုခဲ့သေးသည်။ ဤသည်မှာလည်း အောင်မြင်မှုမရရှိခဲ့ချေ။

ဗဒုံမင်းလက်ထက်နောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးအခြေအနေမှာ ပို၍သာဆိုးရွားလာခဲ့လေသည်။ အကြောင်းမှာ အိန္ဒိယရောက် မြန်မာကျွမ်းစုအဖွဲ့များက မဟာရာဇာစော်ဘွားတို့ကို အင်္ဂလိပ်တို့အား တွန်းလှန်တိုက်ခိုက်ကြရန် လှုံ့ဆော်ပေးနေသည်ဟု အင်္ဂလိပ်တို့က စွပ်စွဲသကဲ့သို့ မြန်မာသြဇာခံ အာသံမဏိပူရအရေးတို့၌လည်း အင်္ဂလိပ်တို့က ဝင်ရောက်စွက်ဖက်လာနေသည်ကို မြန်မာအစိုးရက စိုးရိမ်နေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ၁၈၁၆ ခုနှစ်တွင် မြန်မာတပ်များ အာသံသို့ ချီတက်တိုက်ခိုက်ကာ စန္ဒရကန္တရှိန် (Chandra Kanta Singh)အား နန်းတင်ပေးခဲ့သည်။ သို့သော်လည်း ထိုအရေးအခင်းသည် ဤမျှဖြင့် ပြေငြိမ်းမသွားဘဲ ဆက်လက်ယိုယွင်းလာနေခဲ့ပေသည်။ အာသံမျိုးမတ်တို့မှာ မညီမညွတ် ကွဲပြားလျက်ရှိနေသည်။ မြန်မာအစိုးရက တင်ထားသော စန္ဒရကန္တရှိန်အား နန်းမှချခဲ့ကြသည်။ နောက်ဆုံး အင်္ဂလိပ်ပိုင်နယ်တွင်းသို့ ထွက်ပြေးလာခဲ့သော ဗာဒန်စန္ဒရက ကာလကတ္တားတွင် မြန်မာဘုရင့်သူလျှိုတစ်ဦးနှင့် ဆက်သွယ်မိကာ မြန်မာမင်းကို အကူအညီတောင်းခဲ့သည်။ ထို့ကြောင့် ၁၈၁၈ ခုနှစ်တွင် မြန်မာတပ်များ ဒုတိယအကြိမ် အာသံပြည်သို့ ချီတက်တိုက်ခိုက်ကာ စန္ဒရကန္တရှိန်အား နန်းတင်ကြပြန်သည်။

ဗဒုံမင်းသည် အင်္ဂလိပ်တို့၏ အန္တရာယ်ကို ကြိုတင်မြင်ခဲ့သော မင်းဖြစ်သည်။ ယင်းသည် ၁၈၁၆ ခုနှစ်က ''အနောက်မျက်နှာ ဓညဝတီ စသော ရခိုင်လေးမြို့တွင် ဒွါရာဝတီ သံတွဲမြို့သည် နိုင်ငံတော်နှင့်ချောင်းမြစ်မခြား၊ သံတွဲမြို့ ဖြီးခိုင်သာယာစည်ပင်မှ နောင်ကုလားတိုင်းပြည်အရေးရှိခဲ့သော် သံတွဲမြို့ကိုအခြေပြု၍ လုပ်ကြံရမည်ဖြစ်သည်''ဟု မိန့်ဆိုတော်မူခဲ့ဖူးလေသည်။

ထို့ကြောင့် ဒွါရာဝတီမြို့နယ် ပင်လယ်ရေထွက် အမ်းချောင်းမှ ဆင်ဖြူကျွန်းရောဝတီမြစ်ဆိပ်အရောက် တစ်လမ်း၊ အမ်းမှသည် စက်တော်ရာကိုဖြတ်လျက် မင်းဘူးဆိပ်ရောက်တစ်လမ်း လမ်းမကြီးနှစ်သွယ်ကို စစ်ရေးစစ်ရာရည်မှန်းချက်ဖြင့် ဖောက်လုပ်စေခဲ့သည်။ (ယခုအသုံးပြုနေသော ငဖဲ နတ်ရေကန်တောင်ထိပ်လမ်းသည် ဗဒုံမင်းဖောက်ခဲ့သော လမ်းဟောင်းရာဖြစ်သည်။ အချို့နေရာမှာ အုတ်ခင်းထားသောကြောင့် လမ်းကြောင်းဟောင်းကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။)

ဗဒုံမင်းနတ်ရွာစံသောအခါ အရိုက်အရာကို မြေးတော်စစ်ကိုင်းမင်းက ဆက်ခံခဲ့

သည်။ ယင်းလက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုတင်းမာ ရှုပ်ထွေးလာခဲ့သည်။ အထူးသဖြင့် မဏိပူရ ကချာနယ်ကိစ္စများနှင့် စပ်လျဉ်း၍ ဖြစ်လေသည်။ ကချာနယ်သည် မြန်မာ့လက်အောက်ခံဖြစ်၏။ ထိုမှ မြန်မာတို့ကို ပုန်ကန်သူတို့သည် အင်္ဂလိပ်ထံမှ အကူအညီများ တောင်းခံရယူနေကြသည်။ ဤသည်ကိုအခွင့်ကောင်းယူလျက် အင်္ဂလိပ်တို့ကလည်း ကချာနယ်ကို သိမ်းယူရန် စီစဉ်လာခဲ့သည်။ ထိုအချိန်က အင်္ဂလိပ်ဘုရင်ခံချုပ် လော့ဒ်အမ်းမှတ်(Lord Amherst)သည် ကုမ္ပဏီဒါရိုက်တာများထံ အစီရင်ခံရာတွင် ''မြန်မာတပ်များ ကုမ္ပဏီပိုင်နယ်မြေအတွင်း အလွယ်တကူဝင်ရောက်လာနိုင်သောလမ်းမှာ မဏိပူရကချာနယ်ဘက်မှဖြစ်သည်။ မြန်မာတို့ အာသံတွင် စစ်ရေးတိုးတက်များပြားလာခြင်းကို စောင့်ကြည့်ရန်နှင့် ကုမ္ပဏီနယ်မြေတွင်းသို့ ဝင်ရောက်လာမှုကို တားဆီးထားရန်အတွက် ကချာနယ်ကို သိမ်းထားရန်လိုအပ်သည်'' ဟူ၍ ဖော်ပြထားပေသည်။

စစ်ကိုင်းမင်းကလည်း စစ်ရေးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်သည်ဟုသဘောပေါက်သောကြောင့် ၁၈၂၀ ပြည့် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်အရပ်ရပ် စစ်စခန်းစဉ်များကို တည်ဆောက်စီရင်ခန့်ထားစေခဲ့သည်။ အနောက်မျက်နှာတွင် ရွှေမြို့တော်မှ ဆင်ဖြူကျွန်းကြောင်း၊ သံတွဲနယ် ထားလက်ချောင်းဆိပ်ရောက်၊ ထိုမှ ဓညဝတီရောက် ကြည်းကြောင်း၊ ရေကြောင်းများကို မြင်း၊ လှေ၊ လူတို့ဖြင့် စခန်းစဉ်အလိုက် စောင့်နေကြရသည်။ အနောက်မြောက် မျက်နှာစာအတွက် နေပြည်တော်မှ မိုးကောင်းကြောင်း၊ အာသံ ဇူရဟတ်သို့ ကြည်းကြောင်းမြင်းအထောက်စခန်းများ ထားရှိခဲ့သည်။ နိုင်ငံတော်၏ အခြားမျက်နှာစာများသို့လည်း ဤသို့ပင် ကင်းစခန်းများ တည်ဆောက်ထားရှိလေသည်။ သို့သော်လည်း စစ်ကိုင်းမင်းသည် အနောက်မျက်နှာစာကို အရေးအကြီးဆုံးဟု သတ်မှတ်ထားခဲ့ပုံရသည်။ အဘယ်ကြောင့်ဆိုသော် အင်္ဂလိပ်တို့၏ အခြေအနေကို ထောက်လှမ်းနေရသော မြန်မာအထောက်တော်တို့က အင်္ဂလိပ်တို့၏လှုပ်ရှားမှုများအား နေပြည်တော်သို့ အမြဲမပြတ် ထောက်လှမ်း အစီရင်ခံနေသောကြောင့် ဖြစ်ပါသည်။

ကချာနယ်အရေးနှင့်စပ်လျဉ်း၍ အင်္ဂလိပ်တို့ကလည်း စိုးရိမ်ပူပန်မှုများရှိခဲ့သည်။ အိန္ဒိယပြည်အရှေ့မြောက် နယ်ခြားအုပ်ချုပ်ရေးအရာရှိတစ်ဦးဖြစ်သော ဒေးဗစ်စကော့(David Scott)က ကချာနယ်ကို မြန်မာနှင့်အင်္ဂလိပ်တို့က ဝင်ရောက်မစွက်ဖက်ဘဲ သီးခြားလွတ်လပ်သော ကြားခံနယ်(Buffer State)အဖြစ်ထားရှိလျှင်

ကောင်းမည်ဖြစ်ကြောင်း သူ့အစိုးရသို့ တင်ပြခဲ့ဖူးသည်။ ဘုရင်ခံက လက်မခံခဲ့ချေ။ ၁၈၂၄ ခုနှစ်တွင် မြန်မာတပ်များသည် မဏိပူရနယ်အတွင်းသို့ အလုံးအရင်းနှင့် ရှိနေသည်။ နောက်ထပ်လည်း အလုံးအရင်းနှင့်လာနေဆဲဖြစ်ရာ ထိုတပ်များက ကချာနယ်တွင်းသို့တိုင် ချီတက်လာမည်ဟု အင်္ဂလိပ်တို့ကမှန်းထား၏။ အကယ်၍ ဝင်ရောက်လာလျှင်လည်း အင်္ဂလိပ်တို့ကတိုက်ခိုက်ရန် စီစဉ်ထားလေသည်။ ဤတွင် မြန်မာသြဇာခံ ကချာအရေး၌ အင်္ဂလိပ်တို့က စွက်ဖက်ကာ ရန်မီးမွေးလာသည်ကို တွေ့ရှိရသည်။ ၁၇ ဇန်နဝါရီ ၁၈၂၄ ရက်နေ့တွင် ကချာနယ်တွင်းသို့ ချီတက်လာသော မြန်မာတပ်များနှင့် အင်္ဂလိပ်တို့သည် ဝိကရမ္ပူ(Vikrampur)၌ ရင်ဆိုင်တိုက်ပွဲဖြစ်ပွား ခဲ့သည်။ ထိုတိုက်ပွဲတွင် မြန်မာတပ်များ နောက်ဆုတ်ပေးခဲ့ရသည်။

အင်္ဂလိပ်တို့သည် ကချာနယ်၌ ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်ခဲ့သကဲ့သို့ ထို့အတူ ရခိုင်ဘက်တွင်လည်း နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းကိုစွပ်ပေါ်ပေါက်ရန် ဖန်တီး လာခဲ့ပြန်သည်။ အင်္ဂလိပ်တို့သည် ၁၈၂၃ ခု ဇန်နဝါရီ လအတွင်း နတ်မြစ်ထဲသွားလာ နေသော စစ်တကောင်းနယ်သားအချို့ မြန်မာတပ်သားတို့၏ပစ်ခတ်မှုကြောင့် ဒဏ်ရာ များရရှိခဲ့ကြောင်းနှင့်စွပ်စွဲကာ မြန်မာပိုင်ရှင်မဖြူကျွန်းကို တက်ရောက်သိမ်းပိုက်ပြီး တပ်စွဲထားခဲ့ကြလေသည်။ ဧည့်ဝတီမြို့ဝန်က ဤကိစ္စကို ၈ ဩဂုတ် ၁၈၂၃ ရက်စွဲဖြင့် အင်္ဂလိပ်အစိုးရထံသို့ စာရေး၍ကန့်ကွက်ခဲ့လေသည်။ ထို့အတူ ဤအခြေအနေကိုလည်း နေပြည်တော်သို့ အစီရင်ခံခဲ့၏။ ထို့ကြောင့် မြန်မာတပ်များသည် ဗိုလ်မှူး ဝန်ကြီး သတိုးမဟာဗန္ဓုလ၏ အုပ်ချုပ်ကွပ်ကဲမှုဖြင့် ၃၀ ဒီဇင်ဘာ ၁၈၂၃ တွင် နေပြည်တော်မှ ချီသွားကြရသည်။ ရှင်မဖြူကျွန်းပေါ်တွင် တပ်စွဲထားသော အင်္ဂလိပ်တို့ကိုလည်း မြန်မာတပ်များက ၂၃ စက်တင်ဘာ ၁၈၂၃ နေ့တွင် တိုက်ထုတ်ပစ်လိုက်လေသည်။ ဤသို့ မြန်မာတပ်များက စစ်ရေးဖြင့် တန်ပြန်အရေးယူခဲ့ရခြင်းအကြောင်းကို ဧည့်ဝတီမြို့ဝန်က အိန္ဒိယဘုရင်ခံချုပ်ထံ စာရေးအကြောင်းကြားခဲ့သည်။ ထိုစာ၌ အင်္ဂလိပ်တို့ ထပ်မံရောက်ရှိလာလျှင်လည်း အလားတူ မြန်မာတို့က တိုက်ထုတ် မောင်းနှင်ပစ်ရဦးမည်ဖြစ်ကြောင်း ဖော်ပြပါရှိခဲ့သည်။

ထိုစာကိုရရှိသောအခါ အင်္ဂလိပ်တို့သည် မခံမရပ်နိုင်ဖြစ်ကာ မြန်မာတပ်များ မရှိခိုက် ရှင်မဖြူကျွန်းပေါ်သို့ တပ်ခွဲနှစ်ခွဲပို့လွှတ် တပ်စွဲစေခဲ့ပြန်သည်။ ခြောက်ပေါင်ဒါ အမြောက်နှစ်လက်လည်း ပါရှိသည်။ မြန်မာနှင့်အင်္ဂလိပ်တို့သည် ထိုနှစ်ထဲမှာပင် အာသံပြည်နယ်အနှံ့အပြား၌လည်း တိုက်ပွဲများ တပ်စွဲချထားပြန်ကြောင်း ဧည့်ဝတီ

မြို့ဝန် သိသောအခါ ၂၄ ဇန်နဝါရီ ၁၈၂၄ နေ့တွင် မြန်မာတပ်များ ထပ်မံစေလွှတ်လျက် တိုက်ထုတ်ပစ်ခဲ့ရပြန်သည်။ ထိုတိုက်ပွဲ၌ အင်္ဂလိပ်စစ်သင်္ဘော ဆိုဖီယာ (Sophia)[၁]မှ အရာရှိကြီးများကို လက်ရဖမ်းဆီးရမိခဲ့သည်။ ယင်းတို့ကိုပြန်လွှတ်ပေးရန် အင်္ဂလိပ်တို့က တောင်းဆိုသော်လည်း မြန်မာတို့က လွှတ်မပေးခဲ့ချေ။ ဤအရေးအခင်းများကြောင့် အင်္ဂလိပ်တို့သည် မြန်မာတို့အပေါ် စစ်ရေးယှဉ်ပြိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့ရသည်ဟု ဆိုလေသည်။ မြန်မာတို့အပေါ် အင်္ဂလိပ်တို့၏ စစ်ကြေညာချက်ကို ၁၈၂၄ ခုနှစ်၊ မတ်လ၊ ၅ ရက်တွင် ထုတ်ပြန်ခဲ့သောကြောင့် ပထမ မြန်မာ–အင်္ဂလိပ်စစ်ပွဲလည်း ထိုရက်တွင်ပင် စတင်ခဲ့လေတော့သည်။

## ကုန်းဘောင်ခေတ်နှောင်း မြန်မာအင်္ဂလိပ်ဆက်ဆံရေး (၁၈၂၆–၁၈၅၂)

ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သော မြန်မာအင်္ဂလိပ်စစ်ပွဲတွင် စစ်လက်နက် နှင့် ခေတ်မီသေနင်္ဂဗျူဟာသာလွန်သော အင်္ဂလိပ်တို့က စစ်ရေးအသာစီး ရရှိလျက် မြန်မာတို့ကရှုံးနိမ့်ခဲ့ရသည်။ ဧရာဝတီမြစ်ကြောင်းအတိုင်း အင်းဝသို့ ချီလာသော အင်္ဂလိပ်တပ်များ မြင်းခြံလွန်လျက် ရန္တပိုရွာသို့အရောက်တွင် စစ်ကိုင်းမင်းက စစ်ရပ်စဲရေး အမိန့်တော်ကို ထုတ်ပြန်ခဲ့သည်။

*"အင်္ဂလိပ်ဗိုလ်မှူး အရေးပိုင်တို့နှင့် လယ်ကိုင်းမြို့စား ဝန်ကြီးမဟာမင်းလှကျော်ထင်၊ ရွှေခွန်အတွင်းဝန်မင်းကြီးမဟာမင်းလှသီဟသူ၊ အရေးပိုင်တို့ ၂ တိုင်း၊ ၂ ပြည် ရန်စစ်မရှိပြေငြိမ်းအောင် စကားပြော၍ ပြေငြိမ်းတံဆိပ်လက်မှတ်ရေးထိုးသည့်အတိုင်း ပြေငြိမ်းကြစေ။*

*သက္ကရာဇ် ၁၁၈၇ ခု တပေါင်းလဆန်း ၁၁ (၁၆ ဖေဖော်ဝါရီ ၁၈၂၆)နေ့ ရွှေနားခံတော်ပြော့ကြီးမှူး နေမျိုးမင်းလှကျော်ထင်ပြန်"*

---

[၁] ထိုသင်္ဘောအကြောင်းကို Charles Rathbone Low, *History of the Indian Navy* (1613-1863)2 vols. London: Richard Bentley, 1877, I:411&539 တွင် ဖော်ပြပါရှိသည်။ ဘုံဘေသင်္ဘောကျင်းမှ ၁၈၁၄ ခုနှစ်က အရှေ့အိန္ဒိယကုမ္ပဏီအတွက် တည်ဆောက်ခဲ့ပြီး အလေးချိန် ၁၈၉ တန်ရှိကြောင်းသိရသည်။ ပထမမြန်မာအင်္ဂလိပ် စစ်ဖြစ်သောအခါ ယင်းသင်္ဘောလည်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက် လှုပ်ရှားပါဝင်ခဲ့သည်။ စင်စစ် ထိုသင်္ဘောသည် စစ်သင်္ဘောမူ မဟုတ်ချေ။ သို့သော် ၁၆ ပေါင်ဒါ အမြောက်နှစ်လက်နှင့် ဆုံလည်အမြောက်လေးလက် တပ်ဆင်ထားကြောင်းကား သိရှိရသည်။

ထိုအမိန့်တော်ကို အလျားနှစ်မိုက်၊ အနံတစ်မိုက်နှင့် လက်လေးသစ်ရှိသော အင်္ဂလိပ်စက္ကူတွင် အသုံးစာရေး နေမျိုးဇေယျကျော်ထင်က မင်ဖြင့် ရေးသားလျက် စာကို ရွှေပွင့်ခြယ်သောပန်းဖြင့် ဘောင်ခတ်လေသည်။ ထိုစာကို လိပ်လျက် ရွှေပုစွန်ဆီ အိတ်မှာ သွတ်သွင်းသည်။ နောက် ဆင်စွယ်ကျည်တွင်ထည့်သည်။ ထို့နောက် တစ်ဖန် ကတ္တီပါအိတ်တွင် သွတ်သွင်းလျက် ပိုးကြိုးနီဖြင့် အသုံးစာရေး နေမျိုးဇေယျကျော်ထင်က စည်းနှောင်ရသည်။ နောက် တံဆိပ်စုံ ခတ်ရသည်။ ပြီးမှ ဝန်ရှင်တော်လယ်ကိုင်းမြို့စား ဝန်ကြီး မင်းကြီး မဟာမင်းလှကျော်ထင်၊ ရွှေခွန်ဝန် အတွင်းဝန် မင်းကြီးမဟာ မင်းလှ သီဟသူတို့ကိုအပ်၍ ကုလားတို့နှင့် စကားပြောရာ ရန္တပိုရွာရောက် လေှတော်နှင့် ဆောင်ယူစုန်သွားစေခဲ့သည်။

## စစ်ပြေငြိမ်းရေး ဆွေးနွေးပွဲ

ရန္တပိုရွာဆိပ်တွင် ၂၃ ဖေဖော်ဝါရီ ၁၈၂၆ နေ့၌ အင်္ဂလိပ်အရာရှိများနှင့် မြန်မာအရာရှိတို့ ပဏာမငြိမ်းချမ်းရေးဆွေးနွေးကြသည်။ ထိုဆွေးနွေးပွဲတွင် အင်္ဂလိပ်တို့ ဘက်မှ ကြက်တောင်ဗိုလ်ဟု မြန်မာတို့ကခေါ်ဆိုသော ဆာရစ်ချက် ကင်းဘဲလ်(Sir Richard Campbell)က ဦးဆောင်ခဲ့သည်။ မြန်မာတို့ဘက်က တက်ရောက်လာကြသူ အရာရှိကြီးများမှာ

မင်းကြီးမဟာမင်းလှကျော်ထင် (လယ်ကိုင်းမြို့စားဝန်ကြီး)
မင်းကြီးမဟာမင်းလှသီဟသူ (ရွှေခွန်ဝန်၊ အတွင်းဝန်)
မင်းကြီးမဟာသီဟသူ (ဝန်ထောက်)
မင်းကျော်သီရိ (သံတော်ဆင့်)
သင်္ခယာစည်သူ (စာရေးကြီး)
နေမျိုးစည်သူ (စာရေးကြီး)
မဟာမင်းကျော်နော်ရထာ (သာယာဝတီဝန်)တို့ ပါဝင်ကြလေသည်။

ထိုပဏာမဆွေးနွေးပွဲတွင် တပ်များရုပ်သိမ်းရေးကို ဦးစွာဆွေးနွေး သဘောတူကြသည်။ မြန်မာတို့က အင်္ဂလိပ်တပ်များ အလျင်အမြန်ရုပ်သိမ်းနိုင်ရေးအတွက် လေှများကိုစီစဉ်ပေးရန် သဘောတူရသည်။ အသေးစိတ် အင်္ဂလိပ်တို့ တောင်းဆိုချက်များနှင့် မြန်မာတို့ လိုက်လျောသဘောတူရချက်များမှာ ဤသို့ဖြစ်ပါသည်။

*''လှေမပြည့်စုံလျှင်၊ ပြည်မြို့မှာ လှေကိုင့်၍ ရပ်နေရသည့်အတွင်း ပြည်မြို့နှင့် ခရီးသုံးသောင်းကွာအတွင်းကို မြန်မာတပ် မစုန်မလာပါစေနှင့်၊ ပြည်မြို့ကစုန်၍ ရန်ကုန်မြို့မှာရပ်နေသည့်အတွင်းလည်း ရန်ကုန်မြို့မှ ခရီး လေးသောင်းကွာအတွင်း မြန်မာတပ် မစုန်မလာစေနှင့်။ တိုင်းကြီး ၂ တိုင်း၊ ပြည်ကြီး ၂ ပြည် ရန်စစ်မရှိ ပြေငြိမ်း၍ ရှိသည့်အတိုင်း စစ်တောင်း၊ ရွှေကျင်မှာ ရှိသည့်တပ်ကို နုတ်သိမ်းမည်။ မြန်မာတပ်ကိုလည်း နုတ်သိမ်းပါ။ ၂ ဦးက စာလူစေပါမည်။*

*ကသည်းသို့လည်း စာလူ စေလွှတ်နုတ်သိမ်းပါမည်။ မြန်မာတပ်ကို လည်း နုတ်ပါ။ အာသံကြောင်းချီရမည် ဆင့်သည့်တပ်ကိုလည်း နုတ်သိမ်းမည်။ လူ ၁၅၀၀၀ စီးရန် လှေအနက်၊ ၅၀၀၀ စီးရန်လှေကို ၅ ရက်နှင့်ပေးပါ။ လှေရလျှင်ရချင်း စုန်ပါမည်။*

*ယုဒသန် (Adoniram Judson)၊ ဂူဇယ် (Henry Gouger)၊ အာရကျစ် (Sarkies Manook)တို့ ဥစ္စာပစ္စည်းများကို သိမ်းယူသည်ကိုလည်း ၅ ရက်နှင့် ပြန်ပေးပါ။*

*မြိတ်ဝန်၊ ထားဝယ်ဝန်၊ မေဃဝတီမြို့ဝန်၊ ယွန်းကြီးသို့စေသူ နေမျိုးတန် ဆောင်တို့နှင့် မြန်မာမင်း ကျွန်တော်မျိုး ချုပ်ထားရှိသူတို့ကိုလည်း ခေါ်ပါစေသည်။ ရောက်လျှင်ရောက်ချင်း ပေးအပ်ပါမည်''*

စသည့်အချက်များကို ပြောဆိုလက်ခံ သဘောတူခဲ့ကြသည်။

## စစ်လျော်ကြေးသဘောတူညီချက်

ထိုပဏာမသဘောတူညီချက်ရရှိပြီး နောက်တစ်နေ့တွင် အချက်တစ်ဆယ့် တစ်ချက်ပါသော ရန္တပိုစာချုပ်ကို မြန်မာတို့လက်မှတ်ရေးထိုးသည်။ ရန္တပိုစာချုပ်ကား အများပင်သိရှိကြပြီးဖြစ်၍ ဤတွင်မဖော်ပြတော့ပါ။ သို့သော်လည်း စစ်လျော်ကြေးနှင့် ပတ်သက်သည့်အပိုဒ်၏ နောက်ဆက်တွဲများကိုကား ဖော်ပြလိုပါသည်။

*''အင်္ဂလိပ်အရေးပိုင် သံတမန်တို့က စစ်ငြိမ်းစေချင်သော စေတနာအလို ထင်ရှားစေရအောင် ၄င်းအထက် ပဌမအချက်လာသည့်အတိုင်း မြန်မာရှင်ဘုရင်က ဒင်္ဂါးပြားရေ တစ်ကုဋေကိုပေးရမည်ဆိုသော် အလွယ်တကူပေးရအောင် ၄င်းဒင်္ဂါး*

*တစ်ကုဋေတည်းဟူသော မြန်မာအချိန်ငွေတော် ၇၅၀၀၀ အနက် လေးပုံတစ်ပုံတည်းဟူသော ငွေချိန် ၁၈၇၅၀ ကိုပေးပြီးမှ အင်္ဂလိပ်တပ်က ရန်ကုန်မြို့တိုင်အောင် ဆုတ်သွားလိမ့်မည်။ ယခုနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ၁၈၇၅၀ ကို ထပ်၍ပေးလျှင် အင်္ဂလိပ်တပ်က မြန်မာနိုင်ငံထဲမှ အလျင်အမြန် ထွက်သွားလိမ့်မည်။ ကျန်ငွေနှစ်ပုံမှာ ယနေ့မှစ၍ တစ်နှစ်အတွင်းတစ်ပုံ၊ ၄င်းနှစ်နှစ်အတွင်းတစ်ပုံကို မြန်မာနိုင်ငံတွင်းနေသော အင်္ဂလိပ်မင်းအရာရှိတွင်ပေးရမည်''*

ဟူ၍ ဖော်ပြပါရှိလေသည်။

## သိမ်းယူပစ္စည်းအတွက် လျော်ကြေး

မြန်မာအစိုးရသည် စာချုပ်တွင်ပါရှိသည့်အတိုင်း ၁၈၂၆ ခု၊ မတ်လ ၄ ရက်နေ့တွင် သင်္ဘောကြီး ဂူဇယ် (Henry Gouger)[၂] သို့ ရွှေငွေအထည်အလိပ်များကို ပြန်လည်ပေးခဲ့သည်။ ထိုရက်စွဲဖြင့် ပေးခဲ့ရသမျှမှ အစုစုမှာ ၄၈၇၅၉ ကျပ် ၂ မူး ၁ပဲ ဖြစ်သည်။ နောက်နှစ်ရက်အကြာတွင် အထည်အလိပ်ဖိုးငွေ ၈၅၉၁ ကျပ် ၂ မူး ၁ ပဲကိုထပ်မံပေးအပ်သည်။ ထို့ကြောင့်ဂူဇယ်သို့ပေးရငွေပေါင်း ၅၇၃၅၀ ကျပ် ၅ မူး ရှိလေသည်။ ယုဒသန် (Adoniram Judson)[၃] သို့လည်း ဂူဇယ်ကို ပထမပေးသော ရက်မှာပင် ငွေ ၅၁၆၈ ကျပ် ၇ မူး ၁ ပဲ ၄ ရွေးတန်ဖိုးရှိသော ရွှေချိန် ၂၅၈ ကျပ် ၄ မူး ၆ ရွေးကို ပေးခဲ့ရသည်။

---

[၂] ယင်းသည် စစ်ကာလအတွင်း အင်းဝတွင် အင်္ဂလိပ်သူလျှိုဟု မြန်မာတို့က ယုံကြည် ယူဆသဖြင့် အဖမ်းခံနေရသူဖြစ်သည်။ ရန္တပိုစစ်ပြေငြိမ်းရေး ဆွေးနွေးပွဲတွင် မြန်မာစကားပြန်အဖြစ် ပါဝင်ခဲ့သည်။ စစ်လျော်ကြေးငွေကို မူလက မဒရပ်ရူပီးနှင့်တောင်းဆိုခဲ့သည်ကို ပို၍တန်ဖိုးကြီး သော စီကာရူပီးနှင့်တောင်းဆိုရန် အင်္ဂလိပ်တို့ကိုအကြံပြုခဲ့သူဖြစ်သည်။ ထို့ကြောင့် မြန်မာတို့ စစ်လျော်ကြေးငွေ ပို၍ပေးဆောင်ခဲ့ရသည်။ ထိုအကြောင်းကို ယင်းရေးသားခဲ့သော Personal Narrative of Two Years Imprisonment in Burmah (1860)တွင် တွေ့ရှိဖတ်ရှုနိုင်ပါသည်။ ငါတို့အပေါ် ယင်း၏နာကြည်းချက်ဖြင့် အကောင်းဆုံး လက်စားချေခဲ့ခြင်းဟုဆိုသည်။

[၃] မြန်မာတို့က ယုဒသန်ဟုခေါ်ဆိုသောပုဂ္ဂိုလ်မှာ အမေရိကန်သာသနာပြုဆရာ Adoniram Judson ဖြစ်သည်။ စစ်အတွင်းကာလက ယင်းကိုလည်း မြန်မာမင်းအစိုးရက သူလျှိုဟု ယုံကြည်ကာ ဖမ်းဆီးထားခဲ့သည်။ စစ်ပြေငြိမ်းရေးရန္တပိုတွင် နှစ်ဖက်အစိုးရ ကိုယ်စားလှယ်တို့ စေ့စပ်ပြောဆိုကြသည့်အခါ ယင်းလည်း ပါဝင်ခဲ့ရသည်။ ယင်းသည် မြန်မာအင်္ဂလိပ်အဘိဓာန် ကိုပြုစုခဲ့သဖြင့် မြန်မာ့စာပေ သမိုင်းတွင် အဦးဆုံးသော အဘိဓာန်ဆရာအဖြစ် ထင်ရှားခဲ့သည်။

## စစ်လျော်ကြေးငွေ ပထမအရစ်

မြန်မာတို့သည် စာချုပ်နောက်ဆက်တွဲပါ သဘောတူညီချက်အရ ရန္တပိုတွင် စစ်လျော်ကြေး ပထမအရစ်ငွေ ၁၈၇၅၀ ပိဿာကို ပေးရန်ရှိသောကြောင့် ၁၈၂၆ ခု ဧပြီလ ၁၉ ရက်နေ့တွင် ရွှေငွေများကို ရန္တပိုသို့ပို့၍ ပေးချေကြရသည်။ ထိုတွင် ပေးရန်ယူဆောင်သွားသော ရွှေချိန်ပေါင်းမှာ ၇၈၁ ပိဿာ ၆ ကျပ် ၆ မူး ၄ ရွေး၊ ငွေသားတန်ဖိုးအားဖြင့် ၁၅၆၃၀၉၃ ကျပ် ၇ မူး ၁ ပဲနှင့် ငွေသားချိန် ၄၉၉၄ ပိဿာ ၆ ကျပ် ၂ မူး ၁ ပဲ (ကျပ်ချိန် ၄၉၉၄၀၆ ကျပ် ၂ မူး ၁ ပဲ)ရှိသည်။ နှစ်စုပေါင်းသော် ငွေသားချိန် ၂၀၆၂၅ ပိဿာ ရှိလေသည်။

ဤတွင် မြန်မာတို့ စစ်လျော်ကြေးငွေပေးရပုံကို အနည်းငယ်တိုးချဲ့ ဆွေးနွေးလိုပါသည်။ စာချုပ်ပါစစ်လျော်ကြေးငွေ တစ်ကုဋေသည် အိန္ဒိယသုံး စီကာဒင်္ဂါး (Sicca)တန်ဖိုးနှင့် ဖော်ပြခြင်းဖြစ်သည်။ မြန်မာငွေတန်ဖိုးဖြင့်ဆိုမူ ရွက်နီ[၄] ပိဿာချိန် ၇၅၀၀၀ ဟု ဖော်ပြသည်။ သို့ဖြစ်ရာ အိန္ဒိယစီကာဒင်္ဂါး ၁၀၀၀၀၀၀၀ ကို မြန်မာကျပ်ချိန် ၇၅၀၀၀၀၀ နှင့် ညီမျှသည်ဆိုလိုပေသည်။ တစ်နည်းလည်း မြန်မာရွက်နီငွေကို စီကာဒင်္ဂါးထက် ၂၅ ရာခိုင်နှုန်း ပိုမိုတန်ဖိုးထားကြောင်း သိသာသည်။

သို့သော်လည်း စစ်လျော်ကြေး ပထမအရစ်ပေးချေကြရသောအခါ မြန်မာငွေနီချိန်တန်ဖိုး ၂၀၆၂၅ ပိဿာရှိသည်ကို တွေ့ရှိရသည်။ ယင်းကို ၂၅ ရာခိုင်နှုန်း တန်ဖိုးနိမ့်သော စီကာဒင်္ဂါးဖြင့် ဖလှယ်သော် ၂၇၅၀၀၀၀ ရူပီး ရရှိပါသည်။ ပေးရမည် သတ်မှတ်ငွေထက် များစွာပိုမိုနေသည်ကို သတိထားမိပါသည်။ အမှန်စင်စစ် တစ်ရစ်လျှင် မြန်မာငွေကောင်း(ရွက်နီ)ချိန် ၁၈၇၅၀၀ ပိဿာ သို့မဟုတ် စီကာရူပီး ၂၅၀၀၀၀၀ သာရှိရမည်ဖြစ်ပါသည်။ ပေးချိန်ကြစဉ်က ရွက်နီတန်ဖိုးဖလှယ်ပြီး ဖြစ်ပါသည်။ မြန်မာတို့ရှုံးသလောက် ပိုပိုကြီးကြီးပေးထားသည်ဟု ထင်ရပေသည်။ ပိုငွေမှာ ၂၅၀၀၀၀ ကျပ် ရှိပါသည်။

[၄] ရွက်နီသည် သတ္တုဆယ်ရာခိုင်နှုန်း အရောအကပါသော စံထားငွေဖြစ်သည်။ မင်းတုန်းမင်းလက်ထက် ဒင်္ဂါးမထုတ်လုပ်မီက သုံးစွဲခဲ့သော တရားဝင်ငွေဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် တန်ဖိုးသတ်မှတ်ရန်မှန်သမျှ ရွက်နီဖြင့် ဆုံးဖြတ်ပြောဆိုသုံးစွဲရသည်။

**စစ်လျော်ကြေး ဒုတိယရစ်**

ဒုတိယအရစ်စစ်လျော်ကြေးငွေကို ပထမအရစ်ပေးပြီးသည်နောက် ရက်ပေါင်း ၁၀၀ အတွင်း ပေးရမည်ပါသည့်အတိုင်း ၁၈၂၆ ခု၊ ဇွန်လ ၈ ရက်နေ့တွင် ရန်ကုန်၌ ပေးချေကြရသည်။ စက်တင်ဘာ ၃ ရက်နေ့တွင်မှ ပေးဆပ်ချိန်တွယ်၍ ပြီးစီးလေသည်။ ပေးရသည့်ရွှေချိန်မှာ ၁၅၄ ပိဿာ ၁၈ ကျပ် ၃ မူး ၃ ရွေးဖြစ်၍ ရွက်နီငွေဖြင့် တန်ဖိုးသက်သော် ၃၀၈၃၆၆ ကျပ် ၃ မူး ၁ ပဲ ရလေသည်။ ငွေသားလိုက် ပေးဆောင်ရသည်မှာ ၁၇၅၄၃၃၃ ကျပ် ၃ မူး ၁ ပဲ ရှိပေသည်။ ရွှေငွေတန်ဖိုး နှစ်ရပ်ပေါင်းသော် ၂၀၆၂၅၀၀ ကျပ် ရလေသည်။ ပထမအရစ်မှာကဲ့သို့ အပိုအကြိုရှိသည်ကို တွေ့ရှိရပေသည်။ ဤမျှ အချိန်ကြာနေရသည်မှာ မြန်မာတို့ပေးသော ရွှေငွေတို့ကို အင်္ဂလိပ်တို့ အလွန် ဂရုကြီးစွာဖြင့် စစ်ဆေးလက်ခံနေသောကြောင့် ဖြစ်ပါသည်။

**အင်္ဂလိပ်ဌာနေကိုယ်စားလှယ်**

ရန္တပိုစာချုပ်၏ သတ္တမအပိုဒ်တွင် နှစ်နိုင်ငံနေပြည်တော် ရာဇဓာနီတို့၌ ကိုယ်စားလှယ်များ အပြန်အလှန်ထားရှိရေး သဘောတူခဲ့ကြသည်။ တစ်ဆက်တည်းပင် အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုနိုင်ရေးကိုလည်း ဖော်ပြထားလေသည်။ ထိုအချက်ကို မူတည်လျက် အင်္ဂလိပ်ကိုယ်စားလှယ်တစ်ဦး ၁၈၂၆ ခု၊ စက်တင်ဘာ ၃၀ ရက်နေ့တွင် အင်းဝနေပြည်တော်သို့ ချရပ်နေထိုင်ရန် ရောက်ရှိလာခဲ့သည်။ ထိုပုဂ္ဂိုလ်ကား တနင်္သာရီတိုင်းမင်းကြီးဖြစ်သူ ဂျွန်ကရောဖိုဒ် (John Craw Ford)ဖြစ်သည်။ ယင်းကို ထိုခေတ်မြန်မာတို့က ကြောပွတ်ဟူ၍ ခေါ်ခဲ့ကြသည်။

**ရောင်းဝယ်ရေးစာချုပ် ချုပ်ခြင်း**

ကရောဖိုဒ်သည် စစ်ကိုင်းမင်းကို အောက်တိုဘာ ၂၃ ရက်နေ့တွင် ဖူးမြော်ခွင့် ရရှိခဲ့သည်။ ထို့နောက် ရန္တပိုစာချုပ် သတ္တမအချက်တွင်ပါသည့်အတိုင်း ရောင်းဝယ်ရေး စာချုပ်တစ်ခုကို ချုပ်ဆိုနိုင်ရေးအတွက် ကရောဖိုဒ် ကြိုးပမ်းခဲ့သည်။ ၁၈၂၆ ခု၊ နိုဝင်ဘာ ၂၃ ရက်နေ့တွင် ဇေယျာပူရမြို့ (စစ်ကိုင်း)မြစ်ဆိပ် စကားပြောတဲတွင် ဆောမြို့စား အတွင်းဝန် မင်းကြီးသီရိမဟာသင်္ကြန်၊ ကျီဝန်အတွင်းဝန် မင်းကြီးမဟာ မင်းလှသီဟသူ တို့နှင့် အချက်လေးချက်ပါ ရောင်းဝယ်ရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

**အိန္ဒိယသွား မြန်မာသံအဖွဲ့**

အင်္ဂလိပ်တို့က မြန်မာနိုင်ငံသို့ သံကိုယ်စားလှယ်လွှတ်သကဲ့သို့ မြန်မာတို့က လည်း အိန္ဒိယသို့ သံကိုယ်စားလှယ်လွှတ်ခဲ့ပါသည်။ မြန်မာသံကိုယ်စားလှယ်မှာ သံတော်ဆင့် ရတနာထမ်းစင်တော်မှူး မင်းလှရာဇာနှင့် ရေဝန်နေမျိုးနန္ဒသူတို့ဖြစ်သည်။ ၄င်းတို့ မည်သည့်ရက်က အိန္ဒိယသို့ထွက်ခွာလျက် မည်သည့်ရက်တွင် ပြန်ရောက် ကြောင်းကိုကား မတွေ့ရှိရသေးချေ။ ဘာနေ (Major Burney)မှတ်တမ်းတွင်လည်း မြန်မာသံအဖွဲ့ ၁၈၂၇ ခုနှစ်က ဘင်္ဂလားမှ မော်လမြိုင်သို့ ရောက်ရှိနေပြီဖြစ်ကြောင်းသာ သိရှိရပါသည်။

> *'ရန္တပိုစာချုပ်အတိုင်း တတိယအစုငွေကို (၁၁၈၈)ခု၊ တပေါင်းလပြည့် ကျော် ၄ ရက်နေ့တွင် ပေးရန်ရှိသည်။ သံတမန်တို့ ဘင်္ဂလားမြို့သို့ ကူးသွားရသော ကြောင့် ချိန်းဆိုသည့်နေ့ထက် ကျူးလွန်၍ ကုမ္ပဏီမင်းက ကြက်တောင် ဗိုလ်ချုပ်မင်းထံသို့ စကားမပြန်၊ မပြောမဆို၊ မလွဲအပ်သည့်အတိုင်း သံတမန်တို့ကို ပြန်၍စေလွှတ်သည်'*

ဟူ၍ အမှတ်အသားရှိပေရာ တစ်နှစ်အတွင်းပေးရမည်ဟူသော ရန္တပိုစာချုပ်ပါကတိကို မြန်မာတို့က နှစ်လကျော်မျှပျက်ကွက်ကျူးလွန်ခဲ့သည်ကို တွေ့ရသည်။

''ဘင်္ဂလားသို့ကူးသွားရသောကြောင့်''ပါဟု မြန်မာတို့ကအကြောင်း ပြထားလျက်ရှိသည်။ စင်စစ် မြန်မာတို့ ငွေကြေးမပြည့်မစုံဖြစ်နေသော ကြောင့်ဟု ယုံကြည်ရပါသည်။ ယုံကြည်ရအောင်လည်း ဤသို့ အမှတ်အသားပါရှိသည်။

> *'မော်လမြိုင်မြို့ ဗိုလ်ချုပ်မင်းထံသို့ရောက်လျှင် သံတမန်တို့က အထက် စာချုပ်တွင်ပေးရန် တတိယအစုငွေများကို နှစ်ရှည်လများဆိုင်းငံ့ပါ အခွင့်တောင်း လျှင် အခွင့်မပေး။ တော်သလင်းလဆန်း ၁၄ ရက်နေ့ တိုင်ရောက်လျှင် ပေးဆပ်ရမည်။ ဗိုလ်ချုပ်မင်းကဆိုသောကြောင့် သံတော်ဆင့်ရတနာထမ်းစင်မှူး မင်းလှရာဇာ၊ ရေဝန်နေမျိုးနန္ဒသူတို့နှစ်ယောက်က မြန်မာရှင်ဘုရင်အတွက် ကတိသစ္စာနှင့် သဘောတူစာချုပ် လက်မှတ်ရေးပေးပါသည်'*

ဟူ၍ မြန်မာတို့မှတ်သားခဲ့ကြသည်။ သို့သော်လည်း တော်သလင်းလဆန်း ၁၄ ရက် ဟူသောရက် ၉၀ ခွာပေးသည့်တိုင်လည်း မြန်မာတို့ အကျေပေးဆပ်နိုင်ခြင်းမရှိသေးပါ။ သို့ဖြစ်၍လည်း

*'တတိယပေးစုသင့်ငွေစီကာ ဒင်္ဂါးပြားရေ ၂၅၀၀၀၀၀ ကို ယခု စာချုပ်သည့်နေ့ကစ၍ ၂၅ ရက်အတွင်း တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့တိုင်ရောက်လျှင် အပြေပေးပါမည်။*

*အထက်ပေးသည့်အငွေများကို နေ့ရက်မကြာမရှည် ဆိုင်းလင့်ပေးသောကြောင့် အင်းစာရင်း အမှန်အကန်ရောက်အောင် တစ်ဦးနှင့်တစ်ဦး ညင်းခံ့ရန်ရှိကြသည်ကို သံတမန်တို့က ကတိစာချုပ်ထားသည် နောက်ကျန်သည့်ပေးရန် ငွေနှစ်စုအတွက်ကို မြန်မာရွှေပေးလျှင် ရန်ကုန်မြို့တွင်ပေးသည့်ငွေ၊ နောက်စာရင်းထွက်သည့်တိုင်း တွက်စစ်ပေးပါမည်။*

*အထက်ဆိုသည့်ကတိအတိုင်း ရန္တပိုစာချုပ်တွင် စတုတ္ထအစုပေးရန်ငွေကို ၁၁၉၀ ပြည့်၊ တော်သလင်းလပြည့်ကျော် ၅ ရက်နေ့ဟူသော ယခု စာချုပ်သည့်နေ့က ရက်ပေါင်း ၄၅၀ တိုင်ရောက်လျှင် အထက်ဆိုသည် တတိယငွေစုအတိုင်း အရက် ၅၀ နှင့် ပြေလည်အောင် ပေးဆပ်ပါမည်'*

ဟူ၍ မြန်မာသံကိုယ်စားလှယ်တို့ ကြက်တောင်ဗိုလ် (Sir Archibald Campbell)ထံတွင် ကတိခံဝန်ပြုလျက် လက်မှတ်ရေးထိုးခဲ့ကြရခြင်းဖြစ်သည်။

## ရန်ကုန်အရေးအခင်း

ဤတွင် အောက်မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော အရေးအခင်းတစ်ခုကို တင်ပြလျက် အင်္ဂလိပ်မြန်မာ ဆက်ဆံရေးအခြေအနေတို့ကို ဆွေးနွေးရန်လိုပါသည်။

မြန်မာအင်္ဂလိပ် ပထမစစ်ဖြစ်သောအခါ အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို ၁၈၂၄ ခု၊ မေလ ၁၁ ရက်နေ့တွင် စတင်တိုက်ခိုက်ခဲ့သည်။ ထိုမှ ခြေကုပ်ရခဲ့သောအင်္ဂလိပ်တို့သည် စစ်ပြီးသည့်ကာလတိုင် ပုသိမ် ၃၂ မြို့၊ မုတ္တမ ၃၂ မြို့နှင့် ဟံသာဝတီ ၃၂ မြို့စသော အောက်မြန်မာနိုင်ငံကို ၁၁၈၈ ခု နတ်တော်လဆန်း ၁၀ ရက်၊ ခရစ်နှစ် ၁၈၂၆ ခု၊ ဒီဇင်ဘာလ ၉ ရက်နေ့တိုင် နှစ်နှစ်ခွဲမျှ သိမ်းပိုက်ထားခဲ့ကြသည်။

စစ်လျော်ကြေးကိစ္စဖော်ပြသော ရန္တပိုစာချုပ်၏ နောက်ဆက်တွဲ သဘောတူညီချက်၌ စစ်လျော်ကြေးငွေ ဒုတိယအရစ်ပေးပြီးပါက အင်္ဂလိပ်တပ်များ ရန်ကုန်မှ ထွက်ခွာကြမည်ဟု ကတိဝန်ခံချက်ရှိသည်။ မြန်မာတို့သည် ထိုစစ်လျော်ကြေး ဒုတိယအရစ်ကို ၁၈၂၆ ခု၊ ဇွန်လ ၉ ရက်နေ့တွင် ပေးချေခဲ့သည်။ ထိုနှစ်

စက်တင်ဘာလ ၃ ရက်နေ့တွင် ပေးချေပြီးပြတ်ခဲ့သည်။ သို့ဖြစ်ရာ အင်္ဂလိပ်တပ်များ ရန်ကုန်မှ နုတ်သိမ်းသွားရန်သာရှိတော့သည်။ သို့သော်လည်း အင်္ဂလိပ်တို့ကား တပ်များ မရုပ်သိမ်းခဲ့ကြပါ။ ၁၈၂၆ ခု၊ ဒီဇင်ဘာလ ၈ ရက်နေ့တိုင် ဆက်လက်ချထားဆဲ ဖြစ်ပါသည်။ ဒီဇင်ဘာ ၉ ရက်နေ့ရောက်မှ ရန်ကုန်မြို့ရှိ အင်္ဂလိပ်အလံကိုချ၍ မြန်မာအလံကိုတင်ပြီး အင်္ဂလိပ်တပ်များ ဆုတ်ခွာပေးခဲ့သည်။

အင်္ဂလိပ်တပ်များ ထွက်သွားလျှင် ထွက်သွားချင်း၊ အောက်မြန်မာနိုင်ငံရှိ မွန်တို့က ရန်ကုန်ရှိ မြန်မာတပ်များကိုတိုက်ခိုက်ကြသည်။ တိုက်ခိုက်ပုန်ကန်မှုသည် သွေးရိုးသားရိုးမဟုတ်ပါ။ အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားသည့် ကာလအတွင်း တိုင်းရင်းသားချင်းချစ်ကြည်ရေးကို ပျက်ပြားစေ၍ စည်းလုံးမှုကို ဖြိုခွင်းထားခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ အောက်မြန်မာနိုင်ငံမှ ယင်းတို့တပ်များကို ရုပ်သိမ်းပေးခဲ့ရပြီးနောက် တိုင်းရင်းသားချင်း ချစ်ကြည်ရေးကိုပျက်ပြားစေမည့် ချိန်ကိုက်ဗုံးတစ်လုံးကို စစ်ရှုံးမြန်မာတို့အတွက် အင်္ဂလိပ်တို့က မဟာမိတ်လက်ဆောင်ချန်ထားခဲ့ခြင်းဟု ဆိုရပါမည်။ သို့ကြောင့်လည်း ''အင်္ဂလိပ်နှင့် စစ်တိုက်ကြသည့်ကာလ မိတ်ဆွေသင့်တင့်ကြသည့်မြို့များက ကျေးကျွန်(မူ)ဖြစ်စေ''ဟူသောအပိုဒ်ကို ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ အာသံမဏိပူရတို့ကို အထင်အလင်းဖော်ပြပြီးဖြစ်ရာ ထိုအပိုဒ်၏ဆိုလိုချက်သည် အောက်မြန်မာနိုင်ငံမှလွဲ၍ အခြား မည်သည့်ဒေသကိုမျှ ရည်ညွှန်းခြင်းမဟုတ်ကြောင်း ထင်ရှားပါသည်။

## စစ်လျော်ကြေး စတုတ္ထရစ်

မူလစာချုပ်၌ စတုတ္ထရစ်စစ်လျော်ကြေးကို နှစ်နှစ်အတွင်းပေးရန် ဖြစ်ပေသည်။ သက္ကရာဇ် ၁၁၈၉ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (၁၄ မတ် ၁၈၂၈)သည် နှစ်နှစ်ပြည့်မြောက်သော ကာလပင်ဖြစ်ပေသည်။ သို့သော်လည်း ထိုရက်၌ မြန်မာတို့ စစ်လျော်ကြေးငွေကို ကျေလည်အောင်မပေးဆောင်နိုင်ပါ။ စင်စစ် မြန်မာတို့ တတိယအရစ်ကတည်းက ငွေကြေးအကျပ်အတည်းနှင့် ကြုံတွေ့နေခဲ့ရပြီဖြစ်ပါသည်။ စတုတ္ထအရစ်တွင်ကား ပို၍ဆိုးရွားသောအခြေအနေနှင့် မြန်မာတို့ရင်ဆိုင်နေရပါသည်။ မြန်မာတို့က ရွက်နီငွေဖြင့်ပေးဆပ်လိုကြောင်းတင်ပြခဲ့သည်ကို အင်္ဂလိပ်တို့ကပယ်ချခဲ့ရုံမျှမက

*'မြန်မာမင်းတို့ပေးသမျှငွေကို ဘင်္ဂလားတွင် ချွတ်မှတ်ရာ လျော့ပါသည်။*

*ကျန်ရရန် ဒင်္ဂါး ၆၅၄၂၃၂ မြန်မာဒင်္ဂါးချိန်ဖြစ်လျှင် ၄၉၉၄၁၃ ၉ဂျူး ကျပါသည်။*

*သည့်စာရင်းကိုလည်း အင်္ဂလိပ်မင်းအမှာစာနှင့် ရောက်လာပါသည်။ ပေးရန်ငွေကို လည်း ပြေအောင်ပေးပါ။ နောက်ကိုလည်း နှစ်တိုင်းနှစ်ပြည်မိတ်ဆွေအဖြစ် ပြောဆိုကြရန် ရှိပါသေးသည်'*

ဟူ၍ အင်္ဂလိပ်ကိုယ်စားလှယ်က အခြောက်အလှန့်ဖြင့် ထပ်မံတောင်းဆိုခဲ့သည်ကို လည်းတွေ့ရသည်။

မြန်မာတို့ပေးသမျှငွေကို အင်္ဂလိပ်တို့ မျက်စိမှိတ်၍ ယူသွားခြင်းမဟုတ်ပါ။ ငွေကြေးသတ္တုတွင် စနစ်တကျတတ်ကျွမ်းသော အင်္ဂလိပ်ငွေကဲခတ် ပညာရှင်များ ရှေ့မှောက်တွင် မြန်မာတို့က ပေးချိန်ခဲ့ခြင်းဖြစ်ပါသည်။ သုံးရစ်သုံးကြိမ်ယူပြီးပါမှ ငွေမစစ်ခြင်း၊ မပြည့်ခြင်းဟူသောစကားသည် အလွန်ချင့်ချိန်ပြီးမှ ယုံကြည်သင့်သော စကားဖြစ်သည်။ ထို့အပြင် သတ်မှတ်ထားသောနေ့ရက်ထက် ကျော်လွန်မှပေးခဲ့ပါလျှင် ''ငွေ ၁ လျှင် တစ်လ ၁ိ တိုးနှင့် လစဉ်လတိုင်း တစ်လလျှင်တစ်ကြိမ် ရှင်းလင်း ပေးဆောင်ရမည်''ဟုလည်း သတ်မှတ်လာခဲ့ပါသည်။

မြန်မာတို့သည် စစ်လျော်ကြေးငွေကို ၁၈၂၃ ခု၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင်မှ အပြီးအစီးပေးချေပြီးခဲ့သည်။ ပေးချေပြီးစီးကြောင်းကိုလည်း မြန်မာတို့က သက္ကရာဇ်တစ်ခုတင်ခဲ့သည်။ ထိုသက္ကရာဇ်က အောက်ပါအတိုင်းဖြစ်ပါသည်။

*'ရတနာပူရ အဝရွှေမြို့တော်တွင် ဝန်ကြီးမင်း အတွင်းဝန်ကြီးမင်းတို့နှင့် အင်္ဂလိပ်အရေးပိုင် မဟာဇေယနော်ရထာတို့ နှစ်ဦးစာချုပ်ထားကြသည့်အတိုင်း၊ ရန်ကုန်မြို့တွင် အရေးပိုင် ဟံသာဝတီဝန်ကြီး မင်းမဟာမင်းလှရာဇာ ဆင့်ဆိုချက်နှင့် ဝန်ထောက် မဟာမင်းထင်ကျော်၊ စာရေးကြီး နေမျိုးမင်းထင်၊ အဝေးရောက်စာရေး နေမျိုးနော်ရထာတို့ အစုံအညီ ငွေခံယူသူ အမြောက်ဗိုလ် ဇော်ရဇီ ဟာရီရော်လင် သည် စကားပြန်အိဖြူတို့သို့ ၁၁၉၃ ခု ပြာသိုလပြည့်ကျော် ၂ ရက် (၁၉ ဇန်နဝါရီ ၁၈၃၂) နေ့သွင်းငွေ ၅၈၇။ ၄င်းနှစ် တပို့လပြည့်ကျော် ၁၂ ရက် (၂၈ ဖေဖော်ဝါရီ ၁၈၃၂) နေ့ သွင်းငွေ ၅၁၀။ ၎င်းနှစ် ဝါဆိုလဆန်း ၃ ရက် (၃၀ ဇွန် ၁၈၃၂)နေ့ သွင်းငွေ ၂၂၇။ ၎င်းနှစ် ဝါခေါင်လဆန်း ၆ ရက် (၂ ဩဂုတ် ၁၈၃၂)နေ့သွင်း ၈၂၅။ ၎င်းနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၃ အောက် တိုဘာ ၁၈၃၂) နေ့သွင်းငွေ ၆၆၀။ ၎င်းနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက် (၂၇ အောက် တိုဘာ ၁၈၃၂)နေ့ သွင်းငွေ ၃၂၃၁ိ ၉ျူး ၁ဲ သွင်း။ ၈ ရပ်သွင်း မြန်မာငွေ ကောင်းချိန် ၄၉၉၄၁ိ ၉ျူး ကို ၁၁၉၃ ခု ပြာသိုလဆန်း ၂*

*ရက် (၂ ဇန်နဝါရီ ၁၈၃၂)နေ့က ရက်ပေါင်း ၂၉၇ ရက်နှင့် သွင်းပေးပြီးပြေသည်။ ရန္တပိုစာချုပ်တွက် မြန်မာအရာရှိတို့က အင်္ဂလိပ်အရာရှိတို့သို့ပေးရန် စီကာဒင်္ဂါး တစ်ကုဋေအကျ မြန်မာငွေကောင်းချိန် ၇၅၀၀၀။ မဟာဇေယနော်ရထာက နောက်ပြောဆို၍ ဒင်္ဂါးသွင်းလုပ်ရာ တစ်ကုဋေမပြည့်လေသည့်အတွက် ငွေ ၄၆၇၆ ရွှေ ၉ ကျပ်ခွဲ ၂ စု မြန်မာငွေချိန် ၇၅၄၆၇၆ ရွှေ ၉ ကျပ်ခွဲ၊ စီကာဒင်္ဂါး တစ်ကုဋေပြည့်အောင်သွင်းပေးပြီး ပြေသည်ဖြစ်၍ မြန်မာသက္ကရာဇ် ၁၁၉၄ ခု တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့၊ အင်္ဂလိပ်သာသနာသက္ကရာဇ် ၁၈၃၂ ခု အောက်တိုဘာလ ၂ (၇)ရက်တွင် မြန်မာအရေးပိုင် ဟံသာဝတီဝန်ကြီး မင်းကြီးမဟာမင်းလှရာဇာ၊ ဝန်ထောက် မဟာမင်းထင်ကျော်၊ စာရေးကြီး နေမျိုးမင်းထင်၊ နေမျိုးမင်းလှဇေယသူ၊ အဝေးရောက်စာရေး နေမျိုးနော်ရထာ၊ ရေဝန် နေမျိုးမင်းလှကျော်စွာ၊ နေမျိုးရဲခေါင်ကျော်ထင်၊ အခွန်ဝန်မင်းငယ် စည်သူတို့ အစုံအညီ အင်္ဂလိပ် အရေးပိုင် မဟာဇေယနော်ရထာ၊ ငွေခံယူသူ အင်္ဂလိပ် အမြောက်ဗိုလ် ဇော်ရဇီ ရော်လင် စသည်တို့ ပြေစာလက်မှတ်ရေးပေးသည့်ကာလ သိရှိသူ အကောက်ဝန် မဟာသီရိဓမ္မရတ် သဘော်သူကြီး မဟာဘောဂရာဇာသူ၊ အဆောင်တော်မြဲ သီရိသီဟသူ၊ နေမျိုးမင်းထင်ရာဇာ’*

ထိုစာကို အရေးပိုင်မယ်စယ်ဘော်ရနီ (Major Burney) မြန်မာတွဲ့ မဟာဇေယနော်ရထာနှင့် အမြောက်ဗိုလ် ဇော်ရဇီဟရီရော်လင်(G.H.Rawlinson)စသည်တို့ လက်မှတ်ရေးထိုးလျက် တံဆိပ်ခတ်နှိပ်ကြသည်။ ဤတွင် မြန်မာတို့ စစ်ရှုံးခဲ့သည့်အတွက် နယ်ချဲ့သို့စစ်လျော်ကြေးပေးရသည့် ဒုက္ခကြီးတစ်ခု ပြီးဆုံးသွားခဲ့တော့သည်။

## ကဘော်ချောင် (Kabaw Valley)

စစ်လျော်ကြေးပြဿနာကို တင်ပြပြီးနောက် မဏိပူရနယ်မြေအပိုင်းအခြား ကဘော်ချောင်ပြဿနာကို ဆက်လက်၍ အနည်းငယ်တင်ပြလိုသည်။ ရန္တပိုစာချုပ်၏ ဒုတိယအပိုဒ်၌ ‘‘မဏိပူရမှာလည်း ဂမ္ဘီရရှိန်တို့သည် မိမိပြည်သို့ပြန်၍ မင်းပြုလုပ်လိုလျှင် မြန်မာရှင်ဘုရင်က အဆီးအတား အနှောင့်အယှက်မပြု နေစေရမည်’’ဟူသော အပိုဒ်ပါလေသည်။

မဏိပူရနယ်မြေကို မြန်မာတို့ လက်လွှတ်လိုက်သောအခါ နယ်မြေအပိုင်းအခြားပြဿနာပေါ်လာခဲ့သည်။ အရှေ့တိုင်း ပဒေသရာဇ်နိုင်ငံများတွင် တိကျသော

နယ်မြေအပိုင်းအခြားဟူ၍မရှိချေ။ နယ်စပ်ဒေသတို့၌ အစဉ်အလာ အခွန်တော်ဆက်သမှုအလိုက် နယ်မြေပိုင်ဆိုင်မှုသတ်မှတ်လေ့ရှိရာ မဏိပူရကို လက်လွှတ်လိုက်ရခြင်းအားဖြင့် အင်္ဂလိပ်တို့က မဏိပူရနယ်မြေအပိုင်းအခြားကို ချင်းတွင်းမြစ်နှင့် နယ်နိမိတ်ပြုလျက် ကဘော်ချောင်ဒေသအား မဏိပူရနယ်မြေဟု သတ်မှတ်လိုက်သည်။ ထိုအခါ ကလေး၊ သောင်သွတ်၊ ခန်းပတ် စသည်တို့ မဏိပူရနယ်မြေထဲ ရောက်သွားတော့သည်။

ထိုနယ်မြေအပိုင်းအခြားအမှုနှင့်ပတ်သက်၍ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် မှတ်သားဖော်ပြထားသည်မှာ ဤသို့ဖြစ်လေသည်။

*'ထိုသက္ကရာဇ် ၁၁၉၅၊ မဏိပူရနယ်မြေနှင့် တမူး၊ ခန်းပတ်၊ သောင်သွတ်နယ်မြေအပိုင်းအခြားကို ရှင်းလင်းပြောဆိုရန် အမိန့်တော်နှင့် ဝန်ထောက် မဟာမင်းကျော်ရာဇာ၊ စာရေးကြီးနေမျိုးကျော်သူတို့ တမူး၊ ခန်းပတ်၊ သောင်သွတ်မြို့သို့ ဆန်တက်၍ အင်္ဂလိပ်တို့က စေလွှတ်လာစေသူ မဏိပူရ အင်္ဂလိပ်ဗိုလ် မယ်စယ်ဂရံ၊ ကပ္ပတံဘင် ပတ္တံဆိုသူတို့လည်း နတ်ကျွန်းအောင်မြေကင်းတပ်သို့ အရောက်စုံညီလျှင် ထိုသက္ကရာဇ် ပြာသိုလပြည့်ကျော်ဆယ်ရက်နေ့ အနောက်ဘက်သောင်ပြင် စကားပြောတဲတွင် မြန်မာအရာရှိမင်းတို့နှင့် အင်္ဂလိပ်ဗိုလ် မယ်စယ်ဂရံ၊ ဘင်ပတ္တံတို့ နှုတ်ဆက်စကားပြောဆိုပြီးနောက် ဝန်ထောက် မဟာမင်းကျော်ရာဇာက အထက်ရန္တပိုစာချုပ်တတိယခန်းတွင် မဏိပူရနယ်မြေနှင့် တမူး၊ ခန်းပတ်၊ သောင်သွတ်မြို့နယ်မြေအပိုင်းအခြား ရိုးမတောင်ပါသည့်အတိုင်း နယ်မြေကို ပိုင်းခြားမည့်အကြောင်းနှင့်ပြောဆိုရာ အင်္ဂလိပ်ဗိုလ် မယ်စယ်ဂရံ၊ ဘင်ပတ္တံတို့က အင်္ဂလိပ်မင်းအပ်လိုက်သည့်စာတွင် ရိုးမတောင်အပိုင်းအခြားမပါ၊ မရိမ်းတောင်ပါသည်ဖြစ်၍ စာပါအတိုင်းကိုသာ အပိုင်းအခြားပြုဝံ့ကြောင်း ပြောဆိုခဲ့သည်'*

ဟု ပါရှိသည်။ သို့ဖြစ်၍ ကဘော်ချောင်ကိစ္စတွင် ပြေပြေလည်လည် ပြီးပြီး ပြတ်ပြတ် ဖြစ်ခဲ့ပါသည်။

ဘင်ပတ္တံ (Pemberton)သည် မြန်မာနိုင်ငံသို့ မဏိပူရနယ်မြေကိစ္စဖြင့် ၁၈၃၀ ခုနှစ်က ရောက်ရှိလာခဲ့သည်။ ထိုစဉ်ကတည်းက ယင်းအား ကဘော်ချောင်ကို မြန်မာတို့ သမိုင်းအစဉ်အဆက် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကြောင်း ကောင်းမှုတော်ဘုရား ကျောက်စာ အကိုးအကားဖြင့် တင်ပြခဲ့ပြီးဖြစ်လေသည်။ ကောင်းမှုတော်ဘုရားသို့လည်း အင်္ဂလိပ်

ကိုယ်စားလှယ်အားပို့ဆောင်လျက် ကျောက်စာကိုပြခဲ့သည်။ (Pemberton, "Manipoor to Ava", JBRS, XLIIII, I, December ၁၉၆၀, pp. 40, 41 & 53)သို့သော်လည်း အင်္ဂလိပ်အိန္ဒိယအစိုးရကမူ မြန်မာတို့တင်ပြချက်ကို အလေးမထားခဲ့ချေ။ စစ်ကိုင်းမင်းကလည်း စစ်ပင်ရှုံးခဲ့သော်လည်း ကဘော်ချောင်ကိစ္စကိုမူ လုံးဝအလျှော့မပေးခဲ့ချေ။ မည်သို့သောစွန့်လွှတ်ခြင်းကိုမဆို နိုင်ငံတော်ဂုဏ်သိက္ခာအတွက် စွန့်လွှတ်မည်ဟု အဓိဋ္ဌာန်ပြုထားဘိသကဲ့သို့ပင် ခိုင်မာလှတော့သည်။

## သာယာဝတီမင်းလက်ထက် ဆက်ဆံရေး

မြန်မာအင်္ဂလိပ် ဆက်ဆံရေးသည် သာယာဝတီမင်းလက်ထက်တွင် ပြန်လည် တင်းမာလာခဲ့ရပြန်သည်။ သာယာဝတီမင်းကား နောင်တော်စစ်ကိုင်းမင်းကို ပုန်ကန်လျက် ၁၈၃၇ ခုနှစ်တွင် ထီးနန်းရရှိလာခဲ့သူဖြစ်ပါသည်။ ထိုထီးနန်းရရှိရာတွင် အင်္ဂလိပ်ဌာနေကိုယ်စားလှယ် ဘာနေ (Major Burney)၏ ဖျန်ဖြေစေ့စပ်ပေးမှုလည်းပါလေသည်။ ဖျန်ဖြေစေ့စပ်ပေးသောကြောင့် ဘာနေ၏ စိတ်စေတနာဖြူသန့်ကောင်းမွန်သည်ဟု ဆို၍မရပါ။ စစ်နိုင်ထားသော ကျေးဇူးရှင်လည်းဖြစ်သည်ဟူသော အရှိန်အဝါကို သုံးလျက် မြန်မာအင်္ဂလိပ်ဆက်ဆံရေးတွင် အမြတ်ထုတ်ခြယ်လှယ်နိုင်ရန် ရည်ရွယ်၍ ကြားဝင်ပေးခဲ့ခြင်းဖြစ်ပါသည်။

သာယာဝတီမင်းသည် ရာဇဝင်၌ ရွှေဘိုမင်းဟူ၍လည်းကောင်း၊ ဒုတိယ အမရပူရမြို့တည်မင်းဟူ၍လည်းကောင်း ထင်ရှားခဲ့သော မင်းဖြစ်ပါသည်။ သာယာဝတီမင်းသည် ရန္တပိုစာချုပ်နှင့်ပတ်သက်၍ များစွာ မကျေမနပ်ဖြစ်နေရသည်မှာ ရန္တပိုစာချုပ်ကိုရမယ်ရှာ၍ အင်္ဂလိပ်ကိုယ်စားလှယ်တို့က အခွင့်အရေးယူ ခြိမ်းခြောက်ခြင်းများကို ပြုလုပ်လာတတ်သောကြောင့် ဖြစ်ပါသည်။

သာဓကတစ်ခုပြရသော် အင်္ဂလိပ်တို့သည် မြန်မာတို့ ယိုးဒယားရန်ကြောင့် လက်နက်လူသူစုဆောင်းခဲ့ရသည်များကို ရန္တပိုစာချုပ်ဖြင့် အကျပ်ကိုင်ဟန့်တားဖူးသည်။

ထို့အတူ စာချုပ်တွင်ပါသည့်အတိုင်း အင်္ဂလိပ်၊ ယိုးဒယား မဟာမိတ်ဖြစ်သည်ဟူသောအချက်ကို စွဲလျက် ယိုးဒယားကျူးကျော်မှုကို အင်္ဂလိပ်က ဟန့်တားပေးပါရန် မြန်မာတို့က ပြောဆိုခဲ့သည်များကိုလည်း တာဝန်မယူနိုင်ကြောင်းနှင့် ငြင်းဆိုခဲ့သည်။ ဤသို့ဖြင့် မြန်မာအင်္ဂလိပ်ဆက်ဆံရေးအခြေအနေမှာ တင်းမာလျက်ရှိနေခဲ့ပါသည်။

နောက်ဆုံးတွင် သာယာဝတီမင်းသည် ရန္တပိုစာချုပ်ကြီးကို လုံးဝ အသိအမှတ်မပြုတော့ဘဲ ပယ်ချလိုက်သည်အထိပင် ပြုလုပ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အနိုင်အထက်နှင့် ချုပ်ဆိုထားသော ရန္တပိုစာချုပ်သည် အင်္ဂလိပ်တို့အတွက် အမြတ်ချည်းဖြစ်လျက် မြန်မာတို့အတွက်မူ အရှုံးသက်သက်သာ ဖြစ်ပါချေသည်။ ထို့ကြောင့်လည်း သာယာဝတီမင်းက လိုက်နာရန် ငြင်းဆိုခဲ့ခြင်းဖြစ်သည်။

ခရစ်နှစ် ၁၈၃၇ ခု၊ အောက်တိုဘာ ၂၂ ရက်နေ့တွင် ဘာနေသည် ကျန်းမာရေးကိုအကြောင်းပြလျက် မြန်မာနိုင်ငံမှ ထွက်သွားခဲ့သည်။ ၎င်း၏နေရာတွင် ဆရာဝန် ဗေးဖီးနှင့် ဘင်ဆင်တို့က ယာယီကွပ်ကဲနေထိုင်ခဲ့သည်။ ပြန်သွားသော ဘာနေကမူ မြန်မာနိုင်ငံကို စစ်ရေးဖြင့် တိုက်ခိုက်သိမ်းပိုက်ရန်ကိုပင် အကြံပြုခဲ့သည်။ အာဖဂန်နစ္စတန်အရေးအခင်းကြောင့်သာ မြန်မာနိုင်ငံသို့ အင်္ဂလိပ်စစ်ဦးမလှည့်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဘာနေပြန်သွားပြီးနောက်တွင် ဆရာဝန် ဗေးဖီး (G.T Bayfield)က ရစ်ချတ် ဘင်ဆင် (R. Benson)ရောက်လာခဲ့သည်အထိ အင်္ဂလိပ်ကိုယ်စားလှယ်ရုံးကို ကြီးကြပ်နေခဲ့ရသည်။ ဘင်ဆင်သည် ၁၈၃၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့မှ ၁၈၃၉ ခု၊ မတ်လ ၁၄ ရက်နေ့အထိ အမရပူရနေပြည်တော်တွင် ခြောက်လကြာ နေထိုင်သွားခဲ့သည်။ ၎င်းသည် မြန်မာတို့နှင့် ဆက်ဆံရာတွင် လွန်စွာရိုင်းစိုင်းသူဖြစ်သည်။

ဘင်ဆင်သည် အမရပူရနေပြည်တော်သို့ ရောက်ရှိပြီးနောက် ၁၈၃၈ ခု၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မြန်မာအရာရှိများသို့ စာတစ်စောင်ပေးခဲ့လေသည်။ စာ၏သဘောမှာ မြန်မာတို့က ၎င်းအား စာချုပ်ပါအတိုင်း လက်မခံလိုကြောင်းသိရ၍ ၎င်းကို မည်သည့်အဆင့်ဖြင့်လက်ခံမည်ကို စုံစမ်းမေးမြန်း အရေးဆိုသောစာဖြစ်ပါသည်။ ထိုစာတွင် အချက်ပေါင်း ၁၉ ချက်ကို တင်ပြမေးမြန်းထားသည်။ ယင်းကို မြန်မာဘာသာဖြင့် ဤသို့ မှတ်တမ်းရှိလေသည်။ သက္ကရာဇ် ၁၂၀၀ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့ ကာရန်ဘင်ဆင်က ပို့ရောက်သည့်စာထွက်

၁။ ၁၂၀၀ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်နေ့ ဝန်ရှင်တော်မင်းများက ပေးသည့်စာတွင် ပါသည်ကိုထောက်လျှင် အိန္ဒိယတိုင်းကို အစိုးရသော အင်္ဂလိပ်မင်းက အမြဲအရေးပိုင်အရာ ခန့်ထားသည်နှင့်အညီ လက်ခံရပါမည်ကို လက်မခံလိုကြောင်း အဓိပ္ပါယ်ပါသည်။

၂။ ၎င်းပြင် ပါသည်မှာ ဘုန်းတော်ကြီးလှသော ဘုရားဝန်ရှင်တော်မင်းကြီး

များက အရေးပိုင်ကို လူ ၅၀ နှင့် အရာရှိငယ်တစ်ယောက်မျှကဲ့သို့သာ လက်ခံလိုကြောင်းနှင့်ပါသည်။

၃။ သည်ကဲ့သို့ လက်ခံလိုသည့်အရာကို အရေးပိုင်မင်းက အလိုမရှိပါ။

၄။ မြန်မာမင်းများက အရေးပိုင်မင်းကို အရာရှိငယ်ကဲ့သို့ ဖြစ်စေလိုသည်ဖြစ်လျှင် အရှိအသေ အသရေနှင့်တကွ ရွှေတော်သို့ ဝင်နိုင်မည်ကို သိလိုကြောင်း။

၅။ ကိုယ်စားလှယ်ဖြစ်သော အရာအားကိုပယ်လျှင် စုဝေးသည့် ဝန်ရှင်တော်မင်းကြီးများနှင့် အရာချင်းတူသည်နှင့်အညီတွေ့၍ ကြီးကျယ်သောအမှု၊ အမျိုးကြီးနှစ်ပါးတို့ အမှုများ တိုင်ပင်ပြောဆိုနိုင်မည်ကို သိလိုကြောင်း။

၆။ အင်္ဂလိပ်နှင့် မြန်မာမင်းတို့ တစ်ဦးနှင့်တစ်ဦး သိသာဖော်ပြရမည့် အမှုဖြစ်စေ၊ လျှော့သင့်သည့်အမှုဖြစ်စေ တိုင်ပင်ပြောဆိုနိုင်မည်ကို သိလိုကြောင်း။

၇။ ၎င်းပြင် တိုင်းပြည်နယ်ပယ်စကား နယ်စပ်တွင်တိုက်ခိုက်သည့်အမှု၊ နှစ်မျိုးသားတို့ နယ်စွန်းတွင် ဖျက်ဆီးသတ်ညှစ်သည့်အမှု၊ မြန်မာ ဘုရင့်နိုင်ငံတွင် နေသော အင်္ဂလိပ်၊ ကျွန်တော်မျိုးတို့ ကောင်းမွန်ငြိမ်ဝပ်စွာပြုနေသူတို့က အလျှောက်အထားရှိသည် အမှုအရပ်ရပ်များကို ဝန်ရှင်တော်မင်းကြီးများနှင့် အရာတူချင်းဖြစ်သည်နှင့်အညီ တိုင်ပင်ပြောဆိုနိုင်မည်ကို သိလိုပါသည်။

၈။ အိန္ဒိယတိုင်းကိုအစိုးရသော အင်္ဂလိပ်မင်းကခန့်ထားသော ကိုယ်စားလှယ်အရာရှိသည်အတိုင်း အထက်ဆိုသမျှအမှုရှိသည် အကြောင်းအလုံးစုံကို ဝန်ရှင်တော်မင်းကြီးများနှင့် တိုင်ပင်ပြောဆိုနိုင်ပါမည့်အကြောင်း။

၉။ ဝန်ရှင်တော်မင်းကြီးများနှင့် အရေးပိုင်က စာချုပ်အဓိပ္ပာယ်စကားကို ငြင်းခုံပြောဆိုခြင်း အလိုမရှိသော်လည်း ယဉ်ကျေးသော တိုင်းကြီးပြည်ကြီးဥပဒေ၊ ထုံးစံနှင့်အညီ စာချုပ်ကိုသာ အင်္ဂလိပ်မင်းများက အတည့်အမှန် အစွဲပြုနေပါမည် အကြောင်းကို ပြောရမည်ဖြစ်သည်။

၁၀။ သို့ရာတွင် သတ္တမစာချုပ်အခန်း အဓိပ္ပာယ်အကြောင်းထင်သည်မှာ အရာကြီးသော၊ ယုံကြည်ထသော၊ တတ်သိလိမ္မာသော အရာရှိတို့က သတိနှင့် ဆင်ခြင်၍ ကတိသစ္စာနှင့်အထူးဖြစ်သည်။ ကြီးကျယ်သောအမှုကို ချုပ်သည်ကာလ တိုင်းကြီးပြည်ကြီးများကို အစိုးရသော အသီးသီးမင်းများအပါးတွင် လူ ၅၀ နှင့် အရာရှိတစ်ယောက်မျှကဲ့သို့သော အမှုအခင်းမရှိဘဲလျက် အလွတ်နေစေရအောင် အကြောင်းနှင့် စာချုပ်သည်ကိုမထင်ပါ။

၁၁။ ၎င်းပြင် အရေးပိုင်မင်းသဘောတွင် ရှင်းလင်းအောင်သိရသည်မှာ မြန်မာဘာသာ သတ္တမစာချုပ်အခန်းသွင်းရသည်အကြောင်းသည် လူ ၅၀ နှင့် အရာရှိ တစ်ယောက်မျှကဲ့သို့သော အလွတ်နေစေသည်မဟုတ်။ ဘွဲ့သောမိတ်သဟာရ မြဲစေရအောင် အထင်အလိုနှင့်သွင်းကြောင်း ဖြစ်ပါသည်။

၁၂။ မသင့်မတင့် မယုံကြည်သည်သဘော မဖြစ်စေရ၊ အမြဲမိတ်ဆွေအဖြစ် ခိုင်ခန့်စွာ အမှန်ပင်ဖြစ်ရအောင် ယဉ်ကျေးသောတိုင်းကြီးပြည်ကြီးများတွင် ပြု၍ဖြစ်သည် ကို အရေးပိုင်မင်းကပြောရမည်မှာ အသီးသီး အစိုးရသောမင်းများက တစ်ဦးထံမှာတစ်ဦး အရာရှိကပါနေစေ၍ ၎င်းအရာရှိက ပြုရမည်အမှုသည် အရပ်ရပ် အမှုအကြောင်းများ ကိုဖော်ပြ၍ သိစေလျှင် မကောင်းကြံ၍ မဟုတ်မတရား အန္တံအပြား လူဆိုးတို့ပြောဆို တတ်သည့် စကားများကြောင့် မကောင်းသောအပြစ်မရှိစေရအောင် ပြုနိုင်ပါမည်။

၁၃။ ၎င်းအရာရှိက ကြီးကျယ်သောအမှုဆောင်ရွက်ရမည်မှာ တစ်ဦးကိုတစ်ဦး မကောင်းကြံသည်ကို တိုးပွားအောင်ပြုရမည်။ မဟာမိတ်ဖွဲ့လမ်းကိုလည်း ညီညွတ် တည့်မှန်စွာ ဖွင့်ရမည့်အကြောင်း ဖြစ်လေသည်။

၁၄။ ဝန်ရှင်တော်မင်းကြီးများကလည်းသိရမည်မှာ အင်္ဂလိပ်မင်းနှင့် မြန်မာမင်း တစ်ဦးကိုတစ်ဦး ပြောခွင့်ဆိုခွင့်ရောက်၍ အလျင်အမြန် မပြောမဆိုနိုင်လျှင် နှစ်ဦးနှစ်ဖက် အင်္ဂလိပ်မြန်မာ အောက်အရာရှိငယ်တို့ တစ်ဦးနှင့်တစ်ဦး နယ်ပယ်မြို့ရွာ ကုန်သည်အမှု များကြောင့် အယုက်အတင်ရှိသည်များကို အစိုးရမင်းများထံ ကြီးကျယ်အောင် ပြုလုပ် လျှောက်ထား၍ နှစ်တိုင်းနှစ်ပြည်တွင် မသင့်မတင့်ရှိရအောင် ဖြစ်ပါလိမ့်မည်။

၁၅။ စာချုပ် သတ္တမခန်းတွင်ရှိသည့် အဓိပ္ပာယ်ကိုပြန်ပြောရမည်အကြောင်း မှာ ကြာရှည်အောင် အနှစ်များစွာ ဥပဒေဖြစ်၍ စာချုပ်တွင်ပါသည် တစ်ချက် အကြောင်းအတရာ အသေအချာဖြစ်သင့်သည့် သဘောတူသဖြင့် ညီညွတ်လက်ခံပြီးမှ ယခု စာချုပ်သူတစ်ဖက်က အဓိပ္ပာယ်ကို အလွဲထင်လျှင် တော်သင့်အောင်ပြုရမည် အကြောင်းမှာ အလွဲထင်သူက တစ်ဖက်သို့ ငြိမ်ဝပ်ကောင်းမွန်စွာ အသစ်အထင်ရောက် သည်များကို ပြောဆိုပြီးလျှင် ငြင်းခုံကြသည့်အချက်အရာကို မိတ်ဆွေသဘောအတိုင်း တစ်ဦးနှင့်တစ်ဦးတိုင်ပင်၍ သေချာမှန်ကန်စွာ ဖြစ်အောင်ပြုရမည် အရေးပိုင်မင်းက ထင်ပါသည်။

၁၆။ အထက်ထင်မှတ်သည် အကြောင်းအရာများကြောင့် အလွန်အကျိုးရှိ အောင်ပြုရမည်မှာ ကာလကတ္တား ဘင်္ဂလားမြို့သို့ မြန်မာအရာရှိတစ်ဦး စေလွှတ်လျှင်

၄င်းအရာရှိကို မိတ်ဆွေအဖြစ်နှင့် ကောင်းမွန်ကြည်ညိုစွာ လက်ခံပါမည်အကြောင်း အရေးပိုင်မင်းက ဝန်ရှင်တော်မင်းကြီးများသို့ သဘောကျအောင်ပြောနိုင်ပါမည်။

၁၇။ သည်စာတွင်ပါသည့် အကြောင်းအရာကို အရေးပိုင်မင်းက အလွန်ကြီးကျယ်သည့် ထင်မှတ်သည်ဖြစ်၍ ရိုးရိုးဖြောင့်ဖြောင့် ရှင်းလင်းသိသာအောင် အင်္ဂလိပ်များသို့ ပြုရမည့်ဝတ်ရှိသည်နှင့်အညီ သည်တိုင်းနိုင်ငံကို ကောင်းချင်သည် သဘောအလိုရှိသည်အတိုင်း အရာရှိဖြစ်သည်နှင့်အညီ သည်ကဲ့သို့ ထင်ရှားစွာ ထင်မှတ်သည်များကို သိစေပါသည်။

၁၈။ ဝန်ရှင်တော်မင်းကြီးများက တဆိတ်မျှပင် အလွဲထင်ရန်အကြောင်း မရှိသည်မှာ အရေးပိုင်မင်းက အရာနှင့်စပ်ဆိုင်သည်အမှုကြောင့်သာ ဆင်ခြင်သည်ဖြစ်၍ ဝန်ရှင်တော်မင်းကြီးများနေသည့်အိမ်သို့ အိန္ဒိယတိုင်းကို အစိုးရသော အင်္ဂလိပ်မင်း ကိုယ်စားလှယ်ဖြစ်သည်အတိုင်း မသွားနိုင်ဖြစ်ပါသည်။

၁၉။ သို့ရာတွင် မသွားလိုသည့်အကြောင်းသည် မှန်ကန်စွာဖြစ်၍ ဥပဒေနှင့်အညီရှိသောကြောင့် မပယ်နိုင်ပါ။ အရေးပိုင်မင်းက သည်ကဲ့သို့ အလွန်ကြီးကျယ်သောအမှုအကြောင်းအရာများကို ဝန်ရှင်တော်မင်းကြီးများထံသို့ အသီးအသီး စကားရပ်များကို ထင်ရှားသိသာအောင် ရေးပေးသည်များကို ပြည့်စုံရှင်းလင်းအောင် ပြန်စာပေးပါမည်အကြောင်းကို ကြားပါသည်။

၁၂၀၀ နတ်တော်လဆန်းနေ့ အရေးကိုလျှောက်။

ဘင်ဆင်၏ ပေးစာအရမူ မြန်မာတို့က အင်္ဂလိပ်အရေးပိုင် ကိုယ်စားလှယ်ကို လက်ခံလို မခံလို မေးမြန်းထားသည်။ အကယ်၍ မြန်မာတို့က အိန္ဒိယကိုအစိုးရသော အင်္ဂလိပ်မင်း၏ကိုယ်စားလှယ်ကို လက်မခံလိုကြောင်း သိသာထင်ရှားခဲ့လျှင် ဘင်ဆင်က ယင်းကို မည်သို့သော အဆင့်အတန်းဖြင့် လက်ခံနိုင်မည်ကိုလည်းကောင်း၊ ယင်း၏ လုပ်ကိုင်ခွင့်အာဏာကို မည်မျှထိ မြန်မာအစိုးရက သတ်မှတ်လက်ခံမည်ကိုလည်းကောင်း ဆက်လက်မေးမြန်းခဲ့ပါသည်။ တစ်ဖက်ကလည်း ရန္တပိုစာချုပ်ကို လိုက်နာရန် တိုက်တွန်းထားလေသည်။

ထိုပေးစာကို မြန်မာအစိုးရက ရှင်းလင်းပြန်ကြားခဲ့ပါသည်။ မြန်မာအစိုးရ၏ ပြန်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

*'ဝန်ရှင်တော်မင်းကြီးများ ကြားလိုက်သည်။ အင်္ဂလိပ်အရေးပိုင် ကာရုံနံရဇ္ဇင်ဘင်ဆင်။*

သက္ကရာဇ် ၁၂၀၀ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (၁၅ နိုဝင်ဘာ ၁၈၃၈) နေ့ တွေက် (Edward)ပို့ရောက်သည့် စာကိုသိရသည်။ တိုင်းကြီး နှစ်တိုင်း၊ ပြည်ကြီးနှစ်ပြည် မိတ်ဆွေအဖြစ် အမြဲတည်စေလို၍စပ်ကြား မကောင်း ကြံစည်ပြောဆိုသူတို့စကားကို ပယ်ဖျောက်ရှင်းလင်းရအောင် အရာရှိ တစ်ဦးတစ်ယောက်စီ လူ ၅၀၊ လက်နက်အစုံနှင့် အင်္ဂလိပ်မြို့ မြန်မာမြို့တော်များမှာ နေကြစေရမည်။ ကတိစာချုပ်ရှိသည်အတိုင်း အရေးပိုင် ကာရနံရဇ္ဇင်ဘင်ဆင် လာရောက်သည်ကို အဆွေခင်ပွန်းလက္ခဏာနှင့်အညီ တဲအိမ်အသင့် ဆောက်လုပ် နေထိုင်စေသည်။

အရေးပိုင်ကပေးပို့သည့်စာတွင် အရေးပိုင်ကို အရာရှိငယ်ကဲ့သို့ ဖြစ်စေလို သည်ဖြစ်လျှင် အရှိအသေအသရေနှင့်တကွ ရွှေတော်သို့ဝင်နိုင်မည်ကို သိလို ကြောင်း၊ ကိုယ်စားလှယ်ဖြစ်သောအရာရှိကိုပယ်လျှင် စုဝေးသည့် ဝန်ရှင်တော်မင်း ကြီးများနှင့် အရာချင်းတူသည့်နှင့်အညီတွေ့၍ ကြီးကျယ်သောအမှု၊ အမျိုးကြီး နှစ်ပါးတို့အမှုများကို တိုင်ပင်ပြောဆိုနိုင်ပါမည်ကိုသိလိုကြောင်းနှင့် ပါသည်မှာ အင်္ဂလိပ်မင်းက ခန့်ထားသောစာကိုကြားသိရမှ အရာကြီးသည် အရာငယ်သည် သိနိုင်မည်။ စာမကြားမရမီ အရေးပိုင်က အရာကြီးသောသူဖြစ်သည် စာပေးသည် အမှုနှင့်လူကြီးလက္ခဏာ ပီညီအောင် အရာကြီးသောယည်(ကျေး) လျောက်ပတ်စွာ တွေ့ကြိမ်ပြောဆိုစေမည် စာပြန်ပေးရှိသည်ကို လွှတ်တော်ရုံးတော်ဖြစ်စေ၊ တွေ့ကြိမ် လိုသည်ဆိုသည်မှာ လွှတ်တော်ရုံးတော်ဆိုသည့်အရာသည် အရှင် ကေရာဇ်မင်းမြတ်က ဝန်ထောက်တော်မင်း၊ နာခံတော်စာရေးတော်ကြီးမင်းတို့ကို နေရာချထားသည်အတိုင်း နေထိုင်ရသည်။

ရုံးတော်သို့လာရောက်လိုလျှင် မြန်မာတို့ဓလေ့ မယဉ်ကျေးသောအမှုကို ပယ်ဖျောက်မှ လာစေနိုင်မည်။

ရွှေတော်သို့ ဝင်ရောက်စေရမည်မှာလည်း ဝန်ရှင်တော်မင်းကြီးများနှင့် စုဝေး၍ ကောင်းမွန်စွာလက်ခံပြောဆိုပြီးမှ သိသာအောင်ပြန်ပြောမည်။

ဝန်ရှင်တော်မင်းကြီးများက ဘွဲ့ပြီးသော ယုံကြည်ထိုက်သော မိတ်ဆွေ အဖြစ်ကို အမြဲယုံကြည်သည်။

အင်္ဂလိပ်တိုင်းပြည်သို့ သွားရောက်နေထိုင်သော မြန်မာကုန်သည်၊ မြန်မာ တိုင်းပြည်သို့ လာရောက်နေထိုင်သော အင်္ဂလိပ်အမျိုးသားကုန်သည်တို့

*ရှိနေကြ သည်။ သွားလာရောက်ပေါက်ရှိနေသူတို့လည်း တစ်ဦးဓလေ့ဘာသာကို တစ်ဦး ကုန်စင်အောင် မကျွမ်းမသိ၊ သိရာသိမိနှင့်စပ်ကြားမကောင်းကြ၍ ပြောဆိုသူတို့ စကားကိုမနာမယူလျှင် တိုင်းကြီးပြည်ကြီးချင်း သင့်တင့်ငြိမ်ဝပ်မည်ကိုသာ သဘောထားသည်ဆိုသည်နှင့်အညီ မိတ်သဟာရ မြဲမြံခိုင်ခန့်စွာ အကျိုးဖြစ်မည်အကြောင်းကို ကြားလိုက်သည်'*

မြန်မာအစိုးရ၏ပြန်စာမှာ ကျိုးကြောင်းဆင်ခြင်တုံတရားအပြည့် ပါရှိသည်ကို တွေ့ရသည်၊ မြန်မာ့ရေမြေတွင် မြန်မာ့ဓလေ့ကို လိုက်နာရမည်ဟု စွဲမြဲစွာ ယုံကြည်ထားသည်ကိုလည်းတွေ့ရသည်။ အကယ်၍ မြန်မာဓလေ့ကို လိုက်နာနိုင်ပါလျှင် လွှတ်တော်မှာလည်း ပြောနိုင်သည်။ မင်းကေရာဇ်ရှေ့မှောက်မှာလည်း ပြောဆိုနိုင်သည်ဟူသော ပြန်ကြားချက်သည် ယဉ်ကျေးသိမ်မွေ့သော အပြုအမူဖြစ်ပါသည်။ မြန်မာတို့ အင်္ဂလန်သို့သွား၍ ရမ်းကားခြင်းမပြုခဲ့ပါ။ မြန်မာ့ရေမြေတွင် အင်္ဂလိပ်ဓလေ့ကို လိုက်နာရန်ဆိုသည်မှာ အာရပ်ပုံပြင်ထဲမှ ကုလားအုတ်၏ ကျူးကျော်မှုမျိုးပင် ဖြစ်လာခဲ့ပါမည်။

အထက်ဖော်ပြပါစာနှစ်စောင်ကို နှိုင်းယှဉ်လေ့လာလျှင် နယ်ချဲ့၏သဘောထားကို ပီပီပြင်ပြင် တွေ့မြင်နိုင်ပါသည်။ ရန္တပိုစာချုပ်ကို လက်ညှိုးထိုးလျက် အင်္ဂလိပ်တို့ မောက်မာခဲ့သည်ကိုလည်း မြင်ရသည်။ ထို့အတူ မြန်မာအစိုးရကလည်း စစ်ပင်ရှုံးသော်လည်း အမျိုးသားသိက္ခာကို ရဲဝံ့စွာပင် ထိန်းသိမ်းခဲ့ပေသည်။ သို့ဖြစ်ရာ စစ်ကိုင်းမင်းလက်ထက်မှာကဲ့သို့ မြန်မာတို့ ခြောက်တိုင်းမကြောက်တော့သည်ကို သိရသောအခါ ဘင်ဆင်သည် ကျန်းမာရေးကို အကြောင်းပြလျက် မြန်မာနိုင်ငံမှ ထွက်ခွာလေတော့သည်။

ဘင်ဆင်ထွက်ခွာသွားသောအခါ ဗိုလ်ကြီး မက်ကလီအော့ (Capt. William McLeod)က ၎င်း၏နေရာတွင်ဆက်ခံသည်။ ယင်းသည် ၁၈၃၉ ခု၊ မတ်လ ၂၅ ရက်နေ့တွင် လွှတ်တော်၌ မြန်မာအရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခွင့်ရလေသည်။ သို့သော်လည်း ယိုးဒယားအရေးအခင်းနှင့်ပတ်သက်၍ မပြေမလည်ဖြစ်ခဲ့သည်။ နောက်ဆုံး ယင်းသည်လည်း ထိုနှစ် ဇူလိုင် ၂၂ ရက်နေ့တွင် အမရပူရနေပြည်တော်မှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာသွားလေတော့သည်။

မက်ကလီအော့ ထွက်ခွာသွားပြီးနောက် အင်္ဂလိပ်တို့သည် အာသံနှင့်မြန်မာနယ်စပ်တို့တွင် ၎င်းတို့၏စစ်တပ်များကို တိုးချဲ့ချထားလာခဲ့တော့သည်။ အင်္ဂလိပ်သံကိုယ်စားလှယ်များနှင့် လက်အောက်ခံတို့ကို ကာကွယ်စောင့်ရှောက်ရန်ဟုအကြောင်း

ပြ၍လည်း ရန်ကုန်နှင့်ကျိုက္ခမီတို့၌ ယင်းတို့၏စစ်သင်္ဘောများကို စေလွှတ်ထားလေသည်။ အင်္ဂလိပ်တို့က စစ်ပြင်ဆင်လာသောအခါ မြန်မာတို့ကလည်း ငြိမ်နေ၍မရတော့မူဘဲ စစ်ရေးအဆင်သင့်ဖြစ်အောင်ပြင်ဆင်ရတော့သည်။ ယင်းသို့ နှစ်ဖက်အခြေအနေတင်းမာနေစဉ် အကြံနှင့်ဖြစ်သော အင်္ဂလိပ်တို့အတွက် ရန်ကုန်ရှိ အင်္ဂလိပ်ကုန်သည်များက အခြေအနေကို ပို၍ဆိုးသည်ထက်ဆိုးအောင် ဖန်တီးခဲ့ကြသည်။ ရန်ကုန်ရောက်နေသော မက်ကလီအော့ကလည်း ရန်ကုန်မြို့ဝန်နှင့် မသင့်မတင့်မှုကိုတမင်ဖန်တီးလျက် ၁၈၄၀ ခုနှစ်တွင် အိန္ဒိယသို့ အပြီးအပိုင်ထွက်ခွာသွားလေတော့သည်။ အင်္ဂလိပ်ကိုယ်စားလှယ်ရုံးလည်း ၁၀ ဩဂုတ် ၁၈၄၀ နေ့မှာ ရုပ်သိမ်းသွားခဲ့လေသည်။

## ပုဂံမင်းလက်ထက် ဆက်ဆံရေး

သာယာဝတီမင်းသည် ၁၈၄၆ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ ယင်း၏ အရိုက်အရာကို သားတော်ပုဂံမင်းက ဆက်ခံသည်။ ထိုမင်းလက်ထက်တွင်မူ ဒုတိယ မြန်မာအင်္ဂလိပ်စစ် ဖြစ်ပွားခဲ့ရလေတော့သည်။ ဖြစ်ပွားရသည်မှာ ရန်ကုန်မြို့ဝန်က အင်္ဂလိပ်သင်္ဘောကပ္ပတိန် လူဝစ်စ် (Lewis)နှင့် ရှဲပတ် (Shepherd)တို့ကို အကြောင်းမဲ့မှုခင်းရှာကြံ ဒဏ်ရိုက်သောကြောင့်ဟု နယ်ချဲ့သူက ဝံပုလွေ၏ အကောက်ဉာဏ်ဖြင့်စွပ်စွဲအကြောင်းရှာခဲ့လေသည်။ ထိုသို့ စွပ်စွဲလျက် တစ်ဖက်မှလည်း ဝန်ချတောင်းပန်ရန်နှင့် လျော်ကြေးပေးရန် ရာဇသံပေးပို့ခဲ့သည်။ ကိုမိုဒိုလမ်ဘတ် (Commodore Lumbert)ကိုလည်း စစ်သင်္ဘောခြောက်စီးနှင့်စေလွှတ်၍ ရန်ကုန်မြစ်ဝမှ ပိတ်ဆို့လျက်ခြိမ်းခြောက်စေခဲ့သည်။ အမြောက်တင်သင်္ဘောသံတမန်နည်း (Gun boat Diplomacy)ကို အသုံးပြုလိုက်ခြင်းပင် ဖြစ်တော့သည်။

မြန်မာအစိုးရအနေဖြင့် ပြေလည်ရာပြေလည်ကြောင်း ကြိုးစားလုပ်ဆောင်ခဲ့သော်လည်း ကျူးကျော်ရေးစိတ်ဓာတ် ပြင်းပြလွန်းလှသောနယ်ချဲ့သည် မြန်မာအစိုးရ၏ ရပ်တည်ချက်အမှန်ကို ရင်မဆိုင်ရဲဘဲ ပင်လယ်ဓားပြဆန်ဆန် မြန်မာမင်းပိုင် ရေနန်းယာဉ်သာသင်္ဘောကို အဓမ္မဆွဲယူသွားခဲ့သည်။ နောက် ဓနုတ်ကွင်းရှိ မြန်မာစစ်တပ်နှင့် အပြန်အလှန်ပစ်ခတ်ကြရာ နောက်ဆုံး မလိုက်လျောနိုင်မှန်းသိသော မတရားသည့်တောင်းဆိုချက်များကို ပေးပို့တောင်းဆိုလာသောကြောင့် အမျိုးသားရေးဂုဏ်သိက္ခာအတွက်နှင့် မြန်မာတို့ နယ်ချဲ့ကို ဒုတိယအကြိမ် ရင်ဆိုင်တိုက်ခိုက်ကြရပြန်တော့သည်။

ပုဂံမင်းသည် ၁၂၁၃ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ခရစ်နှစ် ၁၈ မတ် ၁၈၅၂ နေ့တွင် ဟံသာဝတီကြောင်း၊ ပုသိမ်ကြောင်း၊ ဧရာဝတီကြောင်း၊ မုတ္တမကြောင်းချီ ဗိုလ်မှူးများကိုခန့်ထားလျက် နယ်ချဲ့အား အစွမ်းရှိသမျှ ယှဉ်ပြိုင်တွန်းလှန်တိုက်ခိုက် ခဲ့ပါသည်။

ပုသိမ်ကြောင်းရှိ စစ်သည် ၅၄၇၀ ပါတပ်၊ ဧရာဝတီကြောင်းချီရန် စစ်သည် ၅၁၃၁ ပါတပ်၊ တောင်တွင်းကြီးမြို့ဝန်အုပ်ချုပ်သော စစ်သည် ၈၀၀၀ ပါတပ်၊ ဝန်ကြီးသတိုးမင်းကြီးမင်းလှမဟာမင်းခေါင်ရာဇာအုပ်ချုပ်သော စစ်သည် ၄၈၇၀ ပါတပ်တို့ကို စေလွှတ်ရင်ဆိုင်စေခဲ့သည်။ စစ်ချီအမိန့်များ ထုတ်ပြန်ခဲ့သော်လည်း အဖြစ်နိုင်ဆုံး ငြိမ်းချမ်းရေးကို ရည်မှန်းထားကြောင်းလည်း အထင်အရှားပင်တွေ့ရှိရပေသည်။

မြန်မာတို့လိုချင်သည်မှာ အမျိုးသားဂုဏ်သိက္ခာမပျက်သော ငြိမ်းချမ်းရေးဖြစ်၍ နယ်ချဲ့သမားကလိုချင်သည်မှာ မြန်မာနိုင်ငံကို သိမ်းပိုက်ကျွန်ပြုရေးဖြစ်ပေရာ စေ့စပ်၍ မရနိုင်သော ပြဒါးတစ်လမ်း၊ သံတစ်လမ်းအခြေအနေဖြစ်ပေသည်။ မြန်မာတို့အဖို့ စစ်ရေးလမ်းမှလွဲ၍ အခြားရွေးချယ်ရန်မရှိတော့ပြီ။ ထို့ကြောင့် မုတ္တမကြောင်းချီရမည့် တပ်မတော်သည် ၂၁ မတ် ၁၈၅၂ နေ့တွင် နယ်ချဲ့ကိုတွန်းလှန်ရန်စတင်ချီတက်ရသည်။

စင်စစ် မနိုင်လောက်မှန်းသိသော စစ်ကို မြန်မာတို့ အမျိုးဂုဏ်သိက္ခာအတွက် တိုက်ခိုက်ကြရခြင်းဖြစ်ပါသည်။ စစ်စဖြစ်လျှင်ပင် မြန်မာတို့ အရှုံးနှင့်ရင်ဆိုင်ကြရပါသည်။ မြန်မာတို့ စစ်ရေးမလှဖြစ်ခဲ့သည်ကို ၁၀ ဩဂုတ် ၁၈၅၂ နေ့တွင် ထုတ်ပြန်ခဲ့သော အောက်ပါအမိန့်တော်က သက်သေပြလျက်ရှိနေပါသည်။

> *''ငကြီးကို ဝန်ကြီးအရာနှင့် သူကောင်းပြုတော်မူ၍ ဟံသာဝတီကြောင်း အရေးတော်တွင် အချုပ်အအုပ် ခန့်ထားထမ်းရွက်စေသည်ကို ရာဇဝတ်တော်ကြောင်းကို မထောက်မကြောက်၊ တပ်ပါရဲမက်တော် မြို့ကျေးရွာများကို မအုပ်မကွက်နိုင် အရေးတော်ပျက်၍ ဆုတ်ခွာသူဖြစ်သည်။ သင့်ကို အရာအထူး၊ စားကျေးမြို့ရွာ အအုပ်အထိန်းရှိသည်များကိုနုတ်၍ တပ်ဦးတော်မှာ ငယ်သားထမ်းနှင့် ထမ်းရွက်စေ''*

ဟူ၍ ဖော်ပြပါရှိလေသည်။ အစွမ်းထက်သော လက်နက်အင်အား၊ ခေတ်မီ သေနင်္ဂဗျူဟာ ကျွမ်းကျင်မှုအင်အားတို့သာလွန်သော နယ်ချဲ့ကို သတ္တိနှင့် အမျိုးဂုဏ်တို့မျှကိုသာ အမှီပြုလျက် သမားရိုးကျနည်းပညာ၊ ခေတ်မမီသောလက်နက်များဖြင့် မြန်မာတို့ ယှဉ်ပြိုင်ရသည်မှာ မည်သည့်နည်းနှင့်မှု မမျှတသော စစ်ဖြစ်ပေသည်။

ပုဂံမင်းသည် အင်္ဂလိပ်ကျူးကျော်စစ်တွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ ပြည်တွင်း၌ ညီတော်နှင့်ဖြစ်ပွားသောစစ်တွင်လည်း ရှုံးနိမ့်ခဲ့ရသည်။ သို့ဖြင့် နယ်ချဲ့ ခုခံတွန်းလှန်ရေးစစ်ပွဲမပြီးဆုံးမီ ပုဂံမင်းနန်းကျခဲ့ရပါသည်။ စစ်ဝန်ထုပ်ဝန်ပိုးကြီး သည်လည်း လတ်တလောအားဖြင့် ပြည်သူတို့ပခုံးထက်မှ ရွှေ့လျောကျဆင်းသွား ခဲ့ပါသည်။ သို့သော် မင်းတုန်းမင်းသည် ထိုဝန်ထုပ်ဝန်ပိုးကြီးကို ပြည်သူတို့ အသက်ရှူ ချောင်ရုံ တဒင်္ဂမျှသာ ရွှေ့ဆိုင်းပေးနိုင်ခဲ့ပါသည်။ ထာဝရတည်မြဲအောင်မူ လုပ်မပေးနိုင် ခဲ့ပါ။ ထို့ကြောင့် ယင်းလက်ထက် မြန်မာအင်္ဂလိပ်ဆက်ဆံရေးကိုလည်း လေ့လာသုံးသပ် ကြည့်ရန် လိုပါဦးမည်ဖြစ်ပါသည်။

## မင်းတုန်းမင်းလက်ထက် နိုင်ငံခြားဆက်ဆံရေး

မင်းတုန်းမင်း ထီးနန်းမရရှိမီ မြန်မာနှင့်အင်္ဂလိပ်တို့ နှစ်ကြိမ် စစ်ဖြစ်ခဲ့သည်။ ပထမစစ်တွင် မြန်မာတို့ရှုံးနိမ့်၍ နယ်မြေအချို့နှင့်စစ်လျော်ကြေးပေးရသော ရန္တပိုစာချုပ် ကို လက်မှတ်ရေးထိုးခဲ့ကြရသည်။ ထိုစာချုပ်ကြောင့် မြန်မာတို့ အမျိုးသားရေးနှင့် နိုင်ငံရေးဂုဏ်သိက္ခာ ကျဆင်းခဲ့ရသည်။ ထို့ကြောင့် ဒုတိယစစ်အတွင်း မင်းတုန်းမင်း နန်းတက်လာပြီး စစ်ကို တစ်ဖက်သတ် ရင်ဆိုင်းလိုက်သည်။ နောက် နန်းတွင်းအုပ်ချုပ် ရေးအသိုက်အဝန်း၌ အစဉ်အလာစနစ်ဟောင်းဖြင့် ဆက်လက်ကျင့်သုံးနေထိုင်၍ မရနိုင်တော့ကြောင်းကိုလည်း သဘောပေါက်သင့်သလောက် ပေါက်လာသည်။ ပဓာန အချက်မှာ နယ်ချဲ့ကိုယှဉ်ပြိုင်လိုလျှင် နယ်ချဲ့တို့ကဲ့သို့ စက်မှုထွန်းကားမှုဖြစ်မည်၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဖြစ်မည်၊ တစ်ကိုယ်တော်နိုင်ငံဘဝကို စွန့်လွှတ်မှုဖြစ်မည် တို့ကို နားလည်လာခဲ့သည်။

မင်းတုန်းမင်းသည် ၁၇ ဖေဖော်ဝါရီ ၁၈၅၃ တွင် မင်းဖြစ်လာခဲ့၍ ထို့နေ့မှာပင် အင်္ဂလိပ်မြန်မာ ဒုတိယစစ်ကို အတိုက်အခိုက်ရပ်စဲကြောင်း ကြေညာခဲ့သည်။ စစ်ပြေငြိမ်း ရေးအတွက် ကျောက်မော်မြို့စား သတိုးမင်းကြီး မဟာမင်းလှသီဟသူကို ၂၂ မတ် ၁၈၅၃ နေ့တွင် ပြည်မြို့ရှိ အင်္ဂလိပ်တို့နှင့်ဆွေးနွေးရန် စေလွှတ်ခဲ့သည်။ နှစ်ဖက် ကိုယ်စားလှယ်တို့ တွေ့ဆုံဆွေးနွေးကြသောအခါ အာသာဖယ်ရာ (Arthur Phayre) က နယ်မြေများကို ပြည်မြို့မှအထက်သို့တက်၍ မြေထဲ(ယခုအောင်လံမြို့)အထိ တိုးချဲ့ ယူထားသဖြင့် အဆင်မပြေဖြစ်ရသည်။ မြန်မာတို့ဘက်မှ စစ်ပြေငြိမ်းရေးစာချုပ်ကို

လက်မှတ်မရေးထိုးခြင်းဖြင့် နယ်မြေလုယူထားမှုကို အသိအမှတ်မပြုကြောင်း ပြသခဲ့သည်။ သို့ဖြင့် အလိုအလျောက် ဒုတိယမြန်မာအင်္ဂလိပ်စစ် ပြီးဆုံးသွားသည်။

မင်းတုန်းမင်းသည် အင်္ဂလိပ်တို့နှင့် ဆက်ဆံရာတွင် သတိကြီးစွာထား၍ ဆောင်ရွက်ခဲ့လေသည်။ နိုင်ငံခြားသားအချို့ကိုလည်း လိုအပ်လျှင် တိုင်ပင် အကြံဉာဏ်ရယူလေသည်။ ယင်းတို့တွင် ပေါ်တူဂီလူမျိုး ကာမရတ္တ (Antonio Camaretta)၊ အာမေနီယံလူမျိုး မနွတ် (Sarkies Manook)နှင့် ပြင်သစ်သာသနာပြုဘုန်းတော်ကြီး ဒေါင်ပေါက်လူ (Don Poule)တို့ပါဝင်ကြပြီး ယင်းတို့နှင့်တိုင်ပင်ဆွေးနွေးပြီးမှ ချင့်ချင့်ချိန်ချိန်ဖြင့် အင်္ဂလိပ်မြန်မာ ဆက်ဆံရေးကို ပုံဖော်ခဲ့လေသည်။

မင်းတုန်းမင်းကြီး၏ ဦးစွာသော သံတမန်ဆက်ဆံရေး ဆောင်ရွက်ချက်မှာ ၂၄ စက်တင်ဘာ ၁၈၅၄ တွင် မင်းကြီးမဟာမင်းခေါင်ရာဇာကို မြန်မာသံအဖွဲ့အား ဦးဆောင်စေလျက် အိန္ဒိယသို့ စေလွှတ်ခဲ့ခြင်းပင်ဖြစ်သည်။ ရည်မှန်းချက်မှာ အင်္ဂလိပ်တို့ သိမ်းထားသော အောက်မြန်မာနိုင်ငံကို ပြန်တောင်းရန်ဖြစ်သည်။ သို့သော်လည်း အင်္ဂလိပ်တို့၏ မောက်မာသောဆက်ဆံရေးကြောင့် အောင်မြင်မှုမရရှိဘဲ ၁၄ ဖေဖော်ဝါရီ ၁၈၅၅ တွင် မြန်မာသံအဖွဲ့ ပြန်လည်ရောက်ရှိလာခဲ့သည်။

အာသာဖယ်ရာ[9] ခေါင်းဆောင်သော အင်္ဂလိပ်သံအဖွဲ့တစ်ဖွဲ့လည်း မင်းခေါင်ရာဇာတို့ပြန်ရောက်ပြီး ခြောက်လကျော်အကြာ ၁ စက်တင်ဘာ ၁၈၅၅ တွင် မြန်မာနိုင်ငံသို့ရောက်ရှိလာသည်။ ဖယ်ရာနှင့်အတူ လိုက်ပါလာကြသောသံအဖွဲ့ဝင်တို့တွင်

၁။ မြန်မာနိုင်ငံ၏ ရာသီဥတု၊ ကျန်းမာရေးအခြေအနေနှင့် သဘာဝထွက်ကုန်တို့ကို လေ့လာမည့်ပညာရှင်တစ်ဦး

၂။ စစ်ရေးခရီးလမ်းပန်းတို့ကို လေ့လာမည့်ပညာရှင်တစ်ဦး

၃။ ဧရာဝတီမြစ်ကြောင်း လေ့လာမည့်ပညာရှင်တစ်ဦး

၄။ ဘူမိဗေဒပညာရှင်တစ်ဦး

---

[9] ယင်းနှင့်ပတ်သက်၍ မှတ်သားစရာတစ်ရပ်မှာ ယင်းသည် မြန်မာရာဇဝင်ကျမ်းတစ်စောင်ကို ရေးသားခဲ့ခြင်းပင်ဖြစ်သည်။ နိုင်ငံခြားထားထဲမှ မြန်မာရာဇဝင်ကို အပြည့်စုံနိုင်ဆုံး ချဉ်းကပ်ခဲ့သူဖြစ်သည်။ ယင်း၏စာအုပ်အမည်မှာ History of Burma including Burma Proper, Pegu, Taungu, Tenasserim and Arakan, from the Earliest Time to the End of the First War with British India ဟူ၍ဖြစ်သည်။ ခရစ်နှစ် ၁၈၈၃ ခုနှစ်က ပထမအကြိမ်ထွက်ပေါ်လာပြီး ၁၉၆၇ တွင် ဒုတိယအကြိမ်ပြန်နိုပ်သည်။

၅။ ပန်းချီဆရာတစ်ဦး

၆။ ဓာတ်ပုံဆရာတစ်ဦးနှင့်

၇။ ခံတပ်ပညာရှင်တစ်ဦး

တို့ပါဝင်ကြသည်။ နယ်ချဲ့အင်္ဂလိပ်တို့၏အကြံ မည်မျှကြီးမားကြောင်းကို ထိုပညာရှင်များအား ခေါ်လာခဲ့ခြင်းက မှန်းဆကြည့်၍ရနိုင်ပါသည်။

ထိုသံအဖွဲ့လည်း မြန်မာတို့နှင့် (မဟာမိတ်)စာချုပ်ချုပ်ဆိုရေးလုံးပန်းမှုတွင် မအောင်မြင်ဘဲ ၂၂ အောက်တိုဘာ ၁၈၅၅ တွင် ပြန်လည်ထွက်ခွာသွားသည်။ ဖယ်ရာခေါင်းဆောင်သော ဗြိတိသျှသံအဖွဲ့တစ်ဖွဲ့ ၁၈၆၂ ခုနှစ်တွင် ဒုတိယအကြိမ် ရောက်လာခဲ့ပြန်သည်။ ယင်းအခေါက်၌မူ အချက် ၉ ချက်ပါသော စာချုပ်တစ်ခု ချုပ်ဆိုနိုင်ခဲ့သည်။

ထိုစာချုပ်ကို ဖြည့်စွက်ပြင်ဆင်ရန်အတွက် ၁၈၆၇ ခုနှစ်တွင် ဗိုလ်မှူးကြီး အဲလ်ဘတ်ဖိုက်ချ် (Colonel Albert Fytche)ဦးဆောင်သောသံအဖွဲ့ ရောက်ရှိလာခဲ့ သည်။ ၂၅ အောက်တိုဘာ ၁၈၆၇ တွင် အချက် ၁၃ ချက်ပါသော စာချုပ်ကို ချုပ် ဆိုခဲ့ကြသည်။ ထူးခြားချက်မှာ ဖက်စပ်ခုံ(Mixed Court)ထားရှိရန်အကြောင်း ပါဝင် လာခြင်းပင်ဖြစ်သည်။ မြန်မာဥပဒေနှင့် မြန်မာတရားသူကြီးများညံ့ကြောင်းကို သွယ်ဝိုက် ပြောသည့်သဘောပင် ဖြစ်တော့သည်။ တစ်နည်းလည်း ဗြိတိသျှတို့က နယ်လွန် တရားစီရင်ခွင့် (Extraterritorial Right)ကို မြန်မာ့မြေပေါ်တွင် ကျင့်သုံးလိုက်ခြင်းပင် ဖြစ်တော့သည်။

မင်းတုန်းမင်းသည် ရာဇမဟာမိတ် ခိုင်မြဲရေးရည်ရွယ်လျက် ၁၈၇၂ ခုနှစ်တွင် ကင်းဝန်မင်းကြီးကို သံအဖွဲ့ခေါင်းဆောင်ခန့်လျက် အင်္ဂလန်သို့စေလွှတ်ခဲ့သည်။ အင်္ဂလိပ်တို့က ရန်ကုန်တွင် မြန်မာသံအဖွဲ့၏သွားလာရေးကြန့်ကြာအောင် နှောင့်ယှက်ခဲ့ ကြသည်။ ကင်းဝန်မင်းကြီးနှင့်အဖွဲ့သည် အီတလီနှင့် ပြင်သစ်နိုင်ငံတို့သို့လည်း ဝင်ရောက်ခဲ့ကြသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးနှင့် ၂၂ နိုဝင်ဘာ ၁၈၇၂ တွင်လည်း ကောင်း၊ ပြင်သစ်သမ္မတကြီးနှင့် ၁၁ ဒီဇင်ဘာ ၁၈၇၂တွင်လည်းကောင်းတွေ့ဆုံဆွေးနွေး ခွင့်ရရှိခဲ့ပါသည်။ နှစ်နိုင်ငံရောင်းဝယ်ရေးစာချုပ်တစ်ခုကိုလည်း ချုပ်ဆိုနိုင်ခဲ့ကြပါသည်။

မြန်မာသံအဖွဲ့ အင်္ဂလန်မှာ ရောက်ရှိနေစဉ်တွင် ဗြိတိသျှတို့၏ ဗိုလ်မှူးကြီး အဲလ်ဘတ်ဗရောင်း (Col. Horace Albret Brown)ဦးဆောင်သော သံအဖွဲ့လည်း ရတနာပုံနေပြည်တော်သို့ ရောက်ရှိလာသည်။ ဝိတိုရိယဘုရင်မကြီး၏ သဝဏ်လွှာ၊



မင်းတုန်းမင်းလက်ထက်ရောက် အင်္ဂလိပ်သံ
(ကျောက်ထွင်းပန်းချီ ဘုရားကြီး)

ဝန်ကြီးချုပ်ဂလက်စတုန်း (Gladstone)နှင့် အိန္ဒိယဘုရင်ခံချုပ်တို့၏ စာများလည်း ပါလေသည်။ နိုင်ငံရေးသဘောပါသော စာမျိုးကားမဟုတ်ချေ။ ဝိတိုရိယဘုရင်မကြီး၏ စာပါသဖြင့် မြန်မာတို့က ထိုသံအဖွဲ့ကို အထူးဂရုစိုက်၍ ကြိုဆိုခဲ့ကြသည်။ ထိုသံအဖွဲ့ ၃၀ ဧပြီ ၁၈၇၂ တွင် ပြန်လည်ထွက်ခွာလာသောအခါ၌လည်း စာရေးကြီးမင်းလှ ဇေယသူကို မြနန်းယာဉ်သာသဘော်တော်နှင့် ရန်ကုန်မြို့ရောက် လိုက်ပါပို့ဆောင် စေခဲ့သည်။

ထိုနှစ်ထဲမှာပင် အီတလီသံအဖွဲ့တစ်ဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ လာရင်းအကြောင်းမှာ သဘောတူပြီး မဟာမိတ်စာချုပ်ကို အတည်ပြုရန်ဖြစ်ပေသည်။ မင်းတုန်းမင်းကြီးသည် ထိုသံအဖွဲ့ကို နှစ်ကြိမ်တိုင် အဖူးမျှော်ခံခဲ့သည်။ သေနတ်လုပ်စက် မှအစ စက်ကိရိယာများဝယ်ယူရရှိရေးကို ပဓာနထား၍ပြောဆိုခဲ့သည်။ ယင်းကိုထောက် ၍ ကနောင်မင်းမသေမီက ရေမြှုပ်ပုံးစမ်းသပ်ဖောက်ခွဲရာ သတ္တဝါတို့သေကြေကြမည် ကိုစိုး၍ ပိတ်ပင်ခဲ့ရသည်ဟူသော အဆိုအပြောမမှန်ကြောင်း သတိမူမိလောက်ပါသည်။

မြန်မာတို့က ပြင်သစ် အီတလီနိုင်ငံတို့နှင့် ဆက်ဆံလာသောအခါ ဗြိတိသျှ သည် မြန်မာတို့နှင့် ချစ်ကြည်ရေးစကားကို ပို၍ပြောလာရသည်။ ကင်းဝန်မင်းကြီး အင်္ဂလန်မှပြန်ရောက်၍ မကြာမီ အင်္ဂလိပ်သံအဖွဲ့လည်း နောက်မှပါလာသည်။ ခေါင်းဆောင်မှာ တနင်္သာရီအရေးပိုင် ဒေးဗစ်ဗရောင်း (David Brown)ဖြစ်လေသည်။ ဝိတိုရိယဘုရင်မကြီး ရာဇသံစာလည်းပါလေသည်။ ထိုသံအဖွဲ့သည် မြန်မာသင်္ဘော ကျင်းမှ သင်္ဘောတည်ဆောက်မှု မည်မျှအောင်မြင်နေသည်ကိုလည်း ကြည့်ရှုလေ့လာသွား သည်။ ထိုသံအဖွဲ့ပြန်သွားပြီး နှစ်လကျော်အကြာ ၂၉ ဩဂုတ် ၁၈၇၃ နေ့တွင် ဆောက်လုပ်ပြီးစီးသွားသော သင်္ဘောနှင့်ဆိုင်သည့်အမိန့်တော် ထုတ်ပြန်ချက်တစ်ရပ် ပေါ်ထွက်လာခဲ့သည်။

*''ရွှေမြို့တော်နောက်ပြင် စံနန်းတော်ဆိပ်ကမ်းတွင် ခန်းပတ်မြို့စားဝန်ကြီး မင်းကြီးသီရိမဟာဥဇနာ ကြီးကြပ်တည်လုပ်သည့် သံသင်္ဘောတည်လုပ်ပြီးပြေရှိ သည့် သံသင်္ဘောတော်ကို ရတနာယာဉ်ပျံ ကမ္ပည်းတပ်စေ''*

*သက္ကရာဇ် ၁၂၃၅ ခု တော်သလင်းလဆန်း ၇ ရက်(၂၉ ဩဂုတ်လ ၁၈၇၃)နေ့*

*နားခံပြောကြီးမှူးတွင်ပြန်*

နောက် ပြင်သစ်သံအဖွဲ့တစ်ဖွဲ့လည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ မြန်မာတို့က ထိုသံအဖွဲ့ကို ကောင်းမွန်ကြီးကျယ်စွာကြိုဆိုခဲ့ကြသည်။ အကြောင်းမှာ သံအဖွဲ့နှင့်အတူ ပြင်သစ်သမ္မတကြီး၏ သဝဏ်လွှာလည်း ပါသောကြောင့်ဖြစ်သည်။ အပြန်တွင် ကင်းဝန်မင်းကြီးဦးဆောင်သော မြန်မာသံအဖွဲ့လည်း လိုက်ပါသွားလေသည်။ ထူးခြားသည်မှာ ကင်းဝန်မင်းကြီးသည် ရှေးကကဲ့သို့သော သံတမန်မျိုး မဟုတ်တော့မူဘဲ နိုင်ငံတကာနည်း အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး (Ambassador Extraordinary Plenipotentiary)အဖြစ် မင်းတုန်းမင်းကိုယ်တော်တိုင် လက်မှတ်ရေးထိုးခန့်အပ်ခဲ့ခြင်းပင် ဖြစ်သည်။

## ဝန်ကြီးကင်းဝန်မင်းကြီး မဟာစည်သူကို နိုင်ငံတကာနှင့်ဆိုင်သည့် သံကြီး ကိုယ်စားလှယ်တော်ကြီးလွှဲအပ်သည့် အမိန့်တော်ပြန်တမ်း

*''သီရိပဝရ ဝိဇယာနန္တယ သပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြန်မာနိုင်ငံကို အစိုးရတော်မူသော နေထွက်ဘုရင်မြန်မာမင်းမြတ်၊ ဤသို့ ဆိုလတံ့သောအရေး လွှဲအပ်ခြင်းတို့နှင့် ကိုယ်တိုင်တွေ့ကြုံမည့်သူ လူခပ်သိမ်းတို့ ကြားသိမှတ်သားစေရန် အနောက်တိုင်းပြည်နိုင်ငံများသို့ ခန့်ထားစေလွှတ်သူ အထူးသီးခြားခန့်ထားသော သံကြီးကိုယ်စားလှယ်တော် ပထမအရေးပိုင်ဝန်ကြီး ကင်းဝန်မင်းကြီး မဟာစည်သူ၏ အစွမ်းသတ္တိအရည်အချင်း သတိပညာမချို့တဲ့သည့်အရာ၊ အကျင့်အာစာရများ၌ အထူးသဖြင့် အရေးပုံခြင်း ယုံကြည်ခြင်းများကို လူခပ်သိမ်းတို့ မှတ်နာကြကုန်။*

*ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဘုရင်မင်းများဘက်က ကျွန်ုပ် အထူးသီးခြားခန့်ထားစေလွှတ်သော၊ အရေးပိုင်ကဲ့သို့ အရေးပေးအပ်အလွှဲခံရသူ တစ်ဦးတစ်ယောက်နှင့်ဖြစ်စေ၊ တွေ့ကြုံဆိုင်ပြိုင်ရန် အမှုပြောဆိုဆွေးနွေးမေးမြန်း စေ့စပ်ညှိနှိုင်းတိုင်ပင်ရန်အမှုဆိုခဲ့သည့် အရေးပိုင်တစ်ယောက်နှင့်ဖြစ်စေ အများနှင့်ဖြစ်စေ အခိုက်အတန့်တည်စေရန် အခိုင်အခန့်တည်စေရန် စာချုပ်တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ ချုပ်ဆိုရန်အမှု ကုန်ဝယ်မှုနှင့်စပ်သည့် ကောင်စစ်ခေါ် ကိုယ်စားလှယ်ရသင့်ရထိုက်ရအပ်သည့် အခွင့်ရေးရာထုံးဥပဒေများနှင့်စပ်သည့်အမှု ယခုအခါတိုင်းပြည်အချင်းချင်း တစ်စုံတစ်ခုယှက်တင်ပျက်ဆဲအမှု နောင်ဖြစ်ပျက်ယှက်တင်ရန်အမှု မည်သည့်မှုခင်းကြီးငယ် အရေးအရာအကြံအစည်မဆို အကုန်ရှိအပ်*




မင်းတုန်းမင်းလက်ထက်ရောက် ဒီရန်သံ
(ကျောက်ထွင်းပန်းချီ ဘုရားကြီး)



ကင်းဝန်မင်းကြီးအိမ်

*တောင့်တအပ်သည့်အမှုများကို ပြီးပြတ်အောင် နှီးနှောပြောဆို စေ့စပ်ညှိနှိုင်းထမ်းဆောင်စေရန် ကျွန်ုပ်တို့ အကျိုးစီးပွား အမည်နာမအလိုငှာ အရေးလွှဲအပ်ရန်ရှိသမျှကို အထူးသဖြင့် ယုံယုံကြည်ကြည် တစ်ဝတည်း လွှဲအပ်ခြင်းနှင့်တကွ ဝန်ကြီးကင်းဝန်မင်းကြီး မဟာစည်သူကို ကျွန်ုပ်တို့ အရေးပုံယုံ လွှဲအပ်လိုက်ပါသည်။ ဆိုခဲ့သည့်လွှဲအပ်ရာကို မှုခွင့်ရေးရာအကြံအစည်များနှင့်စပ်သည့် အရာခပ်သိမ်းကို စုံညီညှိနှိုင်းထောက်ချင့်၍ ဆိုခဲ့သည့်အရေးလွှဲအပ်ခြင်းများကို စာရေးမှုလထားပြီးလျှင် အခိုက်အတန့်တည်စေရန် အခိုင်အခန့်တည်စေရန် စာချုပ်တစ်စုံကိုဖြစ်စေ အများကိုဖြစ်စေ၊ အမြဲအရှည်တည်စေရန် ဆုံးခန်းအရောက် လက်စသိမ်းရန် လက်မှတ် ထိုးရန်အမှုများမှာ မြန်မာတိုင်းပြည်နိုင်ငံ မင်းသဘောကိုက်ညီ ပြောဆိုဆုံးဖြတ်ရာ လက်မှတ်ထိုးရန် ကျွန်ုပ်တို့ အရာချန်ထားရမည့်အကြောင်း ဆိုခဲ့သည့် အရေးလွှဲအပ်ရာပါ မှုခင်းများမှာ သက်သေခံထား၍ ကျွန်ုပ်တံဆိပ်ကို အဆုံးတွင် ခတ်နှိပ်စေသည်။*

*သာသနာတော် ၂၄၁၇ မြန်မာကောဇာသက္ကရာဇ် ၁၂၃၅ ခု တပို့တွဲလပြည့်ကျော် ၇ ရက်နေ့၊ သိုးဆောင်းသက္ကရာဇ် ၁၈၇၃ ခု ဖတ်ဖြူဝေရီလ ၁၅ ရက် မြန်မာနိုင်ငံရတနာပုံနေပြည်တော် ရွှေနန်းတော်တွင် ကျွန်ုပ်လက်မှတ်ထိုးသည်။ သီရိပဝရ ဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ၊ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြန်မာနိုင်ငံကို အစိုးရတော်မူသော နေထွက်ဘုရင် မြန်မာမင်းမြတ်။*

*(ပုရပိုက်မူ၊ နံပါတ် ၆၂၄၊ ရန်ကုန်၊ အမျိုးသားစာကြည့်တိုက်)*

မြန်မာသံအဖွဲ့ ၁၉ မေ ၁၈၇၄ နေ့တွင် ပါရီ(Paris)သို့ရောက်သည်။ ရည်ရွယ်ချက်မှာ စာချုပ်လက်မှတ်ရေးထိုးဖလှယ်ရန်နှင့် စက်ပစ္စည်းများ ဝယ်ယူငှားရမ်းရန်ဖြစ်သည်။ သို့သော်လည်း ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်ခြင်းမရှိခဲ့ပေ။

ဗြိတိသျှတို့၏ အန္တရာယ်ကိုမြင်သော မြန်မာတို့သည် မဟာမိတ်ကောင်းရှာဖွေရေးကို အထူးလုံးပန်းခဲ့သည်။ အီရန်သံအဖွဲ့ဆိုသူတို့ ရောက်လာသောအခါ သေနတ်၊ အမြောက်၊ လုပ်နိုင် မလုပ်နိုင်၊ ရောင်းနိုင် မရောင်းနိုင်တို့ကို စုံစမ်းခဲ့သည်။ ရုရှားနှင့် မဟာမိတ်ဖြစ်ရေးလည်း လုံးပန်းခဲ့သည်။ အီရန်သံအဖွဲ့ဆိုသူတို့အပြန်တွင် စာရေးကြီး မင်းလှကျော်ထင်ရာဇာ ဦးဆောင်စေလျက် သံအဖွဲ့တစ်ခုကို ရုရှားသို့

စေလွှတ်ခဲ့သည်။ သို့သော်လည်း အီရန်သံဆိုသူတို့မှာ လူလိမ်လူညာများဖြစ်သဖြင့် မြန်မာတို့ဆန္ဒ မပြည့်မြောက်ခဲ့ချေ။

ထို့နောက် ၁၈၇၅ တွင် ဦးခြိမ့်ခေါင်းဆောင်လျက် အီတလီ၊ စပိန်၊ ပေါ်တူဂီ တို့သို့ မြန်မာသံအဖွဲ့ကိုစေလွှတ်ပြန်သည်။ ပညာတော်သင်များလည်း လိုက်ပါသွား ကြသည်။ ဤသည်မှာလည်း ရည်မှန်းချက်ပေါက်မြောက်အောင်မြင်သည်ဟူသော အထောက်အထား မတွေ့မိပေ။ ဖန်ချက်ဝန်ကို ပြင်သစ်သို့ ၁၈၇၈ ခုနှစ်က စေလွှတ်ခဲ့ သည်မှာလည်း ဗြိတိသျှတို့၏ကန့်ကွက်မှုကြောင့် လက်နက်ဝယ်ယူရေး အဆင်မပြေ ဖြစ်ခဲ့ရသည်။

အချုပ်ဆိုရသော် မင်းတုန်းမင်းလက်ထက် နိုင်ငံခြားဆက်ဆံရေးသည် ဗြိတိသျှတို့နှင့် သင့်တင့်စွာနေထိုင်၍ အောက်မြန်မာနိုင်ငံ ပြန်လည်ရရှိရေးသည်သာ ပဓာနဖြစ်ပေသည်။ အခြားသောမျှော်မှန်းချက်တို့မှာ ရောင်းဝယ်ရေးနှင့် စစ်လက်နက် ပစ္စည်းအပါအဝင် စက်မှုလုပ်ငန်း ဖြစ်ထွန်းတိုးတက်ရေး၊ တစ်ကိုယ်တော်နိုင်ငံအဖြစ်မှ ရုန်းထွက်၍ အခြားဥပရောနိုင်ငံများနှင့် မဟာမိတ်ပြုလျက် အကူအညီရယူနိုင်ရေး တို့ပင်ဖြစ်သည်။ သို့သော် ဗြိတိသျှတို့သည် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုတို့ကို စောင့်ကြည့်နေပြီး နောက်ဆုံး သိမ်းပိုက်နိုင်မည့်အခွင့်ကိုသာ လက်ချိုးရေတွက်နေသည့် ဟန်ဖြစ်ပေသည်။ မင်းတုန်းမင်းအနေဖြင့်လည်း မည်မျှပင်ကြိုးပမ်းခဲ့သည်ဖြစ်စေ ကြုံတွေ့ရင်ဆိုင်ရမည့် ဗြိတိသျှတို့၏ ကျူးကျော်မှုကိုမူ ရက်ဆွဲထားနိုင်ရုံမှအပ အခြား လုပ်နိုင်စွမ်းမရှိတော့သည်ကို တွေ့နေရသည်။ မင်းတုန်းမင်း၏ နောက်ဆုံးရက်များ အတွင်း ဖိနပ်ပြဿနာကို ဗြိတိသျှတို့ဖော်ထုတ်လာခြင်းက ယင်းတို့အတွက်အခြေအနေ ကောင်းပေါ်စေရန် လမ်းခင်းပေးထားခြင်း ဖြစ်တော့သည်။

## သီပေါမင်းလက်ထက် ဆက်ဆံရေး

### တတိယ အင်္ဂလိပ်မြန်မာစစ်

မင်းတုန်းမင်းလက်ထက် နောက်ပိုင်းတွင် အင်္ဂလိပ်မြန်မာ ဆက်ဆံရေး အဆင်မပြေဖြစ်လာသည်။ အဓိကမှာ ဖိနပ်ပြဿနာဖြစ်သည်။ စင်စစ်မူ မြန်မာနိုင်ငံ၌ မင်းပြောင်းမင်းလွဲဖြစ်လျှင် အကဲစမ်းရန်အတွက် ပြဿနာတစ်ခုအဖြစ် အစဖော်ပေး ထားခြင်းဖြစ်ပါသည်။ သို့သော်လည်း သီပေါမင်းနန်းတက်လာသောအခါ ပြဿနာ

အများဆုံးဖန်တီးခဲ့သည်မှာကား ဧရာဝတီမီးသင်္ဘောကုမ္ပဏီ (Irrawaddy Floatila Co.)ဖြစ်၏။ ယင်း၏ 'ချင်းတွင်း'၊ 'ရန်ကင်းတောင်'၊ 'ရှင်စောပု'၊ 'ရွှေမြို့'နှင့်'ယွန်နံ' စသော သင်္ဘောများက ထိုပြဿနာများကို ဖန်တီးပေးခဲ့ခြင်းဖြစ်လေသည်။

'ရှင်စောပု'သင်္ဘောအမှု ဖြစ်ပွားပေါ်ပေါက်လာသောအခါ ထိုသတင်းကို အိန္ဒိယသို့သာမက အင်္ဂလန်တိုင်အောင် ပေးပို့ခဲ့သည်။ မြန်မာ့စစ်အင်အားကိုလည်း ပူးတွဲဖော်ပြခဲ့သည်။ သဘောမှာ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်လျှင် မြန်မာစစ်အင်အားမည်မျှရှိ၍ အင်္ဂလိပ်စစ်အင်အား မည်မျှအသုံးပြုရမည်ကို ချင့်ချိန်နိုင်ရန် ဖြစ်လေသည်။ ရှင်စောပုသင်္ဘောအမှုမှာ မြန်မာအရာရှိတို့ ရိုးသားစွာ မသိနားမလည်၍ ဖြစ်ရသည်များ ပါဝင်သော်လည်း အင်္ဂလိပ်တို့ဘက်မှ တမင်ပြဿနာ မပေါ်ပေါ်အောင် ဖန်တီးခဲ့ခြင်းဖြစ်သည်။ ယင်းပြဿနာကိုအကြောင်းပြု၍ အထက်မြန်မာနိုင်ငံကို သိမ်းသင့်မသိမ်းသင့် အင်္ဂလိပ်တို့ စဉ်စားခဲ့ကြသည်။ သို့သော်လည်း မြန်မာအစိုးရဘက်မှ ပြဿနာကို အဆုံးစွန်ရောက်အောင်မလုပ်ဘဲ ပြေအေးအောင် အားထုတ်ဆောင်ရွက်ခဲ့သောကြောင့်သာ စစ်မဖြစ်ပွားခဲ့ရခြင်း ဖြစ်လေသည်။

သို့သော်လည်း ၁၈၇၉ ခုတွင် အင်္ဂလိပ်တို့ အထက်မြန်မာနိုင်ငံ သိမ်းပိုက်ရေးအတွက် ဝါဒဖြန့်နိုင်ရန် အဖြစ်အပျက်တစ်ခုပေါ်ပေါက်လာခဲ့သည်။ ယင်းမှာ နန်းတွင်းလုပ်ကြံမှုကြီး ပေါ်ပေါက်ခဲ့ခြင်းပင်တည်း။ ထိုအဖြစ်ဆိုးကြီး ပေါ်ပေါက်ပြီး ၁၅ ရက်မျှအကြာ ၁၁ အောက်တိုဘာ ၁၈၇၉ တွင် ရန်ကုန်ရှိ ကုန်သည်ကြီးများအသင်း (The Rangoon Chamber of Commerce)က အစည်းအဝေးကြီးတစ်ခု ကျင်းပခဲ့သည်။ အထက်မြန်မာနိုင်ငံ၏ မနုစ်မြို့ဖွယ်များကို ဆွေးနွေးရန်အတွက်ဟုဆိုသည်။ စင်စစ်မူ အထက်မြန်မာနိုင်ငံအား ဗြိတိသျှတို့က ချက်ချင်းသိမ်းပိုက်ပါရန် တောင်းဆိုခြင်းသာဖြစ်လေသည်။ ထိုတောင်းဆိုချက်ကို ဖိအားပေးဆော်ဩခဲ့ကြသူများကား ဘုံဘေဘားမားကုမ္ပဏီ (The Bombay Burmah Trading Corporation Ltd.) ဧရာဝတီ ဖလိုတီလာကုမ္ပဏီနှင့် စတီးကုမ္ပဏီ(Steel Co.)တို့တည်း။

ရန်ကုန်ရှိ အင်္ဂလိပ်ကုန်သည်ကြီးများသည် အထက်မြန်မာနိုင်ငံအစိုးရကြောင့် ရောင်းဝယ်ရေးများ ဆုတ်ယုတ်ပျက်ပြားလျက်ရှိနေကြောင်းနှင့် ဗြိတိသျှအစိုးရကို တင်ပြလျက် မြန်မြန်တိုက်ခိုက်သိမ်းပိုက်ရန်ကိုသာ တင်ပြတိုက်တွန်းလျက် ရှိနေကြသည်။ မန္တလေးနန်းတွင်းသတ်ဖြတ်မှုကြီးတွင် အင်္ဂလိပ်တို့က ဝင်ရောက်စွက်ဖက်ခဲ့သည်။ ယင်းတို့သည် အသတ်ခံရမည့်သူများကို သနား၍မဟုတ်ဘဲ ပြဿနာပို၍

ကြီးထွားလာစေရန် ဖန်တီးလို၍သာဖြစ်သည်။ တစ်ဖက်ကလည်း လိုအပ်လျှင် အသင့်ဖြစ်စေရန်အတွက် စစ်ပြင်ဆင်ထားရှိလေသည်။ ၁၈၅၉ ခုနှစ်သို့ရောက်သောအခါ မန္တလေးရှိ ယင်းတို့၏ သံကိုယ်စားလှယ်ရုံးကိုလည်း ပိတ်လိုက်လေတော့သည်။

အင်္ဂလိပ်အစိုးရက ရန်လိုမှုများ အဆက်မပြတ်ပြုလုပ်နေသော်လည်း မြန်မာတို့ဘက်ကမူ ချစ်ကြည်ရေးကို လုံးပန်းခဲ့ပါသည်။ မြန်မာသံအဖွဲ့ကို မြောင်လှမြို့စားသီရိမဟာဇေယသူ ဦးဆောင်စေလျက် ၂၁ အောက်တိုဘာ ၁၈၅၉ တွင် ကာလကတ္တားသို့ စေလွှတ်ခဲ့သည်။ ထိုသံအဖွဲ့သည် နယ်ခြားဖြစ်သော သရက်မြို့၌ သောင်တင်နေပြီးနောက် ပြန်လှည့်လာခဲ့ရသည်။ သဘောမှာ မြန်မာသံအဖွဲ့ ဆက်သွားရန်မလို၊ မြန်မာနိုင်ငံသည် အင်္ဂလိပ်ဩဇာခံနယ် (Sphere of Influence)ဖြစ်လာရမည့်ဒေသဟု ဆိုလိုရာရောက်ပေသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က အနေးနှင့်အမြန် သိမ်းတော့မည်ဟု သေချာနေတော့သည်။

မြန်မာသံအဖွဲ့ သရက်မြို့မှာရှိနေစဉ် အင်္ဂလိပ်ပိုင်နယ်ထဲ၌ ရောက်နေသော ညောင်အုပ်မင်းသားက ဆင်ပေါင်ဝဲမြို့ကို စီးနင်းတိုက်ခိုက်လာခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့် အင်္ဂလိပ်စာပို့သင်္ဘော 'ယွန်နံ'ကို စလေမြို့၌ မြန်မာအရာရှိတို့က ခေတ္တတားဆီး ရပ်ဆိုင်းထားခဲ့သည်။ ဤသို့ ရပ်ဆိုင်းထားခဲ့သည်ကို အင်္ဂလိပ်တို့က ကြီးကျယ်သောပြစ်မှုကြီးဖြစ်လေဟန် အကွက်ဆင်ခဲ့သည်။ မြန်မာအစိုးရသည် အင်္ဂလိပ်နှင့်ဆက်ဆံရေးကို ကောင်းမွန်တိုးတက်လာအောင်ကြိုးစားခဲ့သည်။ ဆင်းမလားသို့ မြန်မာသံအဖွဲ့ကို ၁၈၈၂ ခုနှစ်တွင် စေလွှတ်ခဲ့သည်။ ရည်ရွယ်ချက်မှာ ကုန်ပစ္စည်းများကို ဆယ်ရာခိုင် နှုန်းကောက်ခံရန်၊ လက်နက်ခဲယမ်းတို့ကို လွတ်လပ်စွာ ဝယ်ယူနိုင်ရန်၊ အင်္ဂလန်နှင့် တိုက်ရိုက်ဆက်ဆံခွင့်ရရှိရန် တောင်းဆိုရေးအတွက်ဖြစ်သည်။ သို့သော် ထိုသံတမန်ခရီးမှာအောင်မြင်မှုမရရှိဘဲ ၁၈၈၃ ခုနှစ်တွင် ပြန်လည်ရောက်ရှိလာခဲ့သည်။

ထို့နောက် မြန်မာတို့သည် ပြင်သစ်နှင့်ဆက်ဆံရေး လုံးပန်းပြန်သည်။ မြန်မာသံအဖွဲ့ကို ပြင်သစ်နိုင်ငံသို့ ၁၈၈၃ ခုနှစ်တွင် စေလွှတ်ခဲ့သည်။ ထိုသံအဖွဲ့ ပါရီသို့ ၁၃ ဩဂုတ် ၁၈၈၃ နေ့တွင် ဆိုက်ရောက်သည်။ ပြင်သစ်အစိုးရနှင့် စာချုပ်တစ်ခုကိုလည်း ချုပ်ဆိုဖြစ်ခဲ့သည်။ ထိုအချိန်၌ အင်္ဂလိပ်ဖန်တီးလိုက်သော ညောင်အုပ်မင်းသားအရေးအခင်း ပေါ်ပေါက်လာခဲ့ပြန်သည်။ မြန်မာနယ်ထဲဝင်ရောက်တိုက်ခိုက်ပြီး အင်္ဂလိပ်နယ်ထဲ ဝင်ရောက်သွားသည့် ညောင်အုပ်မင်းသားသည် နောက်ပိုင်း ပြင်သစ်နယ်ထဲရောက်ရှိသွားခြင်းပင်ဖြစ်သည်။ မြင်ကွန်းမင်းသားသည် နောက်ပိုင်း ပြင်သစ်ပိုင် ချန္ဒာ

နဂို (Chandanagore)သို့ ပို့လိုက်သည်။ လွတ်သွားသည်ဟု အကြောင်းပြခဲ့၏။ ရည်ရွယ်ချက်မှာ (၁) မြန်မာတို့ ပြင်သစ်အပေါ် မယုံကြည်မှုဖြစ်ပေါ် လာစေရန်၊ (၂) ယင်းအဖြစ်ကို ပြင်သစ်က မြန်မာ့အပေါ် အခွင့်ကောင်းယူလျက် အသုံးချအမြတ်ထုတ်လာစေရန်နှင့် (၃) ထိုသို့ဖြစ်လာလျှင် အင်္ဂလိပ်က ဝင်ရောက်စွက်ဖက်လျက် မြန်မာနိုင်ငံကိုသိမ်းပိုက်ရန်တို့အတွက် 'မတော်တဆ လွတ်ထွက်သွားလေဟန်'ဖြင့် တမင်စီမံလိုက်ခြင်းပင် ဖြစ်ပေသည်။

မြန်မာတို့သည် ပြင်သစ်နှင့်သာမက အီတလီ၊ ဂျာမနီတို့နှင့်လည်း မိတ်သဟာယဖြစ်ရေး လုံးပန်းခဲ့သည်။ ပြင်သစ်သွားသံအဖွဲ့သည် အီတလီရောက်သောအခါ ရောမရှိ ဂျာမန်သံအမတ်နှင့် စာချုပ်တစ်ခုကို ချုပ်ဆိုနိုင်ခဲ့သည်။ ထိုစာချုပ်၌ မျက်နှာသာပေး အခွင့်အရေးရနိုင်ငံ(Most favoured Nation Clause)အပိုဒ်လည်း ပါသည်။ စာချုပ်ခဲ့ကြသော ရက်စွဲမှာ ၄ ဧပြီ ၁၈၈၅ ဖြစ်သည်။

ပြင်သစ် မြန်မာဆက်ဆံရေး တိုးတက်မှုကို လုံးပန်းလုပ်ဆောင်နေစဉ် မြန်မာနိုင်ငံ ကျွန်ဘဝသို့ရောက်ရှိစေမည့် အဖြစ်အပျက်ကြီးတစ်ရပ် ပေါ်ပေါက်လာခဲ့သည်။ ယင်းကား ဘုံဘေဘားမားသစ်ကုမ္ပဏီ၏ သစ်ခိုးမှုကြီးပင်ဖြစ်လေသည်။ ကုမ္ပဏီက သစ်လုံးရေ ၅၀၀၀၀ ကျော် ခိုးထုတ်ခဲ့သည်။ ဤသို့ စစ်ဆေးတွေ့ရှိရသဖြင့် မြန်မာအစိုးရက ငွေနှစ်သန်းသုံးသိန်း ဒဏ်ရိုက်ခဲ့သည်။ ဒဏ်ငွေကို လေးကြိမ်ခွဲပေးရန်လည်း ခွင့်ပြုခဲ့သည်။

သို့သော်လည်း ကုမ္ပဏီက မလိုက်နာခဲ့၍ ၁၀ စက်တင်ဘာ ၁၈၈၅ တွင် ကုမ္ပဏီပိုင်ဆင်များနှင့် သစ်တောပစ္စည်းများကို မြန်မာအစိုးရက သိမ်းယူလေသည်။ ဤအဖြစ်အပျက်သည် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို နောက်ဆုံး အပြီးအပိုင်သိမ်းဆည်းရန် အကြောင်း ဖြစ်လာခဲ့တော့သည်။ စင်စစ်မူ ထိုအဖြစ်အပျက်မပေါ်မီကပင် သိမ်းရန် ဆုံးဖြတ်ပြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၂၅ ဖေဖော်ဝါရီ ၁၈၈၅ နေ့၌ ကာလကတ္တားမြို့ထုတ် စတိတ်စမင်း (The Statesman)သတင်းစာတွင် ကြော်ငြာတစ်ခုပါလာခဲ့သည်။

*'ဒမြန်နိဗ္ဗာန် အထက်မြန်မာပြည်သိမ်းယူရေး ကုမ္ပဏီလီမိတက် ငွေရင်း ကျပ် ၃၀၀၀၀၀၊ ရှယ်ယာပေါင်း ၆၀ တစ်ရှယ်ရာ ကျပ် ၅၀၀၀'*

ဟူ၍တည်း။



မင်းတုန်းမင်းလက်ထက်ရောက် တရုတ်သံ
(ကျောက်ထွင်းပန်းချီ ဘုရားကြီး)

ထိုကြော်ငြာနှင့်အတူ ကုမ္ပဏီထူထောင်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်း ရှင်းလင်းဖော်ပြထားလေသည်။

အချုပ်ဆိုရသော် ဤကိစ္စအတွက် မြန်မာအင်္ဂလိပ် စစ်ကေန်ဖြစ်မည်ဟု မြန်မာတို့ သိရှိပါသည်။ သို့သော်လည်း မပြင်နိုင်ခဲ့တော့ပါ။ ကျူးကျော်လိုသူတို့အတွက် အကြောင်းပြကောင်း ရရှိသွားပေပြီ။ မြန်မာအစိုးရအနေဖြင့်လည်း အမျိုးသားရေး ဂုဏ်သိက္ခာကို ငဲ့ညှာလိုက်ခြင်းဖြင့် မနိုင်နိုင်မှန်းသိသောစစ်ကို ရင်ဆိုင်လိုက်ရသည်။

အင်္ဂလိပ်တပ်များ မြင်းခြံရောက်သည်အထိ ရဲဝံ့စွာခုခံတိုက်ခိုက်ခဲ့ကြသော်လည်း ခေတ်မမီခြင်း၊ ကြိုတင်ပြင်ဆင်မှုမရှိခြင်းတို့ကြောင့် နောက်ဆုံးတွင် ငုတ်တုတ်ထိုင်ကာ အညံ့ခံလိုက်ရသကဲ့သို့ ရှိတော့သည်။ ၁၁ နိုဝင်ဘာ ၁၈၈၅ နေ့တွင် နယ်ခြားကိုကျော်လာသော အင်္ဂလိပ်တပ်သည် ၂၉ နိုဝင်ဘာ ၁၈၈၅ တွင် သီပေါမင်းကိုနန်းချလျက် အိန္ဒိယသို့ ခေါ်ဆောင်သွားလေသည်။ သို့ဖြင့် မြန်မာနိုင်ငံတစ်ခုလုံးလည်း အင်္ဂလိပ်ကျွန်ဘဝ ကျရောက်ခဲ့ရတော့သည်။

# အခန်း(၄)
# စီးပွားရေး

**ကုန်ဘောင်ခေတ်ဦး စီးပွားရေး**

**ကုန်းဘောင်ခေတ်ဦး စီးပွားရေးပြုလဲလာပုံ**

**ကုန်းဘောင်ခေတ်နှောင်းစီးပွားရေး**

## အခန်း(၄)
## စီးပွားရေး

### ကုန်းဘောင်ခေတ်ဦး စီးပွားရေး

အလောင်းမင်းတရားကြီးက ပြုကွဲလျက်ရှိသော မြန်မာနိုင်ငံကို နိုင်ငံရေး၊ စစ်ရေးတို့ဖြင့် စည်းရုံးရေးလုံးပန်းခဲ့စဉ် တစ်ဖက်မှလည်း လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးကိုလုပ်ဆောင်ခဲ့သည်။ တတိယမြန်မာနိုင်ငံဟူသည်မှာ ထိုလုပ်ဆောင်အောင်မြင်မှု၏ အကျိုးဖြစ်သည်။

သို့သော်လည်း စစ်ရေးနှင့် နိုင်ငံရေးလုံးပန်းမှုက အကဲသာခဲ့သောကြောင့် ကုန်းဘောင်ခေတ်ဦး၏ လူမှုစီးပွားရေးအခြေအနေတို့မှာ မြေဒူးမင်း(၁၇၆၃–၁၇၇၆) နတ်ရွာစံသည်အထိ ရပ်တည်နိုင်ရုံမျှသာရှိခဲ့သည်။ စဉ့်ကူးမင်း(၁၇၇၆–၁၇၈၂) လက်ထက်ရောက်သည်တွင်မှ ဖွံ့ဖြိုးတိုးတက်မှု ပုံပေါ်လာခဲ့လေသည်။

ပဒေသရာဇ်စီးပွားရေးစနစ်သည် စစ်မက်ကင်းငြိမ်းလျှင် ပြန်လည်ရှင်သန်လွယ်သောသဘောရှိသည်။ စဉ့်ကူးမင်းလက်ထက်၌ ပြည်တွင်းဆူပူမှုများမရှိ၊ စစ်တိုက်ခြင်းလည်းမပြုသောကြောင့် လယ်ယာလုပ်ငန်းစည်ပင်၍လာခဲ့သည်။ အခွန်အတုတ်

အကောက်အစား လွတ်ကင်းခွင့်ပေးခဲ့သောကြောင့် ရောင်းဝယ်စီးပွားမှာ ရှေးယခင်ကထက် ဖွံ့ဖြိုးရန်အခြေအနေဖြစ်လာခဲ့သည်။ သို့ဖြစ်၍ ရာဇဝင်ဆရာတို့က စဉ့်ကူးမင်းလက်ထက် ကာလ၌ 'အခွန်အတုတ် အကောက်အစား စစ်မက်ခိုးသူဒဏ္ဍာ မင်းစေတမန်ငြိမ်း၍ တိုင်းပြည်ဝပြောစည်ပင်သာယာ၏'ဟု မှတ်တမ်းတင်ခဲ့ကြခြင်း ဖြစ်လေသည်။

ဗဒုံမင်း(၁၇၈၂–၁၈၁၉)သည် ထိုအခြေအနေကောင်းကို ဆက်ခံရသူဖြစ်သည်။ ယင်းသည် နန်းရလျှင်ရချင်း နိုင်ငံအတွင်း ပြည်သူတို့ အချင်းချင်းတင်ရှိနေသော ကြွေးမြီများကို တရားနည်းလမ်းတကျ ရှင်းလင်းပေးခဲ့ပြီး အစိုးရအပေါ်တင်ရှိနေသော ပြည်သူဆင်းရဲသားတို့၏ ကြွေးမြီများကိုလည်း ဖျက်သိမ်းပေးခဲ့လေသည်။ အစိုးရက ပြည်သူတို့သို့ထုတ်ချေးထားသော ကြွေးမြီပေါင်းမှာ ငွေသား ၂၃၀၀၀ နှင့် ရွှေဆယ်ပိဿာကျော်(၅၈၂ အောင်စ)ရှိခဲ့သည်။ ငွေချေးသက္ကရာဇ်မှန်သမျှကို မီးရှို့ဖျက်ဆီးပစ်ရန်အတွက်လည်း ၂ ပြေ ၁၇၈၃ နေ့တွင် အောက်ဖော်ပြပါအမိန့်တော်ကို ထုတ်ပြန်ခဲ့သည်။

*"တိုင်းသူပြည်သားအပေါင်းတို့ကို ချမ်းသာငြိမ်ဝပ်စေခြင်းငှာတစ်ကြောင်း၊ သံသရာဘဝအဆက်ဆက် အကျိုးစီးပွားများစေခြင်းငှာတစ်ကြောင်း၊ ထိုထိုအကြောင်းများကို ထောက်ထားတော်မူ၍ အစုစုစာရင်းထွက်ကြွေးချငွေပေါင်း ၂၃၀၀၀(နှစ်သောင်းသုံးထောင်ကျော်) ကြွေးချရွှေပေါင်း ၁၀ါ (ဆယ်ပိဿာ)ကျော် သိမ်းစုငွေစာရင်း၊ ရွှေစာရင်းမှန်သမျှကို အတောင်းအထုတ်မရှိစေရ၊ ချမ်းသာပေးတော်မူသည်။*

*ရွှေတိုက်တော်က အရပ်ရပ်ထုတ်ချေးသည့် ငွေစာရင်း၊ အရပ်ရပ်သိမ်းစုငွေစာရင်း၊ ရွှေစာရင်းများကို သက္ကရာဇ် ၁၁၄၄ ခု၊ ကဆုန်လဆန်း ၃ ရက် (၁၄ ပြေ ၁၇၈၂) ရွှေလွှတ်တော်ရှေ့တွင် စည်တော်ရွှမ်း၍ အကြီးအကြပ်နှင့် ကုန်စင်အောင်မီးငြိမ်းစေ"*

ဟူ၍ပါရှိလေသည်။ ဗဒုံမင်းသည် ခေတ်ဟောင်းကိုအဆက်ဖြတ်၍ ခေတ်သစ်ထူထောင်ရန် ကြိုးပမ်းမှုစတင်လိုက်ခြင်းပင် ဖြစ်ပါသည်။ ဆက်လက်၍လည်း စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးတို့တွင် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခဲ့ပါသည်။

ထို့ကြောင့် အရေးပါသော ယင်း၏ဆောင်ရွက်ချက်များကို မဏ္ဍိုင်ပြုလျက် ကုန်းဘောင်ခေတ်ဦးစီးပွားရေး အခြေအနေများကို တင်ပြဆွေးနွေးသွားပါမည်။

## စိုက်ပျိုးရေး

မြန်မာ့ပဒေသရာဇ်သမိုင်းစဉ်တွင် နိုင်ငံရေး၊ အုပ်ချုပ်ရေးတို့၏ အချက်အချာသည် အထက်မြန်မာနိုင်ငံဟု ခေါ်လေ့ရှိသော အညာမြေလတ်ဒေသ၌ အများဆုံး တည်ရှိခဲ့ပါသည်။ အထက်မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၌ မိုးရေမလုံလောက်သောကြောင့် ဆည်မြောင်းချောင်းကန်တို့အပေါ် အမှီသဟဲပြု၍ နေရသည်။ အမြော်အမြင်နှင့် စွမ်းပကားရှိသော မင်းတို့ကလည်း ဆည်မြောင်းချောင်းကန်များကို တူးဖော်ဆည်ဖို့ပေးမြဲဖြစ်သည်။

ဤတွင် ကုန်းဘောင်ခေတ်ဦးပိုင်း၌ ဗဒုံမင်းသည် အထင်ရှားဆုံးဖြစ်၏။ ယင်းသည် ဆည်ရေသောက်စိုက်ပျိုးရေးအတွက်

နန္ဒာကန်ခေါ် မောင်းမကန် (၁၃ မတ် ၁၇၈၉)

မိတီလာကန် (၁၀ ဧပြီ ၁၇၉၆)

ရွှေလောင်းရိုး (၁၁ ဒီဇင်ဘာ ၁၇၉၄) နှင့်

အောင်ပင်လယ် (၁၄ ဇွန် ၁၇၉၈)

တို့ကို ပြုပြင်ဆည်ဖို့ပေးခဲ့ရုံမျှမက ကန်ငယ် ချောင်းငယ်များဖြစ်သော ကန်ကြီးကန်၊ တမုတ်ဆိုးကန်နှင့် မြောင်းမတော်တို့ကိုလည်း တူးဖော်ဖောက်လုပ်ပေးခဲ့သည်။

ထို့ပြင် ရှေးကရှိခဲ့သည့် ကိုးခရိုင်(ကျောက်ဆည်)မှ ဆည်မြောင်းတို့ ပျက်စီးတိမ်ကောခြင်းမရှိစေရန်ကိုလည်း စစ်တမ်းများကောက်ယူလျက် စနစ်တကျ ထိန်းသိမ်းခဲ့သည်။ တွေ့ရှိသမျှ စစ်တမ်းပါဆည်တို့မှာ ကင်းတားဆည်၊ ငနိုင်သေဉ်ဆည်၊ နွားတက်ဆည်၊ ပြောင်းပြာဆည်နှင့် သင်းတွဲဆည်တို့ဖြစ်လေသည်။ ထိုဆည်များ အတွက် ရေကို စမုန်၊ ဇော်ဂျီနှင့် ပန်းလောင်မြစ်တို့မှသွယ်ယူသည်။ ဆည်များ ထိန်းသိမ်းစောင့်ရှောက်ရန် ဆည်ဝန်၊ ဆည်စာရေးများလည်း ခန့်ထားသည်။ ဆည်အရာရှိများသည် ဆည်ရေသောက်ကျေးရွာများကိုဆော်ဩလျက် ဆည်မြောင်းချောင်းကန်တို့ ရေစီးရေလာ ရေနေကောင်းရန် ပြုပြင်ကြသည်။ ထိုလုပ်ငန်း၌ ခိုကပ်သောကျေးရွာများကို လယ်ယာလုပ်ငန်းခွင်သို့ ဝင်ခွင့်မပေးကြောင်းကိုလည်း အမိန့်တော်ထုတ်ပြန်လျက် တားဆီးထားလေသည်။

### ဗဒုံမင်း၏ ဆည်မြောင်းဆိုင်ရာအမိန့်တော်

*'မက္ခရာမြို့နယ်တွင် မင်းရဲ၊ ကွမ်းဆေး၊ တမုတ်၊ မြောင်းဆုံ၊ ဆီးတောမှ စ၍ ပျက်စီးသည့်ဆည်တော်မြောင်းတော်များကို ကျောက်ဆည်ကိုးခရိုင်*

*ရေသောက်ကျေးရွာများ ကျောက်ဆည်ဝန်တို့ကန္နီးဆော်သည်ကို ဆည်မြောင်း မလုပ်မဆောင် ကပ်ခိုနေသူတို့မှာ လယ်တော်လုပ်သားမှစ၍ မည်သူမဆို လယ်ကို မလုပ်စေနှင့်။ ဆည်မြောင်းလုပ်သူတို့သာ လယ်ရှင်လယ်လုပ်ဆောင်မြဲလုပ်စေ၊ ဆည်မှုမြောင်းမှုကိုလည်း ဒိုင်းဝန်က အုပ်ချုပ်စီရင်စေ'*

*သက္ကရာဇ် ၁၁၆၈ ခု၊ ဝါခေါင်လဆန်း ၈ ရက်*

*(၂၂ ဇူလိုင် ၁၈၀၆)နေ့ နားခံပြော့ကြီးမှူးတွင်ပြန်။*

နိုင်ငံတော်တွင် လယ်သမားသည် ကြွေးမြီလည်းကင်း၏။ လယ်ယာစိုက်ပျိုးမှုတွင် အရေးပါသော ရေအတွက် ကြောင့်ကြရမှုလည်းကင်း၏ဟုဆိုလျှင် အလွယ်တကူ ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီဟု မှတ်ယူနိုင်ပေသည်။ သို့သော်လည်း လယ်ယာမြေပိုင်ဆိုင်ခွင့် မရှိပါကလည်း အချည်းနှီးဖြစ်ပေမည်။

ကုန်းဘောင်ခေတ်တွင် လယ်ယာမြေကို မည်သူမဆို ပိုင်ဆိုင်ခွင့်ရှိပါသည်။ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားလိုသူသည် တောရိုင်းမြေများကို ခုတ်ထွင်တီကျင်းလျက် လုပ်စားနိုင်ပေသည်။ ခုတ်ထွင်ရသောမြေယာကို ဓားမဦးချမြေဟုခေါ်သည်။ ထိုမြေကို သားစဉ်မြေးဆက် ပိုင်ဆိုင်ရောင်းဝယ် လွှဲပြောင်းနိုင်ခွင့်ရှိသည်။ ခုတ်ထွင် တီကျင်းရာ၌ ဒေသလိုက်၍ အခွန်ပေးဆောင်ကြရသည်။

မြတောင်မြို့စစ်တမ်းတွင် 'တောကို ဓားမတစ်စင်း ခုတ်ထွင်လျှင် အခွန်တော်ငွေ ၁၊ (တစ်မတ်)တည်ခါစကိုင်းဖြစ်လျှင် ဒိ (တစ်ကျပ်)'ပေးဆောင်ရကြောင်း သိရသည်။ လယ်ယာထက် ကိုင်း(ကျွန်း)က ပို၍တန်ဖိုးကြီးကြောင်း သတိမူမိပါသည်။

ညောင်များရွာစစ်တမ်း၌မူ 'မြေယာကျရှိ၍ လုပ်စားလိုလျှင် ခွန်မကြီး ဒိ။ ရေး ၂၂း ၁ ကောက်ခံချထား စားရိုး'ဟုဆိုသည်။ တစ်နယ်နှင့်တစ်နယ် ဒေသထုံးစံ မတူကြောင်း တွေ့ရှိရပေသည်။

စိုက်ပျိုးသီးနှံတို့တွင် ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့က ပဓာနဖြစ်သည်။ သို့သော်လည်း ကိုင်းကျွန်းဒေသတို့၌ ဟင်းသီးပင်များလည်း စိုက်ပျိုးကြသည်။ ရွှေတောင်နန္ဒသူ၏ အဝမြို့ဘွဲ့ရကန်၌

*'ဆုံကြိတ်သည် စပါး၊ သခွား ခဝဲ၊ ပဲမင်းစရောင်၊ တတောင်နီးခန်း၊ ကစွန်းဉနီ၊ ပဲနီဆူးပန်း၊ ခရမ်း၊ ဘူး၊ ပြောင်း၊ ကျွဲကျောင်း မြက်ရိတ်၊ စိတ်ရှိတိုင်း သိတ်ကရော့၊ စမြိတ်နှင့် ဝှန်ဝှန်၊ ဉရကြက်သွန်၊ နံနံ စမွတ်၊ ကရွတ်ပတ်ခွေ၊ ပဲလင်းမြွေနှင့်၊ ရေသွန်းသခွား၊ နွေလားလားကိုမှ ထွားသနှင့်၊ မုံလာဉတုတ်၊*

*ငရုတ် မိုးမြေ၊ အကြော်ကြာ အာတတ်သည့်ပဲ၊ ကိုင်းတဲများမှာ၊ ဖျာမနီးသည်လို့ မြေကြီးတွင် သာ စုလိုက်ပါတော့မည်'*

ဟူ၍ ဖွဲ့ဆိုခဲ့သည်ကိုတွေ့ရသည်။ စင်စစ် ကျွန်းထွက်သီးနှံတွင် ဆေးလည်း ပါပေသည်။ ရခိုင်ဘက်တွင်မူ ပိုက်ဆံပင်နှင့် မဲနယ်ပင်တို့လည်း စိုက်ပျိုးကြလေသည်။

စိုက်ပျိုးရေးဟူရာ၌ ဥယျာဉ်ညခံလုပ်ငန်းလည်း ပါပေသည်။ ယင်းသည် ပုဂံခေတ်ကတည်းက ဒေသလိုက်၍ အရေးပါခဲ့ဟန် လက္ခဏာရှိသည်။ ကုန်းဘောင်ခေတ်တွင်လည်း အချို့ဒေသတို့၌ အရေးပါဆဲဖြစ်ကြောင်း တွေ့ရသည်၊ အထူးသဖြင့် ဆည်ရေသောက်ဒေသ၊ ချောင်းရိုးရေဝင်ဒေသနှင့် မိုးကောင်းသောဒေသတို့တွင် ဖြစ်လေသည်။

အောက်မြန်မာနိုင်ငံ၌ တောင်ငူ၊ ဟံသာဝတီနှင့် မုတ္တမတို့သည် ခြံလုပ်ငန်းတွင် အရေးပါဆုံးသော ဒေသများဖြစ်သည်။ ခြံစိုက်ပင်များမှာ ကွမ်း၊ ကွမ်းသီး၊ ငှက်ပျော၊ ထန်း၊ ဒူးရင်း၊ ပိန္နဲ၊ သရက်နှင့် အုန်းတို့ဖြစ်လေသည်။ ထန်းကို မြန်မာနိုင်ငံအလယ်ပိုင်း၌ အများဆုံးတွေ့ရ၏။ ဗဒုံမင်း၏စစ်တမ်းများ၊ အမိန့်တော်များအရ ထန်းလုပ်ငန်းကို ကျောက်ပန်းတောင်းနယ်၊ ညောင်ဦးနယ်နှင့်ပခန်းကြီးနယ်တို့၌ အများဆုံးတွေ့ရသည်။ ထန်းထွက်ပစ္စည်းတို့တွင် ထန်းခေါက်ဖာနှင့် ထန်းလျက်သည် မြန်မာ့လူ့အဖွဲ့အစည်းတို့တွင် အရေးပါလှသည်။

ဗဒုံမင်းသည် စိုက်ပျိုးရေးဖြစ်ထွန်းရန်ရည်ရွယ်လျက် လယ်ထွန်မင်္ဂလာပွဲများ ကျင်းပခဲ့၏။ လယ်သမားတို့ စိုက်ပျိုးရေးလုပ်ကိုင်ရမည့်ရက်များ၊ ရှောင်ကြဉ်ရမည့် နေ့များကိုလည်း ထုတ်ပြန်အသိပေးခဲ့၏။ ထို့အပြင်

*'ပယ်နယ်သာရှိ၍ မလုပ်မစားရ အပင်သာရှိ၍ အရွက်အသီး မသုံးစားရ၊ အတွက်အရမရှိသည်ကို မရေးမစစ်စေနှင့်။ စီးပွားမဖြစ်လော်၊ သုံးရုံ စားရုံ လုပ်ဆောင်စိုက်ပျိုးသည်ကိုလည်း မရေးမစစ်နှင့်'*

ဟူ၍ အမိန့်တော်တမ်းနှင့် ဗဒုံမင်းက ပြဋ္ဌာန်းခဲ့ပေသည်။

ခရစ်နှစ် ၁၇၈၇ ခုနှစ်ကတည်းက ဗဒုံမင်းသည် စိုက်ပျိုးရေးကို ပြည်သူတို့ အင်တိုက်အားတိုက်လုပ်ကြရန် ညွှန်ကြားခဲ့သည်။ ထိုညွှန်ကြားချက် အမိန့်တော်မှာ အလွန်မှတ်သားစရာကောင်းသကဲ့သို့ ချီးကျူးဖွယ်လည်း ဖြစ်ပါသည်။

*'အရပ်ရပ်ထုံး အင်းအိုင်ဆည်မြောင်း ကန်ချောင်း ကုန်းကျင်း လုပ်ဆောင်*

*ကောင်းသမျှ မရင်းကောက်တည် ပြောင်း ပဲ လူးဆတ်များကို အလွတ်အလပ်မရှိစေရ။ လုပ်ဆောင်ရမည်အကြောင်းနှင့် အထက်အမိန့်တော်ရင်းအတိုင်း နှိုးဆော်စေ'*

*၁၁၄၉ ခု သီတင်းကျွတ်လဆန်း ၁၀ ရက် (၂၁ စက်တင် ဘာ ၁၇၈၇)နေ့*
*နားခံကျော်စွာနော်ရထာတွင်ပြန်။*

ဟူ၍ ဖြစ်ပါသည်။ ကုန်းဘောင်ခေတ်ကစိုက်ပျိုးခဲ့သော စပါးတို့မှာ တွေ့ရှိရသမျှတွင် ကခြင်၊ ကောက်ကြီး၊ ကောက်တည်၊ ကန်တောင်၊ ငချိပ်၊ ဖွဲဖြူ၊ ပြတ်ကလေး၊ မုရင်း၊ မယ်ဇော့တို့ ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြသူ လယ်သမားတို့သည် ကိုယ်တိုင်လယ်မလုပ်ပါက တစ်ယောက်တစ်နှံစား လုပ်ကိုင်ကြရသည်။ သို့မဟုတ် ပုံသေနှုန်းတစ်မျိုး သတ်မှတ်၍ ချထားလုပ်ကိုင်ကြသည်။ ကျွဲနွားတို့သည် တောင်သူလယ်သမားတို့အတွက် မရှိမဖြစ်သော မိတ်ဖက်ဖြစ်၍ ကုန်းဘောင်ခေတ်ဦးတွင် ယင်းတို့တန်ဖိုးမှာ တစ်ကောင်လျှင် တစ်ဆယ်ကျပ်မှ လေးဆယ်ကျပ်အတွင်းသာရှိသည်။ ဗဒုံမင်း၏ စေတနာ အသိဉာဏ်တို့နှင့်ယှဉ်သော လုပ်ဆောင်ချက်များကြောင့် ခေတ်ဦးပိုင်းတွင် လူမှုစီးပွားရေးအခြေအနေသည် အတော်ပင်တိုးတက်ခဲ့ပါသည်။ သို့သော် တစ်နိုင်ငံလုံး၏ လယ်ယာထုတ်ကုန်တန်ဖိုး မည်ရွေ့မည်မျှရှိခဲ့ကြောင်းကား မသိရချေ။ လယ်တွင်းကိုးခရိုင်နယ်မှ ၁၈၀၇ ခု အခွန်တော်စပါးမှာမူ

မက္ခရာ ၅၆၀၀ တင်း
မြောင်လှ ၂၀၂၅ တင်း
မြင်စိုင်း ၁၈၀၀ တင်း
ပျဉ်းမနား ၁၁၂၀ တင်း
စောလှ ၆၀၀ တင်း
မြစ်သား ၅၉၆ တင်း
ပင်လယ် ၄၀၀ တင်း

အသီးသီးရရှိကြောင်း သိရပါသည်။ သို့ဖြစ်ရာ ကိုးခရိုင်နယ်၏ အခွန်တော်စပါးမှာ အစုစု ၁၂၁၄၁ တင်းရှိလေသည်။ အခွန်တော်သည် ဆယ်ဖို့တစ်ဖို့ကောက်ခံရမြဲဖြစ်သောကြောင့် ထိုနယ်၏ တစ်နှစ်စပါးအထွက်နှုန်းမှာ ၁၂၁၄၁၀ တင်းဖြစ်သည်ဟု အကြမ်းဖျင်းဆို၍ရပါသည်။ အပိုကြေး၊ အကဲကြေးများကို ထည့်၍ဆိုမူ

ကိုးခရိုင်နယ်သည် တစ်နှစ်လျှင် စပါး ၁၅၀၀၀၀ မျှ ရှိနိုင်ကောင်းသည်ဟု ချင့်တွက်နိုင်ပါသည်။ သဘာဝဘေးအန္တရာယ်များလည်း မရှိ၊ စစ်မက်လည်းကင်းငြိမ်းပါမူ ဗဒုံမင်း၏ဆောင်ရွက်ချက်များသည် ယင်း၏ခေတ်ကို သာယာရွှေပြည် ဖြစ်စေခဲ့မည်မှာ မြေကြီးလက်ခတ်မလွဲပါပေ။

## ပြည်တွင်းရောင်းဝယ်ရေး

လယ်ယာစီးပွားပြီးလျှင် အရေးပါသော အခြားစီးပွားရေးလုပ်ငန်းကား ရောင်းဝယ်ရေးဖြစ်သည်။ ထိုလုပ်ငန်း၏ ဆက်သွယ်ရေးကျောရိုးမှာ ဧရာဝတီ၊ ချင်းတွင်း တည်းဟူသော သဘာဝရေလမ်းခရီးပင်ဖြစ်၏။ ဧရာဝတီ၌ အထက်ဗန်းမော်မှ အောက်တွင် ပုသိမ် ရန်ကုန်ထိ၊ ချင်းတွင်းလမ်း၌ အထက် ဥရုဆယ်ရွာမှ အောက်တွင် ဧရာဝတီနှင့်ဆုံသော ပခုက္ကူအထိ သွားလာနိုင်သည်။ လှည်းနွား၊ လား၊ မြင်းဝန်တင် ခရီး၌မူ အရှေ့တွင် ရှမ်းပြည်နယ်မှ အနောက်တွင် ရခိုင်ထိပေါက်ရောက်သည်။ ဗဒုံမင်း လက်ထက်၌ ရခိုင်–မြန်မာလမ်းမတော်ကြီးကို ငွေသား ပိဿာ ၂၀၀ အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ဖူးသည်။

ရောင်းဝယ်ရေးတွင် ဆက်သွယ်ရေးလမ်းကြောင်းသည် အရေးပါသကဲ့သို့ အသပြာ၏အခန်းကဏ္ဍကြီးမားကြောင်းကိုလည်း အများပင်သိကြပါသည်။ ကုန်းဘောင်ခေတ်ဦး အသပြာစနစ်တွင် ရွှေ၊ ငွေ၊ ကြေး၊ ခဲ စသော သတ္တုတို့ကို အတုံးအခဲလိုက် ဖြတ်တောက်ချိန်တွယ် သုံးစွဲသည့်စနစ်ဖြစ်သည်။ ရခိုင်နှင့် ပင်လယ်ကမ်းရိုးတန်းဒေသတို့တွင်ကား ဒင်္ဂါးအသုံးရှိခဲ့ပေသည်။ ကုန်းဘောင်ခေတ်ဦးပိုင်း၌ ရွှေတစ်ဆလျှင် ငွေတစ်ဆယ့်ရှစ်ဆ၊ ငွေတစ်ဆလျှင် ကြေးအဆ ၁၀၀ နှင့် ခဲမှာ နေ့စဉ်နှင့်အမျှ အချိုးနှုန်းပြောင်း လျက်ရှိပါသည်။ ခဲကို နေ့စဉ်သုံးအသေးအနုပ် ဈေးအဝယ်အချမ်းတွင် သုံးစွဲကြသည်။

အသပြာစနစ်မကောင်းလျှင် ရောင်းဝယ်ရေးတိုးတက်မှုတို့အတွက် အဟန့်အတားအနှောင့်အယှက်ဖြစ်စေပါသည်။ ဤသည်ကို ဗဒုံမင်း ကောင်းစွာသဘောပေါက်ခဲ့ပါသည်။ ရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်စေလိုသော ဗဒုံမင်းသည် ဒင်္ဂါးများသွန်းလုပ်လျက် အသပြာစနစ်ကို ပြောင်းလဲခဲ့ဖူးပါသည်။ သို့သော်လည်း စေတနာနှင့်စနစ်ကို နားမလည်သော ပြည်သူတို့ကလက်မခံသဖြင့် အစဉ်သုံးစွဲမြဲ ရွက်စို၊ ရွက်သေး၊ ရွက်နီနှင့် ဒိုင်ငွေတို့ကိုသာ ဆက်လက်သုံးစွဲခွင့်ပြုခဲ့ရပါသည်။

ရောင်းဝယ်ရေးအတွက်အချက်အချာမှာ ရာဇဌာနီမင်းနေပြည်တော်ကြီးပင် ဖြစ်၏။ ဗဒုံမင်းသည် အမရပူရနေပြည်တော်၌ နိုင်ငံအနှံ့အပြားမှ လာရောက် ရောင်းဝယ်ကြရန် ပွဲဈေးလေးဌာနကို ဖွင့်လှစ်ထားရှိခဲ့၏။ ယင်းတို့မှာ အမရပူရ နေပြည်တော်ကြီးကိုဗဟိုပြုလျက် အရှေ့တွင် ဇောင်းကလောပွဲ၊ တောင်တွင် ပလိပ်ပွဲ၊ အနောက်တွင် ကျွန်းတော်ရင်းပွဲနှင့် မြောက်တွင် မတဲပွဲတို့ဖြစ်လေသည်။ ကုန်သည်တို့ သည် သတ်မှတ်ထားသောပွဲတို့၌သာ ရောင်းဝယ်ကြရသည်။ တစ်နည်းအားဖြင့် ဒေသအလိုက် လာရောက်ကြမည့်ကုန်သည်များ လွယ်ကူစေလိုသော သဘောအရင်းခံ ဟုယုံကြည်ရပါသည်။ သို့သော် အဝေးမြို့ရွာနေတိုင်းရင်းသားလူမျိုးစုကုန်သည်တို့ကိုမူ ပျော်ပိုက်ရာ ရောင်းဝယ်ကြစေဟု ခွင့်ပြုခဲ့သည့်အမိန့်တော်ကိုလည်း တွေ့ရှိရဖူးသည်။ ဤသည်မှာ အချို့သောပွဲအုပ်တို့က ယင်းတို့နယ်ထဲမှကုန်သည်များ အခြားသောပွဲတို့၌ သွားရောက်မရောင်းဝယ်ကြရအောင် တားဆီးကြသောကြောင့်ဖြစ်သည်။ ထင်ရှားအောင် ဗဒုံမင်း၏အမိန့်တော်ကို တင်ပြလိုက်ပါသည်။

## 'ဗဒုံမင်း၏ လွတ်လပ်စွာရောင်းဝယ်ခွင့် အမိန့်တော်'

*''စားတော်ကဲတို့က မတဲပွဲသို့ သီပေါမြို့ကကျရောက်သည့် ရှမ်း ကုန်သည်တို့ကို ရွှေတိုက်ဝန်က ကျွန်းတော်ရင်းပွဲမှာ ရောင်းဝယ်ရမည် သိမ်းခေါ် သွားကြောင်းနှင့် ရှိခိုးသံတော်ဦးတင်သည်မှာ အရောင်းအဝယ်ကုန်သည်တို့ကို ပျော်ပိုက်ရာ ရောင်းဝယ်စေမှ ငြိမ်ဝပ်ကြမည်ဖြစ်သည်။ မတဲပွဲမှာ ရောင်းဝယ်လိုသူ တို့ကိုလည်း မတဲမှာရောင်းဝယ်စေ။ ကျွန်းတော်ရင်းပွဲမှာ ရောင်းဝယ်လိုသူများကို လည်း ကျွန်းတော်ရင်းပွဲမှာ ရောင်းဝယ်စေ။ ယခု သီပေါမြို့ကရောက်သည့် ကုန်သည်တို့ကိုလည်း ပျော်ပိုက်ရာပွဲမှာရောင်းဝယ်စေ''*

*သက္ကရာဇ် ၁၁၆၈ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့*

*(၂၂ အောက်တိုဘာ ၁၈၀၆) နားခံစမြောင်းမှူးတွင်ပြန်။*

ထို့ပြင် ''သုံးဆယ်သီပေါ၊ ရှမ်းပြည်နယ် မြေလတ်တပြင်မြို့ ကျေးရွာများသို့ မြင်းနွားဝန်တင်နှင့် ဖောက်ကားရောင်းဝယ်ကြသည့် ကုန်သည်တို့ကို ရွှေတိုက်စိုး ဇေယရန္တသူက ပျော်ပိုက်အောင်ပြုစေ''ဟူ၍လည်း အမိန့်တော်ထားရှိခဲ့ဖူးသည်။ လူမျိုးစုတိုင်းရင်းသားတို့၏ ရောင်းရေးဝယ်တာကိစ္စတွင် ယင်းတို့ စိတ်ချမ်းသာရေးကို

ဗဒုံမင်းသည် အစဉ်ဂရုထားကြောင်း သာဓကပင်ဖြစ်တော့သည်။

ဆက်လက်၍ ကုန်သည်တို့အကြောင်းကို တင်ပြပါဦးမည်။ ထိုခေတ်ကုန်သည်တို့ကို နှစ်မျိုးခွဲခြားနိုင်ပါသည်။ ပထမတစ်မျိုးမှာ တံဆိပ်ကင်းစာဖြင့် ရောင်းဝယ်ခွင့်ရရှိသူ ကုန်သည်ကြီးများနှင့် ဒုတိယတစ်မျိုးမှာ ကင်း၊ ဆိပ်၊ ပွဲ၊ တည်တို့၌ ဒေသဆိုင်ရာအကောက်တော်ကိုခံ၍ ရောင်းဝယ်ကြသူ ကုန်သည်ကလေးများဟူ၍ ဖြစ်ပါသည်။ ကုန်သည်ကြီးတို့သည် သတ်မှတ်ထားသောဒေသ သို့မဟုတ် သတ်မှတ်ထားသောကုန်တို့ကို ချုပ်ကိုင်ရောင်းဝယ်ခွင့်ရရှိကြလေသည်။ ထိုအခွင့်အရေးကိုရရှိရန်အခွန်တော်ကို အများဆုံးပေးဆောင်နိုင်သူဖြစ်ရပါသည်။ အရှေ့တောင်အာရှသို့ရောက်ရှိလာသော တရုတ်ကုန်သည်တို့က ဒေသဆိုင်ရာမင်းတို့ထံ အခွန်တော်ကောက်ခွင့်(Tax Farming)ကို ဝယ်ယူလုပ်ကိုင်ကြရာမှ ဤစနစ် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အောက်ဖော်ပြပါဇယားသည် ခရစ်နှစ် ၁၈၀၈ ခုမှ ၁၈၁၂ ခုနှစ်အတွင်း အမရပူရနေပြည်တော်၌ တွဲဖက်ပါ ကုန်ပစ္စည်းများကို တစ်ဦးတည်း ရောင်းဝယ်ခွင့်ရရှိကြသူများဖြစ်သည်။ ပေးဆောင်ကြရသည့် အခွန်တော်ကိုလည်း တစ်ပါတည်းဖော်ပြထားပါသည်။

**အမရပူရ ကုန်သည်ကြီးများနှင့် အကောက်နှုန်းစာရင်း**
**(ပိဿာဖြင့်ပြသည်)**

| နှစ် | အမည် | ကုန်ပစ္စည်း | အကောက်ခွန်နှုန်း | | |
|---|---|---|---|---|---|
| | | | ရွှေ | ငွေ | ကုန် |
| ၁၈၀၈ | ငရော | စိန် ကျောက် | | | |
| | | အထည်အလိပ် | | ၁၀၀ | |
| ၁၈၁၁ | ငချမ်း | လက်ဖက်၊ | | | |
| | | ဆား၊ ငါးပိ | ၁ | ၁၀၀ | |
| ၁၈၁၁ | ငရွှေပု | ဆန် စပါး | | | |
| | | ပဲပြောင်း | | ၄၅ | |
| ၁၈၁၂ | ငယင်း | ဆီ | ၂.၂ | | ၂၂၆(ဆီ) |
| ၁၈၁၂ | ငရွှန်း | ထန်းလျက် | | ၈၅ | |

ရာဇဌာနီမှအပဖြစ်သော နိုင်ငံတွင်း ရောင်းဝယ်ရေးတို့တွင် ချုပ်ကိုင်ထားသည့် ကုန်သည်ကြီးများလည်း ရှိကြသေးသည်။ ကုန်သည်ငမြတ်စံနှင့် ငရောတို့သည် ကုန်တင်လှေပေါင်း ၁၄၀ စင်းဖြင့် ဆန်စပါး၊ ဆား၊ ငါးပိတို့ကို ရောဝတီမြစ်ရိုး တစ်လျှောက် ရောင်းဝယ်ခွင့်ရသူများဖြစ်သည်။ တစ်နှစ်လျှင် ရွှေတစ်ပိဿာနှင့် စပါးတင်း ၅၀၀၀ အကောက်အစား ပေးဆောင်ကြရသည်။ ပုခန်းကြီးမှ ငထွန်းဝနှင့် ငရွှေသာ တို့သည် လှေကြီး ၃၀၊ လှေငယ် ၂၀ တို့ဖြင့် ထန်းလျက်ရောင်းဝယ်ခွင့်ရသည်။ အခွန်တော်အဖြစ် ထန်းလျက် ၄၈၀၀ ပေးဆောင်ရသည်။ ကုန်သည်လောကတွင် အကြီးဆုံးကုန်သည်မှာ သူဌေး စန္ဒဇေယပင်ဖြစ်သည်။ ယင်းသည် ကုန်တင်လှေ ၁၉၆ စင်းဖြင့် ငွေပိဿာ ၁၀၀၀ ကို ၁၈၁၂ ခုနှစ်တွင် အရင်းအနှီးပြုခဲ့သူဖြစ်လေသည်။

## ပြည်ပကုန်သွယ်ရေး

ပြည်ပနှင့် ကုန်သွယ်ရေးလမ်းနှစ်သွယ်ရှိသည်။ ယင်းလမ်းတို့မှာ တရုတ်ပြည်နှင့် ကုန်းလမ်းခရီး၊ အခြားသော နိုင်ငံများနှင့် ပင်လယ်ရေလမ်း ခရီးဟူ၍ဖြစ်သည်။ တရုတ်ပြည်နှင့်မြန်မာနိုင်ငံသည် ဗန်းမော်မှလည်းကောင်း၊ သိန္နီသီပေါမှလည်းကောင်း ဆက်သွယ်ရောင်းဝယ်သည်။ လမ်းခရီးလုံခြုံရေးကို ဆိုင်ရာနယ်ပယ်ရှင်တို့အား ဗဒုံမင်းက ကျပ်ကျပ်တည်းတည်းတာဝန်ယူစေသည်။ တရုတ်ပစ္စည်းတို့မှာ ငရုတ်ကောင်း၊ ပိုးထည်၊ လက်ဖက်ခြောက်၊ သစ်သီးစုံတို့ဖြစ်၍ မြန်မာ့ကုန်တို့မှာမူ ချိပ်၊ ငှက်မွေး၊ ငှက်သိုက်၊ ဆား၊ ပိုးချည်ကြမ်းနှင့် ဝါဂွမ်းတို့ဖြစ်ပါသည်။

ပင်လယ်ရေလမ်းတွင် ဆိပ်ကမ်းမြို့တို့မှာ ရန်ကုန်သည် အရေးပါဆုံးဖြစ်လျက် ထားဝယ်၊ ဒွါရဝတီ(သံတွဲ)၊ ဓညဝတီ(မြောက်ဦး)၊ ပုသိမ်၊ မေဃ ဝတီ(မာန်အောင်)၊ မုတ္တမ၊ မြိတ်နှင့် ရမ္မာဝတီ(ရမ်းဗြဲ)တို့လည်း အသင့်အတင့် ဖြစ်ထွန်းပါသည်။ ဆိပ်ကမ်းမြို့များ၌ မြန်မာအစိုးရကရာဖြတ်နှင့် သင်္ဘောကုန်ပွဲစားများကိုလည်းကောင်း၊ ရေဝန်ကိုလည်းကောင်းခန့်ထား၍ ရောင်းဝယ်ရေးကို ကြီးကြပ်စေပါသည်။

ကုန်းဘောင်ခေတ်ဦးတွင် မြန်မာနိုင်ငံ၏အရေးပါဆုံးသော တင်ပို့ကုန်မှာ ကျွန်းသစ်ဖြစ်သည်။ ခရစ်နှစ် ၁၇၉၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံမှတင်ပို့သော ကျွန်းသစ်တန်ဖိုးမှာ တစ်နှစ်လျှင် ပေါင် ၂၀၀၀၀၀ ဖိုးခန့်ရှိပါသည်။ ဆန်စပါးကိုမူ မင်းကေရာဇ်၏ အထူးအမိန့်တော်ရှိမှသာ ရောင်းချလေသည်။ အခြားတင်ပို့သော ကုန်

ပစ္စည်းများကား ကြေးနီ၊ ကွမ်းသီး၊ ချိပ်၊ ပိုးချည်ကြမ်း၊ ငှက်မွေး၊ ငှက်သိုက်၊ ဆား၊ ဆင်စွယ်၊ ဆေး၊ ရေနံ၊ ရှားစေး၊ ဝါဂွမ်းနှင့် သစ်သီးဆီတို့ဖြစ်လေသည်။

မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာများ ထွက်ရှိသော်လည်း ရွှေငွေမှအစ ရတနာများကို ပြည်ပသို့မထွက်အောင် တင်းကြပ်စွာ ဥပဒေများနှင့် ပိတ်ပင်တားဆီး ခဲ့လေသည်။

နိုင်ငံခြားမှဝယ်ယူသောကုန်ပစ္စည်းတို့မှာ ကြွေထည်၊ ဖန်ထည်၊ ပစ္စည်းများ၊ သေနတ်ခဲယမ်းများ၊ သစ်သီးခြောက်များ၊ သတ္တုထည်များနှင့် အဝတ်အထည်တို့ ဖြစ်ပေသည်။ ခရစ်နှစ် ၁၇၉၄–၉၅ အတွင်း အင်္ဂလန်မှ မြန်မာနိုင်ငံသို့ တင်သွင်းခဲ့သော ကုန်ပစ္စည်းတန်ဖိုးမှာ ပေါင် ၁၃၅၀၀၀ မျှရှိကြောင်းသိရသည်။

နိုင်ငံခြားကုန်သည်များသည် ရခိုင်လေးမြို့ဘက်မှ မြန်မာနိုင်ငံထွက် ကျောက်မျက်ရတနာများကို ခိုးထုတ်ယူရန် ကြိုးပမ်းခဲ့သည်များကိုလည်း ဗဒုံမင်း လက်ထက်၌တွေ့ရှိရသည်။

ကုန်းဘောင်ခေတ်ဦးတစ်လျှောက်လုံး မြန်မာနိုင်ငံနှင့်အရောင်းအဝယ်ဖြစ်ခဲ့ ကြသောနိုင်ငံတို့မှာ တရုတ်၊ ပေါ်တူဂီ၊ ပြင်သစ်၊ မလေးရှား၊ အာရပ်နိုင်ငံများ၊ အင်္ဂလန် နှင့် အိန္ဒိယပြည်တို့ဖြစ်သည်။ ခရစ်နှစ် ၁၈၀၆ ခုနှစ်က အမေရိကန်သင်္ဘောတစ်စင်း ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ဖူးသော်လည်း အရောင်းအဝယ်မဖြစ်ထွန်းခဲ့ချေ။ ဗဒုံမင်းသည် ကုန်သည်အချို့ကို နေတစ်ဖက်၊ လတစ်ဖက်အလံများချီးမြှင့်လျက် အကောက်အစား လွတ်ငြိမ်းခွင့်ပြုခဲ့သည်ကိုလည်းတွေ့ရှိရပေသည်။ ထိုကုန်သည်တို့မှာ

ဂူရာပတိနာရကံ (၁၄ ဇူလိုင် ၁၈၁၂)

မာမွတ်ကာကျည် (၁၄ ဇူလိုင် ၁၈၁၂)

ရာမာဆွာမိ (၁၁ ဒီဇင်ဘာ ၁၈၁၁)

သွေ့ဝမဟိန္ဒိ (၁၁ ဒီဇင်ဘာ ၁၈၁၁)တို့ ဖြစ်လေသည်။

အထက်ဖော်ပြခဲ့သော အခြေအနေတို့ကိုကြည့်သော် ကုန်းဘောင်ခေတ်ဦး၏ စီးပွားရေးသည် အသင့်အတင့်ဖွံ့ဖြိုးလာသောသဘောကို မြင်သာပါသည်။ သို့သော် လည်း တစ်ဖြောင့်တည်းမရှိခဲ့ပါ။ ခရစ်နှစ် ၁၈၀၀–၁၈၂၄ နှစ်များအတွင်း၌ စီးပွားရေး အခြေအနေတို့ ပြန်လည်နိမ့်လျှောကျလာခဲ့သည်ကို တွေ့မြင်ရပါသည်။ ထို့ကြောင့် ဤကာလအကြောင်းကိုလည်း မခွင်းချန်ဘဲ ဆက်လက်တင်ပြလိုက်ပါသည်။

## ကုန်းဘောင်ခေတ်ဦး စီးပွားရေးပြိုလဲလာပုံ

အလောင်းမင်းတရားလက်ထက်မှစ၍ ပြန်လည်ထူထောင်ခဲ့ရသော လူမှုစီးပွားရေးအခြေအနေသည် ဗဒုံမင်းလက်ထက်နောက်ပိုင်း ခရစ်နှစ် ၁၈၀၀ ကျော်သည်တွင် ပြန်လည်ဆုတ်ယုတ် ပြိုကွဲလာခဲ့သည်။ အကြောင်းရင်းများကို ရှာဖွေလျှင် သဘာဝဘေးဒဏ်များဖြစ်သော မီးလောင်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့နှင့် ဗဒုံမင်း၏ စစ်ပြုခြင်းတို့ကြောင့် ဖြစ်ပါသည်။ အခြေခံစီးပွားရေး ပျက်ပြားလာသောအခါ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ရင်ဆိုင်ကြရပါသည်။ ဗဒုံမင်းသည် ၁၈၀၁ ခုနှစ်တွင် စပါးတင်း ၁၀၀၀၀၀ ပြည်သူတို့ ဝေငှပေးခဲ့ရ၏။

စီးပွားကပ်ကြောင့် ကျေးလက်လူမှုအဖွဲ့အစည်းလည်း ပြိုကွဲလာခဲ့ရသည်။ ဒုတိယအကြိမ် ၁၈၀၂ ခုနှစ်တွင် စစ်တမ်းများကောက်ယူသောအခါ တချို့ရွာများ လူနေအိမ်ခြေ ဆုတ်ယုတ်ပျက်ပြားလာသည်ကိုလည်းကောင်း၊ တချို့ရွာများ လုံးဝ ပျက်ပြားသွားခဲ့သည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ စလေနယ်မှ ခွေးချိုရွာသည် မူလက အိမ်ခြေ ၆၀ ရှိသည့်အနက် ၁၈၀၂ ခုနှစ်၌ စစ်တမ်းကောက်သောအခါ ရွှေ့ပြောင်းအိမ်ထောင် ၃၉၊ အိမ်ထောင်စုံသေ ၁၂ ရှိသောကြောင့် ၉ အိမ်သာ ကျန်တော့ကြောင်းတွေ့ရှိရသည်။

အိမ်ထောင်စုံသေ ၁၂ ရှိသည်ဆိုသောကြောင့် ကပ်ရောဂါတစ်မျိုးမျိုး ဆိုက်ရောက်ဟန်ရှိသည်ဟုလည်း ယုံကြည်ရပါသည်။ သူကြီး၊ ရွာသားတစ်ဦး တစ်ယောက်မျှ မရှိတော့သောအဖြစ်ကိုလည်း ရွာသာမြို့စစ်တမ်း၌

> *'ရွှေကဖြူရွာ၊ မြောက်ဖြူရွာ၊ တောင်ဖြူရွာ၊ ကံတော်ရွာ၊ မြေစွန်းရွာ၊ ၄င်းရွာများတွင် သူကြီးရွာသားတို့ တစ်အိမ်တည်းမျှမရှိ။ ၄၅ ခု စာရင်းတော်ပါကြသည်'*

ဟူ၍ပင် တွေ့ရှိရပါသည်။ စီးပွားရေးနှင့် လူမှုရေးတို့တွင် ကျဆင်းနေခြင်း၏ သာဓကပင် ဖြစ်ပါသည်။

ဗဒုံမင်း၏အမိန့်တော်များအရ အရောင်းအဝယ်များပျက်ပြားလျက် ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။ လွှတ်တော်၌ တံဆိပ်ကင်းစာခံယူ၍ ၁၇၈၃ ခုနှစ်မှ စတင်ရောင်းဝယ်ခဲ့ကြသော ကုန်သည်ကြီးများအနက် အရောင်းအဝယ်များ ပျက်ပြားသဖြင့် ၁၈၀၆ ခုအတွင်း တံဆိပ်ကင်းစာ ပြန်လည်ပေးအပ်ခဲ့ကြရသူပေါင်း ၄၄ ဦး ပင်ရှိခဲ့သည်။ ယင်းတို့ သုံးစွဲခဲ့သော ကုန်တင်လှေငယ် ၁၈၅၆ စင်းတို့မှာ ကုန်းပေါ်

မှောက်ထားခဲ့ရသည့် အခြေအနေဖြစ်ပါသည်။

ဤသို့ ကြုံကြိုက်ရသည်မှာ ဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်းနှင့် မီးလောင်ခြင်းတို့ကြောင့်ဖြစ်သည်။ အရောင်းအဝယ်များပျက်ခဲ့သဖြင့် ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ရပါသည်။

ဗဒုံမင်းနန်းတက်စက စပါးဈေးမှာ တင်း ၁၀၀ လျှင် ၂၀ိ နှင့် ၃၀ိ အတွင်း၌ သာရှိခဲ့သော်လည်း ခရစ်နှစ် ၁၈၀၀ လွန်လာသောအခါ အဆမတန်ဖြစ်လာခဲ့ပါသည်။ ထိုအချိန်က မြေယာအပေါင်အနှံစာချုပ်များတွင် တွေ့ရသောစပါးဈေးနှုန်းများကို ဖော်ပြရသော် ကြောက်ဖွယ်ကောင်းလောက်သည့် အခြေအနေကို သတိမူမိမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ချင့်ထောက်တွက်ဆကြည့်နိုင်ရန် စပါးဈေးနှုန်းအချို့ကို တင်ပြလိုက်ပါသည်။

**စပါးဈေးနှုန်းများ**

| ခုနှစ် | ဈေးနှုန်း |
|---|---|
| ၁၈၀၈ | ၂၅၀ |
| ၁၈၁၀ | ၁၅၀ |
| ၁၈၁၂ | ၄၀၀ |
| ၁၈၁၅ | ၂၀၀ |
| ၁၈၂၁ | ၂၅၀ |

ဗဒုံမင်းသည် ဤအခြေအနေဆိုးတို့မှ လွတ်မြောက်နိုင်ရန်အတွက် ၁၈၁၁ ခုနှစ်တွင် ဆန်စပါးရောင်းဝယ်ရေးကို အကောက်အစားလွတ်ငြိမ်းခွင့်ပြုကြောင်းနှင့် အမိန့်တော်ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်တော်မှာ စပါးလှေ၊ ဆန်လှေများကို အကြေအညာအရပ်ရပ် ကင်းဆိပ်တည်ပွဲများက အကောက်အယူမရှိစေနှင့်။ ဆိုင်ရာဆိပ်စားအထိန်းအအုပ်တို့ကို စေ့ငအောင်ဆင့်ဆိုစီရင်။

ဟူ၍ ဖြစ်ပါသည်။

သို့သော်လည်း လက်တွေ့တွင်မူ မျှော်မှန်းခဲ့သည်နှင့် ဆန့်ကျင်ဘက်ဖြစ်ပေသည်။ ဈေးနှုန်းများ အဆမတန်မြင့်တက်ကာ ပြည်ရွာများ ချောက်ချားခဲ့ရသည်။ မကွေးတိုင်း၊ ပေါက်မြို့နယ်မှ လယ်ယာမြေမှုခင်းတစ်ခုတွင် ၁၈၁၁ ခုနှစ် အခြေအနေကို ဤသို့တွေ့ရှိရပါသည်။

*'ငှမ်းအစ်ကို သေီခံတို့က ဝေသာလီကြောင်းလမ်းစရိတ် ငွေချိန် ၄ဝိ ကျော်နှင့် ကိုင်ဝန်သား ငမှန်ထံ အနုခံနှင့်ထားရာ မရွေးမဖယ်ရမီ ၁၁၇၃ ခုနှစ် မြို့ရွာချောက်ချားပျက်ပြားရှိလျှင် ကျွန်တော်ဘိုး ငရှုံး ငံသီခံတို့ သေကွယ်ကြသည်'*

ဟူ၍ ဖော်ပြပါရှိလသည်။ 'ဝေသာလီကြောင်း'ဟူသောစကားနှင့် 'မြို့ရွာ ချောက်ချား ပျက်ပြား'ဟူသောစကားတို့က ထိုခေတ်၏နိုင်ငံရေးနှင့် လူမှုရေးအခြေအနေများကို ဖော်ပြနေသည်ကို သတိမူမိမည်ဖြစ်ပါသည်။

ထို့ကြောင့် ဗဒုံမင်းလက်ထက် မဏိပူရသို့စစ်ချီရပုံနှင့် စစ်ဝတ်ကြေး ပေးကြရပုံ တို့ကိုတွေ့မြင်ကြရသကဲ့သို့ ထို့အတူ စလင်းကျပင်းမှကပိုင်စစ်တမ်းတွင် မိုးနဲကြောင်း စစ်ချီရပုံ (၁၈ဝ၆)နှင့် ထိုကာလနောက် ၁၈၁ဝ ဝန်းကျင်လောက်တွင် ငတ်မွတ်ခေါင်းပါး ခြင်းနှင့်ကြုံရပုံတို့ကို ဤသို့ဖော်ပြထားပြန်ပေသေးသည်။

*'သောထွန်းအောင် ၆၄ ခု စာရင်းဆက်သွင်းကြီးစိုးပြီးလျှင် သားငဝက်ချီး မိုးနဲကြောင်း အမှုတော်ကိုလိုက်ထမ်းသေဆုံးလျှင် သော ထွန်းအောင်နှမ မိပဲ၊ မိရွဲတို့ ဆက်ခံကြီးစိုးသည်အတွင်း အစားအစာငတ်မွတ်ခေါင်းပါး သရောကြီးခိုင်း၍ ရောမြို့ (ယောမြို့)သို့တက်သွား သူကြီးလစ်လပ်ရှိသည်'*

ဟူ၍ဖော်ပြထားသည်။ ငတ်မွတ်ခေါင်းပါးမှုဒဏ်ကြောင့် အကြီးအကဲလုပ်သူ ပါမကျန် ထွက်ပြေးကြရသောသာဓကဖြစ်သည်။

ဗဒုံမင်းလက်ထက်နောက်ပိုင်းတွင် ကြုံတွေ့ရသောစီးပွားရေးအဆိုးသံသရာ သည် ၁၈၁၂ ခုနှစ်တွင် အထွတ်အထိပ်သို့ရောက်ရှိခဲ့လေတော့သည်။ ဆန်ဈေးမှာ တစ်တင်းလျှင် တစ်ဆယ့်ငါးကျပ်သို့ပင်တိုင်လေသည်။ ဤသို့သော ခေတ်ဆိုးခေတ်ကျပ် ကြီးအတွင်း လူမှုအဖွဲ့အစည်း၏အခြေအနေမှာ စလင်းသာသနာပြုဆရာတော် ဘုရားကြီး၏မှတ်တမ်းအရ အောက်ပါအတိုင်း တွေ့ရှိမှတ်သားရပါသည်။

*'ထိုသို့ရေးသောကာလ၌ကား ကာလဝိပတ္တိဖြစ်၍ မိုးခေါင်သော ဒုဗ္ဘိက္ခကာလ၊ အစာရေစာရှားပါးငတ်မွတ်သော ဒုဗ္ဘိက္ခကာလ၊ စစ်မက်အင်္ဂါများ သောကာလ၊ မုဒိန်း တန္တ ခိုးသူများသောကာလ၊ ကြေးဘိုးတောင်းတင်းတိုသော ကာလ၊ ဆန်တစ်တင်းကို ရံခါ သုံးကျပ်၊ ရံခါ လေးကျပ်၊ ရံခါ ခုနစ်ကျပ်၊ ရံခါ တစ်ဆယ်၊ ရံခါ တစ်ဆယ့်ငါးကျပ်ပင်ပြုသောကြောင့် များစွာသောသတ္တဝါတို့ ပျက်စီးခြင်းသို့ရောက်ကြကုန်၏။ မြို့ရွာတိုင်းနိုင်ငံ ချောက်ချားကုန်၏။ ပျက်စီးသော*

*မြို့ရွာသာ များးကုန်၏။ မပျက်စီးသော မြို့ရွာပင်မရှိ။ တစ်မြို့နှင့်တစ်မြို့ တိုက်ကြကုန်၏။ တစ်ရွာနှင့်တစ်ရွာ တိုက်ကြကုန်၏။ သစ်တပ်တည်၍ နေ့ညဥ့်မပြတ် တပ်စီး၍နေကြရကုန်၏’*

ဤသို့ အခြေခံလူမှုစီးပွားရေးများ ပြိုလဲလာခဲ့သဖြင့် အုပ်ချုပ်ရေးလည်း ပရမ်းပတာ ဖြစ်လာခဲ့တော့၏။ မြို့ရွာနယ်ပယ်ဒေသအုပ်ချုပ်သူတို့လည်း တံစိုးစားယူခြင်း၊ ကြေးငွေပိုမိုခွဲခန့်တောင်းယူခြင်းနှင့် အဂတိလိုက်စားခြင်းများကို ကျူးလွန်လာခဲ့ကြတော့သည်။ အထူးသဖြင့် အခွန်အကောက်အရာရှိတို့သည် အဆိုးဆုံးဖြစ်ကြလေသည်။

ဗဒုံမင်း၏ ၂၂ မတ် ၁၈၀၆ နေ့ပြန် အမိန့်တော်အရ ကျောက်တစ်လုံးကင်းမှ လွှတ်လိုက်သော လှေ ၂၀၀ ကျော်နှင့် မင်းကွန်းတပ်မှ လွှတ်လိုက်သောလှေများအတွက် ဆက်သင့်အခွန်တော်များကို ကင်းတိုင်တို့က အလွဲသုံးစားပြုခဲ့ကြကြောင်း သိရသည်။ သို့အတွက် ကင်းတိုင်တို့ ပေးလျော်ကြရသည်။ နောက် လေးလအကြာ ၂၂ ဩဂုတ် ၁၈၀၆ နေ့ထုတ် အမိန့်တော်အရမူ ‘‘ကင်းတိုင် ငသူအား သားမယားနှင့်တကွ ဆွေခုနစ်ဆက်ကို မီးလောင်တိုက်သွင်း’’ဟူ၍လည်းကောင်း၊ ‘‘ကျောက်တစ်လုံးကင်းတိုင် နရာသိခ်အား ရာထူးမှဖြုတ်’’ဟူ၍လည်းကောင်း အဂတိလိုက်စားမှု၊ အလွဲသုံးစားမှု တို့အတွက် ပြင်းထန်စွာအရေးယူခဲ့လေသည်။

နိုင်ငံတွင်းရောင်းဝယ်ရေးတွင် ကင်းအမှုထမ်း(အကောက်ခွန်အမှုထမ်း)တို့ အဂတိလိုက်စားခဲ့ကြသကဲ့သို့ နိုင်ငံခြားရောင်းဝယ်ရေး ဖြစ်ထွန်းရာ ထားဝယ်၊ ပုသိမ်၊ မုတ္တမ၊ မြိတ်၊ ရခိုင်လေးမြို့နှင့် ဟံသာဝတီ(ရန်ကုန်)တို့မှအရာရှိများလည်း အဂတိလိုက်စားခဲ့ကြပါသည်။ အထူးသဖြင့် ရခိုင်ဘက်တွင်အဆိုးဆုံးဖြစ်ဟန်ရှိ၏။ တရားမဝင်မှောင်ခိုရောင်းဝယ်မှုများဖြစ်ပေါ်ခဲ့၏။ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကို ခိုးထုတ်ရောင်းချကြ၏။ ထို့ကြောင့် ရာဖြတ်အရာရှိများ အကောက်ခွန်အရာရှိများကို ဗဒုံမင်းသည် အပြင်းအထန်အရေးယူလျက် အဂတိလိုက်စားမှုပပျောက်အောင် ကြိုးပမ်းခဲ့သည်။

သို့သော်လည်း ယင်းမျှော်လင့်ထားသကဲ့သို့ ကောင်းမွန်တိုးတက်မလာခဲ့ချေ။ ထို့ကြောင့်လည်း ၅ ဩဂုတ် ၁၈၁၃ နေ့တွင် ‘‘ကူးတို့၊ ဆိပ်၊ ဈေး၊ တည်၊ ပွဲတို့တွင် အစဉ်ကောက်ခံမြဲထက် ပိုမိုကောက်ခံသူတို့ကို ရာထူးမှဖြုတ်၍ လက်ကိုဖြတ်စေ’’ဟု အမိန့်တော်ထုတ်ပြန်ခဲ့ရသည်အထိ ဖြစ်ခဲ့သည်။

ရခိုင်ဘက်တွင်လည်း အလားတူကိစ္စရပ်များပေါ်ပေါက်ခဲ့၏။ မေဃဝတီမြို့ဝန် လက်ယာနော်ရထာအုပ်ချုပ်ရေးညံ့ဖျင်းသဖြင့် တံဆိပ်တော်ရ သူကြီးများအပါအဝင်

အိမ်ထောင်စုံတစ်ထောင်မျှ ၁၈၀၈ ခုနှစ်တွင် ထွက်ပြေးသွားခဲ့ကြသည်။ ထို့ကြောင့် လက်ယာနော်ရထာ အရာမှကျခဲ့၏။ ဒွါရာဝတီမြို့သူကြီးငရွှေကျော်ကိုလည်း ၁၈၁၀ တွင် အရာမှနုတ်ခဲ့သည်။ ရမ္မာဝတီမြို့ဝန် ရွှေတောင်သာကသူလည်း ရာဇဌာနီသို့ ဆင့်ခေါ် စစ်ဆေးခြင်းခံခဲ့ရသည်။ ဥဿဝတီမြို့ဝန် မြို့စာရေး စစ်ကဲနားခံနှင့် အမှုထမ်း အရာရှိ ခြောက်ဆယ်တို့လည်း ငွေကြေးပဏ္ဏာမှုအတွက် အစုံစမ်းအစစ်ဆေး ခံခဲ့ကြ ရသည်။

ဤသည်တို့မှာ စီးပွားရေးပြိုကွဲလာခဲ့ရာမှ ပေါ်ပေါက်လာခဲ့သော အုပ်ချုပ်ရေး ပျက်ပြားမှုများပင်ဖြစ်ပါသည်။ စီးပွားရေးနှင့်အုပ်ချုပ်ရေးတို့ ပြိုလဲလာသည့်နောက်တွင် ခိုးဆိုးတိုက်ခိုက်ဆူပူမှုများလည်း ထက်ကြပ်မကွာ လိုက်ပါလာမြဲဖြစ်တော့သည်။ သီပေါနယ်တွင် ၁၈၀၅ ခုနှစ်၌ ယူနန်နယ် တာလီမှလာသော တရုတ်ကုန်သည်တို့ ဓားပြအတိုက်ခံကြရသည်။ နောက်တစ်နှစ်တွင် ကနောင်၊ တောင်ငူ၊ တောင်တွင်း၊ ပြည်၊ မြေထဲ၊ ရမည်းသင်း၊ ရွှေတောင်၊ သာယာဝတီနှင့် သာရဝေါ်နယ်တို့၌ ခိုးသားဓားပြတို့ ထကြွခဲ့ကြသည်။ ကျေးရွာသူကြီးများက ဓားပြများမွေးခဲ့ကြသည် တို့ပင်ရှိခဲ့သည်။ ထိုမငြိမ်သက်မှုသည် ၁၈၀၉ ခုနှစ်တွင် အထက်မြန်မာနိုင်ငံ မြို့ရွာများ ဖြစ်သော စလင်း၊ တပယင်း(ဒီပဲယင်း)၊ ဗဒုံ၊ မြင်ကွန်း၊ ရွှေဘိုနယ်တို့သို့ ကူးစက်ပျံ့နှံ့ လာခဲ့သည်။ အဆိုးဆုံးမှာ စလင်းနယ် မြင်ကွန်းနယ်ဘက်တို့တွင် ဖြစ်သည်။ စလင်းနယ်၌ ထကြွသောင်းကျန်းလျက်ရှိသော ဓားပြငကောက်ကို တပ်ကောင်းဟန်ဝန် သီရိဝဇ္ဇဗိုလ် ကိုယ်တိုင်ကွပ်ကဲ၍ ရဲရောင်မြန်မာ သေနတ်ကိုင် ၂၀၀ ဖြင့် သွားရောက်နှိမ်နင်းခဲ့ရသည်။ မြင်ကွန်းတွင် သောင်းကျန်းလျက်ရှိသော ငပိုက်၊ ငဝက်ကြီးတို့ကိုလည်း စို့လေးဆယ် ဒိုင်းဝန်သာရသူ၊ အဆောင်တော်မြဲ သိခ်နန်သူတို့ကဦးဆောင်လျက် သေနတ်လက်နက် ကိုင် လူ ၃၀၀ ဖြင့် နှိမ်နင်းခဲ့ကြရသည်။ ဆားတောင်နယ်မှ ကျောက်နောက်ရွာ၊ ရွာစိုက်ရွာ၊ ရွာဝေးရွာနှင့် သင်းတွဲရွာတို့မှာ ရွာလုံးကျွတ်ဓားပြမှုများဖြင့် အဖမ်းခံခဲ့ ကြရသည်။ ထို့အပြင် ၁၈၁၀ တွင် ကျောက်ဆည်၊ ပင်းတလဲ၊ ဗန့်ကျီတိုက်၊ မိတီလာ၊ ယောနယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်တွင် ဓားပြလူဆိုးတို့၏ ဆူပူထကြွမှုများနှင့် မငြိမ်မသက်ဖြစ်လာခဲ့ပြန်သည်။ သို့ဖြင့် တစ်နိုင်ငံလုံးအနှံ့ ခိုးဆိုးတိုက်ခိုက်မှုများနှင့် ပြန့်လျက် ရှိနေလေတော့သည်။

အချုပ်ဆိုရသော် စီးပွားပျက်ရာမှ အုပ်ချုပ်ရေးပျက်ကာ တစ်နိုင်ငံလုံး ခိုးဆိုး တိုက်ခိုက် ဆူပူမှုများနှင့် ကြုံရခြင်းဖြစ်လေသည်။ ထိုအခါ လူမှုအဖွဲ့အစည်းလည်း

ပရမ်းပတာဖြစ်ကာ ပြိုလဲကျဆင်းရတော့သည်။ ဤသို့ ကြုံကြိုက်ရခြင်းသည် (၁) သဘာဝဘေးအန္တရာယ်များဖြစ်သော မိုးခေါင်ခြင်း၊ မီးလောင်ခြင်း၊ ရေကြီးခြင်းတို့နှင့် (၂) ဗဒုံမင်း၏ စစ်ရေးအသိမ်းအရုံး အဆင့်အခေါ်များခြင်းတို့ကြောင့် ဖြစ်ပါသည်။ ခရစ်နှစ် ၁၈၁၆–၁၈၀၈ ခုနှစ်များအတွင်း စစ်လက်နက်ကိုင်များ သိမ်းရုံးရာတွင် ရှောင်တိမ်းမှုများကြောင့် သိမ်းရုံးမရဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဗဒုံမင်းက''ကြားမြင်သမျှ ကြောက်ရွံ့စေရန်ရင်ကိုခွဲ''ဟုပင်အမိန့်တော်ထုတ်ခဲ့ရသည်။ စီးပွားပျက်သဖြင့် အာဏာ ဖီဆန်လာသည့် သာဓကတစ်ခုဖြစ်တော့၏။ ဤအခြေအနေဆိုးကို ဗဒုံမင်း နတ်ရွာစံသည့် ၁၈၁၉ ခုနှစ်တိုင် မလွန်မြောက်နိုင်ခဲ့တကား။

## ကုန်းဘောင်ခေတ်နှောင်းစီးပွားရေး

ပဒုံမင်းလက်ထက်နောက်ပိုင်း အေဒီ ၁၈၀၀ ကျော်ကာလမှစ၍ ပြိုလဲလာခဲ့သော စီးပွားရေးအခြေအနေကို စစ်ကိုင်းမင်း(၁၈၁၉)က ပြန်လည်ထူထောင်အံ့ဟူသော စေတနာဆန္ဒဖြင့်

*'မြို့ရွာခရိုင်နိုင်ငံတော်အတွင်း အခွန်အတုတ် ဆယ်ဖို့တစ်ဖို့ ကောက်ခံသည်များကို သုံးနှစ် ငါလွှတ်တော်မူသည်။ ကင်းသင်းများမှာလည်း ငါအသျှင်ဧရာဇ်မင်းမြတ်စံနေတော်မူသည့် မဟာရာဇဌာနီ ရွှေပြည်တော်ကြီးမှသည် အညာကို မင်းကွန်းကင်း၊ အကြေကို ကျောက်တစ်လုံးကင်း မြို့ထွက်မြို့ဝင်သည်နှစ်ရပ်သောကင်းကိုသာ ကင်းရုံကင်းတိုင်စိုက်ထူ၍ ရာဇဝတ်တော်ကင်းအောင်ထိန်းသိမ်းကြစေ။ ကင်းကြေးကင်းငွေ မတောင်းမယူစေနှင့်။*

*အကြေအညာ မြို့ရွာများမှာ ကြည်းကင်းရေကင်းထား၍ ကောက်စားကြသည့်အရာများလည်း ပြည်သူတို့ လမ်းခရီးနှောင့်နှေးချုပ်ဆိုင်း ကြေးငွေကုန်ကျရသည့်အရာသာဖြစ်သည်။ အကြေအညာမြို့ရွာ ကြည်းကင်းရေကင်းဆိုသမျှကို မကောက်မစား မထားမရှိစေနှင့်။ ကင်းရုံကင်းတိုင်နှင့်တကွရုပ်သိမ်းစေ။ မင်းညီမင်းသား မှူးတော် မတ်တော်အပေါင်းတို့လည်း ငါ့ကိုချစ်လျှင် ပြည်သူကိုချစ်။ ငါ့အကျိုးစီးပွား တော်လိုလျှင် တရားကို ကောင်းစွာစောင့်ထိန်း၍ ပြည်သူတို့အကျိုးစီးပွားကိုဆောင်။ ပြည်သူတို့ ရွှေငွေဘဏ္ဍာဥစ္စာခမ်းနားများကို မျက်မုန်းမကျိုးကြနှင့်။ ပြည်သူသတ္တဝါအပေါင်းတို့ လုပ်စားဆောင်စား စီးပွားဖြစ်ထွန်း၍ ကုံထံပြည့်ဝအောင်ကိုသာ ပြုစုမစစီရင်။*

ဟူ၍ နန်းတက်လျှင်တက်ချင်း အမိန့်တော်ရှိခဲ့သည်။ နိုင်ငံစီးပွားပြန်လည် ထူထောင်ရေး ကြိုးပမ်းလုပ်ဆောင်မည့်ခြေလှမ်းပင်ဖြစ်သည်။ သို့သော်လည်း တစ်ဖက်တွင် နယ်ချဲ့ အန္တရာယ်နှင့် အမျိုးသားရေးပြဿနာကြုံလာသောကြောင့် အခြေခိုင်အောင်ပင် လုပ်ဆောင်နိုင်ခွင့်မရခဲ့ချေ။ ပထမမြန်မာ အင်္ဂလိပ်စစ်ကြောင့် စီးပွားရေးအခြေအနေ ပြန်လည်ယိမ်းယိုင်လာခဲ့ရသည်။

စစ်ဖြစ်လျှင် စီးပွားရေးပျက်စီးရသည်မှာ ဓမ္မတာဖြစ်ပါသည်။ မြန်မာအင်္ဂလိပ် ပထမစစ်ကြောင့် မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေမှာ အလွန်ဆိုးရွားလာခဲ့ပါသည်။ လယ်သမားတို့ လယ်ယာလုပ်ငန်းခွင်မှ စစ်မြေပြင်သို့ ထွက်ခဲ့ရသဖြင့် လယ်ယာလုပ်ငန်း များလစ်ဟင်းခဲ့ရသည်။ စစ်စရိတ်ကြေးငွေများ ထည့်ဝင်ကြ၍ ဆင်းရဲသားတို့ ကြွေးမြီ တင်ရှိကြရသည်။ ကုန်စျေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ စစ်စရိတ်ထည့်ဝင်ရပုံကို မိတီလာနယ်မှ ငွေချေးစာချုပ်တစ်ခု၌ အောက်ပါအတိုင်းတွေ့ရှိရဖူးပါသည်။

*'သက္ကရာဇ် ၁၁၈၅ ခု၊ တန်ခူးလဆန်း ၁၀ ရက် (၈ ဧပြီ ၁၈၂၄) နေ့တွင် ရှော်ဖြူပင်ရွာအုပ် မောင်အောင်ပန်း၊ မောင်နေဝန်းတို့က ဝန်ဆင်းရွာထွက် ကောသာလီ လက်နက်ဆောင်ရွက်ရန် ငွေသုံးလိုပါသည်။ ငွေ ၁၀ လျှင် စပါး ၈ စျေးနှင့် ယင်းတော်မြို့ ကျီရော့ ပေးပါမည်။ ငွေပေးဝယ်ယူပါ'*

ဟု ဆို၍ ငွေချေးခဲ့ရသည်။

ထိုစစ်ကြောင်းသည် ၂၅ ဧပြီ ၁၈၂၄ တွင် ရေဦး၌ တပ်စခန်းချ ရပ်နားခဲ့ သည်။ ဆက်လက်ချီရန်အတွက် ရေဦးနယ်မှပြည်သူတို့သည် လူ၊ နွား၊ ဝန်တင်များ ထည့်အပ်ကြရသည်။ ကောသာလီစစ်ခံဖြည့်ရန်အတွက် ငွေချေးကြရသည်။ တချို့ သားသမီးများကိုပေါင်၍ ငွေထည့်ဝင်ခဲ့ရသည်များလည်း ရှိခဲ့သည်။ (ကန့်ဘလူ၊ ပျဉ်းတော်ရွာကျောင်းစာစု)

စစ်ကြောင့် အခြေခံစားသောက်ကုန်များရှားပါးလာပြီး ကုန်စျေးနှုန်း ကြီးမြင့် လာပုံကိုလည်း ငွေချေးစားသူတစ်ဦး၏ မှတ်တမ်းတွင် ဤသို့ မှတ်သားထားသည်ကို တွေ့ရှိရဖူးပါသည်။

*'သက္ကရာဇ် ၁၁၈၇ ခု၊ တပေါင်းလဆန်း ၇ ရက်နေ့ (၁၂ ဖေဖော်ဝါရီ ၁၈၂၆) တွင် ရှင်ရင်းက စားရန်ဆို၍ မိလှေး မိဝင်းတို့နှင့် တစ်နေ့တည်းယူသည်။ စပါး ၅ (တင်း) အဖိုးငွေ ၁၀ (ကဲ) ၅ိ။*

*၄င်းနှစ် တပေါင်းလဆန်း ၉ ရက် (၁၄ ဖေဖော်ဝါရီ ၂၆)နေ့ ကုလားလာ၍ ထွက်သွားကြမည်တွင် ရွှေပေ ကိုရွှေဦး၊ ကိုရွှေစံတို့ကျီတွင် တောင်းကြီးနှင့်ခြင်ယူသည်။ စပါး ၁၃ံ (တင်း)ကို တင်းမှန်တွက်သင့် ၁၃ံ ဒိ (တစ်စိတ်) ၁် (တစ်ပြည်)ကိုဝက်လျှင် မိရင်းအစုသင့် ၆ံ ၃ိ ၂် ၂ဲ (၆ တင်း ၃ စိတ် ၂ ပြီ ၂ လမယ်)ကျသည်။ အဖိုးသင့်ငွေ ၂၀ိ (ကဲ) ၆ᵒ ဈေး ၁ဲ ၄ံ၀ (၆ ကျပ် ၈ မူး ၁ပဲ ၄ ရွေး)'*

ဤမှတ်တမ်းတွင် သမိုင်းကြောင်း အရေးပါသည့်အချက်သုံးရပ်ရှိပါသည်။ (၁) ရက်စွဲဖော်ပြချက် (၂) 'ကုလားလာ'ဟူသောအသုံးနှင့် (၃)စပါးဈေးနှုန်း ဖော်ပြချက်များဖြစ်သည်။ စစ်ကိုင်းမင်းက စစ်ပြေငြိမ်းရန် ထုတ်ပြန်သောအမိန့်တော်ရက်စွဲမှာ ၁၆ ဖေဖော်ဝါရီ ၁၈၂၆ နေ့ဖြစ်၍ စပါး ဈေးရက်မှာ ၁၄ ဖေဖော်ဝါရီ ၁၈၂၆ နေ့ဖြစ်သည်။ ကျူးကျော်ရေး နယ်ချဲ့တပ်များ ဖြတ်ကျော်ချီတက်သွားစဉ် ဗရုတ်ဗရက်ကာလအတွင်း ကပျာကယာဈေးငှားသယ်ယူကြပုံကို မြင်သာလှပေသည်။ စပါးဈေးနှုန်းမှာလည်း ငွေ ၁၀၀ ကျပ်ထိ ဈေးပေါက်နေသည်။ စစ်ဖြစ်စက စပါးအင့်ရောင်းစာချုပ်တစ်ခုတွင် စပါး ၁၀၀ံ လျှင် ၁၅ ဈေး ဈေးဖြစ်၍ စစ်ပြီးအံ့ဆဲဆဲတွင် စပါးတင်း ၁၀၀ လျှင် ငွေ ၁၀၀ိ နှုန်းရှိသောကြောင့် အလွန်ဈေးနှုန်းမြင့်တက်နေကြောင်း သတိပြုမိလောက်ပါသည်။ ပို၍ဆိုးသည်မှာ စစ်ရှုံးသဖြင့် စစ်လျော်ကြေးများ (အိန္ဒိယစီကာဒင်္ဂါးဖြင့် ၁၀ သန်း)မြန်မာငွေကောင်းချိန်ဖြင့်မူ ၇၅၀၀၀၀၀ ကျပ် ပေးရခြင်းပင်ဖြစ်ပါသည်။

မြန်မာဘုရင့်အစိုးရတွင် စစ်လျော်ကြေးအတွက် ဒုတိယအရစ်ကစ၍ ငွေရေးကြေးရေး အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့်'ပုဂံအောက် မြစ်စဉ်တစ်လျှောက် တောင်ငူ စစ်တောင်း ရွှေကျင် ကျောက်မော် တောင်စဉ် ခုနစ်ခရိုင်မြို့ရွာ' များက ခွဲတောင်းပေးဆောင်ခဲ့ရသည်။

တတိယအရစ်တွင်လည်း ပြည်အောက် မြစ်စဉ်တစ်လျှောက် မြို့ကျေးရွာများနှင့်တောင်ငူ စစ်တောင်း ရွှေကျင် ကျောက်မော်မြို့ ကျေးရွာများကတောင်း၍ပေးချေရကြောင်း ဖော်ပြပါရှိသည်။ သို့ဖြစ်ရာ စစ်လျော်ကြေး ဝန်ထုပ်ဝန်ပိုးကြီးသည်ပြည်သူတို့အပေါ် ပိလျက်ရှိနေသည်ကို တွေ့ရပါသည်။

စစ်ကိုင်းမင်းလက်ထက် မြန်မာအင်္ဂလိပ် ပထမစစ်ကြောင့် ပေါ်ပေါက်လာခဲ့သော စီးပွားရေးအဆိုးသံသရာသည် ဒုတိယ မြန်မာအင်္ဂလိပ်စစ်ဖြစ်သည့် ၁၈၅၂ ခုနှစ်ကာလတိုင် ပြန်လည်ကောင်းမွန်လာခြင်းမရှိဘဲ တိုး၍သာယိုယွင်းလာနေခဲ့သည်။

အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်သို့ ဒုတိယစစ်အပြီး ကျရောက်သွားပြန်သောအခါ နန်းတက်လာသော မင်းတစ်ပါးအဖို့ ယင်း၏အထက်မြန်မာနိုင်ငံ ပြည်သူများအတွက် ဆန်စပါး၊ ဆား၊ ငါးပိ ဖူလုံရေးသည် အလွန်ကြောင့်ကြစရာ ပြဿနာတစ်ရပ်ဖြစ်လာခဲ့ပြန်တော့သည်။

သို့သော်လည်း အရည်အချင်းပြည့်ဝသည့် မင်းတုန်းမင်း ထီးနန်းရရှိလာခဲ့ခြင်းမှာ ပြည်သူတို့အဖို့ ကံကောင်းလေစွဟုဆိုရပါမည်။ အကြောင်းမှာ ထိုမင်းလက်ထက်ပြည်သူတို့ အနှစ်အစိတ်မျှ လုပ်ခွင်စီးပွား အတော်အသင့် ဖွံ့ဖြိုးတိုးတက်တည်ငြိမ်မှုကို ရရှိခဲ့၍ဖြစ်ပါသည်။ ထို့ကြောင့် ယင်းလက်ထက် စီးပွားရေးအခြေအနေကို မြင်သာရုံအကျဉ်းချုပ်တင်ပြလိုပါသည်။

အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ကျရောက်သွားပြီးနောက် မင်းတုန်းမင်းကြီးသည် စိုက်ပျိုးရေးဖွံ့ဖြိုးရေးတိုးတက်ရန် ဂရုတစိုက် ဆောင်ရွက်ခဲ့သည်များကို တွေ့ရှိရသည်။ လယ်သမားတို့နှင့်ပတ်သက်သော လယ်မှုယာမှုကြွေးမြီများကို လယ်ယာလုပ်ငန်းခွင်ဝင်ကြသည့်ကာလအတွင်း အတောင်းအယူ၊ တရားစွဲဆိုခြင်း မပြုရန် ပိတ်ပင်တားဆီးထားရှိခဲ့လေသည်။ ယင်း၏အမိန့်တော်၌

*'နိုင်ငံတော်အတွင်း ဆင်းရဲသားကျွန်တော်မျိုးတို့ လယ်ယာမှုများကြောင့် အလျှောက်အထားတရားတွေ့ဆို အခြေအတင်နှင့် ရှိကြသည်များမှာ မိုးလအခါ လုပ်ချိန်ကာလရောက်ပြီဖြစ်သည်။ အလျှော်အထားတရားကိုလက်ခံ၍ မစစ်မကြောမစီရင်ကြစေနှင့်။ လက်ရှိအတိုင်း လယ်ယာများကိုလုပ်ဆောင်နှင့်စေ။ မပြီးမပြေလျှောက်ထားပြောဆိုလျှင် အသီးအနှံရိတ်သိမ်းပြီးမှ ပြောဆိုလျှောက်ထားကြစေ။ ရှေ့ရုံး နောက်ရုံး တရားရုံး မြို့ရှင် ရွာရှင် ဆိုင်ရာစုထိန်း စုအုပ် သွေးကြီးခေါင်းအကြီးတို့ကို စေ့နှံ့အောင်ဆင့်'*

ဟူ၍ ၂၈ ဇွန် ၁၈၅၄ နေ့တွင် ဝန်ရှင်တော်မကွေးမြို့စားမင်းကြီးနှင့် မြဲတောင်မြို့စားမင်းကြီးနှစ်ပါးတို့က လွှတ်တော်အာဏာဖြင့်မိန့်ဆိုခဲ့သည်။

မင်းတုန်းမင်းကိုယ်တိုင်ကလည်း အမှုထမ်းစား မြေများလုပ်ကိုင်မှု မပြတ်မလပ်စေရန်အတွက်တစ်ကြောင်း၊ အမှုထမ်းတို့ စိတ်ပါကိုယ်ရောက် ထမ်းဆောင်နိုင်ရန်အတွက် တစ်ကြောင်း ဤအကြောင်းများကိုရည်ရွယ်လျက်

*'အတွင်းကိုယ်ရံတော် သေနတ်အစု အမှုထမ်း ၆ ကြောင်း*

*သေနတ်အမှုထမ်းမှစ၍ အရပ်ရပ်အစု အမှုထမ်းလူတို့မှာ ကြွေးမြီကုန်ဖိုးဖြတ်စာတွက် ကျွန်ပေါင်၊ လယ်ပေါင်၊ ယာပေါင်၊ လယ်မြေစု၊ အမှုဟောင်း၊ တရားစကားရှိသည် များကို အအပ်အနှံ အတောင်းအထုတ် အချုပ်အကိုင်မရှိစေနှင့် ၆ လ အတွင်း ရပ်ဆိုင်းစေ'*

ဟူ၍ ၁၂ ဇွန် ၁၈၅၅ နေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

နိုင်ငံပြုပြင်ပြောင်းလဲရေးတို့ကို ကိုယ်တိုင်ဦးဆောင်လုပ်ကိုင်နေသော အိမ်ရှေ့မင်း (ကနောင်ကိုယ်တော်ကြီး)ကလည်း 'လယ်ယာမြေမှုများကြောင့် တရားစကား ပြောဆိုကြရလျှင် အလုပ်လတ်လျား လုပ်သီးလုပ်စားအများ ပျက်လပ်ရရှိသည်' ဆို၍ ၁၇ ဇွန် ၁၈၅၅ တွင် လွှတ်တော်၌ အမိန့်ရှိခဲ့ပြီး လုပ်ငန်းရာသီအတွင်း တရားစစ်ဆေးခြင်းမပြုလုပ်ရန် ပိတ်ပင်ခဲ့လေသည်။

လယ်ယာစိုက်ပျိုးရေးတွင် မိုးခေါင်သော အထက်မြန်မာနိုင်ငံအဖို့ ဆည်မြောင်း ချောင်းကန်တို့သည် အလွန်အားထားရ၏။ အထူးသဖြင့် အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားသောအခါ အထက်မြန်မာနိုင်ငံ၏ ရပ်တည်နေနိုင်ရေးသည် ထိုဆည်မြောင်းချောင်းကန်တို့အပေါ်တွင်သာ အထူးတည်မှီလျက်ရှိလာတော့၏။ ထို့ကြောင့် မင်းတုန်းမင်းကြီးသည် ဆည်မြောင်းချောင်းကန်တို့ကို ပြုပြင်ဆည်ဖို့ခဲ့သည်။

ဤတွင် မှတ်သားစရာတစ်ရပ်မှာ လုပ်သားလယ်သားတို့ စိတ်ဓာတ်မြှင့်တင်ရေးအတွက် နတ်များကိုကူညီကြရန် ၂၃ ဧပြီ ၁၈၅၆ နေ့တွင် အမိန့်တော်ထုတ်ပြန်ပန်ကြားခဲ့ခြင်းပင်ဖြစ်သည်။

*'ရွှေပြည်တော် အရှေ့မျက်နှာ အောင်ပင်လယ် နန္ဒာကန်တော်ဝင် ကြူဝန်း ကျွန်းလှ ဆည်တော် မြောင်းတော် ရေစီးရေလာတိုး၍ လယ်ပယ်အများ လုပ်ဆောင်ရလျက် သတ္တဝါတို့အကျိုးစီးပွားများစေခြင်းငှာ ကြေးတော်ငွေတော် ထုတ်ပေးတော်မူသည်။*

*နတ်တို့အားလည်း အပရိဟာနိယတရားနှင့်အညီ ရှေးအစည် တင်ကြားပသမြဲအဖွယ်အရာတို့ဖြင့် တင်ကြားပသတော်မူသည်။ စေခန့်တော်မူသည့် ကျွန်တော် မျိုးတို့ကို တစ်စုံတစ်ရာဘေးအန္တရာယ် အငြိအစွန်းအထိအပါးမရှိစေရ၊ နိုင်နင်းအောင် တားမြစ်စောင့်ရှောက်လျက် အလျင်အမြန်ပြီးပြေလွယ်ကြောင်းကို ကောင်းသော စောင်မကြည့်ရှုခြင်းဖြင့် စောင်မကြရမည်'*

လယ်ယာကုန်ထုတ်လုပ်မှုတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မင်းတုန်းမင်းသည် ၁၈ အောက်တိုဘာ ၁၈၅၈ နေ့တွင် ရွှေမြို့တော်နေ အစုအမှုထမ်းလူ ၁၀၀၀၀ ကျော်ကို လယ်ပယ်ပေါင်း ၆၀၀၀၀ ကျော် ပေးချလုပ်ကိုင်စေခဲ့လေသည်။ အထက်မြန်မာနိုင်ငံ၏ စပါးကျီများဟုဆိုနိုင်သော ကျောက်ဆည်နယ်၊ မင်းဘူးနယ်နှင့် ရွှေဘိုနယ်တို့ရှိ ရှေးဟောင်းဆည်မြောင်းချောင်းကန်တို့ကို စနစ်တကျပြုပြင်ထိန်းသိမ်းခဲ့ရုံမျှမက လယ်ယာသမားတို့အားလည်း စိုက်ပျိုးစရိတ်များ ချီးမြှင့်ခဲ့လေသည်။ ဤသို့ စိုက်ပျိုးစရိတ်ထုတ်ပေးသည်မှာ မြန်မာသမိုင်းတွင် ယင်းသည် အဦးအစသောမင်းဖြစ်ပါသည်။

မင်းတုန်းမင်း၏ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် ဆန်စပါးကို အောက်မြန်မာနိုင်ငံအပေါ် မှီခိုနေရမှု တဖြည်းဖြည်းလျော့ကျလာခဲ့သည်။ အထက်မြန်မာနိုင်ငံထွက် ဝါဂွမ်းနှင့်ဆီတို့ကိုလည်း အောက်မြန်မာနိုင်ငံသို့ တစ်နှစ်ထက်တစ်နှစ်တိုး၍ တင်ပို့နိုင်ခဲ့သည်။ ထိုပြောင်းလဲတိုးတက်လာသောအခြေအနေကို မြင်နိုင်ရန်အတွက် သွင်းကုန်နှင့်ထုတ်ကုန်တို့ကို အောက်တွင် ဇယားဖြင့်ဖော်ပြလိုက်ပါသည်။

**ဗြိတိသျှ မြန်မာနိုင်ငံမှ အမျိုးသားအထက်မြန်မာနိုင်ငံသို့တင်ပို့သော ဆန်တန်ချိန်နှင့်တန်ဖိုးပြဇယား**

| နှစ် | တန်ချိန် | တန်ဖိုး (ကျပ်) |
|---|---|---|
| ၁၈၆၇–၆၈ | ၁၀၀၄၆၅ | ၂၄၃၀၀၀၀ |
| ၁၈၆၈–၆၉ | ၇၄၅၀၀ | ၂၄၃၇၀၀၀ |
| ၁၉၇၀–၇၁ | ၉၆၃၀၇ | ၃၅၈၂၃၃၂ |
| ၁၉၇၁–၇၂ | ၅၇၁၂၃ | ၁၆၈၀၀၉၄ |
| ၁၉၇၂–၇၃ | ၂၆၆၅၅ | ၆၂၂၃၄ |
| ၁၉၇၃–၇၄ | ၂၄၇၁၈ | ၆၀၄၃၁ |

**အမျိုးသား အထက်မြန်မာနိုင်ငံမှ ဗြိတိသျှအောက်မြန်မာနိုင်ငံသို့ တင်ပို့သည့်ဝါဂွမ်း (တန်ဖိုးမဖော်ပြ)**

| နှစ် | မောင်း |
|---|---|
| ၁၈၆၇–၆၈ | ၂၀၀၁၉ |
| ၁၈၆၈–၆၉ | ၃၀၃၁၃ |

| | |
|---|---|
| ၁၈၆၉–၇၀ | ၅၆၉၆၃ |
| ၁၈၇၀–၇၁ | ၇၂၇၁၂ |
| ၁၈၇၁–၇၂ | ၁၅၂၆၈၉ |
| ၁၈၇၂–၇၃ | ၂၀၆၈၉၀ |

မင်းတုန်းမင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခဲ့သည်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို ဘုရင့်အစိုးရက ချုပ်ကိုင်တူးဖော်နိုင်ရေးကိုလည်း အကြိမ်ကြိမ်လုံးပန်းခဲ့ဖူးသည်။

မိုးကုတ်ကြပ်ပြင်သို့လည်း ကျောက်နီနှင့် ပတ္တမြားတူးဖော်ထုတ်လုပ်နိုင်ရေးအတွက် သူရဲစာရေး မင်းတင်မင်းလှရန်အောင်နှင့် ရွှေတိုက်ဝန်စာရေး မင်းလှမင်းတင်ကျော်သူတို့ကို ၁၈ အောက်တိုဘာ ၁၈၅၅ တွင် မှတ်စာပေးအပ်တူးဖော်စေခဲ့သည်။ ထိုမှတ်စာလက်ခံတွင် ဤသို့ဖော်ပြပါရှိ၏။

*'မိုးကုတ်ကြပ်ပြင် ကသည်းကျေးရွာတွင် ပတ္တမြားကျော်တော် တူးဖော်ဆက်သရန် ကျောက်တူးလူ ၁၀၀၊ လူတစ်ကိုယ်လျှင် အခငွေ တစ်နေ့ ၁ံ (တစ်မတ်) ကျ၊ တစ်လသင့်ငွေ ၇၅ဝိ၊ နှစ်လသင့်ငွေတော် ၁၅ (ပိဿာ)၊ ကျောက်တူးအကြီးအကြပ်လူ တို့ စားစရိတ်ငွေတော် ၁၅ (ပိဿာ)၊ နှစ်စုငွေတော် ၃၀ (ပိဿာ)နှင့် ကျောက်တူးလူ ၁၀၀ တို့ကို သနားတော်မြတ်ခံစေရန် သင်္ဘောကေနံ့ပုဆိုး ၁၀၀။ အင်္ကျီနက် ၁၀၀။ ပဝါပိုင်ရေ ၁၀၀။ ကျောက်တူးဖော်သည့်ကာလ ထုံးစံရှိရာ နတ်တင်ကြားပသရန် တစ်ကျွန်းပုဆိုး ၆၊ ဘဲဘောင်းဘီ ၁၊ ဘဲအင်္ကျီ ၁၊ ပလေကတ်နီ ပိုင်ရေ ၁၊ ကျောက်တူးဖော်ရာ၌ သုံးရန် ဓားမစင်းရေ ၁၀၀၀၊ သံတူကြီးငယ် ၁၉၊ စို့ချောင်းရေ ၁၀၊ သံတူရွင်း ၂၆၊ တူရွင်းပြားကြီး ၁၀၀၊ လွန်ပူ ၆၊ ယမ်းပြီးချိန် ၂၅ ပေးအပ်၍ ခန့်ထား သွားစေသည်'*

ဟူ၍ဖြစ်လေသည်။ စကျင်တောင်၌ ပတ္တမြားကျောက်တူးဖော်ရေးကိုလည်း အခကြေးငွေများစိုက်ထုတ်လျက် ဒေသခံပြည်သူတို့နှင့်တူးဖော်စေခဲ့သည်။ ဘော်သတ္တုတူးဖော်ရေးလုပ်ငန်း၊ ငွေတွင်းတူးဖော်ရေးလုပ်ငန်းတို့ကိုလည်း ရှမ်းပြည်နယ် ငွေခွန်မှူးကြီးတို့ကြီးစိုးရာဒေသများသို့သာမက ရွှေမြို့တော်နယ်နှင့် စစ်ကိုင်းနယ်တို့၌ပါ စမ်းသပ်လုပ်ကိုင်ခဲ့သည်။

မြေဒူးနယ်၌ သံနှင့်ကျောက်မီးသွေးတူးဖော်ရေးများကိုလည်း လုပ်ကိုင်ခဲ့သေးသည်။ အထူးမှာ မင်းတုန်းမင်းလက်ထက်တွင် ရေနံချောင်း၌ ရေနံထုတ်လုပ်ရောင်းချမှုရေးကထက် ပိုမိုတိုးတက်လာခြင်းပင်ဖြစ်သည်။ ယင်းလက်ထက် ၁၈၇၀–၇၁ ခုနှစ်အတွင်း ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သော ရေနံတန်ဖိုးမှာ ၃၁၉၈၉၇ ကျပ်ဖိုးရှိခဲ့သည်။ ထို့နောက် ၁၈၇၆–၇၇ ခုနှစ်တွင်မူ ၁၂၁၃၀၁၇ ကျပ်ဖိုးထိတက်သွားခဲ့သည်။

သစ်ထုတ်လုပ်ရေးကိုလည်း မင်းတုန်းမင်းသည် ဂရုတစိုက် ဆောင်ရွက်ခဲ့ပေသည်။ ဧရာဝတီမြစ် ဝဲယာမှကျလာသောသစ်များ၊ ဒုဌဝတီမြစ်တစ်လျှောက် ကျလာသောသစ်များ၊ မူးမှကျလာသောသစ်များ၊ ချင်းတွင်းမှကျလာသောသစ်များ၊ ယောချောင်းမှကျလာသောသစ်များ၊ မင်းဘူးနယ်မှကျလာသောသစ်များကို သစ်ခေါင်းနှင့်လုပ်သားများခန့်ထားကာ လုပ်ကိုင်စေခဲ့သည်။ ကြေးနန်းဆက်သွယ်ရေးလည်း ထူထောင်ထားရှိပြီးဖြစ်သောကြောင့် သစ်ထုတ်လုပ်ရေးတွင် ပို၍ခရီးရောက်ခဲ့သည်ကိုတွေ့ရှိရသည်။ သစ်တောထွက်ပစ္စည်းများဖြစ်သော ချိပ်၊ ရှားစေးနှင့်သစ်စေးလုပ်ငန်းတို့လည်း အထူးတိုးတက်ခဲ့သည်။ ထိုခေတ်က ရှားစေးချက်လုပ်ငန်း အတော်အသင့်ဖြစ်ထွန်းခဲ့သောဒေသတို့မှာ မလွန်၊ သရက်နှင့် မြေထဲဒေသတို့ဖြစ်လေသည်။

မင်းတုန်းမင်းလက်ထက်တွင် စိုက်ပျိုးရေး၊ သယံဇာတပစ္စည်းတူးဖော်ထုတ်လုပ်ရေးတို့၌သာ တိုးတက်ခဲ့သည်မဟုတ်၊ ကူးသန်းရောင်းဝယ်ရေးလည်း အထူးပင်တိုးတက်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံသည် ပင်လယ်ထွက်ပေါက်မရှိသော ကုန်းတွင်းပိုင်းနိုင်ငံဖြစ်နေသောကြောင့် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံနှင့် ရောင်းဝယ်ရေးကိုသာ အထူးအားထားနေရပေသည်။ ဆန်စပါး၊ ဆားနှင့် ငါးပိငါးခြောက်တွင် လည်းကောင်း၊ အထည်အလိပ်နှင့် လူသုံးကုန်ပစ္စည်းတို့တွင်လည်းကောင်း အောက်မြန်မာနိုင်ငံကိုသာ မှီခို၍နေရသည်။ တစ်ဖက်ကလည်း ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသည် ဝါဂွမ်း၊ ဆီ၊ ဆေး၊ ပဲအမျိုးမျိုး၊ တွင်းထွက်ကျောက်မျက်ရတနာ၊ ရေနံ၊ ယွန်းထည်၊ ကျွဲနွားအစရှိသည်တို့ကို အမျိုးသားအထက်မြန်မာနိုင်ငံမှသာ ဝယ်ယူရရှိနိုင်ပေသည်။ ဤအပြန်အလှန် မှီခိုနေရမှုအပေါ်မှ ရောင်းဝယ်ရေးဖြင့် အထက်အမျိုးသားမြန်မာနိုင်ငံသားတို့ အကျိုးစီးပွားဖြစ်ထွန်းစေရန် မင်းတုန်းမင်းကြီးက ရည်ရွယ်လုပ်ဆောင်ခဲ့ပေသည်။

ရောင်းဝယ်ရေးတွင် မြန်မာအမျိုးသားတို့သည် ကျွမ်းကျင်မှုနှင့် ငွေအရင်းအနှီးစိုက်ထုတ်နိုင်မှု၌ ဗြိတိသျှတို့ကိုမယှဉ်ပြိုင်နိုင်ခဲ့ပေ။ ထို့ကြောင့် အထက်မြန်မာနိုင်ငံ၏

ရောင်းဝယ်ရေးကို မင်းကေရာဇ်ကချုပ်ကိုင်ထားသည့် ကုန်တော်စနစ် (Royal Mono-ploy)ကို ကျင့်သုံးခဲ့ရသည်။ အမရပူရနှင့်မင်းလှမြို့တို့တွင် အကောက်ရုံးများဖွင့်လှစ်လျက် သွင်းကုန်ပေါ်တွင် ဆယ်ရာခိုင်နှုန်းနှင့် ထုတ်ကုန်ပေါ်တွင် ခြောက်ရာခိုင်နှုန်း ကောက်ခံခဲ့သည်။ ပြည်သူတို့သည် ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိသော်လည်း အောက်မြန်မာနိုင်ငံသို့တင်ပို့မည့်ကုန်များကိုမူ ဘုရင့်ကိုယ်စားလှယ်တော်များကသာ အဝယ်ဒိုင်များဖွင့်လှစ်၍ဝယ်ယူပြီး တစ်ဆင့်တင်ပို့ရောင်းချသည်။

ထို့အတူ အထက်အမျိုးသား မြန်မာနိုင်ငံသို့တင်သွင်းသော ကုန်ပစ္စည်းများကိုလည်း ဗြိတိသျှကုန်သည်တို့သည် ဘုရင့်ကိုယ်စားလှယ်များမှတစ်ဆင့်သာ ရောင်းချစေခဲ့သည်။ သို့ဖြစ်ရာ ယင်းတို့သည် ထိုစနစ်ကိုမကြိုက်သော်လည်း ရောင်းဝယ်ရေးတွင် အကျိုးဖြစ်ထွန်းနေသောကြောင့် အပြင်းအထန်ကန့်ကွက်ခြင်းမပြုခဲ့ကြချေ။

မင်းတုန်းမင်းသည် ရောင်းဝယ်ရေးတွင် ပဓာနအကျဆုံးဖြစ်သော ငွေကြေးစနစ်ကို ပြုပြင်ခဲ့သည်။ အစဉ်အလာသုံးစွဲနေခဲ့သော အတုံးအခဲ ရွက်နီအသပြာစနစ်ကို ၁၈၆၅ ခု နိုဝင်ဘာလတွင် စွန့်လွှတ်ခဲ့သည်။ ယင်းကို ဒင်္ဂါးများသွန်းလုပ်ထုတ်ဝေ အစားထိုးလျက် တစ်နိုင်ငံလုံးတွင် အသပြာစနစ်ကို တစ်ပြေးညီတည်း ဖြစ်စေခဲ့သည်။

ဤတွင် အမျိုးသားအစဉ်အလာတစ်ရပ်ကို ပြုပြင်ခဲ့ရသည့်အချက်တစ်ရပ် ရှိခဲ့သည်။ အောက်မြန်မာနိုင်ငံနှင့် ရောင်းဝယ်ရေးပိုမိုအဆင်ပြေစေရန် မင်းတုန်းမင်းသည် ယင်း၏အသပြာစနစ်ကို ဗြိတိသျှငွေကြေးစနစ်နှင့်ညီမျှစေရန် အစဉ်အလာ ဆယ်လီမူးမှ ရှစ်မူး(တစ်ကျပ်)စနစ်သို့ လျှော့ချခဲ့ရသည်။ ထို့ကြောင့် ရောင်းဝယ်ရေးလည်း တိုးတက်လာခဲ့သည်။

**၁၈၆၁–၇၈ အတွင်း အထက်မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပြဇယား**

| နှစ် | ထုတ်ကုန်(ကျပ်) | သွင်းကုန် (ကျပ်) |
|---|---|---|
| ၁၈၆၁–၆၂ | ၃၈၅၁ ၀၀၀ | ၅၂၇၆ ၀၀၀ |
| ၁၈၆၄–၆၅ | ၆၃၆၆ ၃၂၄ | ၈၈၅၃ ၄၆၅ |
| ၁၈၆၇–၆၈ | ၁၀၆၇၀ ၃၁၀ | ၁၂၇၈၁ ၁၇၀ |
| ၁၈၇၀–၇၁ | ၁၀၁၄၇ ၆၉၂ | ၁၃၂၆၂ ၄၀၂ |
| ၁၈၇၃–၇၄ | ၁၂၉၂၁ ၇၉၀ | ၁၂၉၇၆ ၄၅၀ |
| ၁၈၇၆–၇၇ | ၁၅၈၈၇ ၅၂၀ | ၁၄၈၀၇ ၀၃၀ |
| ၁၈၇၇–၇၈ | ၂၀၀၁၀ ၀၀၀ | ၁၇၇၆၀ ၀၀၀ |

မင်းတုန်းမင်းနတ်ရွာစံ၍ သားတော်သီပေါမင်း (၁၈၇၈–၈၅) နန်းတက်လာသောအခါ နိုင်ငံရေးတည်ငြိမ်မှု ယိုယွင်းလာခဲ့သည်။ အုပ်ချုပ်ရေးလည်း ပရမ်းပတာဖြစ်လာခဲ့၏။ ထိုအခါ ခမည်းတော်လက်ထက်က တည်ဆောက်ထားခဲ့သော လူမှုစီးပွားရေးအဆောက်အအုံသည် ပြိုလဲလာခဲ့ရပြန်တော့သည်။ အကောက်အခွန်များပိုမိုကောက်ခံခြင်း၊ ထီရုံများထားရှိလာခြင်းတို့ကြောင့် တစ်နေ့တခြား ပြည်သူတို့ ဆင်းရဲကျပ်တည်းလာခဲ့သည်။

မြို့ရွာလူနေအိမ်ခြေများလည်း ဗြိတိသျှအောက် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ခိုဝင်ကြခြင်းကြောင့် ယုတ်လျော့လာခဲ့သည်။ ယင်း နန်းတက်စကာလက အင်အားလေးသောင်းရှိသောစစ်တပ်သည် အင်္ဂလိပ်နှင့်စစ်ဖြစ်သောအခါ ခုနှစ်ထောင်ပင် မပြည့်တော့ချေ။ ထို့အတူ စိုက်ပျိုးရေးဖြစ်ထွန်းသော ဆည်ရေသောက် ကျောက်ဆည်နယ်တွင် မင်းတုန်းမင်းလက်ထက်က အိမ်ခြေ ၁၄၀၀၀ ကျော်ရှိခဲ့သော်လည်း သီပေါမင်းလက်ထက်တွင် အိမ်ခြေ ၉၀၀၀ ကျော်သာရှိတော့သည်။ ထိုမင်းလက်ထက်ကားပြည်သူတို့ ဆင်းရဲတွင်းနက်သောကာလပင်ဖြစ်တော့၏။

အချုပ်ဆိုရသော် ကုန်းဘောင်ခေတ်နှောင်း မြန်မာနိုင်ငံ၏စီးပွားရေးသည် နယ်ချဲ့စနစ်နှင့် ထိတွေ့ရင်ဆိုင်ရသောကြောင့် အမျိုးသားရေးဂုဏ်သိက္ခာများကျဆင်းခဲ့ရ သကဲ့သို့ လူမှုစီးပွားရေးတွင်လည်း ဆုတ်ယုတ်ပျက်ပြားခဲ့ရသည်။ ပြည်သူတို့သည် အမြော်အမြင်ရှိ၍ အရည်အသွေးပြည့်ဝသော မင်းတုန်းမင်းလက်ထက်အနှစ် နှစ်ဆယ် ကျော်မျှ ငြိမ်းချမ်းမှုနှင့် စီးပွားရေးတည်ငြိမ်တိုးတက်မှုရရှိခဲ့ကြသည်။ ထိုကာလတွင်
စိုက်ပျိုးရေးနှင့်ရောင်းဝယ်ရေးတို့ ဖွံ့ဖြိုးခဲ့၏။

ထိုအခြေအနေကောင်းသည် သားတော်သီပေါမင်းနန်းတက်လာခဲ့သည်နှင့် တစ်ပြိုင်နက် ယင်း၏ ပင်ကိုအရည်အသွေးညံ့ဖျင်းခြင်း၊ မညီညွတ်ခြင်း၊ အခွန်အတုတ်အကောက်အစားနှင့် အုပ်ချုပ်ရေးပျက်ပြားလာခြင်းတို့ကြောင့် နိုင်ငံ၏လူမှုစီးပွားရေးအခြေအနေတစ်ရပ်လုံးမှာ ပြိုကွဲကျဆင်း၍လာနေခဲ့သည်။ ထိုစဉ် အခွင့်ကိုစောင့်မျှော်နေသောနယ်ချဲ့က ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာသောအခါ မြန်မာတို့သည် ပထမစစ်ကာလမှာတုန်းကကဲ့သို့ အပြင်းအထန် ခုခံယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းမရှိမူဘဲ အလွယ်တကူနှင့်ပင် တစ်ပါးကျွန်ဘဝ ကျရောက်သွားခဲ့ရလေတော့သည်။

# အခန်း(၅)

# လူမှုရေး

**ကုန်ဘောင်ခေတ် လူမှုရေး**

**ကုန်းဘောင်ခေတ် လူတန်းစားသဘော**

**အသက်မွေးဝမ်းကျောင်းမှု**

**ပညာသင်ကြားရေး**

**ကျန်းမာရေး**

**ကိုးကွယ်ယုံကြည်မှု**

# အခန်း(၅)

## လူမှုရေး

## **ကုန်းဘောင်ခေတ်လူမှုရေး**

တတိယမြန်မာနိုင်ငံတော်ကြီးကို အလောင်းမင်းတရားကြီး(၁၇၅၂–၁၇၆၀)က စတင်ထူထောင်ခဲ့သည်။ ဗဒုံမင်း (၁၇၈၂–၁၈၁၉) လက်ထက်ရောက်သောအခါ နိုင်ငံတော်သည် အကျယ်ဝန်းဆုံးဖြစ်လာခဲ့သည်။ ပထမမြန်မာအင်္ဂလိပ်စစ်မတိုင်မီ မြန်မာနိုင်ငံတွင်း၌ အာသံ မဏိပူရသည်လည်းကောင်း၊ တရုတ်နိုင်ငံ ယူနန်နယ်အတွင်းမှ ဒေသအချို့နှင့် မဲခေါင်မြစ်အရှေ့ဘက်ရှိ ဒေသတချို့သည်လည်းကောင်း မြန်မာနိုင်ငံ၏ နယ်မြေတစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ခဲ့ကြသည်။

ထိုအကျယ်အဝန်းသည် စစ်ကိုင်းမင်းနှင့် ပုဂံမင်းတို့လက်ထက်တွင်ဖြစ်ပွားသော အင်္ဂလိပ်မြန်မာစစ်တို့ကြောင့် တဖြည်းဖြည်း ကျုံ့၍လာခဲ့သည်။ ပထမစစ်တွင် အာသံ မဏိပူရ၊ ရခိုင်နှင့် တနင်္သာရီနယ်တို့ကို အင်္ဂလိပ်တို့အားပေးအပ်ခဲ့ရသည်။ ဒုတိယစစ်တွင်လည်း အောက်မြန်မာပြည်ကို မြန်မာတို့လက်လွှတ်ခဲ့ရပြန်သည်။မင်းတုန်းမင်းနှင့်သီပေါမင်းတို့ လက်ထက်ရောက်သောအခါ မြန်မာဟူသည် အထက်ပိုင်း မျှသာကျန်ရှိတော့သည်။

ဤသို့လျှင် နယ်မြေအနေအထားတို့ ပြောင်းလဲခဲ့သော်လည်း လူမှုစီးပွားရေး ပုံသဏ္ဍာန်ကား ကုန်းဘောင်ခေတ်တစ်လျှောက်လုံး ထူးထူးခြားခြား အပြောင်းအလဲ မဖြစ်ခဲ့ပေ။ ပဒေသရာဇ်စီးပွားရေးသာထွန်းကားခဲ့၍ စိုက်ပျိုးရေးကိုသာပဓာနပြုထား၏။ လူမှုအဆောက်အအုံမှာလည်း ပဒေသရာဇ်ကိုမဏ္ဍိုင်ပြုသော အစုအင်နှင့် အသည် လူမှုအဖွဲ့အစည်းပင်ဖြစ်လေသည်။

ထိုခေတ်အတွင်း၌ လူမျိုးပေါင်းစုံ ရောယှက်ပါဝင်သည်။ အလောင်းမင်းတရား လက်ထက်မှ သီပေါမင်းလက်ထက်တိုင် တွေ့ရသမျှသော တိုင်းရင်းသားလူမျိုးစုများမှာ ယနေ့ရှိနေကြသည့်အတိုင်းပင် ဖြစ်ပါသည်။ သို့သော်လည်း ဇင်းမယ်၊ ယိုးဒယား၊ ယွန်း၊ လင်းဇင်း စသည့်လူမျိုးများလည်းရှိပါသည်။ ယင်းတို့မှာ စစ်သုံ့ပန်းများအဖြစ် ပါလာခဲ့သူများဖြစ်လေသည်။

**လူတန်းစားသဘော**

ထိုအခါက မြန်မာ့လူ့အဖွဲ့အစည်းကို အယုတ်၊ အလတ်၊ အမြတ်ဟု ပိုင်းခြား အပ်သော ဇာတ်စနစ်(Caste System)ဟုဆိုနိုင်သည်။ အိန္ဒိယမှဇာတ်စနစ်ကို တုခြင်း ဖြစ်သော်လည်း အိန္ဒိယမှာကဲ့သို့ တင်းကျပ်လွန်းသည်ကား မဟုတ်ချေ။ အိန္ဒိယတွင် အမျိုးလေးပါး(ဗြဟ္မဏ၊ ခတ္တိယ၊ ဝဿနှင့် သုဒ္ဒ)ဟူသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ယင်းအသုံးအနှုန်းရှိခဲ့ပါသည်။ သို့သော်လည်း ကုန်းဘောင်ခေတ်၌မူ

၁။ ရဟန်း
၂။ မင်း
၃။ ပုဏ္ဏား
၄။ မင်းသူကောင်းပြုခံ (မှူးမတ်သေနာပတိ)
၅။ သူဌေးသူကြွယ်
၆။ အသည်နှင့်
၇။ ကျွန်၊ သုဘရာဇာ

ဟူ၍သာ ခွဲခြားဖော်ပြခဲ့ကြပါသည်။

**မင်းမျိုး**

သာသနာ့ဝန်ထမ်းဖြစ်သော ရဟန်းမှလွဲလျှင် မြန်မာ့လူမှုအဖွဲ့အစည်း၌ မင်းမျိုး

မင်းနွယ်သည် ထိပ်တန်းအကျဆုံးနှင့် အမြတ်ဆုံးဟု လက်ခံယုံကြည်ထားသည်။ မင်းဧကရာဇ်သည် လူ့ဘောင်၏တစ်ဦးတည်းသောအရှင်သခင်ဖြစ်သည်။ လူတစ်ဦးချင်း၏ အသက်ဦးဆံကိုပိုင်သည်။ ရေမြေကိုအစိုးရသည်။ ပြည်သူတစ်ရပ်လုံးသည် မင်းဧကရာဇ်၏ ကျေးတော်မျိုး ကျွန်တော်မျိုးချည်းဖြစ်သည်။ မျိုးရိုးတွင် လူသာမန်ကဲ့သို့မဟုတ်၊ မဟာသမ္မတမှ ဆင်းသက်လာသော အသမ္ဘိန္န ခတ္တိယအနွယ်၊ သကျသာကီဝင်အရိုး၊ အာဒိစ္စဝံသနေမျိုးဟု ခံယူထားသည်။ သို့ဖြစ်ရာ မင်းနှင့်ပြည်သူတို့၏ဘဝတို့ကို မည်သို့မျှ ဆက်စပ်၍မရနိုင်လောက်အောင်ပင် ခြားနားထားပေသည်။

စီးပွားရေးအခြေအနေဖြင့် စိစစ်မူလည်း ဧကရာဇ်ဟူသည် နိုင်ငံ၏အကြီးဆုံးသော မြေပိုင်ရှင်ဖြစ်၏။ လမိုင်းမြေ၊ အရာတော်မြေ၊ ယွန်းဘောင် ပုရပိုက်ပါမြေ၊ သိမ်းစုရမြေ၊ စုံသေအမွေပြတ်မြေ စသည်ဖြင့် မြေအမျိုးမျိုးကို ပိုင်ဆိုင်လျက်ရှိသူဖြစ်သည်။ မင်းမြေတို့သည် များသောအားဖြင့် မြေဆီမြေနှစ်ကောင်း၍ ဆည်ရေသောက်ရသော ကျောက်ဆည်နယ်၊ မင်္ဂရာနယ်၊ ရွှေဘိုနယ်နှင့် အောက်မြန်မာနိုင်ငံတို့တွင် အများဆုံးတွေ့ရှိနိုင်သည်။

ဗဒုံမင်းသည် နိုင်ငံတော်အတွင်းရှိသမျှသောလယ်ယာမြေများကို မင်းဧကရာဇ်ကသာပိုင်ဆိုင်သည်ဟု သဘောထားခဲ့သည်။ ထိုသဘောထားကို ယင်း၏ သာသနာပြုဆရာတော်ဘုရားကြီးက မည်သို့ယူဆမည်ကို သိရှိရန်လည်း မေးမြန်းကြည့်ခဲ့ဖူးသည်။ ထိုအခါ ဆရာတော်ဘုရားက

*''မင်းတို့သာ ရေမြေကိုအစိုးရသည်။ ဆင်းရဲသားတို့မှာ လုပ်ဆောင်သိမ်းပိုက်ကာသာဖြစ်သည်။ လုပ်ဆောင်သိမ်းပိုက်သည်မှာလည်း မင်း၏ဥစ္စာကို လက်စွဲလုပ်စားရိုး ဖြစ်၍လည်းကောင်း၊ လုပ်စားရိုးဖြစ်သည့်လူတို့မှာ ကာလဒေသ ထုံးစံရှိရာ ပေး၍လည်းကောင်း လက်စွဲပြု၍ လုပ်ဆောင်သိမ်းပိုက်ခြင်းသာဖြစ်သည်။ မင်းကဲ့သို့ အစိုးရ၍လုပ်ဆောင်သိမ်းပိုက်ခြင်းမဟုတ်''*

ဟု ဖြေဆိုခဲ့သည်။ ရေမြေကို အစိုးရသည်ဟူသောယူဆချက်ကို ခိုင်မာစေသည့် အထောက်အထားပင်ဖြစ်တော့သည်။

မင်းဧကရာဇ်နှင့်နွယ်သော မိဖုရား၊ မောင်းမမိသံ၊ သားတော်၊သမီးတော်များလည်း အမြတ်လွှာဇာတ်စုဝင်ဖြစ်သည်။ မိဖုရားတို့တွင် နန်းရ၊ အဆောင်ရ၊ အဆောင်မရ စသည်ဖြင့်လည်း ကွဲပြားခြားနားကြသေးသည်။ သားတော်တို့တွင်လည်း ဒိုင်တော်ကြီး၊ ဒိုင်တော်ကလေး၊ မြင်းမှူးမင်းသား၊ နေရာရမင်းသား၊ နေရာမရမင်းသား စသည်

ဖြင့်လည်း ခြားနားထားသည်။ အဆင့်အမြင့်အနိမ့်အလိုက် မင်းကေရာဇ်ကချီးမြှင့်သော အစီးအနင်း အဆောင်အရွက်တို့တွင်လည်း ကွဲပြားကြလေသည်။ စားကျေးမြို့ရွာများကိုမူ ယင်းတို့အားလုံး ရရှိကြသည်ချည်းဖြစ်ပါသည်။ ထို့အတူ နောက်တော်ပါကျေးကျွန်အမှုထမ်းများလည်း အဆင့်အလျောက် အနည်းအများကွဲပြားသည်မှလွဲ၍ ထားရှိခွင့်ရရှိကြသည်။

**မင်းသူကောင်းပြုခံများ**

မင်းမျိုးနောက်တွင် မင်းသူကောင်းပြုခံရသူတို့ အရေးပါကြသည်။ မင်းကသူကောင်းပြုရာ၌ အခြေအနေသုံးမျိုးအပေါ် တည်မှီလျက် ချီးမြှင့်လေ့ရှိသည်ကို တွေ့ရှိရ၏။ သူကောင်းပြုခံရသူ၏ နှလုံးရည်ထက်မြက်ခြင်း၊ လက်ရုံးရည်ထက်မြက်ခြင်းနှင့် ရာဇဝလဒဘမင်းကျွမ်းဝင်ခြင်းတို့ဖြစ်၏။ ''အရှင်မွေးလျှင် နေ့ချင်းကြီး'' ဟူသောဆိုရိုးသည် ပဒေသရာဇ်ခေတ်လူ့ဘောင်၏ သရုပ်မှန်ဟုပင်ဆိုရမည်ဖြစ်၏။

ထိုသူကောင်းပြုခံရသူများတွင် (၁)ပုဏ္ဏား၊ (၂)အုပ်ချုပ်ရေးအရာရှိကြီးများနှင့် (၃) သူဌေးသူကြွယ်တို့ ပါဝင်ကြသည်။ လူ့အဖွဲ့အစည်းတွင် ဒုတိယတန်းစားဝင်သော အထက်လွှာပင်ဖြစ်သည်။ မင်းကို အမြတ်တန်းစားထားလျှင် ယင်းတို့ကို အလတ်တန်းလွှာဟု ဆိုရမည်လည်းဖြစ်ပေသည်။

**ပုဏ္ဏား**

ပုဏ္ဏားဇာတ်စုတွင် နေထိုင်ရာဒေသကို စွဲ၍လည်းကောင်း၊ မျိုးရိုးကိုစွဲ၍လည်းကောင်း ခွဲခြားထားသည်။ အရိုးအရဆိုမူ ဗြဟ္မဏ၊ ခတ္တိ၊ ဗိဿနှင့်သုဒ္ဒဟူ၍ တွေ့ရှိရမည်ဖြစ်ပါသည်။ (အုပ်ချုပ်ပုံ၊ ဒု၊ ၃၆)ဗြဟ္မဏဇာတ်သည် ပုဏ္ဏားလူမှုအဖွဲ့အစည်း၌ အမြင့်ဆုံးဖြစ်၍ စလွယ်ကိုးသွယ်တင်ခွင့်ရရှိကြသူများဖြစ်သည်။ ဗဒုံမင်းလက်ထက် မတိုင်မီကဆိုမူ စလွယ်တစ်ဆယ့်နှစ်သွယ်ထိပင် တင်ခွင့်ရရှိခဲ့ကြဖူးသည်။ သို့သော်လည်း ဗဒုံမင်းက ကျမ်းဂန်နှင့်မညီဟုဆိုလျက် ပြန်လည်ရုပ်သိမ်းခဲ့သည်။ ခတ္တိမှာ စလွယ်ခြောက်သွယ်၊ ဗိဿမှာ စလွယ်သုံးသွယ် အသီးသီးတင်ခွင့်ရရှိခဲ့ကြသည်။ သုဒ္ဒအစုကား စလွယ်တင်ခွင့် မရရှိကြချေ။

ဗဒုံမင်းသည် ပုဏ္ဏားတို့၏ လူမှုကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်း၍ မောင်းထောင်သာသနာပြုဆရာတော်အား လျှောက်ထားမေးမြန်းကြည့်ခဲ့ဖူးပါသည်။ ယင်း၏ လျှောက်

ထားမေးမြန်းချက်တွင်

(၁) ပုဏ္ဏားတို့ အကျင့်စာရိတ္တပျက်ပြားသည် မပျက်ပြားသည်ကိုသိရှိရန်နှင့်

(၂) အကျင့်ပျက်လျှင် ဆိုဆုံးမနိုင်ရန်

တို့ ပါရှိပါသည်။ ပဒေသရာဇ် လူမှုအဖွဲ့အစည်းတွင် ပုဏ္ဏားသည် မင်း၏အကျိုးစီးပွားနှင့် တိုက်ရိုက်ဆက်ဆံနေရသည်ဖြစ်ရာ ယင်းတို့သည် များစွာအမြှောက်စားခံကြရပါသည်။ သာသနာပြုဆရာတော်ကြီးများကဲ့သို့ပင် ဘွဲ့များ ချီးမြှင့်ခြင်းခံကြရပါသည်။ မဟာဂေါဝိန္ဒ ပုဏ္ဏားကြီးကို ဗဒုံမင်းက''ဂေါဝိန္ဒမဟာရာဇိန္ဒ အဂ္ဂမဟာ ဓမ္မရာဇာဓိရာဇဂုရု''ဟူသော ဘွဲ့ကို ချီးမြှင့်ခဲ့ဖူးပါသည်။

ပုဏ္ဏားဇာတ်စုအတွက် အကြီးအကဲကိုလည်း မင်းဧကရာဇ်တို့က ခန့်ထားပေး သည်။ ယင်းတို့ကို ပုဏ္ဏားဝန်၊ ဆတ္တာဝန်၊ ပုဏ္ဏားခေါင်း၊ ဆတ္တာခေါင်း စသည်ဖြင့် ခေါ်ဆိုခဲ့ကြောင်းတွေ့ရသည်။ ရခိုင်ဘက်တွင် ပုဏ္ဏားသာသနာပိုင်ဟူ၍ပင်ရှိကြောင်းနှင့် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ဖော်ပြထားသည်။ ဗဒုံမင်းကမူ ရှစ်ပါးဗြဟ္မဏပုဏ္ဏား အတိတ်ဗျာငလှကို အကြီးအကဲအဖြစ်ခန့်ခဲ့သည်။

ကုန်းဘောင်ခေတ်ဦးတွင် ပုဏ္ဏားဇာတ်စုကို ဘာသာပြန်အမှုထမ်းများ အဖြစ်နှင့်လည်း တွေ့ရတတ်ပါသည်။ ထို့အပြင် စစ်ချီရာတွင်လည်း ပုဏ္ဏားတို့ ပါရှိရ ကြောင်းကို ဒုတိယမြန်မာအင်္ဂလိပ်စစ်ပွဲတွင်ထုတ်ပြန်ခဲ့သော ပုဂံမင်း၏ စစ်ချီအမိန့်တို့၌ တွေ့ရှိရပါသည်။

မြန်မာ့လူမှုဝလေ့တွင် ပုဏ္ဏားကို ရဟန်းနှင့်တွဲလျက် ဖော်ပြမြဲဖြစ်သောကြောင့် အလှူခံပုဂ္ဂိုလ်အဖြစ်နှင့်လည်းကောင်း၊ လောကီပညာတတ်ကျွမ်းသော ပညာရှင်အဖြစ် နှင့်လည်းကောင်း လေးစားခဲ့ကြသည့်သဘောရှိပါသည်။ မင်းကလည်း ပဒေသရာဇ် လုပ်ထုံးလုပ်နည်းတွင် ပုဏ္ဏားမပါမပြီးသောကြောင့် ပုဏ္ဏားဇာတ်စုကို ချီးမြှောက်ခဲ့ ကြသည်။ အမျိုးအနွယ်အားဖြင့်ဖော်ပြသော ''ပညာရှိ''ဟူသည်မှာလည်း ပုဏ္ဏားကိုပင် ရည်ညွှန်း ဆိုလေဟန်ရှိပါသည်။

## မင်းသူကောင်းပြုခံ ဝန်စုမှူးစုများ

မင်းမှုထမ်းတွင် ဝန်ကြီး မှူးကြီး မတ်ကြီးတို့မှ အစုအငန်းသားတို့ အထိပါဝင် သည်။ အချို့မင်းဧကရာဇ်ကခန့်ထား၍၊ အချို့ရိုးရာဆက်ခံရ၍ ဤသို့သော ရာထူးကြီးများ ကို ရရှိကြခြင်းဖြစ်ပါသည်။ အရေးအကြီးဆုံးရာထူးတို့မှာ လွှတ်တော်၊ ငြိတိုက်၊ ရှေ့ရုံး၊

နောက်ရုံ၊ တရားရုံးနှင့်ရွှေတိုက် အမှုထမ်းရာထူးတို့ဖြစ်ပါသည်။ အရာရှိအမှုထမ်းတို့တွင် ပြန်တမ်းကြီးခံနှင့် ပြန်တမ်းရိုးခံနှစ်မျိုးရှိသည်။ ပြန်တမ်းကြီးခံတွင် လွှတ်တော်ဝန်ကြီး ဝန်ထောက်တို့နှင့် ကျီဝန်၊ ခင်မမင်းဝန်၊ ဆင်ဝန်၊ ဖောင်ဝန်၊ ရွှေတိုက်ဝန်၊ ရွှေပြည်တံခွန် မြင်းဝန်နှင့် အသည်ဝန်တို့ ပါဝင်ကြသည်။

ယင်းတို့သည် မင်းမှုထမ်းတို့တွင် အမြင့်ဆုံးအတန်းဖြစ်၍ မြို့စား၊ ရွာစား၊ အစီးအနင်း အဆောင်အရွက်နှင့် ဘွဲ့မည်ရည် ရကြသူများဖြစ်ပါသည်။ ပြန်တမ်းကြီးခံ မှူးမတ်ဝန်စုတို့အပြင် ပြန်တမ်းရိုးခံဝန်စုဟူ၍လည်းရှိပေသည်။ ယင်းတို့သည် မြန်မာ့ အုပ်ချုပ်ရေးတွင် အရေးပါသောဝန်စုများဖြစ်သည်။

မင်းမှုထမ်းအရာရှိကြီးများတွင် မင်းရှေ့၌ နေရာအားဖြင့် ပိုင်းခြားသော ရာထူးအနိမ့်အမြင့် နေရာရရှိသူများလည်းရှိပါသည်။ နေရာငါးသွယ်နေဟု ခေါ်ပါသည်။ အနိမ့်ဆုံးမှစ၍ရေသော် (၁) နှီးခေါက်နေ၊ (၂) ဘဝေါနေ၊ (၃) စနည်နေ၊ (၄) ဒူးနေ နှင့်(၅) တော်နေတို့ ဖြစ်လေသည်။ ဘဝေါတွင် အတွင်းဘဝေါ အပြင်ဘဝေါဟုရှိရာ အတွင်းဘဝေါနေက ပို၍အဆင့်မြင့်သည်။ လက်ဝဲ၊ လက်ယာ နေရာနှစ်မျိုးတွင်လည်း လက်ဝဲနေရာက အဆင့်မြင့်ကြောင်း သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

မင်းရှေ့နေရာတော် သတ်မှတ်ပုံမှာ ဝဲဘက်နေ ၂၈၄ နေရာ၊ ယာဘက်နေ ၂၈၃ နေရာနှင့် နှစ်စု ၅၆၇ နေရာရှိသည်။ ဝဲဘက်မှ တစ်နေရာပိုသည်မှာ အိမ်ရှေ့မင်း နေရာတော်ဖြစ်ပါသည်။

အထက်ဖော်ပြခဲ့သည့် မင်းမှုထမ်းတို့အပြင် နိုင်ငံတော်နှင့်မဆိုင်သော မင်း၏ အမှုတော်သက်သက်ကိုသာ ထမ်းဆောင်ကြရသည့် အမှုထမ်းများလည်းရှိပါသည်။ ယင်းတို့တွင် ကွမ်းရေတော်ကိုင်၊ စားတော်ဝန်၊ ထီးဖြူ ယပ်မားတော်မှူး၊ မိန်းမစိုး၊ လက်သုံးတော်ဓားစွဲ၊ အနောက်ဝန် စသည်တို့ အပါအဝင်ဖြစ်ပါသည်။ နန်းတော်သား များနှင့် အနောက်ရုံးအမှုထမ်းအားလုံး အကျုံးဝင်ပါသည်။

## သူဌေးသူကြွယ်

မင်းမှုထမ်းမဟုတ်သော်လည်း မင်းသူကောင်းပြုခံရသူတို့မှာ သူဌေးသူကြွယ် တို့ ဖြစ်ကြသည်။ မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် မည်သည့်အတန်းအစားမဆို ကုသိုလ်ကံအလျောက် ကြွယ်ဝချမ်းသာသူများဘဝရောက်ရှိလာနိုင်သော်လည်း ဓနဥစ္စာ အလျောက် မင်းသူကောင်းပြုခံ သူဌေးသူကြွယ်တို့နှင့်တုဖက်၍ နေပိုင်ခွင့်မရှိချေ။

မင်းသူကောင်းပြုမှ သူဌေးအမည်ရပါသည်။ ထင်ရှားစေရန် ၅ ဒီဇင်ဘာ ၁၈၇၈ နေ့ ပြန် သီပေါမင်း၏ သူဌေးခန့်အမိန့်တော်ကို တင်ပြလိုက်ပါသည်။

*''သုခမဟာသာလကို သူဌေးခန့်။ မဟာသီရိသုခသေဋ္ဌ အနာထပိဏ်တွင်စေ။ ဘောဂမဟာသာကို သူဌေးခန့်။ မဟာဘောဂသေဋ္ဌ အနာထပိဏ်၊ မဟာဘောဂ သေဋ္ဌသီရိရာဇာတို့ကို သူဌေးတို့နည်း အစီးအနင်း အဆောင်အရွက် သနားတော်ခံစေ''*

ကြွယ်ဝချမ်းသာသော လူသာမန်တို့သည် ရွှေငွေတို့ဖြင့် လူ့အသုံးအဆောင် ပြုလုပ်သုံးစွဲပိုင်ခွင့်မရှိချေ။ ကျောက်မျက်ရတနာစီခြယ်သော အဆင်တန်ဆာမျိုးလည်း မဆင်ယင်ရပေ။ အဆောက်အအုံနေအိမ်ကိုလည်း လူသာမန်တို့နေထိုင်သော အိမ်ပုံစံအတိုင်းသာ ဆောက်လုပ်နေထိုင်ကြရပါသည်။မင်းသူကောင်းပြုခြင်းခံရလျှင်မူ အထူးအခွင့်အရေးများကို ရရှိပါသည်။

သာဓကဆိုရသော် ဗဒုံမင်းသည် ၁၅ ဒီဇင်ဘာ ၁၈၁၀ နေ့စွဲဖြင့်

*''သူဌေးစန္ဒဖေယမှာ ငွေတော် ၁၀၀၀ ထုတ်ပေး ရောင်းဝယ်စေ။ ကုန်တင်လှေ ၁၉၆ အကြေအညာ စုန်ဆန်သွားလာရောင်းဝယ်စေ။ အရပ်ရပ်က အခွန်မကောက်စေ နှင့်။ လွတ်ငြိမ်းစေ''*

*(ရှေးဟောင်း ၄၂၈၇)*

ဟူ၍ အခွင့်အရေးပေး အမိန့်ထုတ်ပြန်ခဲ့ဖူးပါသည်။

သူဌေးသူကြွယ်မှအစ မင်းသူကောင်းပြုခံရသူပုဂ္ဂိုလ်တို့သည် တရားဥပဒေ၏ ရှေ့မှောက်တွင်လည်း အထူးအခွင့်ရေးများ ရရှိကြပေသည်။ ''သုခပုညမဟာသာလ'' ဘွဲ့ရသူကြွယ်တစ်ဦးသည် တရားရုံးတော်တွင် အစစ်ခံရန်ရှိရာ လေးဆယ်တော်သို့ ရောက်ရှိသော ကျွန်တော်မျိုးဖြစ်၍ ကျမ်းကိုရှေ့ထားပြီးကျိန်ဆိုခွင့်ရကြောင်း တွေ့ရဖူးသည်။ သာမန်လူတို့မှာကဲ့သို့ ကျမ်းကို လက်နှင့်ကိုင်တွယ်၍မကျိန်ရချေ။

မင်းသူကောင်းပြုခံ နေရာငါးသွယ်ရပုဂ္ဂိုလ်တစ်ဦးဦးကို သာမန်ဆင်းရဲသား တို့က နှုတ်ကျူးနှုတ်လွန်ဖြစ်မိသော် ပုဂ္ဂိုလ်၏အတန်းအစားအလိုက် ရွှေ၊ ဖျင်၊ လက် ဖက်ချောင်း၊ အုန်းတွဲနှင့် ခါသာအုပ်တို့ဖြင့်ကန်တော့လျက် ကျေအေးကြရပါသည်။ ရွှေမှာ အနည်းဆုံး ငါးမူးသားဖြစ်၍ အများဆုံး ငါးကျပ်သားထိပင်ရှိပါသည်။

အချုပ်ဆိုရသော် မင်းသူကောင်းပြုခံရသူတို့သည် စားကျေးမြို့ရွာ အဆောင် အရွက်များ ရရှိကြရုံမျှမက ဥပဒေရှေ့မှောက်တွင်လည်း အခွင့်အရေးရရှိသူများ

ဖြစ်ပေသည်။ ထို့ကြောင့် မှူးမျိုးမတ်နွယ် သူကောင်းပြုခံသူတို့မှာ လူမှုဘဝတွင် မကြောင့်မကြ နေထိုင်နိုင်ကြပေသည်။

## အစုအမှုထမ်းများ

မင်းသူကောင်းပြုခံ မှူးမတ်အရာရှိတို့အပြင် တခြားမင်းမှုထမ်းတို့မှာ အစုအင်္ကန်းသားတို့ဖြစ်သည်။ ယင်းတို့သည် လုပ်မြေ၊ နေမြေများ၊ လစာရိက္ခာများ ရရှိကြသည်။ ထိုအစုအင်္ကန်းတို့ကို လုပ်ငန်းတာဝန်တူရာသော်လည်းကောင်း၊ လူမျိုးစု အလိုက်သော်လည်းကောင်း စုစည်းခွဲခြားထားသည်။ အစုအင်္ကန်းများစွာရှိသော်လည်း ဒိုင်း၊ လမိုင်း၊ ဝင်း၊ ကိုယ်ရံ ဟူသော အစုကြီးများကိုသာအသိများလေသည်။ လူမျိုးစု အလိုက်အများစုမှာ တွေ့ရသမျှ ကုလားစု၊ ကသည်းစု၊ တရုတ်စု၊ မြန်မာစု၊ မွန်စု၊ ယိုးဒယားစု၊ ယွန်းစု၊ ရခိုင်စု၊ ရှမ်းစု၊ လင်းဇင်းစုတို့ ဖြစ်လေသည်။

အစုအင်္ကန်းသားများကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသ အနှံ့အပြားတွင် တွေ့ရ တတ်သည်။ နေရန်မြေနှင့် လုပ်ရန်မြေများလည်း ရရှိမြဲဖြစ်ပေသည်။ ဆည်ရေ သောက်စိုက်ပျိုးရေးစနစ် ထွန်းကားရာဒေသများဖြစ်သော ကျောက်ဆည်နယ်၊ မတ္တရာနယ်၊ ရွှေဘိုနယ်တို့တွင် အတွေ့ရအများဆုံးဖြစ်သည်။ အောက်မြန်မာနိုင်ငံ ဟံသာဝတီနယ်တွင်လည်း ရှေးမင်းတို့လက်ထက်ကချထားခဲ့သော အစုအင်္ကန်းများ ရှိခဲ့သည်။ အစုအင်္ကန်းသားတို့ နေရာသည် လမိုင်းမြေ(သို့မဟုတ်) အရာတော်မြေများ ရှိရာ ဒေသတို့သာဖြစ်ကြောင်း သိရပါသည်။

အစုအင်္ကန်းသားတို့ကို ကုန်းဘောင်ခေတ် အလောင်းမင်းတရားလက်ထက် တွင်တစ်ကြိမ်၊ မြေဒူးမင်းလက်ထက်တွင်တစ်ကြိမ်နှင့် ဗဒုံမင်းလက်ထက်တွင်တစ်ကြိမ်၊ ဤသုံးကြိမ်သာ ဖြည့်ချနိုင်ခဲ့ပါသည်။ အစုအင်္ကန်းဖြည့်ချနိုင်ရန်သည် မင်း၏လက်ရုံး နှလုံးပြည့်စုံခြင်းနှင့် နိုင်ငံအင်အားကောင်းခြင်း၊ စစ်ပြုနိုင်ခြင်းတို့အပေါ် အခြေတည်ပါ သည်။ အစုအင်္ကန်းများချထားနိုင်ခြင်းကြောင့် ပဒေသရာဇ်စီးပွားရေးတိုးတက်နိုင်ပါသည်။ ထို့ကြောင့် ဘုန်းလက်ရုံးကြီးသောမင်းတို့သာ လုပ်ဆောင်နိုင်ခြင်းဖြစ်ပါသည်။

အလောင်းမင်းတရားလက်ထက် အောက်မြန်မာနိုင်ငံမှ မွန်တိုင်းရင်းသားတို့ကို လည်းကောင်း၊ မြေဒူးမင်းလက်ထက် ယိုးဒယားတို့ကိုလည်းကောင်း ကျောက်ဆည်နယ် တွင် လုပ်မြေ၊ နေမြေနှင့်တကွ ပေးချခဲ့ပါသည်။



ကွမ်းရေတော်ကိုင်များ
(ကျောက်ထွင်းယန်းချို ဘုရားကြီး တုတာလယ်)

မြေဒူးမင်းလက်ထက် သိမ်းရုံးခေါ်ဆောင်ခဲ့သောယိုးဒယားသားတို့မှာ အိမ်ထောင်စုံ ၁၀၆၁၀၀ ရှိပါသည်။ ယင်းတို့တွင် အတတ်ပညာသည် ပေါင်းစုံပါဝင်လျက် အချို့မှာ အစုအမှုထမ်းများဖြစ်လာခဲ့ကြသည်။ ယိုးဒယားအစုသားအများဆုံးတွေ့နိုင်သည့်ဒေသတို့မှာ ကျောက်ဆည်နယ်၊ မတ္တရာနယ်နှင့် ရွှေဘိုနယ်တို့ဖြစ်သည်။ ဟံသာဝတီနယ်တွင်လည်း ရှိလေသည်။ ဗဒုံမင်းလက်ထက်က နိုင်ငံခြားသင်္ဘောဆိပ်များ၌ အခွန်တော်ကောက်ခံရသော ရတနာပုံတိုက်သားအဖြစ် ခန့်အပ်ခြင်းခံရသူများလည်း ရှိခဲ့ပေသည်။ တချို့ သဘင်ပညာဖြင့် အမှုတော်ထမ်းခဲ့ကြသည်။

မင်းမှုထမ်းမဟုတ်သော ယိုးဒယားသားတို့လည်း အများပင်ရှိသည်။ နေပြည်တော်ဝန်းကျင် ဆင်ခြေဖုံးရပ်ကွက်တို့၌ နေထိုင်ကြသည်။ ယိုးဒယားရပ်၊ ယိုးဒယားဈေးဟူသောအမည်ဖြင့် ယနေ့တိုင်တွင်လျက်ကျန်သေးသည်။ ယင်းတို့သည် ဆန်ရွှေ ချိုမုန့်၊ မုန့်တီ၊ ရွှေထမင်းနှင့် လွတ်ဆောင်းမုန့်များကို ပြုလုပ်ရောင်းချအသက်မွေးကြသည်။ ဘော်ကာခေါ် ကြယ်ခတ်ခြင်း၊ မှန်စီရွှေချခြင်း၊ ယွန်းထည်လုပ်ခြင်း၊ ရွှေချည်ထိုးခြင်း၊ ရွှေဆိုင်းခတ်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းကြသည်လည်းရှိသည်။ ဗိသုကာလက်သမားနှင့် ရက်ကန်းပညာဖြင့် အသက်မွေးကြသည်လည်းရှိပါသည်။

ဗဒုံမင်းသည် မြန်မာနိုင်ငံတော်အတွင်း၌ နေထိုင်လျက်ရှိကြသော ယိုးဒယားသားတို့ကို ခရစ်နှစ် ၁၈၁၀ ခုနှစ်က စစ်တမ်းကောက်ရန် ကြံရွယ်ခဲ့ဖူးဟန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ၈ ဖေဖော်ဝါရီ ၁၈၁၀ ရက်စွဲဖြင့်

> *''အစုအငန်း ပေးဘွဲ့ရာပါသည်။ ယိုးဒယားတို့ပြင် အရပ်ရပ်မြို့ရွာများမှာ ရှိသည့် ယိုးဒယားတို့ကို ကုန်စင်အောင်သိမ်းရုံးစေ''*

ဟူ၍ အမိန့်တော်ထုတ်ပြန်ခဲ့ဖူးသည်ကို တွေ့ရသောကြောင့်ဖြစ်ပါသည်။ သို့သော်လည်း လူဦးရေစာရင်းကိုကား မတွေ့မိဘူးသေးပါ။

ဗဒုံမင်းလက်ထက်တွင် ဖြည့်ချခဲ့သော အစုသားတို့မှာ ရခိုင်နှင့်ကသည်းတို့ဖြစ်သည်။ ရခိုင်တို့ကို ကျောက်ဆည်နယ်ရှိ ကန္နီ၊ ကန်သစ်၊ ကံလူး၊ ချောင်းခွ၊ ဆူးလေကုန်း၊ ညောင်ပင်သာ၊ ဖလံဗို၊ လက်ပံ၊ သစ်ခေါက်နှင့် ဟိန်ငူရွာတို့၌ချထားခဲ့သည်။ ကသည်းတို့ကိုမူ အစုလုပ်ငန်း အများအပြား၌တွေ့ရသည်။ ခဲတူးစု၊ မြင်းစု၊ လက်နက်ကိုင်စု၊ လှေစုတို့တွင်လည်းကောင်း၊ သားတော် သမီးတော် မျူးတော် မတ်တော်တို့ထံတွင် ကျေးစု ကျွန်စုအဖြစ် အမှုထမ်းရသူများအဖြစ်ဖြင့်လည်းကောင်း တွေ့ရှိရပါသည်။

မိုးကုတ်ကြပ်ပြင်၌ ပတ္တမြားကျောက်တော်တူးအစုတွင်လည်း ကသည်းတို့ပင် ဖြစ်ပါသည်။ ယင်းတို့ကို မြေဒူးမင်းနှင့် ဗဒုံမင်းလက်ထက်၌ ဖြည့်ချခဲ့သည်ဖြစ်သော ကြောင့် လူဦးရေအတော်အသင့်များမည်ဟု မှန်းဆရပါသည်။ ခရစ်နှစ် ၁၈၀၇ ခုနှစ်က ဇင်းမယ်သို့ချီသောစစ်၌ ကသည်း ၅၀၀၀ တပ် တစ်တပ်ပါဝင်သည်။ အက္ကပတ်မြင်း ဟူသည်မှာလည်း ကသည်းနွယ်တို့ပင်ဖြစ်ပါသည်။

ရှေးမင်းတို့ အဆက်ဆက်ချထားခဲ့သော တခြားအစုအငန်းသားတို့ လည်းရှိ သည်။ ယင်းတို့မှာ ကုလား၊ ကောင်းဟန်၊ တရုတ်၊ ယွန်းနှင့် လင်းဇင်းစုတို့ဖြစ်ပါသည်။

''ကုလား''ဟူသည်တွင် အယူဝါဒကိုလိုက်၍ ပသီကုလားနှင့် သိုးဆောင်း ကုလားဟူ၍ ခွဲခြားခေါ်ဝေါ်ပါသည်။ ပသီကုလားတို့သည် အများအားဖြင့် သေနတ် အမှုထမ်းတို့ဖြစ်ကြသည်။ သမိုင်းတွင် ကုလားပျိုသေနတ်စုဟူ၍ ထင်ရှားသည်။ မက္ခရာ စစ်တမ်း၊ မြေဒူးမြို့စစ်တမ်းနှင့် ဟံသာဝတီစစ်တမ်းတို့တွင် ကုလားအစုများကို တွေ့ရသည်။

သိုးဆောင်းကုလားတို့တွင် ပေါ်တူဂီလူမျိုး အများဆုံးဖြစ်သည်။ ဘုရင်ဂျီများ ဟုခေါ်သည်။ အမြောက်အမှုထမ်းများဖြစ်ကြသည်။ မြေဒူးမင်းလက်ထက်တွင် သန်လျင်မှ ခေါ်ဆောင်လာခဲ့သော ပေါ်တူဂီလူမျိုးအရေအတွက်မှာ အိမ်ထောင်စု နှစ်ထောင်နီးပါးမျှ ရှိသည်။ ယင်းအဆက်အနွယ်တို့ကို ချောင်းဦး၊ နဘက် (မြောင်မြို့ နယ်)၊ ချောင်းရိုး၊ ချမ်းသာ၊ မုံလှ(ရေဦးနယ်)တို့တွင် ယနေ့တိုင်တွေ့နိုင်သည်။

ကောင်းဟန်စုမှာ ကုန်းဘောင်ခေတ်မတိုင်မီကပင်ရှိသည်။ မဲခေါင်မြစ် အရှေ့ဘက် ကျိုင်းရုံးကြီးဟုခေါ်သော ကင်ဟန်း(Keng Hung)နယ်သားများ ဖြစ်ကြ သည်။ ကောင်းဟန်စုတွင် တပ်ကောင်းဟန်၊ ယွန်းစုကောင်းဟန်နှင့် ဝင်းကောင်းဟန် ဟူ၍ သုံးမျိုးခွဲခြားခေါ်ဆိုကြသည်။ နန်းတွင်း၌ ကောင်းဟန်တန်းဟူ၍ပင် ရှိလေသည်။ လုပ်မြေနေမြေများကို မြေဒူးမြို့ သဖန်းဆိပ်ရွာ၊ ကျောက်ဆည်နယ် မြစ်သားမြို့တွင် တွေ့ရသည်။ ကောင်းဟန်စုသည် စစ်လက်နက်ကိုင်အမှုထမ်းအဖြစ်နှင့်သာ အတွေ့ရ များလေသည်။

မြန်မာနိုင်ငံတွင် လာရောက်နေထိုင်ကြသော တရုတ်လူမျိုးအများအပြား ရှိသည်။ အမရပူရနေပြည်တော် တရုတ်တန်းဟူ၍ပင်ရှိခဲ့သည်။ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင် အသက်မွေးကြသူသာများလေသည်။ အစုအမှုထမ်းအဖြစ်နှင့်ကား တစ်ကြိမ်သာတွေ့ရဖူးသည်။ သကြားချက် အစုအမှုထမ်းဟူ၍ ဖြစ်၏။ ၄င်းတို့သည်

လုပ်မြေနေမြေများ ရရှိကြလေသည်။

ရှေးမင်းတို့လက်ထက်ကပင်ရှိသော ယွန်းအစုသားတို့ကို ဆားထုံး၊ မအူကြီးရွာ၊ မန်ကျည်းရုံနှင့် ဟံသာဝတီနယ်တို့တွင် လုပ်မြေနေမြေနှင့်တကွ ပေးချထားခဲ့ကြောင်း တွေ့ရလေသည်။

မြေဒူးမင်းလက်ထက် ခရစ်နှစ် ၁၇၆၃ တွင် လင်းဇင်း ၃၀၀၀ သုံ့အဖြစ်နှင့် ရောက်ရှိလာသည်။ ၁၀၀၀ ကို ကျောက်ဆည်နယ်တွင် ချထားခဲ့သည်။ လင်းဇင်းလှေ၊ လင်းဇင်းဝေါဟူ၍လည်း ရှေးမှတ်တမ်းတို့၌ တွေ့ရသည်။ သင်းတောင်ရွာ၌ လင်းဇင်း ဝေါအစုသားတို့ လုပ်မြေနေမြေရှိသည်။ သီပေါမင်းလက်ထက်တိုင် လင်းဇင်းလှေ အမှုထမ်းတို့ကို ပယ်စားပေးခဲ့သည်များ တွေ့ရှိရပါသည်။

## ဒိုင်း၊ လမိုင်း၊ ဝင်းကိုယ်ရံအစုများ (မင်းမှုထမ်းများ)

လူမျိုးစုလိုက် အစုငန်းများရှိသကဲ့သို့ လုပ်ငန်းတူရာအလိုက် အစုအငန်းများ လည်းရှိသည်။ ထိုတွင် စုကြီးအဖြစ် ဒိုင်း၊ လမိုင်းနှင့် ဝင်းကိုယ်ရံ အစုများပါဝင်သည်။ ဒိုင်းသည် စစ်အစု၊ လမိုင်းသည် လယ်ယာလုပ်သားအစုနှင့် ဝင်းကိုယ်ရံသည် နန်းတွင်း အစောင့်အမှုထမ်းစုဖြစ်သည်။ ဆင်စု၊ မြင်းစုနှင့် လှေစုများဟူ၍လည်းရှိသည်။ လက်နက်ဖြင့်ပိုင်းခြားအပ်သော ရွှေလေးစု၊ သေနတ်စုနှင့် အမြောက်စုဟူသည်များ လည်းရှိသည်။

အစုအမှုထမ်းသားတို့သည် လုပ်မြေ နေမြေများရရှိကြ၍ စစ်မက် ကင်းငြိမ်း သောအခါနှင့် ရာဇဌာနီတွင် ထမ်းဆောင်ရန် တာဝန်မရှိသောအခါတို့၌ မိမိတို့ နေမြေလုပ်မြေရှိရာတွင် အေးချမ်းစွာနေထိုင်ခွင့်ရကြသည်။ လုပ်ကိုင်ကြရာမြေကိုလည်း အစုအငန်းအလိုက် ဆင်မြေ၊ မြင်းမြေ၊ လှေတော်သားတို့မြေနှင့် သူရဲမြေစသည်ဖြင့် ပိုင်းခြားခေါ်ဝေါ်လေ့ရှိသည်။

သူရဲမြေ၌ပင် သေနတ်အစုသားတို့မြေ၊ အမြောက်အစုသားတို့မြေ ဟူ၍လည်း ကောင်း၊ ကာမြေ၊ ပွဲတိုင်းကျော်တို့မြေ ဟူ၍လည်းကောင်း ရှိပါသေးသည် စာရင်းတိုးပွား လာနိုင်သည့်အလျောက် မင်းအဆက်ဆက်တို့ကလည်း လုပ်မြေ၊ နေမြေ၊ စားမြေများကို လိုအပ်သလို တိုးချဲ့ပေးချသနားမြဲဖြစ်ပါသည်။

စစ်မှုထမ်း ဒိုင်းအစုကဲ့သို့ အရေးပါသောတခြားအစုများကား လမိုင်းအစုပင် ဖြစ်သည်။ လမိုင်းသည် မင်းပိုင်သောလယ်တော်များကို ထွန်ယက်စိုက်ပျိုးကြရသော

လယ်သမားအစုပင်ဖြစ်သည်။ လမိုင်းသည် ပဒေသရာဇ်စီးပွားရေးပုံစံ၏ အခြေခံ အင်အားစုပင်ဖြစ်သည်။ ထိုအစုတိုးပွားရန်တွက် ဘုန်းလက်ရုံးကြီးသောမင်းတို့က စစ်သုံ့ပန်းများဖြင့် ဖြည့်ချသည်။

အလောင်းမင်းတရားကြီးလက်ထက်တွင် မဏိပူရမှ ခေါ်ဆောင်လာခဲ့သော ကသည်းများကို လက်ဝဲလက်ယာ လမိုင်းတို့၌ ဖြည့်ချခဲ့သည်။ မြေဒူးမင်းနှင့် ဗဒုံမင်းတို့ ကလည်း ထိုင်း(ယိုးဒယား)နှင့် ကသည်းတို့ကို ဖြည့်ချခဲ့သေးသည်။

မင်းပိုင် လမိုင်းလယ်တော်များကို ရွှေဘိုနယ်၊ ကျော်စည်တိုက်ခေါ် မတ္တရာ နယ်၊ ကျောက်ဆည်နယ်နှင့် စလင်းနယ်တို့တွင် အများဆုံးတွေ့ရသည်။ တောင်ဘက် လမိုင်း၊ မြောက်ဘက်လမိုင်း ဟူ၍လည်းကောင်း၊ လက်ဝဲလမိုင်း၊ လက်ယာလမိုင်းဟူ၍ လည်းကောင်း သတ်မှတ်ခေါ်ဆိုသည်လည်း ရှိပါသည်။ စေဥ့်ကူးလမိုင်း၊ စွန်ရဲလမိုင်း၊ မိုင်းပန်လမိုင်းဟူသော မြို့ရွာအမည်များဖြင့်လည်း တွေ့ရသည်။

စေဥ့်ကူးလမိုင်းကို မင်္ဂလာလမိုင်းဟူ၍လည်းခေါ်ပါသည်။ ပါဝင်သော ကျေးရွာတို့ မှာ ကိုင်းတော၊ ကျည်းပင်၊ ခူလယ်၊ ခန်းပတ်၊ ဆီးပင်ကုန်း၊ ညောင်ပင်ပု၊ တောင်ကိုင်း၊ ဒိုးပင်ကုန်း၊ မြောက်ရွာသစ်၊ ရွာသစ်ကလေးနှင့် သီလရွာတို့ဖြစ်သည်။ လက်ဝဲလမိုင်းတွင် နန္ဒာတောင်ရွာနှင့် နန္ဒာမြောက်ရွာတို့သာ တွေ့ရှိရသည်။

လက်ယာလမိုင်းတွင်မူ ထွန်တုံးရွာ၊ မြို့တင်ရွာ၊ လက်သစ်ရွာ၊ သမဲကုန်းရွာနှင့် အောင်ပင်လယ်ရွာတို့ပါဝင်သည်။ လမိုင်းစုသားတို့သည် လမိုင်းဝန်၏ ဆင့်ဆိုရာ နာခံလျက် ရာဇမတ္တံကျမ်းထွက်နှင့်အညီ ထွန်ရက်ခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်းနှင့် ရိတ်သိမ်းခြင်းများကို ပြုလုပ်ကြရသည်။ ကျွဲဘဏ္ဍာ(မင်းကေရာဇ်ပိုင်ကျွဲနွားများ)ကိုလည်း ထိန်းကျောင်းကြရသည်။

ရာဇဌာနီမှ နွားဝန်တင်၊ လှည်းဝန်တင် ဆင့်ခေါ်သောအခါလည်း သွားရောက် အမှုတော်ထမ်းကြရသည်။ ဗဒုံမင်းလက်ထက်က ယင်းသို့ နေပြည်တော်တက်၍ အမှုထမ်းကြရသောအခါ လစာရိက္ခာအဖြစ် တစ်လလျှင် တစ်ကိုယ် စပါးနှစ်တင်း ပေးသည်ကို တွေ့ရဖူးသည်။ လမိုင်းအစုသားနှင့်ပတ်သက်၍ လိုက်နာရမြဲဖြစ်သော ထူးခြားသည့် ဓလေ့တစ်ခုရှိပါသည်။ ထိုဓလေ့မှာ မည်သူမဆို လမိုင်းသူ လမိုင်းသား တို့နှင့် အိမ်ထောင်ကျလျှင် လမိုင်းအစုမှာပါဝင်ကြရသည်။ မင်းညီမင်းသား အိမ်ရှေ့မင်း က လမိုင်းသူကိုယူလျှင် ကျွဲခေါင်းဆောင်း၍ ရှေ့တော်မှာကပြရသည်ဟူသော ဓလေ့လည်းရှိပါသည်။ ယင်းအစဉ်အလာကို တချို့သောပညာရှင်တို့က အပယ်ခံဘဝ

ဖြစ်လေဟန်ဆိုကြသည်။ ထိုအဆို အတွေးသည် ယုတ္တိမတန်ဟုထင်ပါသည်။

အစုအငန်းရှိသမျှတို့အနက် လမိုင်းသည် ကုန်ထုတ်အစုဖြစ်ပါသည်။ လမိုင်းအစုတိုးပွားမှ မင်းဘဏ္ဍာတိုးပွားနိုင်ပါသည်။ ထို့ကြောင့်လည်း ဘုန်းတန်ခိုးကြီးသောမင်းတို့ လမိုင်းအစုသားများ ဖြည့်ချခြင်းဖြစ်သည်။ လမိုင်းအစုသားများ အရေအတွက်လျော့ကျမသွားရေးနှင့် တိုးပွားရေးတို့ကိုရည်ရွယ်လျက် လမိုင်းအစုသားတို့နှင့်သင့်နေသူ(အထူးသဖြင့် အသည်၊ အလာ၊ ဝင်နေ၊ ကပ္ပါး)တို့ကို လမိုင်းစုတွင် ပါဝင်ရန်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ အပယ်ခံအောက်ကျနောက်ကျဘဝကြောင့်မဟုတ်ပါ။ မင်းတို့လယ်ထွန်မင်္ဂလာဆင်းသည်မှာလည်း လမိုင်းလယ်တောတို့၌သာဖြစ်ကြောင်း သတိမူသင့်ပါသည်။

လမိုင်းအစုသားတို့သည် အခြားသောအစုအငန်းတို့နှင့်နှိုင်းစာလျှင် သို့မဟုတ်ပြည်သူတို့နှင့်ယှဉ်လျှင် ၄င်းတို့၏လူမှုဘဝအခြေအနေ ပိုမိုကောင်းမွန်လုံခြုံကြောင်းကိုတွေ့ရပါသည်။

အကြောင်းမှာ ၄င်းတို့လုပ်ကိုင်သောမြေယာတို့သည် မြေဩဇာ အဆီအနှစ်ကောင်းသည့် ဆည်သောက်မြေယာများဖြစ်၍တစ်ကြောင်း၊ ထွက်ရှိသော သီးနှံတစ်ဆယ့်သုံးရာနှုန်းမျှသာ အခွန်အခပေးဆောင်ရခြင်းကြောင့်တစ်ကြောင်းတို့ကြောင့်စစ်မက်ကင်းငြိမ်းသောကာလတို့တွင် ၄င်းတို့၏စီးပွားရေးအခြေအနေသည် အသင့်အတင့်ကြီးပွားနိုင်ပါသည်။

ထိုအခွင့်အလမ်းတို့ကြောင့် တချို့သောအစုအငန်းသားတို့သည် လမိုင်းအစုအငန်းဝင်ဖြစ်ရန်ပင် ကြိုးပမ်းခဲ့ကြဖူးသည်ကို ၄ ဖွန် ၁၈၀၈ ခုနှစ် ဗဒုံမင်းအမိန့်တော်၌တွေ့ရှိရဖူးပါသည်။

ဝင်းကိုယ်ရံအစုကား နန်းမြို့လုံခြုံရေးတာဝန်ယူထားကြရသည့် ဘုရင့်သက်တော်စောင့်အမှုထမ်းတို့ကို ဆိုသည်။ ဇမ္ဗူဒီပဥဆောင်းကျမ်းတွင် ညောင်ရမ်းမင်းတို့လက်ထက်တော်၌ ထိုအစုများဖွဲ့စည်းခဲ့ကြောင်းတွေ့ရသည်။ ယင်းတို့သည် စစ်မှုထမ်းအရိုးဖြစ်၍ လုပ်မြေနေမြေများရရှိကြသည်။ လုပ်မြေနေမြေမရှိသည့်အတိုးအပွားတို့ကိုလည်း မြေပေးချမြဲဖြစ်ကြောင်းတွေ့ရသည်။ မင်းတုန်းမင်းကြီးသည်ခရစ်နှစ် ၁၈၇၂ ခုနှစ်က ဝင်းတော်လေးမျက်နှာသားတို့အား ပယ်စားသနားတော်ခံစေရန် အမိန့်တော်ထုတ်ပြန်ခဲ့ဖူးပါသည်။

ယင်းတို့သည် နေပြည်တော်သို့တက်၍ အခါအားလျော်စွာ အမှုထမ်းကြရသည်။

နန်းတွင်းလုံခြုံရေးကို တာဝန်ယူကြရသူများဖြစ်သောကြောင့် ဝင်းလေးမျက်နှာသားဟူ၍လည်း ခေါ်ကြသည်။ ယင်းတို့တွင် အစုအငန်းအလိုက်

၁။ ကာစု

၂။ ကောင်းဟန်စု

၃။ ဒိုင်းစု

၄။ ရွှေထားစု

၅။ ရွှေပန်းစု

၆။ သူရဲစု

ဟူ၍လည်း ကွဲပြားပါသည်။ ဤတွင် ဝင်းကောင်းဟန်မှာ ဝင်းတော်လေးမျက်နှာစောင့်များဖြစ်၍ တပ်ကောင်းဟန်မှာ အဝေးမြို့ရွာ ချီတက်ရာလိုက်ပါ ထမ်းရွက်ကြရသူများဖြစ်ကြောင်း သိရပါသည်။

ဝင်းတော်စုကိုနေရာအပိုင်းအခြားလိုက်၍ ရှေ့ဝင်း၊ လက်ဝဲဝင်း၊ လက်ယာဝင်း၊ နောက်ဝင်း စသည်ဖြင့်ခေါ်ပါသည်။ ရှေ့ဝင်းအမှုထမ်းတို့ကို ''ဓတရဋ္ဌနတ် လက်ယာသန်လျက်ထမ်း''တံဆိပ်ကို လည်ကုပ်မှာ ဆေးဖြင့်ထိုးရသည်။ လက်ဝဲဝင်းမှုထမ်းတို့မှာ ''ကုဝေရနတ် လက်ယာသန်လျက်ထမ်း၊ ဝိရူဠှကနတ် လက်ယာသန်လျက်ထမ်း'' နှင့်အနောက်ဝင်းမှုထမ်း၊ လက်ယာဝင်းမှုထမ်းတို့မှာ''ဝိရူပက္ခနတ် လက်ယာသန်လျက်ထမ်း''တံဆိပ်အသီးသီးကို လည်ကုပ်တွင် ဆေးဖြင့်ထိုးမှတ်ကြရသည်။

ယင်းတို့သည်လည်း နေပြည်တော်၌ အမှုတော်ကိုထမ်းဆောင်ကြရသော အခါလစာရိက္ခာများရရှိပါသည်။ ဗဒုံမင်းလက်ထက်က လစာရိက္ခာအဖြစ် ခြောက်လတစ်ကြိမ် စပါးတော်များထုတ်ပေးကြောင်းသိရပါသည်၊ သီပေါမင်းလက်ထက်တွင်မူ ဝင်လေးမျက်နှာအမှုထမ်းလူပေါင်း ၉၄၇ ဦးရှိ၍ လစာတော်ငွေ တစ်လလျှင် ၁၂၉၉၃ ကျပ် ပေးသနားပါသည်။

အထက်ဖော်ပြခဲ့သည့် ဒိုင်း၊ လမိုင်း၊ ဝင်းကိုယ်ရံ အစုများအပြင် အစုအငယ်များလည်းရှိပါသည်။ ယင်းတို့တွင် အများစုမှာ အတတ်ပညာတစ်မျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ကြရသူများဖြစ်သည်။ လုပ်ငန်းအလိုက် တချို့ကိုဖော်ပြရသော် စုကြမ်း၊ စုနု၊ စုသေးတို့နှင့်

ကြေးသွန်းစု

ဇာတ်သဘင်စု

ထီးဖြူယမားစု

နေရာတော်စု
ပန်းတင်းစု
ပန်းပဲစု
ပွတ်စု
ရေပုံးခတ်စု
ရက်ကန်းစု
လက်သမားစု
ဝေါစု
အချုပ်ကုလားစု
အနှိပ်စု

စသည်တို့ ပါဝင်ကြရသည်။

''စုကြမ်း''တွင် ကိုးသားပေါက်အစု၊ ဆိုင်းတီးအစု၊ ထောင်စားအမှု ထမ်းစု (ပါးကွက်သား၊ လက်မထောက်နှင့် လက်မရွံ့သား)၊ ဗိုင်းတာစု၊ လှေမှုထမ်းစုနှင့် ဝင့်သီးစုများ။ ''စုနု''တွင် ကြယ်ခတ်၊ ဂုန္တန်ထိုး၊ ထီးတော်လုပ်၊ ရွှေချည်ထိုးနှင့် ရွှေမျက်ပါးခတ်သူများ၊ ''စုသေး''တွင် ကသောင်း မြောင်တိုက်စောင့်၊ စမြောင်၊ တုရင်၊ နေရာချ၊ ပြေ့၊ ရှေ့တော်ပြေးနှင့် ရွှေတိုက်စောင့်များ အသီးသီးပါဝင်ကြသည်။ ထိုသုံးရပ်တွင် စုကြမ်းသည် အနိမ့်ဆုံးဖြစ်၍ စုသေးမှာ အမြင့်ဆုံးဖြစ်လေသည်။

အချုပ်ပြန်လည်ဖော်ပြရသော် မင်းမှုထမ်းအစုအငန်းတို့တွင် အယုတ်၊ အလတ်၊ အမြတ်ဟူ၍ အဆင့်အတန်းကွဲပြားခဲ့ရာ၌ မင်းသည် တစ်ဦးတည်းသော အရှင်သခင်ဖြစ်သည်။ ယင်း၏ အောက်တွင်မူကား သဒ္ဓါ၍ ချီးမြှောက်သည့်အလျောက် (၁) ရာထူးအစီးအနင်းအဆောင်အရွက်ဖြင့် မြို့စား ရွာစား ကံကျွေးခံစားရသူများ၊ (၂) လုပ်မြေနေမြေရရှိသူများနှင့် (၃)လစာရိက္ခာရ အစုအမှုထမ်းများဟူ၍ တွေ့ရှိရပါသည်။ အစုအမှုထမ်းသားတို့သည် ရိုးရာအလိုက် သားစဉ်မြေးဆက် ထမ်းရွက်ကြရပါသည်။ တစ်စုနှင့်တစ်စု ရောယှက်ထမ်းရွက်ခြင်းကို ခွင့်မပြုခဲ့ချေ။

အစုအမှုထမ်းတို့တွင် အမြင့်ဆုံးမှာ သွေးသောက်စု(စစ်မှုထမ်း) ဖြစ်၍ ထိုအောက်၌မူ သေနတ်စု၊ စုသေး၊ စုနုနှင့် စုကြမ်းဟူ၍ အဆင့်ဆင့်ရှိပေသည်။ တခြားအစုများမှာ အမှုထမ်းတော်သူများသည် သေနတ်စုသို့လည်းကောင်း၊ သေနတ်အစုမှာ အမှုထမ်းတော်လျှင် မြင်းစုသို့လည်းကောင်း၊ ထိုမှ သွေးသောက်စုသို့လည်း

ကောင်း အဆင့်ဆင့်တက်၍ ခန့်ထားလေ့ရှိကြောင်းလည်းသိရသည်။
(ရွှေနန်းသုံး ဝေါဟာရအဘိဓာန်၊ ၁၉၇၅၊ ၂၂၃)

## အသည်၊ အလာ၊ ကပ္ပါး (ပြည်သူများ)

မင်းမှုထမ်း အစုအငန်းဝင်မဟုတ်သော ပြည်သူများကို အသည်၊ အလာ၊ ကပ္ပါးဟုခေါ်ကြသည်။ အဓိပ္ပါယ်မှာ နယ်မြေကျေးရွာအတွင်း ထာဝရနေထိုင်၍ မင်းမှုထမ်းမဟုတ်သူကို အသည်၊ တခြားတစ်နယ်တစ်ကျေးမှ လာရောက်နေထိုင်သည့် အစုအမှုထမ်းမဟုတ်သူကို ကပ္ပါး(ဝင်နေဟူလည်းခေါ်သည်)အသည်နှင့် ကပ္ပါးတို့ ပေါင်း၍ ဖွားမြင်သောသူကို အလာဟုခေါ်ဆိုကြောင်းသိရသည်။ အသည်တို့သည် မင်းကေရာဇ် ကခန့်ထားသော အသည်ဝန်၊ အသည်စာရေးတို့ ဆင့်ဆိုအုပ်ချုပ်ရာ နာခံထမ်းရွက်ကြရသည်။ အသည်မြေဟုခေါ်သောဘုံမြေကိုလည်း လုပ်ပိုင်ခွင့်ရှိကြသည်။ နိုင်ငံတော်က လိုအပ်၍တောင်းခံလျှင် မင်းတိုင်းတစ်ဆယ့်နှစ်မှုကို ပေးဆောင်ကြရသည်၊ ထိုမင်းတိုင်းတစ်ဆယ့်နှစ်မှု ပစ္စည်းတို့မှာ အောက်ပါတို့ဖြစ်ကြသည်။

မင်းတိုင်းတစ်ဆယ့်နှစ်မှုပစ္စည်းများ

၁။ ကော်
၂။ တမာစေး
၃။ တင်လဲ
၄။ ထန်းပူးစည်း
၅။ ပွဲလျက်
၆။ မရိုးစစ်မီးသွေး
၇။ မန်ကျည်းမှည့်
၈။ ရေနံ
၉။ လဲမှို့
၁၀။ လျှော်
၁၁။ ဥသျှစ်
၁၂။ အုံတုံ

စသည့်ပစ္စည်းတို့ ပေးဆောင်ရခြင်းကို ခေါ်ဆိုခြင်းဖြစ်သည်။

အသည်တို့သည် မင်းတိုင်း တစ်ဆယ့်နှစ်မှူ ထမ်းဆောင်ရသည်မှလွဲ၍ အခြားမင်းမှူ မင်းခင်းထမ်းဆောင်ရခြင်းတို့မှ ကင်းလွတ်ခွင့်ရသည်ဟု အဆိုရှိသည်။ သို့သော်လည်း လက်တွေ့၌မူ မင်းမှူ မင်းခင်းထမ်းဆောင်ကြရသည်များကိုတွေ့ရသည်။

ဗဒုံမင်းလက်ထက် ခရစ်နှစ် ၁၈၀၇ ခုနှစ်က နိုင်ငံတော်အတွင်း စစ်မှုထမ်းများ ဆင့်ခေါ်ခဲ့သည်တွင် အသည် ၁၀၀၀ နှင့်စုခြား ၆၀၀၀ သိမ်းရုံးရရှိခဲ့သည်။ ထိုအရေ အတွက် နည်းပါးလှကြောင်းနှင့် ဗဒုံမင်းက အားရကျေနပ်ခြင်းမရှိ၍ မြို့ရွာသူကြီးတို့အား ထပ်ဆင့်သိမ်းရုံးရန် အမိန့်တော်ထုတ်ခဲ့ဖူးသည်။

ရှမ်းပြည်နယ် မိုးနဲတပ်စခန်းတွင်လည်း နိုင်ငံတော်လုံခြုံရေးအတွက် အသည် တို့ စစ်မှုတော်ထမ်းဆောင်နေကြရသည်ကို ၁၁ မေ ၁၈၀၇ နေ့ပြန် ဗဒုံမင်း၏ အမိန့်တော်အရသိရှိရသည်။ ထို့အပြင် နိုင်ငံတော်၌ စစ်ရေးစစ်ရာကြုံကြိုက်လာပါက စစ်စရိတ်ငွေကြေးများကို ထည့်ဝင်ကြရသည်။ ထည့်ဝင်ကြရပုံမှာ အသည်၊ အလာ၊ ကပ္ပါးနှင့် စုခြားတို့သည် အထက်မှအောက်သို့ တစ်ဝက်စီ လျှော့နည်းထည့်ဝင် ကြရသည်။

အသည်တို့တွင် အများစုမှာ ဆင်းရဲသားများဖြစ်ကြသည်။ လူမှုစီးပွားရေး ဘဝတွင် နုံချာဆင်းရဲလှသောကြောင့် ယင်းတို့ကို လူဒုက္ခဟု သတ်မှတ်ခေါ်ဝေါ်ကြသည်။ သို့သော်လည်း ထိုလူ့ဒုက္ခအတန်းအစားသည် ကျွန်တို့ထက် အဆင့်မြင့်သည်ဟု တရားဥပဒေတွင် သတ်မှတ်ဖော်ပြသည်။

ယင်းတို့သည် အစေခံကျေးကျွန် ထားပိုင်ခွင့်ရှိ၏။ သို့သော်လည်း စီးပွားရေး ဘဝနုံချာသူများဖြစ်သောကြောင့် ငွေချေး၍ ကိုယ်နေဝင်ခဲ့ကြရရာမှ ယင်းတို့ကိုယ်တိုင် ကျွန်ဘဝရောက်ရသည်များပင် ငွေချေးစာချုပ်၊ လူပေါင်စာချုပ်များ၌ တွေ့ရဖူးပေသည်။ ကိုယ်နေသက္ကရာဇ်ဟူသည်မှာ မိမိကိုယ်မိမိ ငွေရှင်ကြေးရှင်ထံ ပေါင်နှံရောင်းချခြင်းကို ဆိုလိုပေသည်။

**ကျွန်များ**

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ကျွန်နှစ်မျိုးနှစ်စားရှိလေသည်။ လောကီ လူမှုရေးကျွန်နှင့် ဘာသာရေးကျွန်ဟူ၍ ဖြစ်ပါသည်။ လူမှုရေးကျွန်တွင် ကြွေးတင်၍ ကျွန်ဖြစ်ရသူများ၊ စစ်ကြောင့် ကျွန်ဖြစ်ရသူများ၊ မိဘနှစ်ပါးကကျွန်ဖြစ်၍ သားသမီး ကျွန်ဖြစ်ရသူများဟူ၍ ကွဲပြားပေသည်။ ဘာသာရေးကျွန်မှာ မင်းကေရာဇ်ကဲ့သို့သော လှူပိုင်သူကလှူ၍ ကျွန်ဖြစ်ရသူများ၊ မိလာဖလာကျွန်ဖြစ်ရသူများဟူ၍ ကွဲပြားသည်။

ဘာသာရေးကျွန်ကို ကျွန်သီးတော်ဟု ခေါ်သည်။

ဘုရားကျွန်၊ ကျောင်းကျွန်နှင့် ပိဋကတ်ကျွန်ဟူ၍ ကျွန်သီးတော် သုံးမျိုးရှိသည်။ မိမိတို့ဆိုင်ရာ ကျောင်း၊ ဘုရား၊ ပိဋကတ်တို့ တည်မြဲတိုးပွား ရေးစောင့်ရှောက်ရန် တာဝန်ရှိသူများဖြစ်ကြသည်။ သာသနိကမြေယာများကို လုပ်ကိုင်စားသောက် နေထိုင်ကြလေသည်။ လူမှုရေးကျွန်များမှာ နိုင်ငံကာကွယ်ရေးအတွက် စစ်မှုထမ်းကြရသော်လည်း ကျွန်သီးတော်များမှာကား မင်းမှု မင်းခင်း အခွဲအခန့်မရှိသကဲ့သို့ စစ်လက်နက်ကိုင်ထမ်းဆောင်ကြရခြင်းတို့မှလည်း လွတ်ကင်းခွင့်ရရှိကြလေသည်။ ကျွန်သီးတော်ခေါင်းအကြီးအကဲတို့မှာ ဘွဲ့အမည်အရည်များပင် ရရှိခဲ့သူများရှိကြောင်း သိရလေသည်။

မြန်မာ့လူမှုဘဝတွင် အနိမ့်ကျဆုံးကား စဏ္ဍာလငါးစုံပင်ဖြစ်သည်။ ယင်းသည် လူမှုဘဝတွင် အပယ်ခံဖြစ်၍ အယုတ်နိမ့်ဆုံးသောအစုလည်း ဖြစ်လေသည်။ ငါးစုံ့ဟူသည်မှာ (၁)စပ်၊ (၂)အမွမ်း၊ (၃)သူကောင်ထမ်း၊ (၄)တွင်းတူးနှင့် (၅)သင်္ဂြိုဟ်ကိုင်တို့ဖြစ်လေသည်။ မင်းကေရာဇ်တို့သည် ရာဇဝတ်မှုကျူးလွန်၍ သေဒဏ်မရောက်စေလိုသူများကို စဏ္ဍာလငါးစုံ့တွင် ဖြည့်ချခဲ့သည်များ တွေ့ရဖူးလေသည်။ ယင်းတို့ကို အများပြည်သူလူထုနှင့် ရောနှောမနေစေရန်လည်း တားမြစ်ထားသည်။ သို့သော်လည်း ထိုစဏ္ဍာလ ငါးစုံ့အစုမှာ လူမှုအဖွဲ့အစည်းတွင် ပြောပလောက်သောအစုကား မဟုတ်ချေ။ မြို့ကြီးပြကြီးတချို့၌သာ တွေ့ရှိနိုင်သောသူများ ဖြစ်လေသည်။

အချုပ်ပြန်လည်ဖော်ပြရသော် ကုန်းဘောင်ခေတ်လူမှုအဖွဲ့အစည်းတွင် မင်းကေရာဇ်သည် ထိပ်ဆုံး၌ရှိလျက် ယင်း၏အောက်တွင် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ မင်းသူကောင်းပြုခံ ဝန်စုမှူးစုမျိုး၊ သူဌေးသူကြွယ်မျိုး၊ အသည်မျိုး၊ ကျွန်မျိုးဟူ၍ ကွဲပြားသည်ကို တွေ့ရသည်။ မင်းသူကောင်းပြုခံ ဝန်စု မှူးစုမျိုးအပြင် အမှုထမ်းအစုအငန်းသားများလည်း ရှိပေသည်။ ထို့အတူ အသည်မျိုး၌ လူမှုဘဝနုံချာသော ဆင်းရဲသားလူ့ဒုက္ခများလည်း အပါအဝင်ဖြစ်သည်။ အနိမ့်ဆုံးဖြစ်သော ကျွန်လူတန်းစား၌ လောကီကျွန်အပြင် ကျွန်သီးတော်များနှင့် စဏ္ဍာလငါးစုံ့တို့လည်း ထိုအနိမ့်ဆုံးလူတန်းစား၌ပင် ထည့်သွင်းထားပေသည်။

လူတန်းစားခွဲခြားပုံမှာ မျိုးရိုးဗီဇ အမွန်အစတည်၍ ခွဲခြင်းမဟုတ်မူဘဲ မင်းကေရာဇ်၏ အာဏာထား၍ခွဲရာမှ မျိုးရိုးဗီဇဖြစ်လာသော လူတန်းစားခွဲခြားမှုပင်ဖြစ်ပေသည်။ အိန္ဒိယ၏ ဇာတ်စနစ်ကဲ့သို့ တင်းကျပ်လွန်းခြင်းမရှိပါ။ ထို့အတူ ကျွန်လူတန်းစားရှိသော်လည်း ရှေးက ရောမတွင် ထွန်းကားခဲ့သည့် ကျွန်စနစ်မျိုး၊

အမေရိကတွင် ထွန်းကားခဲ့သည့်ကျွန်စနစ်မျိုး မဟုတ်သည်ကိုလည်း ကောင်းစွာ သတိပြုမိပါသည်။ မြန်မာနိုင်ငံရှိ ကျွန်စနစ်မှာ ရောင်းကုန်ထုတ်လုပ်မှုအတွက် တိရစ္ဆာန်ကဲ့သို့ ခိုင်းစေသော ကြမ်းတမ်းသည့်စနစ်မျိုးမဟုတ်မူဘဲ ဝိုင်းလုပ်ဝိုင်းစား သဘောရှိသည့် ကျွန်မျိုးသာဖြစ်၍ လူ့အခွင့်အရေးများ လုံးဝဆုံးရှုံးမှုမရှိသော ကျွန်စနစ် မျိုးသာဖြစ်ပေသည်။

## အသက်မွေးဝမ်းကျောင်းမှု

ကုန်းဘောင်ခေတ် လူမှုအဖွဲ့အစည်းတွင် အခြေခံနှင့် ပဓာနအသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သည်။ ဒေသလိုက်၍ လယ်ယာကိုင်းကျွန်း လုပ်ငန်းဟုလည်းခေါ်နိုင်၏။ မိုးကောင်းသောဒေသနှင့် ဆည်မြောင်းချောင်းကန်ရှိရာ ဒေသတို့တွင် စပါးကို အားထားစိုက်ပျိုး၏။ ကြံစိုက်ပျိုးသည်များလည်း တွေ့ရ၏။ မိုးနည်းပါး၍ ဆည်ရေမြောင်းရေမရသောဒေသတို့၌မူ ပြောင်း၊ နှမ်းနှင့် ဝါတို့ကို စိုက်ပျိုးကြသည်။ မြစ်ရိုး ချောင်းရိုး ရေဝင်ဒေသများ၌ကား ကိုင်းကျွန်းလုပ်ငန်းဖြစ်သော ကန်စွန်း၊ ကြက်သွန်၊ ခရမ်း၊ ခဝဲ၊ ငရုတ်၊ စပါး၊ စမြိတ်၊ စမွတ်၊ ဆူးပန်း၊ ဆေး၊ နံနံ၊ ပဲအမျိုးမျိုး၊ ပဲလင်းမြွေ၊ ပြောင်း(အဖူး)၊ ဖရုံ၊ ဘူး၊ မုန်လာဥနှင့် သခွား စသည်တို့ကို စိုက်ပျိုးကြကြောင်း သိရသည်။ ရခိုင်ဘက်တွင်မူ မဲနယ်နှင့် ဂုန်လျှော်တို့ကိုလည်း စိုက်ပျိုးလုပ်ကိုင်ခဲ့ကြ၏။

ဥယျာဉ်ခြံစိုက်ပျိုးရေးကို ကျောက်ဆည်နယ်၊ စစ်ကိုင်းနယ်၊ မတ္တရာနယ်၊ ရွှေဘိုနယ်နှင့် အောက်မြန်မာနိုင်ငံ ဟံသာဝတီ၊ မုတ္တမတို့၌ တွေ့ရှိရသည်။ မတ္တရာ၊ ကျောက်ဆည်တို့၌ အုန်း၊ ကွမ်းနှင့် ကွမ်းသီးပင်တို့ကို အများအပြား စိုက်ပျိုးလုပ်ကိုင် ကြလေသည်။ အောက်မြန်မာနိုင်ငံ ကျောက်မော်၊ တောင်ငူနှင့် မုတ္တမတို့၌လည်း ကွမ်းသီးပင်များကို အကြီးအကျယ် စိုက်ပျိုးလုပ်ကိုင်ကြသည်။

တံတားဦးထွက်ကွမ်းနှင့် တောင်ငူထွက် ကွမ်းသီးတို့မှာ ကျော်ကြားသော တော်ဝင်ပစ္စည်းများဖြစ်ပေသည်။ တခြားခြံထွက်သီးပင်တို့မှာ ငှက်ပျော၊ ဒူးရင်း၊ ပိန္နဲ၊ သရက်၊ သင်္ဘောပတ်သီးနှင့် အုန်းတို့ဖြစ်လေသည်။ သင်္ဘောပတ်သီးကို ဒလ၌လည်းကောင်း၊ ဒူးရင်းကို မြိတ်၊ တနင်္သာရီတို့၌လည်းကောင်း ထွက်ရှိကြောင်းကို တွေ့ရှိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း၌ လယ်ယာလုပ်ငန်းကဲ့သို့ ထန်းလုပ်ငန်းသည် အရေး ပါ၏။ ပုဂံခေတ်က ထန်းကို ဥယျာဉ်ခြံပင်အဖြစ် ဖော်ပြခဲ့ကြသည်။ ဗဒုံမင်းလက်ထက်

တွင်လည်း ''ဥယျာဉ်တော်ရှိထန်း''ဟူသော အသုံးမျိုးတွေ့ရသောကြောင့် ဥယျာဉ်ခြံသီးပင် အဖြစ် ယူဆထားဆဲပင်ဖြစ်သည်။ ကျောက်ပန်းတောင်း၊ စလေ၊ စဉ့်ကူ၊ ပခုက္ကူ၊ ပုဂံနယ်မှ စစ်တမ်းနှင့် တခြားမှတ်တမ်းတို့တွင် ထန်းလုပ်ငန်းအကြောင်းတွေ့ရှိရသည်။

ဗဒုံမင်း အမိန့်တော်များအရ စစ်ကိုင်းဘက်မှ ကျောက်ဆည်၊ နဘဲ၊ ကြူ၊ ပန်းချီ၊ ပျော့ရွာ၊ မတဲ၊ မူးနား၊ မူးသာ၊ မင်းကွန်း၊ သရိုင်၊ သန့်စင်နှင့် အင်ဘဲတို့၌လည်း ထန်းလုပ်ငန်းရှိကြောင်းသိရလေသည်။ ပုခန်းနယ်သည် ထန်းလျက်ရောင်းဝယ်ရေး လုပ်ငန်း၌ အကြီးကျယ်ဆုံးဖြစ်သောကြောင့် ထန်းလုပ်ငန်းအရေးပါသောဒေသဖြစ် ကြောင်း သိသာသည်။

ဒေသအလိုက် ပခုံးထမ်းခေါင်းရွက် လှည်းတစ်စည်း၊ လှေတစ်စင်းတို့ဖြင့် လှည့်လည်ရောင်းဝယ်မှုဖြင့် အသက်မွေးကြသူများလည်းရှိသည်။ ထိုသို့ ရောင်းဝယ် ကြသူများသည် လှေဦးဆိုက်၊ လှည်းဦးဆိုက်မြို့ရွာအဝင်တို့၌ ဒေသဆိုင်ရာ အခွန်အခ များကို ပေးဆောင်ကြရသည်။

ပင်းယမြို့ စစ်တမ်းအရမူ ပိန်းကောလှေကြီးတစ်စင်းလျှင် စပါးနှစ်တင်း၊ ယင်းအငယ်မှာ စပါးတစ်တင်း၊ လောင်းစပ်ကြီးဖြစ်မူ စပါးတစ်စိတ်၊ အငယ်မှာ နှစ်ပြည် ပေးဆောင်ရသည်။ လှည်းနွားဝန်တင်ဖြစ်လျှင် ဆန်လှည်းတစ်စီးမှ ပြည်စိုးကတစ်တင်း (?)၊ ဆီဝန်တင်ဖြစ်လျှင် ထန်းစေ့မှုတ်နှင့် ပြည်စိုးကတစ်မှုတ်၊ မြို့ကိုင်ကတစ်မှုတ်၊ တခြားငါးပိ၊ ဆားဝန်တင်တို့ကိုမူ ပြည်စိုးနှင့်မြို့ကိုင်တို့က ကုန်အင်ကိုထောက်၍ ကောက်ယူ ကြောင်းသိရသည်။

ဒေသအခြေအနေအရ လုပ်ကိုင်ကြရသော တခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းတို့မှာ ကျောက်တူးလုပ်ငန်း၊ ချိပ်ခွာလုပ်ငန်း၊ ငါးပိငါးခြောက်လုပ်ငန်း၊ ဆေးဒန်း လုပ်ငန်း၊ ဆားချက်လုပ်ငန်း၊ တံငါလုပ်ငန်း၊ ပိုးချည်လုပ်ငန်း၊ ပျားတက်လုပ်ငန်း၊ မုဆိုးလုပ်ငန်း၊ မဲနယ်လုပ်ငန်း၊ ယွန်းလုပ်ငန်း၊ ရေနံတူးလုပ်ငန်း၊ ရှားစေးချက်လုပ်ငန်း နှင့်အိုးလုပ်ငန်း စသည်တို့ဖြစ်သည်။

ကျောက်တူးလုပ်ငန်းကို ဥရုဆယ်ရွာနှင့် မိုးကုတ်၊ မိုးမိတ်၊ ကြပ်ပြင်တို့တွင် တွေ့ရသည်။ ဥရုဆယ်ရွာမှ ကျောက်စိမ်းကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိသော်လည်း မိုးကုတ်၊ မိုးမိတ်နှင့် ကြပ်ပြင်တို့မှ ပတ္တမြား၊ ကျောက်နီ တူးလုပ်ငန်းကိုမူ မင်းကေရာဇ်က ခန့်ထားသူတို့သာ လုပ်ကိုင်ကြရသည်။ ချိပ်နှင့် ဆေးဒန်းကို ဟံသာဝတီဒေသတွင် လုပ်ကိုင်ကြသည်။ ငါးပိ ငါးခြောက်နှင့်ဆားကို အောက်မြန်မာနိုင်ငံ၌ အများအပြား

လုပ်ကိုင်၏။ ဆားတောင်၊ ဆားထုံး၊ ဆားလင်းနှင့် ဟံလင်းတို့၌လည်း ဆားလုပ်ငန်း အတော်အသင့် ဖွံ့ဖြိုးခဲ့သည်။

ပိုးထည်ရက်လုပ်ငန်းကို စလေမြို့စစ်တမ်း၌တွေ့ရသည်။ ယွန်းလုပ်ငန်းကို ရာဇဌာနီများ၌ ထွန်းကားမည်မှန်းဆရ၏။ ယခုအခါ ကျောက်ကာ(မုံရွာ)နှင့်ပုဂံတို့၌ ထိုလုပ်ငန်းများ ထွန်းကားလျက်ရှိနေသည်မှာ ရှေးက လက်ငုတ်ပင်ဖြစ်မည်ထင်ပါသည်။ ရေနံကို ရောင်းကုန်ပစ္စည်းအဖြစ် မကြာမကြာတွေ့ရ၏။ ရေနံချောင်းသည် ရေနံထွက်ရာ ဒေသဖြစ်၏။ မကွေးမြို့ ဓနက်ပလာစစ်တမ်းတွင်ထိုမြို့မှရေနံချေးဆက်ရကြောင်းသိရ၏။

အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသောဒေသကား အတော်အတန် ရှိမည်ဟု မှန်းဆရသည်။ အိုးကို မြေသက်သက်ဖြင့်လည်းကောင်း၊ စဥ့်သုတ်၍ လည်းကောင်း နှစ်မျိုးလုပ်ကိုင်ခဲ့ကြသည်။ စဥ့်လုပ်ငန်းကို ရွှေဘိုနယ် ကျောက်မြောင်း ဒေသနှင့် တွံတေးတို့တွင် လုပ်ကိုင်ကြကြောင်းသိရသည်။

မုတ္တမမြို့က ရာဇဌာနီသို့ နှစ်စဥ်ပေးပို့ရသော လက်ဆောင်တော်စာရင်းတွင် စဥ့်အိုးခွက်မျိုးစုံ ပါရှိသည်ကိုတွေ့ရှိရသည်။ မြေအိုးခွက်လုပ်ငန်းကား မြို့ရွာနယ်ပယ် အနှံ့ပင် ရှိနိုင်မည်ဖြစ်ပါသည်။ ရောဝတီမြစ်ရိုးတစ်လျှောက်တွင် ရန္တပိုအိုး၊ န္တဲနီအိုး တို့ထင်ရှားသည်။ နိုင်ငံခြားသားတို့မှတ်တမ်းအရ ပခုက္ကူဆိပ်ကမ်းမှ ကြွေကဲ့သို့ကောင်း သောအိုးခွက်များ တင်ပို့ရောင်းချကြောင်း သိရသည်။

လက်မှုပညာဖြင့် အသက်မွေးသော တခြားလုပ်ငန်းတို့ကား ''ပန်းဆယ်ပန်း အတတ်''ဟုခေါ်သော ပန်းချီ၊ ပန်းတမော့၊ ပန်းတော့၊ ပန်းတဥ်း၊ ပန်းထိမ်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းပဲ၊ ပန်းယွန်း၊ ပန်းရံတို့ဖြစ်ပါသည်။ ပန်းတဥ်းလုပ်ငန်းဖြင့် အသက်မွေးသူ တို့သည် ပန်းတဥ်းဝန်၏ ခွင့်ပြုချက်ရမှသာ လုပ်ကိုင်ရကြောင်း၊ ယင်းသို့ ချုပ်ကိုင်ထားရ သည်မှာ ကျောင်းဘုရားတို့မှ ခေါင်းလောင်းများ အပျောက်အရှများ၍ဖြစ်ကြောင်းနှင့် ဗဒုံမင်း ထုတ်ပြန်ခဲ့သောအမိန့်တော်တစ်ရပ်တွင် တွေ့ရှိရဖူးပါသည်။ ထို့အပြင် တခြားမှတ်သားဖွယ်တစ်ရပ်မှာ မြန်မာပန်းပဲဆရာတို့သည် ဓား၊ လှံ စသော လူ့အသုံး အဆောင်တို့သာမက နိုင်ငံခြားမှ သေနတ်များဝယ်၍မရသောအခါ နိုင်ငံခြားဖြစ် သေနတ်များအစား ပြည်တွင်းဖြစ်သေနတ်များ ထုတ်လုပ်ခဲ့ကြခြင်းပင်ဖြစ်ပါသည်။

ထိုပြည်တွင်းဖြစ် သေနတ်များသည် ပန်းပဲဝန်က ပစ်ခတ်စမ်းသပ်ရာ တခြား ပြင်သစ်လုပ် သေနတ်များကဲ့သို့ပင် ကောင်းမွန်ကြောင်းသိရသည်။ ထို့ကြောင့် ခရစ်နှစ် ၁၈၀၆ ခုနှစ်ကစ၍ ပန်းပဲဆရာတို့သည် သေနတ်များကို အမှာရှိက လုပ်ကိုင်ခဲ့ကြပေသည်။

တခြားအသက်မွေးဝမ်းကျောင်းမှုများကား ငွေခန့်သူ၊ ပွဲစား၊ စာကူးသူ၊ စာဟောဆရာ၊ ဆေးဆရာ၊ ဇာတ်သဘင်ပညာသည်၊ ဗေဒင်ဆရာ၊ မြင်းကျင့်ပေးသူ စသည်တို့ဖြစ်ပါသည်။ ငွေခန့်သူ ပွဲစားဟူသည်မှာ အရောင်းအဝယ်လုပ်ရာ၌ သုံးစွဲမည့် ငွေ၏တန်ဖိုးကို ဖြတ်ပေးသူဖြစ်ပါသည်။ ပေစာကူးသူကို ကျောင်းစာရေးဟုလည်း ခေါ်သည်။

မြန်မာနိုင်ငံအနှံ့ ကျောင်းစာရေးအဖြစ် လှည့်လည်လုပ်ကိုင်ကြသူတို့မှာ အများအားဖြင့် ပုခန်းအနောက်လက် မြိုင်နယ်မှ ဖြစ်ကြပေသည်။ စာကူးခမှာ ပေတစ်အင်္ဂါ (၁၂ ချပ်)လျှင် ငွေ ၁ နှုန်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ခွန်အားကိုသုံး၍ အလုပ်ကြမ်းဖြင့် အသက်မွေးကြသူများလည်း ရှိပါသည်။ ဗဒုံမင်းလက်ထက် ရခိုင်၊ မင်းဘူး လမ်းဖောက်လုပ်သားတစ်ဦးသည် တစ်လလျှင် ငွေဒင်္ဂါးငါးပြားရရှိကြောင်း၊ အမ်းနှင့် စလင်းကူလီထမ်းသူတစ်ဦးသည် တစ်ခေါက်လျှင် ဒင်္ဂါးလေးပြားရရှိကြောင်း၊ တောတိုးမြက်ခတ်သူတစ်ဦးသည် ကြေးတစ်ဆယ်ကျပ် ရရှိကြောင်း၊ မြင်းအငှားကျောင်းသူတစ်ဦးသည် တစ်လလျှင် ငွေနှစ်ကျပ် နှစ်မူး ရရှိကြောင်း ဗဒုံမင်းလက်ထက်ဆိုင်ရာမှတ်တမ်းတို့၌ တွေ့ရှိရသည်။

ရန်ကုန်မြို့၌ လှေဆွဲသူတို့ကား ပျဉ်တစ်ရာလျှင် ငွေ ၂၀ ကျပ်ရရှိကြောင်း သိရသည်။ ထို့အပြင် ရှမ်းပြည်နယ်တက်၍ လက်ဖက်ခူးသူ၊ လှေထိုးလိုက်သူ၊ အစေခံ ကျွန်လုပ်သူများလည်း ရှိခဲ့ကြလေသည်။

အသက်မွေးဝမ်းကျောင်းမှုတို့တွင် မိမိကိုယ်ကိုအရင်းပြု၍ ပြည့်တန်ဆာ အဖြစ်ဖြင့် အသက်မွေးကြသူများလည်းရှိပါသည်။ ယင်းတို့ကို ပဒေသရာဇ်တရား ဥပဒေက မုဟုတ္တိကမယား(ခေတ္တမယား)ဟုခေါ်သည်။ တရားဝင်ခွင့်ပြုထားသည်။ ပြည့်တန်ဆာတို့နေရပ်သည် ရာဇဌာနီတွင် အနောက်တံခါးဘက်တွင် ဖြစ်လေသည်။

အရေအတွက်ကိုမူ တော်သင့်အောင် ကန့်သတ်ထား၏။ တချို့မှာ အပြစ် အလျောက် ဖောက်ပြန်သဖြင့် ပြည့်တန်ဆာဖြစ်စေဟု မင်းက ပြဋ္ဌာန်းပေးခံရသူများ ဖြစ်သည်။ ယင်းတို့ကို ပြည်သူပြည်သားအများနှင့် ရောနှောနေခွင့်ကား မပြုခဲ့ချေ။ သတ်မှတ်နေရာတို့၌သာ နေကြရပေသည်။

အချုပ်ဆိုရသော် ကုန်းဘောင်ခေတ် လူမှုအဖွဲ့အစည်းတွင် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းခြင်းသည် အခြေခံဖြစ်လျက် အခြားကား ပညာဖြင့် အသက် မွေးသူ၊ လုပ်အားဖြင့်အသက်မွေးသူ၊ မိမိကိုယ်ကိုရောင်းကုန်ပြု၍ နိမ့်ကျစွာ အသက်မွေး

ဝမ်းကျောင်းပြုသူများဟူ၍ အကြမ်းဖျင်း သုံးမျိုးရှိခဲ့ပေသည်။

ပဒေသရာဇ် လူမှုအဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ တချို့သော အသက်မွေးဝမ်းကျောင်းမှုတို့သည် ဆိုးရွားနိမ့်ကျသော လူတန်းစားသဘောသဘာဝကို ဖြစ်တည်စေခဲ့ပေသည်။

## ပညာသင်ကြားရေး

မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာထွန်းကားသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ကုန်းဘောင်ခေတ် ပညာရေးသည် ဗုဒ္ဓသာသနာလျှင် အခြေပြုသော ဘုန်းတော်ကြီးကျောင်းပညာသင်ကြားရေးစနစ်ဖြစ်သည်။

မြန်မာနိုင်ငံ မြို့ရွာအတော်များများတွင် ဘုန်းတော်ကြီးကျောင်းများရှိသည်။ မင်းကေရာဇ်တို့က သာသနာအထူးထွန်းကားရန် ပိဋကတ်သုံးပုံနှင့်တကွ ရဟန်းတို့ နယ်စွန်နယ်ဖျားဒေသများသို့ သာသနာပြုများ ကြွစေသဖြင့် တိုးပွားလာသော ကျောင်းများလည်းရှိသည်။ ထိုကျောင်းများသည် မြန်မာ့ပညာရေးစနစ်ကို ပျိုးထောင်ပေးရာများဖြစ်ပေသည်။

## အခြေခံပညာရေးသဘောနှင့် လောကီပညာသင်ကြားမှု

ကလေးသူငယ်တို့ ငါးနှစ်ခြောက်နှစ်အရွယ် ရောက်သည်နှင့် တစ်ပြိုင်နက် မိဘတို့က ဘုန်းတော်ကြီးကျောင်းသို့ ပို့အပ်ပညာသင်ယူစေသည်။ တိုးတက်လာသော ခေတ်မှာကဲ့သို့ ပညာရေးရည်မှန်းချက်အထွေအပြားမရှိချေ။ လောကီမှုဘဝ လူတော်လူကောင်းဖြစ်ရေးနှင့် သာသနာသုံးရပ်တည်ထွန်းရေးတို့သာ အကြောင်းမူလ ဖြစ်သည်။

ထို့ကြောင့် အတော်အသင့် အရေးအဖတ်တတ်မြောက်ပြီဖြစ်သော ကလေးငယ်သည် ရှင်သာမဏေသို့ ကူးပြောင်းလျက် ဆက်လက်ပညာသင်ရသည်။ တစ်ဖန် စာသင်သားရှင်သာမဏေသည် အသက်နှစ်ဆယ်ပြည့်သောအခါ ပဉ္စင်းအဖြစ်သို့ ကူးပြောင်းလျက် ဆက်လက်ဆည်းပူးရသည်။ ပဉ္စင်းဘဝတိုင် ကူးပြောင်းပညာသင်ယူနိုင်သူတို့သည် ထိုခေတ်ပညာရေးအတိုင်းအတာအရ အတော်အသင့် ပေါက်မြောက်အောင်မြင်ပြီဟု ယူဆနိုင်သည်။



ဗဒုံမင်းလက်ထက်က ကျွန်းကျောင်းကြီးပုံ

ပညာကိုသင်ယူကြရာတွင် တချို့သောစာသင်သားတို့မှာ ကျောင်းအိပ်ကျောင်းစားများဖြစ်ကြသည်။ ဘုန်းတော်ကြီးက ယင်းတို့ကို အခမဲ့တာဝန်ယူ ကျွေးမွေးထားသည်။ ကျောင်းသားမိဘတစ်ဦးသည် ကျောင်းအိပ်ကျောင်းစားအဖြစ် ပညာသင်ယူနေသောသားအား ဆယ်ရက်တစ်ကြိမ် အိမ်ပြန်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ဆရာတော် က ပညာရေးအနှောင့်အယှက်ဖြစ်စေသည်ဆို၍ ပြန်ခွင့်မပြုခဲ့သည်ကို တွေ့ရဖူးသည်။ သားရွှေတောင်ဆုံးမစာအရ ထိုခေတ်ပညာသင်ကြားရေး၏ အဆင့်ဆင့် သင်ရိုးညွှန်းတမ်း မှာ သင်ပုန်းကြီးကျွတ်လျှင်

၁။ မင်္ဂလာတရားတော်

၂။ ဇာတ်တော်ကြီးဆယ်ဘွဲ့

၃။ သဒ္ဒါကြီးရှစ်စောင်

၄။ အဘိဓမ္မခုနစ်ကျမ်း

၅။ ဝိနည်းငါးကျမ်း

တို့ဖြစ်ပါသည်။ ကဗျာလင်္ကာ၊ ဆေးပညာ၊ ဓမ္မသတ်၊ ဗေဒင်၊ ရာဇဝင် စသည်တိုကို လည်း တွဲဖက်သင်ယူကြရသည်။

လူမှုဘဝတွင် လူတော်လူကောင်းဖြစ်ရေးအတွက် မင်္ဂလာတရားတော်နှင့် ဇာတ်ကြီးဆယ်ဘွဲ့ စသည်တို့ကို သင်ကြားရသည်။ ပညာတတ်မြောက်ခြင်း၏ အကျိုးတရားနှင့် ပညာမဲ့ခြင်း၏ အယုတ်တရားများကိုလည်း ပိုင်းပိုင်းခြားခြား ထင်မြင်စေလိုသော သဘောရှိပါသည်။ သားရွှေဥဆုံးမစာ၌

*'အတတ်ပညာ၊ မရှိပါက၊ ယုတ်မာမတော်၊ ဂုဏ်ညှိုးရော်သား၊ လှေလှော်ဝန်ထမ်း၊ အမှုကြမ်းကို၊ ကြိုးပမ်းဆောင်ရွက်၊ အသက်မွေးတတ်၊ ရှိတို့တတ်၏။ စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပ၊ တတ်စွမ်းကမူ၊ ဓနဥစ္စာ၊ ရတနာကို၊ ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏၊ တင့်တယ်လျောက်ပတ်၊ သက်မွေးမြတ်၏'*

ဟူ၍ပင်ဆိုလေသည်။ စာမတတ်လျှင် အသက်မွေးမှုဆင်းရဲလျက် စာတတ်မူ အသက်မွေးချောင်သည်ကို မြင်စေခြင်းဖြင့် ပညာသင်ကြားကြရန် နှိုးဆော်ခဲ့သည်။

''လူမှုပွဲမ်းတီး၊ ရွှယ်တိုင်းပြီး''ရန်အတွက် ဆရာ့အထံ၊ ဆုံးမခံကာ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်ပညာများကို သင်ပါဟုလည်း တိုက်တွန်းမြဲဖြစ်သည်။ ဆရာ့ထံ ပညာသင်ယူစဉ်

*'မက္ကာထံပါ၊ ပျပ်ဝပ်တွားလျက်၊ တည်ကြားကျုံ့ကျုံ့၊ မယွင်းယုံ့လျှင်၊ နှုတ်တုံ့မလှန်၊ ပန်းသို့ပန်၍၊ နေဟန်ကျစ်လျစ်၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးတွေ့ဖြင့်၊ မြူတေလျှံပြေး၊ ကျောက်ကောင်းသွေးသို့၊ ပြန်မေးပျော်မွေ့၊ မငြီးငွေ့ဘဲ၊ တစ်နေ့သုံးခေါက်၊ ဝင်ရောက်ခစား၊ ဝတ်ငါးပါးလည်း၊ မမှားကျင့်နေ ပြည်စုံစေ'*

ဟု တပည့်ကျင့်ဝတ်ကို ဖော်ပြသည်။

မင်းမှုထမ်းဖြစ်ရန် အထူးကြံရွယ်သူတို့ကား စာပေလေ့လာမှုတွင် ထူးချွန်ရန် ကြိုးစားကြရသည်။ ကြည့်ကန်ရှင်ကြီး မေတ္တာစာတွင် ဤသို့သော ရည်မှန်းချက်ရှိသူတို့အား

*'အတတ်မျိုးကိုသင်လေ၊ ဆောင်ဘိလေ့ကျက်၊ နှုတ်ထွက်ရှင်စေ၊ ပုဒ်ပါဠိ အက္ခရာ၊ သဒ္ဒါလည်းထင်စေ၊ ပရမတ်ရေး ပညတ်ရေးလည်း အတွေးထင်စေ၊ ရာဇဓမ္မ၊ လောကအရေး အတွေးခေါ်လျင်စေ'*

ဟု အကြံပေးတိုက်တွန်းခဲ့သည်။

## ပွဲကျောင်းပညာရေး


ကုန်းဘောင်ခေတ်ဦးတွင် ဂိုဏ်းအမျိုးမျိုးက ဦးစီးပညာသင်ပေးနေသော ကျောင်းအမျိုးမျိုးရှိ၏။ ယင်းတို့တွင် ''တုံတောကျောင်း၊ ပွဲကျောင်း၊ ဂါမဝါသီ'' ကျောင်းတို့ ပါဝင်ကြသည်။ ပင်မအားဖြင့် တောကျောင်းဂိုဏ်း (အရညဝါသီ)နှင့် ရွာကျောင်းဂိုဏ်း (ဂါမဝါသီ)ဟုသာရှိသော်လည်း တောကျောင်းဂိုဏ်းမှာ ပရိယတ္တိ သင်ကြားပေးခြင်းထက် ဝိပဿနာဓူရနည်းကိုသာ ကြိုးစားသင်ကြားဟောပြောသော ကျောင်းမျိုးဖြစ်၏။ ဂါမဝါသီကျောင်းတို့ကသာလျှင် ပညာသင်ကြားရေးကို ဝါယမပြုခဲ့သည်။ပညာသင်ကြားပေးသော ဂါမဝါသီကျောင်းတို့တွင်လည်း

၁။ လောကုတ္တရာစာပေကို ဦးစားပေးသင်သောကျောင်း

၂။ လောကုတ် လောကီ နှစ်လီဖက်၍ သင်သောကျောင်းနှင့်

၃။ လောကီနည်းသက်သက်ကိုသာ သင်သောကျောင်း

ဟူ၍ ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် အမှတ်(၁) အမျိုးအစားနှင့် အမှတ်(၂) အမျိုးအစား ကျောင်းတို့မှာ အနှံ့အပြား၌ရှိပါသည်။ သို့သော်လည်း လောကီအသက်မွေးဝမ်းကျောင်းပညာရပ်သက်သက်ကိုသာ သင်သောကျောင်းကား အတော်နည်းအံ့ထင်ပါသည်။



ယောမင်းကြီးအုတ်ကျောင်းပုံ

ထို့ကြောင့် ဤနေရာတွင် ဂါမဝါသီပွဲကျောင်းတို့ကို ပဓာနပြုလျက် တွေ့ရတတ် သမျှကို တင်ပြလိုပါသည်။


ဗဒုံမင်းသည် သာသနာပြုပြင်ရေး လုပ်၍မရနိုင်တော့သည့်အဆုံး၌ ရဟန်းတို့ ကျင့်လိုရာကျင့်နိုင်ကြောင်းနှင့် ခွင့်ပြုခဲ့ရသည်။ ထိုအထဲတွင်''ပွဲကျောင်းတို့နည်း ကျင့်လိုသူတို့လည်း ကျင့်စေ''ဟု ဖော်ပြပါရှိသည်။ ယင်းတို့သည် လောကီပညာများ မတိမ်ကောရေးအတွက် သင်ကြားပို့ချပေးကြသည်။ ထို့ကြောင့် မြန်မာပညာရှိ ဦးတင်က ''ထိုပွဲကျောင်းများသည် လောကီပညာကြီးပွားရန် အလွန်အထောက်အပံ့ရသော ကျောင်းများဖြစ်ပေသည်''ဟု မှတ်ချက်ချခဲ့ပေသည်။

ဂါမဝါသီပွဲကျောင်းတို့သည် အသင့်အတင့်အခြေခံမျှသော ပါဠိစာပေနှင့် လောကီအတွက် ပဓာနကျသောအတတ်မျိုးဖြစ်သည့် ဂဏသျှတ္တရကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ယတြာကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ အနိုပ်ကျမ်း၊ အသဿဗေဒကျမ်းတို့ကိုလည်းကောင်း၊ ကာကနည်း၊ တီးမှုတ်ကခုန်နည်း၊ ခဲလုံးပစ်နည်း၊ ဒူးလေးပစ်နည်း၊ ပန်းတစ်ဆယ့်တစ်မျိုးလုပ်နည်း၊ လက်ဝှေ့၊ လက်ဗွေ့သတ်နည်း၊ လင်းလေး၊ လောက်လေး၊ လောက်လွှဲပစ်နည်း၊ သိုင်း(ဒိုင်း၊ တုတ်၊ ဓားလှံ)ကနည်းတို့ကို လည်း သင်ကြားပေးသည်။

လက်ဗွေ့နှင့်စပ်၍ ၁၆ မေ ၁၈၁၂ နေ့တွင်ကျင်းပခဲ့သော မက္ခရာမင်းသား ဘုရားထီးတင်ပွဲတွင် ဗဒုံမင်းအမိန့်ဖြင့် သာမဏေ ၁၄ ပါးတို့သည် အရပ်သားတို့ဖြင့် လက်ဗွေ့ယှဉ်ပြိုင်ခဲ့ကြောင်း၊ ထိုပွဲတွင် သာမဏေ ၁၁ ပါးတို့ အနိုင်ရလျက် သုံးပါးသာ ရှုံးနိမ့်ခဲ့ကြောင်းသိရသည်။ သို့ဖြစ်ရာ ထိုသာမဏေတို့သည် ပွဲကျောင်းသာမဏေများ ဖြစ်ကြောင်းနှင့် သိနိုင်သည်။

သို့သော်လည်း သမိုင်းတွင် ပွဲကျောင်းဆိုင်ရာအထောက်အထားကား အားရ ကျေနပ်ဖွယ် မတွေ့ရှိရသေးပါ။ ကုန်းဘောင်ခေတ်မှ မြို့ပြင်ကြီးတိုက် ရွှေကြာပင် ဆရာတော်သည် ပွဲကျောင်းနွယ်ဝင်ဖြစ်လျက် ကာက၊ သိုင်းက၊ ဓားခုတ်၊ လှံထိုး အမျိုးမျိုးသင်ကြားပြသနိုင်သောဆရာကြီးဖြစ်ကြောင်း သိရသည်။ ထို့အတူ ကင်းဝန်မင်းကြီးသည်လည်း ပွဲကျောင်းတွင် ပညာသင်ကြားခဲ့ဖူးသူဖြစ်ကြောင်းနှင့် မှတ်သားရပေသည်။

မြန်မာ့သမိုင်းတွင် ပွဲကျောင်းတို့ကို နှစ်ကြိမ်တိုင် ပိတ်ပင်တားမြစ်ခံခဲ့ရဖူးသည်။ ပထမအကြိမ်မှာ ကုန်းဘောင်ခေတ်ဦး ဗဒုံမင်းလက်ထက်ဖြစ်၍ ဒုတိယအကြိမ်မှာ



နန်းဦးမှန်ဝိကျောင်း
(သီပေါမင်း ပညာသင်ကြားခဲ့ရာကျောင်း)

မင်းတုန်းမင်းလက်ထက်တွင် ဖြစ်ပေသည်။ ပိတ်ပင်ခဲ့ရခြင်းအကြောင်းမှာ နိုင်ငံရေးနှင့် သာသနာရေး အန္တရာယ်ဖြစ်မည်စိုးသောကြောင့်ဟု ထင်ရသည်။ မည်သို့ပင်ဖြစ်စေ ပွဲကျောင်းများ ပိတ်ပင်ခံရသောကြောင့် လောကီပညာရပ်အချို့ တိုးတက်မှု ဖင့်နွှဲခဲ့ရသည်ဟု ကောက်ချက်ချလိုပါသည်။

**ဆေးပညာသင်ကြားရေး**

ပွဲကျောင်းပညာရေးတွင် ဆေးပညာရပ်ပါဝင်ကြောင်းနှင့် အထက်က ဖော်ပြခဲ့ပါသည်။ သို့သော်လည်း သမိုင်းအထောက်အထားဖြင့်မူ ဆုပ်ဆုပ်ကိုင်ကိုင်ပြောနိုင်ခြင်း မရှိသေးပေ။ ထင်ရှားသော ဆေးဆရာကြီးတို့ထံတပည့်ခံလျက် လက်တွေ့သင်ယူကြရသည်များကိုသာ တွေ့ရှိရပါသည်။ ဆေးပညာသင်ကြားရေးသည် ဗဒုံမင်းလက်ထက်တွင်အထူးခြားဆုံးဟုထင်မိပါသည်။ ဗဒုံမင်းက ဆေးကျမ်းများစုဆောင်းခြင်း၊ ဘာသာပြန်စေခြင်းနှင့် ဆေးပညာရှင်များကို ခေါ်ယူစစ်မေးခြင်းများလည်းပြုလုပ်ခဲ့ဖူးပါသည်။ ထို့ကြောင့် ယင်းခေတ်၏ဆေးပညာရေးကို တစေ့တစောင်း မြင်တွေ့ရပါသည်။

မြန်မာတို့၏တိုင်းရင်းဆေးပညာသည် အိန္ဒိယဆေးပညာကို အခြေခံခဲ့ကြောင်း အများအသိပင်ဖြစ်ပါသည်။ ပုဂံခေတ်ကတည်းက အိန္ဒိယဆေးကျမ်းများကို မြန်မာတို့ လေ့လာခဲ့ကြပါသည်။ ထိုအစဉ်အလာမှာ ကုန်းဘောင်ခေတ်ဦးတိုင် တည်မြဲနေဆဲဖြစ်ပါသည်။ ဗဒုံမင်းသည် မြန်မာဆေးပညာထွန်းကားရေးအတွက် အိန္ဒိယသို့ ကျမ်းစုအဖွဲ့များ အကြိမ်ကြိမ်ပင် စေလွှတ်ခဲ့သည်။ ကျမ်းစုအဖွဲ့များ သယ်ဆောင်လာသောကြောင့် မြန်မာတို့သည် အိန္ဒိယဆေးကျမ်းပေါင်း ၂၃ ကျမ်းမျှ လေ့လာနိုင်ခွင့်ရရှိခဲ့ပါသည်။

ဆေးကျမ်းများကို ဗဒုံမင်းက မောင်းထောင်ဆရာတော်အား မြန်မာပြန်စေသည်။ ၃ စက်တင်ဘာ ၁၈၀၆ နေ့အမိန့်တော်ကို ပြန်ကြားခဲ့သောဆရာတော်၏ မေတ္တာစာအရ ဆေးကျမ်း(၁၅)ကျမ်း မြန်မာဘာသာ ပြန်ဆိုပြီးစီးခဲ့ကြောင်း သိရသည်။ ဗဒုံမင်းသည် ဘာသာပြန်လုပ်ငန်း နှေးကွေးခြင်းကို အားရနိုင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ၂၃ ဖေဖော်ဝါရီ ၁၈၀၈ တွင်တစ်ကြိမ်၊ ၃၀ မေ ၁၈၁၀ တွင်တစ်ကြိမ် နှစ်ကြိမ်တိုင် ဘာသာပြန်လုပ်ငန်းဆောင်ရွက်ဖို့ နှိုးဆော်ခဲ့ပါသည်။

ဗဒုံမင်းသည် ယင်းနတ်ရွာမစံမီ လပိုင်းအတွင်း ၁၈၁၉ ခု မေလ၌ ဆေးပညာရှိကြီးများကို ဒုတိယအကြိမ် ခေါ်ယူတွေ့ဆုံ၏။ တွေ့ဆုံသောရက်တို့မှာ မေလ ၆၊ ၇၊


၈၊ ၁၀၊ ၁၃၊ ၁၄၊ ၁၈ နှင့် ၁၉ ရက်များဖြစ်သည်။ တက်ရောက်လာသည့် သမားတော်တို့မှာ အသက်အားဖြင့် ၆၀ ကျော်မှ ၉၀ ကျော်ထိပါကြ၏။ လင်္ဂတောမှ ဆရာကြောင်မှာ အသက် ၉၈ နှစ်ရှိ၍ အကြီးဆုံးသမားဖြစ်လေသည်။ ယင်း သမားဖြစ်လာပုံမှာ တနင်္သာရီဆရာကြီးထံ နည်းနာခံလျက် အသက် ၁၈ နှစ်မှ စတင်ဆေးကုသခဲ့ကြောင်းနှင့် ထွက်ဆိုသည်။ ရွာထောင်ရွာမှ ဆရာသော်ကမူ ပေါင်တောင်ကူရွာ ဆရာပိန်ထံ အသက် ၃၀ ရွယ်က နည်းနာခံကြောင်း အစစ်ခံ၏။ စစ်ကိုင်းမှ ဆရာရွှေပုကမူ ပြစ်တောင်းထမ်းကာ လိုက်ပါတပည့်ခံရင်း ဆေးပညာသင်ယူကြောင်းနှင့် လျှောက်ထားခဲ့၏။ ပန္တာတိုက် ဆရာချစ်ပွင့်ကမူ အဘေး အဘိုး အဘမှ ဆင်းသက်ဆက်ခံသင်ယူခဲ့ပါကြောင်းနှင့် ထွက်ဆိုပါသည်။

ထိုထွက်ဆိုချက်များကိုလေ့လာသော် ဆေးပညာကို ကျော်ကြားသောသမား တို့အထံ တပည့်ခံသင်ယူကြခြင်းသာဖြစ်ကြောင်းတွေ့ရသည်။ ဂါမဝါသီပွဲကျောင်း တို့တွင်သင်သော အထောက်အထားမူ မတွေ့ရသေးချေ။ အများနှင့်သင်ကြားမှုထက် တစ်ဦးတစ်ယောက်ချင်း နှစ်ရှည်လများ တပည့်ခံသင်ယူလေ့လာမှုက ပို၍ထိရောက် အကျိုးများစေမည့်သဘောဟု ထင်ပါသည်။ ပညာကို အလွယ်တကူမရနိုင်ဟူသော သဘောလည်းဆောင်ပါသည်။ နည်းလာခံသူအား သမားတို့က ဆေးစု၊ ဆေးဖော်၊ ဆေးကုခြင်းတို့၌ ကျမ်းစာအသိထက် လက်တွေ့အသိကို ပိုမိုဦးစားပေး သင်ကြား ခဲ့မည်ဟု ယုံကြည်ပါသည်။

## ဘာသာခြားလေ့လာမှု

ပါဠိ၊ သက္ကတဘာသာစာပေနှင့် မြန်မာတို့ နှစ်ပေါင်းများစွာ ပွန်းတီးခဲ့သော် လည်း အခြားဘာသာစာပေလေ့လာမှုတွင်ကား အလွန်ပင် အတွေ့အထိနည်းပါးခဲ့ သည်။ သံတမန်ဆက်သွယ်ရေး အသုံးတော်မျှအတွက်သာ လေ့လာခဲ့ကြမည်ထင်ပါ သည်။ ဘုရင့်အမှုထမ်းတို့မှ တရုတ်သံခံ၊ ယွန်းသံခံနှင့် ကုလားဝန်တို့သည် မျိုးခြား ဘာသာစာပေ တတ်ကျွမ်းသူများဖြစ်ကြသည်။

မြန်မာမင်းတို့သည် မိမိတို့သမိုင်းကြောင်းတစ်လျှောက် ဆက်ဆံခဲ့ရသော အိမ်နီးချင်းနိုင်ငံတို့၏ ဘာသာစာပေစကားကို လေ့လာစေခဲ့ပါမည်။ တရုတ်၊ ဗီယက်နမ်၊ ယိုးဒယား၊ မလေးရှား၊ သီရိလင်္ကာနှင့် အိန္ဒိယဘာသာစာပေတို့သည် မြန်မာတို့အတွက် လေ့ကျွမ်းထားရမည့် ဘာသာစကားဖြစ်ပါသည်။ ဗဒုံမင်းလက်ထက် သီရိလင်္ကာသို့



ရွှေနန်းတော်ကျောင်း
(မင်းတုန်းမင်းကြီး အိပ်ခန်းတော်)

ဝတ်မြေဝန် နန္ဒသူရကို ကျမ်းဂန်အရှာအဖွေစေလွှတ်သောအခါ ''သီဟိုဠ်စာတတ်၊ ကျည်းစာတတ်နှင့် ယွန်းစာတတ်''တို့ လိုက်ပါကြရသည်။ သို့သော် ထိုဘာသာခြား စာပေတို့တတ်ကျွမ်းရန် မည်သို့မည်ပုံ လေ့ကျင့်သင်ကြားပေးသည်ဟူသော အထောက် အထားကား မတွေ့ရဖူးချေ။ မြန်မာနိုင်ငံရောက် ဇာတိသားတို့ကိုပင် အသုံးချသလော ဟူ၍လည်း တွေးထင်ရန်ရှိပါသည်။ မြန်မာအမည်များနှင့် တွေ့ရှိရသောကြောင့် မြန်မာများပင်ဖြစ်မည်ဟူ၍လည်း ယူဆနိုင်ပါသည်။

သိုးဆောင်းဘာသာသင်ကြားရေးနှင့်စပ်သော အထောက်အထားတစ်ရပ်ကို ကား ဗဒုံမင်း၏ ၃ မတ် ၁၈၁၀ ရက်စွဲဖြင့်ထုတ်ပြန်သော အမိန့်တော်အရ သိရှိရပါသည်။ သိုးဆောင်းဘာသာဟူသည်မှာ ဥရောပဘာသာစကားကို ဆိုလိုခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားဖြစ်မည် ယုံကြည်ရပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာ အင်္ဂလိပ်ဆက်ဆံရေးသည် အနောက်ဘက်နယ်ခြားအရေးအခင်းကြောင့် သတိကြီးစွာ ထား၍ ဆက်ဆံနေရချိန်နှင့် ကြုံကြိုက်လျက်ရှိပါသည်။ အရေးအခင်းတို့ဖြေရှင်းရေး အတွက် အင်္ဂလိပ်ဘာသာစကားသည် မသုံးမဖြစ်လိုအပ်လျက်ရှိနေပါမည်။ ထို့ကြောင့် ဗဒုံမင်းကိုယ်တိုင်က

> *''ဟံသာဝတီမြို့နေ သဘော်သားစကားပြန်ပင်လယ်ကင်းစာပေ၊ ဇော်ရစီ က အသုံးတော်ရအောင် လူငယ် ငရွှေဦး၊ ငရွှေဘူး၊ ငရွှေရော်၊ ငရွှေပုတို့ လေးယောက်ကို သိုးဆောင်းကုလားတို့ ဘာသာစာတတ်အောင် အမိန့်တော်မြတ် နှင့်သွန်သင်ရပါသည်။ တခြားတစ်ပါးက အဝတ်ပုဆိုး ကျွေးမွေးပေးကမ်းသည် အရာမရှိပါ။ ကိုယ်က စိုက်ထုတ်ကျွေးမွေးသွန်သင်ရပါသည်။ စာသင်လူငယ်တို့ကို ပြုစုကျွေးနိုင်ပါအောင် ဟံသာဝတီဆိပ်တော်သို့ဆိုက်ရောက်သည်၊ သဘော်သူကြီး တို့က သတင်းကြားလက်ဆောင်တော်ဆက်ရန် တစ်ကျွန်းပုဆိုး အနားပါပိတ်အုပ် များကို တခြားတစ်ပါးမဝယ်ယူစေရ၊ ဈေးနှုန်းပေါက်ရာ တစ်ဝတည်းရောင်းပါရမည် အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်ချက်အတိုင်း သဘော်သူကြီးတို့က သတင်းကြား လက်ဆောင်တော်ဆက်ရန် တစ်ကျွန်းပုဆိုး အနားပါပိတ်အုပ်များကို စကားပြန် ဇော်ရစီက တစ်ဝတည်းရောင်းစေ။ ဇော်ရစီကလည်း စာသင်လူငယ်တို့ကို တတ်လွယ်အောင် လုလ္လပြု၍သင်စေ''*

ဟူ၍ အမိန့်တော်ထုတ်ခဲ့သည်။ ဤတွင် သိုးဆောင်းဘာသာသင် ဆရာအမည် ဇော်ရစီ (George)နှင့် တပည့်လေးဦးတို့မှာ ငရွှေဦး၊ ငရွှေဘူး၊ ငရွှေရော် နှင့် ငရွှေပုတို့ဖြစ်

ကြောင်းသိရပါသည်။ ယင်းတို့လေးဦးသည် နိုင်ငံအတွက် အစောဆုံး သိုးဆောင်း ဘာသာသင်ကြားရသူများဖြစ်ပါသည်။

ထို့နောက်တွင်ကား မြန်မာနိုင်ငံတွင် ခရစ်ယာန်သာသနာပြုကျောင်း အမွန်အစ ပေါ်လာခဲ့သည်။ ကျောင်းဖွင့်သင်ကြားပေးသူမှာ အမေရိကန်သာသနာပြု ဆရာယုဒသန် (Adoniram Judson) ဖြစ်ပါသည်။ ၁၈၁၇ ခုနှစ်တွင် ရန်ကုန်မြို့၌ တရားဟော ဇရပ်တစ်ဆောင်ဆောက်လုပ်လျက် တရားဟောကာ တစ်ဖက်မှ ကလေးငယ်တို့အား ပညာသင်ကြားပေးခဲ့သည်။ မြန်မာအင်္ဂလိပ် ပထမစစ်အပြီး ရန္တပိုစာချုပ်ချုပ်ဆိုသော အခါ ယုဒသန်သည် စကားပြန်အဖြစ်အမှုထမ်းခဲ့သည်။

မင်းတုန်းမင်းလက်ထက်တွင် စက်မှုလုပ်ငန်းများ ထူထောင်လာကြသော ကြောင့် ပညာသင်ကြားရေးတွင် ပြောင်းလဲမှုအတော်အသင့် ဖြစ်ပေါ်လာခဲ့သည်။ ရှေးအစဉ်အလာ ပညာသင်ကြားရေးအပြင် အနောက်တိုင်းပညာရပ်များ သင်ကြားရေး မှာ အထူးလိုအပ်လာသည်။

ထို့ကြောင့် ပြင်သစ်၊ အီတလီ၊ အင်္ဂလန်နှင့် အိန္ဒိယသို့ မြန်မာပညာတော်သင် များကို စေလွှတ်ခဲ့သည်။ စေလွှတ်ခဲ့သမျှပညာသင်တို့တွင် မပေါက်မြောက်သူ အများ ပင်ရှိသကဲ့သို့ ပေါက်မြောက်အောင်မြင်သူတချို့လည်း ရှိပေသည်။ ထိုပညာသင်များ ၏လုံ့လကြောင့် မြန်မာတို့ နိုင်ငံရေးအသိပညာနယ်ပယ်သာမက သိပ္ပံပညာရပ်နယ်ပယ် ကိုလည်း အတော်အသင့် တိုးတက်ချဲ့ထွင်လာနိုင်ခဲ့ပေသည်။

သို့သော်လည်း စက်မှုနိုင်ငံမထူထောင်နိုင်သကဲ့သို့ နယ်ချဲ့မုန်တိုင်းကိုလည်း မတားဆီးနိုင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် အစဉ်အလာပညာရေးစနစ်ဟောင်းမှ လမ်းခွဲလျက် အနောက်တိုင်းပညာရေးစနစ်နှင့် ပေါင်းကူးပေးနိုင်မည့် ခေတ်သစ်အခြေခံ ပညာရေးစနစ်ကို မထူထောင်နိုင်သောကြောင့်ပင်ဖြစ်သည်။

အချုပ်ဆိုရသော် မြန်မာတို့၏ အစဉ်အလာပညာရေးစနစ်ကား ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့လက်ထက်တွင် အားရကျေနပ်ဖွယ် တိုးတက်လာခဲ့ပါသည်။ သို့သော် လည်း ဗုဒ္ဓသာသနာကိုအခြေခံသော ပညာရေးစနစ်ဖြစ်၍ ယဉ်ကျေးသိမ်မွေ့ခြင်း တည်းဟူသော အကျိုးတရားကိုသာ ရရှိနိုင်သောစနစ်ဖြစ်လျက် ခေတ်သစ်လူ့ဘောင် သမိုင်း၏ တိုးတက်မှုကိုကား ထိုပညာရေးစနစ်က မဖော်ဆောင်နိုင်ခဲ့ချေ။

မင်းတုန်းမင်းလက်ထက် အနောက်တိုင်းနိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ခဲ့ပါသော်လည်းနိုင်ငံတွင်း၌အနောက်တိုင်းပညာဖြင့်ပေါင်းကူးပေးနိုင်သောပညာ

ရေးစနစ်မျိုးမရှိသဖြင့်အောင်မြင်သင့်သလောက်မအောင်မြင်ခဲ့သည်ကိုတွေ့ရှိရပါသည်။

**ကျန်းမာရေး**

မြန်မာမင်းတို့သည် ထီးနန်းသိမ်းပိုက်စိုးစံမိသောအခါ အရက်သေစာသောက်စားမူးယစ်ခြင်းကို တားဆီးပိတ်ပင်လေ့ရှိကြသည်။ ဤပညတ်ချက်သည် ပြည်သူတို့၏ ကျန်းမာရေးကို မြှင့်တင်လိုခြင်းသဘောထက် သာသနာတော်၏ တားမြစ်ချက်ကို ပြန်လည်ဖော်ထုတ်လိုက်နာစေလို၍သာဖြစ်ရန် အကြောင်းရှိပါသည်။ သို့သော်လည်း လက်တွေ့တွင် ပြည်သူတို့၏ကျန်းမာရေးအတွက် အထောက်အကူပြုသည် အမှန်ဖြစ်သောကြောင့် ဓလေ့ကောင်းတစ်ခုဟုပင် သတ်မှတ်ရမည်ဖြစ်ပါသည်။

ပြည်သူတို့ကိုယ်၌ကလည်း ကျန်းမာရေးကို အထောက်အကူဖြစ်သော ကိုယ်လက်လှုပ်ရှားမှုများ အသင့်အတင့်လုပ်ခဲ့ကြကြောင်း သိရပါသည်။ ခြင်းခတ်ခြင်း၊ လက်ဝှေ့၊ လက်ပန်းသတ်ခြင်း စသည်တို့မျိုးဖြစ်ပါသည်။ သို့သော်လည်း အသိနှင့်ယှဉ်၍ နိုးဆော်လုပ်ကိုင်ကြခြင်းမျိုးကား မဟုတ်ချေ။

မြို့ရွာသန့်ရှင်းရေးဆောင်ရွက်မှုကို အတော်အသင့် နားလည်သဘောပေါက်ပြီဟုကား ယုံကြည်ရသည်။ မြို့ရွာသန့်ရှင်းရေးဟူရာ၌ လမ်းများသန့်ရှင်းစေခြင်း၊ မြူဖုန်မထရန် သဲခင်းခြင်း၊ မြို့တွင်းလမ်းများပေါ်တွင် ဆင်၊ မြင်းတို့ကို ဖြည်းနှေးစွာသွားလာစေခြင်း စသည်တို့ဖြစ်ပါသည်။

မြို့ရွာသန့်ရှင်းရေးကို သာဓိနပျို့၌ အောက်ပါအတိုင်း ဆော်ဩထားသည်ကို တွေ့ရပါသည်–

*'ရွှေပြည်သာခြင်း၊ ရွှေမြို့တွင်းဝယ်၊ ရှင်းရှင်းသန့်ပြန့်၊ အနံ့ကုန်စင်၊ သုတ်သင် မှိုက်မြက်၊ မယှက်ရအောင်၊ ဖိတ်ဖိတ်ပြောင်မျှ၊ သဲရောင်ဖွေးဖွေး၊ လမ်းသေးလမ်းသွယ်၊ လမ်းငယ်မှစ၊ လမ်းမတစ်ခွင်၊ စိုင်းနှင်အပြင်း၊ ဆင်မြင်းကစ၊ မသွားစေရ၊ ပြသသေချာ၊ ခွဲစိတ်ဖြာ၍၊ ဆိုင်ရာပိုက် သိမ်းစေသတည်း'*

*(အပိုဒ် ၁၃)*

နိုင်ငံတော်အတွင်း၌ အိုမင်းမစွမ်းရှိသူများ၊ နာသူ၊ ရူးသွပ်သူနှင့် ကိုယ်ဝန်သည်များကို ပြုစုစောင့်ရှောက်ခဲ့သော အခမဲ့ဆေးရုံ ဆေးပေးခန်းများလည်း ရှိခဲ့သည်။ ၂၈ ဇူလိုင် ၁၈၁၂ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော ဗဒုံမင်းအမိန့်တော်တစ်ခု၌

*'သူအို သူနာ ကြည့်ရှုမှုကို တောင်ငူမင်း အတွင်းဝန် ဥဒိန်ဖေယကျော်က ဆေးကုစေ။ အရှူးတို့ကို ပုသိမ်မင်းအတွင်းဝန် ကျော်ခေါင်လက်ယာက အသီးသီး တစ်ဝတည်း ထိန်းသိမ်းကြည့်ရှုကုမစေ'*

ဟူ၍ ပါရှိလေသည်။

ဗဒုံမင်းသည် ဆေးပညာတိုးတက်ရေးကိုလည်း များစွာဆောင်ရွက်ခဲ့သည်။ အိန္ဒိယသို့ ကျမ်းစုအဖွဲ့များ အကြိမ်ကြိမ်စေလွှတ်၍ ဆေးကျမ်းများလည်း စုဆောင်းစေခဲ့သည်။ ယင်း၏လုံ့လကြောင့် သီရိလင်္ကာမှ ဆေးကျမ်းများလည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ဆေးပညာဘာသာပြန်လုပ်ငန်းများကို မောင်းထောင်ဆရာတော် အားဆောင်ရွက်စေသဖြင့် ဆေးကျမ်း(၁၅)ကျမ်း ပြန်ဆိုပြီးစီးခဲ့သည်။ ဗဒုံမင်းလက်ထက် မတိုင်မီက ဆရာကြီးဦးမြတ်ထွန်း၏ ခွေးဆောင်ကုထုံးကျမ်းတစ်စောင် ပေါ်ထွန်းခဲ့ဖူးသည်။ မြေဒူးမင်းလက်ထက်ရေး ဆေးကျမ်းဖြစ်သည်။

ဗဒုံမင်းသည် ဆေးပညာရှင်များကို နေပြည်တော်သို့ဖိတ်၍ ဆေးပညာ ဆွေးနွေးမှုများလည်း နှစ်ကြိမ်တိုင်လုပ်ကိုင်ခဲ့ဖူး၏။ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲကို ၈ ရက်တိုင်တိုင် ပြုလုပ်ခဲ့သည်။ တက်ရောက်လာသည့် ထင်ရှားသော သမားတော်ကြီးတို့မှာ လင်္ကာဆရာကြောင်၊ ရွာထောင်ဆရာသော်၊ စစ်ကိုင်းဆရာရွှေပု၊ ပဋ္ဌာတိုက်ဆရာချစ်ပွင့် စသည်တို့ဖြစ်ပေသည်။ ယင်းတို့ ဆေးပညာဆည်းပူးပုံနှင့် သမားဖြစ်လာပုံများကိုလည်း သိရှိရ၏။

ကုန်းဘောင်ခေတ်တွင် အနောက်တိုင်းဥရောပဆေးပညာရပ်များနှင့် ပညာရှင်များလည်း သာသနာပြုများနှင့်အတူ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ဗဒုံမင်းလက်ထက် ခင်ကြီး အစ်ဂနာဇီဒေဗြိတော(Father Ignazie De Brito)၊ သာယာဝတီမင်းလက်ထက် ဟင်နရီဘာနေ(Henry Burney)၊ မင်းတုန်းမင်းလက်ထက် ဖရန့်စစ်မေဆင်(Francis Mason)တို့က ဥရောပဆေးကျမ်းများကို ဘာသာပြန်ခြင်း၊ ဖြည့်စွက်ထုတ်ဝေခြင်းများ ပြုလုပ်ခဲ့ကြသည်။ မင်းတုန်းမင်းလက်ထက် ရတနာပုံရွှေမြို့တော် လေးပြင် လေးရပ်၌ ဖွင့်လှစ်ထားသောဆေးရုံများ၌ မြန်မာသမားတော်ကြီးများအပြင် ဂျာမန်သမားတော်ကြီး ဒေါက်တာမာဖယ်(Dr. Marfels)လည်း ဦးဆောင်ဦးရွက် ပါဝင်ခဲ့သည်။ ထိုဆေးရုံများနှင့်စပ်၍ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (တတိယအုပ်)၌ တခမ်းတနားပင် ဖော်ပြထားသည်။

*'ထိုနှစ် နှောင်းတန်ခူးလ (၁၈၆၃ ခု၊ မတ်လ)သူအို သူနာတို့ နေထိုင်စေရန် ရွှေမြို့တော်အတွင်းလေးမျက်နှာမှာ အမိန့်တော်နှင့် ဝင်းအိမ်တိုက်တန်း ဆောက်လုပ်ပြီးလျှင် သူအိုသူနာတို့ကို နေထိုင်စေ၍ ဆန် ဆား ငါးပိ စမဲဟင်းလျာ အစားအစာအသုံးအဆောင်များကို လုံလောက်အောင်ပေးကမ်းပြီးမှ အကြီးအကြပ်နှင့် ကောင်းမွန်စွာချက်ပြုတ်ကျွေးမွေးပြုစုပြီးလျှင် သူနာ သူအို တိုက်ဆယ်တိုက်များတွင် တိဟိတ် ဥက္ကဋ္ဌ ဈာနလာဘီ လောကီဈာန်မွေ့ ရသေ့ပညာရှိတို့သည် လူသာမန်တို့နှင့်မတန်၊ အသိဉာဏ်ဖြင့်စီရင်အပ်သော ကမ္ဘာတန်ဆာဆေးကျမ်းကြီးများကို အာစရိယမုဋ္ဌိ လက်ရှိ လောက်လုံ နှုတ်ငုံသင်ကြား ကျက်စားချင်းနင်း တတ်မြောက်ကုန်သော ဘေသဇ္ဇဝိဒူ ပါရဂူဖြစ်သော သမားတော်ကြီးသုံးယောက်စီနှင့် အနှိပ်လက်သည်တော် အသီးသီးပေးအပ်၍ ကုမပြုစုရသည်။ သေလွန်လျှင်လည်း စရိတ်ငွေတော်ထုတ်ပေး၍ သင်္ဂြိုဟ်တော်မူ၏'*

ဗဒုံမင်းလက်ထက်မှာကဲ့သို့ပင် မင်းတုန်းမင်းလက်ထက်တွင်လည်း ဆေးပညာတိုးတက်မှုများရှိပေသည်။ ယောမင်းကြီးဦးဘိုးလှိုင်၏သွေးစမ်းကျမ်း (၁၈၅၉)၊ ဓာတ်ကျမ်း (၁၈၆၈)၊ ကာယာနုပဿနာကျမ်း (၁၈၇၆)နှင့် ဥတုဘောဇနသင်္ဂဟကျမ်း (၁၈၈၀)တို့ကား ထင်ရှားသောဆေးပညာဆိုင်ရာကျမ်းများ ဖြစ်ပေသည်။ တရုတ်ဆေးကျမ်းများကိုလည်း စိတ်ဝင်စားလာကြောင်း တွေ့ရသည်။ မင်းတုန်းမင်းကြီးသည် တရုတ်သမားတော်ကြီးများ ဖြစ်သော လောဝီ၊ လောဆန်ချိမ့်နှင့် ယင်ချောက်တို့ ဆက်သသောဆေးကျမ်းကို ၂၇ အောက်တိုဘာ ၁၈၆၉ နေ့တွင် ဘာသာပြန်ဆိုရန် အမိန့်တော်ရှိ၍ စကားပြန် တာရဲစက်ကန်၊ လောတုံတို့က မြန်မာဘာသာပြန်ဆိုလျက် လွှတ်တော်စာရေးဦးနွဲ့က ရေးမှတ်ကာ ဂန္ဓာလရာဇ်ဆေးကျမ်းတစ်စောင်လည်း ပေါ်ထွန်းခဲ့လေသည်။

မင်းတုန်းမင်းလက်ထက်တွင် ထင်ရှားသောသမားတော်ကြီးတို့မှာ ဦးခဲ၊ ဦးစံဝင်း၊ ဦးတူ၊ ဦးနေဝင်း၊ ဦးပေါ၊ ဦးပို၊ ဦးဘ၊ ဦးဘဲ၊ ဦးမိတ်၊ ဦးမှိုင်း၊ ဦးဟိန်း တို့ဖြစ်လေသည်။ ဆရာပိုသည် ဓာတ်ဆရာကြီးအဖြစ် အလွန်ထင်ရှားသကဲ့သို့ တောင်သာဆရာကြီးကလည်း အဘိဓမ္မာနည်းဖြင့် ကုသမှုထင်ရှားလာခဲ့ပေသည်။ နေပြည်တော်တွင် အထက်ပါဆရာကြီးများ ထင်ရှားသကဲ့သို့ နယ်ပယ်ဒေသတို့တွင်လည်း ဆရာအမည်ခံဗိန္ဓောဆရာများ ရှိကြပေသည်။ ထိုပုဂ္ဂိုလ်များက ပြည်သူတို့၏ကျန်းမာရေးကို တာဝန်ယူဆောင်ရွက်နေကြသည်။

သို့သော်လည်း ရောဂါကို ကြိုတင်ကာကွယ်မှုသဘောကိုကား နားလည်ခြင်း ရှိကြဟန်မတူသေးပေ။ ရောဂါဘယနှင့်ပတ်သက်၍ စုံးနတ်ဖမ်းစားခြင်းစသော အယူသီးခြင်းများလည်းရှိခဲ့သည်။ ရောဂါဘယလည်း ထူပြောခဲ့သည်။ ဗဒုံမင်းလက်ထက် ၁၈၀၂ ခု ခွေးချီးရွာ စစ်တမ်းတွင် အိမ်ခြေ ၆၀ ရှိသည့်အနက် ရွှေ့ပြောင်းအိမ်ထောင် သုံးဆယ့်ကိုးအိမ်၊ အိမ်ထောင်စုံသေ တစ်ဆယ့်နှစ်အိမ်ရှိခဲ့ကြောင်းသိရသဖြင့် ကပ်ရောဂါကျရောက်သဖြင့် ကျေးရွာပျက်ပြားရပုံကို မြင်သာနိုင်ပါသည်။ ရောဂါဘယထူပြောရခြင်းမှာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးသောကြောင့်ဟု အီတလီဘုန်းတော်ကြီး ဆင်ဂျာမနီး(Sangermano)က မှတ်ချက်ချခဲ့သည်။ ဝမ်းကိုက်ရောဂါ၊ ဝမ်းရောဂါနှင့် ကျောက်ရောဂါများ ထူပြောခဲ့သည်။ ကလေးအသေအပျောက်လည်းများမည်ဟု မှန်းဆရ၏။ အဘယ်ကြောင့်ဆိုသော် မင်းကေရာဇ်တို့၏ သားတော်သမီးတော်များစာရင်းတို့ကို လေ့လာသောအခါ ''ငယ်ကလွန်''သူများ စာရင်းအတော်အသင့် တွေ့ရှိရသောကြောင့် ဖြစ်ပါသည်။ နူနာရောဂါသည်များလည်း ပေါများမည်ကေန်ဖြစ်ပေသည်။ အရွတ်ဝန်ဟူသည်မှာ ထို ကိုယ်မကောင်းသူများအရေးကို စီမံခန့်ခွဲရန်ခန့်ထားသော အရာရှိဖြစ်ပေသည်။

အချုပ်ဆိုရသော် မင်းကေရာဇ်၏အစိုးရသည် ပြည်သူတို့၏ကျန်းမာရေးကို တတ်နိုင်သလောက် ဆောင်ရွက်ပေးခဲ့သကဲ့သို့ ဆေးပညာတိုးတက်ရေးတို့ကိုလည်း အတော်အသင့် ကြိုးပမ်းခဲ့ကြသည်ကို တွေ့ရှိရသည်။ ပြည်သူတို့သည်လည်း ကျန်းမာရေးဆိုင်ရာကိုယ်လက်လှုပ်ရှားမှု ရှိတန်သလောက် ရှိခဲ့ကြသော်လည်း အားကစားထက် လောင်းကစားဖြင့်သာ အချိန်ကုန်သည်ကများကြောင်းနှင့် ဆင်ဂျာမနီး မှတ်တမ်းအရ သိရှိရပေသည်။ စင်စစ်မူ ကျန်းမာရေးပညာအသိနည်းပါးသေးခြင်းပင် ဖြစ်သည်ဟု ကောက်ချက်ချလိုပါသည်။

## ကိုးကွယ်ယုံကြည်မှု

ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတွင် မှတ်သားဂုဏ်ယူစရာတစ်ရပ်မှာ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့် ရှိခြင်းပင်ဖြစ်သည်။ သာသနာဝင်အသီးသီးတွင် ဗုဒ္ဓသာသနာသက်ဝင်ယုံကြည်မှုနှင့် နတ်ကိုးသူသည် အများစုဖြစ်သည်။ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်သာသနာဝင်တို့နှင့်ယှဉ်၍ အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြသည်။

**ဗုဒ္ဓသာသနာ**

ဗုဒ္ဓသာသနာသက်ဝင်ယုံကြည်သူတို့ကို ရဟန်းတော်များက ဆုံးမညွှန်ပြသည်။ ရဟန်းတော်တို့မှာ ပုဂံခေတ် အရှင်အရဟံ၏အဆက်အနွယ်များဟု ယုံကြည်ကြသည်။ ကုန်းဘောင်ခေတ်တွင် ဗုဒ္ဓသာသနာဆိုင်ရာ ထူးခြားသောအဖြစ်အပျက် အပြောင်းအလဲများရှိခဲ့သည်။ ယင်းတို့တွင် (၁)အတင်အရုံ ကွဲပြားမှုချုပ်ငြိမ်းခဲ့ခြင်း၊ (၂)သာသနာရေး ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်ခဲ့ခြင်းနှင့် (၃)ဇောတိအယူဝါဒဂိုဏ်း ပေါ်ထွန်းလာခြင်း တို့ဖြစ်သည်။

ရဟန်းတို့လောကတွင် ညောင်ရမ်းမင်းတို့လက်ထက်မှစတင်ခဲ့သော အတင် အရုံပြိုင်ဆိုင်ပြောဆိုကြမှုသည် အလောင်းမင်းတရားကြီးလက်ထက်တွင် တစ်ကြိမ်၊ စဉ့်ကူးမင်းလက်ထက်တွင်တစ်ကြိမ် နှစ်ကြိမ်တိုင် ပြိုင်ဆိုင်ပြောဆိုခဲ့ကြသော်လည်း ပြီးပြတ်ခြင်းမရှိခဲ့ချေ။

ဗဒုံမင်းလက်ထက်တွင် အရုံဂိုဏ်းကို တစ်ချက်တည်း တည်စေခဲ့သည်။ ဗဒုံမင်းသည် သာသနာမထွန်းကားသေးသော နယ်စွန်နယ်ဖျားဒေသများသို့ သာသနာပြု များစေလွှတ်လျက် တစ်ဖက်မှလည်း သာသနာသန့်ရှင်းရေးများ ပြုလုပ်ခဲ့သည်။ ဝိနည်းသိက္ခာမေးမရသောရဟန်းများ၊ ဝိနည်းသိက္ခာနှင့်မညီညွတ်သော ရဟန်းများကို လူဝတ်လဲစေခဲ့သည်။ ထို့အတူ သိမ်ဝင်၍ ရဟန်းမပြုစေဘဲ သုတ္တန်ကျမ်းနှင့်အညီ သရဏဂုံကိုတည်စေလျက် ရဟန်းပြုနည်းသစ်ကို ပြဋ္ဌာန်းဖော်ဆောင်ပေးခဲ့သည်။ သို့သော်လည်း ဗဒုံမင်း၏သာသနာပြုပြင်ရေးသည် မအောင်မြင်ဘဲ နောက်ဆုံး လက်လျှော့ခဲ့ရသည်။

ဗဒုံမင်း၏ သာသနာရေးလက်လျှော့ခဲ့သည့်အမိန့်တော်ကြောင့် ရဟန်းတို့ ကျင့်လိုရာကျင့်ဆောင်နိုင်ခွင့် ရရှိသွားကြသည်။ ရှေးပွဲကျောင်း ရဟန်းတို့ကဲ့သို့ ''ဦးထုပ်ဆောင်း၊ သရပတ်ဆောင်း၊ ဒုကုဋ်တင်၊ ရင်ဘွဲ့စည်း၊ စည်တီး၊ မီးနှက်၊ ဆေးရေး၊ ကွင်းထိုး၊ မသာလိုက်၊ ဗေဒင်ဟော၊ လေ့လော် လက်ပွေ့သတ်''မှစ၍ လုပ်လိုသမျှ လုပ်ကိုင်ခွင့်ပြုခဲ့သော်လည်း ဇောတိအယူဂိုဏ်းကိုကား အပြင်းအထန် နှိမ်နင်းခဲ့ပါသည်။ ထိုဂိုဏ်းသည် မြေဒူးမင်းလက်ထက်မှ စတင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ထိုဂိုဏ်း၏အယူဝါဒမှာ ပုဂံမင်းလက်ထက် ''ငပေါအိအစစ်ခံချက်အရ'' (၁) စေတီပုထိုး ရုပ်တုမကိုးကွယ်၊ (၂) ရဟန်းသံဃာကို မဆည်းကပ်၊ (၃) သေပြီးနောက် ဘဝတစ်ဖန် မရှိတော့ဟူ၍ ယုံကြည်ကြသည်။

မင်းတုန်းမင်းလက်ထက် ဘုရင့်သမားတော်ကြီးဖြစ်သည့် ခာတ်ဆရာ ဦးပို လည်း ထိုဂိုဏ်းဝင်ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရသည်။ မင်းတုန်းမင်းသည် မှားကြောင်း ဝန်မခံသော ယင်း၏သမားတော်ကြီးအား သေဒဏ်ပေးခဲ့သည်။ သို့ဖြစ်၍ ထိုဂိုဏ်း အကြောင်း အနည်းငယ်ထပ်လောင်းတင်ပြလိုပါသည်။

## ဝရဇောတိဂိုဏ်း

ကမ္ဘာပေါ်ရှိ ဘာသာသာသနာအယူဝါဒတိုင်းသည် စည်ပင်ဖွံ့ဖြိုး တိုးတက် လာခဲ့ပြီးနောက်၊ နှစ်ပရိစ္ဆေဒရှည်ကြာလာခဲ့သောအခါ မူလအခြေခံတရား ကိုယ်မှ အယူအဆရေးရာသစ်များပေါက်ပွားလျက် ဂိုဏ်းဂဏကွဲပြားခြားနားလာတတ်သည်မှာ ဓမ္မတာသဘောပင်ဖြစ်သည်။ မြန်မာနိုင်ငံရောက်ဗုဒ္ဓသာသနာတွင်လည်း ထို့အတူ ကြုံတွေ့ရလျက် ခေတ်အဆက်ဆက်တွင် ဂိုဏ်းအမျိုးမျိုး ပေါ်ပေါက်လာခဲ့သည်ကို တွေ့မြင်ရပါသည်။

သို့သော်လည်း ထိုဂိုဏ်းတို့မှာ များသောအားဖြင့် ရဟန်းတို့အကျင့်ဆိုင်ရာနှင့် သာ သက်ဆိုင်လျက်ရှိပါသည်။ ဦးဆောင်သူတို့မှာလည်း ရဟန်းတော်တို့သာဖြစ်၍ အယူအဆရေးရာတွင် တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း တောင်နှင့်မြောက်ဖြစ်လောက်အောင် ကွဲပြားခြားနားသည်ကိုမူ မတွေ့ရပါ။ ကျမ်းဂန်အစဉ်အလာဝါဒကို တစ်သဝေမတိမ်း လိုက်နာခြင်းနှင့် အစဉ်အလာတချို့ကိုစစ်ဆေး၍ ပြုပြင်လိုက်နာခြင်းသဘောမျှသာ ကွဲပြားမည်ဟု ထင်ပါသည်။

ယခုတင်ပြမည့် ''ဝရဇောတိ''ဂိုဏ်းမှာမူ ဤသို့မဟုတ်ချေ။ အစဉ်အလာ ယုံကြည်မှု အယူအဆနှင့် လုံးဝဆန့်ကျင်ကွဲပြားခြားနားပါသည်။ ဦးဆောင်သူမှာလည်း သာသနာ့ဝန်ထမ်း ရဟန်းမဟုတ်ပေ။ လူပုဂ္ဂိုလ်သာဖြစ်ပါသည်။ သို့ဖြစ်၍ ထိုဂိုဏ်း၏ အကြောင်းချင်းရာတို့ကို သမိုင်းမှတ်တမ်းတို့တွင် တွေ့ရသမျှ ပြန်လည်ရှန်းစုလျက် ဖော်ပြအပ်ပါသည်။

## ဂိုဏ်းအစနှင့် ဝါဒအယူ

''ဝရဇောတိ''ဟူသော ဝေါဟာရသည်''မြတ်သောအလင်း''ဟု မြန်မာအနက် အဓိပ္ပာယ်ထွက်ရှိသည်။ ယင်းသည် အစဉ်အလာကိုးကွယ်ယုံကြည်ခဲ့မြဲဖြစ်သော ဗုဒ္ဓအယူဝါဒမှ သွေဖည်လျက်ပေါ်ပေါက်လာခဲ့သော ဂိုဏ်းသစ်တခု၏ အမည်ဖြစ်ပါ

သည်။ ထိုဂိုဏ်းသည် ကုန်းဘောင်ခေတ်ဦး မြေဒူးမင်းခေါ် ဆင်ဖြူရှင်လက်ထက်တွင် ပေါ်ပေါက်ထင်ရှားလာခဲ့ခြင်းဖြစ်၍ ယနေ့ကာလတိုင် ရှိနေဆဲဖြစ်ကြောင်းသိရှိရသည် (သာသနဝံသဒီပနီ ၂၁၉)

ထိုဂိုဏ်းကို မည်သူစတင်တည်ထောင်ခဲ့သည်ဟူ၍ကား အမှတ်အသား မတွေ့ရှိရသေးပါ။ သို့သော်လည်း ထိုဂိုဏ်း၏ ယုံကြည်စွဲအယူဝါဒနှင့်ပတ်သက်၍မူ သက္ကရာဇ် ၁၂၀၀ ပြည့်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် (၂၂ ပြေီ ၁၈၃၈)နေ့စွဲပါ ''ငပေါအိ'' အစစ်ခံချက်အရ အောက်ပါအတိုင်း သိရှိမှတ်သားရဘူးပါသည်။

*''ရုပ်ပွားဆင်းတု၊ စေတီပုထိုး မွေတော်ဓာတ်တော်များကို ကိုးကွယ် လှူဒါန်း၍အကျိုးမရှိ၊ ပြုပြင်ထုလုပ်သည့် အရုပ်သာဖြစ်သည်။ ရဟန်းသံဃာတို့မှာလည်း အဝတ်နီဝတ်၍ စားရုံမျှသာ ဟောပြောသည်။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ဟောပြောနိုင်သည်မဟုတ်ထင်သောကြောင့် မလှူမတန်းမကိုးကွယ်ပါ။ လူသေလျှင်တဖန် ပဋိသန္ဓေမနေဆုံးခြင်း ပျောက်ခြင်းသာဖြစ်သည်''*

*(ဝသမစာကြည့်တိုက်၊ ပုရပိုက် ၃၁)*

ဟူ၍ ဖြစ်ပါသည်။ ထိုထွက်ဆိုချက်ကိုကြည့်လျှင် ဝရဇောတိဂိုဏ်းဝင်တို့သည် (၁) စေတီရုပ်ထုမကိုးကွယ်၊ (၂)သံဃာကိုမဆည်းကပ်၊ (၃)လူသေလျှင် ဘာမျှမဖြစ် ဟူသော ''တမလွန်မဲ့ဝါဒီ''များဖြစ်ကြောင်း တွေ့ရပါသည်။

## ဗဒုံမင်းလက်ထက် ဒုတိယအကြိမ် နှိမ်နင်းရခြင်း

ဆင်ဖြူရှင်လက်ထက်က ပေါ်ပေါက်ခဲ့၍ နှိမ်နင်းခြင်းခံရသော ဇောတိအယူဝါဒသည် ပျောက်ကွယ်ချုပ်ငြိမ်းမသွားဘဲ ဗဒုံမင်းလက်ထက် အေဒီ ၁၇၈၃ တွင် ဒုတိယအကြိမ် တစ်ဖန်နှိမ်နင်းရသည်ကို တွေ့ရှိရပြန်ပါသည်။ ထိုဝါဒအမြစ်တွယ်ရာ ဒေသတို့မှာ အထူးသဖြင့် နေပြည်တော်နှင့် အလှမ်းကွာဝေးသောအဝေးမြို့ရွာများ၌ ဖြစ်ပါသည်။

သို့ဖြစ်၍လည်း ဗဒုံမင်းသည် အရပ်ရပ်အဝေးမြို့ရွာများတွင်ရှိသော ဇောတိဝါဒီတို့ကို မြို့ဝန်၊ စစ်ကဲ၊ နာခံ၊ မြို့သူကြီး၊ ရွာသူကြီး၊ ခေါင်းအကြီးတို့က မထိမ်မချန် မှန်ကန်အောင် စစ်ကြောလျက် ရွှေဘဝါးတော်အောက် ပို့လာရမည်ဟူ၍လည်းကောင်း၊ ကျန်ရှိနေသေး၍ ထိုဝါဒ နောင်ပေါ်ပေါက်လာလျှင် ဆိုင်ရာအုပ်ချုပ်ရေးအရာရှိများကို ရာဇဝတ်ထားမည်ဟူ၍လည်းကောင်း ၁၇ ဇူလိုင် ၁၇၈၃ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ရပါသည်။

ဗဒုံမင်းသည် ထိုအယူဝါဒစွဲ ရှိသူတို့အား စစ်ကြောနှိပ်ကွပ်ခဲ့သည်ဟူရာ၌ မှားယွင်းကြောင်းဝန်ခံလျက် နောင်ကို အယူရှိသူတို့နှင့် မပေါင်းဖေါ်တော့ပါကြောင်း ထွက်ဆိုသူတို့အားမူ ပုထုဇဉ်ဘာဝ တစ်ခါမှားတတ်စမြဲ သဘောတော်ရှိပြီးလျှင် ထိုသူတို့အား ကြေးငွေအကုန်အကျမရှိစေရ၊ ရာဇဝတ်တော်ရေးမှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်ကို ၁၅ ဇူလိုင် ၁၈၁၈ ရက်စွဲဖြင့် ဤသို့တွေ့ရှိရပါသည်။

*''နောင်တော်ဆင်ဖြူရှင်လက်ထက် ဇောတိအယူစွဲယူသည်၊ လူတို့ကို ရာဇဝတ်တော်ပေး၍ အာဏာတော်ထားသည့်နောက်၊ ၎င်းအယူကို ရှောင်ကြဉ်စွန့်ပစ်၍ ဇောတိအယူကို ယူသူတို့နှင့် မပေါင်းမဖော်ကြောင်း ထွက်ဆိုသူတို့မှာ ပုထုဇဉ်တို့ မှားယွင်းဘူးသော်လည်း သမာယူလေပြီးသည်။ ကြေးငွေအကုန်အကျ မရှိစေနှင့်၊ ချမ်းသာစေ''*

*(၁၁၄၅ ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်နေ့ သီရိနန္ဒစည်သူ တွင်ပြန်)*

ဗဒုံမင်း၏ ဝရဇောတိဂိုဏ်းနှိမ်နင်းရေးတွင် ထိုအယူရှိသူတို့အား ရွှေဘဝါးတော်အောက်သို့ ခေါ်ဆောင်လာခဲ့ရမည်ဟူရာ၌ တချို့သော တာဝန်ရှိသူအရာရှိတို့က ကြေးငွေပဏ္ဏာစားလျက် လွှတ်ထားခဲ့သည်အဖြစ်ကိုလည်း တွေ့ရဖူးပါသည်။ ယင်းသို့ တာဝန်ကိုမကျေပွန်၊ အမှုတော်ကို ကြိုးပမ်းမထမ်းရွက်၊ ကြေးငွေပဏ္ဏာမက်၍ အဂတိဖက်ခဲ့သူတို့အား ဗဒုံမင်းသည် နောင်ကြဉ်လောက်သည့် အပြစ်ဒဏ်ကို ထားခဲ့ပါသည်။

*'သာသနာအညစ်အကြေး၊ ဝရဇောတိအယူယူတို့ ဆင်ဖြူကျွန်းမြို့ရွာမှာရှိသောကြောင့် လွှတ်တော်ရုံးတော်က ဒိုင်းမှူး သင်းမှူး၊ အစေခံလွှတ်လုလင်တို့ကို ခန့်ထားခေါ်ချစေသည်ကို ကျေးဇူးသစ္စာတော် ရှိသည့်အတိုင်း ဖြောင့်ဖြောင့်ရိုးရိုးလူကို ပါအောင်မခေါ်မသိမ်းခဲ့၊ မစောင့်မရပ် ကြေးငွေပဏ္ဏာစောင့်စားယူခဲ့ကြောင်းကို ရွှေနားတော်ကြားတော်မူသောကြောင့် စစ်ကြောစေရာတွင် ငွေစောင်ပဏ္ဏာစား လူတို့ကိုတွေ့မိ၍ရှိသည်။ သင်းတို့ကိုမစီရင်လျှင် သာသနာအညစ်အကြေး ကုန်ထွင်ရှင်းလင်း နိုင်တော့မည်မဟုတ်။ စောင့်စားယူခဲ့သည် လူတို့ကိုကြားမြင်သမျှ လူတို့ကြောက်ရွံ့အောင် မြို့တွင်းမြို့ပြင် မောင်းကြော်ပြီးလျှင် စားယူခဲ့သည့်ငွေကို အရည်ကြို၍ ငွေစားလူမှန်သမျှကို လူတို့ခံတွင်းကို သွန်း'*

*၁၁၄၅ ခု တော်သလင်းလဆန်း ၁၃ ရက် (၈ စက်တင်ဘာ ၁၇၈၃)နေ့*
*နန္ဒမိတ်စည်သူတွင်ပြန်*

ဤတွင် မှတ်သားဖွယ်တစ်ရပ်မှာ ဗဒုံမင်းသည် သာသနာအညစ်အကြေးဟု သတ်မှတ် သမုတ်ထားရှိသော ဝရဇောတိဂိုဏ်းဝင်တို့ထက် လာဘ်စားသူအရာရှိတို့ကို ပို၍ ကြောက်ခမန်းလိလိ အပြစ်ဒဏ်ထားရှိခြင်းပင်ဖြစ်ပါသည်။ နိုင်ငံအုပ်ချုပ်ရေးကို ပဓာနမဏ္ဍိုင်ဟု ယူဆယုံကြည်၍ ဖြစ်မည်ထင်ပါသည်။ အဂတိလိုက်စားသော အရာရှိများနှင့်လည်းပတ်ရမည့် ယွင်းယိုသောအုပ်ချုပ်ရေးယန္တယားကို မလိုလားသည်မှာ ထင်ရှားပါသည်။

## သာယာဝတီမင်းလက်ထက် တတိယအကြိမ် နှိမ်နင်းရခြင်း

ဝရဇောတိဂိုဏ်းကို မြေဒူးမင်းနှင့် ဗဒုံမင်းတို့ မည်မျှပင် နှိပ်ကွပ်နှိမ်နင်းခဲ့သော်လည်း လုံးဝပျောက်ကွယ်ချုပ်ငြိမ်းမသွားခဲ့ပါ။ ခေတ္တခဏငုပ်လျှိုးသွားခြင်းမျှသာ ဖြစ်ပါသည်။ သာယာဝတီခေါ် ရွှေဘိုမင်းလက်ထက်ရောက်သောအခါ တတိယအကြိမ် အထင်အရှား ပေါ်ပေါက်လာပြန်ပါသည်။ ထိုအခါ၌မူ ဂိုဏ်းဆရာနှင့်တကွ နောက်လိုက်နောက်ပါတို့ကိုလည်းကောင်း၊ ယင်းတို့၏ အယူဝါဒရေးရာကိုလည်းကောင်း သိရှိမှတ်သားရပါသည်။

တွေ့ရသမျှကို ပြန်လည်တင်ပြရသော် ဂိုဏ်းဆရာမှာ ငပေါ်အိ ဖြစ်ပါသည်။ အဝမြို့စီရင်စု တောင်ကျင်းရွာဇာတိဖြစ်၍ ဦးကျော်လှ၊ ဒေါ်ပုတို့မှ မွေးဖွားဆင်းသက်သူဖြစ်သည်။ အသက် ၂၀ ခန့်တွင် တစ်ရွာတည်းနေ မိအေးနှင့် အိမ်ထောင်ဖက်သည်။ အမိအဖတို့ကွယ်လွန်ပြီးနောက် ဇနီးသည်နှင့်အတူ နေပြည်တော်သို့ ပြောင်းရွှေ့လျက် တောင်တွင်းစည်သာတောင်အရပ်တွင် နေထိုင်ခဲ့လေသည်။

ဗဒုံမင်းလက်ထက် အေဒီ ၁၈၀၅(သက္ကရာဇ် ၁၁၆၇)တွင် တောင်တွင်းကြီးမြို့သို့နရာရဲကျော် နာခံအရာနှင့်သွားရာတွင် လိုက်ပါသွားခဲ့ပြီး (၁၀)နှစ်ခန့် နေထိုင်လေသည်။ ထိုမှတဖန် ဟံသာဝတီသို့ ရွှေ့ပြောင်း၍(၃)နှစ်ခန့် နေထိုင်ပြန်ပါသည်။ အေဒီ ၁၈၁၇ (သက္ကရာဇ် ၁၁၇၉)ခုနှစ်တွင် ဟံသာဝတီမှ ရွှေတောင်မြို့ စီရင်စု ဖျောက်ဆိပ်ကုန်းရွာသို့ ရွှေ့ပြောင်းလျက် ထိုတွင် အနှစ် ၂၀ ခန့် နေထိုင်ပြန်ပါသည်။ နောက်ဆုံးတွင်ကား မြေထဲမြို့စီရင်စု ရွာထောင်ရွာသို့ ရွှေ့ပြောင်းအခြေစိုက်ခဲ့သည်။

ထိုကာလအတွင်း ယင်းထံ ဆည်းကပ်နာခံသူတို့မှာ ရွှေတောင်မြို့စီရင်စု ဖျောက်ဆိပ်ရွာနေလူများနှင့် မြေထဲမြို့နေလူအချို့တို့ဖြစ်ပါသည်။ နေ့ညဥ့်မပြတ် ဆည်းကပ်နေထိုင်သူတို့မှာမူ ''ငရေး၊ ငရွှေ၊ ငထွား၊ ဝဝင်း၊ ငမှုံ၊ ဘေီလူး၊ ငရွှေဝါ၊

ငရဲတင်''တို့ဖြစ်သည်။ ရံဖန်ရံခါ လာရောက်နည်းနာခံသူများလည်းရှိကြောင်းသိရသည်။ ထိုသူတို့၏ အယူဝါဒအနှစ်ချုပ်မှာ ရှေ့တွင်တင်ပြခဲ့သည့်အတိုင်း (၁) ရုပ်ပွားဆင်းတု မကိုးကွယ်၊ (၂)သင်္ဃာမဆည်းကပ်၊ (၃) တမလွန်ဘဝမရှိဟူ၍ ဖြစ်လေသည်။

သို့ဖြစ်သောကြောင့် သာယာဝတီမင်းက ယင်းတို့ကို ''တရားကျမ်းဂန်နှင့် မညီ၊ အယူဝါဒကွဲပြား''သည်ဟု ကောက်ယူတော်မူလျက် မှန်ရာအစစ်မခံခဲ့သော ငရေး၊ ငရွဲ၊ ငထွား၊ ငမှုံတို့ကို ထောင်သွင်းအကျဉ်းချခဲ့လေသည်။ ဂိုဏ်းဆရာ ငပေါ်အိ ကိုကား မှန်ရာအစစ်ခံသောကြောင့် အကျဉ်းမှလွတ်လျက် အဖမ်းမခံကျန်ရှိနေသေးသော စာရင်းဝင်လူတို့ကို ငပေါ်အိကိုယ်တိုင် သွားရောက်သိမ်းခေါ်စေခဲ့ပါသည်။ ထိုအမိန့်တော်ကို သာယာဝတီမင်းက ၂ မေ ၁၈၃၈ (၁၂၀၀ ခု ကဆုန်လဆန်း ၉ ရက်) နေ့တွင် ထုတ်ပြန်ခဲ့၍ သက္ကရာဇ် ၁၂၀၀ ခု ကဆုန်လဆန်း ၁၁ ရက် (၄ မေ ၁၈၃၈)နေ့ ဝန်ရှင်တော်ကျီဝန်မင်းကြီး၊ ယောမြို့စားမင်းကြီး မိန့်ချက်ဝန်ထောက်တော် မိုးနဲဗိုလ်မှူး သို့ဆင့်၍ ထုတ်ပြန်ခဲ့သည်မှာမူ ဤသို့ဖြစ်သည်။

*'အမိန့်တော်အတိုင်း ငရေး၊ ငရွဲ၊ ငထွား၊ ငမှုံတို့ကို အကျဉ်းထားမြဲထား၊ သိမ်းခေါ်စေရန် လူစာရင်းကို ငပေါ်အိကတင်စေ၊ ရှေ့ရုံးသို့ဆင့်'*

ဤတွင် ''ရှေ့ရုံး''ဟူသည်မှာ ရှေးမြန်မာ့အုပ်ချုပ်ရေးစနစ်ဖြစ်သော လွှတ်ရုံးငါးရပ်မှ မြို့တော်ဝန်ရုံးထိုင်ရာကို ခေါ်ဆိုခြင်းဖြစ်သည်။ မြို့ဝန်ရုံးဟူ၍လည်း ခေါ်သည်။ ''ရာဇဝတ်ရုံး''ဟူ၍ အသိများသည်။ ဝရဇောတိ အယူရှိသူတို့ကို ရာဇဝတ်မှုဟုသတ်မှတ်ကြောင်း ထင်ရှားလေသည်။ မြန်မာမင်းတို့သည် အခြားအခြားသော ဘာသာအယူဝါဒတို့ကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ပြုခဲ့သော်လည်း အစဉ်အလာ ဗုဒ္ဓဘာသာမှ ကွဲပြားလျက် ပေါ်ပေါက်လာသောအတွေးအခေါ် အယူအဆကိုမူ လုံးဝခွင့်မပြုခဲ့ချေ။ ဤသည်မှာ သာသနာပြုမင်းဟူ၍ ထင်လင်းစေလိုသောကြောင့်ပင် ဖြစ်အံ့သတည်း။

## နတ်ကိုးမှု

ဗုဒ္ဓသာသနာ သက်ဝင်ယုံကြည်သူများနှင့် ဗုဒ္ဓသာသနာ မထွန်းကားသေးသော နယ်ပယ်ဒေသတို့၌နေထိုင်ကြသည့် တိုင်းရင်းသားတို့ပါ နတ်ကိုးခြင်းကို ယုံကြည်ကြသည်။ ဗုဒ္ဓသာသနာသက်ဝင်သူများအတွင်း၌ပင် ဒေသဆိုင်ရာနတ်များနှင့် ရောထွေးလျက်ရှိပါသည်။

မင်းကေရာဇ်တို့ကလည်း ဗလိနတ်စာကျွေးခြင်း ပြုလုပ်ခဲ့ကြသကဲ့သို့ အလုပ်တော် အဆောင်တော်များအတွက် နတ်တို့က စောင့်ရှောက်ကူညီကြရန် အမိန့်တော်များ ထုတ်ပြန်ခဲ့ကြသည်။ ဗဒုံမင်းလက်ထက် စစ်တမ်းများကောက်ခံသည့်တွင် နတ်ကတော်တို့က တင်ဆက်ရသော ၃၇ မင်းနတ် စစ်တမ်းများပင်ရှိခဲ့သည်။ ထို့အတူ ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့၏ အမိန့်တော်များ၌ နတ်နှင့်ဆိုင်ရာများ အကြိမ်ကြိမ် တွေ့ရှိရဖူးလေသည်။

သာယာဝတီခေါ် ရွှေဘိုမင်းလက်ထက်၌ ပခန်းမင်းကျော်စွာနတ်ကို ဘွဲ့မည်ရည်ပေးသောအမိန့်ပင် ထုတ်ပြန်ခဲ့ဖူးသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကိုးကွယ်ယုံကြည်လျက်ရှိသောနတ်များ မည်မျှရှိမည် မသိရသော်လည်း မတ္တရာနယ်တစ်ခုတည်း၌ပင် မင်းညီနောင်နတ်၊ ဈေးဟောင်း ဈေးသစ် ဆည်တော်ရှင်မနတ်၊ ဘိုးရွှေလောင်းနတ်၊ ဒေါ်ရွှေဝက်လှနတ်၊ သပြေလှ ကျွန်းထိပ်ရှင်မနတ်၊ ကိုင်းကြီးရွှေဘမင်းနတ်၊ ကျောက်အိုးရှင်မနတ်၊ စုန်းမြို့ခတက်ချည်း ကျောက်နီရှင်မ နတ်တို့ကို ပသကိုးကွယ်ခဲ့ကြကြောင်း သိရသည်။ ထို့အပြင် လူမျိုးစုဆိုင်ရာနတ်များ၊ လုပ်ငန်းစုဆိုင်ရာကိုးကွယ်သောနတ်များလည်း ရှိပါသည်။ ကသည်းနတ်၊ မွန်နတ်နှင့် ရှမ်းနတ်တို့မှာ လူမျိုးစုဆိုင်ရာများဖြစ်၍ ဉဒိန်မင်းစောနတ်မှာ ဆင်အမှုထမ်းတို့ ဆိုင်ရာကိုးကွယ်သော နတ်ဖြစ်ပါသည်။

## လောကီယုံကြည်မှု

လောကီပညာဟုခေါ်သော မှော်ပညာဖြစ်သည့် အင်းအိုင်ခါးလှည့် လက်ဖွဲ့ မန္တန်များ၏ အစွမ်းသတ္တိကိုလည်း ယုံကြည်ကြ၏။ ဗဒုံမင်းကိုယ်တိုင်ပင် အမရပူရနေပြည်တော်သစ်တည်စဉ်အခါက မြို့ထောင့်မြို့ထိပ် သူရဲခိုတို့အောက်တွင် အင်းအိုင်များမြှုပ်နှံခဲ့သည်။

မင်းတုန်းမင်းကြီး ရတနာပုံနေပြည်တော်တည်စဉ်ကလည်း ထို့အတူ ဆောင်ရွက်ခဲ့ပါသည်။ ဗဒုံမင်းကိုပုန်ကန်ခဲ့သော ဘုန်းသည် အင်းအိုင်ခါးလှည့် လက်ဖွဲ့များနှင့် အသက်မွေးဝမ်းကျောင်းခဲ့သူဖြစ်ကြောင်းနှင့် ယင်း၏ထွက်ဆိုချက်တွင် တွေ့ရှိရသည်။ အောက်လမ်းဆရာများ၊ စုန်းကဝေများကိုလည်း ရှိသည်ဟု ယုံကြည်ခဲ့ကြ၏။ ဗဒုံမင်း၏ ၅ ဩဂုတ် ၁၈၁၇ နေ့တွင်ထုတ်ပြန်သော အမိန့်တော်၌

*'ရုပ်ထား နာမ်ထားပြုလုပ်သူ ဆေးသမားကို ခါးမှာသံကြိုးတပ်၍ ပြုလုပ်*

*ရင်း အရပ်မှာ ပြသတူးဖော်စေပြီးလျှင် အတတ်ကို ဖြေသိမ့်စေ၊ မပြမဖော်လျှင် ဆေးသမားကို အဆုံးစီရင်'*

ဟူ၍ တွေ့ရှိရဖူးသည်။

## ခရစ်ယာန်သာသနာ

ခရစ်ယာန်သာသနာပြုတို့သည် မြန်မာနိုင်ငံသို့ကုန်းဘောင်ခေတ်မတိုင်မီကပင် ရောက်ရှိခဲ့ကြသည်။ မြန်မာမင်းတို့သည် တခြားသောသာသနာပြုလုပ်ငန်းများကို နှောင့်ယှက်တားဆီးခြင်း မပြုခဲ့ကြချေ။ မြန်မာမင်းတို့ထံတွင် အမြောက်အမှုထမ်းနေကြသူတို့မှာ ခရစ်ယာန်သာသနာကို သက်ဝင်ယုံကြည်သူများဖြစ်သည်။ အထက်မြန်မာနိုင်ငံ ချောင်းဦး၊ နဘက်၊ ချောင်းရိုး၊ ချမ်းသာ၊ မုံလှတို့၌ ယင်းတို့အဆက်အနွယ်များ ယနေ့တိုင် အထင်ရှားရှိပေသည်။ မင်းတုန်းမင်းသည် ခရစ်ယာန်သာသနာပြုကျောင်းကိုပင် ဆောက်လုပ်ပေးခဲ့သည်။ မြန်မာနိုင်ငံ ခရစ်ယာန်သာသနာပြုသမိုင်းတွင် ထင်ရှားသောပုဂ္ဂိုလ်မှာ ယုဒသန်ဖြစ်လေသည်။

## ဟိန္ဒူအယူဝါဒ

ဗြာဟ္မဏအယူဝါဒဟု အသိများသော ဟိန္ဒူအယူဝါဒကို ပုဏ္ဏားတို့က ယုံကြည်ကိုးကွယ်ကြသည်။ ပုဏ္ဏားတို့တွင် သရေခေတ္တရာ ပုဏ္ဏား စစ်ကိုင်း ပုဏ္ဏား၊ ရခိုင်ပုဏ္ဏား စသည်ဖြင့်လည်း ကွဲပြားခြားနားမှုရှိသည်။ ဗြာဟ္မဏ၊ ခေတြ၊ ဗိသျှုနှင့် သုဒြဟူ၍လည်း ဇာတ်ခွဲခြားမှုရှိပေသည်။ ဗဒုံမင်းသည် ၁၈၀၆ ခုနှစ်က အတိတ်ကျောလှကို ဟိန္ဒူသာသနာပိုင်အဖြစ် ခန့်အပ်ခဲ့သည်။

## အစ္စလာမ်သာသနာ

ပသီဟုခေါ်သော အစ္စလာမ်သာသနာကိုသက်ဝင်ယုံကြည်သူများ မြန်မာနိုင်ငံ၌ အတော်အသင့်ရှိခဲ့သည်။ ယင်းတို့ကို ရခိုင်ဘက်တွင်လည်းကောင်း၊ ရွှေမြို့တော် ဆင်ခြေဖုံးအရပ်တို့တွင်လည်းကောင်း၊ ရွှေဘိုနယ်နှင့် ကျောက်ဆည်နယ်တို့တွင်လည်းကောင်း အတွေ့များပေသည်။ ယင်းတို့သည် မြန်မာမင်းတို့ထံတွင် သေနတ်အမှုထမ်း၊ မြင်းတပ်အမှုထမ်းများအဖြစ် ပါဝင်ကြသူများဖြစ်သည်။ ဗဒုံမင်းလက်ထက်တွင် အာပစ်ရှာဟိုသိန္နီဟုထင်ရှားသော(၊ ဆရာကြီး ဦးနု)ပုဂ္ဂိုလ်သည် ပသီသာသနာပိုင်ပင် ဖြစ်ပေ

သည်။ မင်းတုန်းမင်းလက်ထက်တွင်လည်း ယင်းအမှုထမ်းတို့နှင့် အစ္စလာမ်သာသနာကို မင်းတုန်းမင်းက ချီးမြှောက်ခဲ့ပေသည်။ မန္တလေးတွင် ဗလီတစ်လုံး ဆောက်လုပ်ပေးခဲ့သကဲ့သို့ မက္ကာတွင်လည်း ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

အချုပ်ဆိုရသော် ကုန်းဘောင်ခေတ်ကိုးကွယ်ယုံကြည်မှုတွင် ဗုဒ္ဓသာသနာသည် အထွန်းပြောင်ဆုံးဖြစ်သော်လည်း တခြားဘာသာသာသနာများလည်း မြန်မာမင်းတို့၏ ချီးမြှင့်မြှောက်စားမှုကြောင့် အထိုက်အလျောက် ကြီးပွားတိုးတက်ကြသည်သာဖြစ်ပါသည်။ ပြည်သူတို့သည် သာသနာကို ယုံကြည်ဆည်းကပ် ကိုးကွယ်ကြသကဲ့သို့ လောကီယုံကြည်မှုများကိုလည်း စွဲလမ်းယုံကြည်နေကြဆဲပင်ဖြစ်သည်။ ချီးကျူးဖွယ်ရာအကောင်းဆုံးမှာ မြန်မာမင်းဧကရာဇ်တို့သည် အယူဝါဒမတူသော တခြားယုံကြည်မှုများကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခဲ့ရုံမျှမက အားပေးချီးမြှင့်ခဲ့ခြင်းဖြင့် ငြိမ်းချမ်းသာယာလှသောလူမှုဘဝကို ထူထောင်ပေးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။

# အခန်း(၆)

## စာပေ

## ကုန်ဘောင်ခေတ်ဦး စာပေ

## ကုန်းဘောင်ခေတ်နှောင်း စာပေ

# အခန်း(၆)
# စာပေ

## ကုန်းဘောင်ခေတ်ဦးစာပေ

စာပေသည် လူမျိုး၏အသက်ဖြစ်သည်။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအတိမ်အနက်ကို စာပေဖြင့်တိုင်းတာရသည်။ ဤအဆို အယူအဆ မည်မျှမှန်ကန်သည်ကို ထင်ရှားစေရန် ကုန်းဘောင်ခေတ်ဦး၏စာပေဖြင့် ထိုကာလ၏ယဉ်ကျေးမှုဓလေ့စရိုက် သမိုင်းကြောင်းအခြေအနေတို့ကို တိုင်းတာအကဲဖြတ်တင်ပြပါမည်။

ကုန်းဘောင်ခေတ်ဦးကို အလောင်းမင်းတရားကြီး မင်းအဖြစ်ခံယူသော ခရစ်နှစ် ၁၇၅၂ မှ မြန်မာတို့ ကိုလိုနီနယ်ချဲ့သမားနှင့် ပထမအကြိမ်စစ်ဖြစ်၍ ရှုံးနိမ့်ခဲ့ရသော ရန္တပိုစာချုပ်ချုပ်ဆိုသည့် ခရစ်နှစ် ၁၈၂၄ ခုနှစ်အထိသတ်မှတ်သည်။ ထိုကာလတွင် မြန်မာတို့ နိုင်ငံရေး၊ စစ်ရေးအထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

သမိုင်းကြောင်းတွင် ပြန်ကောက်ယူကြည့်လျှင် အလောင်းမင်းတရားကြီးက မြန်မာနိုင်ငံကို ပြန်လည်စည်းရုံးထူထောင်ခဲ့သည်။ သားတော် မြေဒူးမင်းက ယိုးဒယားကိုလည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ လေးကြိမ်လေးခါတိုင်အောင် ကျူးကျော်လာ

သော မန်ချူးတရုတ်တို့အားလည်းကောင်း တိုက်ခိုက်အောင်ပွဲခံခဲ့သည်။ ဤသို့ လုပ်ဆောင်အောင်မြင်မှုများသည် ကုန်းဘောင်ခေတ်ဦးကာလ၏ နိုင်ငံရေးနှင့် စစ်ရေး စစ်ရာ ဂုဏ်ရောင်ဂုဏ်ဝါတို့ပင် ဖြစ်လေသည်။

စာပေသည် ခေတ်၏ရေစီးကြောင်းဖြစ်သကဲ့သို့ စာပေရေစီးကြောင်းနှင့် အတူလည်း ခေတ်သည် လိုက်ပါမြဲဖြစ်ပေသည်။ ကုန်းဘောင်ခေတ်ဦးကာလ၏ စာပေတို့တွင် ထိုသဘောတရားတို့ကို ထင်ရှားစွာတွေ့နိုင်သည်။ ''ဇမ္ဗူကျော်သောင်း၊ မြေကြီးစောင်းမျှ၊ အလောင်းမင့်ကျွန်၊ ရန်အကြိမ်ကြိမ် တိုက်လှဲနှိမ်သည်''အစချီသော အတုလယသဆရာတော်၏ ရဲဘော်ကျွန်သင်းဘွဲ့သည် နိုင်ငံစည်းရုံးရေးသမိုင်း၌ မော်ကွန်းထူရမည့် သူရဲကောင်းဘွဲ့ကဗျာဖြစ်ပါသည်။ လက်ဝဲနော်ရထာနှင့် တွင်းသင်းတိုက်ဝန် မဟာစည်သူတို့၏ အလောင်းမင်းတရား အရေးတော်ပုံကျမ်းများကလည်း နိုင်ငံရေး အောင်ပွဲနှင့်အတူပေါ်လာသောစာပေဖြစ်ကြောင်း ဂုဏ်တင်ရပါမည်။ စည်းရုံးရေးအောင်မြင်လျှင် ထူထောင်ရေးလုပ်ငန်းစရမြဲဖြစ်သည်။ ထိုသဘောကို အစဉ်သတိမူသော အလောင်းမင်းတရားကြီးက ညောင်ရမ်းခေတ် ပညာရှင်ကြီးတစ်ဦးဖြစ်သူ အင်ရုံရွာစား သီရိဥဇနာအား လောကဗျူဟာကျမ်းကို ပြုစုစေခဲ့ပါသည်။ မြေဒူးမင်းလက်ထက် ဇေယသင်္ချာ၏ ရွှေဘုံနိဒါန်းကလည်း ပဒေသရာဇ်နန်းဝလေ့ ထူထောင်ရေးစာပေအမျိုးအစားပင် ဖြစ်ပေသည်။

ကုန်းဘောင်ခေတ်ဦး၏ အစတွင် စစ်ရေး၊ နိုင်ငံရေးနှင့် ထူထောင်ရေးစာပေများသာ ပဓာနဖြစ်ခဲ့သော်လည်း ဗဒုံမင်းလက်ထက်ရောက်သောအခါ မြန်မာစာပေသည် သုတ၊ ရသ၊ ကဗျာ၊ စကားပြေ အထွေထွေ ထွန်းကားလာခဲ့သည်။ တစ်ခေတ်လုံး၏ စာပေအထွန်းကားဆုံးနှင့် အရည်အသွေး အထွန်းပြောင်ဆုံးကာလဟုပင် ဆိုနိုင်ကောင်းရာသည်။ အရေးပါသောစာပေတချို့ကို တင်ပြရသော် ပျို့စာ၊ ဘာသာပြန်စာပေ၊ မော်ကွန်း၊ မေတ္တာစာ၊ ရကန်၊ ရာဇဝင်ကျမ်းနှင့် အမေးအဖြေကျမ်းများ စသည်တို့ ပါဝင်သည်။ ယင်းတို့အကြောင်းကို အနည်းငယ်စီ တိုးချဲ့ရှင်းလင်းတင်ပြပါမည်။

## ပျို့စာပေ

ပျို့စာပေသည် အင်းဝခေတ်ဦးကာလကတည်းက ပေါ်ပေါက်ခေတ်စားလာသော စာပေဖြစ်သည်။ ကုန်းဘောင်ခေတ်တစ်လျှောက်လည်း အရေးပါဆဲဖြစ်ပါသည်။ ပျို့ကို ဖွဲ့ဆိုကြရာ၌ စာဆိုတို့တွင် ရည်ရွယ်ချက်အမျိုးမျိုးရှိပါသည်။ သိသာရုံ အကြမ်း

ဖျင်းမျှဖော်ပြရသော်

ကျ။ သာသနာပြုလိုခြင်း

ခ။ ဆုံးမလိုခြင်းနှင့်

ဂ။ သုတပညာ ဖြန့်ဖြူးလိုခြင်းတို့ဖြစ်သည်။

ကုန်းဘောင်ခေတ်ဦး ပျို့စာပေတို့တွင် လက်ဝဲသုန္ဒရ၏ ဗျူဟာစက္ကိပျို့တို့သည် အကြောင်းအရာနှင့် ရည်ရွယ်ချက်တွင် အရေးပါသော ပျို့များဖြစ်ပါသည်။ ဗျူဟာစက္ကိပျို့များ ရေးဖွဲ့သောအချိန်မှာ ၁၇၉၀ ခုနှစ်ကဖြစ်ပါသည်။ မြန်မာတို့ နယ်ချဲ့အင်္ဂလိပ်နှင့် အနောက်ဘက်နယ်စပ်တွင် ရင်ဆိုင်ဆုံမိကြပြီဖြစ်သောကာလဖြင့်လည်း ကြုံကြိုက်လျက်ရှိပါသည်။ ထိုသို့သော စစ်သေနင်္ဂဆိုင်ရာပျို့စာပေ ပေါ်ပေါက်ခဲ့ရသည်မှာ တမင်ကြုံကြိုက်ခြင်းဟုပင် ဆိုရမည်ထင်ပါသည်။ သာဓိနပျို့၌မူ စာဆိုက ''ရွှေနားတော်ကြား၊ ညွှတ်တွားကြည်လင်၊ ပန်ဆက်တင်သည်''ဟု ဆိုထားသည်။ ဗဒုံမင်းအတွက် ၁၇၈၃ ခုနှစ်တွင် ရေးသားဆက်သွင်းခဲ့ခြင်းဖြစ်သည်။ ထိုပျို့တွင် စာဆိုက

*'ဝတ္ထုကံမြေ၊ ပုံသေခြားနား၊ မင်းမြေများနှင့်၊ လုပ်စားထိုင်နေ၊ မြေသေမြေရှင်၊ အဝင်အထွက်၊ ထင်ပြက်ပြက်တိ၊ ကျောက်အက္ခရာ၊ မှတ်စာသမိုင်း၊ ပါသည်တိုင်းလျှင်၊ သံပိုင်းအညီ၊ ထုံးစံမီသား၊ စချီ စမာ၊ မြို့ရွာလွှမ်းမိုး၊ ပြည်စိုးသူကြီး၊ မြင်းစီးချုပ်ကိုင်၊ မြေတိုင်စမြင်၊ ယင်းတွင်ထိန်းအုပ်၊ မငုပ်မတိမ်၊ နိမိတ်သိမ်ဖြင့်၊ ငြိမ်ငြိမ်သက်သက်၊ စည်းမပျက်အောင်၊ မယုက်မတင်လုပ်ရမည်'*

ဟု မင်းကို ညွှန်ပြခဲ့သည်။

ဆိုလိုရင်းမှာ အုပ်ချုပ်ရေးတည်ငြိမ်ရန်အတွက် စစ်တမ်းကောက်ပါဟူ၍ ဖြစ်သည်။ စာဆို၏တင်ပြချက်ကို ဗဒုံမင်းသည် အကြွင်းမဲ့လိုက်နာလျက် စစ်တမ်းများနှစ်ကြိမ်တိုင် ကောက်ယူခဲ့သည်ကို သမိုင်းတွင် အထင်အရှားပင်တွေ့ရသည်။

## ဘာသာပြန်စာပေ

သရေခေတ္တရာကောင်းစားစဉ်က ပါဠိသက္ကတစာပေများ မြန်မာနိုင်ငံသို့ ရောက်ရှိနေကြောင်းတွေ့ရသည်။ ထိုစာပေများနှင့်အတူ ဘာသာပြန်စာပေများလည်း အမှန်ရှိခဲ့မည်ဖြစ်သည်။ ကုန်းဘောင်ခေတ်တိုင် မြန်မာစာပေသမိုင်း၌ ပါဠိသက္ကတစာပေများ၊ ယင်းတို့ဘာသာပြန်များသာ ကြီးစိုးခဲ့သည်။ အကြောင်းအရာအားဖြင့်လည်း ပိဋကတ်သုံးပုံသာ အခြေအမြစ်ဖြစ်သည်။ သို့သော်လည်း ဗဒုံမင်းလက်ထက်တွင်

အိန္ဒိယမှ ပါဠိသက္ကတတို့အပြင် နာဂရီ၊ ဗင်္ဂလီ၊ ဗာရာဏသီ စသော ဘာသာအမျိုးမျိုးဖြင့် ရေးသားထားသည့် လောကီကျမ်းမျိုးစုံ ၂၅၀ နီးပါးမျှ ရောက်ရှိလာသည်။ ထိုကျမ်းတို့ကို မောင်းထောင်သာသနာပြုဆရာတော်ဘုရားဦးဆောင်လျက် မြန်မာဘာသာသို့ပြန်ဆိုခဲ့ရာ ကျမ်းပေါင်းအတော်များများ ပြန်ဆိုပြီးစီးခဲ့သည်။ သီဟိုဠ် (သီရိလင်္ကာ)ကလည်း ကျမ်းတချို့ ရောက်တန်သင့်သလောက် ရောက်ခဲ့ပေသည်။

## မော်ကွန်း

မော်ကွန်းဟူသည် အောင်မြင်ခြင်း၏ အထိမ်းအမှတ်ဖြစ်သည်။ မော်ကွန်းများများထွက်သောကာလသည် နိုင်ငံ၏သမိုင်းကြောင်း ထွန်းပြောင်သောကာလဟုပင် သတ်မှတ်၍ရပေသည်။ လုပ်ဆောင်ချက်များ အောင်မြင်သောအခါ မဖြစ်စဖူး အဖြစ်ထူးများ ကြုံရသောအခါတို့တွင် မော်ကွန်းများပေါ်လာမြဲဖြစ်သည်ကို သတိမူမိပေသည်။ ကုန်းဘောင်ခေတ်ဦးတွင် မော်ကွန်းများ ထွက်ပေါ်ခဲ့ပြီး ထင်ရှားသောမော်ကွန်းတို့မှာ

က။ ဓည၀တီနိုင်မော်ကွန်း (၁၇၈၅) လက်ဝဲနော်ရထာ

ခ။ မိတီလာကန်တော်မော်ကွန်း (၁၇၉၆) ဝက်မစွတ်နဝဒေး

ဂ။ ဗုဒ္ဓါဘိသေကမော်ကွန်း (၁၇၈၄) လက်ဝဲနော်ရထာ

ဃ။ အာသံနိုင်မော်ကွန်း (၁၈၂၀)ခန့် ဝက်မစွတ်နဝဒေး

စသည်တို့ ဖြစ်သည်။ ယင်းစာပေတွင် နိုင်ငံရေးနှင့် သမိုင်းကြောင်းလေ့လာ၍ ရရှိနိုင်ပေသည်။

## မေတ္တာစာ

တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ ရေးကြပေးကြသောစာကို မေတ္တာစာဟု ခေါ်သည်။ စင်စစ်အားဖြင့် မေတ္တာစာသည် အများပြည်သူတို့နှင့်သက်ဆိုင်သော စာပေမဟုတ်ချေ။ ပုဂ္ဂလိကစာပေသာဖြစ်သည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး အကျိုးကိုလိုလားခြင်း၊ ရိုးသားခြင်း၊ လျှို့ဝှက်မှုမရှိခြင်းတို့ကြောင့် ပုဂ္ဂလိကစာပေပင်ဖြစ်သော်လည်း မည်သူမဆို ဖတ်ရှုလေ့လာနိုင်ခွင့်ရှိပေသည်။ မေတ္တာစာတို့တွင် မင်းနှင့်ရဟန်း၊ ရဟန်းနှင့်လူ၊ လူနှင့် လူချင်းပေးသောစာများဖြစ်၍ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးနှင့် သာသနာရေးတို့ကိုလေ့လာ၍ ရနိုင်ပေသည်။ ကုန်းဘောင်ခေတ်ဦးတွင် ထင်ရှားသော မေတ္တာစာများမှာ

က။ အတုလယသဆရာတော်၏ မေတ္တာစာ

ခ။ မောင်းထောင်ဆရာတော်၏ မေတ္တာစာ

ဂ။ သျှင်ဥက္ကံသမာလာ၏ မေတ္တာစာ

ဃ။ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာ

င။ မုံရွေးဆရာတော်၏ မေတ္တာစာ

တို့ဖြစ်ပေသည်။ ကျည်းကန်ရှင်ကြီး၏ မေတ္တာစာတို့မှာ ထိုခေတ်၏ လူမှုစီးပွားရေး အခြေအနေများကို ပီပီပြင်ပြင်ဖော်ပြနိုင်ခဲ့ပေသည်။

## ရကန်

''စိမ့်ကြီးမြိုင်ကြီး၊ ရိပ်ကြီးတောတောင်''ချီသဖင်ပန်းဘွဲ့ သို့မဟုတ် ရာမရကန် သို့မဟုတ် ရွှေတိုက်စိုး ဦးတိုး သို့မဟုတ် ဖော်ပြပါတစ်စုံတစ်ရာတို့ကို သိဖူး၊ ကြားဖူး ကြမည်ထင်ပါသည်။ မြန်မာ့စာပေသမိုင်းတွင် ဦးတိုးနှင့်ရာမရကန်သည် ခွဲခြားမရသော အရာပင်ဖြစ်ပေသည်။ ရွှေတောင်နန္ဒသူ၏ မွေ့နွှန်းရကန်နှင့် ငွေတောင်ရကန်တို့လည်း ရာမရကန်လောက် ထင်ရှားသည်သာဖြစ်သည်။ ရာမရကန်သည် ရသကိုသာမက သုတကိုပါရစေသောစာပေဖြစ်သည်။ ခေတ်ကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကိုလည်းကောင်း၊ သရော်ရာ၌လည်းကောင်း များစွာထိရောက်ပေသည်။ ပုံစံသာဓကအဖြစ် အောက်ပါ အဖွဲ့ကို လေ့လာကြည့်ပါ။

*'ထုံးစုံကဝိ၊ သက်သည့်သက်သေ၊ စာပေရာဇဝင်၊ လောကတွင်လည်း၊ အရှင်တမည်၊ မချစ်ကြည်က၊ လူရည်ဘက်သာသာ၊ ပညာပင်ရှိရှိ၊ ကဝိပင်မြတ်မြတ်၊ ဘယ့်နှယ်ပင်တတ်တတ်၊ လူညံ့ဇာတ်မှာ၊ အောက်ဆုံးတပ်က၊ ခံရမြဲပင်၊ ဘဝသခင်၊ အရှင်မြတ်လေး၊ မေးမေးမြန်းမြန်း၊ မင်းကျွမ်းဝင်သူ၊ ဖြစ်လျှင်မူကောင်း၊ လူရည်ပင် တန်တန်၊ ဥဏ်ဘယ့်နှယ်ပင်ထုံထုံ၊ ညံ့လွန်းလို့ဘက်ဖုံဖုံ၊ လောကခံဘုံမှာ၊ ဂုဏ်တန်ခိုးနှင့်၊ ဘုန်းတန်းပွင့်ကြီးမြင့်လေမြဲပင်တည့်'*

## ရာဇဝင်ကျမ်း

မြန်မာ့စာပေသမိုင်းတွင် ရာဇဝင်ကျမ်းကို အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်တို့တွင်သာ တွေ့ရသည်။ အင်းဝခေတ်ရေး ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်သည် စင်စစ် ရာဇဝင်မည်ကာမတ္တသာ ဖြစ်သည်။ ညောင်ရမ်းခေတ်ဦးရေး

ဦးကုလား၏ မဟာရာဇဝင်ကြီးသာစာပေနှင့် သမိုင်းကြောင်းအားဖြင့် လေးစားဂုဏ်ယူဖွယ်ရာ ဆိုထိုက်သည်။ ကုန်းဘောင်ခေတ်ဦး တွင်းသင်းမင်းကြီး၏ ရာဇဝင်သစ်မှာမူ ခေတ်ပြိုင် အထောက်အထားအကိုးအကားတို့ဖြင့် သုတေသနပုံစံကျကျ တင်ပြလာသောကြောင့် ပေါ်ပေါက်ခဲ့သမျှရာဇဝင်ကျမ်းတို့တွင် အထူးခြားဆုံးဖြစ်ပေသည်။ မှန်နန်းရာဇဝင်တော်ကြီးကား ထိုကျမ်းတို့ကိုမှီ၍ ပေါ်လာသောကျမ်းဖြစ်သည်။ စာပေသမိုင်းတွင် ရာဇဝင်ကျမ်းများထွန်းကားလာခြင်းသည် လူ့သမိုင်း၏ ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်ပေးနိုင်သကဲ့သို့ တိုးတက်ခြင်း၏ အမှတ်သင်္ကေတလည်းဖြစ်ပါသည်။

**အမေးအဖြေကျမ်းများ**

အမေးအဖြေကျမ်းတို့သည် ခေတ်၏စာပေ တိုးတက်ထွန်းကားကြောင်း ပြယုဂ်ဖြစ်သည်။ ပညာကိုရှာဖွေခြင်း၌ အသိဉာဏ်နယ်ပယ်ကိုချဲ့ထွင်ရာမှ ဤကျမ်းများ ပေါ်ထွန်းလာရခြင်းဖြစ်သည်။ အမေးအဖြေကျမ်းတို့တွင် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ စာပေအနုပညာ၊ ယဉ်ကျေးမှုနှင့် သာသနာရေးဆိုင်ရာတို့ကို လေ့လာနိုင်သည်။ မေးသူရော ဖြေသူပါ ပညာရှင်တို့ချည်းဖြစ်ကြ၍ ထိုကျမ်းတို့ကို သူ့ခေတ်နှင့် သူ့အခါ၏ စွယ်စုံကျမ်းများဟု ဆိုထိုက်ပေသည်။ ထင်ရှားသောမေးဖြေကျမ်းတို့မှာ

က။ အလောင်းမင်းတရားကြီးမေး၍ အတုလဆရာတော်ဖြေသော နန်းစဉ်ပုစ္ဆာကျမ်း

ခ။ လက်ဝဲနော်ရထာမေး၍ တောင်တွင်းဆရာတော်ဖြေသော လက်ဝဲနော်ရထာ လျှောက်ထုံး

ဂ။ ဗဒုံမင်းမေး၍ မောင်းထောင်ဆရာတော်ဖြေသော အမေးတော်ဖြေကျမ်း

ဃ။ မုံရွာသီရိမာလာမေး၍ ဒုတိယမုံရွေးဆရာတော်ဖြေသော သမန္တစက္ခုဒီပနီကျမ်း

င။ ကျည်းကန်ရှင်ကြီးမေး၍ (ကိုလိုနီခေတ်)ကျီးသဲလေးထပ်ဆရာတော်ဖြေသော စွယ်စုံကျော်ထင်ကျမ်း

အစရှိသည်တို့ဖြစ်ပေသည်။

ဖော်ပြခဲ့သည့် ကျမ်းများကိုကြည့်လျှင်ပင် ကုန်းဘောင်ခေတ်ဦးကာလက စာပေမည်မျှထွန်းကားကြောင်း ခန့်မှန်းနိုင်လောက်ပေသည်။ ထိုစာပေတို့အပြင် ချေင်း၊ ခရီးသွားမှတ်တမ်း၊ ဓမ္မသတ်ဖြတ်ထုံး၊ ပြဇာတ်၊ ရတု လင်္ကာ၊ ဝတု၊ သတ်ပုံရေးထုံးနှင့် ဟောစာတို့လည်း အင်နှင့်အားနှင့်ပင် ထွန်းကားခဲ့သည်။

သို့ဖြစ်ရာ ကုန်းဘောင်ခေတ်ဦးသည် ဘက်စုံထွန်းကားတိုးတက်ခဲ့သောကာလ၊

မြန်မာစာပေလောကတွင် အရေးပါသောကာလ၊ မြန်မာ့သမိုင်းတွင်လည်း ဂုဏ်ရောင် ပြောင်ခဲ့သော ကာလတစ်ရပ်ဖြစ်ကြောင်း ထင်ရှားတော့သည်။ ယနေ့ စာပေလောကထိ ကုန်းဘောင်ခေတ်ဦးစာပေက သြဇာညောင်းဆဲ လွှမ်းမိုးထားနိုင်ဆဲ ဖြစ်ပေသည်။ ဤသည်ကပင်လျှင် ကုန်းဘောင်ခေတ်ဦး၏ စာပေအခန်းကဏ္ဍသည် မြန်မာ့သမိုင်းတွင် မည်မျှအရေးပါကြောင်း ထင်ရှားပေတော့သည်။

## ကုန်းဘောင်ခေတ်နှောင်း စာပေ

ကုန်းဘောင်ခေတ်နှောင်းကာလကို ဗဒုံမင်းနတ်ရွာစံခဲ့သည့် အေဒီ ၁၈၁၉ မှ အင်္ဂလိပ်တို့ သီပေါမင်းကို နန်းချခဲ့သည့် အေဒီ ၁၈၈၅ အထိ သတ်မှတ်ပါသည်။ ထိုကာလအတွင်း မင်းငါးပါးတို့စိုးစံခဲ့ကြသည်။ ထိုမင်းငါးပါးတို့မှာ စစ်ကိုင်းမင်း (၁၈၁၉–၁၈၃၇)၊ သာယာဝတီမင်း(၁၈၃၇–၁၈၄၆)၊ ပုဂံမင်း(၁၈၄၆–၁၈၅၃)၊ မင်းတုန်းမင်း (၁၈၅၃–၁၈၇၈)နှင့် သီပေါမင်း(၁၈၇၈–၁၈၈၅) တို့ဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်းတွင်ဖြစ်ပွားခဲ့သော အင်္ဂလိပ် မြန်မာစစ်ပွဲများကြောင့် စာပေတိုးတက်မှုတို့သည် သိသာလောက်အောင် ထိခိုက်မှုမရှိခဲ့သည်ကို တွေ့ရှိရသည်။ သို့သော် မင်းနှင့်တကွ စာဆိုပညာရှင်တို့သည် ထိုကြုံကြိုက်ခဲ့ကြရသော သမိုင်းအမွေအိပ်မက်ဆိုးကြောင့် အတိုင်းအတာတစ်ခုထိမူ စိတ်ဓာတ်ရေးရာ ကျဆင်းခဲ့မှုများရှိခဲ့သည်မှာ အမှန်ဖြစ်ပေသည်။ ထို့ကြောင့် သိသာသောစာပေဆိုင်ရာဆုတ်ယုတ်မှုများမရှိခဲ့ဟု ဆိုရသော်လည်း စာပေပုံသဏ္ဍာန်တချို့ ပြောင်းလဲခဲ့၍ တချို့အားပျော့လာခဲ့ရသည်များ ရှိခဲ့ရသည်ကမူ အမှန်ပင်ဖြစ်ပါသည်။ ရှေးအစဉ်အလာ စာပေတို့လည်း ဆက်လက်ထွန်းကားနေဆဲပင် ဖြစ်ပါသည်။ ဤသည်မှာ စာဆိုပညာရှင်မျိုးဆက် မပြတ်ခဲ့သောကြောင့်ဖြစ်သည်။

သို့သော် နယ်ပယ်တချို့တွင် စာပေပုံသဏ္ဍာန် ပြောင်းလဲခဲ့သည်ကိုကား မြန်မာစာပေလိုက်စားသူတို့ သတိထားမိခဲ့ကြပေသည်။ ကုန်းဘောင်ခေတ်ဦးက ပျို့စာပေသည် အလွန်အားကောင်းခဲ့သည်။ ကုန်းဘောင်ခေတ်နှောင်းတွင်လည်း ထိုစာပေက ဆက်လက်အရှိန်ရ ရှင်သန်နေဆဲဖြစ်သည်။ ထိုကာလတွင် ရှေ့သို့ သိသိသာသာ ထိုးထွက်လာခဲ့သောစာပေတို့မှာ မော်ကွန်းများ၊ တေးသီချင်းများ၊ ခရီးသွားစာပေများ ကျေးလက်လွမ်းချင်းများနှင့် ပြဇာတ်စာပေများ ဖြစ်ကြပေသည်။ စိတ်၏ လေးလံထိုင်းမှိုင်းနေမှု၊ အလိုမကျမှု၊ ဝမ်းနည်းပူဆွေးနေရမှုများကို တဒင်္ဂပဟာန် ပျောက်ကင်း ငြိမ်းအေးသွားစေနိုင်မည့် ခံစားချက်ဖော်ကဗျာတိုထွာများလည်း ခေတ်စား

လာခဲ့သည်။ ထိုအကြောင်းတို့ကိုလည်း အလေးထားလျက် တင်ပြဆွေးနွေးသွားပါမည်။

ဦးစွာ အစဉ်အလာစာပေများကို တင်ပြဆွေးနွေးပါမည်။ စာပေတွင် စကားပြေနှင့် ကဗျာလင်္ကာဟူ၍ နှစ်မျိုးရှိပါသည်။ ရာဇဝင်ကျမ်းများ အမေးအဖြေကျမ်းများသည် စကားပြေကျမ်းများ ဖြစ်ကြပါသည်။ သို့သော် ကုန်းဘောင်ခေတ်တွင်စကားပြေထက် ကဗျာလင်္ကာစာပေတို့က ပိုမိုများပြားခဲ့သည်ဟုထင်ပါသည်။ အကြောင်းမှာ ကဗျာလင်္ကာက ရေးသူကိုရောဖတ်သူတို့ကိုပါ စိတ်၏ဖျော်ဖြေမှုကို ပေးစွမ်းနိုင်သောကြောင့် ဖြစ်မည်ထင်ပါသည်။ လတ်တလော လူတို့၏စိတ်ထွက်ပေါက်ကိုပေးနိုင်သည်မှာ ကဗျာလင်္ကာဖြစ်ပါသည်။ အုပ်ချုပ်သူမင်းကေရာဇ်မှအစ လူအပေါင်းတို့သည် စီးပွားရေးကြောင့် လူမှုရေးကြောင့် နိုင်ငံရေးကြောင့် စသည်အကြောင်းတစ်မျိုးမျိုးကြောင့် စိတ်၏ဖိစီးမှုတစ်မျိုးမျိုးကို ခံစားနေရနိုင်ပါသည်။ ထိုအခါ မိမိခံစားချက်ကိုပြေပျောက်နိုင်ရန် စိတ်၏ထွက်ပေါက်ရရှိနိုင်ရန် ကဗျာလင်္ကာများကို ရေးဖွဲ့ခဲ့ကြသည်၊ ကျက်မှတ်ရွတ်ဆိုခဲ့ကြသည်ဟု ယုံကြည်ပါသည်။ အလားတူခံစားရချက်ရှိသူတို့ကလည်း ထိုကဗျာလင်္ကာတို့ကိုဖတ်ရှုလျက် ယင်းတို့၏စိတ်သက်သာရာရမှုကို ကုသပေးခဲ့ကြသည်ဟု ထင်ပါသည်။ သို့ဖြင့် ကဗျာလင်္ကာက ပိုမိုအားကောင်းလာခဲ့ခြင်းဖြစ်သည်ဟု ကောက်ယူလိုပါသည်။

ကုန်းဘောင်ခေတ်နှောင်း စကားပြေကျမ်းများကို လေ့လာသောအခါ ရာဇဝင်ကျမ်းတို့ကို အထူးတင်ပြရန်ဖြစ်ပါသည်။ ထိုကာလ၏ စကားပြေကို ရာဇဝင်ကျမ်းများတွင်သာ အလေးအနက်တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ရာဇဝင်ကျမ်းတစ်မျိုးတည်းကိုသာ တင်ပြခြင်းဖြစ်ပါသည်။

## ရာဇဝင်ကျမ်းများ

စင်စစ် ကုန်းဘောင်ခေတ်နှောင်းကာလသည် နယ်ချဲ့ကျူးကျော်စစ်များနှင့် ရင်ဆိုင်ခဲ့ရသဖြင့် နိုင်ငံနှင့်လူမျိုးတစ်ရပ်လုံးသည် အကျပ်အတည်းများဖြင့်ကြုံရသော ကာလဖြစ်ပေသည်။ စစ်ရှုံးခဲ့သဖြင့် နိုင်ငံတော်ဂုဏ်သိက္ခာကျဆင်းနေရသော အချိန်အခါလည်းဖြစ်ပေသည်။ ပြည်သူတစ်ရပ်လုံးသည် ထိုအချိန်တွင်မှ ပဒေသရာဇ်စနစ်သဘောနှင့် နယ်ချဲ့သဘောတို့ကို ဝိုးတဝါးသိမြင်စပြုလာခဲ့တော့သည်။ ဆိုလိုသည်မှာ ယခင်က မိမိတို့အပေါ် အုပ်ချုပ်နေသောမင်းကေရာဇ်သည် စကြဝဠာကြီးတစ်ရပ်လုံးကိုပါ အုပ်ချုပ်ရသည့် စကြဝတေးမင်းဟု လက်ခံထားခဲ့ကြပြီး မည်သူမျှ မတို့ရဲသော

အမြင့်မြတ်ဆုံးပုဂ္ဂိုလ် ဝါ ဘုရားအလောင်းဟု ယုံကြည်ထားခဲ့ကြသည်။ ယခုမူ နယ်ချဲ့ကိုစစ်ရှုံးခဲ့ရသဖြင့် မင်းဧကရာဇ်၏ဘုန်းတော်အပေါ် ပြည်သူက သံသယဝင်လာမည်ကို မြန်မာမင်းတို့ စိုးရိမ်ခဲ့ကြဟန်ရှိသည်။ အကြောင်းမှာ ပထမအင်္ဂလိပ်မြန်မာစစ်ပြီးနောက် အင်္ဂလိပ်တို့ကို နယ်မြေများဖဲ့ပေးခဲ့ရခြင်းနှင့် စစ်လျော်ကြေးများ ပေးခဲ့ကြရခြင်းတို့ကြောင့်ဖြစ်သည်။ ထိုအဖြစ်မျိုးက မြန်မာရာဇဝင်တွင် မရှိခဲ့ဖူးသဖြင့် ဝမ်းနည်းခြင်း၊ ထိတ်လန့်ခြင်းနှင့် သိမ်ငယ်ခြင်းတို့ကို ပြည်သူတို့လည်းခံစားခဲ့ကြရသည်။ ဤခံစားရချက်များပပျောက်သွားစေရန် မြန်မာ့အမျိုးဂုဏ်ကို ပိုမိုဖော်ထုတ်ပေးနိုင်မည့် ရာဇဝင်သစ်ကျမ်းကို ပြုစုခဲ့ကြခြင်းဖြစ်မည်ထင်ပါသည်။

ရာဇဝင်ကျမ်းများကို ညောင်ရမ်းခေတ်က ဦးကုလားသည် မဟာရာဇဝင်ကြီးအမည်ဖြင့်ရေးသားခဲ့သည်။ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်များလည်း ပြုစုခဲ့လေသေးသည်။ ဦးကုလား၏မဟာရာဇဝင်ကျမ်းကြီးကို ပြန်လည်တည်းဖြတ်လျက် ဆက်လက်ရေးသားရန် စစ်ကိုင်းမင်းက ပညာရှင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ထိုအဖွဲ့တွင် ရဟန်းပညာရှိ၊ ပုဏ္ဏားပညာရှိနှင့် လူပညာရှိတို့ ပါဝင်ခဲ့ကြသည်။ ထင်ရှားသော ရာဇဝင်ဆရာကြီးဖြစ်သည့် မုံရွေးဆရာတော်သည် ရာဇဝင်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ထို မဟာရာဇဝင်တော်ကြီးသည် ဦးကုလားတွင်မပါခဲ့သော တကောင်းရာဇဝင်ကို ထည့်သွင်းရေးသားလာခဲ့ခြင်းနှင့် ဦးကုလားနောက် ရာဇဝင်အဖြစ်အပျက်များကို ဆက်လက်တိုးချဲ့ရေးသားလာခြင်းပင် ဖြစ်ပါသည်။ တချို့ကျမ်းဂန်နှင့် မညီသည်တို့ တည့်မတ်ပေးခဲ့သည်မှလွဲ၍ ဦးကုလားအရေးအသားအတိုင်းပင် လက်ခံခဲ့သည်။ စစ်ကိုင်းမင်း၏ မှန်နန်းတော်ဦးတွင် စုပေါင်းရေးသားထားသဖြင့် ထိုရာဇဝင်ကျမ်းကြီးကို မှန်နန်းရာဇဝင်တော်ကြီးဟု အသိများခဲ့သည်။ တရားဝင်ကျမ်းအမည်ကမူ မဟာရာဇဝင်တော်ကြီးဟူ၍ ဖြစ်ပေသည်။ ပထမအကြိမ်ကို စစ်ကိုင်းမင်းလက်ထက်၊ ဒုတိယအကြိမ်ကို မင်းတုန်းမင်းလက်ထက်တို့တွင် ရေးသားခဲ့ကြပါသည်။

ကုန်းဘောင်ခေတ်ဦး ဗဒုံမင်းလက်ထက် တွင်းသင်းတိုက်ဝန် မဟာစည်သူက ရာဇဝင်သစ်ကိုရေးသားခဲ့သည်။ မင်းဧကရာဇ်ကိုယ်တိုင်က ရေးသားပေးပါရန် တောင်းပန်ချက်အရ ရေးသားခဲ့ရခြင်းဖြစ်ပါသည်။ ဦးကုလားကို အခြေခံထားသော်လည်း စစ်ဆေးချက်၊ ဖြည့်စွက်ချက်၊ ဆွေးနွေးချက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ တွင်းသင်းတိုက်ဝန်သည် ခေတ်ပြိုင်ကျောက်စာနှင့် စာပေမှတ်တမ်းများကို ပဓာနအထောက်အထားပြုလျက် ရေးသားခဲ့ခြင်းဖြစ်၍ ပိုမိုလက်ခံနိုင်ဖွယ်ဖြစ်ပါသည်။ သို့သော်

ရေးသားပြုစုပြီးသောအခါ ဗဒုံမင်းသည် ထိုရာဇဝင်ကျမ်းကို အသိအမှတ် မပြုခဲ့သကဲ့သို့ မသိကျိုးကျွံလည်းပြုနေခဲ့သည်။ သို့ဖြင့် ရာဇဝင်သစ်ကျမ်းသည် မြန်မာစာပေနှင့် ရာဇဝင်ကျမ်းများသမိုင်းတွင် နေရာမရခဲ့သကဲ့သို့ ဖြစ်ခဲ့ရလေသည်။

စစ်ကိုင်းမင်းလက်ထက် အင်္ဂလိပ်မြန်မာစစ်ပြီးစတွင် စစ်ကိုင်းမင်းက ရာဇဝင်ကျမ်းတစ်စောင်ကိုရေးသားရန် ပညာရှင်များအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ အကြောင်းပြချက်မှာ ယခင်ရှိခဲ့သောရာဇဝင်ကျမ်းများသည် အများအယွင်း အပေါက် အကျများပါရှိသဖြင့် ကျမ်းဂန်များ ကျောက်စာများဖြင့် တိုက်ဆိုင်စစ်ဆေး၍ အမှန်ဖြစ်စေရန်ဟုဆိုခဲ့သည်။ လက်ခံနိုင်ဖွယ်သော အကြောင်းပြချက်ဖြစ်ပါသည်။ သို့ဖြင့် အဖွဲ့ဝင် ဆယ့်သုံးဦးပါသော ပညာရှင်များအဖွဲ့က မဟာရာဇဝင်တော်ကြီး(မှန်နန်းရာဇဝင်)ကို စုပေါင်းရေးသားခဲ့ကြသည်။ ထိုရာဇဝင်ရေးသားပြုစုရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သော မုံရွေးဆရာတော်ကလည်း သီးသန့်လျက် ရာဇိန္ဒရာဇဝရမဏ္ဍနီကျမ်းနှင့် စေတီယကထာ ခေါ် ရာဇဝင်ချုပ်တို့ကိုလည်း ပြုစုခဲ့ပါသည်။ ဆရာတော်က ယင်း၏ရာဇဝင်ကျမ်းကို စာရင်းဇယားများ သုံးသပ်ချက်များဖြင့်ရေးသားခဲ့သဖြင့် ပို၍လေ့လာရန် လွယ်ကူလာခဲ့ သကဲ့သို့ လေ့လာရသူတွင်လည်း ပို၍စိတ်ဝင်စားမှုဖြစ်လာရသည်။ ဆရာတော်၏ ဆောင်ရွက်ချက်တစ်ရပ်၌ ဟံသာဝတီ(မွန်)တို့ ရတနာပုရကို လာရောက်တိုက်ခိုက်ခဲ့ သဖြင့် ပျက်စီးခဲ့ရသောဘုရားပုထိုးကျောင်းကန်များနှင့် ပျောက်ဆုံးခဲ့ရသည့် ကျောက်စာ တို့ကို စာရင်းပြုစုပေးခဲ့ခြင်းဖြစ်ပါသည်။ ဤသို့လည်း မှတ်ချက်ပြုခဲ့ပါသေးသည်။

*'ထိုအခါ ရတနာပုရမြို့၌ မင်းအဆက်ဆက်တို့ တည်ထားသော ဘုရား ပုထိုးစေတီကျောင်းကန်တို့၌ ဝတ်မိုးဝတ်မြေလှူသောကျောက်စာ လူသူအရာမ် စောင့်လှူသောကျောက်စာတို့ကို ဖျက်ဆီးလေသည်ကား မရေမတွက်နိုင်ရှိသည် ဆိုသကဲ့သို့ ရှိချေသည်။ မွန်တို့ ဖျက်လေသည်၊ မြန်မာတို့ဖျက်လေသည်၊ ရှမ်းတို့ ဖျက်လေသည်၊ ကသည်းတို့ဖျက်လေသည်ဟု မသိသာနိုင်ကြပြီ။ မွန်တို့ အခွင့်သာ ခိုက်ဖြစ်၍ မွန်တို့ဖျက်လေသည်ဟူ၍သာ ဆိုကြတော့သည်'*

ဆရာတော်ကား သမိုင်းအမြင်ရှိတော်မူသည်။ မျှတသောဝေဖန်ချက်ကို ပေးတော်မူခဲ့ပါသည်။ စင်စစ် ဆရာတော်က စစ်ကြောင့်ဖြစ်လာသည့်ပြဿနာတွင် အားလုံး၌တာဝန်ရှိသည်ဟုဆိုလိုခြင်းသဘော သက်ရောက်ပါသည်။

ထို့အပြင် ဆရာတော်က အထောက်အထားမရှိဘဲ ထင်ရာမြင်ရာ ပြောဆို နေကြသည့် သမိုင်းဇာတ်လမ်းများနှင့် သမိုင်းအမှတ်မှားနေသည်တို့ကိုလည်း သုတေ

သနပြုကာ သမိုင်းမှန်ဖြစ်ရေးကိုကြိုးပမ်းခဲ့သည်။ မှားမှန်းသိလျှင် ဆရာတော်သည် အစဉ်အလာကိုလည်း ပယ်ရဲခဲ့သည်ကို တွေ့ရှိရသည်။ ပုဂ္ဂိုလ်ကိုမကြည့်ဘဲ အမှန်တရားကိုသာကြည့်သော ဆရာတော်ဖြစ်သည်။ ပုဂံခေတ်သမိုင်းတွင် ထင်ရှားခဲ့သော ပေါင်လောင်ရှင် မဟာကဿပအကြောင်းဖြင့် သာဓကဆောင်ပါမည်။

*'ပေါင်လောင်အရှင်မဟာကဿပမထေရ်လည်း ကျောက်ရစ်ပရိမ္မ အနိမ့်အမြင့် မြေတူး ယောမြို့ မြင်းမူစသည်တို့၌ ၃၇ ဆူသောဘုရားတို့ကို တည်တော်မူ၏။ ပျံလွန်တော်မူရာအရပ်ကိုလည်း အရှင်မဟာကဿပသင်္ချိုင်းတော်ဟူ၍ တွင်ရစ်၏။ ဆင်ယင်မြို့ ဘုန်းကြီးက အုတ်ကို အလောင်းထုလုပ်၍ထားသည်ကို မပြတ်ပင်ဖူးမျှော်မည်ဟုသွားကြ၏'*

သက္ကရာဇ် ၁၁၂၈ ခု အတုလဆရာတော် ဘုရားရှိခိုးသွားသည်နှစ် ထိုကပိုင်းသားတို့ အဇာတသတ်မင်းကြီးလှူခဲ့သောဟန် ကျောက်စာရေးသားထားခဲ့လေသော် မုချပင် ရှင်မဟာကဿပအလောင်းမှန်ပြီဟူ၍ အထင်ရှိကြသည်။ အမရပူရမြို့တည် မင်းတရားလက်ထက် ကျောက်စာအသစ်ရေးရာတွင်လည်း အတုလဆရာတော်စကားကို အခိုင်စွဲ၍ နေကြချေပြီ။

ဤသို့ ဆရာတော်က ရေးသားမှတ်တမ်းတင်ခဲ့သည်။ ရှင်မဟာကဿပကျောက်စာတို့ကို ဆရာတော်ဖတ်ရှုလေ့လာထားသောကြောင့်သာ ဤသို့ သမိုင်းအထောက်အထားဖြင့် ရဲဝံ့စွာဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆရာတော်၏ သမိုင်းလေ့လာမှုနှင့်ရေးသားမှုတို့ကို အလေးထား လေ့လာကြရမည်ဖြစ်ပါသည်။

**ပျို့လင်္ကာ**

အင်းဝခေတ်ကတည်းက ထွန်းကားလာခဲ့သောပျို့စာပေသည် ကုန်းဘောင်ခေတ်နှောင်းတွင်လည်း ခေတ်ဦးမှာကဲ့သို့ပင် ဆက်လက်ထွန်းကားနေဆဲဖြစ်သည်။ ပျို့စာပေ မရေးဖွဲ့တတ်လျှင် ပညာရှိမဖြစ်နိုင်ဟူ၍များ ယူဆထားလေသလောဟု ထင်မှတ်ရလောက်အောင် စာဆိုတိုင်းလောက်က ရေးဖွဲ့ခဲ့ကြသည်။ ပျို့စာပေသည် ဘုရားဟောပိဋကတ်တော်လာ၊ ငါးရာ့ငါးဆယ်နိပါတ်တော်လာများကို ပဓာနကျောရိုးထား၍ ရေးဖွဲ့ခဲ့ကြခြင်းဖြစ်သည်။

ကုန်းဘောင်ခေတ်နှောင်းကာလ၏ ထင်ရှားခဲ့ကြသော ပျို့စာဆိုများတွင် ဒုတိယမုံရွေးဇေတဝန်ဆရာတော်(အရိယာဝံသအာဒိစ္စရံသီ)၊ မဟာမင်းလှမင်းခေါင်

ကျော်(ဦးရွှန်း)၊ ကင်းဝန်မင်းကြီးနှင့် မန်လည်ဆရာတော်တို့ ပါဝင်ကြသည်။ ဤတွင် ကင်းဝန်မင်းကြီး၏ **တိန္ဒုကပျို့**သည် နန်းရစမင်းတုန်းမင်းကို အုပ်ချုပ်ရေး၌ တော်တည့် မှန်ကန်အောင် လမ်းညွှန်ပေးသောပျို့ဖြစ်သဖြင့် လေ့လာသင့်သော ပျို့တစ်စောင် ဖြစ်သည်။ ဗဒုံမင်း နန်းရစကလည်း သရေသင်္ယာအမည်ရှိ အမတ်တစ်ဦးသည် ဗဒုံမင်းသို့ **သာဓိနပျို့**ကို ရေးသားဆက်သွင်းခဲ့ဖူးသည်။ ဗဒုံမင်းသည် ထိုအတိုင်း လိုက်နာခဲ့သဖြင့် ထင်ရှားလာခဲ့ရသည်။ ထို့အတူ မင်းတုန်းမင်းသည်လည်း တိန္ဒုကပျို့ အတိုင်းလိုက်နာနိုင်ခဲ့သဖြင့် ပြည်သူချစ်ကြည်လေးစားသော မင်းတစ်ပါးအဖြစ် ရောက်ရှိလာခဲ့ရခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မန်လည်ဆရာတော်၏ မဃဒေဝ လင်္ကာသစ်သည် စင်စစ် ကိုလိုနီခေတ်ရောက်မှ ရေးစပ်ပြီးဆုံးခြင်းသို့ ရောက်ခဲ့သော်လည်း ကုန်းဘောင်ခေတ်၏အမွေအနှစ်ပင် ဖြစ်လေသည်။

ပျို့စာပေကိုအစဉ်အလာမှ ဖယ်ခွာထုတ်ပေးခဲ့သူမှာကား တောင်သာနယ် စရပ်ကြီးဆရာတော်ဖြစ်ပါသည်။ ဆရာတော်က သီပေါမင်းလက်ထက်တွင် ဆေးကျမ်း ဓာတ်ကျမ်းကို ပညာသင်တို့ လွယ်ကူစွာ သင်ကြားတတ်မြောက်စေရန် ပျို့လင်္ကာဖြင့် **ဓာတုမဂ်လာပျို့သစ်**[၁] ကို စပ်ဆိုခဲ့သည်။ နောက်လူတို့ကလည်း ပျို့လင်္ကာဟန်ဖြင့် **ဓာတုရသလေးစောင်တွဲ**ကျမ်း၊ **မဟာနရီကွံချာ**ကျမ်းတို့ကို ရေးဖွဲ့ခဲ့ကြသည်။ သို့ဖြင့် ပျို့စာပေသည် ဇာတ်ကြောင်းကိုအခြေမခံတော့ဘဲ ပညာရပ်အကြောင်းအရာကို အခြေခံထားဖွဲ့ဆိုလာခဲ့သည်များကို ကုန်းဘောင်ခေတ်နှောင်းတွင် တွေ့ရှိလာခဲ့ရသည်။

## မော်ကွန်း

မော်ကွန်းစာပေသည် အောင်မြင်မှုများကို ကဗျာလင်္ကာဖြင့်ဖွဲ့ဆိုမှတ်တမ်းတင် ထားခြင်းဖြစ်သည်။ အထူးသဖြင့် ပဒေသရာဇ်မင်းတို့၏ ဂုဏ်ယူစရာဆောင်ရွက် ပြီးမြောက်အောင်မြင်မှုများဟု ဆိုနိုင်ပေသည်။ တစ်နည်းအားဖြင့် နိုင်ငံ၏အောင်မြင်မှု များဟုလည်း မှတ်ယူနိုင်ပေသည်။ ကုန်းဘောင်ခေတ်နှောင်းတွင် မော်ကွန်းစာပေ ဆက်လက်ထွန်းကားနေဆဲဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် ခေတ်ဦးခေတ်နှောင်း

---

[၁] စရပ်ကြီးဆရာတော်၊ ဓာတုမဂ်လာပျို့သစ်၊ ရန်ကုန်၊ စူရတီစာပုံနှိပ်တိုက်၊ ၁၂၄၆(၁၈၈၄)

မော်ကွန်းဖွဲ့ဆိုမှုတွင် နေရာယူနိုင်ခဲ့သူမှာ နဝဒေးကြီးဖြစ်သည်။ မော်ကွန်းပေါင်းများစွာကို ရေးဖွဲ့ခဲ့သူ စာဆိုပုဂ္ဂိုလ်ကျော်ဖြစ်သည်။ အာသံနိုင်မော်ကွန်း၊ တရုတ်သံရောက် မော်ကွန်းတို့သည် ကုန်းဘောင်ခေတ်နှောင်း မြန်မာစာပေလောကတွင် ထင်ရှားခဲ့သည်။

မင်းတုန်းမင်းလက်ထက်တွင်လည်း ကင်းဝန်မင်းကြီးနှင့်ဦးပုညတို့သည် မော်ကွန်းရေးဖွဲ့ခြင်း၌ ထင်ရှားခဲ့ကြသည်။ ယင်းတို့က ဇင်းမယ်နိုင်မော်ကွန်း၊ မန္တလေးမြို့ဘွဲ့မော်ကွန်းနှင့် ရတနာနဒီမြစ်တော်ဘွဲ့မော်ကွန်းတို့ကို ရေးဖွဲ့စပ်ဆိုခဲ့ကြသည်။ မော်ကွန်းဖွဲ့ဆိုခဲ့သည်တို့ကိုကြည့်သောအခါ ထူးခြားသောဖြစ်စဉ်၊ ထူးခြားသောလုပ်ဆောင်ချက်၊ ထူးခြားသောအောင်မြင်မှု စသည်တို့ကိုရရှိသောအခါ စာဆိုတို့က မော်ကွန်းရေးဖွဲ့၍ မှတ်တမ်းတင်ခဲ့သည်။ မင်းအမိန့်တော်အတိုင်း မင်းအကြိုက်ရေးဖွဲ့ရသည်ဖြစ်၍ အချို့အကားအမြွောက်အပင့်ပါရှိနိုင်သော်လည်း အဖြစ်အပျက်မှာမူ သမိုင်းမှန်ဖြစ်သဖြင့် သမိုင်းအတွက် ကိုးစားထိုက်ပါသည်။ ကုန်းဘောင်ခေတ်နှောင်းတွင် မော်ကွန်းအတင်ခံရသောမင်းတို့မှာ စစ်ကိုင်းမင်းနှင့် မင်းတုန်းမင်းတို့နှစ်ပါးသာရှိခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုမင်းနှစ်ပါးလုံးသည် အင်္ဂလိပ်တို့၏ နယ်ချဲ့ကျူးကျော်မှုကို မကာကွယ်နိုင်ခဲ့ကြသော မင်းများဖြစ်လေသည်။ စစ်ကိုင်းမင်းလက်ထက်တွင် ရခိုင်နှင့်တနင်္သာရီတို့ကိုလည်းကောင်း၊ မင်းတုန်းမင်းလက်ထက်တွင် အောက်မြန်မာပြည်ကိုလည်းကောင်း မြန်မာတို့ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထိုအဖြစ်အပျက်တို့သည် ထိုမင်းတို့နှင့် ပြည်သူတို့နှလုံးသားတွင် မဖော်ပြနိုင်လောက်သောနာကျည်းစိတ် အမာရွတ်ထင်ကျန်နေရစ်ခဲ့သည်။ ဆက်ခံခဲ့ကြသောမင်းတို့တွင်လည်း သိမ်ငယ်သောအနေအထားတွင် ရှိနေခဲ့ကြရသည်။

**ချောင်း**

မင်းသားငယ် မင်းသမီးငယ်တို့ကို ပုခက်တင်မင်္ဂလာကျင်းပလျက် သီဆိုရသော မျိုးတော်စဉ်ဘွဲ့၊ ခမည်းတော်၏ ဘုန်းတော်ဘွဲ့များဖြင့် ပြည့်လျှံနေသောသားချော့သီချင်းတစ်မျိုးကို ချောင်းဟုခေါ်သည်။ တပင်ရွှေထီးချောင်းမှသည် နှောင်းခေတ်တို့၌ ချောင်းပေါင်းများစွာ ပေါ်ပေါက်လာခဲ့သည်။ ကုန်းဘောင်ခေတ်တွင်လည်း ချောင်းစာပေသည် မြန်မာ့ရွှေနန်းတွင်း၌ ထွန်းကားဆဲဖြစ်သည်။ သို့သော် ချောင်းအဖွဲ့ခံတို့သည် များသောအားဖြင့် မင်းမဖြစ်ခဲ့ကြ၊ မထင်ရှားခဲ့ကြသည်ကိုလည်း သတိထားမိကြောင်းဖြင့် ဆရာဒေါက်တာလှဖေက စာတမ်းတစ်စောင်တွင် ဖော်ပြခဲ့ဖူးသည်။

ကုန်းဘောင်ခေတ်တွင် ချောင်းအဖွဲ့ခံ စဉ့်ကူးမင်းသည်သာ ထီးနန်းအရိုက်အရာကို ရရှိခဲ့ပါသည်။ သို့သော် ယင်းသည် မြန်မာ့သမိုင်းတွင် အရေးပါသော ထင်ရှားသော မင်းကောင်းတစ်ပါးအဖြစ်မှ နေရာမရရှိခဲ့ချေ။

ကုန်းဘောင်ခေတ်တွင် ချောင်းရေးပညာရှင်တို့တွင် မဟာမင်းလှမင်းခေါင်ကျော် (ဦးရွှန်း)၊ ကင်းဝန်မင်းကြီး၊ ဝက်မစွတ်မြို့စား ဝန်ထောက်မင်းတို့ ထင်ရှားခဲ့ပါသည်။ မဟာမင်းလှမင်းခေါင်ကျော်သည် စစ်ကိုင်းမင်းသားတော်(ညောင်ရမ်းမင်း) ရွှေနားတော်သွင်းချောင်း[၂] နှင့်သမီးတော်ချောင်း[၃] တို့ကို ဖွဲ့ဆိုခဲ့သည် ။ သီပေါမင်းလက်ထက်တွင်လည်း ကင်းဝန်မင်းကြီးက ၁၂၄၁(၁၈၇၉)တွင် ရွှေကိုယ်တော်ကြီးမြပုခက်တင် မင်္ဂလာချောင်းကိုလည်းကောင်း၊ ၁၂၄၃(၁၈၈၁)တွင် ထိပ်စုမြတ်ဘုရားလတ် မြပုခက်တင် မင်္ဂလာချောင်းကိုလည်းကောင်း ရေးသားဆက်သွင်းခဲ့သည်။ ဝက်မစွတ်မြို့စားမင်းကြီး မင်းထင်မဟာစည်သူကလည်း ထိပ်စုမြတ်ဘုရားကြီး မြပုခက်တော်တင် မင်္ဂလာချောင်းကို ၁၂၄၀(၁၈၈၀)တွင်လည်းကောင်း၊ ထိပ်စုမြတ်ဘုရားကလေး မြပုခက်တော်တင် မင်္ဂလာချောင်းကို ၁၂၄၄ (၁၈၈၂)တွင်လည်းကောင်း ရေးသားဆက်သွင်းခဲ့သည်။ ထိုချောင်းတို့သည် မြန်မာစာပေသမိုင်း၏ နောက်ဆုံးချောင်းစာပေတို့ပင်ဖြစ်ပေသည်။ ပဒေသရာဇ်ခေတ်ကြီး ပျက်သုဉ်းသွားခဲ့သည်နှင့်တစ်ပြိုင်နက် ချောင်းစာပေလည်း နိဂုံးချုပ်သွားခဲ့ရလေသည်။

## ပြဇာတ်စာပေ

ထိုခေတ်တွင် ရှေးကထက်သိသာသော စာပေတိုးတက်မှုတစ်ရပ်မှာ ပြဇာတ်စာပေများ ထွန်းကားလာခဲ့ခြင်းဖြစ်ပါသည်။ ရွတ်ဖတ်ရသော ဇာတ်စာပေမှ ကပြနိုင်သောပြဇာတ်စာပေသို့ ပြောင်းလဲလာခြင်းဖြစ်၍ တိုးတက်မှုပင်ဖြစ်သည်။ ထင်ရှားသော

[၂] ဆီမီးခုံရွာစား၊ မဟာမင်းလှမင်းခေါင်ကျော်၊ (ဦးရွှန်း)၊ စကြာမင်းကလေးချောင်းခေါ် ညောင်ရမ်းမင်း ရွှေနားတော်သွင်း၊ ရန်ကုန်၊ ရွှေမြို့တော်စာပုံနှိပ်တိုက်၊ ၁၉၆၂ ကြည့်။

[၃] ပါမောက္ခ ဦးမောင်၊ ကဗျာ့ပန်းကုန်း၊ ရန်ကုန်၊ မြန်မာယူနီယာန်စာပုံနှိပ်တိုက်၊ ၁၉၆၂၊ မျက်၊ ၅၁။

ပြဇာတ်ဆရာမှာ နှစ်ဦးသာရှိခဲ့ပါသည်။ ယင်းတို့ကား ဦးကြင်ဥနှင့် ဦးပုညတို့ဖြစ်ပါသည်။ ဦးကြင်ဥ၏ ထင်ရှားခဲ့သောပြဇာတ်များမှာ

ကာလကဏ္ဏိပြဇာတ်

ဒေဝကုမ္မာန်ပြဇာတ်

ပါပဟိန် ပြဇာတ်

မဟော်သဓာပြဇာတ်

ဝေဿန္တရာပြဇာတ်

ဝဏ်န္တပြဇာတ်

တို့ ဖြစ်သည်[၆]။

ဦးပုညသည်လည်း ဦးကြင်ဥနှင့်ခေတ်ပြိုင် ပြဇာတ်ရေးဆရာဖြစ်သည်။ ယင်းရေးသားခဲ့သောပြဇာတ်တို့မှာ

ကောသလပြဇာတ်

ပဒုမပြဇာတ်

ရေသည်ပြဇာတ်

ဝိဇယပြဇာတ်

ဝေဿန္တရာပြဇာတ်

တို့ဖြစ်သည်[၇]။ ပြဇာတ်စာပေတို့သည် ဖျော်ဖြေမှုသက်သက်မျှဟုသာယူဆ၍ မရနိုင်ချေ။ ပရိသတ်ကို ပညာများစွာပေးနိုင်ခဲ့ပေသည်။ ထို့အတူ ဆင်ခြင်စရာ၊ သင်ခန်းစာယူစရာ လည်းပါဝင်တတ်သဖြင့် အုပ်ချုပ်သူမင်းမှစ၍ ပြည်သူတစ်ရပ်လုံးအထိပါ ပညာယူနိုင်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း ဦးကြင်ဥနှင့် ဦးပုညတို့ ပိုမိုနာမည်ကြီးလာခဲ့ရခြင်း ဖြစ်ပါသည်။ ဤတွင် တချို့သော ဦးပုည၏ပြဇာတ်တို့သည် တစ်ဦးဦးက တစ်စုံတစ်ခုသောအကျိုးသက်ရောက်မှုကို မြော်ကိုး၍ အရေးခိုင်းခဲ့ခြင်း ဖြစ်ကြောင်းနှင့် လည်းသိရပေသည်။ ဝိဇယပြဇာတ်သည် မင်းတုန်းမင်း၏သားတော် မြင်ကွန်းမင်းသားကို နောင်တတရား ရရှိစေနိုင်မည်မြော်ကိုး၍ ရေးသားစေခဲ့ခြင်းဖြစ်ကြောင်းနှင့်

---

[၆] ဦးဖေမောင်တင်၊ မြန်မာစာပေသမိုင်း၊ ရန်ကုန်၊ အောင်စည်စာပေ၊ ၁၉၇၁၊ မျက်၊ ၄၀၈။

[၇] မြန်မာစာပေသမိုင်း (၁၉၇၀) မျက်၊ ၄၃၆။

သိရပေသည်။ သို့သော် လက်တွေ့တွင်မူ ဤသို့ဖြစ်မလာခဲ့ချေ။ သာ၍ဆိုးသောအနေအထားသို့ပင် တွန်းပို့ခဲ့သည်ဟု ဆိုရမည်ကဲ့သို့ရှိပေသည်။ အကြောင်းမှာ မြင်ကွန်းမင်းသားသည် ခမည်းတော်ကိုပုန်ကန်ခဲ့ပြီး ဦးရီးတော်လည်းဖြစ် ယောက္ခမလည်းဖြစ်သော အိမ်ရှေ့မင်းကို သတ်ဖြတ်ခဲ့သောကြောင့်ဖြစ်သည်။ ပဒုမပြဇာတ်သည်လည်း နန်းတွင်း၌ မိဖုရားများအကျင့်ပျက်မှုကို မြင်သာစေရန် ရေးသားစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မင်းကေရာဇ်မှစ၍ မင်းသားများ မိဖုရားအများယူခြင်း၏ဆိုးကျိုးနှင့်အပြစ်ကို ထင်မြင်စေရန်ဟုဆိုပေသည်။ သို့သော် နန်းတွင်းလောက၌ မည်သူ တစ်စုံတစ်ဦးမျှ ပြုပြင်လာခဲ့ခြင်းမရှိသည်ကိုလည်း တွေ့ရှိရသည်။

## ခရီးသွားစာပေ

ကုန်းဘောင်ခေတ်နှောင်း စာပေအကြောင်းပြောလျှင် သိသာထင်ရှားသော တိုးတက်မှုတစ်ရပ်မှာ ခရီးသွားစာပေများ ပေါ်ပေါက်ဖြစ်ထွန်းလာခြင်းပင်ဖြစ်သည်။ ဤတွင် ပေါ်ပေါက်ဖြစ်ထွန်းဟူသောစကားကြောင့် ရှေးကမရှိခဲ့ဖူးပြီလောဟု မေးစရာရှိပါသည်။ ရှိခဲ့ပါသည်။ သို့သော် ခရီးသွားစာပေအဖြစ် သိသာထင်ရှားမှုမရှိခဲ့၊ မပီပြင်ခဲ့သေးခြင်းသာ ဖြစ်ပါသည်။ ပုဂံခေတ်က ရှင်မတိမာမထေရ် မဇ္ဈိမဒေသ မဟာဗောဓိသို့ ဘုရားဖူးကြွခဲ့သည့်ခရီး[၆]၊ သျှင်ဒိသာပြာမုက် တရုတ်ပြည် တယ်တူသို့ သွားခဲ့သည့်ခရီး[၇] တို့ကို ကျောက်စာဖြင့်ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ သို့သော် ခရီးသွားစာပေအဖြစ် မှတ်တမ်းတင်ခဲ့ခြင်းမဟုတ်ဘဲ အဖြစ်အပျက်တစ်ခုအနေဖြင့် ယင်းတို့ ကုသိုလ်တော်ပြုကျောက်စာတွင် တင်ပြခဲ့ခြင်းမျှသာ ဖြစ်ပေသည်။

ခရီးသွားစာပေသည် ကုန်းဘောင်ခေတ်လယ် ဗဒုံမင်းလက်ထက်ကတည်းက အရေးပါစပြုနေခဲ့ပြီဖြစ်ပါသည်။ ယင်းလက်ထက် အနောက်တိုင်းအင်္ဂလိပ်သံတို့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပုံ၊ ယင်းတို့က မင်းမျူးမတ်တို့ဖြင့် တွေ့ဆုံမေးမြန်း

[၆] သ၊ ၄၆၇ ထိုး မတိမာထေရ်ကျောက်စာ၊ ဦးငြိမ်းမောင်၊ ရှေးဟောင်းမြန်မာကျောက်စာများ၊ ပထမတွဲ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနရုံး၊ ၁၉၇၂၊ မျက်၊ ၃၂၆–၂၇။

[၇] ငြိမ်း၊ ရှေးမြန်ကျောက်၊ တ၊ (၁၉၈၃)၊ မျက်၊ ၁၄၁–၄၄။

မှတ်တမ်းယူခဲ့ကြပုံတို့ကို မြန်မာမှူးကြီးမတ်ကြီးတို့ သတိထားမိခဲ့ကြသည်။ ထို့ကြောင့် ခရီးသွားစာပေ၏အရေးပါမှုကို နိုင်ငံရေးနှင့်ယှဉ်လျက် ဗဒုံမင်းလက်ထက်ကတည်းကပင် မင်းနှင့်တကွ မှူးကြီးမတ်ရာသေနာပတိတို့ သဘောပေါက်ခဲ့ကြပါသည်။ ထို့ကြောင့် ဖေယျကျော်ထင်၏ မဇ္ဈိမဒေသအရေးပုံကျမ်းနှင့် ဦးနု၏ဘင်္ဂလားသွားမှတ်တမ်းတို့ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

စစ်ကိုင်းမင်းလက်ထက်တွင်လည်း နိုင်ငံရေးနှင့်ယှဉ်လျက် ခရီးသွားစာပေ ပေါ်ထွန်းလာခဲ့သည်။ မြန်မာတို့စစ်ရှုံးနိမ့်ခဲ့ရပြီးနောက် အင်္ဂလိပ်နှင့်မြန်မာတို့ နှစ်နိုင်ငံ သံတမန်ဖလှယ်ရေး သဘောတူညီချက်တစ်ရပ် ပါဝင်ခဲ့သည်။ မေဂျာဘာနေ (Major Burney)သည် မြန်မာနိုင်ငံသို့ ၂၄ ဧပြီ ၁၈၃၀ တွင် ရောက်ရှိလာခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံကလည်း မင်းကြီးမဟာစည်သူဦးဆောင်သောသံအဖွဲ့ကို အိန္ဒိယသို့ စေလွှတ်ခဲ့သည်။ မြန်မာသံအဖွဲ့ စေလွှတ်ခြင်းရည်ရွယ်ချက်မှာ ကဘော်ချောင်ကိစ္စ၊ မုတ္တမနယ်ကိစ္စ ရခိုင်နှင့် တနင်္သာရီတို့ပြန်ပေးရေးကိစ္စ၊ ငါးနှစ်တစ်ကြိမ် သံတမန်စေလွှတ်ရေးကိစ္စရပ်များကို ဆွေးနွေးရန်ဖြစ်သည်[၈] ။

မင်းတုန်းမင်းလက်ထက်တွင်လည်း သံတမန်ခရီးသွားမှတ်တမ်းများ ပေါ်ထွန်းလာခဲ့သည်။ ယင်းတို့သည် သာမန်ခရီးသွားမှတ်တမ်းများမဟုတ်ဘဲ နေ့စဉ်မှတ်တမ်းများ ဖြစ်လေသည်။ ထို့ကြောင့် ပိုမိုအရေးပါသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ ခရီးကြုံ၍ ကြားသမျှမြင်သမျှကို ရေးသားခဲ့ခြင်းမျိုးမဟုတ်ဘဲ ရေးနိုင်အောင် ကြည့်ရှုလေ့လာ မေးမြန်းမှတ်သားပြီးမှ ရေးသားခဲ့ခြင်းဖြစ်သည်။ သိရှိလိုသည်များသိရအောင်၊ မြင်လိုသည်များရှုမြင်ရအောင်နှင့် နိုင်ငံအတွက် အသုံးချနိုင်သည်များကို အသုံးချနိုင်အောင် လေ့လာမှတ်တမ်းတင်ခြင်းဖြစ်၍ နိုင်ငံနှင့်လူမျိုးအတွက် အရေးပါသော ခရီးသွား မှတ်တမ်းစာပေ ဖြစ်ပေသည်။

မင်းတုန်းမင်းလက်ထက် ထင်ရှားသောသံတမန်တို့မှာ ကင်းဝန်မင်းကြီးနှင့် ဦးခြိမ့်တို့ဖြစ်သည်။ ကင်းဝန်မင်းကြီးက လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်းနှင့် ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်စာတမ်းတို့ကို ရေးသားခဲ့သည်။ ကင်းဝန်မင်းကြီး၏ နေ့စဉ်မှတ်စာတမ်းတို့ကို စကားပြေဖြင့် ရေးသားခဲ့ခြင်းဖြစ်ပါသည်။ ထူးဆန်းထွေတလာကို မြင်၍

[၈] ဒေါ်ကြန်(တည်း)၊ ဘင်္ဂလားသွားစာတမ်း၊ ရန်ကုန်၊ မြန်မာသမိုင်းကော်မရှင်၊ ၁၉၆၃၊ မျက်၊ ၄။

ရေးသည်မျိုးပါရှိသကဲ့သို့ သံတမန်တစ်ဦးအနေဖြင့် သိသင့်သိထိုက် ကြည့်သင့်ကြည့်ထိုက်သည်တို့ကို စေ့ငုစွာ လေ့လာမှတ်တမ်းတင်ထားခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို အထူးမှတ်သားလေ့လာခဲ့သည်။ နိုင်ငံရေး၊ စီးပွားရေး၊ စက်မှုလက်မှုနှင့် စာပေပညာရေးပါမကျန် ထောင့်စုံအောင် လေ့လာကြည့်ရှုသည်။ နောက်ဆုံးပညာရေးသည် အခရာဖြစ်ကြောင်း ကင်းဝန်မင်းကြီးသဘောပေါက်ခဲ့သည်။ ထို့ကြောင့် ပညာရေးဆိုင်ရာများကိုကြည့်ရှုရန် မင်းကြီးသည် ပြင်သစ်နိုင်ငံမှ စာအုပ်များပြခန်း(Bibliotheque)ကို သွားရောက်ခဲ့ပြီး ဤသို့မှတ်တမ်းတင်ခဲ့သည်။

*'နိုင်ငံတကာဘာသာအမျိုးမျိုး စာအုပ်ထားရာတိုက်သို့ လှည့်ပတ်ကြည့်ရှုကြသည်။ ၎င်းတိုက်တွင် ပုံရိုက်စာအုပ်အမျိုးမျိုးထားရာ တိုက်ခန်း၊ လက်ရေးစာအုပ်အမျိုးမျိုးထားရာတိုက်ခန်း၊ နိုင်ငံပုံတိုက်အိမ်ကျောင်းကန်မှစ၍ အရပ်ရပ် အဆောက်အဦပုံအမျိုးမျိုးထားရာတိုက်ခန်းများကို လှည့်ပတ်ကြည့်ရှုရသည်။ ၎င်းတိုက်များတွင် အရပ်ရပ်ပညာများကိုအလိုရှိ၍ မှတ်သားလိုသူတို့ ဝင်ထွက်ကြည့်ရှုမှတ်သားစေရန် နေရာအသီးသီး၊ တိုက်ခန်းအသီးသီးထား၍ ၎င်းနေရာတိုက်ခန်းများမှာ အရပ်ရပ်ပညာကို အလိုရှိရာ မှတ်သားကြသူအများ ဝင်ထွက်ကြည့်ရှု မှတ်သားကြသည်များကိုလည်းတွေ့မြင်ခဲ့ရသည်။ ၎င်းတိုက်တွင် ပုံရိုက်စာအုပ်ပေါင်း ၃ သိန်း၊ လက်ရေးစာအုပ်ပေါင်း သိန်း ၂ သောင်းရှိကြောင်း ၎င်းစာအုပ်များအနက် နိုင်ငံပုံစာအုပ်ကိုကြည့်ရှုရာ သိုးဆောင်းလူမျိုးတို့ မြန်မာနိုင်ငံကို အဦးအစရောက်ပေါက် ပုံစံရေးသားကူးယူခဲ့သည့် မြန်မာနိုင်ငံပုံစံဟောင်းကြီး ၁ ကိုတွေ့ရသည်။ ၎င်းပုံစံ အမှတ်အသား ကိုကြည့်ရှုရာ အီတာလျံနိုင်ငံ ဘင်နစ်မြို့နေ အီတာလျံလူမျိုး မာကိုပိုလို (Marco Polo)ဆိုသူလာရောက်၍ တကောင်းပြည် အညာပုဂံမင်းတစ်ဦး အုပ်စိုးစဉ်ကာလ ရေးသားသည်ပုံစံဖြစ်ကြောင်း အမှတ်အသားပါသည်။ ၎င်းအမှတ်အသားကို ထောက်လျှင် သိုးဆောင်းလူမျိုးတို့ မြန်မာနိုင်ငံသို့ ပေါက်ရောက်သည့် နှစ်ကာလ ရှည်ကြာကြောင်းကို သိရသည်။ ငါတို့အရှင် ရတနာပုံမြို့တည် နေထွက်ဘုရင် မြန်မာမင်းမြတ်က ပြင်သစ်မင်းသို့ အထက်ပေးပို့သည့် ပိဋကတ်စာများကိုလည်း ၎င်းတိုက်တွင် ကောင်းမွန်စွာသိမ်းထားသည်ကို တွေ့မြင်ရသည်[၉]'*

[၉] ကင်းဝန်မင်းကြီး၊ လန်ဒန်မြို့သွားနေ့စဉ်မှတ်စာတမ်း ၂ တွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၄၊ ဒု၊ မျက် ၄၄၉–၅၀။

ကင်းဝန်မင်းကြီးသည် ပြင်သစ်နိုင်ငံစာအုပ်ပြခန်းမှ မြန်မာနိုင်ငံပုံကို အထူး စိတ်ဝင်စားခဲ့သည်။ ထို့ကြောင့် ဒုတိယအကြိမ်သွားရောက်ပြီးပုံကို ကူးယူလိုကြောင်းနှင့် သက်ဆိုင်ရာကို မေတ္တာရပ်ခံခဲ့သည်။ သို့သော် ဒုတိယအကြိမ်ရောက်သွားသောအခါ ထိုပုံမရှိတော့ကြောင်းဖြင့် သိရသည်[၁၀]။

ကင်းဝန်မင်းကြီးသည် နိုင်ငံခြားရောက် မြန်မာပညာသင်များကိုလည်း တွေ့လေ့ရှိသည်။ သက်ဆိုင်ရာအစိုးရများကိုလည်း ပညာရေးအတွက်ကူညီပေးကြပါရန် မေတ္တာရပ်ခံခဲ့သည်။ ဤတွင် ပညာတော်သင်များနှင့်ပတ်သက်၍ အရည်အသွေး မပြည့်ဝမှုကြောင့် မအောင်မြင်ပုံကိုလည်း ယင်း၏နေ့စဉ်မှတ်စာတမ်းတွင် ဖော်ပြခဲ့ သည်[၁၁]။ ထို့နောက် စက်ရုံအများကို လှည့်လည်ကြည့်ရှုရာတွင် အားလုံးသည် အံ့ဖွယ် ရာချည်းဖြစ်သည်။ ရေမြှုပ်ဗုံးလုပ်သည့်စက်ရုံကိုလည်း ရောက်ရှိခဲ့သည်။ အသေးစိတ် မှတ်တမ်းတင်ခဲ့သည်။

*'ရေမြှုပ်ဗုံးမှာ သုံးပိုင်းစပ်ထား၍ ၊ အလယ်ပိုင်းတွင် လေလှောင်သည့် တိုက်လုပ်သည်။ အမြီးပိုင်းတွင် ၎င်းလေလှောင်တိုက်က ပြွန်နှင့်လေကိုထွက်စေ၍၊ ခရုစက်ကိုလည်စေပြီးလျှင်၊ မီးသင်္ဘောများကဲ့သို့ အလိုရှိရာ သွားအောင်လုပ်သည့် ခရုစက်များကိုထားသည်။ ခေါင်းပိုင်းမှာ ဗုံးဆံ၊ ယမ်း၊ ဓာတ်အိုး၊ စနက်ကရိယာစုံ များကိုထားသည်။ ပြီးလျှင် အလိုရှိသည်ကာလ ၎င်းရေမြှုပ်ဗုံးကို ရေထဲသို့ချလျှင် ၉ ပေခန့် ရေမြှုပ်ကြောင်း၊ သည်ထက်တိုး၍ ရေမမြှုပ်ကြောင်း၊ ၎င်းရေမြှုပ်ဗုံးကို အလိုရှိသည်ကာလ လေတိုက်သို့ လေသွင်းပြီးလျှင် ရေသို့ချ၍ တစ်ဖက်ရန်သူတို့ သင်္ဘောရှိရာ ရွယ်ပြီးလျှင် စက်ကိုဖွင့်၍လွှတ်လျှင်၊ အင်္ဂလိပ် ၃ တိုင် မြန်မာ တစ်တိုင်ခွဲခရီးရောက်အောင်သွားကြောင်း[၁၂]'*

ဖြင့်ဖော်ပြခဲ့သည်။ အလွန်လည်းအံ့သြခဲ့ရသည်။ မြန်မာနိုင်ငံတွင် ရေမြှုပ်ဗုံးလုပ်ခဲ့ ကြောင်းကြားသိရဖူးသော်လည်း သမိုင်းအထောက်အထား အခိုင်အမာ မတွေ့ရှိရ သေးချေ။

---

[၁၀] လန်ဒန်မြို့သွားနေ့စဉ်မှတ်စာတမ်း(၁၉၅၄) မျက်၊ ၄၈။

[၁၁] ကင်းဝန်မင်းကြီး၊ ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်စာတမ်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၃၉၊ မျက်၊ ၃၈။

[၁၂] ပြင်သစ်သွား(၁၉၃၉)၊ မျက်၊ ၁၃၉။

ဦးခြိမ့်က ပူတကေ၊ စပိန် အီတလျံသွားမှတ်တမ်း[၃၃] ကိုပြုစုခဲ့သည်။ ကဗျာလင်္ကာဖြင့် ရေသားပြုစုခဲ့ခြင်းဖြစ်သည်။ ကင်းဝန်မင်းကြီးနှင့်စာလျှင် ယင်း၏ မှတ်တမ်းက အမြင်မကျယ်လှဟု ဆိုနိုင်ပေသည်။ နိုင်ငံရေး စီးပွားရေးနှင့် စစ်ရေးအမြင် တို့တွင် ကင်းဝန်မင်းကြီးက ပို၍ ရှုတတ်မြင်တတ်လေသည်။ သံတမန်အဆင့်မြင့်မား သည်ဟုဆိုနိုင်ပေသည်။ ထိုစာတမ်းတို့သည် နိုင်ငံရေးခရီးများဖြစ်၍ သံတမန်တို့၏ စူးရှသော အကြည့်အမြင်များကို သတိထားမိနိုင်မည်ဖြစ်ပါသည်။ ကင်းဝန်မင်းကြီး၏ သံတမန်မှတ်တမ်းသည် မြန်မာ့စာပေနှင့်သမိုင်းတွင် ယှဉ်ပြိုင်ဘက်ကင်းသော ခရီးသွား မှတ်တမ်းများဖြစ်ပေသည်။

## ဖျော်ဖြေရေးစာပေ

ကုန်းဘောင်ခေတ်နှောင်းကာလ၏ စာပေဖွံ့ဖြိုးတိုးတက်မှုကို လေ့လာသော အခါ ခေတ်ဦးမှာကဲ့သို့ စာပေပုံသဏ္ဍာန်စုံအောင် ပေါ်ပေါက်ထွန်းကားခဲ့ပါသည်။ သို့သော် ခေတ်ဦးကလောက် စာပေတို့သည် အားပြည့်ခွန်ပြည့်မရှိလှဟုထင်မိပေသည်။ ထို့ကြောင့် ပင် ဖြစ်ဟန်ရှိသည်။ ကုန်းဘောင်ခေတ်နှောင်းတွင် ဂီတစာပေများ ပြဇာတ်စာပေများ ကျေးလက်လွမ်းချင်းများ တေးထပ်များ၊ သံချိုများ၊ လေးချိုး တြိချိုးနှင့် ဒွေးချိုးများ စသည်တို့ကဲ့သို့သော ပေါ့ပေါ့ပါးပါးနှင့် နာကြားရသူတို့၏အာရုံကို ခံစားမှုတစ်မျိုးမျိုး ပေးစွမ်းနိုင်သည့် ဖျော်ဖြေရေးစာပေများသည် အငြိမ့်၊ ဇာတ်၊ ရုပ်သေးတို့နှင့်အတူ ဂီတဖြင့်တွဲလျက် ထွန်းကားလာခဲ့သည်။ ထိုစာပေတို့ကို ဖော်ထုတ်ခဲ့ကြသော စာဆိုများကို ဤနေရာတွင် တင်ပြရန်ရှိလာလေတော့သည်။ ယင်းတို့တွင် (အက္ခရာစဉ်၍ဖော်ပြ)

ကျော်လှ၊ ဦး၊ မောင်းထောင်

ကြီး၊ ဦး

ကြော့၊ ဦး၊ တောင်တွင်း

ကြင်ဥ၊ ဦး

ခင်ဆုံ၊ မင်းကြီးကတော်

စ၊ ဦး၊ မြဝတီမင်းကြီး

---

[၃၃] ဦးခြိမ့်၊ ပူတကေ၊ စပိန်၊ အီတာလျံသွားမှတ်တမ်း၊ မန္တလေး၊ လူထုပုံနှိပ်တိုက်၊ ၁၉၅၉။

စီ၊ ဦး
စံသူ၊ မောင်၊
ဆောင်း၊ ဦး
ပုည၊ ဦး၊ စလေ
ပြင်စည်မင်းသား၊
ဖေ၊ ဆရာ၊ အချုပ်တန်း
ဖေငယ်၊ မောင်၊ တောင်သမန်လယ်စား
မင်း၊ ဦး၊ ဖိုးသူတော်
မင်း၊ ဦး၊ လူ
မြလေး၊ နန်းမတော် မ၊
လှိုင်ထိပ်ခေါင်တင်

စသည်တို့ကဲ့သို့သော စာဆိုများ ပါဝင်ခဲ့ကြသည်။ ယင်းတို့၏စာပေများ တေးဂီတကဗျာလင်္ကာများသည် ဖတ်သူ၊ နာသူ၊ ကြားရသူတို့ကို ကြည်နူးနှစ်သိမ့်စေသော ရသစာပေများဖြစ်သည်။ ထို့ကြောင့် ဖျော်ဖြေရေးစာပေများဟု ဆိုလိုက်ခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်လည်း ခေတ်နှောင်းစာပေတို့သည် ပြည်သူတို့လောကထဲသို့ ရှေးကထက် ပိုမိုဝင်ရောက်လာနိုင်ခဲ့သည်။ ရောဝတီနှင့်ချင်းတွင်းကြောင်းတို့တွင် မီးသင်္ဘောများ ပြေးဆွဲလာနိုင်ခြင်း၊ ဖူလုံစိုက်ပျိုးစီးပွားဘဝမှ ငွေဖြစ်သီးနှံစိုက်ပျိုးရေးသို့ ကူးပြောင်းလာခဲ့ခြင်းတို့ကြောင့်လည်း လူမှုဘဝသည် ပြောင်းလဲစပြုလာခဲ့ပါသည်။ စာပေပြောင်းလဲမှုနှင့်လည်း အံဝင်ဂွင်ကျဖြစ်လာပါသည်။

ဖျော်ဖြေရေးစာပေများဖြစ်သော တေးဂီတဆိုင်ရာများကို ပုံစံအမျိုးမျိုးဖြင့် ဖော်ထုတ်ပေးခဲ့သူမှာ မြဝတီမင်းကြီးဦးစနှင့် ပြင်စည်မင်းသားကြီးတို့ ဖြစ်သည်။ မင်းကြီးသည် မြန်မာအသံစစ်စစ်များအပြင် ယိုးဒယားအသံ၊ ကသည်းအသံ၊ အနောက်တိုင်းအသံတို့ကိုယူ၍ မြန်မာသီချင်းများကို ခေတ်သစ်တစ်ခုသို့ ပို့ဆောင်ပေးခဲ့သူဖြစ်သည်။ ယခုအခါ မင်းကြီး၏သီချင်းများကို သီချင်းကြီးသီချင်းခံများအဖြစ် မြန်မာစာပေနှင့် ဂီတလောက၌ လက်ခံထားကြလေသည်၊ ယင်း၏ သီချင်းကြီး သီချင်းခံများကို မတီးတတ် မဆိုတတ်လျှင် မြန်မာ့တေးဂီတပညာရှင် မဖြစ်နိုင်လောက်သည်အထိ ဩဇာညောင်းခဲ့ပေသည်။ စင်စစ် မင်းကြီး၏အောင်မြင်မှုသည် အေးဆေးငြိမ့်ညောင်း၍ ငြင်းတွဲတွဲ အသံမျိုးကိုကြိုက်သော မြန်မာ့နားနှင့်ဆီလျော်မည့် တိုင်းတစ်ပါးအသံတို့ကို ခံ့ညား

ထည့်ဝါ၍ လေးနက်တည်ကြည်ပြီး အဓိပ္ပါယ်နက်ရှိုင်းသောစကားလုံးများဖြင့် ဖလှယ်ပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

နယ်ချဲ့ကိုနာကျည်းနေခဲ့သော စစ်ကိုင်းမင်း သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့သည် ထိုနာကျည်းစိတ်တို့ကို သက်သာရာရအောင် မေ့မေ့ပျောက်ပျောက်ဖြစ်စေရန် ယင်းတို့ထံပါး၌ ပြုံးရယ်စရာစာတိုပေစများကို ရေးဆိုနိုင်သော ဖိုးသူတော်ဦးမင်း၊ လူဦးမင်း၊ ဦးပုည စသည်တို့ကဲ့သို့သော စာဆိုပုဂ္ဂိုလ်တို့ကို အမြဲခစားနေစေခဲ့ကြခြင်း ဖြစ်ဟန်ရှိသည်။ ယင်းတို့က မှတ်သားစရာစာပေများအပြင် ရသကိုခံစားနိုင်သော စိတ်ကိုကြည်နူးစေသော ကဗျာလင်္ကာတို့ကိုလည်း စပ်ဆိုဆက်သွင်းပေးခဲ့ကြသည်။ စစ်ရှုံး၍ ဂုဏ်သိန်ငယ်နေရစဉ် မင်းတုန်းမင်းကြီးသို့

*'တစ်ကမ္ဘာလျှင်၊ မဟာဖြဟ္မာ၊ လျှာကုဋေဖြင့်၊ ဆန်းနေဂိုဏ်းညီ၊ ဂါထာစီ၍၊ ကြူးချီမြွက်ဖော်၊ ဆိုလှည့်သော်လည်း၊ ဘုန်းတော်ကဲလွန်၊ အနေကန်ကို၊ ဝေဖန်ခြီးမြှောက်၊ ပြီးမရောက်လိမ့်[၁၄]'*

ဟု ဦးပုညက ရေးဖွဲ့လေသောအခါ ကြားရသူ မင်းတုန်းမင်းကြီးသည် မဟုတ် မှန်းသိသော်လည်း ကျေနပ်သွားခဲ့ရသည်။ ညှိုးငယ်နေရသောဂုဏ်သိမ်တို့ ပြန်လည် ရောက်ရှိလာသကဲ့သို့ အားအင်များလည်း ပြည့်ဝလာခဲ့လေသည်။ သို့ဖြင့် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးတို့ကို လုပ်ဆောင်နိုင်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ပြည်သူတို့အတွက်လည်း စာဆိုတို့သည် တေးကဗျာလင်္ကာအမျိုးမျိုးတို့ကို ရေးဖွဲ့ပေးခဲ့ကြပါသည်။ ယင်းတို့တွင် ကောက်စိုက်သီချင်းများ၊ ဒုံးချင်းများ မောင်းထောင်းတေးများ၊ မှာတမ်းများ၊ လင်ပျောက်ရှာပုံတော်များ၊ လွမ်းချင်းများလည်း ပါဝင်ကြသည်။ ထိုတေးကဗျာများဖြင့် ပြည်သူတို့သည် ယင်းတို့၏ဘဝပင်ပန်းမှုများကို ရင်ဆိုင်နိုင်ခဲ့ကြလေသည်။ ဤတွင် ကောက်စိုက်သီချင်းများသည် စိုက်ပျိုးကုန်ထုတ်လုပ်မှုအတွက် များစွာအကျိုးပြုခဲ့သောစာပေဟု ဆိုနိုင်ပါသည်။ ထုတ်နုတ်တင်ပြပါမည်။

*ပျိုလေးတို့ကောက်စိုက်ရာ၊ လိုက်လာနှင့်လေး၊ လိုက်လာလျှင် ရွှံ့စဉ်ရော့မယ်၊ ပေါင်းကြော့ရင်သွေး။*

---

[၁၄] ရတနာနဒီမြစ်တော်ဘွဲ့မော်ကွန်း၊ ရန်ကုန်၊ ဟံသာဝတီတိုက်၊ ၁၉၉၈၊ ပိုဒ် ၂။

*မဲပန်းညို ပတ်လည်ဝိုက်လို့၊ ထိပ်စိုက်တဲ့ မရိုးခိုင်ငယ်၊ ကိုးတိုင်ကမွေး၊ လယ်ပွဲတော်ဝင်၊ ပန်ချင်လျှင် ပုံတော်တီးငယ်၊ ခေါင်းဖြီးခဲ့လေး။*

*အောင်ပင်လယ် ကန်မြမင်းနှင့်၊ ရန်ကင်းတောင့်သီခေါင်၊ ရီမှောင်လို့ဖွေး၊ ဗျာကသီ၊ တာဆီကို မရွှာပါနှင့်၊ မင်္ဂလာလယ်တော် စိုက်ကို၊ ဆိုင်းလိုက်ပလေး။*

*ပျိုးစိုက်တဲ့ လယ်ကန်သင်းက၊ ရွှေယင်းမာပင်၊ မပွင့်ခင်က ငုံတံသေးငယ်၊ ချိုးပန်ခဲ့လေး။*

*တို့မိုင်းမြေပေါ်၊ လယ်တော်နှင့်လေးတော့၊ အို ဖုန်းတော်လေကြီးလို့၊ လယ်တော်လေသီးလို့၊ ပြည်ကြီးမို့လေး။*

*ရွှေမန်းမြို့စံရာ၊ ရန်ကွာလို့ဝေးတော့၊ မိုးချုပ်လို့ချိန်တန်၊ ပြန်ချိန်မှ မျှော်ကွဲ့လေး။*

*ရွှေဖိုးခေါင် ညီနောင်အိပ်တဲ့၊ တောင်ထိပ်ကို နေစွယ်ခခါမှ၊ ချစ်တဲ့သူ ရွှေရောင်ပွရယ်၊ ကြိုပကွဲလေး။*

*တို့နန္ဒာလယ်တော်တိုက်မအော့၊ ညည်းစိုက်တဲ့ကောက်သွယ်၊ မှန်းဘယ်မျှကြီး၊ ပောကြည့်စမ်းမွန်၊ တစ်နှံကို ဆယ်ပြီထွက်တယ်၊ ဖြိုးအက်လို့သီး။*

*တို့နန္ဒာ ကန်တော်လယ်မှာ၊ နှိုင်းဘွယ်ရှိဘူး၊ အကျွန်စိုက်တဲ့ ပျိုးကောက်ပင်၊ ဆင်ပေါက်ကယ် ဆယ်ကောင်ဝင်တော့၊ ရှာမမြင်အနှံဖူး၊ သုံးထွာကကြူး*[၁၅]*။*

ထိုကောက်စိုက်သီချင်းကို လယ်ဝန်မင်း သံတော်ဆင့်ဆောမြူစားက ရေးသားခဲ့သည်။ ကောက်စိုက်ပြည်သူတို့သည် ထိုတေးကိုသီဆိုရင်း ကောက်စိုက်ပျိုးနုတ်လုပ်ဆောင်နေခဲ့ကြမည်ဖြစ်သည်။ စိတ်ဓာတ်ရေးရာအားပေးသော ကောက်စိုက်သီချင်းဖြစ်သဖြင့် ထိုသို့သောစာပေမျိုးရှိနေရသည်မှာ ဂုဏ်ယူဝင့်ကြွားစရာဖြစ်ပါသည်။ ထိုကောက်စိုက်သီချင်းမှ မန္တလေးတစ်ဝိုက် ပထဝီဝင်ရှုခင်းကို မြင်တွေ့ရသကဲ့သို့ ထိုခေတ်အောက်လွှာလူမှုအဖွဲ့အစည်း၏ပုံရိပ်ကိုလည်း တွေ့မြင်ရပေသည်။ သို့ဖြစ်၍ သမိုင်းပညာရှင်တို့အတွက် ထိုစာပေတို့သည်လည်း အရေးပါသော သမိုင်းအထောက်အထားဖြစ်ပေသည်။

---

[၁၅] ဦးချမ်းမြ၊ ကဗျာယဉ်စာယဉ်လက်ရွေးစင်၊ မန္တလေး၊ လှခင်အင်ဆန်းပုံနှိပ်တိုက်၊ ၁၉၅၈၊ မျက်၊ ၁၃၈–၃၉။

ညောင်ရမ်းပျက်ခါနီးသောအချိန်က အလွမ်းအဆွေးသီချင်းများပေါ်ခဲ့ခြင်းကို နိမိတ်မကောင်းဟု အချို့ပညာရှင်တို့က ဆိုမိန့်ခဲ့ကြသည်။ မင်းတုန်းမင်းလက်ထက်တွင်လည်း လင်ပျောက်ရှာပုံတော်များ ခေတ်စားလာခဲ့ပြန်သည်။ အထက်တွင်တင်ပြခဲ့သည့်အတိုင်း ကုန်းဘောင်ခေတ်နှောင်းစာပေသည် ရှေးကကဲ့သို့ လေးနက်သောစာပေများထက် ပေါ့ပါးသွက်လက်သောဖျော်ဖြေမှုစာပေများက ပိုမိုဖွံ့ဖြိုးလာခဲ့သည်ကို အထင်းသား မြင်တွေ့ရပေသည်။ အဆွေးအလွမ်းအပျော်အပျက်တို့က များပေသည်။

ဤတွင် လင်ပျောက်ရှာပုံတော် ရေးသူနှစ်ဦးကို ထိုခေတ်တွင် သတိထားမိပေသည်။ ပထမတစ်ဦးမှာ တောင်တွင်းကြီးဦးကြော့ဖြစ်၍ ဒုတိယတစ်ဦးမှာ စလင်းဦးမြတ်သာထွန်းဖြစ်သည်။ ဦးကြော့၏ စုံနံ့သာမြိုင်ရှာပုံတော်ကြီးမှာ လူသိများသလောက် စလင်းဦးမြတ်သာထွန်းရှာပုံတော်မှာ လူသိနည်းပါးပေသည်။ ထုတ်နုတ်ဖော်ပြလိုပါသည်။ လင်ပျောက်ရှာသည့်မင်းသမီးက မကွေးမြသလွန်သို့ ရောက်ရှိလာပုံကို ဖွဲ့ဆိုရာ၌

*'ကေသီနွဲ့လျ၊ ပန်းမောလှလို့၊ မြသလွန်ထက်၊ ကွန်းအင်ဖက်၊ အုံးရွှေလက်တင်၊ စက်ပျော်ရေးနှင့်၊ မေးပြန်လျှင်၊ မှက်ခြင်ကတုတ်၊ ရက်လရှည်ကြာ၊ ပြည်တော်ပါ၊ ရွှေပုဝါကစုတ်တာမို့၊ ပိုက်ထုပ်သိမ်းခြုံ၊ စက်ပြန်တုံ၊ မလုံတဝက်၊ လုံတဝက်နှင့်၊ စုံနက်ကယ် မြိုင်ယံ၊ ဆည်းကျုံကျုံ၊ လူသံကဆိတ်၊ လိပ်ပြာမလုံ၊ တဖျတ်ဖျတ်နှင့် ဆတ်ဆတ်ခုန်၊ ရွှေဘုံသူ့မယ်၊ သေရုံသာရှိတော့၊ သာကီနွယ်'*

ဟူ၍လည်းကောင်း၊ မောင်နှံတို့ ပေါင်းရ၍မှ မကြာမီ ကွဲကွာခဲ့ကြရပုံကိုလည်း အောက်ပါအတိုင်း ဆို့နှင့်ဖွယ်ဖြစ်လောက်အောင် ဖွဲ့ဆိုခဲ့သည်။

*'ပေါင်းရတာက မကြာခင်၊ ကွဲချင်တာက ဆယ်ကိုးခါ၊ ညာဒေဝီဘွဲ့၊ ကေသီနွဲ့၊ ပဲ့လောကဓံ၊ မယ့်ကိုယ်တွင်ကွက်၊ ဖြစ်ပျက်တော်မြန်လွန်းလို့၊ ဝိပ္ပလဒွာသ၊ ဤလူ့ပြေ၊ အနိစ္စေသခါရကိုလ၊ စိတ်ဖြေဖြေဆင်ခြင်သချင်လို့၊ ကျွန်မလင်ရွှေရောင်ပွကိုတဲ့၊ ရှာရမယ်'*

ဟု ဆိုကာလိုက်လံရှာဖွေခဲ့သည်။ တောတောင်ရေမြေအနှံ့ရှာဖွေပြီး အသိတစ်ခုရလာခဲ့သည်။ ''လူပြေးကို မယ်မလိုက်ပါနှင့်၊ သူကြိုက်လျှင်မရှာရပါဘူး''ဟု သိလာသောအခါ ရှာပုံတော်ကို ဤသို့ နိဂုံးချုပ်ခဲ့သည်။

*မန်းလက်ျာတောင်တော်စောင်းဆီက၊ လောင်းနတ်တူ ညီနောင်စံတဲ့၊ ကိုးမျက်ပျံ့ ရောင်စုံညှိပါလို့၊ ပြည်သီရိရတနာပုံ၊ သွန်းနီတုံကျောက်တော်ဦးကိုလ၊*

*အဖူးသည် မယ်ဝင်ခဲ့ပ၊ မယ့်သခင် စိန်မှုန် အုပ်ကယ်၊ တောင်လက်ျာ လိုဏ်စမုတ် ဆီက၊ သုတ်သုတ်ကယ်ကြိုနှင့်ရှင်*[၁၆]'

ကုန်းဘောင်ခေတ်နှောင်းစာပေသည် စာပေပုံသဏ္ဍာန်သစ်များ မွေးဖွား ပေးခဲ့နိုင်သကဲ့သို့ ရှေးဟောင်းအစဉ်အလာ စာပေပုံသဏ္ဍာန်တို့ကိုလည်း ဆက်လက် ကိုင်စွဲကျင့်သုံးနေဆဲဖြစ်သည်။ အထူးသဖြင့် ပျို့စာပေမျိုးကို သာဓကဆောင်ရမည် ဖြစ်သည်။ ထိုခေတ်တွင် တေးထပ်စာပေများ အထူးခေတ်စားလာခဲ့သည်ဟု ထင်ပါ သည်။ အင်းဝခေတ်က ရတုစာပေ ဖွံ့ဖြိုးခဲ့သည်မျိုးဖြစ်ပေသည်။ ပုဂ္ဂလိကခံစားရချက် တို့ကို ရတုဖြင့် ဖြေသိမ့်ခဲ့ကြသည်။ ရှင်မဟာရဋ္ဌသာရ၊ နဝဒေး နတ်ရှင်နောင်တို့ကို ကြည့်၍ သိနိုင်ပေသည်။ ကုန်းဘောင်ခေတ်နှောင်းတွင် ဘောလယ်၊ တေးထပ်တို့ဖြင့် နှလုံးသားဒဏ်ရာများကို ကုစားခဲ့ကြသည်။ သာဓကအဖြစ် နန်းမတော်မမြလေး၊ လှိုင်ထိပ်ခေါင်တင် ဦးပုညနှင့် အချုပ်တန်းဆရာဖေတို့ကို ညွှန်ပြလိုပါသည်။ အထူးသဖြင့် ဦးပုညနှင့် အချုပ်တန်းဆရာဖေတို့သည် တေးထပ်ဘုရင်များ ဖြစ်ကြပေသည်။ ထိုတေးထပ်တို့တွင် အလွမ်းအဆွေးတို့အပြင် လူ့စိတ်နေကိုဖော်ပြသော အရေးအသား အများဆုံးတွေ့နိုင်သော စာပေဖြစ်ပေသည်။

နယ်ချဲ့အင်္ဂလိပ်တို့ အနိုင်ကျင့်၍ နိုင်ငံနှင့်လူမျိုးကို ကျွန်ပြုလိုက်သောအခါ ခံစားရသော ဆရာဖေ၏ တေးထပ်တစ်ပုဒ်ဖြင့် ကုန်းဘောင်ခေတ်နှောင်းစာပေကို နိဂုံးချုပ်လိုက်ရပေသည်။

မြန်မာတွေစည်းကမ်းဖောက်၊ ထီးနန်းပျောက်ဖြစ်ပြီ။
မှီးငြမ်းထောက်အသစ်မှီတယ်၊ ညစ်ပလီလူမျိုး။
မိပစ်လို့ ဖရှောင်သွေ့၊ ဂွကောင်တွေ ခွေးဖြစ်ပေါ့မျိုး။
မြန်မာများကြွားကြတာမှာ၊ ဓားပြကာလူဆိုး။
ခုမြေလျှိုးပုန်းရှောင်။
မိုက်မနော်ပြုမဟေးဘို့က၊ သူ့ပထွေးတော့ ခွေးသို့မဟောင်။

[၁၆] ကဗျာယဉ်စာယဉ်(၁၉၅၈)၊ မျက်၊ ၁၆၆-၇၀။

ပြောရောဟဲ့ ရာဇဝင်ပြောင်အောင်၊ စာဇင်တောင်ဦးချလို့၊
ပလူးရပြေးကြို့ခါခါ၊ ခွေးသို့ပမာ။
တွေးမိတိုင်းအရိုးနာသည်၊ အမျိုးပါဆဲချင်ပေါ့လေး[၃၇]။ ။

*တိုးလှ၊*
*၁၁ စက်တင်ဘာ ၂၀၀၅၊ နေ့လည် ၁း ၄၅ နာရီ*

[၃၇] ကဗျာယဉ်စာယဉ်(၁၉၅၈) မျက်၊ ၁၅၅။

# အခန်း(၇)
## အနုပညာဗိသုကာ


**ကုန်ဘောင်ခေတ်ဦး အနုပညာဗိသုကာ**

# အခန်း (၇)

## ကုန်းဘောင်ခေတ် အနုပညာဗိသုကာ

ကုန်းဘောင်ခေတ်သည် မြန်မာပဒေသရာဇ်မင်းဆက်၏ နောက်ဆုံးကာလဖြစ်သည်။ အလောင်းမင်းတရားကြီး စတင်တည်ထောင်ခဲ့သော ၁၇၅၂ မှ သီပေါမင်းကို နယ်ချဲ့အင်္ဂလိပ်တို့နန်းချကာ မြန်မာနိုင်ငံတော်ကြီးကို ကိုလိုနီကျွန်ပြုခဲ့သည့် ၁၈၈၅ ထိ နှစ်ပေါင်း ၁၃၃ နှစ် တည်တံ့ရှည်ကြာခဲ့သည်။ ထိုကာလအတွင်း မြန်မာ့အနုပညာဗိသုကာတို့ကို လေ့လာသောအခါ ဖွံ့ဖြိုးတိုးတက်လာခဲ့သော ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးထွန်းကားလာခဲ့သဖြင့် အနုပညာဗိသုကာပညာတို့ဘက်တွင် မြန်မာနိုင်ငံ၌လည်း အသင့်အတင့် တိုးတက်မှုများရှိလာခဲ့သည်ကို သတိထားမိပေသည်။ ကုန်းဘောင်ခေတ်ဦးပိုင်းသည် အစဉ်အလာဓလေ့ဟောင်းဥခွံအတွင်း၌ ကိန်းအောင်းနေဆဲဖြစ်သော်လည်း ကုန်းဘောင်ခေတ်နှောင်းသို့ရောက်သောအခါ အထူးသဖြင့် ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့ လက်ထက်တော်တို့တွင် ယင်းတို့သည် အနာဂတ်ကို မျှော်ကြည့်နိုင်သောမင်းများဖြစ်ကြ၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် ယင်းတို့ကိုယ်

[illegible]



တော်တိုင်က တီထွင်စမ်းသပ်လိုခြင်း(သို့မဟုတ်)တီထွင်စမ်းသပ်လိုသူတို့ကို အားပေးခြင်းတို့ဖြင့် အစဉ်အလာမှ ရုန်းထွက်ကြည့်လာခဲ့ကြသည်။ သို့ဖြင့် အနုပညာဗိသုကာ နယ်ပယ်တို့တွင် တိုးတက်မှု(ဝါ)ပြောင်းလဲမှုဟူသည်တို့လည်း ကပ်၍ပါလာခဲ့လေသည်။

ထို့ကြောင့် ခေတ်ဟောင်းနှင့်ခေတ်သစ် အစဉ်အလာနှင့် တိုးတက်မှုဟူသည်တို့ကို အနည်းငယ် တင်ကြို၍ရှင်းလင်းတင်ပြထားရန်လိုမည်ဟု အောက်မေ့မိပါသည်။ ကုန်းဘောင်ခေတ်ဦး ဗဒုံမင်းမတိုင်မီကာလကို ခေတ်ဟောင်းဟုသတ်မှတ်လိုပါသည်။ အကြောင်းမှာ အရာရာသည် အစဉ်အလာအတိုင်းပင် ရှိနေသေးသောကြောင့်ဖြစ်ပါသည်။ စာပေသာမက အနုပညာဗိသုကာတို့တွင်လည်း ယခင်ညောင်ရမ်းခေတ်က ပုံစံအတိုင်းပင်ဖြစ်သည်။ ရက်စွဲမသိလျှင် ခေတ်ကိုမခွဲခြားနိုင်သော အနေအထားတွင် ရှိကြပေသည်။ သို့သော် ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့ လက်ထက်ရောက်သောအခါ တိုးတက်ပြောင်းလဲလာသည်များကို အထင်အရှားတွေ့မြင်နေရပေသည်။ ထိုသို့ပြောင်းလဲလာခဲ့ရသည်မှာ အကြောင်းနှစ်ရပ်ကြောင့်ဖြစ်ပေသည်။ ပထမအကြောင်းမှာ မင်းတို့၏ ဉာဏ်အမြော်အမြင်နှင့် စိတ်ကောင်းစေတနာ ထားရှိအားပေးတတ်မှု၊ ဒုတိယအချက်မှာ တိုးတက်သောနိုင်ငံများနှင့် ထိတွေ့ပူးယှက်လာခဲ့ခြင်းတို့ကြောင့်ပင်ဖြစ်သည်။ တခြားနိုင်ငံတို့၏ ယဉ်ကျေးမှုအထိအတွေ့ကို ဖွတ်အတင်းမတွန်းလှန်ဘဲ ကောင်းသည်ထင်လျှင် မိမိရေမြေနှင့်ကိုက်ညီအောင် ပြောင်းလဲခံယူတတ်ခြင်းသည် အသိပညာပင်ဖြစ်ပေသည်။ ထိုအသိပညာမရှိဘဲ ဖွတ်တင်းခံနေခဲ့လျှင် ပဋိပက္ခများ ဖြစ်ပွားလာတတ်သည်။ ထိုအခါ ဆုံးရှုံးခြင်းနှင့်ကြုံရတတ်သည်ကို သမိုင်းတွင် သင်ခန်းစာများစွာရှိပေသည်။

ထို့ကြောင့် ဗဒုံမင်းနှင့် မင်းတုန်းမင်းတို့၏ ပညာဉာဏ်အမြော်အမြင်နှင့် နိုင်ငံတကာနှင့် ဆက်ဆံမှုအခြေအနေတို့ကို အကျဉ်းချုံး၍ တင်ပြချင်ပါသည်။ ထိုမင်းနှစ်ပါးတို့သည် ကုန်းဘောင်ခေတ် မြန်မာမင်းများထဲတွင် ဉာဏ်အမြော်အမြင်ကြီးသူများ ဖြစ်ကြသည်။ စာပေအနုပညာတို့ကိုအားပေးသော မင်းများလည်းဖြစ်ကြသည်။ စာပေအနုပညာဗိသုကာဘက်တို့တွင် မိမိအတွက်နှင့် နိုင်ငံအတွက်တို့ပါ ဖြစ်ထွန်းကြီးကျယ်ခြင်းကို ရရှိလေအောင် အလွန်ခုံမင်စွာ ဖော်ဆောင်ခဲ့ကြသည်။ သာဓကဆိုရသော် ဗဒုံမင်းသည် အကြီးဆုံးသော မင်းကွန်းပုထိုးတော်ကြီးကို တည်ထားခဲ့သည်။ အကြီးဆုံးသောခေါင်းလောင်းတော်ကြီး၊ အကြီးဆုံးသော အုတ်ခြင်္သေ့ကြီးများကို ပြုလုပ်ထားခဲ့သည်။ ရှေးမင်းအဆက်ဆက်တို့ တစ်ရံတစ်ဆစ်မျှ မလုပ်နိုင်ခဲ့ဖူးသော

သံကိုအရည်ကျိုလျက် အမြောက်ကြီးသွန်းလုပ်ခြင်း[၅]၊ စန္ဒာမုနိဘုရားရှင်ရုပ်တုတော်ကြီးကို သွန်းလုပ်ခြင်းတို့ကိုလည်း ထူးခြားစွာဆောင်ရွက်ခဲ့သည်။ ထိုသို့သောလုပ်ဆောင်မှုများတွင် ယနေ့တိုင် ယင်းကိုကျော်လွန်လုပ်ဆောင်နိုင်သူ မြန်မာမင်းတို့တွင် မရှိသေးချေ။

ဤသို့ကြီးကျယ်လိုသော ဗဒုံမင်းလက်ထက် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီအစိုးရသည် မြန်မာကို အလွန်စိုးရွံ့မှုရှိနေခဲ့ပေသည်။ အကြောင်းမှာ မြန်မာတို့က ရခိုင်နှင့်အာသံမဏိပူရတို့ကို သိမ်းပိုက်လိုက်သောအခါ အင်္ဂလိပ်တို့သိမ်းယူထားသော အိန္ဒိယနှင့်မြန်မာနိုင်ငံတို့ ကြားခံနယ်မရှိတော့ဘဲ နယ်နိမိတ်ချင်း ဆက်သွားခဲ့ရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်သံအဖွဲ့များကို အကြိမ်ကြိမ် မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ အပြန်အလှန်အားဖြင့် မြန်မာမင်းကလည်း ဇေယျကျော်ထင်ကို သံဖက်ခန့်၍ အိန္ဒိယသို့စေလွှတ်ခဲ့သည်။ ဤသို့သံတမန်တွေ့ထိမှုများကြောင့် နယ်ချဲ့သမားတို့၏စစ်လက်နက်နှင့် ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုများကို ဗဒုံမင်းသတိထားမိလာခဲ့သည်။ ယင်းလက်ထက် ဒင်္ဂါးများသွန်းလုပ်ခြင်း၊ သံအမြောက်ကိုစမ်းသပ်သွန်းလုပ်ကြည့်ခြင်းနှင့် ရခိုင်မြန်မာလမ်းမကြီးဖောက်လုပ်ခြင်းတို့သည် အင်္ဂလိပ်တို့နှင့်တွေ့ထိလာရာမှ ရရှိလာခဲ့သော မြန်မာတို့၏ဖြစ်ထွန်းတိုးတက်မှုများဟုဆိုပါလျှင် မှားမည်မထင်မိပေ။

သုံးဆက်လွန်မှ မင်းဖြစ်လာသော မင်းတုန်းမင်းသည်လည်း တိုးတက်မှုကိုလိုလားစွာဆောင်ရွက်တတ်သော မင်းတစ်ပါးပင်ဖြစ်သည်။ ဘိုးတော်ဗဒုံမင်းတရားကြီးကဲ့သို့ ကြီးကျယ်မှုကိုလည်း အလွန်နှစ်သက်လေသည်။ ဘိုးတော်ကို တုနိုင်သော မင်းတစ်ပါးဖြစ်ပါသည်။ ဘိုးတော်က အမရပူရနေပြည်တော်ကြီးကို တည်ဆောက်စံနေခဲ့သကဲ့သို့ ယင်းကလည်း ရတနာပုံနေပြည်တော်ကြီးကို တည်ဆောက်စံနေခဲ့သည်။ ပဥ္စမသင်္ဂါယနာတင်ခဲ့သည်။ အစဉ်အလာမဟုတ်သောပုံစံသစ်ဖြင့် အတုမရှိကျောင်းတော်ကြီးကို တည်ဆောက်ခဲ့သည်။ ကုသိုလ်တော်ဘုရားကိုတည်ထားပြီး ကမ္ဘာ့အကြီးဆုံးစာအုပ်ဟုထင်ရှားသော ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်လျက် ထိုဘုရားပရဝုဏ်ထဲတွင် ကျောက်စာတစ်ချပ်လျှင် စေတီငယ်တစ်ဆူကျစီဖြင့် အုပ်မိုးလျက် စေတီငယ်ပေါင်း ၇၂၉ တို့ဖြင့် ကုသိုလ်တော်ဘုရားအားရံလျက် တည်ထားကိုးကွယ်

---

[၅] ထိုသံအမြောက်ကို ယခုအခါ မန္တလေးတက္ကသိုလ်ပြတိုက်တွင်ရှိသည်။ အမြောက်ပေါ်တွင် ကမ္ပည်းစာလည်း ရေးထိုးထားသည်။



ကင်းဝန်မင်းကြီး၏ သာကာဝန်ကျောင်း(မန္တလေး)

ခဲ့သည်။ မင်းကွန်းပုထိုးတော်ကြီးကဲ့သို့ ကြီးမားလှသော စေတီတော်ကြီးတစ်ဆူကိုလည်း ရန်ကင်းတောင်တော်ထက်တွင် ကျောက်ဖြင့်တည်ထားရန် လုပ်ဆောင်ခဲ့ဖူးသည်။ ကျောက်များကို စစ်ကိုင်းတောင်မှ သာမက တခြားကျောက်ထွက်ရာတောင်များမှပါ ပေးပို့ခဲ့ကြရသည်။ ဤတွင် လိုအပ်သောကျောက်များကို စလေနယ်(ယခု ကျောက်ပန်းတောင်း–ချောက်ကားလမ်းပေါ်ရှိ)ငွေးချို[၁] တောင်မှပါအတိုင်းအတာတကျတူးဖော်၍ ရွှေမြို့တော်သို့ ပေးပို့ခဲ့ကြရဖူးလေသည်။

ဤတွင်ကြုံကြိုက်သဖြင့် ခွေးချိုမှကျောက်တော်များ မှာယူတင်ပို့ကြရပုံများကို တင်ပြလိုပါသည်။ ထိုမှကျောက်ထွက်သည်ကို မင်းတုန်းမင်းတရားကြီး မည်သို့သိရှိခဲ့သည်ကိုမဆိုနိုင်သော်လည်း ၁၂၂၆ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့တွင် ခွေးချိုရွာမှာ ကျောက်များပို့စေရန် အမိန့်တော်ရှိခဲ့သည်။ ထိုအမိန့်တော်အရ ကျောက်ကို တင်ပို့ရန် အောက်ပါအတိုင်း ဆင့်ဆိုခဲ့လေသည်။

## ခွေးချိုကျောက်တော်ဆင့်စာလက်ခံ

*၁၂၂၆ ခု၊ တော်သလင်းလပြည့်ကျော် ၃ ရက်နေ့ ခေါင်ဘုရားဆိုအပ်၍ဆင့်။*


*ခွေးချိုရွာသူကြီး အစီရင်စာရေးတို့၊ ခွေးချိုတောင်ရှိ ကျောက်တော်များကို အလျှင်အမြန် ရွှေဘဝါးတော်အောက်ဆက်သစေ၊ အမိန့်တော်ဝန်စာရောက်ရှိသည်အတိုင်း အလျှင်အမြန်တင်ဆောင်ဆက်သရမည်ဖြစ်၍ ခွေးချိုရွာကျန်သင့်ကျောက်လုံးရေ ၆ ကို ၁၂၂၆ ခု၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်နေ့ စည့်ကူမြို့ဆိပ်ကမ်းသို့ အရောက်တိုက်ပို့ရမည်[၂]။*

ဟု ပါရှိသည်။ ကျန်ကျောက်ဟုဆိုသဖြင့် ယခင်ကလည်း မှာခဲ့ဖူးပြီးဖြစ်ပေသည်။ နေပြည်တော်မှ အမိန့်တော်စာရောက်သည်ဟုဆိုလျှင်ပင် စဥ့်ကူမြို့သူကြီးနှင့် အရာရှိများက

---

[၁] ချောက်မြို့နယ်တွင်ရှိသည်။

[၂] ဆင့်စာလက်ခံကျမ်း၊ ပုရပိုက်မူ၊ အမှတ် ၆။ စလေကျောင်းစာစု၊ ဦးစိုးနိုင်၊ လက်ထောက်ကထိက၊ သမိုင်းဌာန၊ မိတ္ထီလာတက္ကသိုလ်။



အရှေ့မြင်မှ ပြာသာဒ်သုံးဆောင်ပေါက်ကျောင်းကြီး
(အင်္ဂလိပ်သိမ်းပြီး မီးလောင်ပျက်စီးသွား)

လည်း ဆစ်လုပ်ပြီးကျောက်များ မန္တလေးသို့တင်ပို့ရန် ဆက်လက်ဆင့်ဆိုကြရသည်။ ကျောက်ပို့ရန် တာဝန်ကျရွာများနှင့် ကျောက်ပြားရေမှာ

| | |
|---|---|
| ခွေးချို | ၆ (အချပ်ရေဖြင့်) |
| ဆင်ကာ[၁] | ၄ |
| ကြေးနီ[၂] | ၃ |
| သွေးနက်[၃] | ၃ |
| ပျု[၄] | ၃ |
| တုံ[၅] | ၃ |
| သလုံးသွေး[၆] | ၃ |
| တွင်းလပ်[၇] | ၁ |
| ရွာငယ် | ၁ |
| ပြည့်ပင်[၈] | ၁ |

အသီးသီး ပေးဆက်ကြရသည်။ ကျောက်၏အရွယ်နှင့် တန်ဖိုးဖော်ပြသည်ကိုလည်း တွေ့ရှိရသည်။ ထု ၂ မိုက် အနံ ၁ တောင်၊ အလျား ၂ တောင်ရှိ ကျောက် ၁ တုံးလျှင် ငွေ ၄ ကျပ်၊ ထု ၁ တောင်၊ အနံ ၁ တောင် ၁ မိုက် နှင့် အလျား ၂ တောင်ရှိ ကျောက် ၁ တုံးလျှင် ၅ ကျပ် နှုန်းဖြစ်သည်။ ထိုကျောက်များပို့ရန် စလင်းမြို့နယ် တညောင်ရွာမှ တာဝန်ကျလေသည်။ ပို့ရမည့်ကျောက်ပြားရေ ၇၃ ရှိသည်။ ပို့ဆက်ရန် လေှခ၊ လူခ၊ စားစရိတ်၊ လှည်းခတို့ကိုတွက်ချက်၍ ရွာများတွင် ညှိနှိုင်းခွဲကောက်

---

[၁] ချောက်မြို့နယ် ထိန်ကန်အုပ်စုတွင်ရှိသည်။

[၂] ယခု ကြီးနီ၊ ချောက်မြို့နယ်တွင်ရှိသည်။

[၃] ချောက်မြို့နယ်တွင်ရှိသည်။

[၄] သလုံးသွေးအုပ်စု၊ ချောက်မြို့နယ်တွင်ရှိသည်။ ယခု ပြ ဟု ရေးသည်။

[၅] ထိန်စမ်းအုပ်စု၊ ချောက်မြို့နယ်တွင်ရှိသည်။

[၆] ချောက်မြို့နယ်တွင်ရှိသည်။

[၇] ချောက်မြို့နယ်တွင်ရှိသည်။

[၈] ယခု ဗြိပင် ဟုရေးသည်။ ချောက်မြို့နယ်တွင်ရှိသည်။

ကြရပြန်သည်။ နောက် သသသမေဓငွေတော်ထဲမှ သုံးခွင့်ရသဖြင့် ပြည်သူတို့ သက်သာခဲ့ရသေး၏။ ထိုငွေကို မြို့ရုံးသို့ ၁၁၂၆ သီတင်းကျွတ်လဆန်း ၅ ရက်နေ့အရောက် သွင်းရန်လည်း ဆင့်ဆိုထားလေသည်။ ကျေးရွာအုပ်ချုပ်သူတို့သည် ကျောက်ပို့ခြင်း လုပ်ငန်း၌ အချိန်အခါမရွေးလုပ်ဆောင်နိုင်ရန် ကျောက်တိုက် လှည်းနွားနှင့် လှေကို ဝယ်ယူရန်လည်း ဆုံးဖြတ်ခဲ့ကြသည်ကို တွေ့ရှိရသည်။ လှေ ၁ နှင့် လှည်းတိုက်ရန် နွားအကောင် ၂၀ လျာထားဝယ်ယူခဲ့သည်။ နွားတစ်ရှဉ်းလျှင် ၅ဝိ ထက်မလျော့ရန်လည်း သဘောတူဆုံးဖြတ်ထားသည်။ နွားဝယ်ထားကြရမည့် မြို့ရွာတို့မှာ

| | |
|---|---|
| မြို့မ | ၄ ကောင် |
| တညောင်[၁] | ၄ ကောင် |
| ဆိပ်ဖြူ | ၄ ကောင် |
| ယောဝ[၂] | ၁ ကောင် |
| ပင်တလဲ[၃] | ၁ ကောင် |
| တညောင် | ၂ ကောင် |
| ချင်ထောင်[၄] | ၂ ကောင် |
| ဥယာဉ်[၅] | ၂ ကောင် |

ကျစိကို ရပ်ရွာတို့က အသီးသီးတာဝန်ယူကြသည်။ တညောင်ကို နှစ်ကြိမ် တွေ့ရှိရသည်မှာ နားမလည်ပါ။ မင်းတုန်းမင်းကြီး၏ နောက်ဆုံးနေ့ရက်များ ရောက်လာသည့်တိုင် ရန်ကင်းတောင် ကျောက်တော်ကြီးဘုရားတည်ဆောက်မှုက မပြီးစီးနိုင်ဖြစ်နေသဖြင့် မင်းကြီး စိတ်ချမ်းသာတော်မူဟန်မတူပေ။ အောက်ပါ အစည်းအဝေး နောက်ဆုံးမှတ်သားချက်က သက်သေခံလျက်ရှိပေသည်။

---

[၁] စလင်းမြို့နယ်တွင်ရှိသည်။

[၂] ဆိပ်ဖြူမြို့နယ်တွင်ရှိသည်။

[၃] ဆိပ်ဖြူမြို့နယ်တွင်ရှိသည်။

[၄] ဆိပ်ဖြူမြို့နယ်တွင်ရှိသည်။

[၅] နီးစပ်ရာမြို့နယ်များတွင် ရှာမတွေ့ပါ။ ပခုက္ကူမြို့နယ်ထဲတွင် ဥယာဉ်တွေ့ရှိရသည်။

*သက္ကရာဇ် ၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်နေ့ နံနက် ညီလာခံအဝင် ရွှေနန်းတော်တောင်ကြမ်းပြင်တွင် ဝန်ရှင်တော် ခန်းပတ်မြို့စား မင်းကြီး၊ ဝန်ရှင်တော်ကင်းဝန် သေနတ်ဝန်လယ်ကိုင်းမြို့စားမင်းကြီး၊ ယောမြို့စား အတွင်းဝန်မင်း၊ ရွှေတိုက်အတွင်းဝန် တောင်ခွင်မြို့စားမင်း၊ ပုဂံဝန်ထောက်မင်း၊ ကင်းစဉ်ဆိုင်ရာ လှိုင်းတက်မြို့စားဝန်ထောက်မင်း၊ နိုင်ငံခြားဝန်ထောက်မင်း၊ မြို့သာဝန် ပဋ္ဌနဂိုရ်မြို့စား ဝန်ထောက်မင်းတို့စုံညီ စလေ လက်တတ်လူ ၆၀၊ ပုခန်းလက်တတ်လူ ၂၀ တို့ကို ကျောက်အဆစ်အလုပ်မရှိစေနှင့်၊ နေရင်းကျေးရွာသို့ ပြန်စေ။ ကုသိုလ်တော် မဟာ ကျောက်စေတီကြီးမှာ ကြီးကြပ်လုပ်ဆောင်ထမ်းရွက် သည့် ဝန်ကြီး၊ အတွင်းဝန်၊ သံတော်ဆင့်၊ စာရေးကြီးမှစ၍ အရာရှိတို့ စည်းဝေး နေထိုင်ရန် သင့်ရာတွင် တဲရုံး ဆောက်လုပ်စည်းဝေးနေထိုင်ထမ်းရွက်စေ။ အစည်းအဝေးသို့ မလာမရောက် မနေမထိုင်လျှင် ထောင်မှာထားစေ။ သင့်ရာ ကွက်ရပ်တွင် ဝင်းထောင်ဆောက်လုပ်ထားစေ။ ဘုရားအမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်ရသည်ကို မှတ်သားချက်*[၁]*။*

ဖော်ပြပါ အထောက်အထားတို့ကိုကြည့်လျှင် မင်းတုန်းမင်းတရားကြီး၏ ကျောက်တော်ကြီးစေတီတော်ကြီးသည် မင်းကြီးနတ်ရွာစံသည့်တိုင် ပြီးစီးမသွားခဲ့သည် ကိုထောက်က မည်မျှကြီးမားမည်ကို မှန်းဆကြည့်၍ရပါသည်။ ဗဒုံမင်း၏ မင်းကွန်းပုထိုး တော်ကြီးအတိုင်းပင် ဇာတ်သိမ်းသွားခဲ့ရသည်။ သို့သော် အကယ်၍ ပြီးဆုံးသွားခဲ့ပါလျှင်။

ဘိုးတော်ဗဒုံမင်းလက်ထက်က လုပ်ဆောင်မအောင်မြင်ခဲ့သော ဒင်္ဂါးသွန်းလုပ် ခြင်းကမူ မင်းတုန်းမင်းလက်ထက်တွင် အောင်မြင်ခဲ့ပါသည်။ တစ်နိုင်ငံလုံး၌ ဒင်္ဂါးသုံး စနစ်ကို ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။ ငွေကြေးစနစ် ခိုင်မာကောင်းမွန်လာခဲ့သဖြင့် ရောင်းဝယ် ရေးနှင့်အုပ်ချုပ်ရေး အထူးသဖြင့် အခွန်တော်ကောက်ခံရေးတို့တွင် တိုးတက်ထိရောက်မှု ရှိလာခဲ့သည်။ အနောက်တိုင်းသံတမန်များ အပေါက်အရောက်များလာသဖြင့် မြန်မာနိုင်ငံမှလည်း ဥရောပနှင့်အိန္ဒိယသို့ သံအဖွဲ့များကို အကြိမ်ကြိမ်စေလွှတ်ခဲ့သည်။ အနောက်တိုင်းပညာသင်များလည်းရှိလာသဖြင့် ရှေးကထက် မြန်မာတို့ နားမျက်စိပွင့် လာခဲ့သည်။ ထို့ကြောင့် အနုပညာဗိသုကာသည် ထိုလက်ထက်တွင် ခေတ်ပြောင်း

[၁] ဆင့်စာလက်ခံကျမ်း၊ ပု၊ စလေစု၊ ဂ၊

ကာလဟူ၍ပင် ဆိုရမလောက်ဖြစ်ရလေသည်။ အစဉ်အလာနှင့် ခေတ်သစ်ဝါဒများ လိုက်ဖက်ညီစွာယှဉ်လျက် ပွင့်ဖူးလာခဲ့ကြပေသည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်၏ အနုပညာဗိသုကာအကြောင်းကို ထိုမင်းနှစ်ပါးလက်ထက်တော်ကိုဗဟိုပြု၍ ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါသည်။

## ကုန်းဘောင်ခေတ် ဗိသုကာ

''အနုပညာဗိသုကာ''ဟုဆိုသော်လည်း ဗိသုကာပညာကို ဦးစွာတင်ပြလိုပါသည်။ ကုန်းဘောင်မင်း ၁၁ ဆက်တွင် မင်းလေးပါးလက်ထက်ကိုသာ အရေးတယူထား၍ ဆွေးနွေးသွားပါမည်။ ထိုမင်းလေးပါးတို့မှာ အလောင်းမင်းတရားကြီး၊ မြေဒူးမင်း၊ ပဒုံမင်းနှင့် မင်းတုန်းမင်းတို့ ဖြစ်ပါသည်။ ပထမမင်းနှစ်ပါးတွင် အလောင်းမင်းတရားသည် တတိယမြန်မာနိုင်ငံတော်ကြီးကို စည်းရုံးတည်ထောင်နိုင်ခဲ့သော မင်းတစ်ပါးအဖြစ်၊ မြေဒူးမင်းကို စစ်ရေးနယ်ချဲ့နိုင်ခဲ့သောမင်းတစ်ပါးအဖြစ် သမိုင်းတွင် အရေးပါခဲ့ကြခြင်းအတွက် ဖော်ပြလိုရင်းဖြစ်ပါသည်။ သို့သော် ထိုမင်းတို့လက်ထက် မြန်မာ့အနုပညာဗိသုကာတို့ တိုးတက်လာခဲ့သည်ဟူ၍ကား ထင်ရှားသိသာသော အထောက်အထားမျိုး မတွေ့ရှိရသေးချေ။ နိုင်ငံထူထောင်ရေး၊ ပြည်သူတို့ဘဝ တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ရေးတို့ဖြင့် အလုပ်များနေကြရသော မင်းများဖြစ်ပါသည်။

ယင်းတို့သည် မြို့နန်းတော်များကိုတည်ဆောက်ခဲ့ကြပါ၏။ သို့သော် ထိုနန်းတို့သည် မကြီးကျယ်ခဲ့ကြသကဲ့သို့ သမိုင်းတွင် မှတ်မှတ်သားသား ရုပ်ပုံအထောက်အထားကျန်ရစ်ခဲ့ခြင်းမျိုးလည်း မရှိခဲ့ချေ။ စေတီပုထိုးများ ကျောင်းများကိုလည်း တည်ဆောက်ခဲ့ကြပါ၏။ သို့သော် ယင်းတို့လက်ထက် ဆောက်ခဲ့သောကျောင်းများကို မတွေ့မမြင်ဖူးပါချေ။ ဆောက်လုပ်ခဲ့ကြသောစေတီတို့မှာ လိုင်မုခ်မပါသော စေတီရိုးများသာဖြစ်၍ အနုပညာတန်ဆာဆင်မှုလည်း မပါရှိခဲ့ကြချေ။ အလောင်းမင်းတရားကြီး၏ ရွှေချက်သိုဘုရား၊ မြေဒူးမင်း၏ နိဗ္ဗာန်ဆိပ်ဦးဘုရားတို့သည် ဗိသုကာပညာအားဖြင့်လည်းကောင်း၊ အနုပညာအားဖြင့်လည်းကောင်း ပြောစမှတ်ဖြစ်လောက်အောင် မရှိခဲ့ကြချေ။ ထို့ကြောင့် ယင်းတို့လက်ထက်ဆိုင်ရာ အနုပညာဗိသုကာအကြောင်းပြောရန် အထောက်အထားက အလွန်နည်းပါးလှပါသည်။ ရှိလျှင်လည်း သမရိုးကျသာဖြစ်သဖြင့် တိုးတက်မှု၏ သဘောသဘာဝကို တွေ့နိုင်မည်မဟုတ်ဟုပင် ယူဆရပေသည်။

ပဒုံမင်းလက်ထက်တွင် ဗိသုကာနှင့်ပတ်သက်၍ ပြောနိုင်သည်များရှိသည်။ အကြောင်းအရာသုံးခုတွင် အထင်အရှားတွေ့မြင်နေရသည်။ ယင်းတို့မှာ စေတီပုထိုးများ၊ ကျောင်းများနှင့် မင်းတရားကြီး၏ အမရပူရရွှေနန်းတော်ကြီးတို့ပင်ဖြစ်သည်။

## မင်းကွန်းပုထိုးတော်ကြီး

ပဒုံမင်းသည် တည်ဆောက်ရေးတွင် အလွန်မြတ်နိုးတဏှာရှိသောမင်းဟု ဆိုနိုင်ကောင်းပေသည်။ အမရပူရရွှေမြို့တော်ကြီးကို တည်ဆောက်သည့်အခါ၌လည်း မြို့ထောင့်တို့၌ စေတီလေးဆူ တည်ထားခဲ့သည်။ ထိုဓလေ့မျိုး အမရပုရတွင်သာ ရှိခဲ့သောဓလေ့ဖြစ်သည်။ တခြားမည်သည့်မြို့တွင်မျှ ဤဓလေ့မရှိခဲ့ဘူးချေ။ မင်းတုန်းမင်းကြီး အမရပူရမှ မန္တလေးနေရာသစ်သို့ ပြောင်းရွှေ့ချင်သောအကြောင်းတို့တွင်လည်း ထိုမြို့ထောင့်စေတီများမှရေများကြောင့် ခိုက်သည်ဟု ယုံကြည်ခြင်းသည်တစ်ကြောင်း ပါဝင်ခဲ့သည်။ စစ်ကိုင်းတွင်လည်း ကျောက်ဖြင့် အိမ်တော်ရာစေတီကို တည်ဆောက်ခဲ့သည်။ ထို့အပြင် တစ်နိုင်ငံလုံးတွင်လည်း ရွှေဂူဘုရားပေါင်း ၂၃၀ ကို တည်ထားခဲ့သေးသည်။ ကျောင်းများလည်း နေပြည်တော်ဝန်းကျင်တွင် များစွာဆောက်လုပ်ခဲ့သည်။ ထိုဆောက်လုပ်ခဲ့သည်များတွင် မင်းကွန်းပုထိုးတော်ကြီးသည် မှတ်မှတ်သားသားရှိထိုက်သော အကြောင်းတစ်ရပ်ဖြစ်ပေသည်။ အထူးသဖြင့် တည်ဆောက်ခဲ့ရာတွင် သုံးခဲ့ရသောလုပ်အားများအကြောင်း ဖြစ်သည်။ ထိုပုထိုးတော်ကြီး ဆောက်လုပ်ရေးဆိုင်ရာ အမိန့်တော်မှတ်တမ်းများလည်း စုံလင်အောင်ရှိပေသည်။

မင်းကွန်းပုထိုးတော်ကြီးသည် ကြီးမားလွန်းခြင်းမှလွဲ၍ တခြားထူးခြားမှတ်သားဖွယ်မရှိဟု ထင်နိုင်ကောင်းပေသည်။ အကယ်၍ ပြီးစီးအောင် ဆောက်လုပ်နိုင်ပါလျှင် အံ့မခန်းဗိသုကာလက်ရာကိုတွေ့နိုင်မည်ဟု ယုံကြည်ရပေသည်။ အလွန်ထုထည်ကြီးမားပြီး စံမီသည်မမီသည်ကို မပြောနိုင်သည့် ကျွမ်းကျင်လုပ်သားမဟုတ်သောလုပ်အားပေးအုတ်များဖြင့် တည်ဆောက်ရသောကြောင့် အန္တရာယ်ရှိသည်ဟု ထိုခေတ်ဗိသုကာပညာရှင်တို့ သတိမူမိခဲ့ကြဟန်ရှိပါသည်။ အကြောင်းမှာ ထုထည်၏အလေးကို ဒဏ်ခံနိုင်ရန် အရေးပါသောနေရာများတွင် ကျောက်ကို အသုံးပြုထားရှိခြင်း သံပတ်များဖြင့်ကုပ်ထားခြင်းတို့ကို လုပ်ဆောင်ထားခဲ့သောကြောင့်ဖြစ်သည်။ ထို့အပြင် ပုထိုးတော်ကြီးကို ဆောက်လုပ်ပြီးစီးပါက အပြင်မှ ဇာတ်သရုပ်ဖော် စဉ့်ခွက်ရုပ်ကြွများတတ်ဆင်ရန်လည်း အဆင်သင့်ပြုလုပ်ထားရှိသည်ကို တွေ့ရှိရသည်။ သို့သော် ယင်းစဉ့်ရုပ်ကြွ

အုတ်ခွက်များကို စနစ်တကျ သိမ်းဆည်းမထားနိုင်ခဲ့ကြသဖြင့် ယခုအခါပျောက်ပျက်ကုန်ရလေသည်။ တချို့ကို မန္တလေးရှေးဟောင်းသုတေသနရုံးမှ သိမ်းဆည်းထား၏။ အချို့သည် မသမာသူများမှတစ်ဆင့် တခြားနိုင်ငံတို့သို့ ရောက်ရှိသွားလေသည်။ အင်္ဂလန်သို့ ရောက်ရှိနေသည်တချို့ကို ဓာတ်ပုံမှတ်တမ်းအနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထားသောစာတစ်အုပ်တွင် တွေ့မြင်ရဖူးသည်။ ထို့ကြောင့် မင်းကွန်းပုထိုးတော်ကြီးသည် ဗိသုကာပညာတွင် မြေအုတ်တို့၏ ခံနိုင်ရည်စွမ်းအားကို တိုင်းတာပြရာကဲ့သို့ရှိပြီး အဆုံးရောက်ဆောက်လုပ်နိုင်ခဲ့လျှင် ဟူသောအတွေးဖြင့် ခမ်းနားအောင်တန်ဆာဆင်ခြင်းကိုလည်း အနုပညာနှင့်တွဲ၍ လေ့လာနိုင်စရာအဆောက်အအုံဖြစ်လာနိုင်ပေသည်။ ထိုအဆောက်အအုံသည် လူပြိန်းတို့အတွက် ကြီးမားခြင်းဟူသည်ကလွဲ၍ မသိမြင်နိုင်သော်လည်း ဗိသုကာပညာရှင်တို့အတွက်မူ လေ့လာစရာ များစွာပါရှိနိုင်ကောင်းသည်ဟု ယုံကြည်ရပါသည်။ ယခုအခါမူ အုံ့ဖွယ်တစ်ခုအဖြစ် ဘုရားဖူးများဖြင့် စည်ကားလျက် ရှိနေပေသည်။ ဤမျှထုထည်ကြီးမားသည့် အုတ်ဖြင့်ဆောက်သောအဆောက်အအုံမျိုး ကမ္ဘာပေါ်တွင် မင်းကွန်းပုထိုးတော်ကြီးသာရှိမည်ဟုထင်မိပါသည်။

## ရှင်ဖြူဘုရား

မင်းကွန်းပုထိုးတော်ကြီး ဆောက်လုပ်နေစဉ်အတွင်းမှာပင် အေဒီ ၁၈၀၀ က မင်းကွန်းပုထိုးတော်ကြီးမြောက်ဘက် ဧရာဝတီမြစ်ကမ်းထိပ်၌ ဗဒုံမင်း၏မြေးတော် စစ်ကိုင်းမင်းသားက စကြဝဠာဖွဲ့စည်းပုံအတိုင်း စေတီတစ်ဆူကို တည်ထားခဲ့သည်။ ရှင်ဖြူဘုရားဟု သမိုင်းတွင်ခဲ့သည်။ သို့သော် ယခုအခါ မြသိန်းတန်ဘုရားဟု သိနေကြပေသည်။ ယင်းသည်လည်း မြန်မာ့ဗိသုကာပညာအတွက် ဂုဏ်ယူစရာဖြစ်ပါသည်။ တည်ဆောက်ထားပုံမှာ ပထမတောင်စဉ်ခုနစ်ခရိုင်နှင့် သီတာခုနစ်တန်ကို ပစ္စယာခုနစ်ဆင့်ဖြင့် တည်ဆောက်ပုံဖော်ထားသည်။ ပစ္စယာတို့ကိုလည်း ယင်းတို့၏အစွန်းကလနားတို့၌ လှိုင်းတွန့်သဏ္ဌာန်ရှိသော နိမ့်သောဂုံးမိုးပေါက်များ ဆက်ထားဟန်ဖြင့် ရံပတ်ထားလေသည်။ ဒီရေလှိုင်းလုံးများတက်လာသည့်သဖွယ် မြင်တွေ့ရသည်။ စင်စစ် တောင်စဉ်တောင်ထွတ်တို့ကို ပုံဖော်လိုရင်းဖြစ်ဟန်ရှိပေသည်။ ထိုသို့ ဒီလှိုင်းပုံရံပတ်ထားသောပစ္စယာတစ်ဆင့်နှင့်တစ်ဆင့်ကြားတွင် စေတီတော်ကြီးကို လှည့်ပတ်ကြည်ညိုနိုင်သောလမ်းရှိလေသည်။ ထိုလမ်းသည် သီတာခုနစ်တန်ကိုသရုပ်ဖော်ထားခြင်းတည်း။

ထို့ကြောင့် လှည့်ပတ်နိုင်သောလမ်းလည်း ခုနစ်လမ်းပင်ရှိလေသည်။ တောင်စဉ်

ခုနစ်ခရိုင်ကိုသရုပ်ဖော်သော ပစ္စယာခုနစ်ဆင့်တို့ အထက်အပေါ်တွင်မှာမှ နတ်ဘီလူး ငါးဦးတို့စောင့်ကြပ်ရာ ဘုံ(အာလိန်)ငါးဆင့်နှင့်အတူ ထုလုံးပုံ မြင်းမိုရ်တောင်ကို တည်ဆောက်ထားလေသည်။ နတ်ဘီလူးငါးဦးတို့မှာ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ယက္ခနှင့် ဂန္ဓဗ္ဗတို့ဖြစ်ကြသည်။ ထိုနတ်ရုပ်များလည်း သူ့ဘုံအလိုက် ထုလုပ်ထားရှိခဲ့သည်။ မြင်းမိုရ်တောင်ထိပ်တွင် စူဠာမုဏိစေတီတော်ကို တည်ထားလေသည်။ မြန်စွာဘုရား သခင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကိုဟောဟန်၊ ထို့နောက် လူ့ပြည် သင်္ကာသ်နဂိုရ်သို့ စောင်းတန်းသုံးသွယ်ဖြင့် ကြွဆင်းလာပုံများကိုပေါ်အောင် တည်ဆောက် ထားသောစေတီဖြစ်သည်။ ထို့ကြောင့် အပေါ်သို့တက်နိုင်သော လှေကားသုံးသွယ်လည်း ပါရှိလေသည်။ ဘုရားရှင် တာဝတိံသာမှ ဆင်းကြွလာသောအခါ ရွှေစောင်းတန်း ငွေစောင်းတန်းနှင့် ပတ္တမြားစောင်းတန်းတို့ပါရှိကြောင်းဆိုသဖြင့် ရှင်ဖြူဘုရားတွင်လည်း စောင်းတန်းသုံးသွယ်ဖော် လှေကားတပ်ဆင်ထားခြင်းဖြစ်ပေသည်။ ယခုအခါ ရှင်ဖြူဘုရား သည် မင်းကွန်းတွင် ပတ်ဝန်းကျင်အလှကို အမြင့်ထက်မှရှုကြည့်၍ အရသာခံနိုင်သော မျှော်စင်ကဲ့သို့ ဖြစ်နေပေသည်။ ပုဂံမှ မင်္ဂလာစေတီတော်သည်လည်းကောင်း၊ ညောင်ရမ်း ခေတ် အင်းဝမှ မြင်းမိုရ်ဘုရားသည်လည်းကောင်း ထိုသဘောအဓိပ္ပါယ်မျိုး ဖော်ဆောင်ခဲ့ ကြသော်လည်း ရှင်ဖြူဘုရားလောက် သရုပ်မပီပြင်ခဲ့ကြချေ။ ထို့ကြောင့် ကုန်းဘောင်ခေတ် ဏ္ဍိဗိသုကာအတွေးအခေါ်နှင့်အဆင့်ကို ထိုရှင်ဖြူဘုရားက ညွှန်ပြနေသကဲ့သို့ရှိပေသည်။

**အမရပူရ နဂါးရုံဘုရား**

ဂေါတမဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီးနောက် မဟာဗောဓိပင်၏ အနီးဝန်းကျင်၌ သတ္တသတ္တာဟ (ခုနစ်နေရာ–တစ်နေရာ–ခုနစ်ရက်)ကျင့်တော်မူခိုက် မုစ္စလိန္ဒာအိုင်အနီး၌ ခုနစ်ရက်စံနေတော်မူစဉ် မိုးသက်မုန်တိုင်းကျသည်ကို မုစ္စလိန္ဒာ နဂါးမင်းက ပါးပျဉ်းဖြင့် ဘုရားသခင်အား ကျရောက်လျက်ရှိနေသော မိုးသက်လေပြင်း တို့မှ ကာကွယ်ပေးခဲ့သည်။ ထိုပုံမျိုးကို ဗုဒ္ဓဘာသာဝင်တို့ အထူးနှစ်ခြိုက်ခဲ့ကြသဖြင့် ရုပ်တုကို ထုလုပ်ပူဇော်လေ့ရှိခဲ့ကြသည်။ စေတီတော် ဌာပနာတိုက်ခန်းတို့တွင်လည်း ထို သတ္တ သတ္တာဟ စံနေတော်မူခန်းသည် ပါရစမြဲဖြစ်ပေသည်။ သို့သော် ကြီးမားသော အုတ်အင်္ဂတေတို့ဖြင့် ဆောက်ထားသော အဆောက်အအုံပုံသဏ္ဍာန်ဖြင့်ကား အတွေ့ရ နည်းပါးပေသည်။ ဗဒုံမင်း သို့မဟုတ် သာယာဝတီမင်းလက်ထက် ကဆောက်ခဲ့ဟန်

ရှိသောထိုဘုရားကို အမရပူရတွင် ယနေ့တိုင်လည်း ဖူးတွေ့နိုင်ဆဲဖြစ်သည်။ အုတ်ခုံပလဒင်ထက်တွင် ဗုဒ္ဓကိန်းဝပ်စံတော်မူရာ ကျောင်းဆောင်တင်လျက် နဂါးမင်းက ထိုကျောင်းဆောင်ကို အုပ်မိုးထားပုံဖြစ်သည်။ အနုပညာစိတ်ကူးကောင်း၍ အလွန်လှပ တင့်တယ်သော လက်ရာလည်းဖြစ်လေသည်။ များသောအားဖြင့် ထိုသို့သောပုံမျိုးကို ရုပ်တုသဘောသာ ပြုလုပ်လေ့ရှိကြပြီး ဗိသုကာသဘောကား ရှေးအခါက ပြုလုပ်ပုံ နည်းပါးခဲ့လေသည်။ ထို့ထက်စောသည့်ပုံစံများကိုလည်း မတွေ့မြင်ရဖူးသေးချေ။

## သာသနာပိုင်ကျောင်းတော်

မြန်မာမင်းတို့သည် နန်းတက်လာပြီးနောက် ကျောင်းများဆောက်လုပ်လှူဒါန်းကြရမြဲဖြစ်ပေသည်။ သာသနာတော်ကြီးကို ပြုစုစောင့်ရှောက်သော သာသနဒါယကာခံနိုင်စေရန်ဖြစ်ပေသည်။ သာသနာတော်ကိုချီးမြှင့်ကြောင်း ရဟန်းရှင်လူတို့ သိရှိရန်ဖြစ်ပေသည်။ မင်းနေမြို့တော်ကြီးများတွင် မင်း၊ မိဖုရား၊ မှူးကြီးမတ်ရာနှင့် ပြည်သူတို့ ဆောက်လုပ်လှူဒါန်းခဲ့ကြသည့် ကျောင်းတိုက် ကျောင်းဆောင်ပေါင်းများစွာသည် ရွှေမြို့တော်ကိုရံလျက် ရှိနေပေသည်။ ထိုကျောင်းများကို အုတ်ဖြင့် သို့မဟုတ် အသား(ကျွန်း)ဖြင့် ဆောက်လုပ်လေ့ရှိခဲ့ကြသည်။ ကုန်းဘောင်ခေတ်တွင် မင်းတို့သည် ရဟန်းကျောင်းများကို အုတ်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သောအလေ့ နည်းပါး/မရှိသလောက်ပင်ဖြစ်သည်။ များသောအားဖြင့် ကျွန်းသစ်ဖြင့်သာဆောက်လုပ်လေ့ရှိကြပြီး မင်းကေရာဇ်တို့ဆောက်လုပ်လှူဒါန်းသောကျောင်းတို့သည် အလွန်လှပကြီးကျယ်ခမ်းနားကြပေသည်။ ကျွန်းသားကို အနုစိတ်ထွင်းထုပုံဖော်ထားသည့် ခြူးပန်းခြူးနွယ်များ ပန်းပုရုပ်တုရုပ်ကြွများလည်း တပ်ဆင်ထားသဖြင့် ကျောင်းတော်ကြီးများသည် မြန်မာအနုပညာဗိသုကာလက်ရာ ပြတိုက်ကြီးများသဖွယ် မြင်တွေ့နိုင်ပါသည်။ ထို့ကြောင့် မြန်မာ့ပန်းပု အနုပညာပိသုကာတို့ကိုလေ့လာလိုလျှင် မြန်မာမင်းတို့ ဆောက်လုပ်ထားသော ဘုန်းတော်ကြီးကျောင်းများကို လေ့လာရန်သာဖြစ်ပေသည်။

ဤတွင် ဗဒုံမင်းလက်ထက်က မင်းကေရာဇ် ဆောက်လုပ်လှူဒါန်းခဲ့သော သာသနာပိုင်ဆရာတော်ဘုရားကြီး၏ ကျောင်းတော်ကြီးကို တင်ပြလိုပါသည်။ ထိုကျောင်းတော်ကြီးသည် မောင်းထောင်သာသနာပိုင်ကို ဗဒုံမင်းက ဆောက်လုပ်တင်လှူခဲ့သော ကျောင်းကြီးဖြစ်သည်။ အိန္ဒိယမှ ရောက်လာခဲ့သော အင်္ဂလိပ်သံ

မိုက်ကယ်ဆိုင်း(Michael Symes)[၁] မြန်မာနိုင်ငံသို့ရောက်ခဲ့စဉ်က သွားရောက်ကြည့်ရှု မှတ်တမ်းတင်ခဲ့သော ကျောင်းကြီးဖြစ်သည်။ ယင်း၏ မှတ်တမ်းအရသိရှိရသည်မှာ ကျောင်းတော်ကြီးကို သစ်ဖြင့်သာဆောက်လုပ်ထားပြီး တိုင်ပေါင်း ၁၅၀ ခန့် ရှိမည် ဖြစ်ပေသည်။ ကျောင်း၏ကြမ်းပြင်သည် မြေမှအထက် ဆယ့်နှစ်ပေခန့်မြင့်၍ ဆောက် ထားသည်။ အမိုးငါးထပ်ရှိသည်ကိုလည်း မိုက်ကယ်ဆိုင်း သတိထားမိလေသည်။ အမိုးထိပ် အမိုးစွန်နှင့် ဝရန်တာတို့တွင် လှပဆန်းကြယ်သော ပန်းပြောက် ပန်းပုလက်ရာ များဖြင့် တန်ဆာဆင်ထားလေသည်။ ပုဂံခေတ်ကျောက်စာများတွင် တွေ့ရှိရသော ''မွန်ခေါင်တစွင့်''ဆိုသည်မျိုး ဖြစ်ဟန်ရှိသည်။

တွင်းပြင် ပန်းပုလက်ရာများဖြင့် အနုစိတ်တန်ဆာဆင်ထားသဖြင့်လည်း အလွန်လှပဆန်းကြယ်သကဲ့သို့ အလွန်လည်း ရှုမဝနိုင်အောင် ခမ်းနားထည်ဝါလှပေ သည်။ အလယ်ဗဟိုခမ်းမကြီး၏မျက်နှာကြက်သည် ပေငါးဆယ်မျှမြင့်၍ ယင်းကို အလယ်မှ ၁၅–၂၀ ပေလောက်အမြင့်ရှိသော တရုတ်ကပ်တပ်မာရဘင်ဖြင့် တောင် မြောက်တန်းကာ ခွဲခြားထားသည်။ မာရဘင်အလယ်တွင် စကျင်ကျောက်ဖြူဖြင့် ထုလုပ် ထားသော ဆင်းတုတော်ကြီးတစ်ဆူကို ပူဇော်ထားရှိသည်။ အပြင်ဘက်အကျဆုံး အခန်းတို့၏ မျက်နှာကြက်သည် ကြမ်းပြင်မှ ၁၅ ပေခန့် မြင့်ပေသည်။ ကျောင်းကြီးကို တွင်းပြင် ရွှေပိန်းချထားလေသည်။ တိုင်များ၏အောက်ခြေဖြစ်သော ကြမ်းပြင်မှအထက် လေးပေလောက်အထိကိုမူ သစ္စေးဟင်္သပြဒါးသုတ်ထားကြောင်းဖြင့်လည်း မိုင်ကယ်ဆိုင်း က မှတ်တမ်းတင်ဖော်ပြခဲ့သည်။ (ကျောင်းပုံ၊ မျက် ၃၈၈)။ ထိုကျောင်းတော်ကြီးကို အပြင်မှ ထူထဲသောအုတ်တံတိုင်းဖြင့် လေးဘက်လေးတန် ကာရံထားပေသည်။ မီးရေး ထင်းရေးလုံခြုံရန်ဖြစ်သကဲ့သို့ ယုတ်နိမ့်သောလောကီလူမှုဘဝနှင့် မြင့်မြတ်သော သာသနာ့ဘောင်တို့ကို ပိုင်းခြားထားခြင်းသဘောလည်း ပါဝင်နိုင်ပေသည်။ သူတော် မဟုတ် သူယုတ်မာတို့အတွက် အဟန့်လည်း ဖြစ်နိုင်ကောင်းပါသည်။

---

[၁] ကုန်းဘောင်ခေတ်မှတ်တမ်းတို့တွင် ယင်းကို မိကေသင်ဟု ခေါ်ဆိုမှတ်တမ်းတင်ခဲ့ကြ သည်။

## မဟာအောင်မြေဘုံစံအုတ်ကျောင်း

အင်းဝထီးလိုင်ရှင်ဘုရား အနောက်မြောက်ဘက်တွင် စစ်ကိုင်းမင်း၏ မိဖုရားခေါင်ကြီးက ဆောက်လုပ်လှူဒါန်းခဲ့သော အောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးရှိသည်။ ထိုကျောင်းတော်ကြီးကို ၃ ဒီဇင်ဘာ ၁၈၂၂ တွင် စတင်ဆောက်လုပ်ခဲ့သည်။ ကျောင်းတော်ကြီးကို ငါးနှစ်ကျော် ဆောက်လုပ်ခဲ့ရပြီး ၂၉ ဇန်နဝါရီ ၁၈၂၈ တွင်မှ ဆောက်လုပ်၍ပြီးစီးခဲ့လေသည်။ မိဖုရားခေါင်ကြီး ဆောက်လုပ်လှူဒါန်းခဲ့သည် ဆိုသော်လည်း ကျောင်းတော်ကြီးသည် ပုံစံအားဖြင့် သမားရိုးကျပင်ဖြစ်သည်။ ကျောင်းဦးပြာသာဒ်နှင့် ဆောင်မကြီးတို့သာပါရှိပြီး စနုဆောင်နှင့် ဘောဂဆောင်ဟူ၍ မပါရှိချေ။ ထိုပုံစံမျိုးကို သစ်ဖြင့်သာ ဆောက်လုပ်မြဲဖြစ်ပြီး ယခင်ကအုတ်ဖြင့် ထိုပုံစံမျိုး ဆောက်လုပ်ခဲ့သည်ကို မတွေ့ရှိရဖူးပေ။ ပုဂံခေတ်ကစ၍ အုတ်ဖြင့်ဆောက်သော ကျောင်းကို ကုလားကျောင်းဟု ခေါ်မြဲဖြစ်ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ သို့သော် ထိုပုံစံမျိုးမဟုတ်ခဲ့ချေ။ များသောအားဖြင့် ဆောင်ဆက်များမဟုတ်ဘဲ တစ်ဆောင်တည်းသာ ဆောက်လုပ်ခဲ့ကြခြင်းဖြစ်ပေသည်။ နန်းမတော်ဖုရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော ထိုအုတ်ကျောင်းတော်ကြီးကို အောင်မြေဘုံစံကမ္ဘည်းတပ်လျက် ပုညာဘိသီရိသဒ္ဓမ္မဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ညောင်ကန်ဆရာတော်ကို တင်လှူတော်မူခဲ့သည်[၁]။ အောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးသည်လည်း ဗိသုကာသဘောဖြင့်ကြည့်လျှင် ထူးခြားလှပေသည်။ အလွန်မြန်မာဆန်၍ ခံ့ညားထည်ဝါလှပေသည်။(ပုံကြည့်)။ အုတ်စီထုထည်ကြီးမားခြင်း၊ ကြမ်းပြင်နှင့်အမိုးတို့လှမ်းကွာခြင်း၊ အလင်းထက် အမှောင်ဘက်ကို အကဲပိုအောင်ဆောက်လုပ်ထားခြင်းတို့ကြောင့် ပူသောရာသီဥတုနှင့် အေးသောရာသီဥတုတို့ကို ခံနိုင်ရည်ရှိအောင် စီမံထားခြင်းဟု ယုံကြည်စရာရှိပေသည်။ ရဟန်းသံဃာတို့ တရားကို ကောင်းစွာအာရုံပြုကျင့်ကြံနိုင်စေရန်လည်း ရည်မြော်၍ ဆောက်လုပ်ခဲ့ဟန်ရှိပေသည်။


## အတုမရှိကျောင်းတော်ကြီး

မြန်မာတို့၏ နောက်ဆုံးမင်းနေပြည်တော်ဖြစ်ခဲ့သည့် မန္တလေးရွှေမြို့တော်ကြီးတွင် ဗိသုကာအနုပညာသဘော လေ့လာနိုင်သည့် ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်းများစွာရှိသည်။ တချို့ကို မင်းဧကရာဇ်တို့ကတည်ဆောက်သည်။ တချို့ကို မိဖုရားသားတော် သမီးတော် မှူးကြီးမတ်ရာ သေနာပတိတို့ကတည်ဆောက်ခဲ့ကြသည်၊ တချို့ကို

သူဌေးသူကြွယ်ကုန်သည် လယ်သမားတို့က တည်ဆောက်ခဲ့ကြသည်။ ထိုအထဲတွင် လေ့လာဂုဏ်ယူစရာကျောင်းတော်ကြီးတစ်ခုမှာ ရွှေမြို့တော်အရှေ့ပြင် ကုသိုလ်တော် ဘုရားတောင်ဘက်ရှိ အတုမရှိကျောင်းကြီးပင်ဖြစ်ပါသည်။ ထိုကျောင်းတော်ကြီးကို အေဒီ ၁၈၅၉ ကစတင်ဆောက်လုပ်ခဲ့ပြီး မင်းတုန်းမင်းကြီး နန်းစံနောက်ဆုံးနှစ်ပိုင်း အေဒီ ၁၈၇၇ ကုန်ခါနီးတွင်မှ ပြီးစီးခဲ့သည်။ တိုင်ပေါင်း ၂၄၆ တိုင်ဖြင့် တည်ဆောက်ထားပြီး ကွန်းစင်တိုင်တို့သည် ၆၇ တောင် (ပေ ၉၀ ကျော်) အမြင့်ရှိလေသည်။ တရားဝင် ဘွဲ့တော်မှာ ''မဟာအတုလဝေယန်''ဟူ၍ဖြစ်ပါသည်။ ကျောင်းတော်ကြီး ဆောက်လုပ် ပြီးစီးသဖြင့် ၂၉ နိုဝဘ်ာ ၁၈၇၇ တွင် မင်းတုန်းမင်းတရားကြီးသည် ရေကြောင်းထွက် တော်မူလျက် ကြည့်ရှုကြည်ညိုတော်မူသည်။

ယင်းသည့်လပြည့်ကျော်ဆယ်ရက်(၂၉ နိုဝင်ဘာ ၁၈၇၇)နေ့တွင် အတွင်းဝန် ရွှေပြည်ဝန်ဝက်မစွတ်မြို့စားမင်းကြီးမင်းလှမဟာစည်သူမှူးကြီး ကြပ်မလုပ်ဆောင်သော ရွှေမြို့တော်အရှေ့ပြင် မဟာအတုလဝိဇိတာရာမတိုက် မဟာအတုလ ဝေယန်ကျောင်း တော်ကြီး အပြောက်အမွမ်းနှင့်တကွ ပြီးပြေလျှင် ဆဒ္ဒန်ဆင်မင်းသခင်ဘဝရှင် မင်းတရားကြီး ဘုရားရွှေနန်းတော်က သမ္ဗန်တော်တွင် ရွှေစက်တင်တော်မူ၍ တပ်ဝင်း အခင်းအကျင်းနှင့် ရေကြောင်းထွက်တော်မူပြီးလျှင် ကြည့်ရှုတော်မူသည်။ ထိုကျောင်း တော်ကြီးထက်တွင် ရတီချိန်သုံးဆယ့်နှစ်ရတီရှိသော မဟာစိန်တော်ကလေးကို ဥဏ္ဏာလုံ မွေရှင်တော်ပြု၍ တပ်လျှုတော်မူသည့် မံဆင်းတုတော်ကြီးနှင့် မဟာဗောဓိသားဖြင့် ထုလုပ်သော ရုပ်ပွားတော်ကြီးများကို တင်ထားကိုးကွယ်တော်မူသည်။

ဤသို့လည်း ကုန်းဘောင်ဆင်မဟာရာဇဝင်တော်ကြီးက မှတ်တမ်းတင် ထားရစ်ခဲ့သည်။ ထိုကျောင်းတော်ကြီးသည် ကြီးမားလှသကဲ့သို့ ဗိသုကာပုံစံအားဖြင့် လည်း ဆန်းပြားပေသည်။ သာမန်အားဖြင့်ကြည့်လျှင် အုတ်အင်္ဂတေတို့ဖြင့် တည် ဆောက်ထားသကဲ့သို့ ထင်မှတ်ရသည်။ ဘုံငါးဆင့်ပါသောသစ်ဖြင့် ဆောက်လုပ်သည့် ကျောင်းတော်ကြီးဖြစ်သည်။ အောက်ဝါ၏ ပတ်လည်အရံအုတ်ခုံကို အုတ်ဖြင့်ဆောက် လျက် အထက်ဝါကို သစ်ဖြင့်တည်ဆောက်ထားသည်။ ဤတွင် အောက်ဝါဟူသည်၌ ကျောင်းတော်ကြီး၏ကြမ်းပြင်အထိကို ဘေးမှအုတ်ဖြင့်ရံ၍ တည်ဆောက်ထားခြင်းသာ ဖြစ်ပေသည်။ လေးဘက်လေးတန်တွင် မကရ်းရုပ်အုတ်လှေကားများ တပ်ဆင်ထားပြီး တောင်ဘက်နှင့်မြောက်ဘက်တို့မှ နှစ်စင်းစီတပ်ဆင်ထားသဖြင့် အားလုံး ကျောင်းကြီး ပေါ်သို့ တက်နိုင်သောလှေကား ခြောက်စင်းပါရှိလေသည်။ ကျောင်းတော်ကြီး၏



မင်းတုန်းမင်းကြီး၏ အတုမရှိကျောင်းတော်ကြီးပုံ
(မီးမလောင်မီကမြင်ကွင်း)

လှေကားထိပ်များ၊ အပြင်အုတ်နံရံများ၊ ကျောင်းမကြီး၏ဝင်ပေါက်များတို့တွင် ပန်းပု၊ အင်္ဂတေ/အသားရုပ်ကြွများဖြင့် တန်ဆာဆင်ထားရှိသည်။ ကျောင်းပတ်လည်အုတ်နံရံ ဂုံးပေါက်တို့အပေါ်တွင်လည်း မြန်မာနိုင်ငံ၏ တံဆိပ်တော်ဖြစ်သော ဥဒေါင်းရုပ်တို့ကို ပုံစံအမျိုးမျိုးဖြင့် အင်္ဂတေရုပ်ကြွဖော်ထားသည်မှာ အလွန်အနုပညာ မြောက်လှပေသည်။ ထိုကျောင်းတော်ကြီးကို မြန်မာ့ဗိသုကာပညာရှင်တို့က ''နိုင်ငံခြားလက်ရာနှောကျောင်း များ''စာရင်းတွင်ထည့်ထားပေသည်[၁]။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ခဲ့ပြီးနောက် ထိုကျောင်းတော်ကြီးကိုလည်း အင်္ဂလိပ်စစ်တပ်က သိမ်းပိုက်ထားကာ ခရစ်ယာန်ဝတ်ပြုကျောင်းလုပ်ထားခဲ့သည်။ ဘုရားမှ အလေးချိန်သုံးဆယ့်နှစ်ရတီရှိ မဟာစိန်တော်ကလေးသည် အင်္ဂလိပ်တို့ သိမ်းပိုက်ထားစဉ် ၁၈၈၅ အတွင်း ပျောက်ခဲ့ရပြီး ကျောင်းကြီးသည်လည်း ငါးနှစ်မျှ အကြာ ၁၈၉၀ တွင် အင်္ဂလိပ်တို့ပယောဂဖြင့် မီးလောင်ပျက်စီးခဲ့ရလေသည်။ သို့ဖြင့် မြန်မာ့ရတနာနှင့် မြန်မာ့အနုပညာဗိသုကာတို့လည်း ကျောင်းတော်ကြီးနှင့်အတူ ဆုံးရှုံး ပျက်စီးခဲ့ရလေသည်။ ယခုအခါ မူလပုံအတိုင်း ပြန်လည်တည်ဆောက် ထားရှိသည်ကို တွေ့မြင်နိုင်ပေသည်။

မန္တလေးတွင် ထိုခေတ်ကဆောက်လုပ်ခဲ့သောကျောင်းအများပင် မှတ်တမ်း ဓာတ်ပုံများ ကျန်ရှိရစ်ခဲ့သည်။ ဗိသုကာပညာရပ်အတွက် အနုပညာရပ်အတွက် လေ့လာစရာတို့မှာ မင်းမိဖုရားတို့ ဆောက်လုပ်ကြသည်တို့ထဲမှဆိုမူ မြတောင်ကျောင်း၊ နန်းတွင်းရွှေနန်းတော်ကျောင်းတို့ဖြစ်ပြီးလျှင် မှူးကြီးမတ်ရာတို့ ဆောက်လုပ်ကြသည် တို့မှ ဆိုရမူ ကင်းဝန်မင်းကြီး၏ သာကဝန်ကျောင်း၊ ရွှေပြည်ဝန်ကြီး၏အုတ်ကျောင်း၊ အတွင်းဝန်ဦးဘိ၏ ရွှေရေးဆောင်အုတ်ကျောင်းကြီးနှင့် အက္ကပတ်မြို့ဝန်ကျောင်းတို့ကို အထူးဖော်ပြရပေမည်။ အကြောင်းမှာ ထိုကျောင်းတို့သည် အနောက်တိုင်းဗိသုကာ ကို မြန်မာဗိသုကာလောကတွင်းသို့ သွတ်သွင်းပေါင်းကူးပေးနိုင်ခဲ့သောကြောင့်ဖြစ်ပါ သည်။ ယဉ်ကျေးမှုဓလေ့စရိုက်တို့ကို ပေါင်းကူးပေးနိုင်ခြင်းဖြင့်လည်း ရံဖန်ရံခါ ကောင်းသောတိုးတက်မှုတစ်ခု ဖြစ်ထွန်းနိုင်တတ်ပေသည်။ အနောက်တိုင်းနှင့်

---

[၁] ဦးမျိုးမြင့်စိန်နှင့်အပေါင်းအပါများ ''ကုန်းဘောင်ခေတ်နှောင်း ဘုန်းကြီးကျောင်းများ''၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ တွဲ၊ ၅၊ ပိုင်း၊ ၃၊ ၁၉၇၀၊ မျက် ၂၈၉။

မြန်မာဗိသုကာတို့သည် လှေကားတပ်ဆင်မှု၊ အခန်းဖွဲ့စည်းမှု တံခါးပြတင်းတပ်ဆင်မှု၊ အမိုးခေါင်နှင့် အတွင်းပိုင်းတန်ဆာဆင်ယင်မှုတို့တွင် သိသာစွာ ကွဲပြားကြပါသည်။ ချုံ၍ မြင်လွယ်အောင်ဆိုရလျှင် မြန်မာဗိသုကာကအဆောက်အအုံ၏တိုင်ကို ပဓာန ထား၍ အခန်းဖွဲ့သည်။ အနောက်တိုင်းဗိသုကာက နေထိုင်မည့်သူ အသုံးလိုအပ်မည့် အတိုင်း အခန်းကိုလျာထား၍ အိမ်တိုင်ကို ထားရှိစိုက်ထူခြင်းပင်ဖြစ်ပေသည်။

မြန်မာဗိသုကာနှင့် အနောက်တိုင်းဗိသုကာတို့ကို နှိုင်းယှဉ်လေ့လာသောအခါ မြန်မာပိသုကာသည် ကြွကြွရွရွရှိ၍ နုညံ့သိမ်မွေ့သောခံစားရမှု၊ မြူးတူးတက်ကြွ လှုပ်ရှားသောခံစားရမှု၊ သို့မဟုတ် ဆန့်ကျင်လျက် တည်ငြိမ်အေးချမ်းသော ခံစားရမှု ရသမျိုးတို့နှင့် နှလုံးသားတွင် ထိတွေ့ခံစားရလေသည်။ အနောက်တိုင်း ဗိသုကာကမူ ခံ့ခံ့ညားညားရှိ၍ လောကစည်းစိမ်ကို အလိုကြီးသောစိတ်၊ တပ်မက်ခုံမင်သော စိတ်တို့ဖြင့် အပြင်ပကတိအားဖြင့် ပျော်ရွှင်ချမ်းမြေ့နေဟန်ရှိသော်လည်း အတွင်းစိတ်တွင်မူ တဏှာ လောဘတို့ဖြင့် ပူလောင်နေသည်ဟု ခံစားရမိသည်။ ခေတ်စကားဖြင့်ဆိုရမူ အနောက် တိုင်းဗိသုကာပညာက နေထိုင်သူကိုသက်သောင့်သက်သာရှိစေမှု ဝါ လောကစည်းစိမ်ကို သာလွန်ခံစားနိုင်မှုအတွက် ပဓာနထား ဆောက်လုပ်သည်ဟု ဆိုလိုပေသည်။ အဆောက် အအုံ၏ နေရာဖွဲ့စည်းမှု၊ အပူအအေး၊ အလင်းအမှောင်တို့ကို ကြိုက်သလိုရနိုင်အောင် ဖန်တီးရယူထားနိုင်မှုတို့သည် နေထိုင်သူတို့အား လောကစည်းစိမ်ကို သာလွန်ခံစား နိုင်ခဲ့ပါသည်။ နေထိုင်ကြသူတို့၏ ခံစားရချက်''ရသ''သဘောဖြင့် ချုံ၍ဆိုရမူ မြန်မာဗိသုကာပညာက''သန္တ ရသ''ရောင့်ရဲလွယ်မှုနှင့် အေးချမ်းသောအရသာကို ပိုမိုပေးစွမ်းနိုင်၍ အနောက်တိုင်းဗိသုကာက''ဝီရရသ'' ရဲရင့်ခြင်းနှင့် လောကစည်းစိမ်ကို အပြည့်အဝခံစားလိုခြင်း တဏှာရသကို ပိုမိုပေးစွမ်းနိုင်သည်ဟု ထင်မိပါသည်။ ပိုမို၍ သဘောပေါက်နိုင်ရန် မြန်မာနှင့် အနောက်တိုင်းဗိသုကာပုံစံများကို ယှဉ်၍လေ့လာကြည့်ပါ ဟု တိုက်တွန်းလိုပါသည်။

## ရွှေနန်းတော်

မြန်မာ့ဗိသုကာအကြောင်းပြောလျှင် မြန်မာတို့၏ ရွှေထီးရွှေနန်းတို့ မပါ၍ မဖြစ်ချေ။ အကြောင်းမှာ မြန်မာ့စာပေနှင့် ယဉ်ကျေးမှုဓလေ့ကြီးတစ်ရပ်လုံးကိုက ရွှေထီးရွှေနန်းတို့နှင့် ကင်း၍မရသောကြောင့်ဖြစ်ပေသည်။ မြန်မာတို့ ထီးနန်းဆောက်ခဲ့ ကြသည့်ဓလေ့မှာ မြို့ပြနိုင်ငံများ ထွန်းကားခဲ့သော ပျူတို့ကောင်းစားခဲ့ချိန်ကတည်းက

ဟု ဆိုနိုင်ပါသည်။ ကျိုး အုတ်မြို့ရိုးတို့ဖြင့်ကာရံထားသော မိုင်းမော၊ ဗိဿနိုး၊ ဟံလင်း၊ သရေခေတ္တရာတို့တွင် နန်းတော်အိမ်တော်များရှိခဲ့မည်ဟု မှန်းဆရသည်။ အနိရုဒ္ဓ လက်ထက်မှစ၍ ထင်ရှားလာခဲ့သော ပုဂံမင်းနေပြည်တော်ကြီးတွင်လည်း တူးဖော်သော အခါ နန်းတော်တိုင် ကျင်းရာများတွေ့နေရပြီဖြစ်သည်။ ထိလိုင်မင်းခေါ် ကျန်စစ်သားမင်း ကလည်း နန်းတည်ကျောက်စာကို ရေးထိုးစိုက်ထူထားခဲ့သဖြင့် ပုဂံနန်းတော်တို့ မည်မျှခမ်းနားမည်ကို စာတွေ့အားဖြင့် သိရှိခွင့်ရခဲ့ပေသည်။ ညောင်ရမ်းမင်းလက်ထက် တိုင်အောင် ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ပဲခူး စသည် နေရာဒေသအများတွင် ထီးနန်းများ စိုက်ဆောက်ခဲ့ကြသည်။ နန်းတည်မှတ်တမ်းများ ထားရှိရစ်ခဲ့ကြသည်။ သို့သော် စာပေသဘောသာရှိ၍ ဗိသုကာသဘောပီပြင်အောင် မမြင်သာခဲ့ချေ။

ကုန်းဘောင်ခေတ်တွင်လည်း အစောဆုံးမင်းသုံးပါးဖြစ်သည့် အလောင်းမင်း တရား၊ ဒီပဲယင်းမင်းနှင့် မြေဒူးမင်းတို့၏ နန်းတော်များကို မမြင်ဖူးချေ။ ဗဒုံမင်း၊ ရွှေဘိုမင်းနှင့် မင်းတုန်းမင်းတို့၏နန်းတော်များကိုသာ စာပေမှတ်တမ်းများနှင့် နယ်ချဲ့ သမားတို့၏ ပန်းချီဆွဲပုံများ ဓာတ်ပုံများကျန်ရစ်ခဲ့သဖြင့် ကြည့်ရှုလေ့လာခွင့်ရရှိခြင်း ဖြစ်ပေသည်။ (နှိုင်းယှဉ်ကြည့်နိုင်စေရန် ဗဒုံမင်း၊ သာယာဝတီမင်းနှင့် မင်းတုန်းမင်းတို့ လက်ထက်တော်များက သီဟာသနပလ္လင်တော်ထားရှိရာ ပြာသာဒ်တော်ကြီး၊ အရှေ့ စမုခ်နှင့် ပွဲတက်ဆောင်များပါပုံများကို ဖော်ပြပေးလိုက်ပါသည်။) ထိုပုံများကိုလေ့လာ သော် အခြေခံတူသော်လည်း အသေးစိတ်တွင်မူ မတူကြသည်ကိုတွေ့ရှိရသည်။ အစဉ် အလာကိုလိုက်နာရသည်ဖြစ်၍ အခြေခံကိုမပြောင်းလဲချေ။ အဆောင်အရေအတွက်၊ အဆောင်အရွယ်အစားနှင့် တန်ဆာဆင်မှုတွင်သာ အနည်းငယ်ကွဲလွဲကြပါသည်။


**ဗဒုံမင်းနန်းတော်**

အလွန်စည်းစနစ်ကျသော ဗဒုံမင်းသည် ယင်းနန်းစံ ၃၇ နှစ်အတွင်း အမရပုရ တွင် ရွှေနန်းတော်ကြီးကို နှစ်ကြိမ်တည်ဆောက်ခဲ့ရဖူးသည်။ မြို့နန်းတည်စဉ်က ဆောက်လုပ်ခဲ့သောနန်းတော်ကြီးမှာ တရုတ်တစ်ဦး၏စားသောက်ဆိုင်မှ စ၍လောင်ခဲ့ သော မြို့လုံးကျွတ်မီးကြီးတွင် ပါသွားခဲ့သောကြောင့် ပြန်လည်တည်ဆောက်ခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် နှစ်ကြိမ်တည်ဆောက်ခဲ့ရသည်ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။ မင်းကွန်းနန်းတော်ပါဆိုမူ သုံးကြိမ်ဖြစ်သည်။ မြို့နန်းတည်မှတ်တမ်းလည်း ဗဒုံမင်းက ပြုစုချန်ထားရစ်ခဲ့သည်။ စင်စစ် ဗဒုံမင်းသည် နန်းခုံအုတ်ပလ္လင်ပေါ်တွင် အဆောင်

အများဆုံးဆောက်လုပ်ခဲ့သော မင်းတစ်ပါးလည်းဖြစ်ပေသည်။ ဤသည်မှာ သာမန်အား ဖြင့် မိဖုရား မောင်းမမိဿံများ၍ဟု မြင်နိုင်ပေသည်။ မင်းတစ်ပါးတွင် မိဖုရားများခြင်း သည် မင်း၏အလိုလောဘကြီး၍ချည်း မဟုတ်ချေ။ ပဒေသရာဇ်ထုံးဓလေ့အရ လက်အောက်ခံမင်းတို့နှင့် အဆင်ပြေစွာဆက်ဆံခြင်း၊ အပြန်အလှန်ယုံကြည်မှုတည် ဆောက်ခြင်းတစ်မျိုးလည်း ဖြစ်သည်။ သို့သော် မိဖုရားငယ်တို့နေသောအဆောင်တို့မှာ ဗိသုကာသဘော အနုပညာသဘော အရေးမကြီးလှချေ။ နန်းခံ့မြင့်ပေါ်တွင် နေရာရရှိ ခြင်းမျှသာ ဖြစ်ပေသည်။

ရွှေနန်းတော်ကြီးတွင် အရေးပါသောအဆောင်တို့မှာ မြေနန်းနှင့် မှန်နန်းတော် ဆောင်တို့သာဖြစ်ပေသည်။ အမရပုရမှ ပဒုံမင်း၏နန်းတော် မြေနန်းပြာသာဒ်နှင့် အရှေ့ ပွဲတက်ဆောင်ကို မြန်မာနိုင်ငံရောက် မိကေသင်(မိုက်ကယ်ဆိုင်း)က ယင်း၏သံတမန် ခရီးစဉ်တွင် ရေးဆွဲမှတ်တမ်းတင်ခဲ့သဖြင့် လေ့လာခွင့်ရရှိခဲ့ရသည်။ ယင်းက မင်းတရား ကြီးကို ညီလာခံ(အကန်တော့ခံအခမ်းအနား)ကျင်းပနေပုံကို ရေးဆွဲမှတ်တမ်းတင် ထားခဲ့ခြင်းဖြစ်သည်။ နန်းတော်၏သဘောသဘာဝသည် အမြဲမြင်ဖူးနေသော မင်းတုန်းမင်းကြီး၏ နန်းတော်နှင့်တူသော်လည်း မင်းတုန်းမင်းကြီးနန်းတော်ထက် ထည်ဝါမှုလျော့နည်းသည်ဟု ထင်မြင်မိပေသည်။ ထို့အတူ ရွှေနန်းပြာသာဒ်တော်ကြီး ရှေ့မှ အရှေ့စမုခ်သည် အရှေ့သို့မျက်နှာမူနေရမည့်အစား ကန့်လန့်ဖြစ်နေသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ဗဒုံမင်း၏ရွှေနန်းပြာသာဒ်တော်သည် မင်းတုန်းမင်း ရွှေနန်း ပြာသာဒ်တော်နှင့်ယှဉ်လျှင် အဟန့်နည်းသကဲ့သို့ ထင်မှတ်ရပေသည်။ (ဗဒုံမင်းနန်းပုံ)။ ပန်းချီဆရာ၏ ဓလေ့ကိုမကျွမ်း၍ ပေလောဟုလည်း စဉ်းစားရမိပါသည်။

မြန်မာမင်းတို့၏ ရွှေနန်းတော်တို့သည် သစ်သားထွင်းပန်းကနုတ်တို့ဖြင့် လှပစွာဆင်ယင်ထားသည်။ လေကောင်းလေသန့်နှင့် အလင်းရောင်ကောင်းစွာရရှိစေရန် လည်း စီမံထားပေသည်။ လုံခြုံရေးကမူ ပဓာနထား ဦးစားပေးလုပ်ဆောင်ရသည့် သဘောပါပေသည်။ ထို့ကြောင့် အတန်ငယ်မြင့်သော အုတ်ပလဒင်ခုံပေါ်တွင် တည် ဆောက်ထားရှိလေသည်။ အတွင်းပိုင်းတစ်ခုလုံးကိုလည်း ရွှေပိန်းသွတ်ထားလေသည်။ နန်းတော်ကိုတည်ဆောက်သောအခါ အရှေ့အနောက်ဝန်ရိုးထားလျက် ထိုဝန်ရိုး တို့၏အရှေ့ထိပ်တွင် အရှေ့စမုခ်၊ အနောက်ထိပ်တွင် အနောက်စမုခ်တို့ရှိကြလေသည်။ မင်းဧကရာဇ်သည် မင်းယောက်ျားတို့အပူဇော်ကိုခံသောအခါ မြေနန်းနှင့်ဆက်နေသော အရှေ့ပွဲတက်ဆောင်တွင် အဖူးမြော်ခံတော်မူသည်။ မင်းမိန်းမတို့၏အပူဇော်ကိုခံသော



ဗဒုံမင်းလက်ထက် အမရပူရနန်းတော်
(After Michael Symes)

အခါ အနောက်ပွဲတက်ဆောင်တွင် အဖူးမြော်ခံတော်မူရိုးဖြစ်သည်။ နန်းတော်များ၏ အရေးအပါဆုံးနှင့် အခမ်းနားဆုံးနေရာသည် မြေနန်းဖြစ်ပေသည်။ ထို့ကြောင့် တွေ့ရှိရသမျှ နန်းတော်ပုံတို့သည်လည်း မြေနန်းချည်းသာ ဖြစ်ကြပေသည်။ ထိုမြေနန်းမှ တစ်နိုင်ငံလုံးကို အာဏာတော် ဖြန့်ကျက်ခဲ့ခြင်းဖြစ်ပေသည်။ မြေနန်းသည် နိုင်ငံ၏ အချုပ်အချာအာဏာတည်ရာ ဗဟိုချက်ပင်ဖြစ်ပေသည်။ နိုင်ငံတော်ကြီးကို အုပ်ချုပ်ရာ ဗဟိုချက်ဗွေပင် ဖြစ်ပေသည်။

## ကုန်းဘောင်ခေတ်အနုပညာ

မြန်မာ့အနုပညာတို့၏တည်ရာသည် များသောအားဖြင့် သာသနိက အဆောက်အအုံများနှင့် နန်းတော်အိမ်တော်တို့တွင်သာ ဖြစ်ပေသည်။ အနုပညာဟူသည် မြားမြောင်လှသောကြောင့် ကျယ်ဝန်းလှပေသည်။ ထို့ကြောင့် အများသိနိုင် မြင်တွေ့နိုင်သောပန်းချီအကြောင်းကိုသာ ပဓာနထားပြောပြပါမည်။ ကုန်းဘောင်ပန်းချီကို လေ့လာသောအခါ ရေးဆွဲသည့်အကြောင်းအရာကိုလိုက်၍ သုံးမျိုးခွဲခြားနိုင်မည်ဟု ထင်ပါသည်။ ဘာသာရေးဆိုင်ရာပန်းချီ၊ လောကီရေးဆိုင်ရာပန်းချီနှင့် သဘာဝတရားကို လေ့လာသောပန်းချီဟူ၍ ဖြစ်ပါသည်။

ဘာသာရေးပန်းချီဆိုသည်မှာ ဗုဒ္ဓဝင်နှင့်ဆိုင်ရာများကို သရုပ်ဖော်သော ပန်းချီမျိုးဖြစ်သည်။ ထိုပန်းချီမျိုးက အတွေ့ရအများဆုံးဖြစ်သည်။ လောကီရေးဆိုင်ရာ ပန်းချီသည် လူမှုအဖွဲ့အစည်းထဲမှ လူမှုဆက်ဆံရေးဆိုင်ရာ တစ်ခန်းတစ်ကွက်ကို သရုပ်ဖော်ထားသည့်ပန်းချီမျိုးဖြစ်သည်။ သာသနာဘာသာနှင့် မရောယှက်သော လူမှုအဖွဲ့အစည်းအတွင်းမှ အဖြစ်အပျက်များကို သရုပ်ဖော်ထားသည့် ပန်းချီပုံများကို ဆိုလိုပေသည်။ အချစ်၊ အမုန်း အပျော်၊ အဆွေး စသည် ရင်၌ဖြစ်သောခံစားချက်များကို ဖော်ပြရေးဆွဲသည်မျိုး သို့မဟုတ် တခြားလူသားဆိုင်ရာလှုပ်ရှားမှုများကို ရေးဆွဲမှတ်တမ်းတင်သည်မျိုးဖြစ်ပါသည်။ မူလကပန်းချီကို မြင့်မြတ်သောကိုးကွယ်ယုံကြည်မှုဆိုင်ရာ၊ သာသနာတော်ရေးဆိုင်ရာများကိုသာ ရေးဆွဲခဲ့ကြရာမှ ရေးဆွဲသူ/အရေးဆွဲခံအားလုံးတို့သည် လောကီလူသားတို့ချည်းဖြစ်၍ ဆွဲသူ၏ခံစားရချက်တို့ကို ဘာသာရေးဆိုင်ရာအနုပညာနယ်ပယ်ထဲအထိ သွတ်သွင်းလာခဲ့သကဲ့သို့ အကြားညှပ်၍ လွတ်လပ်စွာရေးဆွဲလာခဲ့ကြသည်များလည်း ပါရှိလာလေသည်။ ထိုသို့သော သရုပ်ဖော်ကွက်ကို ပုဂံအာနန္ဒာအုတ်ကျောင်းပန်းချီတွင်ကြည့်ပါဟု တိုက်တွန်းလိုပါသည်။




အမရပူရနန်းတော်
(သာယာဝတီမင်းလက်ထက် အမရပူရနန်းတော်ပုံ)

သဘာဝတရားကို လေ့လာသောပန်းချီမျိုးကား အနည်းဆုံးဖြစ်၍ တိရစ္ဆာန်တို့ နေထိုင်စားသောက်ပုံဘဝနှင့် ရေမြေတောတောင်များကို ရေးဆွဲခြင်းကို ဆိုလိုပါသည်။ တစ်နည်း လူသားတို့နေထိုင်ရာပတ်ဝန်းကျင်ကို ပန်းချီဖြင့် လေ့လာမှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ မူလက ဘာသာရေးပန်းချီများတွင် နောက်ခံအဖြစ် ထည့်သွင်းရေးဆွဲခဲ့ သည်။ နောက် သီးသန့်၍ ခွဲခြားရေးဆွဲလာခဲ့သည်။ သို့ဖြင့် သဘာသတောတောင် ရေမြေ ရှုခင်းရှုကွက်တို့ကို သီးသန့်၍လည်းကောင်း နောက်ခံကားအဖြစ်ဖြင့်လည်း ကောင်း ထည့်သွင်းရေးဆွဲလာခဲ့သောကြောင့် အနုပညာအတွေးအခေါ်နှင့် အနုပညာ ရသတို့ တိုးပွားဖြစ်ထွန်းလာခဲ့ရလေသည်။ ထိုအခါ ကြည့်ရှုရသူတို့လည်း ပို၍ ခံစားလာနိုင် ပညာအသိရရှိလာနိုင်ခဲ့ပေတော့သည်။

အရေးဆွဲခံ ရုပ်ဝတ္ထုပစ္စည်းပေါ်လိုက်၍ နံရံပန်းချီ၊ ပုရပိုက်ပန်းချီ၊ ကျောက် ပန်းချီ စသည်ဖြင့်လည်း ခွဲခြားဆိုနိုင်ပါသေးသည်။ သို့မဟုတ် ရေးဆွဲသည့်ပစ္စည်းကို လိုက်၍ စုတ်ပန်းချီ၊ ကညစ်ပန်းချီနှင့် ဆောက်ထွင်းပန်းချီဟူ၍လည်း ခွဲခြားနိုင် ကောင်းမည်ထင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကုန်းဘောင်ခေတ် ပန်းချီအနုပညာသည် အနောက်တိုင်းနှင့် အဆက်အဆံရှိလာသဖြင့် တိုးတက်မှုပြောင်းလဲသည်များလည်း ရှိလာခဲ့ပါသည်။ သဘာဝဆေးရောင်များမှ အနောက်တိုင်းဖြစ် ဓာတ်ဆေးရောင်များကို လွယ်ကူစွာသုံးစွဲလာနိုင်ခဲ့သည်။

ကုန်းဘောင်ခေတ် နံရံပန်းချီတို့ကို မြန်မာနိုင်ငံအလယ်ပိုင်း နေရာဒေသတိုင်း၌ပင်လေ့လာနိုင်ပါသည်။ ကျယ်ပြန့်သော ထွန်းကားနယ်မြေရှိသဖြင့်လည်း ပညာရှင်တို့ သည် လက်လှမ်းမီရာ နီးစပ်လွယ်ကူရာတို့၌သာ အာရုံစူးစိုက်နိုင်ခဲ့ကြပါသည်။ အကောင်းဆုံးလေ့လာနိုင်သည်တို့မှာ ချောင်းဦးနယ်၊ စကု–စလင်းနယ်၊ စစ်ကိုင်းနယ်၊ ဆားလင်းကြီးနယ်၊ ပခုက္ကူနယ်၊ ပုဂံ(ညောင်ဦး)နယ်၊ ပုသိမ်ကြီးနယ်၊ ဖိုဝင်းတောင်၊ မိတိလာနယ်၊ မုံရွာမြို့နယ်၊ မြင်းခြံနယ်၊ ရွှေဘိုနယ်၊ အမရပူရနယ် စသည်တို့ဖြစ်သည်။ တခြားနေရာဒေသများစွာတွင်လည်း ကုန်းဘောင်ခေတ်ဆိုင်ရာ နံရံပန်းချီများကို တွေ့ရှိလေ့လာနိုင်ပါသေးသည်။ အထူးသဖြင့် စလေမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ရေစကြို(ပုခန်းကြီး)မြို့နယ် စသည်တို့တွင်ဖြစ်သည်။

နံရံပန်းချီတို့သည် ဇာတ်ကွက်ဇာတ်လမ်း အဖြစ်အပျက်များကို သရုပ်ဖော် ရေးဆွဲခြင်းဖြစ်သည်။ အထူးသဖြင့် ဗုဒ္ဓဖြစ်တော်စဉ်များမှ အဖြစ်အပျက်တစ်ကွက်ချင်းကို ရေးဆွဲတတ်သည်။ ရည်ရွယ်ချက်မှာ ဘုရားဖူးတို့ကို ပညာပေးရန်ဖြစ်သည်။ ဤ



ဗဒုံမင်းလက်ထက် ကျောက်ပြားရွှေဇဝါရေးပန်းချီ
(စစ်ကိုင်းမှုခွပြတိုက်)



ကျောက်ပြားရွှေဝါရေးပန်းချီ
(စစ်ကိုင်းဗုဒ္ဓပြတိုက်)

သည်မှာ ပန်းချီဖြင့်သာသနာပြုခြင်းတစ်မျိုးဟု ဆိုနိုင်ပေသည်။ အခြေခံရေးဆွဲပုံမှာ လိုဏ်၏အဝင်ပေါက်အမိုးတွင် ဒွိပါဒခြေတော်ရာစုံ၊ လိုဏ်တွင်းအမိုးတွင် နေလနက္ခတ်တာရာများ၊ ထို့အောက်မှ ပတ်လည်တန်းလျက် နှစ်ကျိပ်ရှစ်ဆူ ဘုရားပုံတော်များ၊ ထို့အောက်အဆင့်တွင် သိဒ္ဓတဘုရားအလောင်းတော်အကြောင်းကို ဘုရားမဖြစ်မီဘဝနှင့် ဘုရားဖြစ်ပြီး ပရိနိဗ္ဗာန်စံလွန်တော်မူသည်ထိ ရေးဆွဲရိုးဖြစ်သည်။ သို့မဟုတ် ဗုဒ္ဓ၏နောက်ဆုံးဆယ်ဘဝဇာတ်လမ်းများကိုလည်း ကောက်နုတ်ရေးဆွဲတတ်ပေသည်။ ထိုဆယ်ဘဝတို့မှာ တေမိ၊ ဇနက၊ သုဝဏ္ဏသာမ၊ နေမိ၊ မဟော သဓ၊ ဘူရိဒတ၊ စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရနှင့် ဝေဿန္တရာ ဇာတ်တော်ကြီးများ ဖြစ်ပေသည်။

သို့သော် အမရပူရ တောင်သမန်ကျောက်တော်ကြီးဘုရားရှိ နံရံပန်းချီတို့ကို လေ့လာသောအခါ၌မူ အစဉ်အလာမှ ခွဲထွက်လာခဲ့သည်ကို တွေ့ရှိရသည်။ ရှေးအခါကလို ဇာတ်တော်လာဇာတ်လမ်းများကို မရေးဆွဲတော့မူပဲ ဘုရားဒကာဘုရင်မင်းမြတ်၏ ကောင်းမှုတော်များ၊ ဘိုးသွားတို့ကောင်းမှုများ၊ ဘုရားပွဲ၊ အလှူပွဲများ၊ ဝန်းကျင်ရှုခင်းများ၊ လူမှုဆက်ဆံရေးရှုခင်းများ စသည်တို့ကိုရေးဆွဲလာခဲ့လေသည်။ လောကီမှုများစွာ ပါဝင်ခဲ့သည်။ ဥပမာ ရှမ်းပြည်နယ်ဘက်မှ လားဝန်တင်များနှင့်ဆင်းလာသော ရှမ်းကုန်သည်များ၊ လူငယ်တို့တာဝ သမီးရည်းစားချိန်းတွေ့နေသည်ကို ချောင်းကြည့်နေကြသော ကလေးများ၊ မြစ်ကမ်းစပ်တွင် ရေချိုးနေကြသော အမျိုးသမီးများ၊ မြစ်တွင်းရှုခင်းများ၊ ကျေးလက်ရှုခင်းများစသည်ဖြင့် ရသစုံအောင်ရေးဆွဲထားသည်။ ထို့ကြောင့်တောင်သမန်ကျောက်တော်ကြီးဘုရားမှ နံရံပန်းချီတို့သည် ခေတ်သမိုင်းကို အကောင်းဆုံးပြောနိုင်သော မှတ်တမ်းများဖြစ်သည်။ အနောက်တိုင်းယဉ်ကျေးမှု စိမ့်ဝင်လာခဲ့သည်ကိုလည်း လူပုံရုပ်များတွေ့ရှိရခြင်းက သက်သေဖြစ်ပေသည်။ တခြားအခြားသော ဘုရားတို့မှာ ကဲ့သို့မဟုတ်မူဘဲ ဗုဒ္ဓဝင်ဇာတ်လမ်းပုံဖော်မှုမှ လုံးဝသွေဖည်လာခဲ့သော နံရံပန်းချီသည် တောင်သမန်ကျောက်တော်ကြီးတစ်ဆူ၌သာ တွေ့ရှိရဖူးသေးပေသည်။

## ပုရပိုက် ပန်းချီများ

ပုရပိုက်တွင် အဖြူနှင့်အမည်းဟူ၍ အရောင်ကိုလိုက်ကာ ခွဲခြားထားသည်။ များသောအားဖြင့် အဖြူကို ပန်းချီရေးဆွဲရာ၌အသုံးပြုပြီး အမည်းကိုမူ မှတ်တမ်းရေးသားရာ၌ အသုံးပြုလေသည်။ သို့သော် နှစ်မျိုးလုံး၌ပင် ပန်းချီရေးဆွဲခြင်း၊ စာပေရေးသားခြင်းတို့ကိုလည်း ပြုလုပ်ကြပါသည်။ ပုရပိုက်အဖြူတွင် ပန်းချီရေးခြင်းကို မည်သည့်

အချိန်ကစခဲ့မည် ကေန်မဆိုနိုင်သော်လည်း ဗဒုံမင်းလက်ထက်တွင် တွေ့ရှိနေရပြီဟု ဆိုနိုင်ပါသည်။ ရေးဆွဲခဲ့ကြသည့်အကြောင်းအရာတို့မှာ ဗုဒ္ဓဝင်ရုပ်ပြပုံများ၊ နန်းဓလေ့ မှတ်တမ်းပုံများ၊ မင်းခမ်းတော်များ၊ စစ်ရေးနှင့် အခြားသီးသန့်ထွေပြားသောမှတ်တမ်းပုံ များပါဝင်ကြပါသည်။ ပုရပိုက်ဖြူ ပန်းချီမှတ်တမ်းများသည် တန်ဖိုးကြီး၍ ရှားပါးသော သမိုင်းအထောက်အထားများဖြစ်ပေသည်။ ကုန်းဘောင်ခေတ်နှောင်းတွင် တိုးတက် လာခြင်းဖြစ်ပါသည်။ သို့သော် မုံရွေးဆရာတော် အရှင်ဥတ္တမဗုဒ္ဓိကမူ ယင်းလက်တွင်ရှိ သော ဗုဒ္ဓဝင်ရောင်စုံပုရပိုက်ကို ဗဒုံမင်းလက်ထက်ကဟု ဆိုခဲ့ပါသည်။ (မုံရွေးမှရသော ဗုဒ္ဓဝင်ရောင်စုံပုရပိုက်ကို ယခုအခါ စစ်ကိုင်းမြို့ရှေးဟောင်းယဉ်ကျေးမှုနှင့်ဗုဒ္ဓပြတိုက်တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။) အလားတူမူတစ်ခု အင်္ဂလန် ဝိတိုရိယဘုရင်မပြတိုက်တွင် ရှိပါသည်။ အခြားနိုင်ငံများသို့ ရောက်နေသည်လည်း အများအပြားရှိပေသည်။ မြန်မာ နိုင်ငံတွင်း၌မူ ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်၊ မန္တလေးတက္ကသိုလ်ပြတိုက်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားစာကြည့်တိုက်နှင့် ပြတိုက်တို့အပြင် ပုဂ္ဂလိကစုဆောင်းသူ အနည်းငယ်တို့လက်တွင်သာ ထိုသို့သော ရောင်စုံပုရပိုက်ဖြူများ ကျန်ရှိပေသည်။


ပုရပိုက်အနက်တွင်မူ အရောင်သုံးစရာမလိုသဖြင့် ရောင်စုံပုရပိုက် ဖြူလောက် မရှားပါးလှချေ။ ဆေးရောင်မပါဘဲ ကန့်ကူဆံဖြင့် တစ်ကြောင်းဆွဲရေးသော ပန်းချီမျိုးသာ ဖြစ်ပေသည်။ ရေးဆွဲသည့်အကြောင်းအရာတို့မှာ များသောအားဖြင့် လောကီရေးရာတို့ နှင့်ချည်း သက်ဆိုင်နေတတ်ပေသည်။ တိရစ္ဆာန်ပုံများ၊ နတ်ရုပ်များ၊ ကနုတ်ပန်းများ၊ ပန်းချီအခြေခံဖြစ်သည့် ကနုတ် နရီ ကပိ ဂဇာ စသည်ပုံများ အရုပ်အင်းများ စသည်တို့ ဖြစ်သည်။ ပန်းချီလက်သင်များ ရေးဆွဲလေ့ကျင့်ရာဟူ၍လည်း ယူဆနိုင်ပေသည်။ တစ်ကြောင်းဆွဲပန်းချီဆိုသော်လည်း လေ့လာစရာကောင်းသည်များ ပါရှိလေသည်။ မြန်မာပန်းချီပညာရှင်တို့သည် ဆင်နှင့်မြင်းကို အလွန်သဘာဝကျအောင် တူအောင်ရေး ဆွဲတတ်ပေသည်။ သရုပ်မှန်ပန်းချီကို မြန်မာတို့၏ ဆင်မြင်းရုပ်တို့တွင် တွေ့ရှိနိုင်ပေ သည်။ နောက်ပိုင်းတွင် မြန်မာပန်းချီဆရာတို့သည် ကမ္ဘာခေတ်သစ်ပန်းချီအယူအဆ များကို နည်းမှီးလာခဲ့သည်ကိုလည်း သတိထားမိလာခဲ့သည်။

## ကျောက်ရေး/ထွင်းပန်းချီ

သရေခေတ္တရာပျူတို့သည် ဗုဒ္ဓပုံတော်တို့ကို ကျောက်တွင် ရုပ်ကြွထွင်းထု၍ ကိုးကွယ်ခဲ့ကြသည်။ ကျောက်ထွင်းရုပ်ကြွများကို ဟံလင်းတွင်လည်း တွေ့ရှိရသည်။



ရာမနှင့်လက္ခဏ
(ကျောက်ထွင်းပန်းချီ ဘုရားကြီး ဘုတလင်နယ်)




မြန်မာဘုန်းကြီးကျောင်း
(After Michael Symes)

ပုဂံခေတ်တွင် စေတီပုထိုးတို့၏ အပြင်ပ အဆင်တန်ဆာအဖြစ် သဲကျောက်၊ စဥ့်၊ အင်္ဂတေနှင့် ရွှံ့တို့ဖြင့် ရုပ်ကြွများပြုလုပ်တပ်ဆင်လေ့ရှိခဲ့ကြသည်။ များသောအားဖြင့် ဗုဒ္ဓပုံတော်များ၊ ဟိန္ဒူအယူဝါဒဆိုင်ရာများ၊ သားငှက်တိရစ္ဆာန်ရုပ်များ၊ ပန်းအလှများနှင့် ဗုဒ္ဓဝင်ရုပ်ကြွများ ဖြစ်ပေသည်။ ကုန်းဘောင်ခေတ်တွင် ကျောက်ပြားပေါ်၌ ဇာတ်လမ်း တစ်ခုလုံးကိုပေါ်အောင် ရွှေဇဝါရေးခြင်း၊ ရေးထွင်းခြင်းတို့ တစ်ခေတ်ထွန်းခဲ့သည်။ ထိုဓလေ့ကို ရှေးယခင်ခေတ်တို့၌ မတွေ့ရှိခဲ့ရဖူးချေ။

ဗဒုံမင်းလက်ထက် စစ်ကိုင်းနယ်ထဲမှ ဘုရားတစ်ဆူပြိုပျက်သောအခါ ဌာပနာ တိုက်တွင်းမှ ရွှေဇဝါရေးကျောက်ပြားများ ထွက်ပေါ်လာခဲ့သည်။ ထိုကျောက်ပြားတို့ပေါ် တွင် ဘုရားရှင်ဝါဆိုတော်မူခဲ့သည့်အရပ်နှင့် ဝါဆိုတော်မူပုံများဖြစ်သည်။ တစ်ကြောင်းဆွဲ ပန်းချီများဖြင့် သရုပ်ဖော်ထားသည်။ အပေါ်မှ ပါဠိဘာသာဖြင့်ရေးသားထားပြီးအောက်မှ မြန်မာဘာသာဖြင့်ပြန်ဆိုထားသော စာတန်းလည်းပါရှိသည်။ ထို့ကြောင့် ဆရာတော် တစ်ပါးက ပြင်ဆင်ပေးပြီး ပန်းချီပညာရှင်ကရေးဆွဲပေးရသည်ဟု နားလည်ရပေသည်။ ယခုအခါ ထိုကျောက်ပြား ရွှေဇဝါရေးပန်းချီကို စစ်ကိုင်းမြို့ ရှေးဟောင်းယဥ်ကျေးမှုနှင့် ဗုဒ္ဓပြတိုက်တွင် လေ့လာနိုင်သည်။

ဇာတ်လမ်းတစ်ခုလုံးပေါ်အောင် ကျောက်ပြားတွင်ထွင်း၍ ပြသထားသော ကျောက်ထွင်းပန်းချီကို ဘုတလင်မြို့နယ် ဘုရားကြီးရွာတွင် လေ့လာနိုင်ပါသည်။ ထိုရွာ၌ ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်က မဟာလောကမာရဇိန် ဘုရားကြီးကို တည်ထားခဲ့ပါသည်။ ထိုဘုရားပတ်လည် စကြံန်လမ်းဘေး ဘုရားခြေရင်းတွင် ရာမဇာတ်ကို ဆယ့်လေးလက်မပတ်လည်ရှိ ကျောက်ချပ်ရေ ၃၅၂ ပေါ်၌ထွင်း၍ စီခင်းပြသထားခဲ့သည်။ ဇာတ်ကွက်များသည် ကုန်းဘောင်ခေတ် သမိုင်းဝင်အဖြစ်အပျက် မှတ်တမ်းများ၊ ခေတ်ကိုကိုယ်စားပြုသည်များပါရှိသဖြင့် တန်ဖိုးကြီးသော သမိုင်း အထောက်အထားများ ဖြစ်ပါသည်။ ထိုကျောက်ထွင်းပန်းချီပုံများသည် ကုန်းဘောင် ခေတ်အရာရှိလောက၊ ကုန်းဘောင်ခေတ်စစ်တပ်၊ ကုန်းဘောင်ခေတ် သံတမန် ဆက်ဆံရေး၊ ကုန်းဘောင်ခေတ် လူတန်းစားများ၊ ကုန်းဘောင်ခေတ်ပျော်ရွှင်မှု စသည် တို့ကို ပြောပြနိုင်ပေသည်။ ရာမဇာတ်တော်ကို ရေးထိုးထားသည်ဆိုသော်လည်း ကုန်းဘောင်ခေတ်လူမှုဘဝကို မှတ်တမ်းတင်ထားသည့် ရုပ်ပြမှတ်တမ်းဟုယူဆ၍ ရနိုင် ကောင်းပါသည်။



မြန်မာတို့ဆင်ဖမ်းပုံ
(After Michael Symes)

ထိုမှတ်တမ်းမျိုးကို ပခုက္ကူခရိုင် ပေါက်မြို့နယ် ကျောက်ကာရွာတွင်လည်း ရှိခဲ့ဖူးပါသည်။ ထိုရွာမှတ်တမ်းအရ ကျောက်ပြားပေါ်မထွင်းမီ ပုရပိုက်ပေါ်တွင် ဇာတ်လမ်းဇာတ်ကွက်ပုံများကို ရေးဆွဲခဲ့သည်။ ထို့နောက်မှ ပုရပိုက်ပုံနှင့် အရွယ်တူ ကျောက်ပြားပေါ်တွင် ကူးယူရေးထွင်းကြောင်းသိရသည်။ ထိုကျောက်ကာကျောင်း၌ ပုရပိုက်ပုံများကိုသာတွေ့ရှိရတော့ပြီး ကျောက်ပြားပုံချပ်များကိုမူ မတွေ့ရှိရတော့ချေ။ သူပုန်များကြီးစိုးနေသောကာလအတွင်းက ပျက်စီးကုန်ခဲ့ရကြောင်းဖြင့်သိရှိရလေသည်။

ကျောက်ဆစ်နှင့် ပန်းပုပညာများလည်း ထွန်းကားခဲ့ပါသည်။ ကျောက်ဆစ်ပညာတွင် ထိုခေတ်က စကျင်ကျောက်ကိုအများဆုံး တွင်ကျယ်စွာအသုံးပြုလာခဲ့သည်။ အခြားဒေသဖြစ်ကျောက်များကို သုံးခဲ့ကြသည်လည်းရှိသည်။ ကျောက်ဆည်နယ်တွင် ဝေဘူကျောက်မျိုး၊ စလေခွေးချို့နယ်တွင် ခွေးချိုတောင်မှရသောကျောက်မျိုး၊ ပုခန်းနယ်တွင် တောင်ဦးကျောက်မျိုး စသည်တို့ဖြစ်သည်။ ထိုကျောက်များဖြင့် ဘုရား၊ ရဟန္တာဆင်းတုများ၊ နတ်သိကြားရုပ်များ၊ ဝသုန္ဒြေရေရုပ်များ၊ ဆင်မြင်းရုပ်များ စသည်တို့ကို ထုလုပ်လေ့ရှိကြသည်။

**ပန်းပုပညာ**

မြန်မာနိုင်ငံသည် အဖိုးတန်ကျွန်းသစ်ပေါများသော နိုင်ငံဖြစ်သောကြောင့် ကျွန်းသားဖြင့်ထုလုပ်သော ပန်းပုပညာ အလွန်ထွန်းကားခဲ့သည်။ ယခုမှသာမဟုတ် ပုဂံခေတ်ကတည်းကဖြစ်သည်။ ပုဂံအာနန္ဒာဘုရားအဝင် တံခါးပေါက်ကြီးများသည် ပန်းကနုတ်ဘောင်များဖြင့် အလွန်လှပခံ့ညားလှပေသည်။ ယင်းသည် ပုဂံခေတ်ကတည်းကရှိနေခဲ့သော မူလတံခါးဖြစ်ကြောင်းဖြင့် သိရှိရသည်။ ညောင်ရမ်းခေတ်နှောင်းက ကျွန်းဖြင့်ဆောက်ထားသော ကျောင်းတော်ကြီးတစ်ကျောင်းကိုလည်း မြိုင်မြို့နယ် ဗိမ္မာန်မရွာတွင် ယနေ့တိုင် တွေ့ရှိနိုင်ပေသေးသည်။ မသမာသူများလက်ချက်ကြောင့် ထိုကျောင်းမှယဉ်ကျေးမှုလက်ရာများ တချို့ဆုံးရှုံးခဲ့ရသည်တို့ရှိခဲ့သော်လည်း ကျောင်းတွင်းမှ ခမ်းနားသောပန်းပုလက်ရာများကို ကျေးရွာလူထု၏ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုကြောင့် ကျန်ကောင်းကျန်ရာမျှ တွေ့ရှိလေ့လာနိုင်ပေသေးသည်။

ကုန်းဘောင်ခေတ် ရွှေနန်းတော်ရွှေကျောင်းတော်ကြီးများကို ကျွန်းသားတွင်ထွင်းထုသော ပန်းပုလက်ရာများဖြင့် အလွန်လှပစွာ တန်ဆာဆင်ထားလေ့ရှိသည်။ ကျွန်းသားဖြင့်သာမက တခြားသောအသားတို့ဖြင့်လည်း ရုပ်ပွားဆင်းတုတော်များ

ပန်းပုရုပ်များကို ထုလုပ်ခဲ့ကြသည်။ ကျောက်မှာ ထုလုပ်ခဲ့သကဲ့သို့ ကိုးကွယ်ယုံကြည်မှု ဆိုင်ရာအရုပ်များကိုလည်း အသားဖြင့် အများဆုံးထုလုပ်ခဲ့ကြသည်။ မြန်မာ့ပန်းပုပညာ၏အဆင့်ကို မြန်မာမင်းတို့လက်ထက်တော်က ဆောက်လုပ်ခဲ့ကြသည့် ကျောင်းတော်ကြီးများတွင်ကြည့်က သိနိုင်ပေသည်။ များသောအားဖြင့် ဘုရားရဟန္တာတို့၏ ဆင်းတုရုပ်တုတော်များ၊ ပန်းကနုတ်များ၊ နဂါး ဂဠုန် ဂုမ္ဘာန် ရက္ခိုက် စသည်နတ်ဘီလူးရုပ်များ၊ နတ်သိကြားပြဟ္မာရုပ်များ၊ အမျိုးလေးပါးရုပ်များ၊ ဆင် မြင်း ခြင်္သေ့ စသည် တိရစ္ဆာန်ရုပ်များ၊ ကိန္နရာ၊ ဒေါင်း စသည် ငှက်မျိုးများ၊ လိပ် ငါး မကာရ်း စသည် ရေသတ္တဝါရုပ်များကို အများဆုံးထုလုပ်ခဲ့ကြသည်။

မြန်မာ့ပန်းပုပညာကို သီပေါမင်းပါတော်မူပြီးစ ကိုလိုနီခေတ်ဦးထိအစဉ်အလာအတိုင်း ဆင်းသက်ထိန်းသိမ်းလာခဲ့နိုင်ပေသည်။ မျက်မှောက်ကာလတိုင် တွေ့မြင်လေ့လာနိုင်သေးသည်တို့မှာ မန္တလေးမှ ရွှေအင်ပင်ကျောင်း၊ စလေမှ ရုပ်စုံကျောင်း၊ ပုခန်းကြီးမှပုခန်းကျောင်းကြီးနှင့် စလင်းနယ်၊ စကုနယ်တို့ရှိကျောင်းများကိုညွှန်းလိုပါသည်။

***တိုးလှ***
***၁ စက်တင်ဘာ၊ ၂၀၀၅***
***နေ့လည် ၂း ၄၈ နာရီ***

# ကျမ်းကိုးမှတ်ချက်

အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရွှေပြည်ကို အများဖတ်ရှုလေ့လာ နိုင်ရန် ရေးသားခဲ့ခြင်းဖြစ်သော်လည်း ရေးသားနိုင်ရန်အတွက် လေ့လာခဲ့ရသော အထောက်အထားများမှာ မြားမြောင်လှပေသည်။ စာရှုသူများ ဆက်လက်လေ့လာလိုသူများအတွက် အထူးရွေးချယ်ကျမ်းကိုးစာရင်းကို စာစုပုဂ္ဂိုလ်များနှင့်တကွ ယခု ဖော်ပြထားပါသည်။ ထိုပုဂ္ဂိုလ်များသည် ပျက်စီးပျောက်ကွယ်သွားမည့် အဖိုးတန်ရတနာများကို ထိန်းသိမ်းထားကြသကဲ့သို့ လေ့လာလိုသူတို့အားလည်း စိတ်ကောင်းစေတနာအပြည့်ဖြင့် လေ့လာကြည့်ရှုခွင့်ပေးခဲ့ကြသဖြင့် အထူးကျေးဇူးကြီးမားသော ပုဂ္ဂိုလ်များဖြစ်ပေသည်။ ထိုအထောက်အထားများကို အသုံးပြုလျက် လေးနက်သောသမိုင်းကျမ်းများ ဆက်လက်ရေးသားပြုစုနိုင်ပါသည်။ ဤအခြေအနေကို မျှော်မှန်းလျက် ဤကျမ်းကိုးစာရင်းကို အထူးအလေးထားဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

# ရည်ညွှန်းကျမ်းကိုးစာရင်းများ

## ပုံမနှိပ်ရသေးသော မူရင်းအထောက်အထားများ

- ကောသာလီကြောင်းချီစစ်ကြောင်း၊ ပုရပိုက်၊ ကန့်ဘလူမြို့နယ်၊ ပျဉ်းတော်ရွာ၊ ဝေဠုဝန်ကျောင်းစာစု။
- ကောင်းထုံမြို့တွင် တရုတ်တို့နှင့် ချုပ်ဆိုသည့်စာချုပ်၊ ပုရပိုက်မူ၊ အမျိုးသားစာကြည့်တိုက်၊ ၆၉၁။
- ကျော်ပြည်သို့ပေးစာ ပြန်စာများ၊ ပုရပိုက်မူ ဦးမောင်မောင်တင်စာစု။
- ကျောက်စိမ်းဥပဒေ၊ ပုရပိုက်မူ၊ နွယ်တမယ် ဦးကျော်ခင်စာစု။
- ကြိုးလမ်း၊ (အမှုထမ်းတို့အား မြေယာတိုင်းတာချပေးသော)စာရင်း၊ ပုရပိုက်မူ ဝမ်းပြည့်ကျောင်းစာစု၊ မင်းလှဂုဏ်ရောင်စာစု။
- စစ်တကောင်းတို့နှင့် ပေးစာပြန်စာများ၊ ပုရပိုက်မူ၊ အမျိုးသားစာကြည့်တိုက်၊ ၆၇၈။

## စစ်တမ်းများ

- ''စလင်းနယ်စစ်တမ်းများ''၊ အရှင်စိန္တာမဏိ၊ စလင်္ကသိသောနီ၊ ပေမူ၊ စလင်းမြို့သူကောင်း ဦးမောင်မောင်ကြီး၊ ဒေါ်လုံးစာစု။
- ''တောင်တွင်းကြီးနယ်စစ်တမ်းများ''၊ ပေမူ၊ တောင်တွင်းကြီးပြတိုက်စာစု၊ နံပါတ် ၃၆၈။
- ''အင်းလေးနယ်(မြေလတ်)စစ်တမ်းများ''၊ ပေမူ၊ ဦးသိန်းသန်းထွန်း၊ ဟဲယားရွာမ၊ အင်းလေးစာစု။
- ဇေယျကျော်ထင်၊ မဇ္ဈိမဒေသအရေးတော်ပုံ၊ ပေမူ၊ လန်ဒန်၊ ဗြိတိသျှအရှေ့ အိန္ဒိယရုံး (ဗြိတိသျှဓနသဟာယရုံး)စာစု၊ နံပါတ် ၃၄၄၉။
- ဗဒုံမင်းအမိန့်တော်များ၊ လက်ရေးမူ၊ မန္တလေးရှေးဟောင်းသုသေတနရုံး၊ စာစု၊ နံပါတ် ၄၂၈၇။
- ဗဒုံမင်းအမိန့်တော်များ၊ ပေမူ၊ မေမြို့စစ်တက္ကသိုလ်၊ ဗိုလ်မှူးအုန်းကြွယ်စာစု။
- ဗဒုံမင်းအမိန့်တော်များ၊ ပုရပိုက်မူ၊ ရန်ကုန်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်စာစု၊ နံပါတ် ၄၅၂၁၀။
- ဗဒုံမင်းအမိန့်တော်များ၊ ပုရပိုက်မူ၊ မန္တလေးတက္ကသိုလ် သမိုင်းဌာနစာစု။

- ယာလုည့်အငြိမ့်တော်အမှုထမ်းတို့ အရပ်ရပ်စာဦးဦးရေရှိဘုရား၊ ပုရပိုက်မူ၊ မန္တလေး လုံးတော်တိုက်စာစု။
- သက္ကရာဇ် (ငွေချေး၊ လယ်ပေါင်နှင့်ကိုယ်နေ)စာချုပ်များ
  - ကျော့ရှင်း (ရေဦး)စာစု
  - ကျောက်ကာကျောင်း (ပေါက်)စာစု
  - ကျွန်းလှအထက်တန်းကျောင်းစာစု
  - စလင်းသူကောင်း ဦးမောင်မောင်ကြီး၊ သူကောင်းမ ဒေါ်လုံးစာစု
  - တူးမောင်းတိုက် (မန္တလေး)စာစု
  - တောင်ခွင်တိုက် (မန္တလေး)စာစု
  - နွားထိန်း (မုံရွေး)သက္ကရာဇ်ခွေစု
  - ပျံကျပုရပိုက်စု (ရေဦး–ဦးသောင်း)
  - ပျဉ်းတော်ရွာ ဝေဠုဝန်ကျောင်းစာစု
  - မင်းနွယ် (လယ်ကိုင်း)စာစု
  - မင်းလှဂုဏ်ရောင် (ဖျာပုံကျောင်း)စာစု
  - မန္တလေးတက္ကသိုလ်စာကြည့်တိုက်စာစု
  - မန္တလေးတက္ကသိုလ် သမိုင်းဌာနစာစု
  - မုံရွေး (မဝင်းလေး)စာစု
  - ရေဦး ဦးသောင်းစာစု
  - ရန်ကုန် တက္ကသိုလ်များဗဟိုစာကြည့်တိုက်စာစု
  - ရွှေကတော် ဦးပြုံးစာစု
  - လယ်ဇင် (ဦးဝင်းမောင်)စာစု
  - လုံးတော်တိုက် (မန္တလေး )စာစု
  - မြင့်ဖေ (တောင်တွင်းကြီး)စာစု
  - ဝမ်းပြည့်ရွာကျောင်း (မြင်းမူ)စာစု
  - သိန်းသန်းထွန်း (အင်းလေး)စာစု
  - အမျိုးသားစာကြည့်တိုက် (ရန်ကုန်)စာစု
- သက္ကရာဇ် ၁၂၀၀ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်နေ့၊ ကာရန်ဘင်ဆင် က ပို့ရောက်သည့် စာထွက်၊ ပုရပိုက်မူ၊ ဦးမောင်မောင်တင်စာစု။
- သက္ကရာဇ် ၁၂၁၅ ခုနှစ် ပြင်သစ်သံရောက်စာတမ်း၊ ပုရပိုက်မူ၊ အမျိုးသား စာကြည့်တိုက် ၆၇၂။
- သက္ကရာဇ် ၁၂၁၇ ခုနှစ် အင်္ဂလိပ်သံ စကားမှတ်စု၊ ပုရပိုက်၊ အမျိုးသား စာကြည့်တိုက်၊ ၇၄၅။
- သက္ကရာဇ် ၁၂၂၉ ခုနှစ် အင်္ဂလိပ်သံရောက် စာတမ်းဘုရား၊ ပုရပိုက်၊ အမျိုးသား စာကြည့်တိုက်၊ ၆၅၆။

○ သက္ကရာဇ် ၁၂၃၅ ခုနှစ်၊ နယုန်လအတွင်း တနင်္သာရီပြောင်း လာရောက်သည် စာတမ်းဘုရား၊ ပုရပိုက်မူ၊ ဦးမောင်မောင်တင် စာစု။
○ ဟံသာဝတီပါမင်း အမှားတော်ပုံ၊ ပေမူ၊ ရန်ကုန်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် စာစုနံပါတ် ၁၃၁၉၄၉။
○ ဟံသာဝတီရောက်မင်းတမ်းချင်း၊ ပေမူ၊ ရန်ကုန်၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက် စာစုနံပါတ် ၁၂၃၃၁၉။
○ အရပ်ရပ်ဘော်တွင်း၊ ခဲမဖြူတွင်းစာရင်း၊ ပုရပိုက်၊ အမျိုးသားစာကြည့်တိုက်၊ နံပါတ် ၇၀၃။
○ အီတာလျံသံတို့နှင့် ချုပ်ဆိုသည့် ရာဇမဟာမိတ်စာချုပ်ဘုရား၊ ပုရပိုက်မူ၊ ဦးမောင်မောင်တင်စာစု။
○ အင်္ဂလိပ်တိုင်းပြည်သို့ အရပ်ရပ်ပေးစာ၊ ပုရပိုက်မူ၊ အမျိုးသားစာကြည့်တိုက် ၇၇၉။

## ပုံနှိပ်ထုတ်ဝေပြီးရည်ညွှန်းကျမ်းများ

○ ကုလား၊ ဦး၊ မဟာရာဇဝင်ကြီး၊ တတိယတွဲ၊ ရန်ကုန်၊ ဟံသာဝတီတိုက်၊ ၁၉၆၁။
○ ကင်းဝန်မင်းကြီး၊ ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၃၉။
○ ကင်းဝန်မင်းကြီး၊ လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း၊ ၂ တွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၃။
○ ကင်းဝန်မင်းကြီး၊ အဠသံခေပဝဏ္ဏနာကျမ်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၃။
○ ကန်တော်မင်းကျောင်းဆရာတော် "လောကသာရဆုံးမစာ"၊ ဟံသာဝတီဆုံးမစာပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီတိုက်၊ ၁၉၆၀။
○ ကျော်ထွန်း၊ ဦး၊ မြန်မာစာညွှန့်ပေါင်းကျမ်း၊ ဒုတိယတွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၅၃။
○ ကျော်ရန်၊ ဦး၊ တည်း၊ ဘေသဇ္ဇဝိဇ္ဇာ ဆေးပညာအထူးစာစောင်၊ အတွဲ ၄၊ မန္တလေး၊ ရက်စွဲမပါ။
○ ခင်ကြီးဖျော်၊ တောင်တွင်းဆရာတော်၊ လက်ဝဲနော်ရထာလျှောက်ထုံး၊ မန္တလေး၊ ပိဋကတ်ပြန့်ပွားရေး၊ ၁၉၅၉။
○ ခင်ခင်စိန်၊ တည်း၊ အလောင်းမင်းတရားအမိန့်တော်များ၊ ရန်ကုန်၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်၊ ၁၉၆၄။
○ ဂုဏာဝဏ္ဏ၊ ရှင်(စလင်းဆရာတော်)၊ ပရိတ်ကြီးနိဿယ၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၈။

- စိန္တကျော်သူ၊ ကဝိလက္ခဏာသတ်ပုံကျမ်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၅။
- ဇေယျသင်္ခယာ၊ ရွှေဘုံနိဒါန်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၃။
- ဉာဏာဘိဝံသ၊ ရှင်(မောင်းထောင်ဆရာတော်)၊ အမေးတော်ဖြေ၊ မန္တလေး၊ ဇမ္ဗူ့မိတ်ဆွေတိုက်၊ ၁၉၆၁။
- တိုး၊ ဦး၊ ရာမရကန်၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၁၅။
- တိုးလှ၊ ''ကုန်းဘောင်ခေတ်ဦး ပိဋကတ်တိုက်များ''၊ လူ့မိတ်ဆွေစာအုပ်၊ မန္တလေးနိုင်ငံတကာစာအုပ်နှစ်အထိမ်းအမှတ်စာတမ်းများ၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၇၂။
- တိုးလှ ''ဗဒုံမင်းလက်ထက်မြန်မာစာပေ''၊ စာအကြောင်းပေအကြောင်း၊ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း စာဆိုတော်နေ့စာတမ်းများ၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၆၉။
- တော်စိန်ခို၊ လွတ်တော်မှတ်တမ်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၀။
- တင်၊ ဦး၊ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း၊ ၅ တွဲ၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၃–၁၉၈၃။
- နတ်မောက်ဘုန်းကျော်၊ အင်္ဂလိပ်မြန်မာစစ်သမိုင်း၊ ရန်ကုန်၊ ပုဂံတိုက်၊ ၁၉၆၆။
- နန္ဒဓဇ၊ ရှင်၊ ကျည်းကန်ရှင်ကြီးမေတ္တာစာ၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၈။
- နန္ဒဓဇ၊ ရှင်နှင့် ရှင်မုနိန္ဒာဘိဓဇ၊ စွယ်စုံကျော်ထင်ကျမ်း၊ ၂ တွဲ၊ မန္တလေး၊ ရတနာဒီပပုံနှိပ်တိုက်၊ ၁၉၆၁။
- ပညာ၊ ဦး၊ မာတော္တလ္လိဆုံးမစာ၊ ရန်ကုန်၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ ၁၉၃၆။
- ဖေမောင်တင်၊ ဦးနှင့် ဂျီအိပ်ချ်လုစ်၊ တည်း၊ ဇမ္ဗူဒီပဥဆောင်းကျမ်း၊ ရန်ကုန်၊ မြန်မာနိုင်ငံသုတေသနအသင်း၊ ၁၉၆၀။
- ဖုဒ်၊ ဦး (ညောင်ကန်ဆရာတော်)၊ ''လောကနီတိ''၊ ရွှေဥဒေါင်းအထူးဆယ်စောင်တွဲ၊ မန္တလေး၊ မြကန်သာစာပေ၊ ၁၉၇၆။
- ဘသိမ်း၊ ဦး၊ ကိုးခရိုင်သမိုင်း၊ မန္တလေး၊ ဂျော့ပုံနှိပ်တိုက်၊ နှစ်မပါ။
- ဘဦး၊ ဦး၊ မြန်မာ့အုပ်ချုပ်ရေးပညာ၊ မန္တလေး၊ ဗဟိုရ်စည်ပုံနှိပ်တိုက်၊ နှစ်မပါ။
- မဟာဓမ္မသင်္ကြံ၊ သာသနလင်္ကာရစာတမ်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၆။
- မဲထီးဆရာတော်၊ ဝံသဒီပနီ၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၇။
- မောင်မောင်တင်၊ ဦး၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၊ ၃ တွဲ၊ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ၁၉၆၇။
- မောင်မောင်တင်၊ ဦး၊ ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ရန်ကုန်၊ ဗုဒ္ဓသာသနာ့အဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၅။
- မုံတိုင်ပင်ဆရာတော်၊ စကားပြောဘွယ်ကျမ်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၃။
- မုံတိုင်ပင်ဆရာတော်၊ သုံးပုံဟင်းလေး၊ သုံးပုံကူးတို့၊ စာရိတ္တ ဝါရိတ္တ ဘုရားရှစ်ခိုး၊

ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၅။
- မြန်မာနိုင်ငံတွင်း တွေ့ရသမျှကျောက်စာများစာရင်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၂၀။
- ယံ၊ ဦး၊ ပိဋကတ်တော်အုပ်၊ ပိဋကတ်တော်သမိုင်း၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၅၉။
- ရီရီ၊ ဒေါက်တာ၊ မြန်မာနိုင်ငံအခြေအနေ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၅။
- ရန္တမိတ်ကျော်ထင်၊ ရေစကြိုခုံတော်ဖြတ်ထုံး၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၄။
- ရွှေတော်နန္ဒသူ၊ မွေ့နွှန်းရကန်၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၆။
- လက်ဝဲနော်ရထာနှင့် တွင်းသင်းတိုက်ဝန်၊ အလောင်းဘုရားအရေးတော်ပုံ၊ နှစ်စောင်တွဲ၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ရုံး၊ ၁၉၆၁။
- လှသမိန်၊ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိပေါင်းချုပ်၊ ရန်ကုန်၊ ဟံသာဝတီ၊ ၁၉၆၁။
- သီရိဥဇနာ (အင်ရုံရွာစား)၊ လောကဗျူဟာကျမ်း၊ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၂။
- သုတ၊ မောင်၊ စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ရန်ကုန်၊ ဖွဲ့စာပေရိပ်မြုံ၊ ၁၉၆၈။
- သန်းထွန်း၊ ဒေါက်တာ၊ နယ်လှည့်ရာဇဝင်၊ ဒုနှင့်တ၊ ရန်ကုန်၊ နံ့သာတိုက်၊ ၁၉၆၈–၁၉၆၉။
- ဟံသာဝတီရောက်မင်းအမှားပုံ၊ ရန်ကုန်၊ မြန်မာ့သြဘာစာပုံနှိပ်တိုက်၊ ၁၉၀၅။
- အကောက်နှုန်းစာရင်း၊ မန္တလေး၊ ရတနာပုံနေပြည်တော်ပုံနှိပ်တိုက်၊ ၁၈၈၅။
- အတုလယသဆရာတော်၊ နန်းစဉ်ပုစ္ဆာကျမ်း၊ ရန်ကုန်၊ စာပုလွေတိုက်၊ ၁၉၇၁။
- သြဘာသာဘိဝံသ၊ အရှင်၊ သုတေသနသရုပ်ပြအဘိဓာန်၊ ရန်ကုန်၊ သုဓမ္မဝတီတိုက်၊ ၁၉၇၅။

## သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းပါ ရည်ညွှန်းဆောင်းပါးများ

- ကြန်၊ မ၊ ''ရတနာပုံစက်ရုံများ''၊ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ တွဲ ၁၊ မှတ် ၁၊ (၁၉၆၈)။
- တိုးလှ၊ ''လူး ၁၂ ပန္နား''၊ ဟံသာဝတီ၊ အချပ်ပို (၂၇ ဒီဇင်ဘာ ၁၉၇၀)
- ----၊ ''မင်းတုန်းမင်းထံ ဆက်သွင်းစာတစ်စောင်''၊ ဟံသာဝတီ၊ အချပ်ပို၊ အမှတ် ၈၉၊ (၆ ဇွန် ၁၉၇၁)
- ----၊ '' မြန်မာအင်္ဂလိပ်စစ်အပြီး ရှမ်းမြန်မာစည်းလုံးမှု''၊ ဟံသာဝတီ၊ အချပ်ပို၊ ၂၀၊ (ဖေဖော်ဝါရီ ၁၉၇၂)။
- ----၊ ''ကုန်းဘောင်ခေတ်ပြည်သူ့ဆေးရုံ''၊ ငွေတာရီ (အောက်တိုဘာ ၁၉၇၅)။
- ----၊ ''ကုန်းဘောင်ခေတ်ဦး အုပ်ချုပ်ရေးစာတမ်း''၊ ပညာလောကစာစောင်၊ တွဲ ၇၊ ပိုင်း ၃ (ဇူလိုင် ၁၉၇၆)။
- ----၊ ''အလောင်းမင်းတရား၏ စည်းရုံးရေး''၊ ပညာလောကစာစောင်၊ တွဲ ၉၊

ပိုင်း ၁ (ဇန်နဝါရီ ၁၉၇၈)။
- ----၊ ''ကုန်းဘောင်ခေတ်ဦးစာပေ''၊ ပညာလောကစာစောင်၊ တွဲ ၉၊ ပိုင်း ၄၊ ၁၉၇၈။
- ----၊ ''လူမှုတိုးတက်ရေးဖြစ်စဉ်ကို ဖျက်ဆီးနေသောဘိန်း''၊ တက္ကသိုလ်ပညာပဒေသာ၊ တွဲ ၁၃၊ ပိုင်း ၃ (မေ ၁၉၇၉)။
- ----၊ ''ကုန်းဘောင်ခေတ်ဦး စီးပွားရေး''၊ ပညာလောကစာစောင်၊ တွဲ ၁၀၊ ပိုင်း ၄၊ (အောက်တိုဘာ ၁၉၇၉)။
- ----၊ ''ကုန်းဘောင်ခေတ်ဦး ပညာရေး''၊ ၄ ပိုင်း၊ ပညာလောကစာစောင်၊ တွဲ ၁၁၊ ပိုင်း ၄၊ (အောက်တိုဘာ ၁၉၈၀၊ ဇန်နဝါရီ ၁၉၈၁၊ ဧပြီ ၁၉၈၁၊ ဇူလိုင် ၁၉၈၁)။
- ----၊ ''ရတနာပုံ သစ်ထုတ်လုပ်ရေး''၊ တက္ကသိုလ်ပညာပဒေသာ၊ တွဲ ၁၅၊ ပိုင်း ၂ (မတ် ၁၉၈၁)။
- ----၊ ''ကုန်းဘောင်ခေတ် အသပြာနှင့်အလေးများ''၊ တက္ကသိုလ်ပညာပဒေသာ၊ တွဲ ၁၅၊ ပိုင်း ၆ (နိုဝင်ဘာ ၁၉၈၁)။
- ----၊ ''ကုန်းဘောင်ခေတ် လယ်ယာစနစ်ပုံနှင့် တန်ဖိုးများ''၊ တက္ကသိုလ်ပညာပဒေသာ၊ တွဲ ၁၆၊ ပိုင်း ၃ (ဩဂုတ် ၁၉၈၂)
- ----၊ ''ပြင်သစ်နိုင်ငံသွား ကင်းဝန်မင်းကြီး၏ သံအမတ်ခန့်အပ်လွှာ''၊ ဆောင်းဦးပန်း မဂ္ဂဇင်း၊ (ဩဂုတ် ၁၉၈၃)။
- ''နိုင်ငံခြားကျူးကျော်မှုကို ကျွန်ုပ်တို့ဘိုးဘွားများ တွန်းလှန်တိုက်ဖျက်ခဲ့ခြင်း''၊ စစ်ပညာဂျာနယ်၊ တွဲ ၁၂၊ အမှတ် ၄ (ဒီဇင်ဘာ ၁၉၆၉)။
- မောင်မောင်တင်၊ ဦး၊ ''မြန်မာဒင်္ဂါး ခတ်လုပ်ခြင်းအကြောင်း''၊ သုတဝဏ္ဏစာတမ်း၊ နံပါတ် ၂၊ (ဒီဇင်ဘာ ၁၉၃၀)။
- မြင့်မြင့်သန်း၊ ဒေါ်၊ ''မင်းတုန်းမင်းလက်ထက် အုပ်ချုပ်ရေးနှင့် စီးပွားရေးအခြေအနေ''၊ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ တွဲ ၂၊ အမှတ် ၃ (၁၉၆၉)။
- ရီရီ၊ ''ကုန်းဘောင်ခေတ်စစ်တမ်းများ''၊ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်၊ တွဲ ၄၅၊ ပိုင်း ၁ (၁၉၆၆)။
- ----၊ ''ကုန်းဘောင်ခေတ်ဦး မြို့နယ်အုပ်ချုပ်ပုံ''၊ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ်၊ တွဲ ၁၊ ပိုင်း ၂ (၁၉၆၈)။
- သောင်း၊ ရေဦး၊ ဦး၊ ''ရန္တပိုစာချုပ်နှင့်ပတ်သက်သော မြန်မာတို့အထောက်အထားများ''၊ မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် နှစ်လည်စာစောင်၊ (၁၉၆၉–၇၀)။

## အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသောရည်ညွှန်းကျမ်းများ


- Cox, Hiram. Journal of a Residence in the Burman Empire, and More Particularly at the Court of Amarapoorah. London: John Warren. 1821.
- Desai, W.S. History of the British Residency in Burma, 1826-1840. Rangoon: The University of Rangoon, 1939.
- —— A Pageant of Burmese History. Bombay: Orient Longmans, 1961.
- Furnival, J.S. An Introduction to the Political Economy of Burma. Rangoon: People's Literature Committee and House, 1957.
- Fytche, Albert. Burma Past and Present, 2 Vols. London: C. Kegan Pual & Co., 1878.
- Gouger, Henry. Personal Narrative of Two Years Imprisonment in Burmah. London: John Murry, 1860.
- Hall, D.G.E. Burma. London: Hutchison House, 1950.
- Harvey, G.D. History of Burma From the Earliest Time to March 1824. The Beginning of the English Conquest. London: Frank Cass & Co. 1967.
- Thing Aung, Maung. The Stricken Peacock. The Hague: Martinus Nijhoff, 1965.
- Laurie, W.F.B. Our Burmese Wars and Relations with Burma. London: W.H.Allen
- Malcom, Howard. Travels in South-Eastern Asia: The Burma Empire. Philadelphia: The American Baptist Publication Society, n.d.
- Mya Sein, Daw. The Administration of Burma Kuala Lumpur: Oxford University Press, 1973.
- Nisbet, John. Burma Under British Rule and Before, 2 vols. Westminster: Archibald Constable & Co. Ltd. 1901.
- Pearn, B.R. A History of Rangoon. Rangoon: American Bapist Missionary Press, 1939.
- Quigly, E.P. Libraries, Manuscripts and Books of Burma, London: 1956.
- Sangemano, Reverand Father. A Description of the Burmese Empire. Rangoon: Government Press, 1885.
- Scott, J. G. and J/P. Hardiman, Gazetteer of Upper Burma and the Shan States. 5 vols. Rangoon: Government Printing. 1900.
- Symes, Michael. An Account of An Embassy to the Kingdom of Ava, Sent by The Government of India, in the Year 1795. 3 vols. London:

Oriental Press 1800.

- Trager, Frank N. and William J. Koenig. Burmese Sit-tans 1764-1826, Records of Rural Life and Administration. Tucson: The University of Arizona Press, 1979.
- Trager, Helen G. Burma Through Alien Eyes. New York: Frederick A. Praeger, Publishers. 1966.
- Yule, Henry. A Narrative of The Mission to the Court of Ava. Kuala Lumpur: Oxford University Press. 1986.
- Singal, D.P. The Annexation of Upper Burma. Singapore: Easteen University Press, 1960.

## "Journals"

- Burney, Major, “On Population of the Burma Profer”. JBRS, 30, pt. 1 (1941).
- Hall, D.G.E. “New Light Upon English Relations with King Mindon.” JBRS, 18, pt. 1 (1928) ed “R.E. Pemberton’s Journey from Manipor to Ava, and from Thence Across the Yooma Mountains to Arracan (14 July - 1 October 1830),” (With Introduction, Glossary and Notes). JBRS, 43, pt. 1 (December 1960).
- Kyan, Ma. “King Mindon’s Councillors”, JBRS, 44, pt. 1 (June 1961).
- Langhan - Carter, R.R. “Burmese Ruler on the Taungoo Frontier”. JBRS, 27, pt. 1 (1937).
- Temple, Sir Richard, “Currency and Coinage Among the Burmese.” Indian Antiquary, 57 (1928).
- Thaung, Dr. “Burmese Kingship During the Reign of Mindon,” JBRS, 42, pt. 2 (December 1959).
- Toe Hla. “Burmese Monetary System in the Kon-baung Period.” (English Translation by Professor Than Tun). JBRS, 62, pt, I & II (December 1979).
- Yi Yi, Ma. “Burmese Sources for the History of the Konbaung Period 1752-1885.” Journal of Southeast Asian History. 6, No. I (March 1965).

# အက္ခရာဝလိ

ကချာနယ် ၈၄၊ ၈၅
အင်္ဂလိပ်ဝင်ရောက်စွက်ဖက်မှု ၈၅
ကနောင်မင်းသားကြီး ၆၆၊ ၇၀၊ ၁၁၉၊ ၁၅၆
စက်ရုံကြီးကြပ်ရခြင်း ၇၀
စစ်ရေးပြုပြင်ပြောင်းလဲမှုဆက်သွင်းစာ ၆၆–၈
ရေမြှုပ်ပုံးစမ်းသပ်ဖောက်ခွဲခြင်း ၁၁၉
လယ်ယာမြေမှုမျှားပိတ်ပင်ခြင်း ၁၅၆
ကပိုင်စစ်တမ်း ၁၄၇
ကဘော်ချောင် ၁၀၁–၂
ကရောဖိုဒ့်၊ ဂျွန် ၉၄
ကသောင်းမြောင်တိုက် ၅၄
ကသည်း ၁၁၊ ၁၇၈၊ ၁၈၁
ကာမရတ္တ၊ အင်တိုနီယို ၁၁၆
ကာယာနုပဿနာကျမ်း ၂၀၈
ကာလဝိပတ္တိ ၁၄၈
ကုလား၊ ဦး ၁၂၊ ၂၂၃၊ ၂၂၉
ကုလားပျိုသေနတ်စု ၁၇၈
ကုလားအစုများ ၁၇၈
ကူးသန်းရောင်းဝယ်ရေး ၁၆၁
ကဲ မှုူး ကြီး ခေါင်းမင်း ၆၁
ကိုးကွယ်ယုံကြည်မှု ၂၀၉၊ ၂၁၄
ကိုးခရိုင်၊ လယ်တွင်းကိုးခရိုင်– ကြည့် ''ကိုးခရိုင်သမိုင်း'' ၂၃၁
၉ ဌာနအုပ်ချုပ်ရေး၊ ခရိုင်မားခွဲခြားအုပ်ချုပ်ခြင်း – ကြည့်
ကောက်၊ ဟိရန် ၈၂၊ ၂၃၄
ကင်ဟန်း၊ ကောင်းဟန်စု – ကြည့်
ကင်းတားဆည် ၁၃၄
ကင်းဘဲလ်၊ ဆာရစ်ချတ် ၈၈၊ ၉၅–၆
ကင်းများရုပ်သိမ်းခြင်း ၁၅၂
ကင်းဝန်မင်းကြီး ၁၁၈–၂၁၊ ၁၉၉၊ ၂၂၉၊
သံအမတ်ခန့်အပ်လွှာ ၇၇၊ ၁၂၀၊ ၂၃၃
အင်္ဂလန်သွားမှတ်တမ်း ၇၄၊ ၇၅

ကောင်းမှုတော်ဘုရားကျောက်စာ ၁၀၂
ကောင်းဟန်စု
ကောင်းဟန်တန်း
ကိုင်းကျွန်း၊ လယ်ယာကိုင်းကျွန်း– ကြည့်
ကန်ကြီးကန်
ကုန်ဈေးနှုန်းမြင့်ခြင်း
ကုန်ထုတ်လုပ်ရေး
ကုန်ထုတ်အစု၊ လမိုင်းအစု – ကြည့်
ကုန်သူရဲ၊ ဖူဟန် – ကြည့်
ကုန်သည်
အကောက်နှုန်း
ကုန်သွယ်ရေးလမ်းနှစ်သွယ်
ကုန်းဘောင်ခေတ်
စိုက်ပျိုးစပါး
စစ်တမ်း
ပညာရေး
ပြည်သူ့ဆေးရုံ
လူမှုရေး
လယ်ယာစနစ်ပုံ
သမိုင်း
အသပြာ
အုပ်ချုပ်ရေး
ကုန်းဘောင်ခေတ်နှောင်း
စီးပွားရေး
မြန်မာအင်္ဂလိပ်ဆက်ဆံရေး
ကုန်းဘောင်ခေတ်ဦး
စာပေ
စီးပွားရေးအခြေအနေ
    စစ်ရေးအထွတ်အထိပ်ကာလ
    နိုင်ငံရေးနှင့် စစ်ရေးဂုဏ်
    ပညာရေး
    ပဒေသရာဇ်နယ်ချဲ့ရေး
    မြန်မာအင်္ဂလိပ်ဆက်ဆံရေး

လူမှုစီးပွားရေးအခြေအနေ
အသပြာစနစ်
အုပ်ချုပ်ရေး
ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး
ကုန်းဘောင်မင်းတို့အုပ်ချုပ်ပုံ
ကုန်းဘောင်ရွှေပြည်
ကပ္ပါး
ကပ်ရောဂါ
ကုမ္ပဏီအစိုးရ

မြန်မာအစိုးရနှင့် ဆွေးနွေးခြင်း
ကိုယ်စားလှယ်တို့၏လိမ်လည်မှု
ကိုယ်နေသက္ကရာဇ် ၊ လူပေါင်စာချုပ် – လည်းကြည့်
ကိုယ်လက်လှုပ်ရှားမှု
ကျီးသဲလေးထပ်ဆရာတော်
ကျေးကျွန်
ကျေးလက်လူမှုအဖွဲ့အစည်း
ကျော်ခေါင်လက်ယာ
ကျော်စည်တိုက်၊ မတ္တရာနယ် – ကြည့်
ကျော်စွာနော်ရထာ
ကျော်ဝင်း၊ ပါမောက္ခ
ကျောက်ဆည်နယ်၊ လယ်တွင်းကိုးခရိုင် – ကြည့်
ကျောက်တူးလုပ်ငန်း
ကျောက်မီးသွေးတူးဖော်ရေး
ကျောက်မျက်ရတနာ
ခိုးထုတ်ခြင်း
တူးဖော်ခြင်း
ကျောင်းကျွန်၊ ဘာသာရေးကျွန် – ကြည့်
ကျောင်းစာရေး၊ ပေစာကူးသူ – ကြည့်
ကျောင်းအိပ်ကျောင်းစား
ကျိုင်းရုံး၊ ကောင်းဟန်စု – ကြည့်
ကျည်းကန်ရှင်ကြီး
ကျည်းကန်ရှင်ကြီးမေတ္တာစာ

ကျန်းမာရေး
ကျမ်းကိုးစာရင်း
ကျမ်းကိုးမှတ်ချက်
ကျမ်းဂန်အရှာအဖွေစေလွှတ်ခြင်း
ကျမ်းစုအဖွဲ့
ကြားခံနယ်
ကြေးနန်းဆက်သွယ်ရေး
ပညာသင်
ကြောပွတ်၊ ကရောဖိုဒ့်၊ ဂျွန် - ကြည့်
ကြက်တောင်ဗိုလ်၊ ကင်းဘဲလ်၊ ဆာရစ်ချတ် - ကြည့်
ကြောင်၊ ဆရာ၊ လင်္ကတော
ကြန်၊ မ
ကွေ့ရှမ်းပုန်ကန်မှု
ကွမ်ယင်ပေါ
ကျွန်
ကျွန်စနစ်
ကျွန်ဘဝကျရောက်ခြင်း
ကျွန်သီးတော်၊ ဘာသာရေးကျွန် - ကြည့်
ကျွန်းတော်ရင်းပွဲ
ကျွန်းထွက်သီးနှံ
ကြွေးမြီများဖျက်သိမ်းခြင်း
ကြွေးမြီမှုများကို တားမြစ်ခြင်း

ခနန်ဒိဗ္ဗ
ခရီးသွားမှတ်တမ်း
ခရိုင်များခွဲခြားအုပ်ချုပ်ခြင်း
ခရစ်ယာန်
ခရစ်ယာန်သာသနာပြုကျောင်း
ခဲ၊ ဦး၊ သမားတော်
ခေါစာပစ်သောအလေ့
ခိုးဆိုးတိုက်ခိုက်ဆူပူမှု
ခင်ကြီးဖျော်၊ တောင်တွင်းဆရာတော်
ခတ္တိယ

ခေတ္တမယား၊ ပြည့်တန်ဆာ – ကြည့်
ခေတြ
ချာလဖုံအာ
ချူလွန်
ချောင်ဟုန်ဖန်
ချစ်ပွင့်၊ ဆရာ၊ ပဋ္ဌာတိုက်
ချိန်လုံး၊ မန်ချူးကေရာဇ်
ချုပ်ကိုင်ရောင်းဝယ်ခွင့်
ခြံစိုက်ပင်များ
ခြံလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း – ကြည့်
ခြိမ့်၊ ဦး
ခွေးချိုရွာစစ်တမ်း
ခွေးဆောင်ကုထုံးကျမ်း

ဂဇာသျှုတ္တရကျမ်း
ဂရုံ၊ မယ်စယ်
ဂလက်စတုန်း၊ ဝန်ကြီးချုပ်
ဂါမဝါသီ၊ ရွာကျောင်းဂိုဏ်း – ကြည့်
ဂုဏာဝန္တ၊ ရှင်၊ စလင်းဆရာတော် – ကြည့်
ဂူဇယ်၊ ဟင်နရီ၊
လက်စားချေခြင်း
ဂူရာပတိနာရကံ
ဂုဏ္ဏာအိမ်
ဂန္ဓာလရာဇ်ဆေးကျမ်း
ဂျပန်ပညာသင်
ဂျာမန်သမားတော်ကြီး
ဂျာမန်သံအမတ်နှင့် စာချုပ်ခြင်း
ငစဉ့်ကူလမိုင်း
ငနိုင်သေဉ်ဆည်
ငပေါအိအစစ်ခံချက်
ငဖဲနတ်ရေကန်တောင်ထိပ်လမ်း
ငဘုန်း
ငရွှေကျော်

ငတ်မွန်ခေါင်းပါးမှုဘေး
ငြိမ်းချမ်းရေး
ငွေကြေးစနစ်ပြုပြင်ခြင်း
ငွေခန့်သူပွဲစား
ငွေချေးစာချုပ်
ငွေချေးစားသူ၏မှတ်တမ်း
သမိုင်းကြောင်းအရေးပါမှု
ငွေတောင်ရကန်
စကော့၊ ဒေးဗစ်
စတီးကုမ္ပဏီ
စတိတ်မင်းသတင်းစာကြော်ငြာ
စနေမင်း
စပါးဈေးနှုန်းမြင့်တက်ခြင်း
စမြောင်မှူး
စလေမြို့စစ်တမ်း
စလင်းဆရာတော်
မှတ်တမ်း
စလင်းနယ်စစ်တမ်း
စလွယ်တင်ခွင့်
စာချုပ်ချုပ်ဆိုရေး
ပြင်သစ်အစိုးရနှင့် စာပေ
ပုဂ္ဂလိကစာပေ–လည်းကြည့်
သမိုင်း
စာအကြောင်းပေအကြောင်း
စီကာဒဂါး
စီးပွားရေး
တည်ငြိမ်မှုရခြင်း
ပျက်ပြားလာခြင်း
အဆိုးသံသရာ
စုကြီး
စုကြမ်း
စုနု
စုရုံးဆွေးနွေးခြင်း

စုသေး
စေတီယကတာ
စော်ဘွား
    အခွင့်အာဏာ ၆၂၊ ဗဒုံမင်း ၄၅၊ ပြန်တမ်းရာဇသတ် – လည်း ကြည့်
စံထားငွေ
စံဝင်း၊ ဦး၊ သမားတော်
စက်ကိရိယာများဝယ်ယူရေး
စက်မှုပညာသင်ယူခြင်း
စက်မှုလုပ်ငန်းထူထောင်ရေး
စက်ရုံ
စက်ဝယ်ယူရေးစာချုပ်ချုပ်ခြင်း
စိုက်ပျိုးစရိတ်
စိုက်ပျိုးရေး၊
    ဆည်ရေသောက်စိုက်ပျိုးရေး – လည်း ကြည့်
စိုက်ပျိုးသီးနှံ
စစ်ကဲ
စစ်ကိုင်းမင်း
    ကဘော်ချောင်ကိစ္စ
    စစ်ပြေငြိမ်းရေးအမိန့်
    စစ်ရေးကြိုတင်ပြင်ဆင်မှု
    နိုင်ငံအကျယ်အဝန်း ကျုံ့လာခြင်း
    အခွန်ကောက်မှုလွှတ်ခြင်း
စစ်ချီအမိန့်
စစ်စရိတ်ထည့်ဝင်ရပုံ
စစ်တကောင်း၊ အင်္ဂလိပ်ကုမ္ပဏီပိုင်
    သူပုန်များခိုလှုံသွားခြင်း
စစ်တပ်အင်အားလျော့ခြင်း
စစ်တမ်း ၊ စစ်တမ်းအမည် – လည်းကြည့်
    ကောက်သည့် အကြောင်းရင်း
    ကောက်ခြင်း
    စတင်ကောက်ခြင်း
    စီးပွားရေးစာရင်း
    ပြန်လည်ကောက်ခံရေး

ရွှေတိုက်တော်
သမိုင်း
စစ်ပြေငြိမ်းရေး
စာချုပ်
ဆွေးနွေးပွဲ
အမိန့်တော်
စစ်မက်ငြိမ်းခြင်း
စစ်မှုထမ်း၊ သွေးသောက်စု – ကြည့်
စစ်မှုထမ်း ဆင့်ခေါ်ခြင်း
စစ်မှုပညာသင်ယူခြင်း
စစ်ရေးကြိုတင်ပြင်ဆင်မှု
စစ်ရေးစစ်ရာလမ်းမကြီး
စစ်ရေးတည်ဆောက်မှု
စစ်ရေးပြုပြင်ပြောင်းလဲမှု ဆက်သွင်းစာ
စစ်ရေးအချက်အချာမြို့များ
စစ်ရပ်စဲရေး၊ စစ်ပြေငြိမ်းရေး – ကြည့်
စစ်လျှော်ကြေး
ပထမအရစ်
ဒုတိယအရစ်
တတိယအရစ်
စတုတ္ထအရစ်
စစ်လျှော်ကြေးသဘောတူညီချက်
စစ်သေနင်္ဂဆိုင်ရာပျို့စာပေ
စစ်သုံ့ပန်း
စစ်အစု၊ ဒိုင်း–ကြည့်
စဉ့်ကူမင်း
စစ်မက်ငြိမ်းခြင်း
လယ်ယာလုပ်ငန်းစည်ပင်လာခြင်း
အခွန်အတုတ်ကင်းခြင်း
စဉ့်နှင့်အိုးလုပ်ငန်း
စဏ္ဍာလငါးစို့
စန္ဒဇေယ၊ သူဌေး
စုန်းကဝေမှုခင်း

ဇမ္ဗူဒီပဥဆောင်းကျမ်း
စွယ်စုံကျော်ထင်ကျမ်း
စွယ်စုံကျမ်း၊ အမေးအဖြေကျမ်း – ကြည့်

ဆားလုပ်ငန်း
ဆေးကျမ်း
- စုဆောင်းခြင်း
- ဘာသာပြန်ခြင်း

ဆေးပညာ
- တိုးတက်ရေး
- သင်ကြားရေး

ဆေးပညာရှင်
- တွေ့ဆုံဆွေးနွေးခြင်း

ဆေးရုံ ၊ အခမဲ့ဆေးရုံ ဆေးပေးခန်း – လည်းကြည့်
ဆိုဖီယာ
ဆက်သွယ်ရေးလမ်းကြောင်းများ
ဆင်ဂျာမနီး
ဆင်တာလောရဲ၊ ချူလွန် – ကြည့်
ဆင်းရဲကျပ်တည်းမှု
ဆင်းရဲသား၊ အသည် – ကြည့်
ဆင်းရဲသားပြည်သူ
ဆိုင်း၊ မိုက်ကယ်
ဆည်မြောင်းချောင်းကန်
- တူးဖော်ခြင်း
- ပြုပြင်ထိန်းသိမ်းခြင်း

ဆည်ရေသောက်စိုက်ပျိုးရေး
ဆန်စပါးရောင်းဝယ်ရေး
ဆန်ဈေး
ဆိပ်ကမ်းမြို့
ဇေယနော်ရထာ
ဇေယရန္တသူ
ဇေယသင်္ခယာ
ဇောတိအယူဝါဒ်ဂိုဏ်း

ဇော်ရစီ၊ ဆရာ
ဇင်းမယ်ပုန်ကန်မှု
ဇောင်းကလောပွဲ
ဇာတ်ကြီးဆယ်ဘွဲ့
ဇာတ်ခွဲခြားမှု
ဇာတ်စနစ်
ဉာဏာဘိဝံသ၊ ရှင်၊ မောင်းထောင်ဆရာတော် – ကြည့်
ညောင်များရွာစစ်တမ်း
ညောင်ရမ်းခေတ်
ညောင်ရမ်းမင်း
ဝင်းကိုယ်ရံအစုဖွဲ့စည်းခြင်း
ညောင်အုပ်မင်းသား
ပြင်သစ်ပိုင်နယ်သို့ရောက်ခြင်း

တတိယမြန်မာနိုင်ငံ
စည်းရုံးရေး
ထူထောင်ခြင်း
လူမှုစီးပွားရေးအခြေအနေ
တတိယအစုငွေ
တနင်္ဂနွေမင်း
တနင်္သာရီဆရာကြီး
တပည့်ကျင့်ဝတ်
တမုဆိုးကန်
တရားစီရင်ရိုး
တရားရုံး
တရားရုံးအရာရှိ
တရုတ်ကုန်သည်
တရုတ်ဆေးကျမ်း၊ ဂန္ဓာလရာဇ်ဆေးကျမ်း – ကြည့်
တရုတ်တန်း
တရုတ်ပြည်နိုင်ငံရေးအပြောင်းအလဲ
တရုတ်ဖြူ၊ မောင်
တရုတ်မြန်မာစစ် ၊ မန်ချူးတရုတ်ကျူးကျော်စစ် – လည်းကြည့်
တရုတ်လူမျိုး

တလိုင်း၊ မွန် – ကြည့်
တာရဲစက်ကန်၊ ဘာသာပြန်သူ
တူ၊ ဦး၊ သမားတော်
တောကျောင်းဂိုဏ်း
တော့ဖလ္လဲလေအင်ကုမ္ပဏီ
တော်စိန်ခို
တော်ဝင်ပစ္စည်း
တံစိုးစားယူခြင်း၊ အဂတိလိုက်စားခြင်း – ကြည့်
တံစိုးသုံးပါး
တံဆိပ်ကင်းစာပြန်အပ်ခြင်း
တိုး၊ ဦး
တိုးလှ၊ ဒေါက်တာ
တင်၊ ဦး
တောင်ငူမင်းပုန်ကန်မှု
တောင်တွင်းကြီးနယ်စစ်တမ်း
တောင်တွင်းကြီးမြို့ဝန်
တောင်တွင်းဆရာတော်၊ ခင်ကြီးဖျော် – ကြည့်
တောင်သာဆရာကြီး
တိုင်သူရင်း အစုအငန်းစစ်သိမ်းအမိန့်တော်
တိုင်းရေးပြည်ရေး
တိုင်းရင်းသာလူမျိုးစု
၁၄ ဌာနခွဲခြားအုပ်ချုပ်မှု
တစ်ဦးတည်းရောင်းဝယ်ခွင့်
တည်းခိုမှု
တပ်ကောင်းဟန်၊ ဝင်းလေးမျက်နှာသား – လည်းကြည့်
တပ်ပေါင်းစား
တပ်မတော်
ကြေးကြော်သံ
ခေါင်းဆောင်ကြီး
စစ်စွမ်းရည်
တံတောကျောင်း
တွင်းသင်းမင်းကြီး

ထမုံ၊ အမတ်
ထီရုံ
ထောက်လှမ်းရေး၊ မြန်မာအထောက်တော် – လည်းကြည့်
ထိုင်း
ကျူးကျော်မှု
စျေး
အစုသား
အသက်မွေးဝမ်းကျောင်းမှု
ထုတ်ကုန်နှင့်သွင်းကုန်
ထန်းလုပ်ငန်း
ထွန်း၊ ဦး

ဒီပဲရင်းမင်း
ဖင်းမယ်ကိုသိမ်းပိုက်ခြင်း
နတ်ရွာစံခြင်း
ပုန်ကန်မှုများနှိမ်နင်းခြင်း
သည်းခံခွင့်လွှတ်နိုင်စွမ်း
ဒုတိယအမရပူရမြို့တည်မင်း၊ သာယာဝတီမင်း – ကြည့်
ဒေပြီတော၊ အစ်ဂနာဇီ၊ ခင်ကြီး
ဒေါ်ဆင်
ဂီးသွန်းလုပ်ထုတ်ဝေခြင်း
ဂီးအသုံး
ဒိုင်း
ဒွါရဝတီ
ဒွါရဝတီမြို့ဝန်
ဒွန်ပေါက်လူ
ညဝတီ
စစ်ဌာနချုပ်
ညဝတီနိုင်မော်ကွန်း
ညဝတီမြို့ဝန်
အင်္ဂလိပ်အစိုးရထံ စာရေးကန့်ကွက်ခြင်း
တရဋ္ဌနတ်
ဓားမဦးချမြေ

ဓာတ်ကျမ်း
ဓာတ်ဆရာကြီး၊ ပို၊ ဦး – ကြည့်
ဓမ္မသတ်ကျမ်း
ဓမ္မသတ်ဖြတ်ထုံး

နရာကျော်ခေါင်
နဝါဇ်၊ ဂရာဇ်
မြန်မာတို့သုံ့ပန်းအဖြစ်ဖမ်းခြင်း
နားခံတော်
နု၊ ဦး၊ ဆရာကြီး၊ အာပစ်ရှာဟိုသိန္ဒီ – ကြည့်
နေတစ်ဖက် လတစ်ဖက်အလံ
နေမျိုးကျော်သူ
နေမျိုးစည်သူ
နေမျိုးဇေယျကျော်ထင်
နေမျိုးနော်ရထာ
နေမျိုးနန္ဒသူ
နေမျိုးမင်းထင်
နေမျိုးမင်းထင်ရာဇာ
နေမျိုးမင်းလှကျော်စွာ
နေမျိုးမင်းလှကျော်ထင်
နေမျိုးမင်းလှဇေယသူ
နေမျိုးမင်းလှသင်္ခယာ
နေမျိုးရဲခေါင်ကျော်ထင်
နေမျိုးသီဟသူ
နေရာငါးသွယ်
နေဝင်း၊ ဦး၊ သမားတော်
နောက်ရုံး
နောက်ရုံးအရာရှိ
နိုင်ငံခြားကုန်သည်
နိုင်ငံခြားဆက်ဆံရေး၊
မြန်မာအင်္ဂလိပ်ဆက်ဆံရေး – လည်းကြည့်
နိုင်ငံခြားရောင်းဝယ်ရေး၊ ပြည်ပကုန်သွယ်ရေး – ကြည့်
နိုင်ငံတော်၊ မြန်မာနိုင်ငံ – ကြည့်

နိုင်ငံတွင်းရောင်းဝယ်ရေး၊ ပြည်တွင်းရောင်းဝယ်ရေး – ကြည့်
နိုင်ငံထူထောင်ခြင်း
နိုင်ငံထူထောင်သူ၊ ဘုရင့်နောင်၊ အနိရုဒ္ဓ၊ အလောင်းမင်းတရားကြီး – ကြည့်
နိုင်ငံရေး
ခိုလှုံခွင့်တောင်းခြင်း
တည်ငြိမ်မှုယိုယွင်းလာခြင်း
ရာထူး
နတ်ကိုးမှု
နတ်တို့အားပန်ကြားသော အမိန့်တော်
နန္ဒ ဇ၊ ရှင်၊ ကျည်းကန်ရှင်ကြီး – ကြည့်
နန္ဒသူရ
နန္ဒာကန်၊ မောင်းမကန် – ကြည့်
နန်းစဉ်ပုစ္ဆာကျမ်း
နန်းတွင်းလုပ်ကြံမှုကြီး
နန်းတွင်းအစောင့်အမှုထမ်းစု၊ ဝင်းကိုယ်ရံ – ကြည့်
နယ်ချဲ့စနစ်အန္တရာယ်
နယ်ချဲ့နိုင်ငံရေးအသိဖြင့် ဆက်ဆံလာခြင်း
နယ်စပ်ပြဿနာဆွေးနွေးခြင်း
နယ်မြေငြိမ်ဝပ်ပိပြားရေး
ညွှန်ကြားချက်
နယ်မြေဆိုင်ရာအုပ်ချုပ်ရေးဏာကမှု
နယ်လွှန်တရားစီရင်ခွင့်
နယ်လှည့်ရာဇဝင်
နွားတက်ဆည်
နွဲ့၊ ဦး
နှစ်ထပ်အစိုးရပုံစံအုပ်ချုပ်ရေး

ပညာဖြင့် အသက်မွေးသူ
ပညာရေး
ပညာသင်စေလွှတ်ခြင်း
ပဒေသရာဇ်စနစ်
ပဒေသရာဇ်စီးပွားရေး
ပဒေသရာဇ်တရားဥပဒေ

ပဒေသရာဇ်လူမှုအဖွဲ့အစည်း
ပဒေသရာဇ်လုပ်ထုံးလုပ်နည်း
ပဒေသရာဇ်အာဏာ
ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်
ပလိပ်ပွဲ
ပသီ၊ အစ္စလာမ်သာသနာ – ကြည့်
ပသီကုလား
ပါဠိ
ပိဋကတ်ကျွန်၊ ဘာသာရေးကျွန် – ကြည့်
ပုဂံခေတ်
ပုဂံစစ်သား
ပုဂံနယ်စစ်တမ်း
ပုဂံမင်း
နိုင်ငံအကျယ်အဝန်း ကျုံ့လာခြင်း
နယ်ချဲ့ကိုတွန်းလှန်တိုက်ခိုက်ခြင်း
ပုန်ကန်မှု
ရှုံးနိမ့်နန်းကျခြင်း
ပေစာကူးခ
ပေစာကူးသူ
ပေါ၊ ဦး၊ သမားတော်
ပေါမိုင်၊ အမတ်
ပေါ်တူဂီ
ပို၊ ဦး
ပို့ကုန်၊ ထုတ်ကုန်နှင့် သွင်းကုန် – ကြည့်
ပိုးထည်ရက်လုပ်ငန်း
ပုဂ္ဂလိကစာပေ
ပင်းတယစစ်တမ်း
ပင်းတလဲမင်း
ပင်းယမြို့စစ်တမ်း
ပစ္စည်းလေးပါးထောက်ပံ့ခြင်း
ပဋ္ဌင်းအဖြစ်ဆည်းပူးခြင်း
ပဏ္ဍိတ၊ ရှင်
ပုဏ္ဏား

ဇာတ်စုအကြီးအကဲ
လူမှုကျင့်ဝတ်
သာသနာပိုင်
ပတ္တမြားတူးဖော်ထုတ်လုပ်ရေး
ပန်းဆယ်ပန်းအတတ်
ပန်းတဉ်းလုပ်ငန်းချုပ်ကိုင်မှု
ပိန်၊ ဆရာ၊ ပေါင်တောင်ကူရွာ
ပယ်ရီ၊ မက်သရူး
ပျို့စာပေ
ပြော့ကြီးမျုး
ပြင်သစ်သမ္မတကြီးသဝဏ်လွှာ
ပြင်သစ်သံအဖွဲ့
ပြောင်းပြာဆည်
ပြည်တွင်းစစ်
ပြည်တွင်းဖြစ်သေနတ်
ပြည်တွင်းရောင်းဝယ်ရေး
ပြည်ပကုန်သွယ်ရေး
ပြည်သူနှင့်မဆန့်ကျင့်ခြင်း
ပြည်သူများ၊ ကပ္ပါး၊ အလာ၊ အသည် – ကြည့်
ပြည်သူ့အကျိုးစီးပွားကို စောင့်ရှောက်ခြင်း
ပြည်သူ့အခြေခံမူလတန်းကျောင်း
ပြည့်တန်ဆာ
ပြန်တမ်းကြီးခံ
ပြန်တမ်းရိုးခံ
ပွဲကျောင်း
ပွဲကျောင်းပညာရေး
ပွဲကျောင်းပိတ်ပင်တားမြစ်ခြင်း
ပွဲကျောင်းရဟန်း
ပွဲဈေးလေးဌာနဖွင့်ခြင်း

ဖိနပ်ပြဿနာ
ဖူဟန်
ဖက်စပ်ခုံ

ဖောက်ကားရောင်းဝယ်ရေး၊ ရောင်းဝယ်ရေး – ကြည့်
ဖိုက်ချ်၊ အဲလ်ဘတ်
ဖယ်ရာ၊ အာသာ
မြန်မာရာဇဝင်ကျမ်းပြုခြင်း

ဗညာဥ္ဒလ
ဗဒုံမင်း
ကျမ်းဂန်အရှာအဖွေစေလွှတ်ခြင်း
ကျမ်းစုအဖွဲ့
ကြွေးမြီများဖျက်သိမ်းခြင်း
ခိုးဆိုးတိုက်ခိုက်ဆူပူမှုများ
စီးပွားရေးပျက်ပြားလာခြင်း
စိုက်ပျိုးရေး
စစ်တမ်း
စစ်ပြုခြင်း
စစ်မှုထမ်းဆင့်ခေါ်ခြင်း
ဆေးပညာဆောင်ရွက်ချက်
ဆည်မြောင်းဖောက်လုပ်ထိန်းသိမ်းခြင်း
ထောက်လှမ်းရေး
ဓညဝတီကို စစ်ဌာနချုပ်ပြုလုပ်ခြင်း
နိုင်ငံတော်အကျယ်အဝန်း
နတ်ရွာစံခြင်း
နယ်နိမိတ်ကိစ္စဖြေရှင်းခြင်း
ပွဲကျောင်းပိတ်ပင်တားမြစ်ခြင်း
ပွဲဈေးလေးဌာနဖွင့်ခြင်း
ရခိုင်ကို ပေါင်းစည်းခြင်း
ရောင်းဝယ်ရေး
၄၅ ပြန်တမ်းရာဇသတ်
လမ်းခရီးလုံခြုံရေး တာဝန်ယူစေခြင်း
လမ်းများဖောက်လုပ်ခြင်း
လယ်ထွန်မင်္ဂလာပွဲ
လွတ်လပ်စွာရောင်းဝယ်ခွင့်
သာသနာရေးဆောင်ရွက်ချက်

အကောက်အစားလွတ်ငြိမ်းခွင့်
အဂတိလိုက်စားမှုပပျောက်အောင် ကြိုးပမ်းခြင်း
အမိန့်တော်
အသပြာစနစ်ပြောင်းလဲခြင်း
အင်္ဂလိပ်အန္တရာယ် ကြိုတင်မြင်ခြင်း
ဗဒုံမင်းအမိန့်တော်
ဗရောင်း၊ ဒေးဗစ်
ဗရောင်း၊ အဲလ်ဘတ်
ဗလမင်းထင်
ဗလိနတ်စာကျွေးခြင်း
ဗဟိုနှင့် နယ်ဆက်သွယ်ရေး
ဗဟိုအစိုးရခန့်အရာရှိများအုပ်ချုပ်ရေး
ဗာဝန်စန္ဒရ
ဗိသျှ
ဗေးဖီး
ဗုဒ္ဓသာသနာ
ဗုဒ္ဓါဘိသေကမော်ကွန်း
ဗန်းမော်စော်ဘွား
ဗန်းမော်မြို့ဝန်
ဗန်းမော်အတွင်းဝန်
ဗိန္ဒောဆရာ
ဗျူဟာစက္ကပျို့
ဗြိတိသျှ၊ အင်္ဂလိပ် – ကြည့်
ဗြိတိသျှမြန်မာနိုင်ငံ၊ အောက်မြန်မာနိုင်ငံ – ကြည့်
ဗြဲတိုက်
ပဓာနဝတ္တရား
ဗြဲတိုက်သံဆင့်
ဗြာဟ္မဏ
ဗြာဟ္မဏအယူဝါဒ၊ ဟိန္ဒူအယူဝါဒ – ကြည့်

ဘ၊ ဦး၊ သမားတော်
ဘသိန်း၊ ဦး
ဘဦး၊ ဦး

ဘာနေ၊ မေဂျာ
　　ကြားဝင်အမြတ်ထုတ်ခြင်း
　　မြန်မာနိုင်ငံကို သိမ်းပိုက်ရန်အကြံပြုခြင်း
　　မှတ်တမ်း
ဘာနေ၊ ဟင်နရီ
ဘာသာခြားလေ့လာမှု
ဘာသာပြန်စာပေ
ဘာသာပြန်လုပ်ငန်း
ဘာသာပြန်အမှုထမ်း
ဘာသာရေးကျွန်
ဘုရားကျွန်၊ ဘာသာရေးကျွန် – ကြည့်
ဘုရင်ဂျီ၊ ပေါ်တူဂီ – ကြည့်
ဘုရင့်နောင်
　　စည်းရုံးရေး
　　ဖင်းမယ်ကိုအုပ်ချုပ်ခြင်း
ဘုရင့်သက်တော်စောင့်
ဘဲ၊ ဦး၊ သမားတော်
ဘော်ရနီ၊ မယ်စယ်၊ ဘာနေ၊ မေဂျာ – ကြည့်
ဘိုးလှိုင်၊ ဦး
ဘင်ဆင်၊ ရစ်ချတ်
　　မေးမြန်းအရေးဆိုသောစာ
ဘင်ဘတ္တံ၊ ကပ္ပတံ
ဘုန်းတော်ကြီးကျောင်းပညာရေး
ဘုံဘေဘားမားကုမ္ပဏီ
　　သစ်ခိုးမှု
ဘုံဘေသဘော်ာကျင်း
ဘုံမြေ၊ အသည်မြေ – ကြည့်

မကွေးမြို့နက်ပလာစစ်တမ်း
မညှင်းဆဲခြင်း
မဏိပူရနယ်
မတဲပွဲ
မရပ်ရှုပီး

မန္တတ်၊ ဆာကီးစ်
မဟာဂေါဝိန္ဒပုဏ္ဏား
မဟာစည်သူ
မဟာဇေယနော်ရထာ၊ ဘာနေ၊ မေဂျာ – ကြည့်
မဟာဇေယသင်္ကြန်
မဟာဓမ္မရာဇာဓိပတိမင်း
    အမှားပုံ
    အုပ်ချုပ်ရေးပျက်စီးခြင်း
မဟာဗန္ဓုလ
မဟာဘောဂရာဇာသူ
မဟာမင်းကျော်နော်ရထာ
မဟာမင်းကျော်ရာဇာ
မဟာမင်းခေါင်
မဟာမင်းခေါင်ရာဇာ
မဟာမင်းထင်ကျော်
မဟာမင်းလှကျော်ထင်
မဟာမင်းလှရာဇာ
မဟာမင်းလှသီဟသူ
မဟာမိတ်ခိုင်မြဲရေး
မဟာမိတ်စာချုပ်
မဟာမိတ်ဖြစ်ရေးလုံးပန်းမှု
မဟာရာဇဝင်ကြီး
မဟာရာဇာစော်ဘွား
မဟာသီရိဓမ္မရတ်
မဟာသီရိသင်္ကြန်
မဟာသီလဝံသ၊ ရှင်
မဟာသီဟသူ
မဟာသီဟသူရ
မာဖယ်၊ ဒေါက်တာ
မာမွတ်ကာကျည်
မိဖုရားမောင်းမမိဿံကိစ္စစီမံခြင်း
မုနိန္ဒာဘိ ဇ၊ ရှင်၊ ကျီးသဲလေးထပ်ဆရာတော် – ကြည့်
မုဟုတ္တိကမယား၊ ပြည့်တန်ဆာ – ကြည့်

မေဂျီဘုရင်
　　ပြုပြင်ပြောင်းလဲရေး
မေဃဝတီ
မေဃဝတီမြို့ဝန်
မေဆင်၊ ဖရန်စစ်
မော်ကွန်း၊ မော်ကွန်းအမည်များ – လည်းကြည့်
မိုးကြည်၊ မေမြို့
မိုးမိတ်စော်ဘွား
မက်ကလိအော့၊ ဝီလျံ
　　ရန်ကုန်မြို့ဝန်နှင့် မသင့်မတင့်ဖန်တီးခြင်း
မက္ကာတွင် ဇရပ်ဆောက်လုပ်လှူဒါန်းခြင်း
မက္ခရာစစ်တမ်း
မက္ခရာမင်းသား
　　စက်ရုံကြီးကြပ်ရခြင်း
　　တာဝန်ရုပ်သိမ်းခံရခြင်း
မင်္ဂလာတရားတော်
မင်္ဂလာလမိုင်း၊ ငစဥ့်ကူလမိုင်း – ကြည့်
မင်ဂွီ
မင်တေး
မင်မင်းဆက်
မင်ဟာအို
မင်းကျော်သီရိ
မင်းကျင့်တရား
မင်းခေါင်နော်ရထာပုန်ကန်မှု
မင်းငယ်စည်သူ
မင်းတင်မင်းလှရန်နောင်
မင်းတိုင်းတစ်ဆယ့်နှစ်မှု
မင်းတုန်းမင်း
　　ငြိမ်းချမ်းမှုရခြင်း
　　စီးပွားရေးဖွံ့ဖြိုးမှုဆောင်ရွက်ချက်
　　စီးပွားရေးအခြေအနေ
　　စက်မှုလုပ်ငန်းထူထောင်ခြင်း
　　စိုက်ပျိုးစရိတ်ထုတ်ပေးခြင်း

စိုက်ပျိုးရေးဖွံ့ဖြိုးမှုဆောင်ရွက်ခြင်း
စစ်ရပ်စဲကြောင်းကြေညာခြင်း
ဆည်မြောင်းချောင်းကန်ပြုပြင်ထိန်းသိမ်းခြင်း
ဇောတိအယူဝါဒကိုဏ်းဝင်အား သေဒဏ်ပေးခြင်း
တရားစီရင်ရေး
ဒင်္ဂါးသွန်းလုပ်ထုတ်ဝေခြင်း
နိုင်ငံခြားဆက်ဆံရေး
နိုင်ငံခြားသားထံမှ အကြံဉာဏ်
နတ်တို့အား ပန်ကြားသောအမိန့်တော်
ပညာသင်စေလွှတ်ခြင်း
ပြုပြင်ပြောင်းလဲရေးလုံးပန်းမှု
ပွဲကျောင်းပိတ်ပင်တားမြစ်ခြင်း
မက္ကာ၌ ဇရပ်ဆောက်လုပ်လှူဒါန်းခြင်း
မန္တလေး၌ ဗလီဆောက်ပေးခြင်း
မြန်မာသံအဖွဲ့စေလွှတ်ခြင်း
ရတနာပုံနေပြည်တော်
လယ်ယာကြွေးမြီမှုများ ပိတ်ပင်တားဆီးခြင်း
သတင်းစာထုတ်ဝေခြင်း
အောက်မြန်မာနိုင်ငံ ဆုံးရှုံးရခြင်း
အုပ်ချုပ်ရေး

မင်းပိုင်လမိုင်းလယ်၊ မတ္တရာနယ်၊ ရွှေဘိုနယ်၊ လယ်တွင်းကိုးခရိုင် – လည်းကြည့်
မင်းဘူးနယ်
မင်းမျိုး
မင်းမှုထမ်း
မင်းယောင် မင်းလောင်းများ
မင်းရှေ့နေရာတော်သတ်မှတ်ပုံ
မင်းလုကျော်ထင်ရာဇာ
မင်းလုဇေယသူ
မင်းလုမင်းတင်ကျော်သူ
မင်းလုမင်းထင်ကျော်
မင်းလုရာဇာ
မင်းသူကောင်းပြုခံ
မင်းကေရာဇ်

အုပ်ချုပ်ရေး
အထူးအမိန့်
မင်းကေရာဇ်ချုပ်ကိုင်ကုန်တော်စနစ်
မောင်မောင်တင်၊ ဦး
မောင်းထောင်ဆရာတော်
ဆေးကျမ်းဘာသာပြန်ခြင်း
မောင်းမကန်
မတ္တရာနယ်
မတ္တရာနယ်တွင်း ကိုးကွယ်နတ်
မတ္တရာအင်အားစု၊ ဂုဏ္ဏအိမ် – ကြည့်
မိတ်၊ ဦး၊ သမားတော်
မိတ္ထီလာကန်
မိတ္ထီလာကန်တော်မော်ကွန်း
မုတ္တမစစ်တမ်း
မေတ္တာစာ
မန်ချူးတရုတ်ကျူးကျော်စစ်
ဖြစ်ရသည့်အကြောင်းရင်း
မန်ချူးတရုတ်တပ်များကို အောင်နိုင်ခြင်း
မန်ချူးကေရာဇ်
မန္တလေးသံကိုယ်စားလှယ်ရုံးပိတ်ခြင်း
မုံရွေးဆရာတော်
မုံရွေးဆရာတော်၊ ဒုတိယ
မျိုးခြားဘာသာစာပေ
မျက်နှာသာပေး အခွင့်ရေးရနိုင်ငံ
မြတောင်မြို့စစ်တမ်း
မြတောင်ဝန်ကြီး
မြနန်းယာဉ်သဘော်
မြူ၊ မောင်
မြေတိုင်
မြေထဲ၊ အောင်လံ – ကြည့်
မြေဒူးမင်း
ကသည်းတို့ကို အောင်မြင်ခြင်း
စစ်တမ်း

စစ်ရေးလုံးပန်းနေရခြင်း
စစ်ရေးအချက်အချာမြို့များကို စီမံအုပ်ချုပ်စေခြင်း
ဇောတိအယူဂိုဏ်းစပေါ်ခြင်း
တပ်မတော်ကြံ့ခိုင်ရေးစီမံခြင်း
ထိုင်းကို တိုက်ခိုက်အောင်ပွဲခံခြင်း
နိုင်ငံလုံခြုံရေးဆောင်ရွက်ခြင်း
နတ်ရွာစံခြင်း
နယ်ချဲ့ထွင်ရေး စစ်ဆင်နွှဲခြင်း
မန်ချူးတရုတ်ကို တိုက်ထုတ်အောင်မြင်ခြင်း
မြန်မာ့စစ်ရေး အထွတ်အထိပ်ကာလ
သံလျင်မှ ပေါ်တူဂီများကို ခေါ်ဆောင်လာခြင်း
သွေးသောက်စု ဖွဲ့စည်းခြင်း
မြေဒူးမြို့စစ်တမ်း
မြေပိုင်ရှင်၊ အကြီးဆုံး၊ မင်းကေရာဇ် – ကြည့်
မြဲ၊ မောင်
မြို့စား
အရာချခံရခြင်း
မြို့ရွာလူနေအိမ်ခြေများ အောက်မြန်မာနိုင်ငံသို့ ခိုဝင်ခြင်း
မြို့ရွာသန့်ရှင်းရေး
မြို့ဝန်
အရာချခံရခြင်း
မြို့ဝန်ခန့်အမိန့်တော်
မြို့ဝန်ရုံး၊ ရှေ့ရုံး – ကြည့်
မြင်ကွန်းမင်းသား
ချန္ဒာနဂိုသို့ပို့ခြင်း
မြင်းတပ်အမှုထမ်း
မြောင်ဝန်းတိုက်ပွဲ
မြောင်းမတော်
မြတ်ထွန်း၊ ဦး၊ ဆရာကြီး
မြန်မာကိုယ်စားလှယ်အဖွဲ့
မြန်မာစာပေ
သမိုင်း
အထွန်းကားဆုံးကာလ

မြန်မာစစ်အင်အား
မြန်မာတရားသူကြီး
မြန်မာတိုင်းရင်းဆေးပညာ
မြန်မာတပ်
- စစ်တကောင်းနယ်တွင်း ကျူးဝင်သွားခြင်း
- ဆိုဖီယာမှ အရာရှိများကို လက်ရဖမ်းခြင်း
- တရုတ်ကို တိုက်ခိုက်အောင်မြင်ခြင်း
- အာသံသို့ ချီတက်တိုက်ခိုက်ခြင်း
- အင်္ဂလိပ်တို့အား စစ်ရေးဖြင့် တန်ပြန်ခြင်း

မြန်မာနိုင်ငံ
- တတိယမြန်မာနိုင်ငံ၊ အထက်မြန်မာနိုင်ငံ၊ အောက်မြန်မာနိုင်ငံ – လည်းကြည့်
- ကုန်သွယ်မှုနိုင်ငံများ
- ကျွန်ဘဝကျရောက်ခြင်း
- ငြိမ်းချမ်းသာယာဝပြောခြင်း
- ငွေကြေးအကျပ်အတည်း
- စီးပွားရေးအခြေအနေ
- စစ်ရေး နိုင်ငံရေး အထွတ်အထိပ်ကာလ
- တရားစစ်ဆေးပုံ
- နယ်စပ်ပြဿနာ
- နယ်နိမိတ်
- နယ်မြေများ
- ပင်လယ်ထွက်ပေါက်
- ပြုပြင်ပြောင်းလဲရေး
- ပြိုလဲပျက်စီးလာခြင်း
- ပြည်ပဆက်ဆံမှုအခက်အခဲ
- လူမှုစီးပွားဆုတ်ယုတ်လာခြင်း
- လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာခြင်း
- သိမ်းပိုက်ကျွန်ပြုရေး
- သွင်းကုန်နှင့် ထုတ်ကုန်
- အကျယ်အဝန်းကျုံ့လာခြင်း
- အခြေအနေ
- အမျိုးသားစည်းရုံးရေး
- အမျိုးသားရေးဂုဏ်သိက္ခာကျဆင်းရခြင်း

မြန်မာနိုင်ငံအခြေအနေ
မြန်မာပြင်သစ်ဆက်ဆံရေး
မြန်မာဗိုလ်မှူး ဗိုလ်ချုပ်တို့၏ တိုက်ခိုက်ရေးစွမ်းရည်
မြန်မာဘုရင်ခံ
မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း
မြန်မာရာဇဝင်ကျမ်း
မြန်မာလူမှု လေ့
မြန်မာသင်္ဘောကျင်း
မြန်မာသံအဖွဲ့
စပိန်၊ ပေါ်တူဂီ၊ အီတလီသို့
ပြင်သစ်သို့
သံကိုယ်စားလှယ်၏ ကတိဝန်ခံချက်
အိန္ဒိယသို့
မြန်မာအစိုးရ
ကုမ္ပဏီပိုင်ဆင်များ သိမ်းယူခြင်း
ချစ်ကြည်ရေးလုံးပန်းမှု
ငွေကြေးအခက်အခဲ ရင်ဆိုင်ရခြင်း
စန္ဒရကန္တရှိန်အား နန်းတင်ခြင်း
တော့ဖင့်လေ ကုမ္ပဏီမှ ဝီလျံရောဂျာနှင့် စာချုပ်ခြင်း
ဒဏ်ငွေရိုက်ခြင်း
နိုင်ငံခြားကိုယ်စားလှယ်နှင့် ဆက်သွယ်ခြင်း
ရခိုင်သူပုန်များကို နှိမ်နင်းခြင်း
အမျိုးသားဂုဏ်သိက္ခာ ထိန်းသိမ်းခြင်း
တွေက်သို့ ပြန်စာ
အင်္ဂလိပ်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံခြင်း
အိန္ဒိယသို့ ကိုယ်စားလှယ်စေလွှတ်ခြင်း
မြန်မာအထောက်တော်
မြန်မာဥပဒေ
မြန်မာအင်္ဂလိပ်စစ်
ပထမ
ဒုတိယ
တတိယမြန်မာအင်္ဂလိပ်ဆက်ဆံရေး
တင်းမာရှုပ်ထွေးလာခြင်း

ပုဂံမင်းလက်ထက်
ပုံစံသစ်သို့ ကူးပြောင်းလာခြင်း
မင်းတုန်းမင်းလက်ထက်
သာယာဝတီမင်းလက်ထက်
သီပေါမင်းလက်ထက်
မြန်မာအင်္ဂလိပ်တိုက်ခိုက်မှု
မြန်မာအင်္ဂလိပ်အဘိဓာန်
မြန်မာ့စစ်ရေး အထွတ်အထိပ်ကာလ
မြန်မာ့စစ်အင်အားကြီးထွားလာမှု
မြန်မာ့တပ်မတော်
မြန်မာ့ဓလေ့
မြန်မာ့ပညာရေးစနစ်
မြန်မာ့ပဒေသရာဇ်သမိုင်း
မြန်မာ့လူမှုအဖွဲ့အစည်း
မြန်မာ့သမိုင်း
မြန်မာ့အုပ်ချုပ်ရေးစနစ်၊ ကုန်းဘောင်ခေတ်၊ အုပ်ချုပ်ရေး – ကြည့်
မြန်မာ့အုပ်ချုပ်ရေးပညာ
မွေ့နွန်းရကန်
မွန်
ပုန်ကန်မှု
သစ္စာခံခြင်း
မှူးကြီး မတ်ကြီးတို့၏ အကြံအစည်
မှူးမျိုးမတ်နွယ်
မော်ပညာ
မောင်ခိုရောင်းဝယ်မှု
မှိုင်း၊ ဦး၊ သမားတော်
မှန်နန်းရာဇဝင်တော်ကြီး

ယွ သန်၊ ဆရာ
ယိုးယား၊ ထိုင်း – ကြည့်
ယင်ချောက်
ယဉ်ကျေးမှု
ယန်ယင်ချူး၊ ယူနန်ဘုရင်ခံ

ယွန်နံ့သင်္ဘောပြသနာ
ယွန်းကုန်ရဲ၊ အလီကွန် – ကြည့်
ယွန်းစုကောင်းဟန်
ယွန်းလုပ်ငန်း
ယွန်းအစုသား

ရကန်၊ ရကန်အမည် – လည်းကြည့်
ရခိုင်
ပုန်ကန်မှု
ရှင်မဖြူကျွန်းကိစ္စ
သိမ်းပိုက်ပေါင်းစည်းခြင်း
ရခိုင် မြန်မာလမ်းမကြီး
ရတနာပုံခေတ် ပြုပြင်ပြောင်းလဲရေး
ရတနာပုံတိုက်
ရတနာပုံနေပြည်တော်
ရတနာပုံသတင်းစာ
ရတနာယာဉ်ပျံသင်္ဘော
ရဟန်း
ရဟန်းပြုနည်းသစ်ပြဌာန်းခြင်း
ရာဇဌာနီအုပ်ချုပ်ရေး
ရာဇမတ္တံကျမ်း
ရာဇဝင်ကျော်
ရာဇဝင်ကျမ်း
ရာဇဝင်သစ်
ရာဇဝတ်စီရင်ထုံး
ရာဇဝတ်မှု
ရာဇဝတ်ရုံး၊ ရှေ့ရုံး – ကြည့်
ရာမရကန်
ရာမာဆွာမိ
ရီရီ၊ ဒေါက်တာ
ရေနံထုတ်လုပ်မှု
ရေနန်းယာဉ်သာသင်္ဘော
ရေမြက်ရွာစစ်တမ်း

ရေမြှုပ်ပုံး စမ်းသပ်ဖောက်ခွဲခြင်း
ရေဝန်
ရဲဘော်ကျွန်သင်း
ရဲဘော်ကျွန်သင်းဘွဲ့
ရောဂါကြိုတင်ကာကွယ်မှု
ရောဂျား၊ ဝီလျံ
ရော်ဘင်၊ ဇော်ရဇီ ဟာရီ
ရိုးရာအကြီးအကဲ
  စစ်တမ်းမားဆက်သွင်းခြင်း
  တာဝန်
  ရာထူးမှဖယ်ရှားခြင်း
  အခွန်ကောက်ခံခြင်း
  အမှုအခင်းစစ်ဆေးစီရင်ခြင်း
ရိုးရာအုပ်ချုပ်ရေး
  ရာထူး
  အကြီးအကဲ
ရင်စုတာရည်၊ လီယူတဲချန်း – ကြည့်
ရောင်းဝယ်ရေး
ရောင်းဝယ်ရေးစာချုပ်
ရည်တာလောရဲ
ရန်ကုန်ရှိ ကုန်သည်ကြီးများအသင်း
ရန်ကုန်အရေးအခင်း
ရန္တပိုစာချုပ်
  ကိုယ်စားလှယ်များ အပြန်အလှန်ထားရှိရေး
  နောက်ဆက်တွဲ သဘောတူညီချက်
  အရောင်းအဝယ်စာချုပ်
ရန္တပိုစစ်ပြေငြိမ်းရေးဆွေးနွေးပွဲ
ရန္တပိုရွာ
ရမ္မာဝတီစစ်တမ်း
ရမ္မာဝတီမြို့ဝန်
ရှံလှီ
ရွာကျောင်းဂိုဏ်း
ရွာသာမြို့စစ်တမ်း

ရွှက်နီ
ရှားတောရွာ ၄၅ ခု စစ်တမ်း
ရှေ့ရုံး
ရှေ့ရုံးအရာရှိ
ရှေးသမိုင်းဝေါဟာရ
ရှဲပတ်
ရှင်စောပုသဘော်ာပြဿနာ
ရှင်မဖြူကျွန်း
သိမ်းပိုက်ခြင်း
ရှင်သာမဏေအဖြစ် ဆည်းပူးခြင်း
ရှစ်မူးစနစ်
ရှိန်၊ ဂမ္ဘီရ
ရှိန်၊ စန္ဒရဂုတ္တ
ရှမ်းမြန်မာစည်းလုံးမှု
ရှမ်းသံတော်ခံ
ရွှေကြာပင်ဆရာတော်
ရွှေတိုက်စာတမ်းစာရင်း
ရွှေတောင်တက်
ရွှေတောင်နရသူ
ရွှေတောင်နန္ဒသူ
ရွှေတောင်သာ
ရွှေနန်းသုံးဝေါဟာရအဘိဓာန်
ရွှေပု၊ ဆရာ၊ စစ်ကိုင်း
ရွှေဘိုနယ်
ရွှေဘိုမင်း၊ သာယာဝတီမင်း - ကြည့်
ရွှေဘိုအင်အားစု၊ အလောင်းမင်းတရားကြီး - ကြည့်
ရွှေဘင်၊ ဦး
ရွှေဘုံနိဒါန်း
ရွှေလောင်းရိုး

လမိုင်း
ထူးခြားသည့် လေ့
လူမှုဘဝ

    အစုသားများဖြည့်ချခြင်း
လမိုင်းအစုအငန်းဝင်ဖြစ်ရန် ကြိုးပမ်းခြင်း
လီယူတဲချန်း
လီရှိရှင်း
လူတန်းစား
လူထုဆက်သွယ်ရေး
လူပေါင်စာချုပ်၊ ကိုယ်နေသက္ကရာဇ် –လည်းကြည့်
လူမျိုးစု
    နတ်များ
လူမှုစီးပွားရေး
    ဆုတ်ယုတ်ပျက်ပြားလာခြင်း
    ဖွံ့ဖြိုးတိုးတက်လာခြင်း
လူမှုရေး
    ကျဆင်းခြင်း
    အခြေအနေ
လူမှုရေးကျွန်
လူမှုအဖွဲ့အစည်း
    ပြိုလဲခြင်း
    ပြောင်းလဲတိုးတက်မှု
လူဝစ္စ
လူဦးရေစာရင်း
လူ့ဒုက္ခ။ အသည် – ကြည့်
လူ့မိတ်ဆွေစာအုပ်
လူ့အခွင့်အရေး
လေလံတင်ရောင်းချစနစ်
၄၅ ပြန်တမ်းရာဇသတ်
လောကဗျူဟာကျမ်း
လောကီကျမ်း
လောကီကျွန်၊ လူမှုရေးကျွန် – ကြည့်
လောကီပ္ပာ
လောကုတ္တရာစာပေ
လောဆန်ချိမ့်
လောတာရှည်
လောတုံ

လောလီ
လောဝီ
လက်နက်စက်ရုံ
ပြင်သစ်နှင့် အင်္ဂလိပ်တို့ကို အကြီးအကြပ်ခန့်ခြင်း
လက်နက်တိုက်
လက်နက်ဝယ်ယူရေး
အင်္ဂလိပ်ကန့်ကွက်မှု
လက်နက်အင်အား
လက်မှုပညာ အသက်မွေးလုပ်ငန်း
လက်ယာနော်ရထာ
အရာမှကျခြင်း
လက်ယာရွှေတောင်
လက်ယာလမိုင်း
လက်ဝဲနော်ရထာ
လက်ဝဲနော်ရထာလျှောက်ထုံး
လက်ဝဲလမိုင်း
လက်ဝဲသုန္ဒရ
လက်ဝှေ့ပြိုင်ခြင်း
လင်းဇင်းဝေါ်အစုသား
လုပ်ငန်းစုဆိုင်ရာနတ်
လုပ်မြေနေမြေ
လုပ်အားဖြင့် အသက်မွေးသူ
လာဘ်စားမှု၊ အဂတိလိုက်စားခြင်း – ကြည့်
လမ်ဘတ်၊ ကိုမိုဒို
လမ်းခရီးလုံခြုံရေးတာဝန်
လမ်းများဖောက်ခြင်း
လယ်တွင်းကိုးခရိုင်
ဆည်မြောင်းစစ်တမ်းကောက်ခြင်း
အခွန်တော်စပါး
လယ်ထွန်မင်္ဂလာပွဲ
လယ်ယာကိုင်းကျွန်း
လယ်ယာကုန်ထုတ်လုပ်မှု
လယ်ယာကြွေးမြီမှုများ ပိတ်ပင်တားဆီးခြင်း

လယ်ယာမြေပိုင်ဆိုင်ခွင့်
လယ်ယာမြေမှုခင်း
ပိတ်ပင်ခြင်း
လယ်ယာလုပ်ငန်း
စည်ပင်လာခြင်း
လစ်ဟင်းရခြင်း
လယ်သမားကြွေးမြီကင်းမှု၊ ကြွေးမြီများဖျက်သိမ်းခြင်း – ကြည့်
လယ်သမားအစု၊ လမိုင်း – ကြည့်
လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်
လွတ်လပ်စွာ ရောင်းဝယ်ခွင့်
လှည့်လည်ရောင်းဝယ်မှု
လွှတ်တော်
လုပ်ဆောင်မြဲဝတ္တရာများ
အခင်းအကျင်း
အရာရှိ
လွှတ်တော်မှတ်တမ်း
လွှတ်ရုံးငါးရပ်

ဝိကရမ္မုတိုက်ပွဲ
ဝိတိုရိယဘုရင်မကြီး
ရာဇသံစာ
သဝဏ်လွှာ
ဝိနည်းငါးကျမ်း
ဝိပဿနာစူရ
ဝိရူပက္ခနတ်
ဝိရူဠှကနတ်
ဝူအာတင်အီး
ဝက်မစွတ်နဝဒေး
ဝင်နေ၊ ကပ္ပါး – ကြည့်
ဝင်းကောင်းဟန် ၊
ဝင်းလေးမျက်နှာသား – လည်းကြည့်
ဝင်းကိုယ်ရံ
ဝင်းတော်ခင်း

ဝင်းတော်စု
ဝင်းလေးမျက်နှာသား
ဝန်ကြီးများရုံး၊ ပြတိုက် – ကြည့်

သသသ
သကြားချက်အစုအမှုထမ်း
သဇင်ပန်းဘွဲ့၊ ရာမရကန် – ကြည့်
သတင်းစာထုတ်ဝေခြင်း
သဘာဝဘေးဒဏ်
သဘင်ပညာ
သမားတော်၊ သမားတော်အမည်များ – လည်းကြည့်
သမိုင်း၊ မြန်မာ့သမိုင်း – လည်းကြည့်
သမ္ဘစက္ကုဒီပနီကျမ်း
သယံဇာတတူးဖော်ထုတ်လုပ်ရေး
သရေသင်္ယာ၊ လက်ဝဲသုန္ဒရ – ကြည့်
သာဓိနပျို့
သာယာဝတီမင်း
　　နတ်ရွာစံခြင်း
　　ပခန်းကျော်စွာနတ်ကို ဘွဲ့မည်ပေးခြင်း
　　ရန္တပိုစာချုပ်ကို ပယ်ချခြင်း
သာ ရသူ၊ ဒိုင်းဝန်
သာလွန်မင်း
　　စစ်တမ်းအစ
သာသနာရေး
　　ပြုပြင်ပြောင်းလဲမှု
သာသနာ့မြေ
သားရွှေတောင်ဆုံးမစာ
သားရွှေဥဆုံးမစာ
သားသမီးပေါင်ခြင်း
သီပေါမင်း
　　ခရိုင်များခွဲခြားအုပ်ချုပ်မှု
　　၁၄ ဌာန ခွဲခြားအုပ်ချုပ်မှု
　　နန်းချ၍ အိန္ဒိယသို့ ခေါ်ဆောင်ခံရခြင်း

ပြုပြင်ပြောင်းလဲရေး
လူမှုစီးပွားရေးပြိုလဲခြင်း
ဝေပုံကျဌာနများတီထွင်ခြင်း
သတင်းစာ မထုတ်ဝေခြင်း
သူဌေးခန့်အမိန့်တော်
အမျိုးသားရေးအသိ
အရည်အသွေး
သီရိနန္ဒကျော်သူ
သီရိမဟာဇေယသူ
သီရိမဟာသင်္ကြန်
သီရိမဟာဥဇနာ
သီရိမာလာ၊ မုံရွာ
သီရိဝဍ္ဎဗိုလ်
သီရိသီဟသူ
သီရိဥဇနာ
သီလဆောက်တည်ခြင်း
သုဘရာဇာ
သူကြီး
သူဌေးသူကြွယ်
အထူးအခွင့်အရေးရခြင်း
သူရဲစု
သူရိန်ကျော်စွာ
သူလျှို
သူလျှိုလုပ်ခြင်း
သူအိုသူနာ
သေနင်္ဂဗျူဟာ
သေနတ်လုပ်စက်ဝယ်ယူရေး
သေနတ်အမှုထမ်း
သော်၊ ဆရာ။ ရွာတောင်ရွာ
သံကိုယ်စားလှယ်လွှဲအပ်အမိန့်တော်ပြန်တမ်း
သံတမန်ဆက်ဆံရေး၊ နိုင်ငံခြားဆက်ဆံရေး – ကြည့်
သံအဖွဲ့လိမ်ညာမှု
သိုးဆောင်းကုလား

သိုးဆောင်းဘာသာစကား
သင်ကြားရန်အမိန့်တော်
သက္ကတ
သက်ဦးဆံပိုင်
သင်္ဃာစည်သူ
သင်္ဂဟတရား
သင်္ဘောတည်ဆောက်မှု
သင်ရိုးညွှန်တမ်း
သင်းတွဲဆည်
သိမ်နန်သူ
သောင်း၊ ဦး၊ ရေဦး
သစ္စာတော် ၅ ချက် အဝိဋ္ဌာန် ပြဋ္ဌာန်းခြင်း
သစ်တောထွက်ပစ္စည်း
သစ်ထုတ်လုပ်ရေး
သတ္တုတူးဖော်ရေးလုပ်ငန်း
သဒ္ဒါကြီးရှစ်စောင်
သုဒ္ဒ
သန်းထွန်း၊ ဒေါက်တာ
သိန္ဓီစော်ဘွား
သိမ်းယူပစ္စည်းအတွက်လျော်ကြေး
၃၇ မင်း နတ်စစ်တမ်း
သွေ့ဝမဟိဒ္ဓိ
သွေးစမ်းကျမ်း
သွေးသောက်စု
သွင်းကုန်၊ ထုတ်ကုန်နှင့် သွင်းကုန် – ကြည့်

ဟကိုဆင်
ဟံသာဝတီစစ်တမ်း
ဟံသာဝတီဆင်ဖြူရှင်၊ ဘုရင့်နောင် – ကြည့်
ဟံသာဝတီနယ်
ဟံသာဝတီပုန်ကန်မှု
ဟံသာဝတီမင်းအမှားပုံ၊ မဟာ မ္ဗရာဇာဓိပတိ – အမှားပုံ – ကြည့်
ဟံသာဝတီရောက်မင်း အမှားပုံ

ဟံသာဝတီအင်အားစု၊ ဗညားဒလ – ကြည့်
ဟိုချန်ချို
ဟင်းသီးပင်များ
ဟိုင်းကြီးကျွန်းအင်္ဂလိပ်ကုန်တိုက်
ဟိန္ဒူ
ဟိန္ဒူသာသနာပိုင်၊ အတိတ္ထျာငလှ – ကြည့်
ဟိန်း၊ ဦး၊ သမားတော်

အကောက်ခွန်၊ အခွန်အတုတ် – လည်းကြည့်
အကောက်နှုန်း
အကောက်နှုန်းစာရင်း
အကောက်အစားလွတ်ငြိမ်းခွင့်
အကွီ
အခမဲ့ဆေးရုံး ဆေးပေးခန်း
အခြေခံပညာရေး
အခွန်ကောက်မှု
　　လွှတ်ခြင်း၊ အကောက်အစား လွတ်ငြိမ်းခွင့် – လည်းကြည့်
အခွန်တော်ကောက်ခွင့်
အခွန်တော်စာရင်း
အခွန်အတုတ်
　　အကောက်ခွန် – လည်းကြည့်
　　ကင်းလွတ်ခြင်း
　　ဆယ်ဖို့တစ်ဖို့ကောက်ခြင်း
အဂတိလေးပါး
အဂတိလိုက်စားခြင်း
အစုကြီး
အစုအငန်း
　　ဖြည့်ချခြင်း
အစုအငယ်
အစုအမှုထမ်း
အစည်းအဝေး
အတိတ္ထျာငလှ
အတုလဆရာတော်

အတင်အရုံပြိုင်ဆိုင်မှု
အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော
    သံအမတ်ကြီး
အထက်မြန်မာနိုင်ငံ
    ကုန်သွယ်မှု
    ခိုင်မာမှုတည်ဆောက်ခြင်း
    စပါးကျီ၊ လယ်တွင်းကိုးခရိုင်၊ မင်းဘူးနယ်၊ ရွှေဘိုနယ်၊ ကြည့်
    စီးပွားရေး
    ထုတ်ကုန်နှင့် သွင်းကုန်
    လယ်ယာကုန်ထုတ်လုပ်မှု
    သိမ်းယူရေး
အနိရုဒ္ဓ
    စည်းရုံးရေး
အနောက်တိုင်းဆေးပညာရှင်
အနောက်ဘက်လွန်မင်း
အနှိပ်ကျမ်း
အပရိဟာနိယတရား
အဘိဓမ္မာခုနစ်ကျမ်း
အမရပူရနေပြည်တော်သစ်
အမေရိကန်သင်္ဘော
အမေးတော်ဖြေကျမ်း
အမေးအဖြေကျမ်း
အမျိုးလေးပါး
အမျိုးသားမြန်မာနိုင်ငံ၊ အထက်မြန်မာနိုင်ငံ – ကြည့်
အမျိုးသားရေးဂုဏ်သိက္ခာ
အမျိုးသားရေးပြဿနာကြုံလာခြင်း
အမျိုးသားရေးအသိ
အမြောက်တင်သင်္ဘော သံတမန်နည်း
အမြောက်အမှုထမ်း
အမြွတ်လျှာဇာတ်စုဝင်
အမှုထမ်းစားသုံးလောက်အောင်ပေးခြင်း
အမှုထမ်းအစုအငန်းသား
အမှုအခင်းများ စစ်ဆေးအစီရင်ခံခြင်း

အယူသီးခြင်း
အရညာဝါသီ၊ တောကျောင်းဂိုဏ်း – ကြည့်
အရဟံ၊ အရှင်
အရိယာဝံသ အာဒိစ္စရံသီ၊ မုံရွေးဆရာတော် – ကြည့်
အရိုးစစ်တမ်း၊ ဗဒ့်မင်း၊ စစ်တမ်း၊ – ကြည့်
အရိုးဆက်ခံပုံ
အရက်သေစာသောက်စားမှုပိတ်ပင်ခြင်း
အရောင်းအဝယ်ပျက်ပြားခြင်း
အရုံဂိုဏ်းတည်စေခြင်း
အရွတ်ဝန်
အရှေ့အိန္ဒိယကုမ္ပဏီ
အလာ
အလီကွန်
အလေးတင်းတောင်း
အလောင်းမင်းတရားကြီး
ကသည်းတို့ကို တိုက်ခိုက်နှိမ်နင်းခြင်း
ချစ်ကြည်ရေးသဝဏ်လွှာ
စည်းရုံးရေး
စိတ်ဓာတ်
တတိယမြန်မာနိုင်ငံထူထောင်ခြင်း
တပ်မတော်ကို စတင်ထူထောင်ခြင်း
တပ်မတော်ခေါင်းဆောင်ကြီး
ထိုင်းကိုချီတက်တိုက်ခိုက်ခြင်း
နိုင်ငံတော်တည်ဆောက်ပုံ
နတ်ရွာစံခြင်း
ပြည်သူ့စွမ်းအားသုံးနိုင်စွမ်း
မုဆိုးဘိုမြို့ကို စီမံမှု
ရှမ်းစော်ဘွားတို့ကို သိမ်းသွင်းခြင်း
လူမှုစီးပွားရေးဆောင်ရွက်ချက်
လူမှုစီးပွားရေးအခြေအနေ
လက်နက်ခဲယမ်းပေးဆက်လာခြင်း
လမ်းစဉ်
သာသနာရေးဆောင်ရွက်ချက်

သားတော်နှစ်ပါးအားတားမြစ်မိန့်
သိန္နီစော်ဘွားသို့ ထုတ်ပြန်သောအမိန့်
ဟိုင်းကြီးကျွန်းမှ အင်္ဂလိပ်တို့ကို တိုက်ထုတ်ခြင်း
အခြေအနေကို အသုံးချတတ်မှု
အမိန့်တော်
အရည်အသွေး
အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခြင်း
အလောင်းမင်းတရား အမိန့်တော်များ
အလောင်းမင်းတရား အရေးတော်ပုံကျမ်း
အဝေးမြို့
အုပ်ချုပ်ရေး
အဝေးရောက်စာရေး
အသပြာစနစ်
အသက်မွေးဝမ်းကျောင်းမှု
အသည်
အသည်မြေ
အာကုန်ရဲ၊ အကွိ – ကြည့်
အာဏာဖီဆန်ခြင်း
အာတင်အော
အာပစ်ရှာဟိုသိန္နီ
အာဖဂန်နစ္စတန် အရေးအခင်း
အာရကျစ်၊ မန္ဒတ်၊ ဆာကီးစ် – ကြည့်
အာသံနိုင်မော်ကွန်း
အာသံမဏိပူရအရေး
အင်္ဂလိပ်စွက်ဖက်လာခြင်း
အားကစား
အားစကိုင်း
အိဖြူ၊ စကားပြန်
အီတလီသံအဖွဲ့
ဉတုဘောဇနသင်္ဂဟကျမ်း
ဉဒိန်ဇေယ
ဉယျာဉ်ခြံစိုက်ပျိုးရေး
ဉယျာဉ်ခြံပင်၊ ထန်း – ကြည့်

- ဥရောပဆေးကျမ်းဘာသာပြန်ထုတ်ဝေခြင်း
- ဥရောပနိုင်ငံများနှင့် မဟာမိတ်ပြုခြင်း
- ကေရာဇမင်းမြတ်၊ မင်းကေရာဇ် – ကြည့်
- တွေ့ကဲ
- ရောဝတီမီးသင်္ဘောကုမ္ပဏီ
- အက္ကပတ်မြင်း
- ဥက္ကံသမာလာ၊ ရှင်
- အောက်မြန်မာနိုင်ငံ
    - ဆုံးရှုံးရခြင်း
    - တိုက်ခိုက်စည်းရုံးခြင်း
    - ပြန်လည်ရရှိခြင်း
- အင်္ဂလိပ်ကုန်သည်
- အင်္ဂလိပ်ကိုယ်စားလှယ်
    - ကောင်းမှုတော်ဘုရားကျောက်စာပြုခြင်း
    - ခြိမ်းခြောက်မှု
- အင်္ဂလိပ်ကျူးကျော်စစ်၊ မြန်မာအင်္ဂလိပ်စစ် – ကြည့်
- အင်္ဂလိပ်ငွေကဲခတ်ပညာရှင်
- အင်္ဂလိပ်ငွေကြေးစနစ်
- အင်္ဂလိပ်ဘာသာစကား၊ သိုးဆောင်းဘာသာစကား – ကြည့်
- အင်္ဂလိပ်ဘုရင်ခံ
    - ပေးစာ
    - အစီရင်ခံစာ
- အင်္ဂလိပ်မြန်မာစစ်၊ မြန်မာအင်္ဂလိပ်စစ် – ကြည့်
- အင်္ဂလိပ်မြန်မာဆက်ဆံရေး၊ မြန်မာအင်္ဂလိပ်ဆက်ဆံရေး – ကြည့်
- အင်္ဂလိပ်သံအဖွဲ့
- အင်္ဂလိပ်အစိုးရ
    - ကချာနယ်ကိုသိမ်းရန် စီစဉ်ခြင်း
    - ကုန်သည်ကြီးများတိုက်တွန်းချက်
    - စစ်ကြေညာချက်
    - စစ်ပြင်ဆင်လာခြင်း
    - စွက်ဖက်မှု
    - တိုင်းရင်းသားစည်းလုံးမှုကို ပျက်ပြားစေခြင်း
    - နှောင့်ယှက်မှု

- မောက်မာမှု
- မြန်မာတပ်အားစွပ်စွဲခြင်း
- ရာဇသံ
- ရွှေနန်းပိုစာချုပ်ဖြင့် အကျပ်ကိုင်ခြင်း
- ရန်လိုမှု
- အကြံကြီးမှု
- အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရေး
- အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ထားခြင်း
- အန္တရာယ်ကို ကြိုတင်မြင်ခြင်း

အင်္ဂလိပ်ဩဇာခံနယ်

အင်္ဂလိပ် အိန္ဒိယအစိုးရ

အင်းဝခေတ်

အင်းဝခေတ်ဦး

အင်းဝနေပြည်တော်

- ဆန်စျေးတက်ခြင်း
- ပျက်သုဉ်းခြင်း
- မီးဘေး
- ဟံသာဝတီလက်သို့ကျဆုံးခြင်း

အင်းဝမြို့ဘွဲ့ရကန်

အောင်၊ မောင်

အောင်ပင်လယ်

အောင်လံမြို့ထိနယ်မြေတိုးချဲ့ယူခြင်း

အောင်လံသရက်မျဉ်း

အောင်သူ၊ မောင်

အစ္စလာမ်သာသနာ

အစ္စလာမ်သာသနာပိုင်၊ အာပစ်ရှာဟိုသိန္နီ – ကြည့်

အဌရသတစ်ဆယ့်ရှစ်ရပ်

အိန္ဒိယဆေးပညာ

အိန္ဒိယဇာတ်စနစ်

အိန္ဒိယဘုရင်ခံချုပ်

အပ္ပမာတရား

အုပ်ချုပ်ရေး

- အုပ်ချုပ်ရေးအမည်များ – လည်းကြည့်

နယ်နိမိတ်
နယ်အကျယ်
အုပ်ချုပ်ရေးညံ့ဖျင်းမှု
အုပ်ချုပ်ရေးဌာနများ၊ လွှတ်ရုံးငါးရပ် – ကြည့်
အုပ်ချုပ်ရေးပျက်ပြားမှု
အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲခြင်း
အုပ်ချုပ်ရေးယန္တရား
အမ်းမှတ်၊ လော့
အိမ်ရှေ့မင်းနေပြည်တော်
အယ်လ်ဗီး
အဿဗေဒကျမ်း

ဒေါက်တာတိုးလှ

၏

<u>စာပေနှင့်ဘဝဖြစ်စဉ်မှတ်တမ်း</u>

၁၉၄၃- ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ သခွပြင်ရွာနေ ဦးအောင်သာ ဒေါ်မှတ်ကို့မှ မွေးဖွား။ အမည်ရင်း တိုးလှ။

၁၉၄၈- သခွပြင်ရွာ၊ အနောက်ကျောင်းဆရာတော်၊ ဦးရာဇိန္ဒထံ ပညာစတင်သင်ကြား။

၁၉၅၉- ပခုက္ကူမြို့၊ အမှတ် ၂ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်၍ မန္တလေးတက္ကသိုလ်၌ ဆက်လက်ပညာသင်ကြား။ တက္ကသိုလ် ပခုက္ကူမြို့နယ်သင်း နှံ့ကာဝိတာဆောင်ကို ဦးစီးထုတ်ဝေခဲ့။

၁၉၆၃- ဝိဇ္ဇာဘွဲ့ရရှိပြီး မြစ်ကြီးနားကောလိပ် သမိုင်းဌာနတွင် နည်းပြဆရာအဖြစ် အမှုထမ်း။ ကချင်ပြည်နယ် တောင်ချိန်သူ့တွေ့ကြားဘွဲ့နှင့်မန္တလေးတက္ကသိုလ် ဂီတသည်းသောအချိန်တို့အတွက် တေးသီချင်းများရေးစပ်ခဲ့။

၁၉၆၅- 'အုန်းမင်းလက်ထက် မြန်မာစာပေ' စာတမ်းကို အထက်မြန်မာနိုင်ငံ စာပေ ဆရာသင်ကွင်းတွင်ဖတ်ကြား။ စာပေကြောင်းသမိုင်းကြောင်းစာအုပ်(၁၉၆၅)။

၁၉၇၀- မဟာဝိဇ္ဇာဘွဲ့ကိုရရှိ။

၁၉၇၂- မန္တလေး၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် လက်ထောက်ကထိကဖြစ်။

၁၉၇၃- နိုင်ငံတကာစာနယ်ဇင်းအတွက် 'ကုန်းဘောင်ခေတ်ဝိဇ္ဇာကတ်တိုက်များ' စာတမ်းဖတ်ကြား။ လူ့စိတ်ဓာတ်စာအုပ်(၁၉၇၃)။

၁၉၇၆- 'အင်းဝခေတ် မြို့တရားများဆိုကသမိုင်း'(သမိုင်းအမြင်စာပေ)ကိုပြုစု။ ယင်းတို့ကို အပိုင်းအလိုက်ခွဲ၍ ပညာပဒေသာစာစောင်တွင်ဖော်ပြခဲ့။

၁၉၇၇- ရန်ကုန် ပညာရေးတက္ကသိုလ်သို့ပြောင်းရွှေ့အမှုထမ်း။ မြန်မာနိုင်ငံသုတေသနအသင်း စာအုပ်ထုတ်ဝေရေးအဖွဲ့ဝင်။

၁၉၇၈- 'ကုန်းဘောင်ခေတ် ဆေးပညာသမိုင်း' ကို မြန်မာနိုင်ငံသုတေသနအသင်း၌ ဖတ်ကြား။ မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်(၁၉၇၉)တွင် ဖော်ပြပြီး။

၁၉၇၉- 'ကုန်းဘောင်ခေတ် လူမှုစီးပွားရေးသမိုင်း' ကို ၁၉၇၇ မှ ၁၉၇၉ ထိ နိုင်ငံတော်အစိုးရဆုပေးမြှင့်မှုဖြင့် သုတေသနပြုလုပ်၍ စာအုပ်ရေးသား တင်သွင်းခဲ့(ပညာပဒေသာစာစောင်တွင် အခန်းဆက်ဖော်ပြခြင်း)။

၁၉၈၀- မြန်မာနိုင်ငံသုတေသနစာတမ်းဖတ်ပွဲတွင် ကုန်းဘောင်ခေတ်ဦး ပညာရေး ကိုစာတမ်းဖတ်ကြားသွင်း။ ပညာပဒေသာစာစောင်တွင် အပိုင်းလိုက်ခွဲ၍ ဖော်ပြပြီး။

၁၉၈၂- ဂုဏ်ထူးဆောင်ရေး မြန်မာ့အိုးရာကျိန်းကြားကောင်းသသမ္ပဒါ(၁၉၈၃)ကို တည်းဖြတ်ပေး။

၁၉၈၃- အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်သို့ ပါရဂူဘွဲ့ယူရန် စေလွှတ်ခြင်းခံရ။

၁၉၈၆- အမေရိကန်ပြည်ထောင်စု၌ ပါရဂူဘွဲ့ကိုလည်းယူနေစဉ် ကထိကဖြစ်။

၁၉၈၇- ပါရဂူဘွဲ့ (Doctor of Philosophy - Ph.D.) ရရှိ။

၁၉၈၈- ရန်ကုန်တက္ကသိုလ်၌ ကထိကအဖြစ်အမှုထမ်း။

၁၉၈၉- မန္တလေးတက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်။

# အလောင်းမင်းတရားကြီး၏ ကုန်းဘောင်ရွှေပြည်

ဒေါက်တာတိုးလှ

တတိယအကြိမ်